
http://www.dhammadownload.com

ကျေးဇူးရှင်
ဝေဘူဆရာတော်ဘုရားကြီး၏

# သန္ဒိဋ္ဌိကတရားတော်များ

ဓမ္မာစရိယဦးဌေးလှိုင်
စုစည်းစီစဉ်သည်။

(တတိယအကြိမ်)



http://www.dhammadownload.com

## အနာဂတ် သာသနာ

"နိုင်ငံအသီးသီး လူမျိုးအသီးသီးတွေဟာ
သူတို့ဘာသာနဲ့ သူတို့ အသီးသီးရှိနေကြပေမယ့် မနေသေးဘူး။

"သာသနာတော်ဟာ မတုမယှဉ်သာအောင် မြင့်မြတ်တာကိုသိပြီး
အဆက်မပြတ် လာရောက် ကြည်ညို ပူဇော်ကြဦးမှာဗျာ့၊
အဆက်ကို မပြတ်တော့ဘူး၊တစ်သီတစ်တန်းကြီးပဲ။

"အိမ်ရှင်တွေကလဲ သူတို့ လိုချင်တာ ပေးနိုင်အောင်
လုပ်ကြရလိမ့်မယ်၊ ဧည့်သည်လာရင် ပြုစုရမှာက
အိမ်ရှင့်တာလား၊ ဧည့်သည်တာလား။"

ဝေဘူဆရာတော်
(၁၃၂၁ - ခုနှစ်)

http://www.dhammadownload.com

ကျေးဇူးရှင်

ဝေဘူဆရာတော်ဘုရားကြီး၏

# သန္ဒိဋ္ဌိကတရားတော်များ

မဟာစရိယဦးဌေးလှိုင်
စုစည်းစီစဉ်သည်။

(ဒုတိယအကြိမ်)

http://www.dhammadownload.com

ပုံနှိပ် ထုတ်ဝေမှတ်တမ်း

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် ၇၀၄/၉၉(၁၂)


မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၉၁/၂၀၀၀(၄)

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | တတိယအကြိမ်၊ ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၈၀ိ |
| အဖုံးပန်းချီ | - | နေခြည်နှင့် စာလုံး မျိုးမော်ကွန်ပျူတာ |
| ကွန်ပျူတာစာစီ | - | စွယ်တော်၊ နဝရတ် |
| စာအုပ်ချုပ် | - | နိုင်မိသားစု |
| ထုတ်ဝေသူ | - | ဒေါ်ကြင်မြင့် (မြ-၀၂၀၀၉)<br>ဗုဒ္ဓအသံစာပေ၊<br>၁၉(စ) မြစပါယ်လမ်း၊ (၈)ရပ်ကွက်<br>မရမ်းကုန်းမြို့နယ်၊ ဖုန်း - ၆၆၅၂၁၁ |

မျက်နှာဖုံးနှင့်အတွင်း

| | | |
|---|---|---|
| ပုံနှိပ်သူ | - | ဦးလှချို (၀၄၈၂၉)<br>တိုက်ဂါးအော့ဖ်ဆက်<br>၁၅၊ သုဒဿနလမ်း၊ ကျောက်မြောင်း၊<br>တာမွေမြို့နယ် |
| ဖြန့်ချိရေး | - | ဗုဒ္ဓအသံစာပေ<br>ဖုန်း - ၆၆၅၂၁၁ |

http://www.dhammadownload.com



# မာတိကာ


အကြောင်းအရာ

နိဒါန်းစကား က

၁-ဘယ်သွားကြမလဲတရားတော်

သီလကို ပြည့်စုံအောင် (တရားမှတ်စု) ၁၂

၂-ကြွေးပြေတရားတော်

ကြီးပွားချမ်းသာလိုပါလျှင် (တရားမှတ်စု) ၁၈

၃-မှန်မှန် တစ်ခု လုံ့လပြုတရားတော်

နေရာမကျမှန်းသိလျှင် နေရာကျပြီ ၄၃

အော်ကျယ်အော်ကျယ် ဆုတောင်းပုံ (တရားမှတ်စု) ၅၇

၄-ကိုယ်ပိုင် ဘဝလုံခြုံရေးတရားတော်

တရားသမား (တရားမှတ်စု) ၇၅

၅-တကယ့် သာဝကတို့၏ စိတ်ဓာတ်တရားတော်

တွေးတိုင်းလွဲမယ့် လွယ်လွယ်ကလေး ၈၂

သကြားနှင့်ဆား စားမှသိ ၉၅

မဟာကပိဇာတ် - ဘုရားလောင်း မျောက်မင်း ၁၀၀

တိဿမထေရ် တရားရှာပုံ ၁၀၃

ပြတ်တောင်းပြတ်တောင်းအနာထပိဏ် ၁၀၆

http://www.dhammadownload.com

# မာတိကာ

အနာထပိဏ် ဘုရားပင့်ခန်း ၁၀၇
ခန္ဓာကိုယ်ကြီးက လိမ်ပြောတတ်တယ် ၁၁၀
ကိုယ့်ကိုယ်ကို မဖျက်ကြနှင့် (တရားမှတ်စု) ၁၁၂

၆-မအိပ်မနေ အသက်ရှည်တရားတော်

လေးကျွန်းသနင်း စကြာမင်း (ပါရမီနှင့်ကျင့်ဝတ်) ၁၂၀
နိသဇ်စံပြ အရှင်မဟာကဿပ ၁၃၂
မအိပ်ချင်တဲ့နေရာ ရှိသေးတယ် ၁၄၀
ရဟန်းအိုမကြီး 'သောဏာထေရီ' ၁၄၆
တစ်နှစ်လာလဲ တောက်တဲ့ (တရားမှတ်စု) ၁၅၀

၇-အမြင်ရှင်းမည့် အလင်းဓာတ်တရားတော်

ဓာတ်စက်ခလုတ် နှိပ်ရုံကလေး ၁၆၄
လိုချင်တာတွေ အကုန်ရအောင် (တရားမှတ်စု) ၁၇၄

၈-မွေးရာပါ လူချင်းအတူတူ တရားတော်

အလုပ်များသူ ဘုရင် သူဌေးကြီးများသော်မှ ၁၇၉
လိမ်တတ်သော စိတ် ၁၉၅
တစ်ဆက်တည်းချမ်းသာလိုလျှင် (တရားမှတ်စု) ၂၀၂

၉-ဝတ္တရားကျေမှ နိဗ္ဗာန်ရ တရားတော်

မျက်စိကိုနိုင်သူ ၂၁၀
မိခင်မေတ္တာ ၂၂၄
ပါရမီရှိပေမယ့်လဲ 'သောဝစဿတာ' ရှိဦးမှ (တရားမှတ်စု) ၂၃၂

http://www.dhammadownload.com

# မာတိကာ

## ၁၀-ဘက်စုံ သာသနာတရားတော်


မဟော်သဓာနှင့် ဝိဒေဟရာဇ် ၂၅၁

သုဇာ-မာဃ သေချင်အောင် ရှက်ရသော သာသနာပဝတ္တရား ၂၅၅

အရှင်မဟာကဿပ အလိမ်ခံရခြင်း ၂၅၈

ဝေးလျက်နီး၊ နည်းလျက်များ (တရားမှတ်စု) ၂၆၈


## ၁၁-ကုသိုလ်တစ်စက် စကြဝဠာအနန္တတရားတော်


ဆုတောင်းသင့် မတောင်းသင့် ၂၆၉

တစ်လောကလုံး ရိုက်ချုန်းလှုစ်ဖွင့် ၂၈၀

သန္ဒိဋ္ဌိက မမှုလမ်းစဉ် ၂၈၃

ရွှေတောင်ကြီးပြိုလဲရပါလေပြီ (ထေရုပ္ပတ္တိအကျဉ်း) ၂၈၆


မာတိကာပြီး၏။

http://www.dhammadownload.com

သူတော်ကောင်းဟူသည်

သူတော်ကောင်းဆိုတာ

ဝန်မတိုဘူးဗျ။

ဝေဘူဆရာတော်ဘုရားကြီး

http://www.dhammadownload.com

# နိဒါန်းစကား

## (၁)

## ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရားဟောတဲ့ တရားတော်ကို ပုံနှိပ်ပြီး ဓမ္မဒါန ဆောင်ချင်လို့ပါဘုရား။"

"ဆောင်တော့ ဆောင်ပေါ့ဗျာ*--- ဒါပေမယ့် တို့ဟောတဲ့ တရားရယ်လို့ မရှိဘူးဗျာ့၊ အကုန်စလုံးဟာ ဘုရားဟောတော်မူတဲ့ ဟာရားတွေချည်းပဲ မဟုတ်လား.....၊ ကောင်းပါ့ဗျာ.... ဆောင်ကြတာပေါ့။"

အမြို့မြို့အရွာရွာ၌ ဆရာတော်ဘုရားကြီး တရားချီးမြှင့်တော်မူလေ့ရှိရာ သက်ဆိုင်ရာ ရင်းနှီးသူ မြို့ခံဒကာများက ဆရာတော်ဘုရားကြီး ဟောကြားတော်မူလေ့ရှိသော ဩဝါဒလုပ်ငန်းစဉ် တရားအကျဉ်းချုပ်ကို ပုံနှိပ်ဝေငှလေ့ ရှိကြပါသည်။

(ထိုအခါ ဓမ္မဒါန ပြုလိုသူများက ကြိုတင် ခွင့်ပန်လေ့ရှိကြရာ ခွင့်ပန် လျှောက်ထားကြတိုင်း ဆရာတော်ဘုရားကြီး မိန့်တော်မူလေ့ရှိသောစကားမှာ အထက်ပါအတိုင်း ဖြစ်ပါသည်။)

---

* မှတ်ချက်။ ။'ဆောင်' ဆိုသောစကားမှာ ဆရာတော်ဘုရားကြီး တွင်တွင် သုံးနှုန်းလေ့ရှိသော သီးခြား ကိုယ်တော်ပိုင် ဝေါဟာရတစ်ခုကဲ့သို့ ရှိပါသည်။ 'ဓမ္မ' နှင့် ညီမျှသော မြန်မာစကားဟု ဆိုသင့်မည် ထင်ပါ၏။ သာမန်အားဖြင့် သာသနာနှင့် စပ်၍ စရဏ, ဝိဇ္ဇာ မည်သည့် အလုပ် ကိစ္စမဟူ ပြုမူလုပ်ဆောင်ခြင်းမှန်သမျှ၌ သုံးစွဲလေ့ ရှိပါသည်။ (ဝေယျာဝစ္စဆောင် 'လုပ်'သည်၊ တရားဆောင် 'ရှုမှတ်' သည်၊ တရားတော်များ၌ တွေ့ရပါလတ္တံ့။)

http://www.dhammadownload.com



အဆိုပါမိန့်ခွန်းတော်၏ ဆိုလိုရင်းမှာ ရှင်းလင်း လွယ်ကူလှသည်ဟု သာမန်အားဖြင့် ထင်ဖွယ်ရှိပါ၏။ ခွင့်ပန်သူတို့ နားလည်သလောက် ပို၍လည်း သဒ္ဓါပေါက်ရန် ရှိပါသည်။ သို့ရာတွင် ထိုမိန့်ခွန်းတော်၏ ရည်ညွှန်းချက် အတိုင်းအတာကား ထိုမျှသာ က,ဟန်မရှိပါ။

အစဉ်အဆက် 'ဝေဘူဂိုဏ်း, ဝေဘူနည်း, ဝေဘူတရား' စသည် ပုဂ္ဂိုလ်စွဲ အားဖြင့် ခံယူပြောဆိုခြင်းများကိုပါ ဟန့်တားတော် မူလိုဟန် ရှိပါသည်။

ထို့ကြောင့် ဤ၌ ပုဂ္ဂိုလ်စွဲ အသံမပါ၊ ဓမ္မဓိဋ္ဌာန်ကျကျ ဆရာတော် ဘုရားကြီး၏ ဆန္ဒတော်နှင့်လည်း မဆန့်ကျင်မိပါစေရန် **'သန္တိဋ္ဌိကတရား တော်များ'** ဟုသာ သုံးနှုန်းခေါ်တွင်စေရပါသည်။ တရားတော်များနှင့် လိုက်ဖက်သော အမည်ဖြစ်လိမ့်မည်ဟုလည်း ယုံကြည်၍ ဖြစ်ပါသည်။

စင်စစ် 'ပုဂ္ဂိုလ်ရေးကိုးကွယ်မှု' ဟူသည် အပြစ်များစွာ ရှိပါ၏။ လေးနက်ခိုင်မြဲခြင်းမရှိ၊ ဘုရားရှင် လိုလားတော်မမူပါ၊ အကြိမ်ကြိမ် ဟန့်တား ထားတော်မူပါသည်။ ဖောက်ပြန်ပြောင်းလဲခြင်း မရှိသော 'ဓမ္မပ္ပဋိသရဏ- တရားကိုးကွယ်မှု' ကိုသာ ဘုရားရှင် လိုလားတော်မူပါသည်[၁]။

(၂)

## ထေရုပ္ပတ္တိ ဇာတိမည်ရည်

ကျေးဖူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ ဇာတိမည်ရည် နှင့် စပ်၍ အကျွန်ုပ်တို့ မှတ်သားမိပါသမျှ အတန်အသင့် ဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်ပါသည်။

---

၁။ ဘုရားရှင်ကိုယ်စား ရဟန်းတစ်ပါးပါးကို ကြိုတင်ရွေးကောက် မြှောက်တင် ခန့်ထားခြင်းမရှိ (ဥပရိ-ဝဏကမောဂ္ဂလာနသုတ်)၊ တရားတော်ကိုသာ ဘုရားရှင် ကိုယ်စား ဆရာအဖြစ် ကိုးကွယ်ရစ်ရန် (မဟာပရိနိဗ္ဗာနသုတ်)နှင့် ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု၌ အပြစ်ငါးမျိုးရှိကြောင်း (အံ၊ ၂-ပုဂ္ဂလပ္ပသာဒသုတ်) စသည်။

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးသည် ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မဒေါင်းလှဘူတာ အနီး အင်ကြင်းပင်ရွာ ဇာတိဖြစ်၍ သက္ကရာဇ် ၁၂၅၇-ခုနှစ်၊ တပေါင်းလ ဆန်း ၆-ရက် တနင်္လာနေ့ နံနက် ၄-ချက်တီးကျော်အချိန်[၁] ဖွားမြင်တော် မူပါသည်။

မိဘများမှာ ဦးလူဖေ-ဒေါ်ကြင်နုတို့ဖြစ်၍ သား သမီး လေးယောက် (မောင်စပ်၊ မောင်ပြုံး၊ မရွှေပိုင်၊ မောင်လူကလေး)တို့တွင် သားကြီးရတနာ ဖြစ်ပါသည်။ ခမည်းတော်ကြီး ဦးလူဖေကား မင်းဆွေစိုးမျိုးဖြစ်၏၊ ခင်ခင်ခေါ် အိမ်ရှေ့စံမိဖုရားငယ်တစ်ပါးမှ ဖွားမြင်သူဟု မှတ်သားရပါသည်။

၁၂၆၆-ခုနှစ် (၉-နှစ်သား) ရှင်သာမဏေပြု၍၊ မန္တလေးမြို့၌ အဘိုး ဖြစ်သူ ဘဏ္ဍာဝန် ဦးကူးကလည်း ဒုတိယအကြိမ် ရှင်ထပ်မင်္ဂလာ ပြုပေး ပါသည်၊ ဘွဲ့-ရှင်ကုမာရ၊ အင်ကြင်းပင်ကျောင်း ငယ်ဆရာ ဦးသုမန၌ ပညာသင်ယူပြီးနောက် ၁၂၇၇-ခုနှစ်၊ သက်တော် ၂၀-အရ ဝါဆိုလ၌ ရဟန်းပြု၍ မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဦးသူရိယာဘိဝံသ (ပထမကျော်၊ သကျသီဟ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်)ထံ၌ ပရိယတ္တိစာပေများကို သင်ယူပါသည်[၂]။

ရွှေဘိုမြို့ ပုသိမ်တောရ ဆရာတော်ထံ၌လည်း တဝါခန့် နည်းခံ သီတင်းသုံးဖူးပါသည်၊ ထို့၌ ဆရာတော်က ကျောင်းအပ်မည်ရှိစဉ် မအပ်မီ ပင် အလျင်ဦးစွာ တောထွက်ခွင့်ပြုရန် လျှောက်ရာ "မင်းက ဦးသွားသကွာ" ဟု မိန့်တော်မူပါသည်။

## မယ်တော်ကြီး၏ သောက

ဆရာတော်ဘုရားကြီးသည် ငယ်စဉ်ကပင် နေက္ခမ္မဓါတ်သယ (ပတ်ဝန်း ကျင်နှင့် ကင်းကွာလိုမှု = တောထွက်လိုစိတ်) ထက်သန် ပြင်းပြလှသဖြင့်

---

၁။ 'အင်၊ ကြင်း၊ ပွင့်၊ တံ'ဟု နံကောက်သင်္ကေတ ပြုထားကြသည်။ မွေးဖွားတော်မူရာ အိမ်နေရာ၌ ယခု 'ရွှေချက်သိုစေတီ' တည်ထားသည်။

၂။ ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးအား (သက်တော် ၉၆-နှစ်ရှိသည် တိုင်အောင်) နှစ်စဉ် လာရောက် ကန်တော့ရာ ဇဟိုရုပ်ရှင်မှ သတင်းကားများ ရိုက်ကူး၍ မော်ကွန်းတင်ထားရှိသည်။

http://www.dhammadownload.com



ပရိယတ္တိအလုပ်ကို အချိန်တိုတိုဖြင့် ပြည့်စုံပြီးမြောက်အောင် သင်ယူပြီး နောက် ၁၂၈၅ ခုနှစ်၊ (ရဟန်း ၇-ဝါခန့်)မှစ၍ တစ်တောထွက်ဝင် ကမ္မဋ္ဌာန်း အလုပ်ခွင်၌သာ ဘဝကို မြှုပ်နှံတော်မူခဲ့လေသည်။

မိဘနှစ်ပါးမှာ သားရဟန်း တောထွက်သွားသော အခါမှစ၍ ထောက် လှမ်းစုံစမ်းကြရ၏။ သုံးလေးနှစ်ကြာသော်လည်း သတင်းစကားမျှ မကြား ရသဖြင့် မယ်တော်ကြီးမှာ သားသောကနှင့် ကွယ်လွန်ရရှာသည်။ ကျောက် ဆည်တောင် ဝေဘူလချောင်၌ တစ်ပါးတည်း သီတင်းသုံးနေသည်ဟု ကြားသိရသောအခါ ခမည်းတော်ကြီးလိုက်သွားရာ-

"ဒကာကြီး ရဟန်းပြုမှ ဦးပဥ္စင်းအရပ်ကို ပြန်ကြွမည်" ဆို၍ ရဟန်း ပြုရပါသည်။

၁၂၈၉-ခုနှစ် တန်ဆောင်မုန်းလဆန်း ၃-ရက်နေ့ အင်ကြင်းပင် ကျောင်းသို့ ပထမဆုံးအကြိမ်ပြန်ကြွ၍ ခေတ္တသီတင်းသုံးကာ ကျောက်ဆည် ဝေဘူလချောင်၌သာ အချိန်ကြာမြင့်စွာ သီတင်းသုံးတော်မူပါသည်။

အင်ကြင်းပင်ကျောင်း ငယ်ဆရာ ဦးသုမန ခြေတော်ရင်းသို့ ရောက်သောအခါ ငယ်ဆရာအား တရားဖြင့် ကျေးဇူးဆပ်စဉ် "ဒါ. . . နိဗ္ဗာန် ဖြတ်လမ်းပါဘုရား၊ ဘုရားတပည့်တော် ဘယ်လိုပုဂ္ဂိုလ်က စစ်ဆေး စစ်ဆေး စာပေနှင့်တကွ လုပ်ရပ်ကိုပါ အစစ်ဆေးခံနိုင်ပါတယ်ဘုရား"ဟု ရဲတင်းစွာ လျှောက်ထားရာ ဆရာတော်ကြီး ဦးသုမနမှာ ထိုနည်းကိုသဘောကျသဖြင့် တပည့်ထံမှာပင် နည်းခံကျင့်သုံးခဲ့ပါသည်။ သက်ဆိုင်ရာ ရဟန်းရှင်လူများ ကိုပါ တိုက်တွန်းနှိုးဆော်၍ နည်းခံကျင့်သုံးကြရာ နေ့စဉ် ယောဂီပေါင်း ငါးရာကျော်လေသည်[၁]။

## မအိပ်မနေ အသက်ရှည်

ဆရာတော်ကား ခုတင် တစ်ဆယ့်သုံးပါးကို အခါအားလျော်စွာ ဆောင် တော်မူ၏။ အာနာပါနကမ္မဋ္ဌာန်းကို ပင်တိုင်ကမ္မဋ္ဌာန်းအဖြစ် ရှုပွားတော် မူပါသည်။

---

၁။ အင်ကြင်းပင်ကျေးရွာ ဆရာတော်ဘုရားကြီး၏ညီ ဦးဘိုးမှော်နှင့် ရွှေဘို ဦးတင်အောင်တို့၏ မှတ်တမ်း။

http://www.dhammadownload.com



ကျောက်ဆည် ပတ်ဝန်းကျင်၌ ရဟန်းဆယ့်နှစ်ဝါလောက်မှစ၍ ဆရာတော်၏ သတင်းမှာ သင်းပျံ့စပြုလျက်ရှိပါသည်။ ကျောက်ဆည်မြို့ ဖောင်ရွာ ဆန်စက်ပိုင်ရှင် သူဌေးဦးပျော့ ဇနီး ဒေါ်မြင့်, ခဲအို ဦးချက်နှင့် သားမက်တော်သူ ဦးကြောင်နှင့် ဦးလှကျော်တို့မှစ၍ ကျောက်ဆည်မြို့သူမြို့သားများ တစတစ ပူဇော်ခွင့်ရခဲ့ကြပါသည်။

ဦးပျော့က ကျောင်းဆောက်လှူခွင့်ပြုရန် အတန်တန်လျှောက်၍ လက်ခံတော်မူရကာ ကျောင်းပြီးသောအခါ-

"ဒကာကြီးကျောင်းက တယ်ကျယ်ဝန်းသကိုး၊ ကျုပ်က ခပ်ကျဉ်းကျဉ်း လိုတာပါ" ဟု မိန့်တော်မူ၏။ စင်စစ် ကျောင်းမှာ လေးတိုင်စင်သာသာမျှသာ ရှိပါသည်။ ထိုကျောင်းမှာ ယခုတိုင် ရှိနေပေသည်။

ဆရာတော်သည် ဓုတင်တစ်ဆယ့်သုံးပါးလုံးကို ဆောင်တော်မူရာ **ကမ္မဋ္ဌာန်း အလုပ်ခွင်အတွက် တွန်းအားအကောင်းဆုံးဖြစ်သော 'နေသဇ္ဇိကင်္ဂဓုတင်'**[၁]ကိုမူ အထူးရှေ့တန်းတင်၍ ဆောင်တော်မူပါသည်။

နည်းခံ တပည့်များကိုလည်း အထူးတိုက်တွန်းပြဋ္ဌန်းတော်မူလေ့ရှိပါ၏။

ထိုဓုတင်အကျင့်မှာ လူသာမန်တို့အမြင်၌ 'ပြင်းထန်လွန်းသည်၊ ကျန်းမာရေးချို့တဲ့လေမည်လား' စသည်ဖြင့် ထင်ဖွယ် တွေးဖွယ် ရှိသော်လည်း ဆရာတော်ကမူ အရှင်မဟာကဿပ, အရှင်ဗာကုလ စသည်တို့ကို ထောက်ပြကာ ပို၍ပင် ကျန်းမာသက်ရှည်နိုင်ကြောင်း ရဲရဲကြီး တိုက်တွန်းတော်မူပါသည်။

အာမခံချက် ပေးတော်မူပါသည်။

စံနမူနာလည်း ပြတော်မူပါသည်။

"ဘုရားဆုံးမတာက ဆင်းရဲအောင် မဆုံးမဘူး၊ ချမ်းသာအောင် ချည်းပဲ၊ ကိုယ်ကသာ ထင်ချင်သလို ထင်နေတာ။

"တွေးတယ်, ထင်တယ်ဆိုတာ ရမ်းရတာဗျ၊ တဲ့ချင်မှ တဲ့တာ။

"တစ်ရက် (၂၄-နာရီ) ပြည့်သွားပြီဆိုတော့ ကောင်းကောင်း လှလှကြီး သိပါလိမ့်မယ်၊ တချို့အားထုတ်တာ အနှစ်လေးငါးဆယ်

---

၁။ အိပ်စက်ခြင်းကို မဆိုထားဘိ လျောင်းရုံ, ကျောဆန့်ရုံမျှပင် မပြုရသော အကျင့်, မောဟ ထိန မိဒ္ဓ ကိလေသာတို့ကို ညှဉ်းဆဲခြင်း ဖြစ်သည်။ မဇ္ဈိမပဏ္ဏာသပါဠိ၌ အတ္တကိလမထ ဟူ၍မရှိ။

http://www.dhammadownload.com



ရှိပြီလို့ ပြောကြတယ်၊ သေသေချာချာ စိစစ်ပြီး ကြည့်ပါ၊ တစ်ရက် ပြည့်ရဲ့လား။

"နေ့တိုင်း အိပ်နေတယ်၊ ဘာဖြစ်လို့ အိပ်ရေးမဝကြသလဲ၊ အိပ်ရေးဝအောင် လုပ်တာမှ မဟုတ်ဘဲ၊ အိပ်ချင်ရင် မအိပ်ချင်တဲ့ နေရာရှိတယ်။ အဲသည်နေရာကို ရောက်အောင်သွား၊ အိပ်ရေးဝသွား လိမ့်မယ်။

"အဲဒါ (နိသဇ်ဓုတင်)ဟာ ရန်သူ(ထိနမိဒ္ဓ) ကိုနိုင်တဲ့ လက်နက် ဗျ၊ စစ်တိုက်မယ်, စစ်တိုက်မယ်နဲ့ ခေါင်းအုံးကြီးတွေနဲ့ ဆိုတော့ မနိုင်တာဟာ ဒါ့ကြောင့်ဗျာ။"၁

## ဘုန်းကြီး လူစွမ်းကောင်း

ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီ နှစ်ပေါင်းအတော်ကြာကပင် တစ်နှစ်ပြီး တစ်နှစ် အုံ့သြကြည်ညိုဖွယ် သတင်းထူးများက ဖုံးကွယ်၍ မရအောင် ဖြစ် လာတော့၏။

နွားကျောင်းသား ကုလားလူမျိုး 'အလီ', ဖောင်ရွာ နွားနို့ရောင်းကုလား 'ဒေဝဒတ်', ကျောက်ဆည်မြို့ မင်းရပ် 'ဦးခ' စသော မျက်မြင်ကိုယ်တွေ့ ပုဂ္ဂိုလ်များ တစ်နေ့တခြား များပြားလာသည်နှင့်အမျှ နည်းခံ ပွားများသော ယောဂီများပင် တစ်နေ့တခြား တိုးပွားခဲ့ပါသည်။ ကုလားများကမူ-

"ဒီတောင်ပေါ်မှာ ဗမာဘုန်းကြီး လူစွမ်းကောင်းရှိတယ်" ဟု တအံ့ တသြပြောဆိုကာ ကုလားလူမျိုးများပင် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလာကြ ပါသည်။ ဝေဘူလ ဝေဘာရ တောင်စဉ်တစ်ကြောရှိ စေတီကြီးငယ်များအား ကောင်းကင်ယံမှ ပျံကြွကာ ဘုရားမီး ပူဇော်သည်ကိုလည်း အကြိမ်ကြိမ် ဖူးတွေ့ရသူများ ယခုတိုင် ရှိကြပေသေးသည်။ ၂

---

၁။ 'မအိပ်မနေ အသက်ရှည်' စသော တရားတော်များ၌ အကျယ်ရှုပါ။
ယနေ့ လူမှုရေး စိတ်ပညာ, သိပ္ပံပညာများကလည်း 'လူသည်နှစ်နှင့်ချီ၍ မအိပ်စက်ဘဲ နေနိုင်ကြောင်း' အထောက်အထားများဖြင့် ပြဆိုလာကြပြီ ဖြစ်သည်။

၂။ မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ခရီးတစ်လျှောက် တိတိကျကျ ရှေ့မြင်နောက်

http://www.dhammadownload.com



ကျောက်ဆည်မြို့၏ အရှေ့တောင်အရပ် တောင်စဉ် တောင်ဝှမ်းများတွင် 'တောင်ပေါင်းချောင်' ခေါ်သော အရပ်ဌာနတစ်ခုရှိ၏။ လွန်ခဲ့သော နှစ်ပေါင်း ခုနစ်ဆယ်ခန့်က ထိုဌာ သီတင်းသုံးသော 'တောင်ပေါင်းချောင် ဆရာတော်' ခေါ် ရှေ့မြင် နောက်မြင် ဆရာတော်ဘုရားကြီး တစ်ပါး ရှိခဲ့ဖူးရာ ၎င်းဆရာတော်ကြီးကလည်း 'ဝေဘူလချောင်နေရာ၌ အာဇာနည်ပုဂ္ဂိုလ်မြတ်တစ်ပါး (ကုလားများအပြော-ဘုန်းကြီးလူစွမ်းကောင်း) ထွန်းပေါ်မည်' ကို ကြိုတင်ဗျာဒိတ်ထားခဲ့ဖူးကြောင်း ကျောက်ဆည်ပတ်ဝန်းကျင်၌ ရှေ့မီ နောက်မီ လူကြီးသူမများ ယခုတိုင် ပြောဆိုနေကြဆဲ ရှိပါသည်။

## ဝတ္တရားနှောင့်ယှက်ရာ မကျအောင်

အင်အားရှိသောခေတ်၊ အင်အားအပြည့်ရှိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးများအား မှီခိုအားထားခွင့် ရသည်မှာ မြန်မာနိုင်ငံ သာသနာဝင်၌ အလွန်ကြုံကြိုက်ခဲလှပါဘိသည်။

အင်အားအပြည့် ရှိတော်မူသော်လည်း ပါရမီအလျောက် နောက်ပါခေါ်နိုင်စွမ်းသော ဘုန်းကံမပါပြန်လျှင်လည်း သာသနာနှင့် သတ္တဝါတို့အတွက် ပစ္စေကဗုဒ္ဓါတစ်ဆူ ပွင့်တော်မူသကဲ့သို့သာရှိ၍ 'တစ်လောကလုံးအား ရိုက်ချုန်းဖွင့်လှစ်ခြင်းငှာ အခွင့်မသာနိုင်ပေ။

အင်အားရှိသည် ဆိုသော်လည်း တစ်ခုနှင့်တစ်ခု အင်အားချင်း မတူသောယာဉ်များကို စီးနင်းလိုက်ပါရသကဲ့သို့ ခရီးတွင်မှု၊ သက်သာမှု၊ စိတ်ချရမှု စသည်တို့ကား ခြားနားလျက်ပင်ရှိရာ ပြည့်စုံသော အင်အားရှိသော ပုဂ္ဂိုလ်ထူးများကို မှီခိုခွင့်ရသော ယောဂီတို့ကား အတိုင်းမသိ အခွင့်ထူးကြုံကြရလေသည်။

---

မြင် 'တေဝိဇ္ဇရဟန္တာ' ခေါ် ပု-ဒိ-အာ ပုဂ္ဂိုလ်ထူးများကား အလွန်ကြီး အဆက်မပြတ်လှသေး၊ သို့ရာတွင် သူတစ်ပါး စိတ်အကြံကိုမှ အမှန်အကန်သိမှု (ပရစိတ္တဝိဇာနန-စေတောပရိယ), ကြားမြင်မှုနှင့် အထူးသဖြင့် စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာဖန်တီးနိုင်စွမ်းသော (ဣဒ္ဓိဝိဓ) စွမ်းရည်ထူးရှိသည့် ပုဂ္ဂိုလ်ထူးမျိုးကား အလွန်ရှားပါးလှပေသေးသည်။

http://www.dhammadownload.com



သို့ရာတွင် စုံစမ်းခြင်း, ချောင်းမြောင်းခြင်း, ဘာမဟုတ်သည့် ကိုယ်ရေးကိုယ်တာ ကိစ္စကလေးများအတွက် (နှုတ်က, စိတ်က) လျှောက်ထားခြင်းများကြောင့် မိမိမှာလည်း တကယ့်အခွင့်အရေးများ လက်လွတ်ရကာ သူတော်ကောင်းများအားလည်း **'အလုပ်ခွင်ဝတ္တရားနှောင့်ယှက်မှုကြီး'** ဖြစ်နေတတ်ပေသည်။[၁]

အင်အားအပြည့်ရှိသော သာဝကပုဂ္ဂိုလ်တစ်ပါးသည် (သာဝကဝိသယ) စကြာဝဠာတစ်ထောင်ကိုပင် ထိတွေ့ကျက်စားနိုင်၍ 'သာဝကများ ပိုင်ဆိုင်သော နယ်ပယ်ရပ်ဝန်းမှာ' စကြာဝဠာတစ်ထောင်ဟုပင် ဆိုရပါမည်။ ယင်းသို့ဆိုသော် စကြာဝဠာတစ်ထောင်ရပ်ဝန်းရှိ လုပ်ဆောင်သင့်သော ကိစ္စရပ်များအားလုံးသည် အဆိုပါ သာဝကကြီးများ၌ တာဝန်ရှိပါသည်။

## ငြိမ်သက်မှု၏ စွမ်းအင်

ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကကြီးများသည် ကမ္ဘာပေါ်တွင် အလုပ် အလုပ်ဆုံးပုဂ္ဂိုလ်ကြီးများဖြစ်၍ ၂၄-နာရီ အချိန်ပြည့် အလုပ်လုပ်တော်မူကြရသည်မှာ 'အဘယ့်ကြောင့်' ဟု နားလည်သင့်ကြပါသည်။

တစ်ပါးတည်း ကိန်းအောင်းကာ ဆိတ်ဆိတ်နေခြင်းအားဖြင့် ထိုင်ရာမထ ပြီးစီးသွားစေနိုင်သည့် လုပ်ငန်းများမှာ လူသာမန်တို့ နားလည်နိုင်သော အရာ မဟုတ်ပါချေ။

ငြိမ်သက်ခြင်း (သန္တိ, ဥပသမ)၏ အင်အားသည် အတုမရှိ မြင့်မြတ်လှပါပေ၏။

---

၁။ မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ်နှင့် ပါရာဇိက ပါဠိတော် အရှင်မောဂ္ဂလာန် မြေဆီလွှာ ယူဆောင်ရန် ကြံရွယ်ခန်း, သီလက္ခန်-ကေဝဋ္ဋသုတ်, ထိုထိုအဋ္ဌကထာလာ အဘိညာခန်းအဖွင့် စသည်တို့၌ တန်ခိုးနှင့်စပ်၍ ထိန်းချုပ်ပေးထားတော်မူခဲ့ရပုံ၊ မသိမလိမ္မာသူတို့၏ "အတွင်းကြိတ်" "အစိဋ္ဌာန်" စသည်တို့ကြောင့် အလုပ်ပိုအယူမှား ဖြစ်သွားနိုင်ပုံတို့ကို ခြုံငုံသုံးသပ်ကြရာ၏။ ဆည်းကပ်သူများ မလိမ္မာ၍ မိမိတို့ဆရာ အရိယာ အရှင်မြတ်ကြီးများအား လောကီဝိဇ္ဇာဂိုဏ်း ဘုန်းကြီး များနှင့် ခွဲရောယှက်တင် ထင်မြင်ခံရတတ်ပေသည်။

http://www.dhammadownload.com



အင်အားအပြည့်ရှိသော အရိယသာဝကတစ်ပါး၏ ကျေးဇူးတော်ပင် လျှင် စင်္ကြံဝဋ္ဋာတစ်ထောင်နှင့် ချီ၍ မှီခိုအားထားရသော အခွင့်ကောင်းကြီး ပါပေ။[၁]

တိကျခိုင်မာသော လုပ်ငန်းစဉ်များလည်း ပူပူနွေးနွေးပင် ရှိနေပေသေး ၏။ ရှေ့သွား သာဓကများကိုလည်း လက်တကမ်းမှာပင် တွေ့မြင်နေ ကြရရာ အမြင့်မြတ်ဆုံး အထွတ်အထိပ်တွေကိုသာ အရယူသင့်ကြပါသည်။

## ဇမ္ဗူမှာ တစ်ဆူပဲရှိတယ်

ဆန်စက်သူဌေး ဦးပျော့သည် မြင်းခြံ ချောင်းတောင်းရွာ ဇာတိဖြစ်၍ စွန်းလွန်းဆရာတော် လူ့ဘဝက စီးပွားဖက်ဆရာ တော်စပ်ဖူး၏။ တစ်နေ့ သောအခါ ကျေးဇူးရှင် ဦးပျော့အား တရားဟောရန် ကျောက်ဆည်သို့ စွန်းလွန်းဆရာတော် ဦးကဝိ ကြွလာသည်။

"အရှင်ဘုရားတရား နောက်မှ နာပါရစေ၊ တပည့်တော် ကိုးကွယ် နေတဲ့ ဘုန်းကြီးတစ်ပါး တောင်ခြေမှာ ရှိတယ်၊ စုံစမ်းကြည့်စမ်းပါဦး။"

ဦးပျော့က ပင့်၍ ဝေဘူချောင် ကပ်မိုးကပ်ကာ ကျောင်းကလေး၌ ဆရာတော်နှစ်ပါး တရားဆွေးနွေးကြရသည်။ ထိုအချိန် ဆရာတော်မှာ ကိုးဝါခန့်ရှိ၍ ဦးကဝိကား တစ်ဆယ့်ရှစ်နှစ်ကြီးသော်လည်း ဝါငယ်သည်၊ ဦးပျော့နှင့် သားမက် ဦးကြောင်တို့မှာ အနားသို့မကပ်ရဲ၊ ချောင်းမြောင်း နားထောင်သော်လည်း သဲသဲကွဲကွဲ နားမလည်ကြ၊ ဆရာတော် ဦးကဝိ ဝေဘူချောင်မှ ပြန်အလာ-

"ဒကာကြီး၊ ဒီဘုန်းကြီးကို စိတ်ချလက်ချ ကိုးကွယ်ပေတော့" စသည်ဖြင့် အမိန့်ရှိ၏။ (ဓမ္မဗျူဟာ-အတွဲ-၁၅၊ အမှတ်-၆။)

ထိုစဉ်က စွန်းလွန်းဆရာတော်က "ဝေဘူဆရာတော်၏ ကမ္မဋ္ဌာန်း လမ်းစဉ်သည် ပို၍ စိတ်အာရုံတည်ငြိမ်ကြောင်း၊ လျင်မြန်စွာ သမာဓိ

---

၁၊ ကုသိုလ်တစ်စက် စင်္ကြံဝဋ္ဋာအနန္တ' စသော တရားတော်များနှင့်လည်း နှိုင်းရှည့် သုံးသပ်ရန်။ အဋ္ဌကထာတို့၌ 'စာရိကာ' ပုဒ်အဖွင့်များနှင့် ဇာတိ, အာဏာ, ဝိသယ ခေတ်သုံးပါး၍။

http://www.dhammadownload.com



ရနိုင်ကြောင်း ပြောကြားသည်" ဟုလည်း ဗုဒ္ဓဓမ္မလောကစာစောင်(၂၀၊ ၄၊ ၁၉၅၃) ၌ တွေ့ရသည်။[၁]

ဝေဘူဆရာတော်သည် စွန်းလွန်းဆရာတော်, ညောင်လွန့်ဆရာတော်တို့ကို လေးစားကြည်ညိုသည့်အတိုင်း ဝေဘူချောင်၌ သိမ်သမုတ်သောအခါ ပင့်၍ သိမ် မသမုတ်မီ ကထိန်ခင်းလှူသည်။ ကထိန်ပွဲအပြီးတွင် စွန်းလွန်းဆရာတော်က ဦးပျော့အား-

"မောင်ပဥ္စင်းကိုတော့ ပျော်အောင်မွေးနော်. ကျောင်းဒကာကြီး၊ ဇမ္ဗူမှာ တစ်ဆူပဲရှိတယ်၊ မလွတ်တမ်း ကိုးကွယ်ပေတော့" ဟု ထပ်ဆင့် တိုက်တွန်းတော်မူပြန်၏။

စွန်းလွန်းဆရာတော် ဝေဘူချောင်သို့ နောက်နှစ်ကြိမ် ထပ်မံ ရောက်ရှိသေးသည်။ တကြိမ်မှာ 'မြင်းခြံကို ဘယ်ကသွားရသလဲ၊ နီးသလား ဝေးသလား" ဟု ဝေဘူဆရာတော်က ဦးကြောင်အား မေးသည်နှင့်စပ်၍ ကျောင်းဒကာက ကားဖြင့် သွားပင့်ပေးရခြင်း ဖြစ်သည်။ ဆရာတော်ကြွသွားလျှင် ပြန်မလာမည်စိုးသောကြောင့် ဦးကဝိအား ပင့်လာရာ ဆရာတော်က "ကိုယ်တော်ကြီးအား ဒုက္ခပေးရမည်လား"ဟု ကျောင်းဒကာအား မာန်မဲ၏။

မည်သည့်ကိစ္စအတွက် တွေ့ဆုံဆွေးနွေးကြောင်း ပြည့်ပြည့်စုံစုံ မသိရသော်လည်း ဝေဘူဆရာတော်က -

"ဒို့များ အရင်တခေါက်က ပြောစရာစကားတခွန်း ကျန်သွားလို့" ဟု မိန့်တော်မူ၏။ စကားတခွန်းမှာ သထုံ နေမိန္ဒရတောင် သိမ်သမုတ်ရာ၌ နတ် ကြမ်းလှသဖြင့် အမျိုးမျိုး စီမံဆောင်ရွက်ကြရသော ကိစ္စနှင့် စပ်၍ စွန်းလွန်း ဆရာတော်အား အကြံပေးလျှောက်ထားခဲ့ဖူးရာ မှာကြားရန် စကားတခွန်း ကျန်နေ၍ တွေ့လိုကြောင်း သိရသည်။

နောက်တစ်ကြိမ်မှာ ခမည်းတော်ကြီး ဦးလူဖေနှင့် ဦးပျော့တို့ ဒုလ္လဘ ရဟန်းခံစဉ်က ကြွရောက်ရခြင်း ဖြစ်၏။

---

၁။ "ဝေဘူဆရာတော် အထူးထုတ်" အတွဲ-၃၊ အမှတ်-၄၆ ၌ 'အဘိဓမ္မာ ပေါက်စ' အမည်ခံ ပင်စင်ရဲဝန် ဦးအောင်မြင့် (ကျောက်ဆည်) ၏ ရေးသားချက်နှင့် ဦးပျော့သားမက် ဦးကြောင်., ဦးလှကျော်တို့၏ မှတ်တမ်း။

http://www.dhammadownload.com



ဆရာတော်၏ ဂုဏ်ကျေးဇူး အဘိညာဏ် အင်အား စွမ်းရည်ထူးများကို မှတ်သားကြည်ညိုရသည်မှာ မကုန်ခန်းနိုင်, မဝနိုင်အောင် ရှိရပါတော့သည်။ အဘိညာဏ် ရကြောင်း ယုံမှားသံသယ ဖြစ်စရာ မရှိပါ။ တိကျခိုင်လုံသော သက်ရှိ သာဓကတွေ များစွာ ရှိနေပေသည်။

သာသနာတော်၌ ဤသို့သော စွယ်စုံအာဇာနည် ဘုန်းကံ ပါရမီထူး ပါသော အရိယာ အရှင်မြတ်များကို ရခဲလှပါ၏။

ကမ္ဘာထုတ်ချင်း ဟင်းလင်းအပြင် ထိုးဖောက်သိမြင်တော်မူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တစ်ပါး၏ စကားတခွန်းသည်လည်း အဘယ်မျှ တန်ဖိုးကြီးမြတ်ကြောင်း နားလည်ထိုက်ပေသည်။ ဆရာတော် သာသနာပြု ရာ၌ အများဆုံး အသုံးပြုသွားသည်မှာ (ကျွန်ုပ်တို့ ဉာဏ်မီသမျှ) 'စေတော ပရိယအင်အား' ပင် ဖြစ်သည်။ 'ပရစိတ္တ ဝိဇာနန' ခေါ် သူတစ်ပါးစိတ်ကူး အကြံကို သိခြင်းပင်တည်း။

နောက်ပိုင်း အနှစ်နှစ်ဆယ်လောက်တွင်မူ သိုသိုသိပ်သိပ် သုံးစွဲတော် မူသော်လည်း ထိုမှ ရှေ့ကာလကမူ အလွန် ပွင့်ပွင့်လင်းလင်းကြီး အသုံးချ တော်မူလေသည်။ နောက်ပိုင်းကာလ၌ပင် တကယ့်ယုံကြည်အားကိုးမှုနှင့် ဆည်းကပ်သူဖြစ်လျှင် အရင်းအဖျားမရှိ ထို 'စေတောပရိယအင်အား'ကို အသုံးပြုကာ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ကိုပင်လျှင် ကာယကံရှင်သိလောက် အောင်ချီးမြှောက်တော်မူသည်။ ရာသက်ပန် မမေ့နိုင်ကြပါ။ ထို့ကြောင့် သက်ဝင် ကြည်ညိုသူများအတွက် ပုန်းကွယ်ရာ မရှိကြ။ သတိဝီရိယ ကြီးကြီးနှင့် ဆည်းကပ်ကြရပါသည်။

## ပြုံးစိ ပြုံးစိ ဦးပဥ္စင်းကြီးများ

၁၉၃၂ - ခုနှစ်က ဖြစ်ပါသည်။

ကျောက်ဆည်မြို့ ဦးရွှေဘ, ရှေ့နေကြီး ဦးစိန်နှင့် တရားမဝန်ထောက် ဦးစိန်ကွန်းတို့ သုံးဦးတိုင်ပင်၍ ဆရာတော်ထံ၌ ဒုလ္လဘရဟန်းပြုကာ တရား အားထုတ်ကြပါသည်။

ဆရာတော်ကား ထုံးစံအတိုင်း ထွက်လေ ဝင်လေကို ကြိယာပုတ် လေးပါး တဆက်ထဲ တစပ်ထဲရအောင် အမြဲ တရစပ် ရှုမှတ်ခိုင်း၍ အထူး

http://www.dhammadownload.com



အတွေ့ အာရုံနိမိတ်ဖြစ်ပေါ်လျှင် သို့မဟုတ် တစ်စုံတစ်ရာ လျှောက်ထားရန် ရှိလျှင် အချိန်မရွေး လျှောက်ထားရန် ခွင့်ပြုပါသည်။

ယောဂီ တစ်ဦးချင်းစစ်မေးကာ ညွှန်ပြပေးပါသည်။ သို့ရာတွင် ဦးပဉ္ဇင်းကြီးသုံးပါးမှာ ရဟန်းပြုပြီးအားထုတ်ကြရာ သုံးရက်ပင် ရှိသွားသော်လည်း တစ်စုံတစ်ရာ လျှောက်ထားရန် မရှိ၍ ခပ်ကုပ်ကုပ်ပင် နေကြရပါသည်။ ဆရာတော်ကိုပင် အတွေ့မခံရဲ၊ စွမ်းအားရှိသမျှ အားထုတ်ကြသော်လည်း တစ်နေ့ တစ်ညတွင်မှ ၃-နာရီထက် ပို၍ မထိုင်နိုင်၊ ရှုမှတ်လျှင် အိပ်ပျော်၍ သွားသူက သွားသည်။

" အင်း.... ခုလောက် ဒုလ္လဘရဟန်းပြုရတာပဲ မနည်းပါဘူးလေ" ဟုသာ နှစ်သိမ့်သူက နှစ်သိမ့်နေမိ၏။

သုံးရက်စေ့၍မှ တရားစစ်ခံ မလာကြသဖြင့် ဆရာတော်ကပင် ဦးပဉ္ဇင်းကြီးများရှိရာသို့ ကြွလာ စစ်မေးတော်မူရပါသည်။

**ပထမတစ်ပါး** ။ ။ တပည့်တော် သမာဓိ မရတတ်ဘဲ ဖြစ်နေပါသေးတယ်ဘုရား။

**ဆရာတော်** ။ ။ ဦးပဉ္ဇင်းကြီးများ၊ ဒီနေ့ပါဆိုရင် သုံးရက်ရှိသွားပြီ၊ နာရီအားဖြင့် ၇၂-နာရီပေါ့ဗျာ...၊ တစ်နေ့ ၃-နာရီ ၃-ရက်ဆိုတော့ ၉-နာရီ၊ ၉-နာရီလောက်သာ အားထုတ်ပြီး ကျန်တဲ့ ၆၃-နာရီ အချိန်တွေ အလကားဖြုန်းပစ်တော့ သမာဓိက ဘယ်ရပါ့မလဲဗျာ။

တော်စွာ့ရော်စွာ့ အလုပ်မဟုတ်ဘူးဗျာ၊ သေဘေးကြီးက တကယ်လွတ်မြောက်ချင်ရင် အဟုတ်လုပ်မှ ရတာဗျာ။

**ဒုတိယတစ်ပါး** ။ ။ တပည့်တော်ကတော့ တရားမှတ်လိုက်ရင် အိပ်ပျော်ပျော်သွားတာပါပဲဘုရား၊ ဒါနဲ့ပဲ အားထုတ်လိုက်ရတယ် မရှိဘဲ ဖြစ်နေပါတယ်ဘုရား။

**ဆရာတော်** ။ ။ ဆွမ်းတွေကို သိပ်စားတော့ ထိနမိဒ္ဓ များတာပေါ့ဗျာ၊ လျှော့စားပြီး စင်္ကြံလျှောက်၊ နိုင်အောင်လုပ်ရတယ်၊ အိပ်ချင်တိုင်းအိပ်လိုက်ရင် တသံသရာလုံး နိုးမှာ မဟုတ်တော့ဘူးဗျာ။

http://www.dhammadownload.com



**တတိယတစ်ပါး။** ။ တပည့်တော်မှာ လူ့ဝတ်နှင့် နေတုန်းကမှ အာရုံနိမိတ်များ ရပါသေးတယ် ဘုရား၊ ယခုဖြင့် မရနိုင်အောင် ဖြစ်နေပါတယ်ဘုရား။

**ဆရာတော်** ။ ။ အင်း.... လူ့ဝတ်နဲ့တုန်းကတော့ အပါယ်လေးပါးဘေးကြီးကို ကြောက်သေးတာကိုးဗျ၊ ခုတော့-ဘုရားအရေတော် ခြုံထားရလို့ "ငါတော့ အပါယ်တံခါးပိတ်ပြီ၊ ဒီလောက်ဆိုလဲ မဆိုးသေးပါဘူး" လို့ ထင်စား ယုံမှားနေတာကိုးဗျ။

အသီးအသီး ဤသို့စစ်ဆေးပြီးနောက် တရားစကား အနည်းငယ် ဆက်၍ ဟောပြပေးကာ အားပေးချီးမြှောက် စကား, ဆုံးမစကားဟောကြားပါသည်။ ဆရာတော် ပြန်ကြွသွားလျှင် ဦးပဥ္စင်းကြီး သုံးပါးမှာ တစ်ပါးမျက်နှာ တစ်ပါးကြည့်ကာ ပြုံးစိပြုံးစိ လုပ်နေကြလေ၏။[၁]

ယင်းသို့ သိတော်မြင်တော်မူသည်ဆို၍ ဘာမဟုတ်သည့် ကိုယ်ရေးကိုယ်တာ ကိစ္စကလေးများကို စိတ်မေး စိတ်ဖြေ စမ်းတတ်ကြရာ မလိုလားအပ်သော အကျိုးဆုတ်ယုတ်မှုများ ဖြစ်ပွားစေတတ်ပါသည်။

အသိအမြင်ထူးကား ရှိသောပုဂ္ဂိုလ်မှ ရှိသည်။ ရှိသော်လည်း ဆင်ခြင်မှသာ သိပါသည်။ မဆင်ခြင်မိ၍ မိမိအလိုဆန္ဒ မပြည့်စုံရသော် ငရဲကြီးတတ်လေသည်။ သိတော် မြင်တော်မူတိုင်းလည်း လူတိုင်း၏ အလိုဆန္ဒကို ဆင်ခြင်တော်မူနေရသော် စကြဝဠာနှင့် ချီ၍ အရေးကြီးသော သာသနာရေး ကိစ္စများ လစ်ဟင်းသွားရန်သာ ရှိပါသည်။ လူ့အလိုကို နတ်မလိုက်နိုင်ပါချေ။

ထို့ကြောင့် အတွင်းကျိတ် ဆုတောင်းများကို ဘုရား ကြိုက်တော်မမူပါချေ။

---

၁။ ဦးစိန်ကွန်းကိုယ်တိုင် ရေးသားချက်၊ ဗုဒ္ဓမေ္မလောကစာစောင် ၃-၄၆ (၂၀-၄-၅၃)မှ။

http://www.dhammadownload.com



## (၃)
## ဝေဘူ, အောင်မြေ, အင်ကြင်းပင် သုံးဌာန ဗုဒ္ဓခေတ် အောက်မေ့ဖွယ်

ရွှေဘိုမြို့သူ မြို့သားတို့သည် ဆရာတော်ဘုရား၏ ကျေးဇူး ဂုဏ်သတင်းများကို ကြားသိရသဖြင့် ရွှေဘိုမြို့ နိဗ္ဗာန်ဆော်အဖွဲ့များက ဦးစီးကာ ဆရာတော်အား ရွှေဘို၌ တလှည့်ချီးမြှင့်ရန် ပင့်ဆောင်ခဲ့ကြ၏။

ရွှေဘိုမြို့ တောင်ဘက်၌ ကုန်းဘောင် ရာဇဝင်တလျှောက် အမွန်အမြတ်ထားသော 'အောင်မြေ' ခေါ် ဘူမိနက်သန် ဌာနတစ်ခု ရှိပါသည်။ ပတ်ဝန်းကျင်၌ကား လူမျိုးစုံ သုသာန်များ ဝိုင်းရံနေ၏။ ထိုနေရာ၌ ရွှေဘို နိဗ္ဗာန်ဆော်အဖွဲ့ ဦးတင်အောင် စသော ပုဂ္ဂိုလ်များနှင့် ရွှေဘိုမြို့ အစိုးရ ရှေ့နေကြီး ဦးအုန်းဖေက ဦးစီးကြပ်မ,ကာ 'အောင်မြေရိပ်သာ' ဟု ကျောင်းတိုက်အရံကြီး တစ်ခု ပြုလုပ်တည်ဖန် ကြပါသည်။ ယခု ၃၁-ဧက ကျယ်ဝန်း၏။ ၁၉၄၈ ခုနှစ်က ဖြစ်ပါသည်။

ထို့နောက် ဇာတိချက်ကြွေ ခင်ဦးမြို့ အင်ကြင်းပင်ရွာ၌လည်း တလှည့် သီတင်းသုံးတော် မူရပါသည်။ အင်ကြင်းပင် ကမ္မဋ္ဌာန်း ဌာနမှာလည်း ဧကနှစ်ဆယ်ခန့် ဝင်းကြီးအတွင်း ထည်ဝါခံ့ညားသော ကျောင်းတိုက် ဓမ္မာရုံ, ကမ္မဋ္ဌာန်းကျောင်းကလေးများဖြင့် ပြည့်ညပ်လျက်ရှိရာ ရေများမှာ လည်း အမြဲတန်း ပန်းထွက်လျက် ရှိပါသည်။

ဝေဘူ, အောင်မြေ, အင်ကြင်းပင် သုံးဌာနရှိရာ-

၁။ ကျောက်ဆည် ဝေဘူချောင်၌ ဝါဆို ဝါကပ်တော်မူပါသည်။ ထို၌ပင် တပို့တွဲလလောက်အထိ သီတင်းသုံးတော်မူ၍ ရှမ်းပြည်, အောက်မြန်မာပြည်, ရန်ကုန်, မြစ်ဝကျွန်းပေါ်, ရေး မြိတ် ထားဝယ်စသော မြို့များသို့ အခါအားလျော်စွာ ဒေသစာရီ လှည့်လည်တော်မူကာ သတ္တဝါတို့အား ချီးမြှောက်တော်မူပါသည်။

၂။ ရွှေဘို အောင်မြေရိပ်သာ၌ တပို့တွဲ-တပေါင်း-တန်ခူး သုံးလခန့် သီတင်းသုံး၍-

၃။ အင်ကြင်းပင်ဌာနသို့ နှစ်သစ် သင်္ကြန်မီ ကြွရောက်ချီးမြှောက် မြဲ ဖြစ်ပါသည်။ ထို၌ ဝါဆိုလဆန်းအထိ သီတင်းသုံးပါသည်။

http://www.dhammadownload.com



အခြားဌာနများ၌ ငါးပါးသီလ၊ ရှစ်ပါးသီလ ချီးမြှင့်တော် မူသော်လည်း အင်ကြင်းပင် ဌာန၌ကား ၁၀-ပါးသီလ ချီးမြှင့်တော်မူပါသည်။ ကျေးရွာများက လာသမျှ ယောဂီများအား ဒိုင်ခံကျွေးမွေးလျက်ရှိသဖြင့် ဝယ်မှုခြမ်းမှု ပြုဖွယ်မရှိ၊ ဝယ်စရာ၊ ခြမ်းစရာလည်း မလိုပါ။

သုံးဌာနစလုံးတွင် ကျယ်ဝန်းသော နေရာနှင့် ထည်ဝါသော အဆောက်အအုံကြီးများ၊ စေတီပုထိုး သစ်ပင်ပန်းမာလ် ရေကန် ရေတွင်းများဖြင့် ခမ်းနားသလောက် ငြိမ်းအေးလှပါဘိသည်။ အနယ်နယ်အရပ်ရပ်မှ လာရောက် ဖူးမြော်သူများလည်း မစဲပါချေ။

အမြဲနေ လူယောဂီ၊ ရဟန်းယောဂီများအားလည်း နံနက် နေ့ည မလစ်ရအောင် သူ့အချိန်နှင့်သူ ဟောပြောဆုံးမရခြင်း၊ အမြဲဆွမ်းခံကြွတော်မူခြင်းနှင့် နံနက်လေးနာရီမှစ၍ ညနေချမ်းကာလအထိ ဆိုင်ရာ မြို့ခံ ဒကာဒကာမများ ဆွမ်းခဲဖွယ် ဘောဇဉ် ပန်းဆီမီး အမွှေးတိုင် ကိုယ်စီလှူဒါန်းဖွယ်များဖြင့် အဆက်မပြတ် ဝင်ထွက်သွားလာ ပူဇော်နေကြသည်မှာ နေ့စဉ်ပွဲလမ်းကြီးတမျှ ဖြစ်နေပါတော့သည်။

ထိုမြင်ကွင်းမှာ လွန်ခဲ့သော ၂၅၀၀-ကျော်က ဗုဒ္ဓခေတ်ကို အလိုလိုမြင်ယောင်စေမိပါတော့သည်။

ထူးခြားသည်မှာ ဆရာတော်ဘုရား သီတင်းသုံးရာ သုံးဌာနလုံး၌ ဂန္ဓကုဋိကျောင်းတော်တွင် နေရာသလွန်တော်ကြီးနှင့် ထို၏အပေါ်၌ မျက်နှာကြက် ဗိတာန်ကြီးများဖြင့် ပြုလုပ်ထားကြသည်ဖြစ်ရာ ပို၍ပင် ဗုဒ္ဓရှင်တော်မြတ်အား လွမ်းဆွတ် တ, သ, မိစေပါသည်။

နံနက် ၄-နာရီမှ ည ၁၀-နာရီအထိ နေ့စဉ် ဆရာတော်ဘုရားကြီး ပြုလုပ်တော်မူမြဲ လုပ်ငန်းများမှာ လူသာမန်တစ်ဦးဆိုပါမူ တနေ့တညလုံးကို မဆိုထားဘိ တမနက်မျှဖြင့်ပင် လူမမာ ဖြစ်စေနိုင်ပါသည်။ အချိန်စာရင်းဆွဲထားသကဲ့သို့ အချိန်အားမရှိ တစ်ခုပြီးတစ်ခု လုပ်ငန်းစဉ်များ ရှေ့နောက်ဆက်လျက် နေပါတော့သည်။

တစ်ရက်မဟုတ်၊ တစ်လမဟုတ်၊ တနှစ်မဟုတ်။

ဆရာတော်ဘုရားကြီး နေ့စဉ် အနားမရှိ ချီးမြှောက်တော်မူသည်ကို တွေ့မြင်ကြရသည်မှာ ဗုဒ္ဓ၏ တနေ့တာလုပ်ငန်းစဉ်ကြီး ငါးမျိုး (ဗုဒ္ဓကိစ္စငါးပါး) ကို အ-ိုလိ နားလည်စေနိုင်ပါသည်။

http://www.dhammadownload.com



ဗုဒ္ဓသည် သတ္တဝါတိုင်းအတွက် ဖြစ်သကဲ့သို့ ဆရာတော်ဘုရားကြီးများသည်လည်း သတ္တဝါတိုင်းအတွက် ဖြစ်ထွန်း ပေါ်ပေါက်တော်မူနေကြရခြင်း ဖြစ်ပါသည်။

သီတင်းသုံးရာ, ဒေသစာရီကြွရာ နေရာတိုင်းတွင် ပန်းဆီမီး ရေမွှေးနံ့သာ စသည်တို့ဖြင့် ပူဇော်လှူဒါန်းကြရာ အာဟုနေယျ, ပါဟုနေယျဂုဏ်များကို မြင်သာလှပါသည်။

## ဒေသစာရီကြွတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ဝါကျွတ်လျှင် နောက်ပါ သံဃာအပါးနှစ်ဆယ်ခန့်နှင့်အတူ ထိုထိုမြို့ရွာတို့၌ ဒေသစာရီ ကြွတော်မူလေ့ ရှိပါသည်။ ကြွတော်မူလေရာတိုင်းတွင် ခမ်းနားကြီးကျယ်စွာ ပင့်ဆောင် ပူဇော်ကြပါသည်။

သက်တော်ရှစ်ဆယ်ကျော်သော်လည်း ရှမ်းပြည်, မြစ်ဝကျွန်းပေါ်, ရေးမြိတ်, ထားဝယ် နယ်စုံ ကြွရောက် ချီးမြှောက်တော်မူရာ အောက်မြန်မာပြည်အတွက် ရန်ကုန်မြို့ကို ဗဟိုပြုပါသည်။

ရန်ကုန်မြို့သို့ ၁၉၅၃ ခုနှစ်က ပထမဆုံးကြွတော်မူပါသည်။ အင်းယားမြိုင်ပဋိပတ္တိဌာနမှ ဆရာကြီးဦးဘခင် (မူလဆရာသက်ကြီး၏ တပည့်ကြီး)က သီးသန့် သူ၏ရိပ်သာ၌ နည်းခံပူဇော်ရန် ပင့်လျှောက်ခြင်း ဖြစ်ပါသည်။

ထိုပဋိပတ္တိဌာနကား အထူးအားဖြင့် နိုင်ငံခြားသားများအား တရားပေးသော အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိ သာသနာပြုဌာန ဖြစ်၍လည်း ဆရာတော် ဘုရားကြီး၏ ဂုဏ်သတင်းမှာ နိုင်ငံရပ်ခြား တိုင်းပြည်အသီးသီးသို့ပင် ပျံ့လွင့်လျက် ရှိနေပါသည်။[၁] ၁၃၁၉-ခုနှစ်တွင် အိန္ဒိယ, သီဟိုဠ်နိုင်ငံများသို့ ကြွရောက် ဟောပြောတော်မူခဲ့ရပါသည်။

---

၁။ ဒေါက်တာ ဟစ်(စ်)လော့ (ကာလီဖိုးနီးယား) စသည် ဆရာတော် ဘုရားကြီးထံ၌ သရဏဂုံ ခံယူကာ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းသော နိုင်ငံခြားသားများမှာလည်း မနည်းတော့ပါချေ။

အမေရိကန် စိတ်ပညာလေ့လာသူ အမျိုးသမီး သီလရှင် မေဓာဝီလည်း ဆရာတော်ဘုရားကြီးထံ၌ သုံးနှစ်ခန့် နည်းခံ ကျင့်ပွား၍ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းရုံမျှမက သီလရှင်ဝတ်၍ပင် သွားပါသည်။ ယခု 'မေဓာဝီ'ဟူသော အမည်ဖြင့် အမေရိကန်၌ ဆရာတော် ဘုရားကြီးပုံတော်ကို ရှေ့၌ကိုးကွယ်ကာ တရားပြဆရာလုပ်၍ နေသည်ဟု ကြားသိရ၏။

http://www.dhammadownload.com



၁၉၅၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှစ၍ အများပြည်သူတို့ အတွက် ပင့်ဆောင်ရေးအဖွဲ့ ဖွဲ့၍ ပင့်ဆောင်ကြရာ တက္ကသိုလ်ဓမ္မာရုံ၌ တလခန့် သီတင်းသုံးတော်မူပါသည်။ နေ့စဉ် ရှစ်ပါးသီလပေးကာ တရား ချီးမြှင့်တော်မူပါသည်။

ရပ်ကွက်များသို့လည်း ဆွမ်းဆန်စိမ်းခံ ကြွရောက် ချီးမြှင့်တော်မူရရာ ကားကြီး ကားငယ်များဖြင့် တိုက်၍ သယ်ကြရပါသည်။

"သက်န်းအစုံ ဘယ်လောက်, ဆန် ဘယ်နှစ်အိတ်, နို့ဆီ ဘယ်နှသေတ္တာ မရေနိုင်ပါဘူးဗျာ၊ သုံးတန်ကားကြီးတွေနဲ့ သယ်လာပြီး 'ကားဘယ်နှစီး' ဆိုတာပဲ ရေတွက်နိုင်တော့တယ်။ ပစ္စည်းတွေက အဆမတန်များတယ်။

"မြို့ပေါ်ရှိ ကျောင်းတိုင်းလိုလို လိုက်လဲ လှူစေတယ်။ ကျန်တာတွေ အကုန် အညာပို့၊ အဲဒါနဲ့ ဒီအင်ကြင်းပင် ကမ္မဋ္ဌာန်းဌာနကြီး ဖြစ်လာတာပဲ။"

ဆရာတော်ဘုရားကြီး၏ အပါးတော်မြဲ ဦးသိန်းညွန့် (မီးရထားစာရင်းကိုင်ချုပ်ဟောင်း)က စာရေးသူအား တစ်ချိန်က ပြောကြားသည်ကို မှတ်သားရဖူးပါသည်။

မြန်မာနိုင်ငံတွင် ပထမ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ဒေသစာရီ လှည့်တော်မူရာ ယခုတိုင် သိမီသူတို့က အံ့သြ၍ မပြီးကြချေ။

ထို့နောက် လယ်တီဆရာတော်ထက်ပင် ပရိသတ်များပြားအောင် ပဋိပတ္တိ သာသနာတော်ကြီးကို နှိုးဆော်တော်မူနိုင်ခဲ့သော မိုးညှင်း ဆရာတော်ဘုရားကြီး ကြွရောက် ဟောပြောပွဲများမှာလည်း ပျားပန်းခတ်မျှ စည်ကားလှပေသည်။ မြန်မာနိုင်ငံတွင် အသံချဲ့စက်ကို ပထမဆုံး သုံးတော်မူရသော ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။

မိုးညှင်းဆရာတော်ဘုရားကြီး ရန်ကုန် ကြွလာခိုက်နှင့် ကြုံကြိုက်၍ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးက လိမ္မော်သီးစသော လှူဖွယ်များဖြင့် သွားရောက်ကန်တော့ရာ-

" သိမ်ကြီးဈေးထဲမှာ လိမ္မော်သီးတွေ ကျန်မှ ကျန်ကြသေးရဲ့လား ဟရို့ရဲ့" ဟု ချီးကျူးဂုဏ်ပြုတော်မူပါသည်။

http://www.dhammadownload.com



အဆမတန်များပြားလှသော လှူဖွယ်ပစ္စည်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့ခံကျောင်းများအား ခွဲဝေလှူဒါန်းစေသည့်အပြင် မကုန်နိုင်အောင်များပြားလှသဖြင့် တပည့်များက အညာသို့ တင်ပို့ကြရပါသည်။

ခေါင်းပါးသော အညာဒေသသို့ ရောက်သွားသောအခါ အောက်ပြည်မှ လှူဖွယ်ဝတ္ထုများမှာ ကျောင်း ကန် ဘုရား တံတား စေတီများ ဖြစ်ကုန်ကြရပါတော့သည်။

ထိုလှူဖွယ်ပစ္စည်းများနှင့် စပ်၍ အတွင်းကျကျမသိဘဲ သဒ္ဓါအားနည်းသူအချို့ကား ငရဲကြီးတတ်လေသည်။ ဆရာတော်ဘုရားကြီး တချိန်က ဟောပြောသော တရားတစ်ပိုဒ်ကို သတိရဖွယ် ဖြစ်ပါသည်။

"သဒ္ဓါတရားနဲ့ လှူလိုက်တဲ့ပစ္စည်းကို ဘုရားဟောတော်မူထားတာက နဲနဲကလေးမှ မပျက်စီး စေရဘူးတဲ့.....၊ တစ်လုံး တစ်စေ့ တစ်ခြမ်းမှ မကျန်သုံးတတ်ရတယ်၊ ခရီးရောက်အောင်လဲ သုံးရမယ်၊ ဒါမှ သာသနာထွန်းတောက်သင့်သလောက် ထွန်းတောက်မယ်။"

"အသုံးလိုတဲ့ နေရာတွေလဲ မနည်းဘူး ရှိတယ်၊ အလကားကုန်သွားမဲ့ နေရာတွေမှာ မသုံးရဘူး၊ အလှူရှင်က 'ငါလှူလိုက်တာက သည်လို သုံးရအောင် လှူလိုက်တာ၊ သင်တို့ တစ်တွေက အခုလို နေရာမကျချည်း လုပ်ထားတော့ အလကား ပစ္စည်း ကုန်တာပဲ။

"ခုတော့ သက်သက်မဲ့ အချည်းနှီးဖြုန်းတာပဲ၊ ဒီလို ဌာနာဌာန ကောသလ္လဉာဏ်က အင်မတန်လိုတယ်၊ အခုပြောတာက နည်းနည်းလေး ပြောတာပါ၊ အများကြီးရှိသေးတယ်၊ ဒကာ ဒကာမများက သဒ္ဓါတရားနဲ့ လှူဒါန်းလိုက်တဲ့ ပစ္စည်းတွေကို အခုလိုမဖြစ်အောင် လုပ်ရမယ်၊ အကျိုးမရှိတာ နည်းနည်းလေးမှ မလုပ်ရဘူး"။[၁]

" သည်ဟောထားတဲ့တရားကို အားလုံးမှတ်၊ ကျေပွန်အောင်လုပ်ရမယ် အကုန်မှတ်ရမယ်၊ ကြားလား။"

---

၁။ ၁၉၅၅ ခုနှစ်၊ မေလ ၁၁-ရက်နေ့ ရန်ကုန်မြို့ တက္ကသိုလ်ဓမ္မာရုံ၌ ဟောကြားသော 'ဇီဝကဆေးကုခန်း' တရားတော်မှ။
အရှင်အာနန္ဒာ ပုဆိုးငါးရာ အသုံးချတော်မူပုံကိုလည်း သတိရဖွယ်။ (ဒုကနိပါတ်၊ ဂုဏဇာတ်။)

http://www.dhammadownload.com



ဆရာတော်ဘုရားကြီး တရားမှာ ဤကိစ္စနှင့်စပ်၍သာ မဟုတ်၊ သာသနာရေး ကိစ္စမှန်သမျှ ထာဝရ နှလုံးသွင်းရမည့် မိန့်ခွန်းတော်ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီး ပစ္စည်းသုံးစွဲတော်မူသည်ကို ဖူးတွေ့သူများ ပို၍ သဘောပေါက်စရာရှိပါသည်၊ ဆရာတော်သည် ဆပ်ပြာခွက်၌ ဆပ်ပြာခဲများ ကုန်ခါနီး၍ စက္ကူကဲ့သို့ ပါးလွှာနေသော်လည်း မကျိုးမကျေစေရ၊ စွန့်လည်း မစွန့်ပစ်၊ တရိုတသေ ကိုင်တွယ်၍ မကျိုးမကျေမီ ဆပ်ပြာခဲအသစ်၌ ပူးကပ်ထားပြီး သုံးစွဲပါသည်။ မည်သည့်ပစ္စည်း တစ်စုံတစ်ရာကိုမျှ အချည်းနှီး မပျက်စီး မလေလွင့်စေရပါ၊ ကျင့်သုံးသူတိုင်း အရာရာ၌ အဆင်ပြေစွာ အလိုလို နားလည်ပြီး ဖြစ်စေနိုင်သော ဘုရားရှင်၏ အဆုံးအမတော်သည် အလွန်ပင်မြတ်နိုးဖွယ် ကောင်းလှပါပေသည်။ သီလသမာဓိ ပညာများ တပြိုက်နက် ကပ်၍ ပါနေသဖြင့် အရာရာ၌ ချုပ်တည်းအောင့်အည်းကာ လိုက်နာရခြင်း, အသေးစိတ် ဥပဒေထုတ်ပြန်ရခြင်းမရှိဘဲ အလိုလို အချိုးကျသွားစေနိုင်သော တရားတော်ကား မြင့်မြတ်လှပါပေ၏။

(၄)

## တရားဟောတော်မူခြင်းနှင့် တရားတော်များ

ဆရာတော်ဘုရားကြီး အမြို့မြို့၌ တရားဟောတော်မူရာ ပရိတ်သတ်များမှာ အဆမတန် များပြားလှပါသည်။

တရားဟောစတွင် အသံတော်ကလည်း တိုးလှ၏။ တရားဦး မိနစ်နှစ်ဆယ်ခန့်မှာ ရေစက်ချသကဲ့သို့ နှုတ်တွတ်တွတ် ရွတ်ဆိုသွားရာ နာယူလေ့မရှိသူများအဖို့ အရသာမပေါ်နိုင်ဘဲ ရှိတတ်ပါသည်။

စင်စစ်အားဖြင့် ထိုတရားဦး စကားများမှာ သာသနာအတွက် ဗုဒ္ဓဘာသာဝင်တစ်ဦးအတွက် မလုပ်မနေ နေ့စဉ် ရွက်ဆောင်ရမည့် အရေးကြီးဆုံးဝတ္တရားများနှင့် စိတ်ထားရပုံများကို အကျဉ်းချုပ်၍ ပြဋ္ဌာန်းတော်မူရာ အလွန်တန်ဖိုးကြီးမြတ်လှပါသည်။

http://www.dhammadownload.com



## မျက်စိလျှံနေသော အခြေခံများ

၁။ သီလပြည့်စုံမှ လိုတိုင်းရပုံ၊

၂။ သာသနာတည်မှု ဒါနပါရမီ ပြုကြရာ၌ အရေးကြီးသော စိတ်နေစိတ်ထား မှတ်သားဖွယ်, လိုက်နာဖွယ်၊

၃။ ကံ ကံ၏အကျိုးကို ယုံကြည်ကာ စိတ်ကို ဖြောင့်မတ်စွာ ထားရပုံ၊

၄။ လူနတ်ချမ်းသာကား 'ရှောင်မရ တိမ်းမရ' ချမ်းသာဖြစ်၍ အထူးဆုတောင်းမနေရ၊ ရလိုသောဘောမိဆု တစ်ခုခုကိုသာ မုချတောင်းရပုံ။

၅။ ဘုရားရှင် ပွင့်ထွန်းဖြစ်ပေါ်တော်မူလာ၍ စရဏ, ဝိဇ္ဇာ ဘက်စုံလုပ်ခွင့်ရသဖြင့် အချိန်တိုင်း အကျိုးကြီးမြတ်လှပုံ၊

၆။ ထွက်လေ ဝင်လေမှာ မွေးကတည်းက သေသည်အထိ အမြဲရှိ၍ လူတိုင်း သိလွယ် နားလည်လွယ်သဖြင့် **ထွက်တိုင်းထိ, ထိတိုင်းသိ, ဝင်တိုင်းထိ, ထိတိုင်းသိအောင် နှာဖျားနှာဝ၌ အမြဲသတိဖြင့် ရှုမှတ်ရန်၊**

၇။ သွားရင်းလာရင်း လုပ်ရင်း ကိုင်ရင်း အချိန်တိုင်း (အချိန်တခုထဲမှာ အလုပ် ၂ -မျိုး တပြိုင်နက်ပြီးအောင်) တစပ်တည်း တောက်လျှောက် ရှုမှတ်ရန် တိုက်တွန်းတော်မူပါသည်။

ဘာဝနာတရားကြီးများကို ကိုင်ဆောင်ကာ 'ခေါင်'ကို တက်နေသော်လည်း အခြေခံမခိုင်ဘဲရှိနေပုံ၊ 'ဘုရားရှိခိုးတာ, လူကြီးမိဘ ကန်တော့တာ, ညှော်သည် လက်ဖက်ရည်တိုက်တာ, ကလေးငိုလို့ချော့ရတာ' မှအစ ကျွန်ုပ်တို့ နားလည်ပြီးသားဟု ထင်နေသော အရာများတွင် တကယ်နားမလည်သေးကြောင်း၊ လွယ်လွန်း၍ မျက်စိလျှံနေပုံများမှာ အစစ်အဆေးခံရခါမှ မဟန်သေးသည်ကို ပေါ်လွင်အောင် ထောက်ပြတိုက်တွန်းတော်မူပါသည်။

## တရားအကြိမ်ပေါင်း တသောင်းကျော်

ဆရာတော်ဘုရားကြီးသည် ရံခါ တနေ့လျှင် တရားငါးကြိမ်, ဆယ်ကြိမ် ဟောတော်မူရလေ့ရှိရာ ဟောတိုင်းပင် ဤအခြေခံများကို ဟောတော်မူ ပါသည်။

အထက်ပါ လိုရင်း ပဓာနအချက်များကို တနေ့တည် ဆယ်ကြိမ်ဟောရလျှင် ဆယ်ခါပင်ထပ်၍ ဟောတော်မူပါသည်။ မည်မျှ အရေးကြီးသည်ကို ခန့်မှန်းနိုင်ပါ၏။

http://www.dhammadownload.com



တသက်ပန်လုံး ဆရာတော်ဘုရားကြီး ဟောကြားသော တရားများမှာ အကြိမ်တသောင်းရှိပြီဟုဆိုလျှင် အထက်ပါအချက်များကို ဟောကြားသည်မှာ အကြိမ်တသောင်းရှိပြီဟု ဆိုနိုင်ပါသည်။ မည်မျှ အလေးအနက်ခံယူလိုက်နာစေလိုသည်မှာ မြင်သာလှပါသည်။

မြတ်စွာဘုရားရှင်သည်ပင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ 'ဒုလ္လဘတရားငါးပါး' ကို နေ့စဉ်ခြေဆေးရင်း ဟောတော်မူရာ 'အကြိမ်ပေါင်း တသောင်းကျော်(၁၆၄၂၅) သတိပေးတရားတော်'ဟု ဆိုရသကဲ့သို့ ရှိပါသည်။

## ဓမ္မဓာတ်၏ အင်အား

မိနစ်နှစ်ဆယ်ခန့် ဟောပြီးလျှင် အသံတော်မှာ နာကြား၍ မငြီးအောင် ကျယ်လောင်ပြတ်သားစွာ ကြည်လင်ချိုမြိန် လာပါသည်။ မေးကာ ဖြေကာ မကုန်ခန်းနိုင်သော လျှပ်တစ်ပြက် ဥပမာများဖြင့် ဝတ္ထုသာဓက မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဟောပြတော်မူလေ့ရှိရာ ထိုအခါ ပရိသတ်များအားလုံး ပြုံး၍ရွှင်၍ ကြည်နူး၍ ရယ်မောရ၍ မဆုံးနိုင်အောင် ရှိကြရပါသည်။

ပါဠိတော်များ၌ " သမုတ္တေဇေသိ=ထက်စေ၏၊ သမ္ပဟံသေသိ= ရွှင်စေ၏" ဆိုသော စကားလုံးများ၏ အဓိပ္ပာယ်ကို သတိရစေပါတော့သည်။

ဝတ္ထုသာဓကများကိုလည်း အကြောင်းအားလျော်စွာ ဟောပြတော်မူလေ့ရှိရာ ရံခါ ထို 'အကြောင်းအားလျော်စွာ' သည် အလွန်အဓိပ္ပာယ် ရှိလှပါသည်။ အဘယ့်ကြောင့်ဆိုသော် တစုံတရာကို ကြိုတင်သိမြင်တော်မူသဖြင့် တိုက်ရိုက် ရည်ညွှန်းတော်မူခြင်း ဖြစ်နေသောကြောင့်ပါတည်း။

အထူးခြားဆုံးမှာ ဆရာတော်၏ တရားများတွင် ထည့်ဝါခဲ့ညားသော ပါဠိသံများလည်း မပါ၊ ခန္ဓာ အာယတန ဓာတ် သစ္စာ အဘိဓမ္မာ ဝေါဟာရကြီးများကိုလည်း ကြားရခဲလှပါသည်။

မည်သည့် ပုဂ္ဂိုလ်, တရားနည်းလမ်း တစုံတရာကိုမျှလည်း ပြစ်တင်ရှုတ်ချခြင်း မရှိသည့်အပြင် မိမိအလိုရှိရာဘက်သို့ အလွယ်တကူ တိမ်းညွတ်လာအောင် ညင်သာသိမ်မွေ့စွာ ဆွဲဆောင်တော်မူနိုင်အား အပြည့်ရှိတော်မူပါသည်။

http://www.dhammadownload.com



'စာပေ ပရိယတ္တိ ပြောင်မြောက်အောင် မတတ်' ဟု ထင်ရန်မှာလည်း ခဲယဉ်းလှပါသည်။ အဘယ့်ကြောင့်ဆိုသော် ပိဋကတ် ကျမ်းဂန်များတွင် မည်မျှ ငုပ်ကွယ်သိခက်နေသော အဓိပ္ပာယ်, အကြောင်းအရာကို မဆို စကားစပ်မိ လာလျှင် သို့မဟုတ် လျှောက်ထားသူရှိလာလျှင် ရုတ်တရက် ချက်ချင်းပင် ထုတ်ဆိုကိုးကားကာ ကျေနပ်အောင် ရှင်းပြတော်မူနိုင်အား အပြည့်ရှိတော် မူသည်ကို တွေ့နိုင်ပါသည်။

မြတ်စွာဘုရားရှင်နှင့် အရှင်သာရိပုတ္တရာတို့သည် 'ဓမ္မဓာတု'ကို ရရှိတော်မူကြသဖြင့် ပြဿနာတစ်ခုကို လူပေါင်းများစွာတို့ အချိန်ပေါင်း များစွာ မည်မျှအချိန်ယူ စဉ်းစားစီစဉ်ထားသော်လည်း (အရပ်လေးမျက်နှာမှ နေ၍ လက်ဖြောင့်တော်တည့်သော လေးသည်ကျော်တို့ တချိန်ထဲပြိုင်၍ ပစ်သော မြားများကို တပြိုင်နက် စုကိုင် ဖမ်းယူနိုင်သကဲ့သို့) ရုတ်တရက် ဖြေရှင်းတော်မူနိုင်ကြောင်း ဟောတော်မူချက် ရှိပါသည်။

ဆရာတော်ဘုရားကြီး၏ တရားကို နာကြားရသောအခါ ထို'ဓမ္မဓာတ်' = အသိဉာဏ်ဓာတ် အင်အား'ကိုပါ မြင်သာလှပါသည်။[၁]

## က-ကြီး ခ-ခွေးတန်းအတွက် နိဗ္ဗာန်

ဆရာတော်ဘုရားကြီး၏ တရားများနှင့် စပ်၍ အပေါ်လွင်ဆုံး နားလည်ရသည်မှာ —

**ပိဋကတ် သုံးပုံမှ အရေးအကြီးဆုံး လိုရင်း ပဓာနအချက်ကို လူတိုင်းနားမလည် မရှိရအောင် လူတိုင်းသိ အရပ်သုံး ဝေါဟာရများဖြင့် ညွှန်ပြတော်မူခြင်း** ဖြစ်ပါသည်။

အခက်ဆုံးကို အလွယ်ကူဆုံး ဖြစ်အောင် လုပ်ပေးတော်မူခြင်းပင် ဖြစ်ပါသည်။

စင်စစ် သတ္တဝါအများစုကို ရည်ညွှန်းလျက် ဘုရားရှင် တရားဟော တော်မူသည့်နည်းကို ပိုင်ပိုင်ကြီး သုံးစွဲတော်မူခြင်းဖြစ်သည်ဟု ယူဆရပါသည်။

---

၁။ ဓမ္မဓာတု - မ၊ ၂၊ ၅၈။ မ၊ ဋ္ဌ၊ ၁၊ ၃၀။ မ၊ ဋ္ဌ၊ ၃၊ ၇၉။ မ၊ ဋီ၊ ၁။ ၇၅။ ယင်းဋီ၊ ၃။ ၄၉။ စရိယာ၊ ဋ္ဌ၊ ၁၇၇ - စသည်နှင့် သီ၊ ဋီ၊ သစ် 'ဒေသနာ-ဝိလာသ'ပုဒ် အဖွင့်။

http://www.dhammadownload.com



"စာတိုက်ဗီရိုနား ရေးလျှင် ပါဠိအကိုးအကားတွေနဲ့ စာတိုက်သံ၊ ဗီရိုသံတွေ ပါနေလို့ လူပြိန်းတွေ နားမလည်ဘူးကွယ့်၊ ငါတို့က တောထဲ တောင်ထဲမှာ ရေးတာဆိုတော့ ငါတို့ရေးတဲ့ စာတွေဟာ တောသံ၊ တောင်သံတွေ ထွက်ပြီး တောသူ၊ တောင်သား လူပြိန်းတွေ နားလည်တယ်"- ဟူသော

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဩဝါဒကိုလည်း သတိရဖွယ် ရှိပါသည်။[၁]

ကျေးဇူးရှင် ဒိပဲရင်းဆရာတော်ဘုရားကြီးကလည်း-[၂]

**"ဘုရားလက်ထက်က နိဗ္ဗာန်ရသွားတဲ့ လူတွေဟာ က-ကြီး ခ-ခွေးမှ မတတ်တဲ့လူတွေက ပိုများတယ်"** - ဟု မိန့်တော်မူသည်ကိုလည်း သဘောကျသင့်ပါသည်။

ဆရာတော်ဘုရားကြီးသည် ဤအချက်များကို ကောင်းစွာ ရှုမြင်တော်မူပါသည်။

လူတို့သည် တရားနည်းလမ်းကို တခမ်းတနား ကျယ်ကျယ်ပြန့်ပြန့်ကြီး မမှတ်ယူနိုင်ကြပါ။ စားဝတ်နေ ဝေယျာဝစ္စ များကြပါသည်။ မဆုံးနိုင်သော ခန္ဓာဝန်အလုပ်တို့၌ နစ်မြုပ်နေကြရပါသည်။ လောဘ ဒေါသ မောဟမီးတို့ တညီးညီးလောင်မြိုက် ခံနေကြရရှာပါသည်။ မှတ်သားလေ့လာ နာယူချိန်များများ မရရှိရှာကြပါ။

အလွန်ခက်ခဲ နက်နဲလှသော တရားတော်များကို လွယ်လွယ်ကလေး ယူပေးလျှင်လည်း ရနိုင်ပါလျက် စာကြီးပေကြီး စကားလုံးကြီးများဖြင့် ရေးသားဟောပြောခြင်းသည် ခံ့ညားသည်ဟု ထင်ရသော်လည်း ယေဘုယျ လူများစုအတွက်မူ အကျိုးမပြုနိုင် ဖြစ်သည်ကို သုံးသပ်ရပါသည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီးများ၏ အဆိုပါ ရေးသားဟောပြောမှုများသည် 'က-ကြီး ခ-ကွေးတန်းသားတို့အတွက်သာ' ဟုကား မဆိုနိုင်ပါချေ။ စာကြီးပေကြီးများ တတ်သိ၍ နားလည်ပြီးသားဟု မိမိကိုယ်ကို

---

၁။ လယ်တီမဟာထေရုပ္ပတ္တိဒီပနီ။

၂။ ပရမတ္ထစက္ခုကျမ်း။

http://www.dhammadownload.com



ယူဆနေကြရသော်လည်း တကယ်မူ 'သီလ မလုပ်တတ်သူ၊ ဒါနမလုပ်တတ်သူ၊ နိဝါတ မလုပ်တတ်သူ' များတွင် ပါဝင်မှန်းမသိ ပါဝင်နေတတ်ပါသည်။

## လွယ်ယောင်နှင့် ခက်၊ နက်ယောင်နှင့် တိမ်

အထူးသဖြင့် အာနာပါန ရှုမှတ်နည်းမှာ ပါဠိစာပေကျမ်းဂန်တတ်မြောက်သူများအတွက် အလွန်ခက်ခဲရိပ် ရှိနေပါသည်။

အဘယ့်ကြောင့်ဆိုသော် -

ပါဠိတော် အဋ္ဌကထာ ဋီကာတို့၏ အာနာပါန ရှုပွားနည်းနှင့် စပ်၍ လာရှိသည်များမှာ 'လုပ်လို့မှ ဖြစ်ပါတော့မလား' ဟု ထင်ရလောက်အောင်ပင် နည်းအံ့ဆင့်ဆင့် ဟောပြ ဖွင့်ဆိုတော်မူထားကြပါသည်။[၁]

ဥပမာ - 'ဂဏနာနည်း၊ ဌပနာနည်း၊ သောဠသဝတ္ထုက ရှုမှတ်နည်း (အရှည်အတိုမှစ၍ တက်စဉ် ၁၆-ချက်)၊ ဗာတ္တိံသ သတောကာရီ (၃၂မျိုး) ရှုမှတ်နည်း၊ စတုဝီသတိ သမာဓိ (၂၄-မျိုး) ရှုမှတ်နည်း၊ ဒွေသတ္တတိ ဘာဝနာ (၇၂-မျိုး) ရှုမှတ်နည်း' စသည်ဖြင့် ခမ်းနားကျယ်ဝန်းစွာ လာရှိရာ ရှုမှတ်ဖို့နေနေသာသာ ၊ ပြဆိုထားသော ဝေါဟာရ အဓိပ္ပာယ် သိရမှုအတွက်ပင် မနည်းအားကုန် နေကြရပါသည်။

"အမြဲတမ်း တထိထဲ ထိနေတာကို တသိထဲသိနေအောင် ရှုမှတ်" ဆိုသော ဆရာတော်ဘုရားကြီး၏နည်းနာမှာ တိုလွန်း လွယ်လွန်းအားကြီးသဖြင့် ပါဠိပညာရှင်အချို့အတွက် လေးနက်သော သဘောမရှိသကဲ့သို့ ထင်ဖွယ်ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးကမူ ထို ထိသိထဲ၌ အထက်ပါနည်းများသာမက သုံးပါးသိက္ခာ၊ ရှစ်ဖြာမဂ္ဂင်၊ ပိဋကသုံးပုံလုံးပင် ပါဝင်သွားကြောင်း တဖွဖွ ညွှန်ပြတော်မူပါသည်။

" လွယ်လိုက်တာဗျာ.... ရှေးအရှင်တွေရဲ့ သဒ္ဓါ ဝီရိယကို မီအောင်ညီအောင်သာလုပ်ပါ။ သမာပတ်ရှစ်ဖြာအထိ လိုတာအားလုံး အကြွင်းအကျန် မရှိ အထွတ်အထိပ်တွေ အကုန်စလုံး ပြီးတယ်ဗျာ။

---

၁။ ဥပရိပဏ္ဏာသနှင့်သံယုတ်ပါဠိတော် အာနာပါနသုတ်များ, ပဋိသမ္ဘိဒါမဂ်နှင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထာများ. . . စသည်။

http://www.dhammadownload.com



ဘုရားလက်ထက်တော်ကနှင့် အတူတူပဲ၊ အချိန်အခါနဲ့ ဘဝညီတယ်။ ဘာမှ မဖြစ်နိုင်တာ, မရနိုင်တာ မရှိဘူးဗျာ။ တွေးမနေကြနဲ့၊
တွေးတယ်ဆိုတာက ရမ်းရတာဗျာ၊ အနှစ်တရာတွေးနေလဲ အတွေးဟာ အတွေးပဲဗျာ။ ပြင်ပြီး ရှိပြီးသား ထမင်းနှင့် ရေတို့ကို စားရသောက်ရတာကမှ ခက်ပါသေးတယ်ဗျာ..." -

စသည်ဖြင့် အာမခံချက်များကလည်း ရဲတင်းလှပါသည်။ တိုက်တွန်းချက်များကလည်း ခိုင်မာလှပါသည်။ ဘာမျှလိုလေသေးမရှိပါ။ ငြင်းချက်ထုတ်ရန် မရှိပါ။ ဆွေးနွေးရန်, တွေးတောနေရန်လည်း မလိုပါ။

ကျွန်ုပ်တို့၌ လိုနေသည်မှာ နှစ်ခုထဲသာ ဖြစ်ပါသည်။

သဒ္ဓါနှင့် ဝီရိယ။

တကယ်ယုံ၍ အဟုတ်လုပ်နိုင်မှု။

အရာရာ၌ ခက်ခဲသည်ဟု ထင်ရသော အရာမှာ အလွယ်ကူဆုံးဖြစ်နေတတ်ပေသည်။ ခက်ခဲကျပ်တည်းသော ပြဿနာကြီးများ၏ အဖြေသည် အညာသေးသေးကလေး ရှိနေတတ်သည်ကို မယုံနိုင်ဘဲ ဖြစ်နေကြ ပါသည်။

လူတိုင်းသိနေသော ထွက်လေဝင်လေ၌ 'သမာပတ်ရှစ်ဖြာမှ နိဗ္ဗာန်အထိ' ရယူနိုင်သော အင်အားကြီးများ တည်ရှိနေသည်ကို ထောက်ဆလျှင် အညာမှာ သေးသေးကလေးပင် မဟုတ်ပါလော။

ဘုရားရှင်တိုင်းကလည်း ဤလမ်းမှပင် လျှောက်ကာ ဘုရားဖြစ်တော်မူကြပါလေပြီ။

'ဆင်ကောင်ကြီး တွေ့နေပါလျက် ခြေရာမရှာသင့်' ဆိုသကဲ့သို့ လမ်းလည်းဖုံနေ၏။ သွားနေသူများလည်း ဥဒဟို၊ ညောင်ညိုရိပ်(သမာပတ်)၌ နားနေသူများလည်း ဒုနှင့်ဒေး၊ လမ်းဆုံးသို့ ရောက်နေသူများကိုလည်း အလှမ်းမဝေး တွေ့နေရသည်ကို ရှုမြင်ကာ ပါဠိစာပေပညာရှင်တို့သည် စာနှင့်လက်တွေ့ (ပရိယတ်နှင့်ပဋိပတ်)ကို ပေါင်းကူးဆက်စပ်ပေးသော ဗိသုကာကြီးများ ဖြစ်အောင်သာ ကြိုးစားသင့်ကြပါပေသည်။

လူအများစု မှီခို အားထားရလောက်အောင် အင်အားရှိသော ခေတ်နှင့် အင်အားရှိသော ပုဂ္ဂိုလ်တို့ကား ကမ္ဘာပေါ်တွင် အမြဲတမ်းရှိနေကြသောအရာ မဟုတ်ပါ။ ရတောင့်ရခဲ တခါတလေမျှသာ ဖြစ်ထွန်းလာတတ်ကြပါသည်။

http://www.dhammadownload.com



## အနာဂတ်ကမ္ဘာနှင့် အနာဂတ်သာသနာ

ထို့မှတပါး ဆရာတော်ဘုရားကြီး၏ တရားတော်များ၌ အနာဂတ်ကမ္ဘာ, အနာဂတ် သာသနာနှင့် စပ်သော ဗျာဒိတ် မိန့်ခွန်းတော်များ 'ပဋိသမ္ဘိဒါပတ္တ, ဆဠဘိည ဖြစ်နိုင်-မဖြစ်နိုင်' ဟူသော မေးခွန်း၏ အဖြေများမှာ အလွန် စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

တစ်ကမ္ဘာလုံးတွင် ဘာသာအသီးသီး ကိုယ့်ဘာသာနှင့်ကိုယ် ရှိနေကြသော်လည်း မကြာမီတွင် ဗုဒ္ဓဘာသာကို သူ့ထက်ငါ ဦးထိပ်ပန်ဆင်ကြမည့် အကြောင်းများမှာလည်း မယုံကြည်သူတို့အတွက် အပြစ်ကျရောက်နိုင်လောက်အောင် အံ့သြဖွယ် ကောင်းလှပါ၏။

"ညှိသည်လာလျှင် ပေးစရာရှိအောင်, ကျွေးစရာရှိအောင်" လုပ်ထားကြရန်လည်း မိန့်မှာတော်မူခဲ့သော ဗျာဒိတ်မိန့်ခွန်းတော်များကို အကြောင်းညီညွတ်ပါမူ တနေ့သောအခါ အပြည့်အစုံ ဖတ်ရှုကောင်း ဖတ်ရှုကြရပါလိမ့်မည်။

## ဤကျမ်းစာ၌ ပါဝင်သောတရားများ

ဤကျမ်းစာ၌ ပါဝင်သော တရားများမှာ လွန်ခဲ့သော အနှစ် နှစ်ဆယ်ကျော်က ရန်ကုန်မြို့ တက္ကသိုလ်ဓမ္မာရုံ၌ ဟောကြားသော တရားများ အများဆုံး ဖြစ်ပါသည်။

၁၉၅၅-ခုနှစ် ဧပြီလနှင့် မေလတရားများ ဖြစ်ပါသည်။

စုစုပေါင်း တနာရီကျော်ကြာ ဟောကြားသော တရားမှာ ၈-ပုဒ် ပါဝင်၍ တနာရီနီးနီး ဟောကြားသော တရားမှာ ၃-ပုဒ် ပါဝင်ပါသည်။ တရားမှတ်စု အတိုအထွာများမှာ ၉-ပုဒ် ပါရှိပါသည်။

တရားအရှည် ၁၁-ပုဒ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

၁။　ဘယ်သွားကြမလဲ တရားတော်၊
၂။　ကြွေးပြေ တရားတော်၊
၃။　မှန်မှန်တခု လုံ့လပြု တရားတော်၊
၄။　ကိုယ်ပိုင်ဘဝ လုံခြုံရေး တရားတော်၊

http://www.dhammadownload.com



၅။ တကယ့် သာဝကတို့၏ စိတ်ဓာတ် တရားတော်

၆။ မအိပ်မနေ အသက်ရှည် တရားတော်၊

၇။ အမြင်ရှင်းမည့် အလင်းဓာတ် တရားတော်၊

၈။ မွေးရာပါ လူချင်းအတူတူ တရားတော်၊

၉။ ဝဋ္ဋရားကျေမှ နိဗ္ဗာန်ရ တရားတော်၊

၁၀။ ဘက်စုံ သာသနာ တရားတော်၊

၁၁။ ကုသိုလ်တစက် စကြဝဠာအနန္တ တရားတော်။

ပြဆိုပြီး အခြေခံနှင့် အာနာပါနရှုမှတ်နည်းကိုချည်း တွန်းအားမျိုးစုံဖြင့် ပို့ထားသော တရားချည်းဖြစ်၍ တခုစီ တခုစီ၏ ရသအညွှန်းကို မဖော်ပြတော့ပါ။

ထိုတရားတော် အသီးသီး၏ အမည်များမှာလည်း ဤကျမ်းစာ စီစဉ်သူ အကျွန်ုပ်၏ သဘောသက်ဝင်သည့် အလျောက် မှည့်ခေါ်ထားသော အမည်မျှသာလျှင် ဖြစ်ပါသည်။

ဆွေးနွေးခေါ်ဝေါ် ပြောဆိုကြရာ၌ လွယ်ကူစေရန်နှင့် ဆရာတော်ဘုရားကြီး ညွှန်ပြတော်မူလိုရင်း အကျဉ်းချုပ် ဥပဒေသများကိုလည်း တရားအမည် ကြားရကာမတ္တဖြင့် သတိရ ဆောင်နိုင်ကြပါစေရန် ရည်ညွှန်းပါသည်။[၁]

အထူးသဖြင့် ဤကျမ်းစာ၌ ဖော်ပြထားသော တရားတော်များမှာ ဆရာတော်ဘုရားကြီး နယ်လှည့်တရားဟောတော်မူရာ ပထမဆုံး ဟောကြားသည့် **ခေတ်ဦးတရားတော်များဖြစ်၍** စကားအသုံးအနှုန်းများ မချောမွေ့တတ်သည်မှအပ '**အလုပ်ခွင်နှင့်စပ်၍မူ အပွင့်လင်းဆုံးအရှင်းဆုံး အရင်းအမြစ်အကျဆုံး အပြည့်စုံဆုံး**' ဟု ဆိုနိုင်ပါသည်။

---

၁။ 'ဘယ်သွားကြမလဲ'နှင့် 'ကြွေးပြေ' တရားနှစ်ပုဒ်မှာ ၁၃၃၃-ခုနှစ်က ကျောက်ဆည်မြို့ အောက်ချိုင့်ရပ် ကျောင်းဆရာမကြီး ဒေါ်အုန်း (ဆရာတော်၏ တပည့်မ ယောဂီ) နာယူမှတ်သား မှည့်ခေါ်ထားသော အမည်များ ဖြစ်သည့် အပြင် ၎င်းသဘောပေါက်သလို ရေးသား မှတ်တမ်း တင်ထားချက်များသာ ဖြစ်သည်။

http://www.dhammadownload.com



( ၅ )

## တရားတော်များ စီစဉ်ရိုက်နှိပ်ခြင်း

၁၉၇၇-ခုနှစ်၊ ဇွန်လ ၂၈-ရက်နေ့ သတင်းစာများ၌ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး ခန္ဓာဝန်ချတော်မူကြောင်းသတင်း ပါရှိလာရာ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံး စိတ်နှလုံးမကြည်မသာ ရှိခဲ့ကြရပါသည်။

ညွှန်ကြားရေးမှူးချုပ် **ဦးကြည်ညွှန့်** အမှူးရှိသော သာသနာရေး ဦးစီးဌာန (ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန)၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း အမှုထမ်းများမှာလည်း ရုတ်တရက် အံ့အားသင့်ကာ ယူကျုံးမရ ဖြစ်ကြရပါသည်။

ဆရာတော်ဘုရားကြီး လွန်ခဲ့သော ခုနစ်လက သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ တရားချီးမြှင့်တော်မူပါသဖြင့် အားလုံးကြုံဆိုပူဇော် ဖူးမြော်နာယူခဲ့ကြ ရပါသည်။

စင်စစ် ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဘာသာဝင် အများပြည်သူတို့ ကြည်ညိုဦးခိုက်ရာ ဆရာတော်ဘုရားကြီးတစ်ပါး ဖြစ်တော်မူရုံမျှမက သာသနာရေးဦးစီးဌာန၏ အကိုးကွယ်ခံ၊ ပဋိပတ္တိသာသနာ့ဝန်ဆောင်၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်တပါး အဖြစ်ဖြင့်လည်း နိုင်ငံတော်အစိုးရ၏ ကိုယ်စား နှစ်စဉ် သက်န်းနှင့် နဝကမ္မဝတ္ထု (ထောက်ပံ့ငွေ) များကို သီးခြား ဆက်ကပ်၍ ပဋိပတ္တိနှင့် စပ်သော ဩဝါဒကို ခံယူကိုးကွယ်လာခဲ့ကြသော ဆရာတော်လည်း ဖြစ်ပါသည်။

---

ကျန်တရားတော်များမှာ (တရားအမည်တပ်ရုံမှအပ) အသံသွင်းကြိုး ခွေမှ တိုက်ရိုက်ကူးယူထားသော တရားတော်များချည်းဖြစ်သည်။

တရားမှတ်စု အတိုအထွာများမှာလည်း ဤကျမ်းစာ စီစဉ်သူ ဖတ်ရှု ကြားမိသရွေ့ သဘောပေါက်သလို ရေးသား မှတ်စုထားခြင်းမျှသာဖြစ်သည်။

တက္ကသိုလ် ဓမ္မာရုံ၌ ဟောစဉ် တရားနာခံအဖြစ် ဖြေလျှောက်သူမှာ ဦးလှကြီးဖြစ်၍ နောက်အခါတွင်လည်း နာမည်တူ ဦးလှ (မိုးလေဝသဌာန-ညွှန်ကြားရေးမှူးချုပ်)က ရန်ကုန် တရားပွဲတိုင်း၌ (နောက်ဆုံးအကြိမ်အထိ) တရားနာခံအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ရံခါ ဦးထွန်းကျော် စသော အခြားပုဂ္ဂိုလ်များကလည်း ဆောင်ရွက်ကြပါသေးသည်။

http://www.dhammadownload.com



ထိုသို့သော အကြောင်းများကြောင့် သာသနာရေးဦးစီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်, ညွှန်ကြားရေးမှူးများနှင့် အရာထမ်း အမှုထမ်းများကလည်း -

'ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ ပဋိပတ္တိသာသနာ့ ဝန်ဆောင်, သာသနာရေး ဦးစီးဌာန၏ အကိုးကွယ်ခံ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘုရားကြီးတဆူ' ဖြစ်တော်မူသည် အားလျော်စွာ ပြည်သူ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား နိုင်ငံတော်အစိုးရ၏ကိုယ်စား အကောင်းဆုံး နောက်ဆုံး ပူဇော်ခြင်းအဖြစ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားတော်များကို ရိုက်နှိပ်၍ ပူဇော်ကြရန် ဆုံးဖြတ်ကြပါသည်။

## တရားစာမူများ ရှာဖွေစီစဉ်ရပုံ

ထိုဆုံးဖြတ်ချက်အရ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်က ဤစာရေးသူအား တာဝန်ပေးအပ်ရာ ရွေးကစုဆောင်း မှတ်သားပြီး တရားတော်များကို မူထား၍ တာတိုအချိန်အတွင်း အကောင်းဆုံးဖြစ်နိုင်သမျှ ဖြစ်ပါစေရန် လုပ်ဖော်ကိုင်ဖက်များလည်းဖြစ်, ဆရာတော်ဘုရားကြီး၏ တပည့်များလည်း ဖြစ်ကြသော ဦးမြင့်အုန်း, ဦးကျော်ဝင်း (ဓနသိဒ္ဓိ), ဦးဟန်ငွေး, ဦးသိန်းနိုင် စသော ဓမ္မမိတ်ဆွေများ၏ အကူအညီကို ရယူကာ အပူတပြင်း ရှာဖွေ စီစဉ်ရပါသည်။

ထိုပေးအပ်သော တာဝန်မှာ ကျွန်ုပ်တို့အတွက် ဆရာတော်ဘုရားကြီးအား အကောင်းဆုံးပူဇော်ရန် အခွင့်သာစေသည့် အလျောက် ၁၉-ရက် လုံးလုံး နံနက် ရှစ်နာရီမှ ည ရှစ်နာရီအထိ မကျန်းမာလှသည့် ကြားကပင် အားရဝမ်းသာစွာ စီစဉ်ရပါသည်။

ဆရာတော်ဘုရားကြီး၏ တရားတော်များကို စီစဉ်ရသည်မှာ အလွန် တာဝန်ကြီးလေးလှပါသည်။

နားဖြင့် နာကြားရသော တရားများကို (မျက်စိအတွက်) စာအဖြစ် တင်ပြရာ၌ အရသာခံစားမှု ပေါ့ဟာသွားတတ်သည်မှာ အထူးတင်ပြရန် မလိုပါ။ စကားများမှာလည်း ထပ်ကာထပ်ကာ ပါရှိနေသဖြင့် ထပ်လွန်းသော

http://www.dhammadownload.com



စကားများကို ချန်လှပ်ထားရသည်မှာလည်း အလွန် တာဝန်ကြီးလေး လှပါသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ သိစေတော်မူလိုသော ဆန္ဒတော်ကိုလည်း မထိခိုက်ပါစေရန်, ဖတ်ရှုသူ ဓမ္မမိတ်ဆွေများ အတွက်လည်း အချိန်မကုန် မငြီးငွေ့ရပါစေရန် စီစဉ်ရပါသည်။

## ထပ်ချည့်တလဲလဲ တသက်လုံးစွဲ

'အထပ်ထပ်ပါနေသော စကားများ' ဆိုရာ၌ အားလုံးကို ဆိုလိုသည် မဟုတ်ပါ။ 'တရားဦး မာတိကာ'၌ ရေစက်ချသဖွယ် မိနစ်နှစ်ဆယ်ခန့် ဟောပြောချက်များကိုသာ ဆိုလိုပါသည်။ ထိုတရားဦးမာတိကာမှာ တရားတိုင်း၌ ပါဝင်လျက်ရှိရာ ၄င်းမှာ အလွန်အရေးပါ၍ တန်ဖိုးကြီးမြတ်လှကြောင်း ရှေ့ကပြဆိုခဲ့ပါပြီ။ သို့ရာတွင် ကျမ်းစာအဖြစ် ပြုစုရာ၌ကား တရားပုဒ်တိုင်းတွင် ထည့်ရန် မလိုအပ်လှပါ။

တရားဦးမာတိကာ မူမတူ နှစ်မျိုးကိုမူ ဟောတော်မူသည့် မူရင်းစကားတော်အတိုင်း နမူနာအဖြစ် တရား ၂-ပုဒ်တွင် အပြည့်အစုံ ဖော်ပြပေးထားပါသည်။[၁]

တရားဦးမာတိကာ စကားများကို အားလုံးဖြုတ်ပယ်မထားဘဲ ကျန်တရားပုဒ်တို့၌လည်း စကားအသုံးအနှုန်း လုံးဝမတူလျှင် စကားလုံး မူရင်း အတိုင်းပင် ဖော်ပြပေးထားပါသည်။ (ဆိုလိုသည်မှာ လုံးဝချွတ်စွပ် တူသည်ကိုသာ ချန်လှပ်ထားခဲ့ပါသည်။)

---

၁။ 'မှန်မှန်တခု လုံ့လပြု'နှင့် ကုသိုလ်တစက် စကြဝဠာအနန္တ' တရားတော် ၂-ပုဒ်ကို ကြည့်ပါ။

ဦးရန်ဝေး, ဦးလွန်းဖေ စသော ဗဟိုဥပဒေရုံး ဓမ္မမိတ်ဆွေများက ၁၉၇၅-ခုနှစ် ဧပြီလ, မေလ, ပထမဆုံး တက္ကသိုလ်ဓမ္မာရုံတရား ၆-ပုဒ်ကို အုပ်ရေတထောင် ရိုက်နှိပ်ခဲ့ဖူးရာ ထိုစာအုပ်မှာ ပေစာရေးသကဲ့သို့ရှိ၍ စီစဉ်ရာ၌ အလွန်ခက်ခဲလှသဖြင့် လက်နှိပ်စက်မူနှင့် တိုက်ဆိုင်ကာ လက်နှိပ်စက် ထပ်မံရိုက်ကူး၍ အသစ်ပြန်လည် စီစဉ်ရပါသည်။ ထိုစာအုပ်၌'မှန်မှန်တခု လုံ့လပြု' တရားတော်လည်း မပြီးဆုံးဘဲ စက္ကူအခက် အခဲကြောင့် ရပ်ထားရဟန်ရှိ၍ ဤ၌အပြည့်အစုံ ဖော်ပြလိုက်ပါသည်။

http://www.dhammadownload.com



ထပ်ကာထပ်ကာ ဆိုတိုင်းလည်း ချန်လှပ်၍ မပစ်ခဲ့ပါ။ ထပ်ကာထပ်ကာ မိန့်တော်မူခြင်း၏ ရည်ရွယ်ချက်ကိုလည်း ဦးတိုက်၍ စီစဉ်ရပါသည်။

တခဏာစာ, တဘာဝစာမဟုတ်၊ သံသရာတစ်လျှောက်လုံးအတွက် အရေးကြီးလှသဖြင့် ထပ်ချည့်တလဲလဲ နားစွဲအသည်းစွဲသွားအောင် အမျိုးမျိုးလှည့်ပတ်၍ ဟောတော်မူရသော, မပြော၍ မဖြစ်သော အထပ်ထပ်စကားများကို မဖြုတ်ပယ်သည့်အပြင် ပိုမို၍ ထင်ရှားသိသာအောင်ပင် စီစဉ်ဖော်ပြလိုက်ပါသည်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ကရုဏာနှင့် ဆန္ဒတော်ကို ဦးညွှတ်ကာ "မြရာသံပတ်" အထပ်ထပ်စကားများကို ဝမ်းမြောက်စွာပင် ဖတ်ရှုနာယူကြရန် ဖြစ်ပါသည်။

## (၆)

## ပျော်ပျော်ကြီးဆောင်ကြတာ အောင်ကြပြီ

ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီးသည် ၁၉၇၆-ခုနှစ်တွင် ဇန္နဝါရီလက တကြိမ်, နိုဝင်ဘာလက တကြိမ် ရန်ကုန်မြို့အတွက် တစ်နှစ်ထဲတွင် ၂-ကြိမ် ထူးထူးခြားခြား ချီးမြှောက်ခဲ့ပါသည်။

ပထမတကြိမ်ကမူ ရေးမြိတ် ထားဝယ်နှင့် မြစ်ဝကျွန်းပေါ်မြို့များသို့ပါ ကြွရောက် ချီးမြှောက်တော်မူခဲ့ပါသည်။

သက်တော်ရှစ်ဆယ်ကျော်သော်လည်း ခန္ဓာကိုယ်ကို ငဲ့ညှာမှုပြုတော်မမူခဲ့ပါ။ နံနက် ၄-နာရီမှ နေ့လည် ၁၂-နာရီအထိ ဆွမ်းဘုဉ်းပေး ချီးမြှောက်ရသော တာဝန်ကြီးတစ်ခုတည်းပင်လျှင် အလွန် ကြီးလေးလှပါသည်။ သို့သော် ဆရာတော်ဘုရားကြီးကား မိမိညွှန်ကြားဆုံးမတော်မူသည့်အတိုင်း တပည့်ဒါယကာ ဒါယိကာမများ -

၁။ သာသနာတည်မှု ပစ္စည်းလေးပါး ဝေယျာဝစ္စ 'စရဏ' ကုသိုလ်များကိုလည်း အရဆောင်ကြသည်။

၂။ ထိုသို့သော 'စရဏ' ကုသိုလ်များကို လုပ်ရင်းက ထိမှု , သိမှု သတိပြုရသော ဝိဇ္ဇာကုသိုလ်ကိုလည်း တချိန်ထဲ ပူးတွဲကာ တစပ်ထဲရအောင် ဆောင်နိုင်ကြသည်ကို အားရကျေနပ်တော်မူနေမည်ဖြစ်ပါသည်။

http://www.dhammadownload.com



ရန်ကုန် ကြွလာစမှာပင် ညာဘက် လက်မောင်းတော် မ,၍ မရသဖြင့် တရားပွဲလည်း မကျင်းပနိုင်ပါ။ ဆွမ်းခံလည်း မကြွနိုင်ပါ။ တပည့် ဒကာများ အားလုံး စိတ်မကောင်း ဖြစ်ကြရပါသည်။ သိတင်းသုံးမြဲ ရွှေတိဂုံစေတီ တောင်ဘက်ရှိ အင်းလေးဓမ္မာရုံ အပေါ်ထပ်၌ တစ်ပါးတည်း ကိန်းအောင်း တော်မူရာ ဝင်ရောက်ဖူးမြော်သောအခါ လက်ကိုပွေ့လျက် ငြိမ်သက်စွာ ထိုင်နေတော်မူသည်ကို ဖူးတွေ့ရပါသည်။

သွားရောက်ဝတ်ဖြည့်လျှင် တခါမျှ မကြားဘူးသော တရားကို နာကြားရပါသည်၊ ရင်ထဲ၌ 'ဒိန်း' ခနဲ ဖြစ်သွားရပါ၏။ တရားကား တခွန်းထဲ ဖြစ်ပါသည်။

"နိဗ္ဗာန်ကို အာရုံပြုကြဗျာ။"

အမြင်နှင့် အကြားသည် အထင်နှင့်တသားတည်း ဖြစ်နေ၍ စိတ်ကို မနည်းထိန်းထားရပါသည်။

နောက်တကြိမ် သွားရာတွင်လည်း ထိုတရားကိုသာ နာယူ၍ ပြန်ခဲ့ ရပါသည်။

ဆရာတော်ဘုရားကြီးကား ပွင့်ပွင့်လင်းလင်းကြီး မိန့်တော်မူနေပါ၏။ အကျွန်ုပ်တို့ကား ရိပ်မိရုံမျှသာ ရှိပါသည်။

**'သူတော်ကောင်းကြီးများ၏ သဘောလက္ခဏာကား**
**အလွန် သိနိုင်ခက်လှပါသည်။'**

မကြာပါလေ၊ ရက်ပိုင်းမျှဖြင့် ဆရာတော်ဘုရားကြီးလက်တော်သည် ပကတိကောင်းမွန်လာသဖြင့် ရပ်ကွက်တိုင်းသို့ပင် လှည့်လည်၍ ဆွမ်းဆန်စိမ်း အလှူခံပြီးနောက် တရားချီးမြှင့်မြဲ ချီးမြှင့်တော်မူနိုင်ပါသည်။

ဆရာတော်ဘုရားကြီး၏ ရောဂါမှာ အသက်အရွယ်တော်နှင့် မမျှအောင် ပြင်းထန်လှသဖြင့် နောက်ဆုံးပေါ် ခေတ်မီဆေးဝါးများဖြင့် ကုသစေကာမူ နှစ်လထက်စော၍ မည်သို့မျှ ကောင်းမွန်လာနိုင်ရန် အကြောင်း မရှိဟု (ဗိုလ်မှူးကြီးအောင်သန်း, ဒေါက်တာ မျိုးသွယ်, ဒေါက်တာ ဇော်မင်း) ပါရဂူ ဆရာဝန်ကြီးများက ယူဆနေရာ နှစ်ပတ်အတွင်းမှာပင် ပကတိ ကျန်းမာတော်မူလာသဖြင့် အားလုံးအံ့အားသင့်ကာ ဝမ်းမြောက် ကြရပါသည်။

http://www.dhammadownload.com



"ဒို့ဘုရားဆေးကလည်း စွမ်းပါသဗျာ" ဟု မိန့်တော်မူပါသည်။

ကျောက်ဆည်မြို့ ဝေဘူချောင်သို့ ပြန်လည် သီတင်းသုံးတော်မူရာ ထိုသို့ပင် အံ့ဖွယ်ရာ ကျန်းမာနေသည်ကို ဖူးတွေ့ကြရပါသည်။ မန္တလေး, မုံရွာမြို့များသို့ပင် ကြွရောက် အပူဇော်ခံကာ တရားချီးမြှင့်တော်မူပါသည်။

တပို့တွဲလဆန်း ၈-ရက်နေ့တွင် ကျောက်ဆည်မှ ရွှေဘိုအောင်မြေ ရိပ်သာသို့ ပြောင်းရွှေ့စံတော်မူရာ အောင်မြေရိပ်သာ၌လည်း တပေါင်း လဆန်း ၆-ရက် မွေးနေ့ပွဲတော် ပြုလုပ်ပူဇော်မြဲ ပူဇော်ကြပါသည်။

ကျောက်မြောင်းမြို့သူမြို့သားများကလည်း ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ကြပါသည်။

## အင်ကြင်းပင်မှာ ပို၍ ပျော်ပျော်ကြီး

ထိုကမှတစ်ဆင့် သကြံန်အမီ အင်ကြင်းပင် ကမ္မဋ္ဌာန်းဌာနသို့ ကြွတော်မူရာ ခင်ဦးမြို့သူမြို့သားတို့က ထုံးစံအတိုင်း နှစ်ဆန်း ၁-ရက်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲလှူမြဲ လှူကြရပါသည်။

အင်ကြင်းပင်၌သီတင်းသုံးတော်မူသောအခါ ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးမှာ အထူးကောင်းမွန်လျက်ရှိရာ အတက်အဆင်း ဘေးက လူတွဲလေ့ရှိသည်ကိုပင် ပယ်မြစ်တော်မူပါသည်။ ထို့ကြောင့်လည်းအင်ကြင်းပင် ဇာတိဌာနမှ ဒါယကာ ဒါယိကာမများမှာလည်း အထူးဝမ်း မြောက်စွာ ဝေယျာဝစ္စ ဆောင်ကြရပါသည်။

ရန်ကုန်သို့ကြွတော်မူစဉ် လက်တဖက်မမြှောက်နိုင်လောက်အောင် ဖြစ်သွားရသည်ကို အထက်မြို့ရွာ ဒါယကာ ဒါယိကာမများအဖို့ ယုံနိုင်ဖွယ် မရှိသကဲ့သို့ အညာ၌ ထိုမျှလောက် ကျန်းမာတော်မူလာသည်ကိုလည်း ရန်ကုန် ဒါယကာ ဒါယိကာမများ အဖို့ လက်တွေ့မကြုံက မယုံနိုင်အောင် ရှိကြရပါသည်။

ထို့ကြောင့်လည်း ဆရာတော်ဘုရားကြီး ကြွရောက်ရာ မြို့နယ်တိုင်း မှ တပည့် ဒါယကာ ဒါယိကာမတို့သည် စရဏ, ဝိဇ္ဇာ လိုလေသေးမရှိအောင် ဆောင်ကြရပါသည်။ ဆရာတော်ဘုရားကြီးကလည်း ထိုသို့ဆောင်နိုင်ကြရ အောင် အချိန်အအားအနား မထားဘဲ တရစပ် ချီးမြှောက်တော်မူပါသည်။

http://www.dhammadownload.com



သူတော်ကောင်းတို့၏ သဘောလက္ခဏာကား အသိခက်လှပါသည်။

ရန်ကုန်မှ ကျောက်ဆည်သို့ ပြန်လည်ကြွတော်မူသည့် အချိန်မှ စ၍ ဆရာတော်ဘုရားကြီး၏ အသုံးအနှုန်းစကားတော်တခွန်းမှာ ထူးခြား ပိုလွန်လာသည်ကို သတိပြုမိကြပါသည်။

ဆရာတော်ဘုရားကြီးသည် လာရောက်ကန်တော့သူ, တရားနာသူတို့အား အောင်ဆုပေးတော်မူလေ့ရှိရာ -

"မိမိလဲဆောင်၊ တစ်ပါးသူကိုလည်း တိုက်တွန်း နှိုးဆော်ပြီး အသီးသီး ဆောင်ကြတာ အောင်ကြပြီ ဝမ်းမြောက်ကြ"ဟု ထိုမျှသာ မကဘဲ "ပျော်ပျော်ကြီးဆောင်ကြတာ အောင်ကြပြီ ဝမ်းမြောက်ကြ" ဟု ထူးခြားစွာ အောင်ဆုပေးတော်မူသည်ကို နာကြားကြရပါသည်။

ဒကာ, ဒကာမများမှာ ထူးခြားစွာ နာကြားရသည့်အတွက် ပို၍ပင် ဝမ်းသာအားရ ရွှင်ပျကြည်နူးနေခဲ့ကြရပါသည်၊ စရဏ, ဝိဇ္ဇာ နှစ်ဖြာလုပ်ငန်းတို့ကိုလည်း ပျော်ပျော်ကြီးပင် ဆောင်နိုင်အား တက်လာကြပြန်ပါသည်။

သို့ရာတွင် ဘုရား, ရဟန္တာ အရိယာ အရှင်သူမြတ်တို့သည် သေခြင်းကိုလည်း မတောင့်တ၊ ရှင်နေရမှုကိုလည်း မခုံမင်၊ ထိုသို့ပင် ခံယူတော်မူထားကြသော်လည်း မီးစာနှင့် ဆီ မျှညီချုပ်ငြိမ်း၍ ဘဝဇာတ်သိမ်းတော်မူရသည်ကိုမူ မည်သည့် ပျော်ရွှင်ခြင်းမျိုးနှင့်မျှ မတူ အထွတ်အထိပ် ပျော်ရွှင်တော်မူကြမြဲ ဖြစ်ပါသည်။

ဒကာ, ဒကာမများကမူ ဆရာတော်ဘုရားကြီးမိန့်မြွက်တော်မူသော 'ပျော်ပျော်ကြီး'ကို နာ၍မငြီး ပျော်ပျော်ကြီးပင် ဆောင်နေကြဆဲ-

သက္ကရာဇ် ၁၃၃၉-ခုနှစ် ပထမဝါဆိုလဆန်း ၁၁-ရက် တနင်္ဂနွေနေ့ (၂၆-၆-၇၇) သက်တော် ၈၂ , သိက္ခာတော် ၆၂-အရ ည ၇-နာရီ မိနစ်သုံးဆယ်အချိန်သို့ ကျရောက်သောအခါ မပျော်နိုင်ကြရပါလေပြီ။

## တရားဖြင့် ပျော်ပျော်ကြီး ပူဇော်ကြပါစို့

ထိုနေ့ နံနက်က ဆရာတော်ဘုရားကြီးမှာ ထုံးစံအတိုင်း အင်ကြင်းပင် ကမ္မဋ္ဌာန်းဌာနဌ် တပည့်အများ ခြံရံလျက် ကျန်းမာစွာဖြင့်ပင် နေ့စဉ်တာဝန်လုပ်ငန်းများကို ပျော်ပျော်ကြီးပင် အခြေမပျက် ထမ်းဆောင်တော်

http://www.dhammadownload.com



မူလျက်က နာရီပိုင်းအတွင်း ရုတ်တရက် မောပန်းကြီးစွာ ဖြစ်ပေါ်လာ၍ ခန္ဓာဝန်ကို ပစ်ချတော်မူခဲ့ပါသည်။

သူတော်ကောင်းတို့၏ သဘောလက္ခဏာကား အသိခက်လှပါဘိတောင်း။

ပြည်တွင်းပြည်ပ ကမ္ဘာ့အတိုင်းအတာအထိ ဘဝတစ်သက်တာလုံး ဘုရားသာသနာ သတ္တဝါနှင့် မိမိ၏ အကျိုးကို အားချိန် နားချိန်မျှ မထားဘဲ ပျော်ပျော်ကြီး ဆောင်ရွက်တော်မူလာခဲ့ရာ ယခုအခါမူ အပျော်ဆုံးသော ပျော်ခြင်းဖြင့် ပျော်စံတော်မူရပါပေပြီ။

တပည့် ဒါယကာ, ဒါယိကာမများမှာလည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူကာ နှစ်ပေါင်းများစွာ ဝိဇ္ဇာ စရဏ နှစ်ဌာနဖြင့် အရတော်စွာ ဆရာတော်ဘုရားကြီးနှင့်အတူ ပျော်ပျော်ကြီး ဆောင်ခွင့်ရခဲ့ကြပြီ ဖြစ်သဖြင့် ဝမ်းမြောက်ဖွယ် ကောင်းလှပါပေသည်။

ပုထုဇဉ်တို့၏ သဘာဝ တဒင်္ဂအားဖြင့် စိတ်ဆင်းရဲကြရမည်ဖြစ်သော်လည်း မည်သည့်အခါမျှ မပျောက်ပျက် မပြိုကွဲနိုင်သော ဆရာတော်ဘုရားကြီး၏ ကိုယ်စား သန္ဒိဋ္ဌိက တရား အလင်းရောင်များ ရှိနေပါသည်။ ကမ္ဘာ့အတိုင်းအတာနှင့်အမျှ ပြန့်၍ ပြန့်၍သာ နေပါလေ ဦးမည်။

ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်သည့်နောက်ပိုင်းတွင် ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သည် ဘုရားရှင့်ကိုယ်တော်စား ဘုရားရှင်ပေါင်း ရှစ်သောင်းလေးထောင်အဖြစ် ဆက်လက်ဆုံးမတော်မူနေဘိသကဲ့သို့ ဆရာတော်ဘုရားကြီး၏ တိကျပွင့်လင်း ရဲတင်းခိုင်မာ ပြတ်သားလှစွာသော ဤ **'သန္ဒိဋ္ဌိက တရားတော်များ'** သည်လည်း အဆူဆူသော ကျေးဇူးရှင် ဝေဘူဆရာတော် ဘုရားကြီးများအဖြစ် ဆက်လက် ဆုံးမတော်မူလျက် ရှိနေကြပါမည်။

ဤတရားတော်များကို အဖန်ဖန် နှလုံးသွင်း၍ အထွတ်အထိပ်ကျကျ အတုမဲ့ ချမ်းသာကို ရရှိကာ ဆရာတော်ဘုရားကြီးကဲ့သို့ ပျော်ပျော်ကြီး ဆောင်သွားနိုင်ကြရန် ဆန္ဒမူသင့်ကြပါသည်။

ဘုရားရှင်နှင့်တကွ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများ လိုလားမျှော်လင့်တော်မူကြသည့်အတိုင်း ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုမပါ၊ **'တရား ကိုးကွယ်မှု'** ပြုရာလည်း ရောက်စေ၍ အမြတ်ဆုံး တရားပူဇော်မှုဖြင့်လည်း

http://www.dhammadownload.com



ပူဇော်နိုင်ကြပါစေရန် ဤ သန္တိဌိက တရားတော်များကို သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ရိုက်နှိပ် ဖြန့်ဝေကာ ဓမ္မဒါန ပြုရပါကြောင်း။

ပျော်ပျော်ကြီးဆောင်ကြတာ အောင်ကြပါစေ။
သူတော်ကောင်းဓာတ်
တရားမြတ်
လွှမ်းပတ် ကမ္ဘာတည်ရမည်။

ဒွေးလှိုင်
(ဓမ္မာစရိယ ဦးဒွေးလှိုင်)
၁၃၃၉-ခုနှစ် ပထမဝါဆိုလကွယ်နေ့၊
(၁၅-၇-၇၇)
ရန်ကုန်မြို့။

http://www.dhammadownload.com

ကျေးဇူးရှင်
ဝေဘူဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# သန္နိဋ္ဌာနကတရားတော်များ

## ၁-ဘယ်သွားကြမလဲ

တရားတော်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

သီလ ဆောက်တည်လို့ ပြီးကြပြီ။ သီလ ဆောက်တည်ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ။ ဖြည့်လို့ ပြည့်စုံပြီဆိုမှဖြင့် မိမိစိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြီးမယ်။ ယခုလဲ ချမ်းသာမယ်။ နောင်လဲ ချမ်းသာမယ်။

ပစ္စုပ္ပန် ချမ်းသာ, သံသရာချမ်းသာ နှစ်ဖြာကို ပေးစွမ်းနိုင်တာဟာ ဘုရားရှင့် အဆုံးအမတော်ကလွဲလို့ တခြား မရှိဘူး၊ ဘုရားရှင့် အဆုံးအမ ဆိုတာ ပိဋကတ်သုံးပုံပဲ။

### ပိဋကသုံးပုံ၏ လိုရင်းအချုပ်

ပိဋကသုံးပုံဆိုတာ အလွန်ကျယ်ဝန်းတယ်။

ပိဋကသုံးပုံကို အဆီထုတ်ပါဆိုလျှင် 'ဗောဓိပက္ခိယ' တရား သုံးဆယ့် ခုနစ်ပါးရတယ်။

ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို အဆီထုတ်လျှင် 'မဂ္ဂင်ရှစ်ပါး' ရတယ်။

http://www.dhammadownload.com



မဂ္ဂင်ရှစ်ပါးကို အဆီထုတ်လျှင် 'သိက္ခာသုံးပါး'ရတယ်၊ သိက္ခာ သုံးပါး ဆိုတာ အဓိသီလ, အဓိစိတ္တ, အဓိပညာပါပဲ။

သိက္ခာသုံးပါးကို အဆီထုတ်လျှင် 'ဓောဝ ဓမ္မော-တရားတခု'ရတယ်။

ရုပ်ပေါ် နာမ်ပေါ် မှာနေပြီး ယခုလိုဆောင်ထားတော့ (ရှုမှတ်နေတော့) ကာယကံ သောင်းကျန်းမှု, ဝစီကံ သောင်းကျန်းမှု မရှိဘူး၊ အဲဒါ **'အဓိသီလ'**လို့ ခေါ်တယ်။

အဓိသီလ အားကောင်းလျှင် စိတ်တွေ သောင်းကျန်းမှု မရှိဘဲ ငြိမ်ဝပ်ပိပြားပြီး တည်နေတော့တယ်၊ အဲဒါ **'အဓိစိတ္တ'** လို့ခေါ်တယ်။

အဓိစိတ္တ(သမာဓိ) အားကောင်းလို့ အချိန်ကြာလျှင် ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာမှ ဖန်တီးလို့ မဖြစ်ဘူး၊ လျှပ်တပြက်အတွင်း ကုဋေတသိန်းဖြစ်ပြီး ပျက်နေတယ်။ ရုပ်ကို နာမ်က သိနေလျှင် ဖြစ်, ပျက်ကို သိတော့တာပဲ။ ဖြစ်,ပျက်ကို သိတာ **'အဓိပညာ'** လို့ခေါ်တယ်။

အများနားလည်အောင် ပြောရမယ်ဆိုလျှင် ခန္ဓာကိုယ်မှာ ထင်ရှားတဲ့ အစိတ်အပိုင်းတခုဖြစ်တဲ့ နှာဖျား နှာဝမှာ ထွက်လေ, ဝင်လေ နှစ်ရပ်ဟာ အမြဲ တိုက်ဝင်, တိုက်ထွက်နေတယ်။

နှာဖျား နှာဝမှာ ကာယပသာဒ အကြည်က အထိခံ၊ ထွက်လေ, ဝင်လေ ဖြစ်တဲ့ လေနှစ်ရပ် ဝါယော ဖောဋ္ဌဗ္ဗက ထိတယ်။ ထိုအထိခံနဲ့ **'ထိတာက ရုပ်၊ သိတာက နာမ်'** ဆိုတော့ ဒကာကြီး ဒကာမကြီးတို့ သူများမေးမနေနဲ့၊ ကိုယ့်နှာဝကို ဉာဏ်နဲ့စောင့်ကြည့်။ ဝင်တော့ ထိဝင်မယ်, ထွက်တော့လဲ ထိထွက်မယ်၊ ထိတာကို သိလျှင် သိနေလျှင် လောဘ, ဒေါသ, မောဟ ဖြစ်ခွင့်မရလို့ လောဘမီး, ဒေါသမီး, မောဟမီး ငြိမ်းတယ်၊ ငြိမ်းတော့ အေးတယ်။

မထိခင်ကလဲ သိလို့ မဖြစ်ဘူး၊ ထိပြီးပြန်တော့လဲ သိလို့မဖြစ်ဘူး၊ ထိတုန်းကိုသာ သိလို့ဖြစ်တယ်၊ အဲဒါကို **'ပစ္စုပ္ပန်တဲ့တဲ့'**လို့ ဆိုတယ်။

ထိတာကို သိနေလျှင် "ရုပ်နှင့်နာမ်သာ ရှိပါကလား" လို့ သိလိမ့်မယ်၊ ရုပ်နာမ်မှတပါး ငါ-သူ-တစ်ပါး, ယောကျ်ား, မိန်းမ မရှိဘူးဆိုတာ "ဘုရားရှင်၏ တရားတော် အမှန်ပါကလား"လို့ ကိုယ့်ဟာကိုယ် သိလိမ့်မယ်၊

http://www.dhammadownload.com



သူများကို မေးနေဖို့မလိုပါဘူး၊ နှာဖျားနှာဝမှာ လေထိတာကို သိနေလျှင် ထိုအချိန်မှာ **အတ္တ** ဆိုတဲ့ ကိုယ် မရှိဘူး။

ထိုသိနေတဲ့အချိန်မှာ ဉာဏ်အမြင် စင်ကြယ်တယ်၊ သမ္မာဒိဋ္ဌိ ဖြစ်တယ်၊ ထိတာကို သိနေတဲ့အချိန်မှာ "ရုပ်နာမ်မှတပါး ဘာမျှမရှိပါကလား" လို့ သိတာကို နာမ်ရုပ်ကို ပိုင်းခြားပြီး သိတာမို့လို့ **"နာမရူပ ပရိစ္ဆေဒဉာဏ်"** လို့ ခေါ်တယ်။

**တထိထဲထိ တသိထဲ သိနေလျှင်** အတ္တစင်၍ ဉာဏ်အမြင် စင်ကြယ်တဲ့ အကျိုးရတယ်၊ ဒါဟာ တဒင်္ဂပဟာန် ခဏအချိန်ကလေးမှာ ရတဲ့အကျိုး၊ နည်းတယ်လို့များ မမှတ်လိုက်ကြနဲ့။

"ကမ္မဋ္ဌာန်းထိုင်ရတာများ ဘာမှလဲ မတွေ့ပေါင်၊ ဘာမှလဲ မရပေါင်" လို့များ မမှတ်လိုက်ကြနဲ့၊ မြင့်မြတ်တဲ့ဘဝ ဘုရားသာသနာနဲ့ ကြုံကြိုက်တဲ့ အခါမှာ ဒီလို အကျိုးထူးများ ရနိုင်တယ်။ စားဖို့သောက်ဖို့ အသာထားပြီး အထူးကြိုးစားကြ။

## အချိန်တွေ ကုန်ခဲ့ပြီ

မေး။ ။ အချိန်အခါကကော မမြင့်မြတ်ဘူးလားဗျာ။

ဖြေ။ ။ မြင့်မြတ်ပါတယ်ဘုရား။

မေး။ ။ အေးဗျာ့၊ မြတ်စွာဘုရားရှင် ရှေလက်ထက်တော်က အရှင်ကောင်း အရှင်မြတ်များလို သောဝစသာသတာဂုဏ်နဲ့ လိုက်ပါပြီး ဆောင်ကြပြီလားဆိုမှဖြင့် သူတော်ကောင်း အစားစားတို့ဟာ မိမိတို့အလိုရှိရာ, မှန်းရာဇောဓိနဲ့ ခုလဲ မပြည့်စုံနိုင်ကြပေဘူးလားဗျာ။

ဖြေ။ ။ ပြည့်စုံနိုင်ပါတယ် ဘုရား။

မေး။ ။ ဒါနဲ့ ဘုရားရှင်သာသနာ ဘယ်လောက်ရှိသလဲ။

ဖြေ။ ။ ငါးထောင်ပါ ဘုရား။

မေး။ ။ အေး. . . အခု ဘယ်လောက်ရှိပလဲ၊ ပြောကြစမ်းပါအုံး။

ဖြေ။ ။ သာသနာ တဝက်ကျော်လာပါပြီဘုရား။

http://www.dhammadownload.com



မေး॥ ॥ အေး. . . ဒါဖြင့် ဘယ်လောက်ကျန်တော့သလဲ။

ဖြေ॥ ॥ နှစ်ထောင့်လေးရာကျော် ကျန်ပါသေးတယ်ဘုရား။

မေး॥ ॥ အေး. . . အခု လူ့သက်တမ်း ဘယ်လောက်ဆုံးဖြတ်ထားသလဲဗျာ။

ဖြေ॥ ॥ နှစ်တစ်ရာပါ ဘုရား။

မေး॥ ॥ ဒါဖြင့် နင့်အသက် ဘယ်လောက်ရှိပြီလဲ။

ဖြေ॥ ॥ ၃၇-နှစ်ပါဘုရား။

မေး॥ ॥ ဒါဖြင့် နောက် ဘယ်နှနှစ် နေနိုင်သေးတုန်းဗျာ။

ဖြေ॥ ॥ ၆၃-နှစ် နေနိုင်ပါသေးတယ်ဘုရား။

မေး॥ ॥ အေး. . တကယ်ကော နေရမှာတဲ့လားဗျာ။

ဖြေ॥ ॥ အဲဒါတော့ မသိပါဘုရား။

မေး॥ ॥ ကိုယ့်ဟာကိုယ် ဘယ်နှနှစ်အထိ နေရမယ်ဆိုတာမသိဘူးလားဗျာ။

ဖြေ॥ ॥ မသိရပါဘုရား။

မေး॥ ॥ အေး. . ဇာတိရလာမှတော့ ဇရာ,ဗျာဓိ, မရဏ ဆိုတာတွေက တခါထဲ ပါလာကြတာပဲ မဟုတ်လား။ (မှန်ပါ့ဘုရား)

မေး॥ ॥ အဲဒီ အိုခြင်း, နာခြင်း, သေခြင်းတွေကို ခဏ နားကြပါဦး ဆိုလို့ကော ရကြရဲ့လား။ (မရပါဘုရား။)

မေး॥ ॥ အေး. . ဗျာ၊ သူတို့က မနားကြပါဘူးဗျာ၊ တားထားလို့ကော ရရဲ့လား။ (မရပါဘုရား။)

မေး॥ ॥ အေး. . ဒါဖြင့် သေရမှာကတော့ သေချာနေတာပေါ့၊ ဟုတ်လား။

ဖြေ॥ ॥ ဟုတ်ပါတယ်ဘုရား။

မေး॥ ॥ အေး အေး . . သေရမှာကတော့ လူတိုင်း သေချာပြီပဲ။ နေရဖို့ကကောဗျာ။ (မသေချာပါ ဘုရား။)

http://www.dhammadownload.com



မေး။ ။ အေး. . ဟုတ်တယ်၊ ဒါကြောင့် အသက်သုံးဆယ် ဆိုရင် အနှစ်သုံးဆယ် ကုန်ဆုံးသွားတာပဲ။ အသက်လေးဆယ် ငါးဆယ်ဆိုလဲလေးဆယ်,ငါးဆယ် ကုန်ဆုံးသွားတာပဲ မဟုတ်လား၊ သူတို့ကိုပြန်ယူလို့ကော ရသလားဗျာ။ (မရတော့ပါဘုရား။)

မေး။ ။ အေး. . ဟုတ်တယ်၊ ကိုယ့်အသက် ရောက်သလောက် အချိန်တွေကော ကုန်သွားကြပြီ၊ ဘာ မရလိုက်သလဲ။

ဖြေ။ ။ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာပါ ဘုရား။

မေး။ ။ အေး. . . အဲသလို မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ မရလိုက်တော့ အဲဒါ ရှုံးတာပေါ့၊ နှစ်တွေ ကုန်သွားတာဟာ မြတ်သွားတာလား၊ ရှုံးသွားတာလား။

ဖြေ။ ။ ရှုံးသွားတာပါ ဘုရား။

အေး. . . ဟုတ်တယ်၊ ရှုံးသွားကြတာမို့ ကျန်တဲ့ အချိန်တွေကိုမဖြုန်းဘဲ လုံ့လ ဝီရိယနှင့် ထူထောင်ကြဖို့ ပါပဲဗျာ။

မေး။ ။ အေး. . . ဒို့ဒါယကာ ဒါယိကာမတွေ သေရမှာတော့ သေချာတယ်နော်။

ဖြေ။ ။ မှန်ပါ့ဘုရား။

မေး။ ။ နေရဖို့ကကော။ (မသေချာပါ ဘုရား။)

## ကျန်းမာ သက်ရှည်လိုပါလျှင်

မေး။ ။ နေကြရအောင်လဲ ရှိပါ့ဗျာ၊ ရှေးအရှင်သခင် အချို့များ တစ်ရာမက အသက်တစ်ရာကျော်နေ နေကြပါဗျာ၊ အရှင်မဟာ ကဿပနှင့် အရှင်ကစ္စည်းလိုပဗျာ။ အချို့လဲ ရှစ်ဆယ်ကျော်အထိ နေရပါတယ်။ အဲသလို နေရအောင် **ဂါရဝတရား နိဝါတတရား** တို့နှင့် ပြည့်ရတယ်ဗျား။ အေး. . နင်တို့ အဖေနဲ့ အမေများကိုကန်တော့ကြရဲ့လား။

ဖြေ။ ။ ကန်တော့ပါတယ်ဘုရား။

http://www.dhammadownload.com



မေး။ ။ ကိုယ့်ထက် အသက်ကြီးသူ, ဂုဏ်ကြီးသူတွေ၊ ကိုယ့်ထက် တစ်ရက် တစ်မနက် ကြီးသူကအစ ကန်တော့ပါတယ် ဘုရား။

မေး။ ။ ဘယ်အချိန် ဘယ်အခါ ကန်တော့လဲဗျာ။

ဖြေ။ ။ ညအိပ်ရာဝင် ဘုရားကန်တော့တဲ့အခါ ကန်တော့ပါတယ်ဘုရား။

မေး။ ။ တခြားအချိန်တွေကောဟယ်။

ဖြေ။ ။ မကန်တော့ပါဘုရား။

မေး။ ။ ဟင် - မင်းတို့ဟာကလည်း မဟုတ်သေးပါဘူး။ ဘုရား ကန်တော့တဲ့အချိန်မှ ကန်တော့တယ်လို့၊ သည့်ပြင် အချိန်တွေ ဘာဖြစ်လို့တုန်းဗျာ့၊ ကိုယ်နဲ့ သက်တူ ရွယ်တူကော လေးစားမှုရှိရဲ့လား။ အေး- မင်းတို့မေးရ ဦးမယ်၊ လမ်းမှာဘယ်သူယူယူဆိုပြီး ငွေတစ်ထောင်ထုပ် တွေ တစ်နေရာစီမှာ ထားမယ်၊ မင်းတွေ့ရင် ယူမှာလား။

ဖြေ။ ။ ယူမှာပါ ဘုရား။

မေး။ ။ နောက်တစ်ထုပ် တွေ့ရင်ကော။ (ယူမှာပါပဲဘုရား။)

မေး။ ။ နောက်တစ်ထုပ် တွေ့ရင်ကော။ (ယူမှာပါပဲဘုရား။)

မေး။ ။ ငါတော့ ရပြီ၊ အခြားလိုတဲ့လူတွေ ရပါစေလို့များ မထားဘူး လားဗျာ။

ဖြေ။ ။ မထားပါဘုရား။

မေး။ ။ မင်းနဲ့ အဖော်တစ်ယောက် ပါလာတယ် ဆိုပါတော့၊ အဲဒီ အဖော်ယူပါစေ၊ ငါမမြင်ချင်ယောင် ဆောင်နေမယ်။ ငါက ရပြီးပြီလို့ ရှောင်ပေးမှာလား၊ ပြေးလုမှာလား။

ဖြေ။ ။ ပြေးလုမှာပါဘုရား။

မေး။ ။ အင်း. . မင်းဟာက မဟန်သေးပါဘူး၊ ငွေထုပ်ကျတော့ ဘယ်သူ့မှ မပေးနိုင်၊ ကိုယ်ချည်း ပြေးလုမယ်ဆိုပြီး ဂါရဝတရား၊ နိဝါတ တရား ကျတော့ ညဘုရားရှိခိုးမှ ကန်တော့တယ်တဲ့။

http://www.dhammadownload.com



" သူကငါ့ထက် ဘာသာတာမှတ်လို့၊ သူကဘယ်လောက်တတ်လို့လဲ၊ ဘာမို့လဲ" ဆိုတဲ့ စိတ်တွေဟာ မာနလို့ ခေါ်တယ်။ အဲဒီ မာနတရား မထားဘဲ ကိုယ့်မိဘ ဆရာသမား၊ ကိုယ့်ထက် အသက်, ဂုဏ်, ပညာ ကြီးသူများကို ဂါရဝ တရားရှိလျှင် အသက်တရာမက နေကြရပါတယ်ဗျာ။ အဲဒီလူတွေကို တခါကန်တော့ရင် ဘယ်လောက်ရမလဲ၊ တထောင် က,ပ့ါမလား။

ဖြေ။ ။ တစ်ထောင်မက ရပါတယ်ဘုရား။

မေး။ ။ အေး. . ဒီလို တန်ဖိုးသိရင် ခုနက ငွေတထောင်ထုပ်ကို ဘယ်သူ့မှ မပေးနိုင်ဘဲ ပြေးလုသလို အရယူကြပါဗျာ။

## ပါရမီမျိုးစေ့ ရှိပေမဲ့

မေး။ ။ ဘုရားရှင်လက်ထက်တော်က ဘုရားရှင်ကအစဉ်သနားပြီး ညွှန်ကြားဆုံးမပေမယ့် အကုန်ပါသွားကြရဲ့လားဗျာ။

ဖြေ။ ။ မပါပါဘုရား။

မေး။ ။ ဘာကြောင့်လဲဗျာ။ (ဘုရားရှင်ရဲ့ အဆုံးအမကို မနာယူကြလို့ပါ ဘုရား။)

မေး။ ။ အေး. . ဟုတ်တယ်၊ ဘုရားရှင်ရဲ့ အဆုံးအမကို အရယူကြမှဖြင့် သမ္ဗာသမ္ဗောဓိ, ပစ္စေက, အဂ္ဂသာဝက, မဟာသာဝက, ပကတိ သာဝက အစရှိတဲ့ အစားစားသော ဗောဓိဆုများကို မိမိတို့ လိုချင်လျှင် ရကြပါ့ဗျာ။ ဘုရားရှင်ရဲ့ အဆုံးအမနှင့် အခုနေ အခု ချမ်းသာရ, အခုလဲချမ်းသာ နောင်လဲ ချမ်းသာတာပေါ့ဗျာ။ ဥပမာ၊ ဒကာကြီးတို့ သစ်ပင်စိုက်ကြဖူးရဲ့လား၊ စိုက်ကြည့်ကြစမ်းပါဗျာ၊ ဘာပင်စိုက်မလဲ။

ဖြေ။ ။ စပါးပင် စိုက်ပါမယ်ဘုရား။

http://www.dhammadownload.com



မေး။ ။ အေး... စပါးပင်စိုက်တော့ အချိန်ဘယ်လောက်ကြာရင် ပေါက်သလဲ။

ဖြေ။ ။ တစ်ညကြာပြီး နောက်တစ်နေ့နံနက်မှာ အညှောက် ကလေးတွေ ထွက်ပါတယ် ဘုရား။

မေး။ ။ အေး...ဟုတ်ပြီ၊ တစ်ရက်ကြာပြီးရင် ပေါက်တဲ့ စပါးမျိုးစေ့ ကောင်းကောင်းတွေ ဒကာကြီးဆီမှာ ရှိပါတယ် ဆိုတော့ မစိုက်ဘဲထားလျှင် နောက်တစ်နှစ်နေရင် ပေါက်ပါ့မလား။

ဖြေ။ ။ မပေါက်ပါဘုရား။

မေး။ ။ ဘာကြောင့်တုန်းဗျာ။

ဖြေ။ ။ မစိုက်လို့ပါဘုရား။

မေး။ ။ အေး. . ဟုတ်တယ်၊ မျိုးစေ့ကောင်း ရှိပေမယ့် မစိုက်ရင် မပေါက်သလို၊ ဘုရားအဆုံးအမကိုလဲ ယူမှ ရကြမှာပါဗျာ၊ မယူကြတော့ ဘာဖြစ်သလဲ။

ဖြေ။ ။ ကျွတ်တမ်းမဝင်ဘဲ ကျန်နေခဲ့ကြပါမယ် ဘုရား။

မေး။ ။ အေး-အေး. . ဒါကြောင့် ယူတတ်ရင် ရတယ်၊ မယူ တတ်ရင် မရဘူးပေါ့ဗျာ။

## ဝိဇ္ဇာနှင့်နေ သေမှာမကြောက်

မေး။ ။ ဘုရားရှင် အဆုံးအမ ရလို့ ခုလို ရုပ်နာမ်ပေါ်နေတာကို ဘာနဲ့ နေတယ် ခေါ်လဲ။

ဖြေ။ ။ ဝိဇ္ဇာနဲ့နေတာပါဘုရား။

မေး။ ။ ဘုရားရှင်အဆုံးအမနဲ့ မနေရင်ကောဗျာ။ (အဝိဇ္ဇာနဲ့ နေတာပါ ဘုရား။)

မေး။ ။ အေး-ဝိဇ္ဇာနဲ့ နေလို့ သေရင် ဘယ်သွားသလဲ။

ဖြေ။ ။ ကောင်းရာသုဂတိပါ ဘုရား။

မေး။ ။ အဝိဇ္ဇာနဲ့နေလို့ သေရင်ကော။

ဖြေ။ ။ အပါယ်သွားရမှာပါ ဘုရား။

http://www.dhammadownload.com



မေး။ ။ ကဲ... ဒါဖြင့် ၊ အသက်ခုနစ်ဆယ်ကျော် အဘိုးကြီး တစ်ယောက် ဘုရားဝတ်တက်ပြီး နေတယ်၊ သို့သော်လည်း စိတ်ကတော့ ဟိုရောက် ဒီရောက် ရောက်နေတယ်၊ ဘုရားရှင်ရဲ့ ကျေးဇူးတော် ဂုဏ်တော်မှာ စိုက်စိုက်စူးစူး မနေပါဘူးတဲ့၊ အဲဒီအချိန်မှာ သေသွားရင် ဒီအဘိုးကြီး ဘယ်များ ရောက်လေမလဲ။

ဖြေ။ ။ အပါယ်သွားရမှာပါ ဘုရား။

မေး။ ။ အေး...ဟုက်ကဲ့လားနော်၊ စဉ်းစားပြီးမှပြော၊ သူက ဘုရားဝတ်တက်နေတာ၊ သေရင်ဘယ်ရောက်မတုန်း အဲဒီ အဘိုးကြီး။

ဖြေ။ ။ အပါယ်ရောက်မှာပါ ဘုရား။

မေး။ ။ အေး... ဘာဖြစ်လို့လဲ။

ဖြေ။ ။ စိတ်က ဟိုရောက် ဒီရောက် ရောက်နေလို့ပါ ဘုရား။

မေး။ ။ ဩော်... ဟုတ်လား၊ အပါယ်က ဘယ်နှစ်မျိုးရှိလဲဗျာ။

ဖြေ။ ။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် လေးမျိုးပါဘုရား။

မေး။ ။ အေး... ဒို့ကတော့ ဘုရားရှင်ပြောတဲ့အတိုင်း ပြောရမှာပဲဗျာ။ အဝိဇ္ဇာနဲ့ နေတယ်ဆိုတာ ဘာတွေနဲ့ နေတုန်းဗျာ။

ဖြေ။ ။ လောဘ, ဒေါသ, မောဟတွေနဲ့ပါဘုရား။

မေး။ ။ လောဘဆိုတာ ဘာတုံး။ (လိုချင်တာပါ ဘုရား။)

မေး။ ။ အေး... ငါကတော့ အများနားလည်အောင် ရှင်းရှင်းဗမာလိုပဲ ပြောမယ်၊ ပါဠိလိုဆိုလျှင် နင်တို့ နားရှုပ်ကုန်မှာစိုးလို့၊ လောဘဆိုတာ နှစ်သက်စုံမက် နေသမျှ ပေါ့ဟာယ်။ အဲဒီလိုချင်မှု နှစ်သက်မှု လောဘစိတ်နဲ့သေရင် ပြိတ္တာဖြစ်တတ်တယ်ဆို မဟုတ်လား။

ဖြေ။ ။ မှန်ပါ့ဘုရား။

မေး။ ။ ဒေါသဆိုတာ ကောဟယ်။ (ရန်ဖြစ်တာပါဘုရား။)

http://www.dhammadownload.com



မေး။ ။ အေး… နင်တို့က ရန်ဖြစ်ရင် ဒေါသပဲလို့ ပြောကြတယ်။ ဒေါသ ဆိုတာ ရချင်တာလဲမရ, ရပြန်တာလဲ မလို, နှစ်သက်မှု မဖြစ်သမျှ ဒေါသ၊ အဲဒီဒေါသစိတ်နဲ့သေရင် ငရဲရောက်တတ်တယ်တဲ့။ (မှန်ပါ့ ဘုရား။)

မောဟဆိုတာ ဒါနမှု, သီလမှု, ဘာဝနာမှု မသိတဲ့စိတ်၊ အဲဒီ မောဟစိတ်နဲ့ သေရင် တိရစ္ဆာန် ဖြစ်တယ်တဲ့၊ အဲဒါ သိထားကြ။

## ကြိုက်ရာရွေး ဘယ်သွားကြမလဲ

မေး။ ။ ဘုရားရှင်ရဲ့ အဆုံးအမနဲ့နေရင် ခန္ဓာကိုယ်မှာ ဘယ်နတ်, ဘယ်ပြဟ္မာမှ ပြုပြင်စီရင် ဖန်တီးမှု မပြုရဘဲ ဖြစ်ပျက်နေတဲ့ အဲဒီ ရုပ်ပေါ်, နာမ်ပေါ်မှာ စိတ်ကလေးထားပြီး ခန္ဓာကိုယ်ရဲ့ ဖြစ်တာ ပျက်တာကို သိနေတဲ့ စိတ်ကလေးနဲ့ သေရင် နောက်ဆုံး နိဗ္ဗာန် မရောက်သေးတောင် လူ, နတ်, ပြဟ္မာတော့ ဖြစ်မှာပဲ။ အဲဒီတော့ ဘယ်သွားကြမလဲ။

ဖြေ။ ။ နိဗ္ဗာန်သွားမှာပါ ဘုရား။

မေး။ ။ အေး. . ကိုယ်သွားချင်တဲ့ ဆီကို သွားဖို့ သူများ မေးဖို့ကို လိုသေးသလားဗျာ။ (မလိုပါဘုရား။)

မေး။ ။ အေး. . ကိုယ့်ဟာကိုယ် 'ငါ ဝိဇ္ဇာနဲ့ နေတာပါဗျာ'လို့ကော ပြောဖို့လိုသေးသလား။ (မလိုပါဘုရား။)

မေး။ ။ သူများကိုကော 'ငါဘာနဲ့ နေတာလဲ၊ ဝိဇ္ဇာနဲ့လား, အဝိဇ္ဇာနဲ့လား'လို့ မေးရဦးမှာလား။ (မမေးရပါဘုရား။)

အေး. . ဟုတ်တယ်၊ ကိုယ့်ဟာကိုယ် သိတယ်ဗျ၊ ဒါကြောင့် သံသရာ တစ်လျှောက်လုံး ဖြည့်ကျင့်လာတဲ့ ပါရမီတွေက ပြည့်စုံ လုံလောက်ကြပါတယ်ဗျာ၊ ဝီရိယနဲ့သာ ထူထောင်ကြ။

http://www.dhammadownload.com



ဘုရားရှင် ရွှေလက်ထက်တော်က ရှေးအရှင်ကောင်း အရှင်မြတ်များ အလိုရှိရာ ဗောဓိနဲ့ အသီးသီး နိဗ္ဗာန် စံဝင်ကြွသွား ကြဘိသကဲ့သို့ အချိန်အခါ ဘဝမြင့်မြတ်တာ သိလို့ ထပ်တူညီမျှ ဆောင်ကြပါလျှင် **သမာပတ် ရှစ်ဖြာအထိ မပြီးစီးနိုင်တာ မရှိ၊** ဝီရိယ သန်သန်နဲ့ မှန်မှန်ကြီး အချိန်အနည်းငယ်မျှ အချည်းနှီး မဖြစ်ရအောင် စိစစ်ကာ မိမိလဲဆောင်၊ တပါးသူများကိုလဲ တိုက်တွန်း နှိုးဆော်ပြီး ပျော်ပျော်ကြီး ဆောင်ကြတာ အောင်ကြပြီ၊ ဝမ်းမြောက်ကြ။

သာဓု.... သာဓု.... သာဓု....။

http://www.dhammadownload.com

# သီလကို ပြည့်စုံအောင်

"စေတိယင်္ဂဏ ဝတ်၊ ဗောဓိယင်္ဂဏဝတ်၊ ဆရာသမား မိဘဝတ်၊ သားမယားဝတ်၊ ဒါတွေ လုပ်ရတာက စရဏ ကုသိုလ်၊ သီလဘက်ကဗျာ့။

ဒါတွေလုပ်ရင်းနဲ့ ဆောင်လို့ ရှုမှတ်လို့ကော မရဘူးလား။ ဒီဝတ်တွေ မပြည့်ဘဲနဲ့ သီလ ပြည့်စုံပါ့မလား။

သီလ မပြည့်စုံရင် လိုလားတောင့်တတဲ့ ချမ်းသာကော ရပါ့မလားဗျာ၊ ချမ်းသာမှု မရှိရင် သမာဓိ မရဘူး၊ သမာဓိ မရတော့ ပညာလဲ မရနိုင်ဘူးဗျာ့။"

ဝေဘူဆရာတော်

http://www.dhammadownload.com

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ၂-ကြွေးပြေတရားတော်

[ကျေးဇူးရှင် ဝေဘူဆရာတော် ဘုရားကြီး သီတင်းသုံးရာ ဝေဘူ ချောင်၌ လပြည့် , လကွယ် သီတင်းနေ့များ၌ ဆရာတော်ဘုရားကြီးသည် သံဃာတော်များနှင့် သိမ်ဝင်ပြီး၊ သိမ်မှ သံဃကိစ္စ ပြီးစီးသောအခါ တရား ပလ္လင်သို့ ကြွလာကာ တရားချီးမြှင့်တော်မူပါသည်။ ၁၃၃၃-ခုနှစ် ဝါခေါင် လကွယ်နေ့က ဆရာတော်ဘုရားကြီးသည် အဋ္ဌင်္ဂသီလ ချီးမြှင့်ပြီးနောက် "မိမိတို့ ဆောက်တည်သည့် သီလကို ပြည့်အောင် ဖြည့်ကျင့်ကြပါက မိမိတို့ အလိုရှိရာ ဗောဓိဆုနှင့် စံဝင်နိုင်ကြောင်း" မိန့်တော်မူပြီးလျှင် အောက်ပါ အတိုင်း မေးမြန်း စစ်ဆေးပြီး ဟောကြားတော်မူပါသည်။]

## ဘယ်သူမပြု မိမိမှု

ဒီနေ့တော့ ဥပုသ်နေ့ဆိုတော့ ဒို့က ကနေ့ အပိုပဲ မေးပါမယ်ဗျာ၊ သူတို့ အရဏ်တက်ကနေ ဒီနေ့တော့ ဥပုသ်နေ့ပဲဆိုပြီး သီလဆောက်တည် ကြပြီးကတည်းက အခုအချိန်ထိ ဘုရားအဆုံးအမနဲ့ နေကြထင်ပါဗျား၊ ဟုတ်ကြရဲ့လား။ (မဟုတ်ပါဘုရား။)

ဟေ.... ဒါဖြင့်၊ ဘယ်လိုများ နေကြလဲ။ (နေတဲ့အခါလဲ နေပါတယ် ဘုရား၊ လွတ်တဲ့အခါလဲ လွတ်ပါတယ်ဘုရား။)

မေး။ ။ ဘယ်လောက်များ လွတ်ပြီး ဘယ်လောက်များ နေကြလဲဗျား။

[ မဖြေကြပါ။ ]

ထိုအခါ ဆရာတော်ဘုရားက "ငြိမ်နေပုံ ထောက်တော့ တောက် လျှောက် နေကြထင်ပါဗျား။" (မဟုတ်ပါဘုရား။)

မေး ။ ။ အေး...ဒါဖြင့်မေးရဦးမယ်ဗျာ၊ လျှပ်တပြက်အတွင်းမှာ စိတ်ကလေးဟာ ဘယ်လောက် ပျက်သတဲ့တုန်းဗျာ။

ဖြေ ။ ။ ကုဋေ တစ်သိန်းပါ ဘုရား။

မေး ။ ။ ပျက်တာ ကုဋေတစ်သိန်းနော်။ (မှန်ပါ့ဘုရား။)

http://www.dhammadownload.com



မေး ။ ။ အေး…စိတ်ထဲမှာ ဣဋ္ဌာရုံရယ် အနိဋ္ဌာရုံရယ် တမျိုးစီ ပေါ်နေတယ် မဟုတ်လား။ (မှန်ပါ့ဘုရား။) အေး…အဲဒီ ဣဋ္ဌာရုံနဲ့ အနိဋ္ဌာရုံတို့ဟာ ပြတ်သွားတယ် ဆိုတာများ ရှိသလားဗျာ။

ဖြေ။ ။ မရှိပါဘုရား၊ တမျိုးမဟုတ် တမျိုး ပေါ်နေပါတယ် ဘုရား၊

အင်း… အဲသလို ပေါ်ပေါက်နေတာက သံသရာတလျှောက်မှာ မိမိတို့ပြုခဲ့တဲ့ ကုသိုလ် အကုသိုလ် ကံတွေကြောင့် ကလျာဏမိတ္တ, ပါပမိတ္တ တွေပါဗျာ။ (မှန်ပါ့ဘုရား။)

မေး ။ ။ အေး… အဲသလို ကလျာဏမိတ္တဖြစ်တဲ့ ဣဋ္ဌာရုံတွေ ပေါ်လာတော့ ဘယ်လိုဖြစ်သလဲ။

ဖြေ ။ ။ လောဘဖြစ်ပါတယ်ဘုရား။

မေး ။ ။ လောဘဖြစ်တာက ကုသိုလ်လား, အကုသိုလ်လား။

ဖြေ ။ ။ အကုသိုလ်ပါဘုရား။

မေး ။ ။ ပါပမိတ္တ ဖြစ်တဲ့ အနိဋ္ဌာရုံတွေ ပေါ်လာတော့ကောဗျာ။

ဖြေ ။ ။ ဒေါသဖြစ်ပါတယ်ဘုရား။

မေး ။ ။ ဒေါသဖြစ်တော့ ကုသိုလ်လား, အကုသိုလ်လားဗျာ။

ဖြေ ။ ။ အကုသိုလ်ပါ ဘုရား။

အေး… အဲသလို ကောင်းတဲ့ အာရုံပေါ်လို့ လက်ခံလိုက်ပြန်ရင်လဲ နှစ်သက်မှု တဏှာ, လိုချင်မှု လောဘတွေဖြစ်တော့ အပါယ်ကို သွားစေတဲ့ အကုသိုလ်ပဲ မဟုတ်လားဗျာ။ (ဟုတ်ပါတယ်ဘုရား။)

မကောင်းတဲ့ အာရုံပေါ်လို့ သိမ်းပိုက်မိပြန်ရင်လဲ စိုးရိမ်မှု သောက, ဒုက္ခ, ဒေါသတရားများ ဖြစ်စေပြန်တော့လဲ အပါယ်စာ အကုသိုလ်ပဲ ရတယ် မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

မေး ။ ။ အဲ…ဒါဖြင့်၊ ဒီကလျာဏမိတ္တ၊ ပါပမိတ္တများဖြစ်တဲ့ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့ဟာ မပေါ်ဘဲ ဘယ်အခါ နေတုန်းဗျား။

ဖြေ ။ ။ ဘယ်အခါမှ မနေပါဘုရား၊ တစ်ခုမဟုတ် တစ်ခုအမြဲ ပေါ်နေ ပါတယ်ဘုရား။

မေး ။ ။ အေး…အဲဒါတွေက သံသရာတစ်လျှောက် ကိုယ်ပြုခဲ့တဲ့ အမှုတွေပဲဗျာ၊ အဲသလိုဘယ်သူမပြု မိမိပြုခဲ့တဲ့ ကလျာဏ

http://www.dhammadownload.com



မိတ္တပဲဖြစ်ဖြစ် ပါပမိတ္တပဲဖြစ်ဖြစ် သူတို့ ပေါ်လာရင် ကိုယ့်မှာ ဘာရသလဲ။

ဖြေ ။ ။ အကုသိုလ်ပဲ ရပါတယ်ဘုရား။

## မီးတိုင်းငြိမ်းစေ နောတတ်ရေ

မေး ။ ။ အေး…ဟုတ်တယ်၊ ကောင်းတာ ဖြစ်တော့ နှစ်သက်မှု တဏှာနဲ့ လိုချင်မှု လောဘဖြစ်ပါတယ်၊ အဲဒီ တဏှာတို့ လောဘတို့က ဘာမှုတွေလဲဗျာ။ (မီးတွေပါဘုရား။)

မေး ။ ။ အေး… ဗျာ လောဘကလဲ မီး, တဏှာကလဲ မီး, ဒေါသကကောဗျာ။

ဖြေ ။ ။ မီးပါဘုရား။

မေး ။ ။အေး…အဲဒီတော့ ဘာပေါ်ပေါ် မီးလောင်ခံရတာပဲ မဟုတ်လား။

ဖြေ ။ ။ မှန်ပါ့မလား။

အဲဒီတော့ သူတို့ပေါ်ချင်တာပေါ်ပါစေ၊ ကိုယ်ကဘုရား အဆုံးအမနဲ့ နေတော့ သူတို့ ဝင်လို့ရသေးသလားဗျာ။ (မရတော့ပါဘုရား။) အေး… ဘုရားအဆုံးအမနဲ့သာ ကိုယ်ကနေတော့ သူတို့ဝင်ခွင့်မရတာပေါ့ဗျာ။ (မှန်ပါ့ဘုရား။)

ဘုရားရှင်ရဲ့ အဆုံးအမဟာ ဘာနဲ့တူသလဲ ဆိုတော့ အနောတတ္တရေအိုင်ကြီးနဲ့ တူတယ်၊ အဲဒီရေအိုင်ထဲကို လောဘမီး, ဒေါသမီး, ဘာမီးတွေပဲ ကျလာလာ၊ ရေထဲကျ မီးငြိမ်းသွားရသလို ဘာမှ အလောင်မခံရတော့ဘူးဗျာ။ ကြားလား။ (မှန်ပါ့ဘုရား။)

## ကြွေးဟောင်းမဆပ် ကြွေးသစ်ထပ်

မေး ။ ။ အေး… ထပ်မေးရဦးမယ်၊ စိတ်က မျက်စိတမှိတ် လျှပ်တပြက်အတွင်း ဘယ်လောက် ပျက်သတဲ့တုန်း။

ဖြေ ။ ။ ကုဋေတစ်သိန်းပါဘုရား။

အေး… ကုဋေတစ်သိန်း ဖြစ်ပျက်တွေကို သိမှ အဓိပညာလို့ ခေါ်တယ်ဗျာ၊ အဲဒီတော့ ခန္ဓာအစဉ်မှာ ဖြစ်ပျက်နေတဲ့ တရားကို သိမှဗျာ၊ ဘုရားရှင်ရဲ့အဆုံးအမ အသိနဲ့မနေရင် ခုနကပြောခဲ့တဲ့ ဘယ်လောက် တဲ့လဲဟဲ့။ (ကုဋေတစ်သိန်းပါဘုရား။)

http://www.dhammadownload.com



အေး... လျှပ်တပြက် အတွင်းမှာ ဖြစ်ပြီးပျက်သွားတဲ့ ကလျာဏ မိတ္တ ပါပမိတ္တတွေ ကုဋေတစ်သိန်းဟာ ကိုယ့်မှာ ကြွေးထပ် တင်တာပါ ပဲဗျာ၊ ဟုတ်ရဲ့လားဗျာ။ (ဟုတ်ပါတယ်ဘုရား။)

မေး ॥ ॥ ခန္ဓာကိုယ်မှာ အစဉ်ပေါ်နေတဲ့ ဣဋ္ဌာရုံနဲ့ အနိဋ္ဌာရုံ တွေဟာ ဘယ်သူပြုနေတာလဲဗျာ။

ဖြေ ॥ ॥ ကိုယ့်ဟာကိုယ် ပြုတာပါဘုရား။

မေး ॥ ॥ အေး...ကိုယ်ပြုခဲ့တဲ့ သံသရာတစ်လျှောက်လုံးက ပါလာခဲ့တဲ့ကြွေးတွေကို ခုအချိန်အထိ ဘုရားရှင်ရဲ့ အဆုံးအမနဲ့ စိတ်ကလေးကိုမထားရင် လျှပ်တစ်ပြက် အတွင်း ကုဋေတသိန်း ကြွေးတွေထပ်တင် ပြန်တော့ ကြွေးတွေ ရေတွက်လို့ ရပါဦးမလားဗျား။

ဖြေ ॥ ॥ မရတော့ပါဘုရား။

အေး...အဲဒါကြောင့် ဘုရားရှင် အဆုံးအမနဲ့ နေကြဗျာ။ ဒါမှ သူ့ဘာသာသူ ဖြစ်ပြီး ပျက်သွားတာကို ကိုယ်က မယူတော့ ကြွေးတွေ ကျေကုန်တာပေါ့ဗျာ၊ ဟုတ်ရဲ့လား။ (ဟုတ်ပါတယ်ဘုရား။)

မေး ॥ ॥ ကိုယ်က မယူတော့ ကြွေးသစ်လဲ တိုးသေးလားဗျာ။

ဖြေ ॥ ॥ မတိုးတော့ပါဘုရား။

အဲဒီတော့ ကြွေးသစ်လဲ မတင်၊ ကြွေးဟောင်းလဲ ကြေပြီ၊ ဖြစ်ပြီး ပျက်သွားတာကို သိမှ အဓိပ္ပညာဗျာ့၊ (မှန်ပါ့ဘုရား။)

## ၂၄-နာရီ တစ်စပ်တည်းရအောင်

အေး. . ဒီတော့ ဘုရားရှင် အဆုံးအမဖြစ်တဲ့ အသိစိတ် ကလေးနဲ့နေဖို့ရာက ဘယ်နေရာမှာမှ နေလို့ ဖြစ်တယ်လို့ ကန့်သတ် ထားချက် ရှိသေး သလားဗျာ။ (မရှိပါ ဘုရား။)

မေး ॥ ॥ တယောက်ထဲ နေရင်းရောဗျာ ဖြစ်ရဲ့လား။

ဖြေ ॥ ॥ ဖြစ်ပါတယ် ဘုရား။

အများနဲ့ရောဗျာ။ (ဖြစ်ပါတယ်ဘုရား။)
ထိုင်နေရင်းကောဗျာ။ (ဖြစ်ပါတယ်ဘုရား။)
သွားရင်းကောဗျာ။ (ဖြစ်ပါတယ်ဘုရား။)

http://www.dhammadownload.com



အေး... အဲသလို ကန့်သတ်ချက်မရှိ၊ ကြိယာပုတ်လေးပါး လုံးလဲဖြစ်, တယောက်ထဲလဲ ဖြစ်, အများနဲ့လဲ ဖြစ်၊ ဟုတ်ရဲ့လားဗျာ။ (ဟုတ်ပါတယ် ဘုရား။)

အေး... ဟုတ်ပြီ၊ ဘယ်မှာနေနေ နေလို့ရပြီ။

မေး ။ ။ ပိုက်ဆံကော ကုန်ရဦးမှာလားဗျာ။

ဖြေ ။ ။ မကုန်ပါဘုရား။

မေး ။ ။ အချိန်ကော သီးခြားယူရသေးလားဗျာ။

ဖြေ ။ ။ မယူရပါဘုရား။

မေး ။ ။ ဒါဖြင့် ဘယ်ဟာများ ခက်သတုံး၊ ထားရတာကော ပင်ပန်းလို့ လားဗျာ။

ဖြေ ။ ။ မပင်ပန်းပါဘုရား။

မေး ။ ။ အေး...ဒါဖြင့် ဘယ်ဟာ ခဲယဉ်းသတုံး။ (ဘာမှ မခဲယဉ်းပါ ဘုရား။) အေးပါလေ...သူတို့က ဟို ဥပမာလို ပေါ့ဟယ်၊ နင်တို့ စီးပွားရှာနေတာ သိပ်အများကြီးရတော့ ဘေးလူ တွေက 'ခင်ဗျားတို့ ရွှေတွေငွေတွေ ဘယ်လောက် ရသလဲ' လို့ မေးတော့ ပြောကြရမှာလားဗျာ။

ဖြေ ။ ။ မပြောပါဘုရား။

မေး ။ ။ ဘာကြောင့်လဲ။ (မပြောအပ်လို့ပါဘုရား။)

မေး ။ ။ အေး... အဲသလိုပ၊ ရွှေ-ငွေနဲ့ တရားရတနာ ဘယ် ရတနာကမြတ်လဲ။

ဖြေ ။ ။ တရားရတနာက မြတ်ပါတယ် ဘုရား။

အေး... အဲဒါကြောင့် ဒို့ဒကာကြီး ဒကာမကြီးတွေက ဖွင့်မပြောကြတာပါလေ။ ယခု ဘယ်အချိန်ရှိပါသလဲ။ (ည ၇-နာရီပါဘုရား။)

အေး... အရုဏ်တက်ဖို့ အချိန် ဘယ်လောက်ရသေးလဲ။ (၁၀-နာရီလောက် ရပါသေးတယ်ဘုရား။) အေး... အေး... သူတို့က တစ်ဆက်တည်း ဆောက်တည်ကြမှာ ထင်ပါရဲ့ဗျာ။ ကြွေးတွေပြေအောင် ကြိုးစားကြဗျာ။ အတိတ်က ပြုခဲ့တဲ့ ဝီရိယနဲ့ ကုသိုလ်တရားတွေက စောင့်နေပါတယ်၊ အကျိုးပေးမလို့ပါဗျာ။ ကဲ-ကဲ... အားလုံးပဲ အသီးသီး ဆောင်ကြတာ အောင်ကြပါပြီဗျာ။

သာဓု...... သာဓု...... သာဓု......။

http://www.dhammadownload.com

# ကြီးပွား ချမ်းသာလိုပါလျှင်

"ဒို့ဘုရားသာသနာက နေပူအောင်လုပ်လို့လဲ ရတယ်၊ မိုးရွာအောင် လုပ်လို့လဲရတယ်၊ လူလာအောင် လုပ်လို့လဲဖြစ်တယ်၊ လူမလာအောင် လုပ်လို့လဲဖြစ်တယ်၊ သစ်ပင်ရှိရင် ဆွမ်းရှိတယ်။

မင်းတို့ ဘုရားကြည်ညိုတာက မတည့်တဲ့ သူငယ်ချင်း အိမ် အလည်လာသလောက်မှမကြည်ညိုလို့ မင်းတို့မှာဘာအကျိုးထူးမှ မခံစားရဘူး။

မတည့်တဲ့ သူငယ်ချင်းလာရင် ကိုယ်က မခေါ်ချင်တောင်မှ စားချိန်ကျရင် 'ဟိုကောင် ကျွေးလိုက်' ဆိုပြီး မင်းတို့ဒကာမကို ပြောမယ်၊ စားပြီးတော့လည်း 'ဟိုဟာတွေဆေးပြီး သိမ်းထား'လို့ ခိုင်းမယ်။

ခုတော့ မင်းတို့ဟာက ဘုရားဆွမ်းမှန်မှန် မလှူချင်ဘူး၊ ဆွမ်းတော်တင်ပြီးလဲ ကျီးစားစား ကြွက်စားစား တနေကုန် ပစ်ထား တာပဲ မဟုတ်လား၊ ဘုရားကိုသာ အသက်ထင်ရှားရှိသလို မင်းတို့ ကြည်ညိုတတ်ရင် ခုလို မဆင်းရဲဘူး။"

ဝေဘူဆရာတော်

http://www.dhammadownload.com

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ၃-မှန်မှန်တခု လုံ့လပြု

## တရားတော်

သီလဆောက်တည်ပြီးကြပြီ၊ ဆောက်တည်လို့ပြီး
လျှင် ပြည့်စုံအောင် ဖြည့်ကြ ကျင့်ကြ။ ဖြည့်ကျင့်လို့
ပြည့်စုံပြီ ဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း
ရည်ရွယ်ချက် အသီးသီးတို့ဟာ အကြွင်းအကျန်မရှိ
အကုန်လုံး ပြီးစီးအောင်မြင်ကြရောဗျာ့။

ပစ္စုပ္ပန် သံသရာ နှစ်ဖြာ တောင့်တ ရည်ရွယ်ချက်
အသီးသီးတို့ကို ပြီးစီးခြင်းငှာ အလိုရှိကြပါတဲ့ သူတော်
ကောင်း အစားစားတို့ဟာ ပစ္စုပ္ပန် သံသရာ နှစ်ဖြာ
တောင့်တ ရည်ရွယ်ချက် အသီးသီးတို့ ပြီးစီးနိုင်ပါတဲ့
သီလကို ကြိုးစားပြီးတော့ ဖြည့်ကြ ကျင့်ကြ။

သီလ၌တည်ပြီးပြုကြတဲ့ နှစ်သက်ဖွယ် ကုသိုလ်တို့ဟာ
အသီးသီး တောင့်တတဲ့အတိုင်း အကြွင်းအကျန်မရှိ
**အားလုံး ပြီးစီး အောင်မြင် ကြတယ်၊ အပြီးအဆုံး
တိုင်အောင် ဆောင်တယ်ဗျာ့။**

သီလ၌ တည်ပြီးလျှင် ကိုယ်အလိုရှိတဲ့ နှစ်သက်ဖွယ်တို့ကို ကောင်းမွန်စွာ
စီမံ၊ နှစ်သက်ဖွယ်ဖြစ်တဲ့ အလှူဝတ္ထုကို ရှိသေလို့၊ အလှူခံကို ရှိသေလို့
စိတ်ကို ဖြောင့်မတ်စွာထားပြီး အတုအတူ မရှိပါတဲ့ ဘုရားရှင့် သာသနာကို
ကိုယ်ပိုင်ဖြစ်တဲ့ ပစ္စည်းကို သူတပါးတို့ကို အစေအပါး မခိုင်းဘဲ ကိုယ်ပိုင်
ကိုယ်တိုင် ဆက်ကပ် လှူဒါန်း ပူဇော်ခြင်းပြု။

http://www.dhammadownload.com



## ရလိုသောဆု ဆန္ဒပြု

အလိုရှိအပ်တဲ့, အဆင်သင့် မှန်းထားပြီးသားရှိပါတဲ့ အသီးသီးသော ဗောဓိတို့တွင် ကိုယ်အလိုရှိတဲ့ ဗောဓိနှင့် "နိဗ္ဗာန်သို့ စံဝင်ရပါလို၏" လို့ အဲဒီလို ဆုယူ ဆုတောင်းကြရတယ်။ တောင့်တတဲ့အတိုင်း နိဗ္ဗာန်ကို စံဝင်သွား ကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ရေတွက်ခြင်းငှာ မစွမ်းနိုင်အောင် များပြားကြတယ်။

ဗောဓိဆိုတာ သစ္စာလေးပါးကို ထိုးထွင်းပြီးတော့ သိတာ မြင်တာကို ဗောဓိလို့ ခေါ်တယ်။ ဗောဓိသည် သမ္မာသမ္ဗောဓိ, ပစ္စေကဗောဓိ, သာဝက ဗောဓိ၊ သာဝကတွင်မှ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက ရယ် လို့ အသီးသီးရှိကြတယ်။ ဧတဒဂ် ရာထူးဌာနန္တရတို့မှာလဲ ကိုယ်အလိုရှိရာ နှစ်သက်တဲ့ ဧတဒဂ် ရာထူးဌာနန္တရနဲ့ 'နိဗ္ဗာန်သို့ စံဝင်ရပါလို၏' လို့ ဆုယူ ဆုတောင်းကြရတယ်။ အဲဒီလို တောင့်တတဲ့အတိုင်း ပြီးစီးအောင်မြင်လို့ နိဗ္ဗာန်သို့ စံဝင်ကြွသွားတော်မူကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ မရေတွက်နိုင်အောင် များပြားကြတယ်။ အားလုံး စိတ်နှလုံး အလိုရှိတဲ့ အတိုင်း ဤကဲ့သို့ ပြီးစီးကြတယ်။

## ကောင်းခြင်းသုံးဖြာ ညီပါမှ

ဘာလို့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း အသီးသီးပြီးစီးနိုင်ပါ သတုံး-ဆိုတော့ အခါကောင်းလို့, ဘဝကောင်းလို့, ဝီရိယကောင်းကြတဲ့ သူတော်ကောင်းများ ဤကဲ့သို့ စိတ်နှလုံး အလိုဆန္ဒ ပြည့်ဝပါတယ်။ ဘုရားပွင့်တော်မူတဲ့အခါ, ဘုရားသာသနာ ရှိတဲ့အခါဟာ 'အခါကောင်း' မည်တယ်။ လူ့ဘဝ နတ်ဘဝကို ရကြတဲ့ သူတော်ကောင်း အစားစားတို့ ဟာ 'ဘဝကောင်း' မည်တယ်၊ ကိုယ်အလိုရှိရာ နှစ်သက်တဲ့ ဗောဓိနှင့် ပြီးလောက်အောင် ရှေးအရှင် သူတော်ကောင်းများကဲ့သို့ ဝီရိယကို ထူထောင်ပြီးတော့ မီအောင် ညီအောင် ဤကဲ့သို့ ဖြည့်ကျင့်ရတယ်။

ဤကဲ့သို့ ဖြည့်ကျင့်လို့ ရှေးအရှင်သူတော်ကောင်းတို့ရဲ့ လုံ့လ ဝီရိယ သဒ္ဓါတို့ကို မီကြ ညီကြပြီ ဆိုမှဖြင့် ရှေးအရှင် သူတော်ကောင်းတို့ကဲ့သို့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ဆိုက်လာ ရောက်လာတဲ့အတွက် ပြီးစီး အောင်မြင်ကြပါလိမ့်မယ်။

http://www.dhammadownload.com



တောင့်တရည်ရွယ်ချက် အသီးသီးတို့ဟာ အခါမလင့် ဆိုက်လာရောက်လာပြီ ဆိုမှဖြင့် ဝမ်းမြောက်ကြရတယ်၊ ပျော်ကြရ ရွှင်ကြရတယ်။ **တခဏစာ တဘဝစာ မဟုတ်ဘူး၊ သံသရာ တလျှောက်လုံးအတွက် အကုန်လုံးကို လုံလောက်တာဗျာ့။**

အခါကောင်း, ဘဝကောင်းတာကို သိပြီးလျှင် ရှေးအရှင်မြတ်များ၏ လုံ့လ ဝီရိယကို မီအောင် ညီအောင် ထူထောင်ပြီး ဖြည့်ကျင့်ကြ။ အဲဒီလို ဖြည့်ကျင့်ကြပြီ ဆိုမှဖြင့် တောင့်တချက် အသီးသီးတို့ဟာ ဒို့ဘုရားရှင်လက်ထက်တော်က သူတော်ကောင်း အစားစားတို့ဟာ အကြွင်းအကျန်မရှိ ပြီးစီးအောင်မြင်ကြသလို ဧကန္တ ပြီးစီးအောင်မြင်ကြ ပါလိမ့်မယ်။

ဒီတော့ ဤကဲ့သို့ တောင့်တရည်ရွယ်ချက် အသီးသီးရှိတဲ့ နေရာမှာ 'ငါတို့သည် ဤကဲ့သို့ ချမ်းသာသုခ, ဤကဲ့သို့ တောင့်တချက်တို့ ပြီးစီးလိမ့်မယ်၊ ဖြစ်လိမ့်မယ် မထင်ဘူး' လို့ အဲဒီလို မမှတ်ကြနဲ့။ လုံ့လ ဝီရိယထူထောင်ပြီးတော့ မီအောင်သာ, ညီအောင်သာ ပြုကြပါ။ ပြုကြပြီဆိုမှဖြင့် **မီတဲ့ ညီတဲ့ အချိန်အခါမှာ အခါမလင့် ပြီးစီးအောင်မြင်ကြပါလိမ့်မယ်။**

အားလုံး ပြီးစီးအောင်မြင်ကြတော့ ဘာသိရသတုံး ဆိုတော့ ဘုရားရှင်ရှေလက်ထက်တော်က လူ, နတ်, ဗြဟ္မာ အသီးသီးတို့ဟာ ဘုရားထံမှောက် အစဉ်အတိုင်း ပူဇော်ခြင်း အလို့ငှာ ရောက်ကြတယ်။ အဲဒီလိုရောက်တဲ့ အခါမှာ, ဘုရားရှင့် ကျက်သရေတော်ကို မျက်မှောက်အားဖြင့် ကြည်ညိုကြရတဲ့အခါမှာ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ အားမရနိုင်, မရောင့်ရဲနိုင်ကြဘူးတဲ့ဗျာ။ ဘုရားရှင်က အစဉ်သနားပြီးတော့ ကိုယ်တော်တိုင်ထိုးထွင်း သိပါတဲ့အတိုင်း များစွာသော လူနတ်ဗြဟ္မာတို့ကို သိစေတော်မူပါတယ်။ ဤကဲ့သို့ သိစေတော်မူတယ်ဆိုတာဟာ တရားဟောတာခေါ်တယ်မဟုတ်လား။

မေး ။ ။ အဲဒီလို သိစေတော်မူတဲ့ (ဟောတော်မူတဲ့) အခါကျတော့ သံသရာတလျှောက်လုံးက. တောင့်တရည်ရွယ်ချက် အသီးသီးတို့ဟာ ခဏ တမုဟုတ်ချင်းအားဖြင့် ပြီးစီးအောင်မြင်ပါတဲ့ လူနတ်ဗြဟ္မာ အစားစားတို့ဟာ ဘယ်ရွေ့ဘယ်မျှလို့ များရေတွက်ခြင်းငှာစွမ်းနိုင်ပါ ရဲ့လားဗျာ။

ဖြေ ။ ။ ရေတွက်ခြင်းငှာ မစွမ်းနိုင်ပါဘုရား။

http://www.dhammadownload.com



အဲဒါဟာ ဘာကြောင့်လဲဆိုတော့ အခါကောင်းလို့, ဘ၀ကောင်းလို့ ဝီရိယကောင်းကြတဲ့ လူနတ်ဗြဟ္မာ အပေါင်းတို့ အောင်မြင်ကြပုံဗျာ။

**အခါမရွေး အချိန်ကောင်း**

မေး ။ ။ ဒီတော့ ဤကဲ့သို့ ခဏ တမုဟုတ်ချင်း အချိန်မှာ ပင်လျှင်ပဲ အသီးသီးတို့ စိတ်နှလုံးအလို တောင့်တတဲ့ အတိုင်း ပြီးစီးကြသည်သာ ဖြစ်တော့ အချိန်သည့်ထက် ရှည်ရှည် လျားလျား များများကြီးဆိုတော့ ရေတွက် နိုင်ပါ့မလားဗျာ။

ဖြေ ။ ။ မရေတွက်နိုင်ပါဘုရား။

မေး ။ ။ အဲဒီ အချိန်တွေရှိသမျှ ဘုရားထံမှောက် ရောက်ကြ ပါတယ်။ လူနတ် ဗြဟ္မာတို့ဟာ ဘုရားထံမှောက်ရောက်လို့ ဒီလို အစီးအပွား တောင့်တပြီးတော့ကို မရကြတဲ့ အချိန် အခါ ရှိပါသလားဗျာ။

ဖြေ ။ ။ မရှိပါဘုရား။

မေး ။ ။ ရောက်ကြတဲ့ လူနတ်ဗြဟ္မာတို့ရော စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း မပြီးကြတာ ရှိသလား။

ဖြေ ။ ။ မရှိပါဘုရား။

ဒါကြောင့် ဘုရား ရှေ့လက်ထက်တော်က ဘုရားပွင့်တော်မူတဲ့ အချိန်က စပြီးတော့ အချိန်တိုင်း အချိန်တိုင်းမှာပင် များစွာသော လူနတ် ဗြဟ္မာအပေါင်းတို့ဟာ ဘုရားထံမှောက်ကို ဒီလိုအစဉ်တိုင်း ရောက်ပြီးတော့ လေးစားကြည်ညိုပူဇော်ခြင်းကို ပြုကြတဲ့အခါ ဘုရားရှင်ကိုယ်တော်တိုင် ထိုးထွင်းပြီးတော့ သိပါတဲ့အတိုင်း သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် များစွာ သော လူနတ်ဗြဟ္မာတို့အား (ဟောကြား) သိစေတော်မူပါတယ်။ သိစေတော် မူတဲ့အခါ ကျပြီဆိုမှဖြင့် ဆုံးမတော်မူပါတဲ့အဆုံးအမကို ကောင်းမွန်စွာ မှတ်သားပြီး မချတဲ့ ဝီရိယဖြင့် လေးဖြာသော ဣရိယာပုတ်တို့ကို **တဆက်တည်းထူထောင်** ပြီးတော့ လိုလားတောင့်တချက်တွေ ပြီးအောင် ဟာ ယူကြတယ်။ ယူကြတော့ အဲဒီလို ရပါတယ်ဗျာ။

http://www.dhammadownload.com



ယခုကောဆိုတော့ ယခုလပဲ ဘုရားရှေ့လက်ထက်က ဘုရားရှင် ပွင့်တော်မူသည့် အချိန်ကစပြီးတော့ ဆက်ကာဆက်ကာအားဖြင့် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူသည့် အချိန်အထိ တဆက်ထဲ တောင့်တရည်ရွယ် ချက်တွေဟာ အားလုံး အချိန်တိုင်း အချိန်တိုင်း များစွာသော လူနတ်ဗြဟ္မာ တို့ ယူကြလို့ ပြည့်စုံကြတာကို ဂဏန်းနဲ့ဆိုရင် မရေတွက်နိုင်ဘူးဆိုတော့ ဤကဲ့သို့ ရှည်လျားတဲ့ အချိန်တွေမှာ များစွာသော လူနတ်ဗြဟ္မာတို့ တောင့်တချက်နှင့် ပြည့်စုံကြတာတွေဟာ ဘယ် ရေတွက်နိုင်မှာတုံးဗျာ။

မေး ။ ။ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်သွားပြီးတဲ့နောက် ထားတော်မူခဲ့တဲ့ အဆုံးအမရှိတယ်။ ရှိပြီးတော့ ဤကဲ့သို့သိပြီးတော့ လိုက်နာကြပါတဲ့ လူနတ်ဗြဟ္မာတို့မှာ အချိန်တိုင်း အချိန်တိုင်း လိုက်နာ ဖြည့်ကျင့်ကြတော့ အချိန်တိုင်း အချိန်တိုင်း ပင်လျှင်ပဲ စိတ်နှလုံးတောင့်တတဲ့ အတိုင်းကော မပြီးပေဘူးလားဗျာ။

ဖြေ ။ ။ ပြီးပါတယ် ဘုရား။

မေး ။ ။ အေး... ပြီးပါတယ်ဗျာ၊ အချိန်တိုင်း အချိန်တိုင်းဆိုတော့ တဆက်ထဲတသားထဲ အချိန်တွေပေါ့ဗျာ။ ဟုတ်ကဲ့လား။

ဖြေ ။ ။ ဟုတ်ပါတယ် ဘုရား။

မေး ။ ။ ယခုကော ကိုယ်အလိုရှိတဲ့ တောင့်တချက်ကို ယူမယ် ဆိုရင် မပြီးနိုင်တဲ့အချိန် ရှိမှာလားဗျာ။

ဖြေ ။ ။ မပြီးနိုင်တဲ့အချိန် မရှိပါ ဘုရား။

မေး ။ ။ ကြိယာပုတ် လေးပါးရှိတဲ့အနက်မှာ ဘယ်ကြိယာပုတ် နှင့်တော့ ဆောင်လို့ ယူလို့ မပြီးဘူးဆိုတဲ့ ကြိယာပုတ်များ, အချိန်များ ရှိပါသလား။

ဖြေ ။ ။ မပြီးတဲ့အချိန်, မပြီးတဲ့ကြိယာပုတ်ရယ်လို့ မရှိပါဘုရား။

http://www.dhammadownload.com



## ပိဋကသုံးပုံလုံး ဆင်းရဲမှ လွတ်ရေး

အဲဒီတော့ မြင့်မြတ်တဲ့ အချိန်အခါ ဘဝကို သိပြီးတော့ အချိန်တိုင်း အချိန်တိုင်းမှာပဲ ရှေးအရှင်တွေဟာ မှန်းထားတဲ့အတိုင်း ထူထောင်ပြီးတော့ ယူကြလို့ ပြီးတာကို သိကြပါတယ်။ ဒီတော့ ဘုရားရှင် ဆိုဆုံးမပါတဲ့ အဆုံးအမဆိုတာ, ဘယ်သင်းတွေပါလဲ-ဆိုရင် အားလုံးသော သံဃာတော် အပေါင်း အရှင်ကောင်းတို့ဟာ မေတ္တာတည်းဟူသော မိုးစွေပြီး သကာလ သုံးဖြာပိဋကတို့ကို ကောင်းမွန်စွာ ပို့လို့, ချလို့, ဟောလို့, ပြောလို့, သွန်သင် ဆုံးမပြီးသကာလ အခွင့်အခါ အချိန်ရှိတိုင်း ရှိတိုင်း မလပ်ရအောင် အားလုံး တို့ကို ညွှန်ကြား ဆုံးမပြီးတော့ နေတယ်။

အဲဒီလို မေတ္တာမိုး စွေပြီးသကာလ အခွင့်အားလျော်စွာ, အချိန်အား လျော်စွာ အစဉ်မပြတ်အောင် ညွှန်ကြား ဆုံးမပြီးတော့ နေကြသည် အားလျော်စွာ အားလုံးသော ဒကာကြီးတွေ, ဒကာမကြီးတွေဟာ ဘုရားရှင် ဆိုဆုံးမပါတဲ့ အဆုံးအမဖြစ်တဲ့ သုံးဖြာသော ပိဋကတော်တို့ကို ကိုယ်နဲ့ တန်သလောက်တော့ ပွန်းတီး လိမ်မာမှုများ ရှိကြပါတယ်။ အကြားအမြင် ဗဟုသုတတွေ မနည်းကြပါဘူးဗျာ၊ ဘယ်လို လိမ်မာမှုရှိပါ သလဲဆိုရင် ဘုရားရှင် ဆိုဆုံးမပါတဲ့ အဆုံးအမကို စ၍ ပြောတော့မယ်လို့ တစ်လုံး တစ်လေမျှ စလိုက်ရင်ပဲ အားလုံးသော ဒကာကြီးတွေ, ဒကာမကြီးတွေဟာ သိရှိနားလည်ပြီးသား ဖြစ်သွားပါတယ်။

မေး ။ ။ ဘယ်လိုသိရှိနားလည်ပြီးသား ဖြစ်သွားပါသလဲဆိုရင် 'ဒါက သုတ်ပါဗျာ, ဒီဟာကတော့ အဘိဓမ္မာပါ, ဒါက ဝိနည်းပါ'လို့ ယခုလို အားလုံးပဲ သိရှိကြတယ်မဟုတ် လားဗျာ။

ဖြေ ။ ။ မှန်ပါ့ဘုရား။

အေး... အဲဒါ ဘာတုံးဆိုတော့ မေတ္တာရှင် ကရုဏာရှင် ဖြစ်ကြတဲ့ သံဃာတော်အပေါင်း အရှင်ကောင်းတို့ဟာ အစဉ်သနားပြီးတော့ မေတ္တာ မိုးစွေပြီးသကာလ အခါခပ်သိမ်း ညွှန်ကြားဆုံးမမှုကို ရကြသည့်အတွက် ဤကဲ့သို့ ပွန်းတီးလိမ္မာကြပါတယ်။ ဒီတော့ ဤကဲ့သို့ သုံးပါးသော ပိဋကဆိုတာ များပြား ကျယ်ဝန်းတယ်ဗျာ။ အရှင်ကောင်းတွေဟာ ပို့လို့, ချလို့, ပြောလို့, ဟောလို့ မပြတ်အောင် နေပင် နေငြားသော်လည်း

http://www.dhammadownload.com



ဒီဟာတွေဟာ ကုန်ဆုံးနိုင်တယ်လို့ မရှိအောင် အသီးသီး များပါတယ်။ ဘာလို့တုံးဆိုတော့ အတုအတူမရှိပါတဲ့ ဘုရားရှင် ညွှန်ကြားဆုံးမတော်မူတဲ့ အဆုံးအမ ဖြစ်သောကြောင့် ဘာမှ မလိုရအောင်, အကြွင်းအကျန်မရှိ ပြည့်စုံအောင် ကိုယ်တော်တိုင် ထိုးထွင်းသိပြီးတော့ ဆုံးမတော်မူပါတဲ့ အဆုံးအမများ ဖြစ်ပါတယ်။

ဤကဲ့သို့ များပြားနေပင် နေငြားသော်လည်း စင်စစ်မှာတော့ သုံးဖြာသော ပိဋကဟာ ဆင်းရဲမှ လွတ်မှုတခုပါပဲဗျာ။ များပင်များငြားသော်လည်း အဲဒီလို ဘုရားရှင် ဆုံးမတော်မူပါတဲ့ အဆုံးအမ, သုံးဖြာသော ပိဋကတို့ဟာ 'ဆင်းရဲမှ လွတ်မှုတခု' ဆိုတာကိုလဲပဲ မေတ္တာရှင် ကရုဏာရှင် ဖြစ်ကြတဲ့ သံဃာတော်အပေါင်း အရှင်ကောင်းတို့ဟာ မေတ္တာမိုးစွေပြီး သကာလ ထပ်တလဲလဲ အမျိုးမျိုးအဖြာဖြာ ဆင်းရဲမှ လွတ်မှု ဖြစ်တယ်လို့ ညွှန်ကြားဆုံးမတယ်။ ဒါကလဲ သူတို့ သိရှိနားလည်ပြီးသား အဆင်သင့် ရှိပြီးမဟုတ်လား၊ အဲဒီလိုရှိကြပါတယ်။

မေး ။ ။ ဒီတော့ ဆင်းရဲမှ လွတ်မှုတစ်ခုဆိုတာ မှတ်သားပြီး "ဒါက သုတ်, ဒါက ဝိနည်း, ဒါက အဘိဓမ္မာ"အားဖြင့် အားလုံး အမျိုးမျိုး အဖြာဖြာ မေတ္တာရှင်, ကရုဏာရှင်ဖြစ်တဲ့ အရှင်ကောင်းတွေဟာ မေတ္တာမိုး စွေပြီး သကာလ ထပ်တလဲလဲ ညွှန်ကြားဆုံးမထားလို့ မှတ်သားပြီး ထားတာကို ထိုင်ပြီးပြောမယ်ဆိုရင် ကုန်အောင်ပြောနိုင်ကြရဲ့လား။

ဖြေ ။ ။ မပြောနိုင်ပါဘုရား။

## အများကြီးထဲက မှန်မှန်တစ်ခု

ဘယ်နှရက်လောက် ထိုင်ပြောရင် အရှင်ကောင်းတွေရဲ့ ညွှန်ကြားဆုံးမ ထားတာကို, မှတ်မိတဲ့ အဆုံးအမတွေကို ဘယ်လောက်ကြာအောင် ပြောရင် ကုန်ပါ့မလဲ။ ကိုယ့်အကြားအမြင် ဗဟုသုတ ရှိသလောက် ကုန်မှာ မဟုတ်ပါဘူးဗျာ။ ဒါလဲပဲ ရှိပါလိမ့်မယ်။ ဒီလို ရှိမှာပဲဗျာ။ အဲဒီလိုများပြားပြီး တော့နေတဲ့ အဆုံးအမတွေအားလုံးဟာ ဆင်းရဲမှ လွတ်မှုတစ်ခုပါပဲ။ အားလုံး ဆင်းရဲမှ လွတ်မှုတစ်ခုဆိုတော့ များများ အကုန်လုံး မဟုတ်ပါ

http://www.dhammadownload.com



ဘူးဗျာ၊ ဘုရားဆုံးမတော်မူပါတဲ့ အဆုံးအမတော်တွေကို မှန်မှန်များများကြီး သိပြီးသား ရှိပါတယ်။

**အဲဒီလို မှန်မှန် များများ မှတ်သားထားတဲ့အထဲက အဆုံးအမ မှန်မှန် တစ်ခုကိုပေါ့ဗျာ၊ ဟော - ဝီရိယသန်သန်နှင့် ထူထောင်ပြီးတော့ ကြည့်ပါ၊ သိပါလိမ့်မယ်။**

မေး။ ။ ကြည့်တဲ့အခါကျတော့ ထိုထို အာရုံတပါး မသွားရအောင် စိုက်စိုက် စူးစူး ဘုရားရှင် ဆုံးမပါတဲ့ အဆုံးအမမှန်မှန် တစ်ခုကို ရှေးသူတော်ကောင်းတွေကဲ့သို့ ဝီရိယသန်သန် နဲ့ အဲဒီလို ထူထောင်ပြီးတော့ စိတ်ကို ဤကဲ့သို့ ထားမယ်ဆိုရင် ယခုထားရင် ယခု မနေကြပေဘူးလား။

ဖြေ ။ ။ နေပါတယ် ဘုရား။

အေး... နေတယ်ဗျာ့။ ဘုရားရှင် ဆိုဆုံးမပါတဲ့ သုံးဖြာသော ပိဋက တို့ဟာ များပြားပါတယ်။ များပင် များပြားသော်လည်း အားလုံးတို့ဟာ ဆင်းရဲမှ လွတ်မှုတစ်ခုပဲလို့ ဤကဲ့သို့ သိရှိပြီးသား ဖြစ်သည့်အားလျော်ညီစွာ **ဒီများများကြီးထဲက ဘယ်သင်းရယ်လို့ မဟုတ်ပါဘူး၊ ကိုယ်အလိုရှိရာ နှစ်သက်တဲ့ အဆုံးအမ မှန်မှန်တစ်ခုကို** ဘုရားရှင် ဆိုဆုံးမတဲ့ အဆုံးအမ မှန်မှန်တစ်ခုကို ရှေးအရှင်များလို ထပ်တူညီမျှ ဝီရိယသန်သန်နဲ့ ယခုလို ထူထောင်ပြီးတော့ကို အာရုံပြုဗျာ့။ ဤကဲ့သို့ အာရုံပြုလို့ရှိရင် ထိုထိုအာရုံ တွေနောက်ကို သွားပြီးတော့ နေတဲ့စိတ်ဟာ မသွားတော့ဘဲနဲ့ စိုက်စိုက်စူးစူး ကြီးနေမယ် မဟုတ်လားဗျာ့။

## အကာလိကော ဓမ္မော

မေး ။ ။ အဲဒီလိုတည်နေတဲ့ အချိန်အခါကျတော့ ဆင်းရဲကို ဖြစ်စေတတ်တဲ့ လောဘ ရှိပါဦးမလားဗျာ။

ဖြေ ။ ။ မရှိပါ ဘုရား။

မေး ။ ။ ဒေါသကော ရှိပါဦးမလား။

ဖြေ ။ ။ မရှိပါ ဘုရား။

မေး ။ ။ မောဟကော ရှိပါဦးမလား။

http://www.dhammadownload.com



ဖြေ ။ ။ မရှိပါဘုရား။
မေး ။ ။ အဲဒီလို လောဘ, ဒေါသ, မောဟ ,မရှိဘူးဆိုရင် ကြောက်ရမှု, စိုးရိမ်ရမှု, ပူပန်ရမှုတွေ ရှိပါသေးသလားဗျာ။
ဖြေ ။ ။ မရှိပါဘုရား။
မေး ။ ။ အေး... အဲဒီလို ကြောက်ရမှု, စိုးရိမ်ရမှု, ပူပန်ရမှုတွေ မရှိဘူးဆိုတော့ ချမ်းသာတာလား၊ ဆင်းရဲတာလားဗျာ့။
ဖြေ ။ ။ ချမ်းသာပါတယ်ဘုရား။
မေး ။ ။ အဲဒီလို ဘုရားဆုံးမပါတဲ့ အဆုံးအမ မှန်မှန်တစ်ခုကို ဝီရိယသန်သန်နှင့် ဒီလိုအာရုံပြုပြီး ဝီရိယ ထူထောင်မယ် ဆိုတော့ ဝီရိယိဒ္ဓိပါဒ်ဟာ ဆိုင်းနေပါ့မလား။
ဖြေ ။ ။ မဆိုင်းပါ ဘုရား။

အေး... မဆိုင်းဘူးဗျာ့။ အဲဒီလို သန်သန်မှန်မှန်မှတ်ပြီး အာရုံပြုထားကြ၊ ကြားလား။ (မှန်ပါ့ ဘုရား။) အေး. . အဲဒီလိုထားရင် ယခုချက်ခြင်း ဝီရိယိဒ္ဓိပါဒ်ဟာ ပေါ်ပေါက်လာပါလိမ့်မယ်။ ဒို့က ဘုရားအလိုကျတွေ လျှောက်ပြောရင် အပြောသိသာ ဖြစ်သောကြောင့် ပြောဆိုနေတာက ကြာချင်ကြာပါလိမ့်မယ် ထင်တယ်။

'ထားပါ'ဆိုတဲ့အတိုင်း မိမိသိပြီးသားထဲက မှန်မှန်တစ်ခုကို ယခုချက်ချင်း သန့်သန့်ဝီရိယနဲ့ ထူထောင်ပြီးထားလိုက်ရင် ဝီရိယိဒ္ဓိပါဒ်ဟာ မဆိုင်းဘဲနဲ့ ချက်ချင်းပေါ်ပေါက်လာပါလိမ့်မယ်။ ကြားကြရဲ့လား။ (မှန်ပါ့ဘုရား။) ပေါ်ပေါက်လာပါတယ်ဗျာ့။ အဲဒါ 'အကာလိကော' လို့ ခေါ်တာဗျာ့။ သို့သော်လည်းပဲ ဒို့ကတော့ သိလို့မဟုတ်ဘူးပေါ့လေ။ ယခုပြောတဲ့အတိုင်းထားလို့ ပေါ်ပေါက်လာတယ်ဆိုရင် မှန်တယ်ဗျာ့။ ဒကာကြီးတွေ ဖြေတာကို ကြားပြီးတော့ ပြောလိုက်ရတာပဲဗျာ့။ ဒို့ဘုရားအလိုတော်က ဒီလိုဒီလိုလို့ ပြောတာနဲ့ သူတို့မှတ်ပြီးသားဖြစ်လို့ သိပြီးသားကို ပြောရတော့ လွယ်တယ်ဗျာ့။

http://www.dhammadownload.com



## ဗဟုသုတ များးကုန်ကြ

ဒို့က ဝီရိယသန်သန်နဲ့ ထားလိုက်ကြပါဆိုတော့ ဆိုလို့မှ မဆုံးခင် အားလုံး ထားပြီးကြပြီ ထင်တယ်။

မေး ။ ။ ဘယ့်နှယ်တုံး၊ အားလုံး မဟုတ်သေးဘူးလား။

ဖြေ ။ ။ အားလုံး မဆိုနိုင်သေးပါ ဘုရား။

မေး ။ ။ အားလုံးပြောလို့ အားလုံးကြားတယ် မဟုတ်လား။ အားလုံးထား တယ်ဆိုတာ ဒကာကြီးက ချန်ထားရင် ခံချင်ပ့ါမလား၊ ဘယ့်နှယ်တုံး။

ဖြေ ။ ။ တချို့က ဘယ်လိုထားရမယ်ဆိုတာ မသိသေးပါဘုရား။

မေး ။ ။ အံမယ်... သူတို့မှာ မှတ်ထားလိုက်တာ မနည်းပါဘူးဗျာ့။ မေတ္တာရှင် ကရုဏာရှင်တွေက သွန်သင်ပြီးထားတော်မူကြလို့ အစဉ်အတိုင်း အစွန့်ရှည်စွာ မပြတ်အောင် သူတို့တတွေရကြတော့ နေရာတိုင်း နေရာတိုင်းမှာ အားလုံးသွက်လက် ဖျတ်လတ် နားလည်ပြီးသား၊ မှန်မှန် တစ်ခုကို သန်သန် ဝီရိယနှင့် ယခုန ထားလို့ဆိုတော့ သူတို့ ရှိပြီးတာ, ထားပြီးတာ, ဒို့က မမေးခင်ကိုက နေရဲ့လားဆိုတော့ ဘယ်နှယ်တုံး၊ နေတယ်လို့ပြောတယ် မဟုတ်လား။

ဖြေ ။ ။ ဘယ်လိုထားရမယ်ဆိုတာ သိတဲ့ပုဂ္ဂိုလ်ကသာနေတယ်လို့ ဖြေပါမယ်ဘုရား၊ တစ်ချို့ ဒီအထဲမှာ လူငယ်တွေ, တရားမနာဘူးတဲ့ ပုဂ္ဂိုလ်တွေ ပါပါတယ်ဘုရား။

မေး ။ ။ မနာဘူးတာများ ရှိပါသလား။ယခု ဒီရောက်လာကြတဲ့ ဒကာကြီးတွေ, ဒကာမကြီးတွေဟာ ရောက်ရာ ရောက်ရာမှာ အားလုံးတရားဟောတဲ့ ဓမ္မကထိက ချည်းပဲမဟုတ် လားဗျာ့။

ဖြေ ။ ။ အကုန်လုံးတော့ မဟုတ်ပါဘုရား၊ တချို့ ဘာမှမသိသေးပါ ဘုရား။

http://www.dhammadownload.com



မေး ။ ။ နို့.... ဒီလိုဆိုရင် ဒကာကြီးပြောတာ ဟိုက ဒကာကြီးတွေ၊ ဒကာမကြီးတွေက ခံချင်ပါ့မလား။

ဖြေ ။ ။ ဟိုက ဒကာကြီးတွေ ဒကာမကြီးတွေကို ပြောတာမဟုတ်ပါဘုရား၊ တပည့်တော် ကိုယ်မသိတာကို တပည့်တော် ပြောတာ ပါဘုရား။

မေး ။ ။ ဟိုက ဒကာကြီးတွေ၊ ဒကာမကြီးတွေက ခံချင်မှာ မဟုတ်ဘူး မဟုတ်လား။

ဖြေ ။ ။ ဟိုကဒကာကြီးတွေ၊ ဒကာမကြီးတွေက သိပါတယ် ဘုရား၊ တပည့်တော် မသိတာကိုသာ ပြောတာပါ။

မေး ။ ။ ဒါကတော့ ယခုန ဘာတုန်းဆိုရင် မသိဘူးဆိုတဲ့ ဥစ္စာက သူလဲ အားလုံးထဲမှာ မပြတ်အောင် ရောက်ရာ ရောက်ရာမှာ တရားပဲ ဟောနေတာပဲ မဟုတ်လား။

ဖြေ ။ ။ ဒီလို မဟုတ်သေးပါ ဘုရား။

မေး ။ ။ ဘယ်လိုတုန်းဗျာ့။

ဖြေ ။ ။ တပည့်တော် ဒါတွေ လျှောက်ပြောနေတဲ့ အပြောသမားပါ ဘုရား။

ဒီလိုပြောရတာက ဒို့လဲဒကာကြီးတွေ လျှောက်မေးထားပြီး ပြန်ပြောတဲ့ဥစ္စာ လျှောက်ပြောတာဗျာ့။

ဒို့သိတာ ဘာမှ မပါဘူးဗျာ၊ ဘုရားဆိုဆုံးမတော်မူတဲ့ဟာကို ပြောတာပဲ၊ ကိုယ်သိတာ မပါပါဘူးဗျာ့။ ဘုရားရှင် ဟောထားတဲ့ အဆုံးအမတွေကို လျှောက်ပြီးလို့သာ ပြောနေတာ။

အဲဒီပြောတဲ့ဥစ္စာကို **သေသေချာချာဖြစ်နေတဲ့ အထဲက** ဘုရား ဟောတော်မူတာကိုပဲ ပြောတာဗျာ့။

ဘုရား ဟောတော်မူတာကတော့ အကြွင်းအကျန်မရှိ၊ ဘယ်သင်းမှ မလိုဘူးဗျာ့။ ဒို့ကသာ အဲဒါတွေကို လျှောက်ပြောမယ် ဆိုရင် ကျန်နေတာ ရှိတယ်ထင်ပါတယ်ဗျာ။ ဘုရားရှင် ဟောတော်မူတာကတော့ အကြွင်းအကျန် မရှိ၊ ဘယ်ဟာမှ လိုမှာ မဟုတ်ဘူးဗျာ့။ ဒို့မှာ လျှောက်ပြောရင် ကျန်နေတာ ဘယ်လောက် များမှန်းမသိဘူး။

http://www.dhammadownload.com



မေး ။ ။ အဲဒီ ကျန်တာတွေအားလုံး လျှောက်ပြောနိုင်ပါ့မလား။

ဖြေ ။ ။ မပြောနိုင်ပါဘုရား။

ဒို့တတွေက တောထဲမှာ ဘာသိဘာသာနေတော့ ကျန်မှာပါဗျာ့။ သို့ပေမယ့် အားလုံး လွယ်လွယ်ကို ပြောကြပါစို့ရဲ့။ ဘုရား ဆိုဆုံးမတော်မူထားတဲ့ သုတ်, ဝိနည်း, အဘိဓမ္မာတို့မှာ သွက်လက်ဖျတ်လတ်ကြပါတယ်။ ဒီမှတစ်ပါး သမထ ဝိပဿနာတွေကို ပြောရမယ်ဆိုရင်လဲ မေတ္တာရှင်, ကရုဏာရှင်တွေက သွန်သင်ထားသည့်အတွက် အကျဉ်း သခေ်ပ, အကျယ်ဝိတ္ထာရတို့ကို အားလုံး သွက်လက်ဖျတ်လတ်ကြတယ် မဟုတ်လားဗျာ့။ တချို့လဲ ရှိပါလိမ့်မယ်။

မေး ။ ။ ဒကာကြီးကတော့ ဒီလိုနေတယ်မဟုတ်လား။

ဖြေ ။ ။ မနေပါဘုရား။

## မွေးကတည်းက ရှူတတ်ကြ

ကဲပါဗျာ. . သူတကာ ဖြစ်တဲ့ဟာကို ပြောရမှာပဲ။ အားလုံးသော ကြီးကြီးငယ်ငယ် ဒကာကြီးတွေ, ဒကာမကြီးတွေဟာ အသက်မရှူကြဘူးလားဗျာ့။ ပါဠိတွေ ဘာတွေ ဆိုတာတော့ ရပြီးသားဖြစ်မှာပဲ။ ဒို့က မသိတော့ အသက်ရှူတယ်လို့ ပြောမှာဗျာ့။

မေး ။ ။ အားလုံးသော ဒကာကြီးတွေ, ဒကာမကြီးတွေဟာ အသက် မရှူကြဘူးလား။

ဖြေ ။ ။ ရှူကြပါတယ် ဘုရား။

မေး ။ ။ အသက်ရှူတဲ့အခါမှာ ဘယ်အချိန်ကစပြီး ရှူကြသတုံး။

ဖြေ ။ ။ မွေးတည်းက ပါပဲဘုရား။

မေး ။ ။ အဲဒီတော့ ထိုင်နေရင်းကော။

ဖြေ ။ ။ ရှူပါတယ်ဘုရား။

မေး ။ ။ မတ်တပ်ရပ်ရင်းကော။

ဖြေ ။ ။ ရှူပါတယ် ဘုရား။

မေး ။ ။ လမ်းသွားရင်းကော။

ဖြေ ။ ။ ရှူပါတယ်ဘုရား။

http://www.dhammadownload.com



မေး ။ ။ ခန္ဓာဝန်အတွက် စားဖို့သောက်ဖို့ အလုပ်တွေကို လုပ်နေရင်းကော။

ဖြေ ။ ။ ရှုပါတယ် ဘုရား။

မေး ။ ။ အေး.. ဒီတော့ အိပ်ပျော်သွားတော့ကောဗျာ့။

ဖြေ ။ ။ အိပ်ပျော်သွားတော့လဲ အသက်ရှုပါတယ် ဘုရား။

မေး ။ ။ ဟုတ်ကဲ့လား။

ဖြေ ။ ။ ရှုပါတယ်ဘုရား။

မေး ။ ။အမှုကိစ္စတွေများကြတော့ တစ်ခါတလေ 'အသက်မရှုအားပါဘူး' ဆိုပြီးတော့ နေကြတာများ ရှိသေးသလားဗျာ့။

ဖြေ ။ ။ အသက်မရှုအားတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိပါဘုရား။

မေး ။ ။ အေး.... ဒါဖြင့် အားလုံး အသက်ရှုဖို့တော့ တတ်ကြတဲ့ ပုဂ္ဂိုလ် ချည်းပဲပေါ့ဗျာ။ ဒါဖြင့် အသက်ရှုတတ်နေရင် မေးရဦးမယ်ဗျာ့။ အသက်ရှုတဲ့အခါကျပြီဆိုရင် စဉ်းစားပြီး နေလို့ရှိရင် လေကလေးဟာ ဘယ်အနားကို တိုက်ထွက်သတုံးလို့ ယခုလို စိတ်ထဲက စဉ်းစားမယ် ဆိုရင် မသိပေဘူးလား။

ဖြေ ။ ။ သိပါတယ်ဘုရား။

မေး ။ ။ ဝင်တော့ကော လေကလေးဟာ ဘယ်အနားကလေးကို တိုက်ဝင် သလဲဆိုတာ မသိဘူးလား။

ဖြေ ။ ။ သိပါတယ်ဘုရား။

ဒါဖြင့်ရင် အသက်ရှုတဲ့အခါကျပြီဆိုတော့ လေကလေးဟာထွက်သွားပြီး ဘယ်အနားကလေးကို တိုက်ထွက်သတုံး၊ ဝင်တော့ လေကလေးဟာ ဘယ်အနားကလေးကို တိုက်ပြီးတော့ ဝင်သတုံး၊ ယခုပဲ စဉ်းစားကြည့်ကြစမ်းပါဗျာ။

[ ဆရာတော်ဘုရား အမိန့်ရှိသည့်အတိုင်း တစ်မိနစ်ခန့် ငြိမ်သက်စွာ ထွက်လေ, ဝင်လေတို့ကို မှတ်သိနေကြပါသည်။]

မေး ။ ။ ကဲဗျာ.. ဘယ်အနားကလေး တိုက်ထွက်သတုံးဗျာ့။

ဖြေ ။ ။ နှာသီးဖျားကလေးကို တိုက်ထွက်ပါတယ်ဘုရား။

http://www.dhammadownload.com



မေး ။ ။ ဝင်တော့ကော။

ဖြေ ။ ။ နှာသီးဖျားကလေးကိုပဲ တိုက်ပြီးတော့ ဝင်ပါတယ်ဘုရား။

အဲဒီလို ထွက်လေ, ဝင်လေ နှစ်ရပ်တို့ကို အမျိုးမျိုး အဖြာဖြာအားဖြင့် ဘုရားဆုံးမတော်မူပါတဲ့အတိုင်း ဘုရားရှင် အလိုတော်ကိုသိပါတဲ့ မြင့်မြတ်သော အရှင်သခင်တွေက ညွှန်ကြားဆုံးမလို့ အားလုံးတို့ဟာ နားလည် ပြီးသား ရှိပါတယ်ဗျာ။ တစ်ခုထဲကိုပင်လျှင်ပဲ ပြောလို့မကုန်နိုင်အောင် ဘုရားရှင် အလိုတော်ကျ, ဘုရားရှင် ဆုံးမပါတဲ့ အဆုံးအမတွေ ကတော့ များများကြီး ရှိထားကြပြီးသား ရှိပါတယ်ဗျာ။ သို့သော် အဲဒီလိုရှိထားပြီးသား အသီးသီး တွေကို နားလည်ပြီးသား ရှိပင်ရှိငြားသော် လည်းပဲ ယခုပြောသလိုပဲ ပြောရတယ်ဗျာ။

## နှာဖျား နှာဝ တဆက်တည်းသိနေမှ

မေး ။ ။ လေကလေးဟာ တိုက်ထွက်တော့ဘယ် အနားကလေးကို တိုက်ထွက်သလဲ။

ဖြေ ။ ။ နှာသီးဝကို တိုက်ထွက်ပါတယ်ဘုရား။

မေး ။ ။ ဝင်တော့ကော။

ဖြေ ။ ။ နှာသီးဝကိုပဲ တိုက်ပြီး ဝင်ပါတယ်ဘုရား။

မေး ။ ။ အဲသည်လို တိုက်ဝင်, တိုက်ထွက်တဲ့နေရာကို လက်နှင့်ထိပြီး ထားတော့ကို မသိပေဘူးလားဗျာ။

ဖြေ ။ ။ သိပါတယ်ဘုရား။

မေး ။ ။ လက်နှင့်ထိပြီး ထားတော့ကို သိတယ်၊ အဲသည်လို သိတာကို နှုတ်က ဆိုရသေးသလား။

ဖြေ ။ ။ မဆိုရပါ ဘုရား၊ မဆိုဘဲနှင့် သိပါတယ်ဘုရား။

မေး ။ ။ လက်နှင့်ထိတော့ သိသလို လေဟာ တိုက်ပြီးထွက်တော့ ကော သိတာကို နှုတ်ကဆိုရသေးသလား။

ဖြေ ။ ။ မဆိုရပါ ဘုရား။

မေး ။ ။ တိုက်ဝင်တော့ကော။

ဖြေ ။ ။ မဆိုရပါ ဘုရား။

http://www.dhammadownload.com



မေး ။ ။ ပြီးတော့ သည်လို လက်နှင့် ထိပြီးထားမယ်ဆိုရင် သိတယ်ဆိုတာက အဆက်ပြတ်ပြီးသွားအောင် သိသလား၊ တဆက်ထဲ သိသလား။

ဖြေ ။ ။ တဆက်ထဲ သိပါတယ်ဘုရား။

မေး ။ ။ အေး..... ဒါဖြင့် ခုနကပြောသလို နှာသီးဖျားကလေးမှာ လက်နှင့် ထိတော့ တဆက်ထဲသိပြီးနေသလို လေက လေးက သည်နေရာ ကလေးကို တဆက်ထဲ တိုက်ထွက် နေတာဟာ ပြတ်ပါ့မလား။

ဖြေ ။ ။ မပြတ်ပါဘုရား။

မေး ။ ။ ပြန်ပြီးဝင်တော့ကော သည်နေရာကလေးမှာ ပြတ်ပြီး တော့ကာ ဝင်သလား။

ဖြေ ။ ။ တဆက်ထဲ ဝင်ပါတယ် ဘုရား။

တဆက်ထဲ တိုက်ပြီးထွက်တော့ လေဟာ အေးအေး, အေးအေးနှင့်, တိုက်ပြီးဝင်တော့လဲ အေးအေး - အေးအေးနှင့်, သည်နေရာ ကလေးမှာ သိပြီးနေမယ်၊ ဟိုဘက်ကို လိုက်မသွားနှင့်။

မေး ။ ။ ဟိုဘက်ဆိုတာ ဘယ်လိုပါလဲ ဘုရား။

ဖြေ ။ ။ ထိပြီးနေတာကလေးကို လက်မလွှတ်စေနှင့်၊ တိုက်ပြီး ထွက်နေတာ ကလေးကို သိပြီးတော့နေ၊ **ဟိုကိုလိုက် မသွားနဲ့၊ ဟိုလိုက်သွားတော့ ဘာပြုတုန်းဆိုလျှင် ထိတာကလေးကို သိတော့မှာ မဟုတ်ဘူးဗျာ၊ ပြန်ဝင် ပြန်တော့လဲ တိုက်ပြီး တိုးပြီးဝင်တာကလေးကို သာလျှင် သိနေဗျာ။** ဟိုလိုက်မသွားနဲ့ ၊ ပြီးတော့ တဆက်တည်း သည်လိုသိပြီးနေမယ် မဟုတ်လား။ (မှန်ပါတယ်ဘုရား။)

အေး. . အဲဒါကို လက်နဲ့ ထိလို့ တဆက်တည်း သိသလို သိပြီး နေအောင်ဟာ အခုလဲ ထားကြည့်ကြစမ်းပါဗျာ။

မေး ။ ။ နှာသီးဖျား နှစ်ခုကို နှစ်ခုစလုံးပဲ မှတ်ရမလား၊ တစ်ခုထဲ မှတ်ရမလား ဘုရား။

http://www.dhammadownload.com



ဖြေ ။ ။ **တစ်ခုထဲထားပါ။ နှစ်ခု ထားနေလို့ရှိလျှင် စိတ်နှစ်ခု ဖြစ်နေဦးမယ်ဗျာ့။ လက်နှင့်ထိတော့ သိတယ်၊ အဲသည်လို သိတဲ့နေရာမှာ တစ်ခုထဲကိုပဲ စူးစူး စိုက်စိုက်ထား။**

[ဆရာတော်ဘုရားဟောကြားသည့်အတိုင်း နှစ်မိနှစ်ခန့် ငြိမ်သက်စွာ မှတ်နေကြပါသည်။]

## ကျေးဇူးတင်ရန် ဆူညံသံ

မေး ။ ။ အခုလိုထားတော့ နေတယ်မဟုတ်လားဗျာ့။

ဖြေ ။ ။ အများအားဖြင့် နေပါတယ်ဘုရား။

မေး ။ ။ အကုန်လုံး မဟုတ်ဘူးလား။

ဖြေ ။ ။ တပည့်တော် အခုလုပ်တဲ့အချိန်မှာတော့ အများအားဖြင့် နေပါတယ် ဘုရား၊ တစ်ခါတလေ ချောင်းဆိုးသံ ဝင်လာပါတယ် ဘုရား။

မေး ။ ။ ကိုယ်ချောင်းဆိုးတာက ဝင်တာလား၊ သူများ ချောင်းဆိုး တာက ဝင်တာလား။

ဖြေ ။ ။ သူတကာ ချောင်းဆိုးတာက ဝင်နေတာပါဘုရား။

မေး ။ ။ အဲဒါ ဝီရိယနည်းလို့လား၊ ဝီရိယများလို့လား၊ ချောင်းဆိုး တဲ့လူကို အပြစ်ဆိုမှာလား။

ဖြေ ။ ။ နည်းနည်းတော့ စိတ်ဆိုးသွားပါတယ်ဘုရား။

[illegible] အဲသလို ဆင်းရဲမှ လွတ်မှုအတွက် ဘုရား [illegible] ဘုရားအဆုံးအမရတော့ ယခုလိုထားရော၊ထားတော့ကို [illegible] ချောင်းဆိုးရော၊ ချောင်းဆိုးတော့ ချောင်းဆိုးသံ ကြားရော၊ သည်တော့ ဒကာကြီးက 'သည်ဒကာကြီး, ဒကာမကြီးတွေဟာ ချောင်းဆိုး [illegible] စိတ်ဆိုးသွားရော။ နောက်ပြီး ဒကာကြီးက အခုလို တရားအားထုတ်တယ်ဆိုတော့ [illegible] ခြားလူတွေက ဒကာကြီးဟာ 'တော်ပါ [illegible] ချီးမွမ်းကြ လိမ့်မယ်။

http://www.dhammadownload.com



မေး ။ ။ ကဲ... ပါဗျာ၊ ချီးတော့ ချီးမွမ်းမယ်၊ သည်လို စိတ်ဆိုးရက်နှင့် စုတိကျလို့ သေသွားလျှင် သည် သူတော်ကောင်းကြီး ဘယ်သွား မလဲ။

ဖြေ ။ ။ အပါယ်လေးပါး ကျမှာပါပဲဘုရား။

မေး ။ ။ ချီးမွမ်းတာကို ကြိုက်တော့ကြိုက်တယ် မဟုတ်လား၊ ကြိုက်ပေမယ့်လည်း သည်အတိုင်း စိတ်ဆိုးလျက် စိတ်တိုလျက်နှင့် ဒီအချိန်ကလေးမှာ စုတိကျသွားရင် ဘယ်ရောက်မလဲ။

ဖြေ ။ ။ စိတ်ဆိုးလျက်နှင့် သေသွားလျှင် အပါယ်ကျမှာပဲ ဘုရား။

မေး ။ ။ သေသေချာချာ ကျမှာလား။

ဖြေ ။ ။ သေသေချာချာ ကျမှာပါ ဘုရား။

မေး ။ ။ ဒကာကြီး အပါယ်ကျချင်သလား။

ဖြေ ။ ။ မကျချင်ပါဘုရား။

မေး ။ ။ လိမ်တာလား။

ဖြေ ။ ။ တပည့်တော်က လိမ်တာပါလို့ ဖြေရမှာပါပဲဘုရား။

မေး ။ ။ ဘာဖြစ်လို့လဲ။

ဖြေ ။ ။ တပည့်တော်က အပါယ်ကျမှာကို တကယ်ကြောက်တာမှ မဟုတ်ဘဲ။

အေး....ဒါကြောင့်မို့ ဒကာကြီးက ချောင်းဆိုးသံကို ကြားသွားတာပါ။ (ဟုတ်ပါတယ်ဘုရား၊ တပည့်တော်က အပါယ်ကျမှာကိုသာ တကယ် သိပ်ကြောက်ရင် ချောင်းဆုံးသံမပြောနှင့်၊ အမြောက်ကြီးပစ်တာတောင် ကြားမှာ မဟုတ်ပါဘုရား။) အဟုတ်ကြောက်ပြီဆိုရင် ဝီရိယထားတော့ မှာပဲဗျာ့။

မေး။ ။ ဒါဖြင့် ဒကာကြီးက အပါယ်တော့ မကျချင်ဘူးပေါ့လေ။မကျချင်ရင် ချောင်းဆိုးသံကြားတော့ သည်ချောင်းဆိုးတဲ့လူကို တဲ့ရမလား၊ မတဲ့ရမလား။

ဖြေ။ ။ မတဲ့မှာပါဘဲ ဘုရား၊ စိတ်ဆိုးနေမှာပါပဲဘုရား။

http://www.dhammadownload.com



အေး.... အဲဒီလို မဖြစ်စေရဘူး၊ ဘာဖြစ်လို့လဲ ဆိုလို့ရှိရင် ကိုယ်က ဝီရိယထူထောင်ပြီးတော့ အခုလိုနေရင် ဆင်းရဲမှ လွတ်မှုအတွက် အဲသည်လိုနေတုန်း သူက ချောင်းဆိုးတော့ကာ ကြားရော၊ ကြားတော့ ကိုယ်က ဝမ်းမြောက်ရမယ်၊ ကျေးဇူးတင်ရမယ်။ ဘယ်လိုလဲဆိုရင် ဝီရိယနည်းတာကို သူက 'ဝီရိယနည်းတယ်၊ ဝီရိယတိုးလိုက်ပါဦး' လို့ ဘေးက ပြောတာဗျာ့။ ဟုတ်ကဲ့လားဗျာ။ "ဆင်းရဲမှ လွတ်ချင်ရင် သည်လို ဝီရိယမျိုးနဲ့တော့ မဖြစ်သေးဘူး၊ ဝီရိယနည်းတယ်၊ ဝီရိယတိုးလိုက်ပါဦး'လို့ အဲသည်လို ပြောတာဗျာ့" ၊ အဲသည်လို ပြောတော့ ကိုယ့်ကိုယ်ကို ဘယ်လိုပြောရမလဲ ဆိုတော့ 'ကဲ မိတ်ဆွေတို့ရဲ့ နားလည်ပြီ၊ ဝီရိယနည်းတယ်၊ တိုးလိုက်ပါဦး ဆိုလို့ အခု တိုးပါတော့မယ်' အဲသည်လိုဆိုပြီး တခါထဲ ဝီရိယကို တိုးရမှာဗျာ့။

မေး ။ ။ အဲသည်လို ဝီရိယကို အဟုတ်တိုး လိုက်မယ်ဆိုရင် သည်ချောင်းဆိုးသံကို ကြားပါ့မလား။

ဖြေ ။ ။ ဝီရိယတိုးလိုက်ရင် မကြားပါဘုရား။

မေး ။ ။ ပြီးတော့ စကားတွေ တပြုံက်နက်ထဲ ကျယ်ကျယ်များများကြီး ပြောပြန်ရောတဲ့ဗျာ။ ဘယ့်နှယ်တုံး ကြားမှာလား။

ဖြေ ။ ။ ဝီရိယနည်းရင် ကြားမှာပါပဲဘုရား။

မေး ။ ။ အဲသည်လိုကြားရင် ဘယ့်နှယ်တုံး၊ သူတို့ကို စိတ်ဆိုးဦးမှာလား။

ဖြေ ။ ။ တပည့်တော်ကတော့ စိတ်ဆိုးတဲ့ဘက်က များပါတယ်ဘုရား။

သည်လိုမဖြစ်စေရဘူး၊ သူတို့ကို စိတ်တိုရ, စိတ်ဆိုးရမှာ မဟုတ်ဘူး၊ ဘယ့်နှယ်လဲဆိုရင် 'ငါရဲ့မိတ်ဆွေတွေ ငါရဲ့အစီးအပွားကို ဆောင်ဖော်ရပေတယ်' လို့ ကျေးဇူးတင်ရမှာဗျာ့၊ ဘာကြောင့်လဲဆိုရင် အစဉ်အားဖြင့် ဝီရိယ ထူထောင်တယ်၊ ထူထောင်တော့ စကားပြောတာကို ကြားတယ်ဆိုတာက ကိုယ်လျော့လို့, ပေါ့လို့ကြားတာကိုဗျာ့။ (လျော့နေပါတယ်ဘုရား။) သည်လို လျော့လို့,ပေါ့လို့ ကြားတော့ စိတ်က ဘယ့်နှယ်ဖြစ်ရမလဲဆိုရင် ဝီရိယထူထောင်မယ် ဆိုပြီး ထူထောင်တော့ စကားပြောတာတွေကို ကြားတယ်၊ အဲသည်တော့ 'သူများသိမှာကို ရှက်လှချည်ရဲ့ဗျာ၊ အားထုတ်မယ်' ဆိုပြီး အားထုတ်ပြီးနေတယ်။

http://www.dhammadownload.com



မေး ။ ။ စကားပြောတာကို ကြားတယ်ဆိုတာ ဝီရိယနည်းတာ မဟုတ် လားဘျာ့။

ဖြေ ။ ။ ဝီရိယနည်းလို့ပါ ဘုရား။

အေး.... သည်လို 'ဝီရိယနည်းတာကို အားလုံးသော မိတ်ဆွေသင်္ဂဟ များ သိရင် ရှက်လှချည်ရဲ့' ဆိုပြီး ဝီရိယကို တိုးပြီး ထူထောင်ရမှာဘျာ့။ 'အခု ပြောတာ နည်းပါသေးတယ်၊ သည်ထက်များ တိုးပြောစမ်းပါဦး' ဆိုပြီး ဝီရိယ သည့်ထက်တိုးပြီး ထူထောင်ရမှာဘျာ့။ ဤကဲ့သို့ ထူထောင်လို့ ရှေး အရှင်တို့ရဲ့ ဝီရိယကို မီသွားမယ်ဆိုရင် သူတို့စကားပြောတာ ကြားပါဦး မလား။

ဖြေ ။ ။ မကြားပါဘုရား။

ဒါ. . သူတို့ကို ကျေးဇူးတင်ရမယ်ဘျာ့။ သူတို့ကသာ ဘာသိဘာသာ နေလို့ ဘာသံမှ မကြားရရင် ကိုယ့်ကိုယ်ကိုယ် ဝီရိယကောင်းကြီးဆိုပြီး စိတ်က ထင်ချင် ထင်မှာဘျာ့။ စိတ်ကြီးဝင်ချင် ဝင်နေမှာဘျာ့။ ဒါ့ကြောင့် စကားပြောရင် ဝမ်းမြောက်ရမယ်ဘျာ့။ ဘာ့ကြောင့်လဲဆိုရင် 'အကူအညီ ပေးတဲ့ သူတော်ကောင်းတွေ'လို့ ဆိုပြီး ကျေးဇူးတင်ရမယ်ဘျာ့။

မေး ။ ။ အခုနလို 'သည်နေရာက စကားပြောတယ်၊ တော်ပါပြီ' ဆိုပြီး ရပ်ထားလိုက်ရင် နေရာကျပါ့မလား။

ဖြေ ။ ။ နေရာမကျပါဘုရား။

သည်နေရာ စကားပြောတယ်၊ သည့်ပြင်နေရာ သွားမယ်ဆိုပြီး သွားရင် သည့်ပြင်နေရာကျ စကားပြောပြန်ရော၊ သည်တော့ မလုပ်ဖြစ် ဘူးဘျာ့။ (ဟိုနေရာသွားရင်ကော သည်လိုပဲ စကားပြောမှာပါပဲ ဘုရား။)

မေး ။ ။ ဒါဖြင့် ဘယ့်နှယ်ဖြစ်မလဲ။

ဖြေ ။ ။ ဟိုနေရာ, သည်နေရာ နေရာပြောင်းတာနှင့် အချိန်ကုန် ရပါရောဘုရား။

မေး ။ ။ အခုနလို စကားပြောသံ ကြားရင် 'မင်းလုပ်တာ လျော့လို့၊ ပေါ့လို့' ဆိုပြီး အမှန်အတိုင်းကို သိပြီးတော့ ဝီရိယ ထူထောင်မယ်ဆိုရင် နေရာ ပြောင်းရပါဦးမလား။

ဖြေ ။ ။ မပြောင်းရပါဘုရား။

http://www.dhammadownload.com



သည်လိုဆိုတော့ စကားပြောတဲ့ လူတွေကော ကျေးဇူးမတင် သင့်ဘူးလား။ (ကျေးဇူးတင်သင့်ပါတယ် ဘုရား။) သူတို့ဟာ မေတ္တာရှင် ကရုဏာရှင်တွေ ဖြစ်ပါတယ်ဗျာ့။ ကိုယ်၏ လိုလား တောင့်တချက်တွေ ပြီးအောင် အကူအညီပေးတဲ့ အားလုံးသော မိတ်ဆွေသင်္ဂဟတွေကို သည်လိုကျေးဇူးတင်ရမယ်ဗျာ့။

သည်လိုကျေးဇူးတင်ပြီးတော့ အားထုတ်ပါ။ သည်က ပြောလို့ ကြားပြန်ရင် 'ချီးမြှောက်ပါ။ နားလည်ပါပြီ' ဆိုပြီး သည်လို ပြုရမယ်။ သည်တော့ ရှေးအရှင်တွေရဲ့ ဝီရိယကို မီမယ်ဆိုရင် မကြားတော့ဘူးဗျာ့။ ချောင်းဆိုးတဲ့ အသံကို မသိတော့ဘူးဗျာ့၊ ဘာကိုသာ သိနေလိမ့်မလဲဆိုရင် အခုန ထိတာကလေးကိုပဲ တသိထဲ သိနေတော့မှာကိုးဗျာ့။ ဟုတ်ကဲ့လားဗျာ။ (ဟုတ်ပါတယ် ဘုရား။)

အသေအချာသိပြီး ဒီအသိကလေးကို စိတ်စိုက်နေပါလိမ့်မယ်ဗျာ့။

## တန္ခယ်ငင် တစင်ပါ

မေး ။ ။ သည်လိုဆိုတော့ ဘယ့်နှယ်လဲ၊ ဆင်းရဲမှ လွတ်မှုအတွက် 'သုံးဖြာ ပိဋကာ၊ ပါရမီ ဆယ်ပါး၊ သုံးပါးသော သိက္ခာနှင့် ခန္ဓာ အာယတန ဓာတ်၊ ပညတ်၊ ပရမတ်၊ သစ္စာ' ဆိုတာတွေဟာ သည်လို ဝီရိယနှင့် ထူထောင်ပြီး အခုလို ထိနေတာကလေးကို သိနေရုံနှင့် ကိုယ်လိုချင် တဲ့ ချမ်းသာသုခ ရမယ်ဆိုတော့ ဒါတွေ အကုန်လုံး ပါပါ့မလား။

ဖြေ ။ ။ အကုန်လုံးပါပါတယ်ဘုရား၊ ထိသိထဲမှာ ခန္ဓာအာယတန ဓာတ်၊ ပညတ်၊ ပရမတ်၊ ပိဋကသုံးပုံ အကုန်လုံး ပါသွား ပါတယ်ဘုရား။

မေး ။ ။ အခုနလို ငယ်ငယ်တုန်းကတော့ 'သုံးဖြာပိဋက၊ သစ္စာ လေးပါး၊ သမထ၊ ဝိပဿနာ၊ သက္ကာယဒိဋ္ဌိ' အဲသည်လို ပြောကြတယ်၊ သည့်ပြင် ရုပ်တို့ နာမ်တို့ အဲသည်လိုလဲ ပြောသေးတယ် မဟုတ်လား၊ ပြောတော့ကို ဘယ်လိုများ

http://www.dhammadownload.com



သည် ရုပ်တို့, နာမ်တို့ကို ရှုမယ်, လုပ်မယ်နှင့်ဘယ်လိုများ ဖြစ်မလဲ၊ နှာသီးဖျားဆိုတာ ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ နှာသီးဖျားဆိုတာ အကြည်ဓာတ် ဆိုတော့ ရုပ်ပါဘုရား။

မေး ။ ။ သိတာကကော။

ဖြေ ။ ။ နာမ်ပါဘုရား။

မေး ။ ။ သည်တော့ နှာသီးဖျားမှာ လက်နှင့်ထိတော့ သိသလို သိနေတယ် ဆိုတော့ကော။

ဖြေ ။ ။ ရုပ်ရော နာမ်ရော ဒွန်တွဲပြီး သိပါတယ် ဘုရား။

မေး ။ ။ အေး.... အချိန်တစ်ခုထဲမှာ သည်လို ဖြစ်ပါတယ်ဗျာ၊ ဒါကြောင့် ဤကဲ့သို့ သိပြီးနေတော့ ရုပ်နှင့်နာမ်ကို သိနေတယ် ဆိုတာ အမှားသိသလား၊ အမှန်သိသလား။

ဖြေ ။ ။ အမှန်သိပါတယ် ဘုရား။

မေး ။ ။ အမှန်သိပြီးနေတော့ကို ဒါဟာ ဝိဇ္ဇာ-အဝိဇ္ဇာ နှစ်ခုရှိသည့် အနက် ဝိဇ္ဇာလား၊ အဝိဇ္ဇာလား။

ဖြေ ။ ။ ဝိဇ္ဇာပါဘုရား။

မေး ။ ။ မသိရင်ကော။

ဖြေ ။ ။ အဝိဇ္ဇာပါ ဘုရား။

## ဝိဇ္ဇာနှင့် အဝိဇ္ဇာ ဘယ်ဟာ အားကောင်း

မေး ။ ။ ဝိဇ္ဇာ-အဝိဇ္ဇာ ဘယ်သူ အားကောင်းသလဲ။

ဖြေ ။ ။ ဝိဇ္ဇာက အားကောင်းပါတယ် ဘုရား။

မေး ။ ။ အေး.... ဝိဇ္ဇာက အားကောင်းတယ်ဗျာ။ ဘာ့ကြောင့်လဲ ဆိုရင်ဟိုသံသရာ တလျှောက်လုံးက အဝိဇ္ဇာနဲ့ချည်းပဲဗျာ၊ အခု ဘုရား အဆုံးအမ ရသည်နှင့် တပြိုင်နက် အခုလို စိတ်ကလေးကိုထား၊ ဒီလိုသိနေတော့ ဘုရားဆုံးမတဲ့ အဆုံးအမကိုရလို့ သောဝစသဿတာဂုဏ်နှင့် ပြည့်စုံတဲ့ သူတော်ကောင်း အစားစားတို့ဟာ အခုထားရင် အခုပဲသိနေတယ် မဟုတ်လားဗျာ။

ဖြေ ။ ။ သိပါတယ်ဘုရား။

http://www.dhammadownload.com



မေး ။ ။ သိတော့ ဝိဇ္ဇာဖြစ်လာရော။ အဝိဇ္ဇာဟာ သည်လို သိနေတဲ့ အချိန်မှာ ဘယ်များ သွားနေသလဲ။

ဖြေ ။ ။ ချုပ်ပျောက်ကင်းကွာ နေပါတယ်ဘုရား။

မေး ။ ။ ဘယ်နေရာမှာရယ်လို့ လိုက်ပြီးရှာလို့ကော တွေ့သေးသလား။

ဖြေ ။ ။ မတွေ့ပါဘုရား။

မေး ။ ။ ကဲဗျာ..... သံသရာ တလျှောက်လုံးက အဝိဇ္ဇာဟာ လူစွမ်းကောင်းကြီး လုပ်နေပေမယ့် ဘုရားဆုံးမတဲ့ အဆုံးအမကိုရကြလို့ ဝိဇ္ဇာကို သည်လို ပြုလိုက်တဲ့အခါကျတော့ အဝိဇ္ဇာဟာ ဘယ်သွားမှန်းတောင် မသိပါဘူးဗျာ့။ သည်တော့ အဝိဇ္ဇာနှင့် ဝိဇ္ဇာဟာ ဘယ်သူက အားကောင်းသလဲဆိုရင် ဝိဇ္ဇာက အားကောင်းတာ မှန်တယ် မဟုတ်လား၊ တစ်ခါတစ်ခါ ဒကာကြီးတွေက ပြောသေးတယ်၊ 'အဝိဇ္ဇာက အားကောင်းလိုက်တာ၊ ဖြစ်နိုင်မှာ မဟုတ်ပါဘူး'နဲ့၊ သည်လိုကော တစ်ခါတစ်ခါ ညည်းတယ် မဟုတ်လား။

ဖြေ ။ ။ ညည်းသံ ကြားရပါတယ် ဘုရား။

မေး ။ ။ နို့..... အဲဒါက ဘုရားဟောတော်မူတဲ့ အဆုံးအမလဲ ရကြတယ် မဟုတ်လား။

ဖြေ ။ ။ ရကြပါတယ် ဘုရား။

မေး ။ ။ ရကြလျက်သားနှင့် အဝိဇ္ဇာကို ချစ်လိုက်တာကိုး၊ သူက အားကောင်း လိုက်တာလို့ ဘာ့ကြောင့် ညည်းရသလဲ။

ဖြေ ။ ။ အဝိဇ္ဇာက တပည့်တော်တို့နှင့် ပေါင်းလာတာက ကြာပါပြီ ဘုရား၊ ဒါကြောင့် သူ့ကို လွှတ်ရမှာ နှမြောတောတော ဖြစ်နေပါတယ် ဘုရား။

မေး ။ ။ ပေါင်းလာတာကြာပေမယ့် အခုလုပ်ရင် အခုပျောက်တယ် မဟုတ်လား။

ဖြေ ။ ။ ပျောက်ပါတယ် ဘုရား။

မေး ။ ။ အခု ဝိဇ္ဇာလာရင်ကော အဝိဇ္ဇာဟာ ဘယ့်နှယ်လဲ။

http://www.dhammadownload.com



ဖြေ ။ ။ အခုလဲ အဝိဇ္ဇာဟာ ခွာလိုက်, ဝင်လိုက်နှင့်ပါပဲ ဘုရား။

မေး ။ ။ ဝိဇ္ဇာနှင့် အဝိဇ္ဇာ ဒကာကြီးက ဘယ်သူနဲ့ တဲ့သလဲ။

ဖြေ ။ ။ တပည့်တော်တို့ တဲ့နေတာတော့ဖြင့် အဝိဇ္ဇာနှင့် တည့်နေပါတယ်ဘုရား။

မေး ။ ။ ဝိဇ္ဇာကိုကော လက်သင့်ခံမှာလား။

ဖြေ ။ ။ ဝိဇ္ဇာကိုတော့ လက်သင့်ခံချင်ပါတယ်ဘုရား၊ အဝိဇ္ဇာကိုလည်း မလွှတ်နိုင်ဖြစ်နေပါတယ် ဘုရား။

မေး ။ ။ အဝိဇ္ဇာက အတင်းလာသလား။

ဖြေ ။ ။ တပည့်တော်တို့က အတင်းခေါ်ယူနေပါတယ် ဘုရား။

အခု အားလုံးတို့ဟာ အကြားအမြင် ဗဟုသုတရှိပြီး၊ ဘုရား ဆုံးမပါတဲ့ အဆုံးအမတွေကို ပြောရုံ, ဆိုရုံ မဟုတ်ဘဲ တကယ်ပွန်းတီးလိမ့်မှာပြီး အလုပ်လုပ်မယ်, ဝီရိယ ထူထောင်မယ်ဆိုပြီး နေကြတဲ့ ပရိသတ်တွေ မဟုတ်ဘူးလားဗျာ။ (မှန်ပါတယ်ဘုရား။) အားထုတ်မယ်ဆိုပြီး အမြဲကို အားထုတ်မယ်လို့ သည်လိုပြောကြတယ် မဟုတ်လား။ ( ပြောကြပါတယ် ဘုရား။)

## အဝိဇ္ဇာအကြိုက်

မေး ။ ။ အားထုတ်မယ်ဆိုတော့သည်အချိန် အားထုတ်မယ်ဆိုရင် ဘယ်လိုများ စီမံရသေးသတုံးဗျာ၊ ညအချိန်မယ်ဆိုတော့ အားမထုတ်မီ ရှေးမဆွက ဘာတွေ စီမံရသလဲ။

ဖြေ ။ ။ အားထုတ်မယ်ဆိုပြီး သွားရင် လှဲဖို့ပြုဖို့ ခေါင်းအုံးကလေး ဘာကလေးအစ ယူကြပါတယ်ဘုရား။

မေး ။ ။ သည်လို ယူလာပြီး သူ့ဟာသူ တော်တဲ့နေရာ ပစ်ထားသလား။

ဖြေ ။ ။ လူမမြင်အောင်ဝှက်ထားပါတယ်ဘုရား။

မေး ။ ။ လူလစ်တော့ကော။

ဖြေ ။ ။ လူလစ်တော့ အိပ်လိုက်ပါရော ဘုရား။

http://www.dhammadownload.com



မေး ။ ။ ဟုတ်ကဲ့လားဗျာ့၊ အေး.... အခုလဲ ဘုရားရှင်ရဲ့ အဆုံးအမကို ရကြပြီး၊ သာသနာအတွင်းမှာ ဘုရားရှင်ရဲ့ တပည့်သား, တပည့် သမီးတွေ ဆိုပြီးတော့ အဝိဇ္ဇာကို ရန်သူမှန်းသိပြီး အဝိဇ္ဇာရဲ့ မကောင်းကြောင်းတွေချည်းပဲ ပြောတယ်၊ ပြောပေမယ့် အားထုတ်တော့မယ်ဆိုရင် အိပ်ရာတို့ ဘာတို့က အဆင်သင့် ပြင်ပြီးသား ဖြစ်တော့မှ အားထုတ်မယ်ဆိုပြီး အားထုတ်ရော၊ အားထုတ်တော့လဲ ပျင်းပြီး အားထုတ်တော့ တော်တော်ကြာ ခုနပြောတဲ့ ထိနမိဒ္ဓတို့က လာပါရောဗျာ့၊ လာတော့ ဘယ့်နှယ်လဲ။

ဖြေ ။ ။ လာတော့ တပည့်တော်တို့က လက်သင့်ခံတာပဲ ဘုရား။

မေး ။ ။ အတင်းများ ခုခံပြောနေဦးမှာလား။

ဖြေ ။ ။ မပြောတဲ့အပြင် မင်းတို့လာတာ နောက်ကျတယ်လို့ ပြောမှာပါ ဘုရား။

မေး ။ ။ အေး.... ဟုတ်ပါလိမ့်မယ်၊ 'မင်း အခုမှလာတယ်၊ ငါ့မှာဖြင့် စောစောကတည်းက ပြင်ထားလိုက်ရတာ' သည်လို မဟုတ်လား။

ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။

မေး ။ ။ ပြီးတော့ကော ဘယ့်နှယ်လဲ၊ အိပ်လိုက်ကြရောလား။

ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။

မေး ။ ။ အိပ်ပျော်သွားလိုက်ကြတာက ဘယ်လောက်ကြာမှနိုးသလဲ။

ဖြေ ။ ။ လင်းအားကြီး နေထွက်လို့ စားချိန် သောက်ချိန်ကျမှ နိုးပါတယ် ဘုရား။

အဲသည်လို ဝိဇ္ဇာနှင့် အဝိဇ္ဇာ ဆိုတာမှာ အဝိဇ္ဇာရဲ့ အပြစ်တွေကိုတော့ ဘယ်အခါမှ မပြတ်အောင် ပြောပါတယ်ဗျာ့။ ပြောပေမယ့် ချီးမြှောက်တော့ ဘယ်သူ့ ချီးမြှောက်သလဲဆိုရင် ဝိဇ္ဇာကို ကောင်းကောင်း မချီးမြှောက်ဘူး၊ အဝိဇ္ဇာကိုသာ ချီးမြှောက်တာဗျာ့၊ အဝိဇ္ဇာကတော့ သည်လိုပြောမှာဗျာ့ 'ဘုရားသားတော် သမီးတော်တွေဟာ ငါ့မကောင်းကြောင်းချည်းပဲ ပြောပေမယ်လို့ ငါ့ဖို့ရာချည်းပဲ လုပ်ထားလိုက်တာ နည်းပါဘူးဗျာ' လို့ ပြောမှာပဲဗျာ့။

http://www.dhammadownload.com



မေး ။ ။ အဲသည်လိုချည်းပဲ လုပ်နေမယ်ဆိုရင် ကိုယ်လိုချင်တဲ့ ချမ်းသာသုခ ရပါ့မလား။

ဖြေ ။ ။ မရပါဘုရား။

မရချင်နေ, ရချင်ရ ဟန်လုပ်ရရင် တော်ပြီဆိုပြီး နေမှာလား။ (ဟန်လုပ်ရုံနှင့် မပြီးနိုင်ပါဘုရား။)

မပြီးနိုင်ရင် ဘယ်လိုလုပ်မလဲ။ (သည်လိုနှင့်ပဲ ကိစ္စတုံးရမှာ ထင်ပါရဲ့ ဘုရား။)

မေး ။ ။ အေး....ဒါဖြင့် အဝိဇ္ဇာရယ်, ဝိဇ္ဇာရယ် ဆိုတာ သိကြပြီ၊ သိတော့ ထားရမယ်ဆိုတဲ့ နေရာမှာထား၊ သိရမယ် ဆိုတဲ့ နေရာကို သိပြီးတော့နေ။ အဲသည်လိုနေရင်း သက်တမ်းစေ့လို့ စုတိကျရမယ်ဆိုရင် စိုးရိမ်ကြောင့် ကြရဦးမှာလား။

ဖြေ ။ ။ မစိုးရိမ် မကြောင့်ကြရပါ ဘုရား။

## နေရာမကျမှန်းသိရင် နေရာကျပြီ

မေး။ ။ သိပြီး နေ-ဆိုတဲ့ နေရာမှာ မနေဘဲ သက်တမ်းစေ့လို့ စုတိကျရင် ဘယ်သွားမလဲ။

ဖြေ ။ ။ အပါယ် သွားမှာပါ ဘုရား။

မေး ။ ။ အပါယ်တော့ သွားချင်သလားဗျာ့။

ဖြေ ။ ။ မသွားချင်ပါ ဘုရား။

မေး ။ ။ အဟုတ် မသွားချင်တာလား၊ လိမ်ပြောတာလား။

ဖြေ ။ ။ တပည့်တော်တို့က လိမ်ပြောရာ ကျနေပါတယ် ဘုရား။

မေး ။ ။ အပါယ်ကို အဟုတ်သွားချင်သလား၊ မသွားချင်ဘူးလား။

ဖြေ ။ ။ မသွားချင်ပါဘုရား။

မေး ။ ။ မသွားချင်ပေမယ့် ဘယ့်နှယ်လုပ်သလဲ။

ဖြေ ။ ။ တပည့်တော်တို့က အပါယ်သွားတဲ့လမ်းချည်း လုပ်နေပါတယ်ဘုရား။

http://www.dhammadownload.com



မေး ။ ။ ဒါဖြင့် မသွားချင်ဘူး, မရောက်ချင်ဘူးလို့ ပြောတာကို ယုံရပါ့မလား။

ဖြေ ။ ။ ဒါကတော့ ပါးစပ်ကသာ ပြောတာပါ ဘုရား၊ လုပ်တာက တော့ အပါယ်သွားဖို့ လမ်းချည်း လုပ်နေပါတယ်ဘုရား။

မေး ။ ။ သည်လိုပြောဖော်ရရင်ပဲ နေရာကျလှပါပြီ၊ ဘာကြောင့်လဲ ဆိုရင်-**ကိုယ်နေရာကျတာ မကျတာကို သိရင်ပဲ တော်လှပြီ။ ဒကာကြီး, ဒကာမကြီးများဟာ နေရာ မကျတာကို နေရာမကျဘူးလို့ သိရင် နေရာ ကျပြီဗျာ့။ နေရာလည်း မကျဘဲနှင့် နေရာကျတယ် ထင်နေတာ ကတော့ နည်းနည်းကလေးမှ မျှော်လင့် စရာမရှိဘူးဗျာ့။**

( ဒါက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတာကိုးဘုရား။)

သူက နေရာကျပြီးသား ဖြစ်နေတာကိုဗျာ့။ **နေရာမကျ တာကို နေရာမကျဘူးလို့ သိတယ်။** ပျင်းတာကို ပျင်းတယ်လို့ သိတယ်၊ **ဖျင်းတာကို ဖျင်းတယ်လို့ သိတယ်။ သိလျှင် တော်တော် နေရာကျပြီ။**

နေရာမကျမှန်း သိတော့ နေရာကျအောင်ဟာ လုပ်တော့မှာ ဗျာ့။ ဟုတ်ကဲ့လားဗျာ့။ (လုပ်ပါတော့မယ်ဘုရား။)

## ဥပုသ်သည်နှင့် အပါယ်လေးပါး

အပါယ်ကို မရောက်ချင်ဘူးတဲ့၊ မရောက်ချင်ရင် ဟိုလိုဖြစ်မှာ မဟုတ် ဘူးဆိုပြီး သူဟာ မသွားချင်နေတော့မှာဗျာ့၊ ဟုတ်ကဲ့လားဗျာ့။ (ဟုတ်ပါတယ် ဘုရား။)

မေး။ ။ ပြီးတော့ 'အပါယ်တော့ မရောက်ချင်ဘူး၊ ငါတော့ အပါယ် ရောက်မှာ မဟုတ်ပါဘူး၊ ဘာကြောင့်လဲဆိုရင် ငါ အားထုတ်နေတာတွေက မနည်းဘူး၊ တယ်မလိုဘူး'လို့ ထင်နေရင် လိုပါလျက်နှင့် မလိုဘူးလို့ တွေးဦးမှာလား။

ဖြေ ။ ။ မတွေးပါဘုရား၊ အမှားကို အမှန်ထင်နေပါတယ်၊ မတွေးတော့ပါ ဘုရား။

http://www.dhammadownload.com



မေး ။ ။ ကိုယ့်ကိုယ်ကို ပျင်းတယ်, ဖျင်းတယ်, နေရာမကျဘူးလို့ သိကြတဲ့ အားလုံးသော သူတော်ကောင်း အစားစား တို့ဟာ တော်တော် နေရာကျပြီဗျား။ ပျင်းရင်, ဖျင်းရင်, နေရာမကျရင် ကိုယ်မရောက်ချင်တဲ့ အပါယ်ကို သေချာတယ် မဟုတ်လား။

ဖြေ ။ ။ သေချာပါတယ်ဘုရား။

မေး ။ ။ ဘယ်လိုမျိုး သေချာသလဲဆိုရင် ထားတဲ့နေရာကလေးမှာ စူးစူး စိုက်စိုက် ရုပ်နာမ်နှစ်ခု သိနေရင် ဒါက ဝိဇ္ဇာ, မသိဘူး ဆိုရင် အဝိဇ္ဇာဖြစ်တယ်၊ အဝိဇ္ဇာနှင့် သေရင် အပါယ်ကျမှာပဲ၊ ဥပုသ်စောင့်ရင်း သေရင်ကော။

မေး ။ ။ ဥပုသ်စောင့်ရင်း သေရင် အထက်ကို ရောက်ပါတယ် ဘုရား။

ဖြေ ။ ။ ဥပုသ်စောင့်တော့နေတယ်၊ စောင့်တာပဲ၊ ဒါပေမယ့် စိတ်ကလေးက အခုနလို မနေဘဲ သေရင် သည်ဥပုသ် သည်ကြီး ဘယ်သွားမလဲ။

မေး ။ ။ ဥပုသ်စောင့်ပြီးတော့ အခုနလိုမနေရင် အပါယ်သွား မှာပါပဲ ဘုရား။

ဖြေ ။ ။ အိမ်ကိုမပြန်ဘဲ စေတီရင်ပြင်, ဗောဓိရင်ပြင်မှာ သည်လို နေရင်ကော။

မေး ။ ။ စိတ်ကလေးက အခုနထားသလို မနေရင် ဘယ်နေရာမှာ နေနေ အပါယ်ကျမှာပါပဲဘုရား။

မေး ။ ။ ကဲဗျာ - ဥပမာအားဖြင့် အခုလို ရဟန်းပြုနေရင်ကော၊ ဒကာကြီး ဒကာမကြီးတွေက 'တော်ပါပေတယ်။ တပည့် တော်တို့ထက် အပုံကြီးပဲ သာပါပေတယ်' အဲဒီလို ဆိုတော့ ပြုံးပြုံးကြီးနှင့် အဟုတ်လားလို့ထင်ပြီး ဟိုလျှောက် သည်လျှောက်နှင့်နေမယ်ဗျာ၊ ဒို့သေသွားရင် ဘယ်ရောက်မလဲ။

ဖြေ ။ ။ ရဟန်းများတော့ တပည့်တော် မပြောဝံ့ပါဘုရား။

http://www.dhammadownload.com



မေး ။ ။ သူများကို ပြောတာ မဟုတ်ပါဘူး။ ဒို့ကို ပြောတာပါ။

ဖြေ ။ ။ အရှင်ဘုရားဆိုရင် သာပြီး မပြောဝံ့ပါသေးတယ် ဘုရား။

မေး ။ ။ သေသေချာချာ မနေပဲသေမှဖျာ့ ဒကာကြီးရဲ၊ ခုနစိတ်ကလေး ထားရမယ့်နေရာမှာ မနေဘဲနှင့် သေသွားရင် ပြောတာပါ ဒကာကြီးရဲ့။

ဖြေ ။ ။ အရှင်ဘုရားဟာ သည်လိုမနေဘဲနှင့် သေတဲ့အချိန်ရယ် လို့ရှိမယ် မထင်ပါဘုရား။

မေး ။ ။ မနေဘဲနှင့် သေရင်တော့ ဘယ်ရောက်မှာလဲဗျာ့။

ဖြေ ။ ။ တပည့်တော်တော့ အပါယ်ရောက်မှာပါပဲ ဘုရား။

မေး ။ ။ ဒို့ပြောတာဗျာ့၊ ဘယ်သူ့မှ မဟုတ်ပါဘူး၊ ဒို့ကိုရော လုပ်ထားပါ့ မလားဗျာ့၊ မလုပ်ပါဘူးဗျာ့၊ ဘယ်သူ့မှ မလုပ် ပါဘူး၊ သည်လို မနေဘဲနှင့် သေရင် အပါယ်ကိုချည်းပဲ ရောက်မှာပဲဗျာ့။

## ဆုတောင်းနေရုံနှင့် နိဗ္ဗာန်မရ

မေး ။ ။ အေး....ဒါကြောင့်မို့ ဘာတုံး-ဆိုရင် သည်နေရာကလေး ကို မမေ့အောင် ထားကြဗျာ့။ ထားလို့ နေရင်, အသိကြီး သိပြီး သည်လိုနေပြီဆိုရင် 'ဒို့တော့ အပါယ်လေးပါးကို ရောက်နေကျ၊ ဒါ့ကြောင့် ရောက်ပါရစေ'လို့ အဲသည်လို ဆုတောင်းရင်ကော ရောက်မှာလား။

ဖြေ ။ ။ ဆုတောင်းပေမယ့် မရောက်ပါဘုရား။

မေး ။ ။ သိရမှာကို မသိဘဲ ဟိုလျှောက်သည်လျှောက်နေမယ်၊ နောက်ပြီး 'နိဗ္ဗာန်ကို ရပါလို၏' လို့ ဘယ်လိုပဲ ဆုတောင်းပေမယ့် အပါယ်ကျမှာပဲ ဘုရား။

မေး ။ ။ ဒါဖြင့် အပါယ်တော့ ဘယ်သူမှ မသွားချင်ကြဘူးပေါ့။

ဖြေ ။ ။ မသွားချင်ပါ ဘုရား။

မသွားချင်ဘူးလို့ ပြောဖော်ရရင်ပဲ တော်လှပါပြီ။ ပြီးတော့ ယခုလို အပါယ် မရောက်ချင်ကြဘူး။ မရောက်ချင်ကြတော့ အပါယ်ကို ဘယ်သူ

http://www.dhammadownload.com



ချသလဲ။ ဝိဇ္ဇာနဲ့ အဝိဇ္ဇာမှာ အဝိဇ္ဇာက အပယ်ချတာဗျာ့။ အဲဒါကြောင့်မို့ ဝိဇ္ဇာဆိုတာက ဘာလဲဆိုရင် ဒီအတိုင်းသာ သိရမဲ့ဟာကို သိပြီးနေတယ် ဆိုရင် ဒါ ဝိဇ္ဇာ မဟုတ်လား။ (ဟုတ်ပါတယ် ဘုရား။) အဲဒီအချိန်ကစပြီး ဆောင်မယ်, ပို့မယ်ဆိုရင် အစဉ်အတိုင်းသာလျှင် ကိုယ်အလိုရှိတဲ့ နှစ်သက်တဲ့ ဗောဓိကို အပြီးအဆုံးတိုင်အောင် ဆောင်တော့မယ်, ပို့တော့မယ် မဟုတ်လား။ (ပို့မှာပါ ဘုရား။) အေး... ဒါကြောင့်မို့ ဒီနေရာကလေးမှာ စိတ်ကို မရွေ့အောင် ထားကြ။

## အချိန်တစ်ခု အလုပ်နှစ်မျိုး အကျိုးများစွာ

မေး ။ ။ အဲဒီလိုထားတာမှာ ထိုင်ပြီးတော့ ယခုလိုထားတော့ မဖြစ်ဘူးလား။

ဖြေ ။ ။ ဖြစ်ပါတယ်ဘုရား။

မတ်တတ်ရပ်ရင်း ထားရင်ကော။ (ဖြစ်ပါတယ် ဘုရား။)
လမ်းသွားရင်းကော (ဖြစ်ပါတယ် ဘုရား။)
စားဖို့ သောက်ဖို့ အလုပ်တွေကို လုပ်ရင်းကော။ (ဖြစ်ပါတယ် ဘုရား။)
တယောက်ထဲ နေရင်းကော။ (ဖြစ်ပါတယ် ဘုရား။)
ပရိသတ် များများကြီးတွေနဲ့ နေရင်းကော။
(ဖြစ်ပါတယ် ဘုရား။) လိမ္မာတဲ့ သားသမီး မြေးမြစ်တွေနဲ့ နေရင်း ထိုင်ရင်းကော။ (ဖြစ်ပါတယ်ဘုရား။)
အဲဒီလို ထားရတာဟာ ပင်ပန်းသလား။ (မပင်ပန်းပါ ဘုရား။)
ပစ္စည်း ကုန်သေးသလား။ (မကုန်ပါဘုရား။)
အလုပ်အကိုင်ကော ပျက်သလား။ (မပျက်ပါ ဘုရား။ )

မေး ။ ။ အဲဒီလိုစားဖို့ အလုပ်တွေကို လုပ်တဲ့အခါမှာ ယခုနလို သိရမှာကို မသိဘဲနဲ့ စိတ်တွေဟာ ထိုထိုအာရုံသွားပြီး လုပ်တာနဲ့, ဤကဲ့သို့ စိတ်ကလေးကို စူးစူးစိုက်စိုက် ငြိမ်အောင်ထားပြီး လုပ်တာနဲ့ ဘယ်သင်းကကိုယ်လုပ်တဲ့ အလုပ်မှာ များများပြီးသလဲ။

http://www.dhammadownload.com



ဖြေ ။ ။ အတူတူ ပြီးမှာပါပဲဘုရား။

မေး ။ ။ စိတ်တွေကို ဟိုသွားဒီသွား သွားစေပြီး လုပ်တာနဲ့ ဟိုသွား ဒီသွား မသွားစေဘဲ ထားရမယ့်နေရာမှာ စိုက်စိုက် စူးစူးကလေး နေအောင်ထားပြီး လုပ်တာနဲ့ ဘယ်သင်းက အလုပ်များများပြီးသလဲ။

ဖြေ ။ ။ စီးပွားဘက်က အလုပ်ကို လုပ်ရင် အတူတူပဲပြီးတာပါပဲ ဘုရား။

မေး ။ ။ များများ ဘယ်သူက ပြီးပါသလဲ။ စိတ် ဟိုသွား ဒီသွား လုပ်တာနဲ့ ဟိုသွား ဒီသွားမသွားဘဲနဲ့ တည်တည် ကြည်ကြည်ကလေး ထားလုပ်တာနဲ့ ဘယ်သင်းက များများပြီးသလဲ။

ဖြေ ။ ။ စိတ်ကို တည်တည်ကြည်ကြည်ကလေး ထားလုပ်တဲ့ ကိစ္စက ခန္ဓာဝန်ကိစ္စနှင့် နိဗ္ဗာန်ကိစ္စ နှစ်ခုစလုံးပြီးစီး ထမြောက်ပါလိမ့်မယ် ဘုရား။

မေး ။ ။ ဟုတ်တယ်ဗျာ့၊ တနေ့ကို လုပ်တာ ကိုင်တာ ရောင်းတာ ဝယ်တာ ပေါ့ဗျာ၊ စိတ်က ဟိုသွားဒီသွားဖြစ်စေပြီး ဝီရိယတွေနဲ့ ထူထောင် တဲ့အခါမှာ တနေ့ကို တစ်သိန်း လောက် အမြတ်အစွန်းရတယ် ဆိုရင် ဤကဲ့သို့ စိတ်ကို ထိုထိုဤဤ မသွားစေဘဲ တည်တည် ကြည်ကြည် ကလေးနဲ့ ယခုလိုထားပြီး ရှတ်ဆောင်လို့ရှိရင် ဘယ်နှ ပြန်လောက် တွင်ကျယ်စရာ ရှိသတုံးဗျာ့။

ဖြေ ။ ။ နှစ်ပြန်လောက် တွင်ကျယ်စရာ ရှိပါတယ်ဘုရား။

ဟို ဝီရိယရှိလို့ ရတဲ့ တစ်သိန်းရယ်၊ တည်တည်ကြည်ကြည် ထားပြီးတော့ ရွက်ဆောင်လို့ရတဲ့ တစ်သိန်းရယ် နှစ်သိန်းရတယ်ဗျာ့၊ ဟုတ်ကယ့်လားဗျာ့။ (ဟုတ်ပါတယ် ဘုရား။) ကဲ....ဒီကနေ့ နှစ်သိန်းရရော။

မေး ။ ။ ဒီတော့ သာပြီးတည်ကြည်အောင် လုပ်မယ်ဆိုရင် ဒီလောက်ကပဲ့မလား။

ဖြေ ။ ။ ဒီထက် တိုးပါလိမ့်မယ် ဘုရား။

မေး ။ ။ ဘာကြောင့်လဲ။

ဖြေ ။ ။ စိတ်က သာပြီး တည်ကြည်ခိုင်မြဲလာလို့ပါ ဘုရား။

http://www.dhammadownload.com



## ဝိဇ္ဇာနှင့် ထမင်းချက်

မေး။ ။ သည့်ပြင်အလုပ်ကို မပြောပါနဲ့ဗျာ၊ ဒို့ဒကာမကြီးတွေ အိမ်မှာ ထမင်းချက်နေကျထင်ပါရဲ့။ (မှန်ပါ့ဘုရား။) အဲဒီလို ထမင်းချက်တော့ ဒို့ဒကာမကြီးတွေက မော့မော့ကြီး ချက်နေလိုက်တာ တစ်ခါတလေ မီးမှန်မှန် တောက်ရဲ့လား။

ဖြေ ။ ။ ငေးတိငေးမော ဖြစ်နေတာနဲ့၊ အိပ်ငိုက်နေတာနဲ့၊ ထမင်းအိုး တူးပါတယ်ဘုရား။

မေး ။ ။ အဲဒါ ဘာကြောင့်လဲ။

ဖြေ ။ ။ စိတ်မနေလို့ပါဘုရား။ မနေ့က ပွဲကြည့်တော့ အဲတာတွေ ကိုပဲ တွေးရင်း ထမင်းအိုး တူးပါတယ်ဘုရား။

မေး ။ ။ ဒီတော့ စိတ်ကို ဘယ်မှမသွားစေဘဲ ထမင်းချက်ရင်ကောဗျာ့။

ဖြေ ။ ။ အလုပ်လဲမြန်မြန်ပြီးတယ်၊ အဝိဇ္ဇာလဲဖြစ်နေပါတယ်ဘုရား။

မေး ။ ။ ကျက်တာကတော့ ကော။

ဖြေ ။ ။ မြန်မြန်ကျက်ပါတယ် ဘုရား။

ထမင်းကကော၊ (ထမင်းကလဲ ကောင်းပါတယ် ဘုရား။) ဟိုလို မော့မော့ကြီးဆိုတော့၊ ထမင်းကကော ဘယ့်နှယ်လဲ။ ပျော့လိုက်၊ တူးလိုက်၊ မာလိုက်နဲ့ မြန်မြန်ကျက်ပါ့မလား။ (နှေးနှေး ကျက်မှာပါဘုရား။) အဲဒီလို မကောင်းတဲ့ထမင်းကိုစားရင် ဘယ်လိုဖြစ်မလဲ။(ဝမ်းပြည့်တာပါပဲဘုရား။) ဝမ်းပြည့်ပေမယ့် ဥပဒ် အန္တရာယ် ကင်းပါ့မလား။ (တချို့ ဗိုက်တောင် နာပါတယ်ဘုရား။) အဲဒါကြောင့် ဒီလို လျော့လျော့ပေါ့ပေါ့ ချက်တာက နှေးလဲ နှေးတယ်၊ ကောင်းလဲမကောင်းဘူး။

ထင်းကတော့ ဘယ်နှယ်တုံး။ (ထင်းကတော့ ကုန်မယ် မထင်ပါ ဘုရား။ ဘာဖြစ်လို့လဲဆိုတော့ ငေးတိငေးမောနဲ့နေတော့ ထင်းမှ မထိုးဘဲကို ဘုရား။) မဟုတ်ပါဘူးဗျာ့။ တဖြည်းဖြည်းနဲ့ ငြိမ်းသွားတော့ နောက်တခါ ထပ်ပြီး ထင်းထိုးရမှာဗျာ့။ ထမင်းပူပြီးသားကလေးဟာ အေးသွားတော့ နောက်တစ်ခါ ပူအောင်လုပ်ပြီး ချက်မှ ထမင်းကျက်မယ် မဟုတ်လား။ (ထမင်းကျက်အောင် ထပ်လုပ်ရင် ထပ်လုပ်ရတဲ့အတွက် ထင်းပိုကုန်ပါတယ် ဘုရား။)

http://www.dhammadownload.com



အဲဒီလို လျှော့တာပေါ့တာများ ဘယ်ဟာမှ မသက်သာဘူးဗျာ၊ ဘယ်ဟာမှ မကောင်းဘူးဗျာ။ ဟုတ်ကဲ့လားဗျာ။ (ဟုတ်ပါတယ် ဘုရား။) အေး.... ဘယ်ဘက်ကမှ မကောင်းဘူး၊ လျှော့မှန်း ပေါ့မှန်းသိတော့ ဘယ်သူမှ လျှော့မှာ ပေါ့မှာ မဟုတ်ဘူးထင်တယ်။ (ဒါပေမယ့် လျှော့တဲ့ပေါ့တဲ့လူက ရှိနေပါတယ်ဘုရား။) ကဲပါဗျာ သူတို့ ဒီလို မစဉ်းစားမိသေးလို့ ထင်ပါရဲ့။

## တရားဂုဏ် ကုန်အောင် မပြောနိုင်

ယခုတော့ အကုန်လုံးဟာ **ဒါတစ်ခု နေရာကျသွားရင် မှန်းသလောက် မကဘဲ အမျိုးမျိုး အဖြာဖြာတွေဟာ တိုးတက်ပါ လိမ့်မယ်ဗျာ။** ဒါကတော့ ဘုရားဟောတော်မူတာ လျှောက်ပြောတာဗျာ။သူဟာ 'ဒို့ထက်တတ်တယ် ဆိုပြီးတော့ အပြောများတာနဲ့ တူနေတယ်'လို့ မထင်နဲ့။

ဘုရားဟောတော်မူတာကို ကုန်အောင် မပြောနိုင်သေးဘူးဗျာ။ မြင့်မြတ်တဲ့ အစီးအပွားတွေ ကျန်နေတာ အများကြီးရှိသေးတယ်။ ကုန်အောင် မပြောနိုင်သေးဘူးဗျာ။ ဘာကြောင့်လဲဆိုရင် ဘုရားရှင် ဆုံးမတော်မူပါတဲ့ အဆုံးအမ ဆိုတာက ဘယ်သင်းမှ အကြွင်း အကျန်မရှိ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်ချည်း ပါပဲဗျာ။ ဒို့ဘုရား ဟောတော်မူတာ ဤကဲ့သို့ပင် ဖြစ်ငြားသော်လည်း ပျင်းပျင်းဖျင်းဖျင်း တွေတွေဝေဝေနဲ့ ပြောရတာဆိုတော့ မပါတာက များပါလိမ့်ဦးမယ်ဗျာ။ ဘယ်လိုတုံးဆိုတော့ အခုလို ဘုရားဟော တော်မူတယ်ဗျာ။ ရှေးအရှင် တွေ ဒီလိုဆိုက်ကြတာပဲဗျာ။

ဤကဲ့သို့ စွဲမှတ်ပြီး မပြတ်အောင်ထားရင် တော်တော် ကြာတော့ ဘုရားဆုံးမတာတွေဟာ အချိန်တစ်ခုနဲ့တစ်ခု တည့်အောင်သိ သိပြီးတော့ ဆိုက်ပါလိမ့်မယ်၊ အဲဒီလိုသိ-သိဆိုက်လာ တဲ့အခါ ကျတော့ ဘုရားဆုံးမတဲ့ အဆုံးအမတွေက အကြွင်းအကျန် မရှိဘူးဗျာ။ ဒို့ပြောတာက ကျန်တာတွေ များလိုက်တာ ပျင်းလွန်း ဖျင်းလွန်းလို့ပဲ။ လိုက်နာကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ သူများကို မမေးဘဲနဲ့ သိပါလိမ့်မယ်ဗျာ။ ဘုရားရှင် ဆုံးမတော်မူတဲ့ အဆုံးအမတွေက

http://www.dhammadownload.com



ဘယ်ဟာမှ အကြွင်းအကျန် မရှိ၊ မြင့်မြတ်လွန်းလို့ ဒီလောက်ပဲ ပြောဖြစ်မယ် ထင်တယ်။

သိရင် ဖြစ်တယ်ဆိုရင် ယခုန ထား-ဆိုတဲ့ နေရာကလေးမှာ ကောင်းမွန်စွာ မရွေ့အောင်ထားဗျာ။ ထားပြီဆိုမှဖြင့် ဒီအချိန်ကစပြီး ထားမယ်ဆိုရင် မနက်ဖြန် မိုးလင်းပြီဆိုမှဖြင့် ရွှင်ကြရ၊ မြူးကြရပါလိမ့်မယ်။ မမှားဘူး။ ပြီးတော့ ပြောချင်ကောင်း ပြောချင်ကြပါလိမ့်မယ်။

"သြော်.... ဒါကြောင့်မို့ ပစ္စုပ္ပန်ရော သံသရာရော မြင့်မြတ်လိုလား ကြပါတဲ့ သူတော်ကောင်း အစားစားတို့ဟာ ဤကဲ့သို့ ရှေ့က သွားကြ ပါတယ်၊ ထူထောင်ကြပါတယ်။ ထူထောင်ကြလို့လဲ တောင့်တရည်ရွယ်ချက် အသီးသီး၊ မှန်းထားတဲ့ ဗောဓိ အသီးသီးဟာ အကုန်လုံးပြီးကြပါပေတယ်"

ဟုတ်ဘူးလားဗျာ့။ ယခုကောဆိုတော့ ဘုရားဆုံးမတဲ့ အဆုံးအမကို မှတ်သားပြီးတော့ ရှေးအရှင်များတို့ရဲ့ ဝီရိယကို သိပြီးပြီဆိုတော့ မီအောင် ညီအောင် ပြုကြဗျာ၊ မီအောင် ညီအောင် ပြုကြပြီဆိုမှဖြင့် ချမ်းသာသုခ တွေဟာ ရှေးအရှင်တွေ အခါမလင့် ဆိုက်သလို ဆိုက်လာကြပါလိမ့်မယ်။ ဟိုလို လျှောက်ပြီးပြောတာက **"ဘယ်လို ချမ်းသာတယ်, ဘယ်လို ဆိုက်တယ်"** ဆိုတာက ဒို့ပြောဖို့ မလိုဘူး၊ သူတို့ မှတ်ထားတာတွေကိုက မကုန်နိုင်အောင် များပါတယ်။ ဟုတ်ကယ့်လားဗျာ့၊(ဟုတ်ပါတယ်ဘုရား။) ဒို့ကသာ ဒီနေရာကလေးပါဗျာ့။ သိသလောက်ဖြင့် နည်းနည်းကလေး ပြောရတာ၊ သူတို့ မှတ်ထားတာက ဒီလောက်မကပါဘူး၊ အများကြီးပဲ။ ဒီရဟန်းကြီးက ဒီအာနာပါနကလေးကိုပဲ လျှောက်ပြောနေလိုက်တာ အရှည်ကြီးပဲလို့ ပြောကြမှာဗျာ့။

## တစ်ခုလုပ် သုံးခုဖြစ်

သူတို့က ဒီလိုမဟုတ်ဘူး၊ ဒီအာနာပါနကိုပဲ လျှောက်ပြောရင် 'ဒါက တစ်နည်း, ဒီလိုက တစ်ဖုံ, ဒီလိုက တစ်မျိုး, ဆိုပြီးတော့ ဒီလို မဟုတ်လားဗျာ့။ ဒီလိုလုပ်ပြီဆိုတော့ ဘယ်လိုပြောတယ် 'အဲဒါက ဘာ၊ အဲဒါက သမထ, သမထက ဘယ်လို, ဘယ်လိုသွားရင် ဘယ်လို ဘယ်လိုဖြစ်တယ်။ ဝိပဿနာ ကတော့ ဘယ်လို ဘယ်လိုကဲ့သို့၊ ဒို့မှတ်ထားတာ မနည်းဘူး၊ သူ့ဖြင့်

http://www.dhammadownload.com



ဒါလေးကိုပဲ ပြောနေလိုက်တာ အရှည်ကြီးကို ပြောနေတာပဲ’ ဆိုပြီး ဒီလို မပြောကြဘူးလားဗျာ့၊ (မပြောကြပါ ဘုရား။) ဟုတ်ကဲ့လားဗျာ့၊ ဒီဒကာကြီးကိုပဲ ဘယ်နှစ်ခါလောက်ပြောမိမှန်း မသိဘူးဗျာ။ (ဒီလို မအောက်မေ့ပါဘုရား။) ဟုတ်မှာ မဟုတ်ပါဘူးဗျာ့။

သို့သော်လည်း ယခုနလိုဆိုရင် ‘ဒါက သမထ၊ ဒါက ဝိပဿနာ’ နှစ်ခုရှိကြတယ်၊ ရှိပင်ရှိငြားသော်လည်း ဘယ်လိုတုန်းဆိုတော့ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမ ကောင်းကောင်းလှလှတစ်ခုကို ရိပ်မိပြီဆိုရင် -

တစ်ခုလုပ်ရင် တစ်ခုဖြစ်တယ်။
တစ်ခုလုပ်ရင် နှစ်ခုဖြစ်တယ်။
တစ်ခုလုပ်ရင် သုံးခုဖြစ်တယ်။

သို့သော်လည်း ဒါက အပြောဖြစ်ပြန်တယ်၊ ရှေးအရှင်ကောင်းအရှင်မြတ်တို့ရဲ့ ဝီရိယကို မီအောင် ညီအောင် ထူထောင်သွားကြရမယ်။

သို့သော်လည်းပဲ ဒါ ဘုရားဆုံးမတော်မူတဲ့ အဆုံးအမတွေကို သင်ရာ၊ ချရာ၊ ပို့ရာမှာတော့ ဒါက သုတ်၊ ဒါက အဘိဓမ္မာ၊ ဒါကဝိနည်း၊ အဲဒီလို စခန်းခြားပြီးတော့ ထားတယ်။ ဤကဲ့သို့ ဘုရားဆုံးမတဲ့အတိုင်း လိုက်နာကြမယ့် အချိန်အခါကျပြီဆိုတော့ ဘယ်တော့မှ သိပါသလဲဆိုရင် အနုသာသနီ စခန်းရယ်လို့ ရှိသေးတယ်။ အားထုတ်ကြ၊ ဆိုဆုံးမတဲ့အတိုင်း လိုက်နာကြ၊ လိုက်နာပြီ ဆိုမှဖြင့် လိုက်နာကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ဝီရိယနဲ့ လျော်ညီစွာ အနုသာသနီ စခန်းတွေဟာ ရှိသေးသကိုးဗျာ့။ ဒါဖြင့် ပြောစမ်းပါဆိုရင် အဲဒီအခါကျမှ ပြောရလိမ့်မယ် ထင်တယ်။ အဲဒါကြောင့် ဝီရိယကို မလပ်ရအောင် ထူထောင်ပြီး လိုက်နာကြ၊ ကြိုးစားကြ။ အဲဒီအခါကျတော့ နားလည်လာပါလိမ့်မယ်။

ယခုနလိုဆိုတော့ ဒကာကြီးများကို အမှန်ပြောပေမယ့် တချို့ပိန်းပိန်းထူထူကြီးဟာ မသိသလို နေလိမ့်မယ်။ ‘ဒကာကြီးရဲ့ နေရာ ထိုင်ခင်း အိမ်ကဘယ်မှာလဲ’ ဆိုရင် ဒကာကြီးနေတဲ့ နေရာကို၊ အိမ်ကိုမှန်မှန်တော့ပြောမှာပဲ။

မေး ။ ။ ဒီက ထူထူပိန်းပိန်းဆိုတော့ ပြောတဲ့အတိုင်း ဒကာကြီးအိမ် ဘယ်မှာရှိတယ်လို့ ဒို့သိပါ့မလား။

ဖြေ ။ ။ ပြောတဲ့အတိုင်း မသိပါဘုရား။

http://www.dhammadownload.com



မေး ။ ။ ပြောတဲ့အတိုင်း မှန်းပြီးတွေးနေမယ်ဗျာ။ 'ဟိုလိုလား...၊ ဒီလိုလား'နဲ့ တွေးမယ်၊ တွဲ့တာ ပါပါ့မလား။

ဖြေ ။ ။ မပါပါ ဘုရား။

မေး ။ ။ မအိပ်ဘဲ တစ်ညလုံး တွေးနေမယ်ဗျာ၊ တွဲ့ပါ့မလား။

ဖြေ ။ ။ မတွဲ့ပါ ဘုရား။

မေး ။ ။ ဒကာကြီးပြောတဲ့အတိုင်း သေသေချာချာသိမှာက ဘယ်တော့မှသိမှာလဲ။

ဖြေ ။ ။ ကိုယ်တိုင် ကိုယ်ကျ အိမ်ရောက်တဲ့အခါမှာ ဘယ်သူမှ မပြောဘဲနဲ့တခါထဲ သိပါလိမ့်မယ် ဘုရား။

ဒကာကြီး ပြောတဲ့အတိုင်း သိမှာက သေသေချာချာ အဲဒီနေရာကို ရောက်အောင်သွား၊ သွားပြီး ဟိုရောက်တော့ 'ဒါပါပဲ' ဆိုကာ အဲဒီလိုသိတာ၊ အေး. ယခုလဲ ဘုရားဆုံးမပါတဲ့ အဆုံးအမတွေကို ကောင်းမွန်စွာ မှတ်သား ပြီးပြီဆိုတော့ လိုက်နာဖြည့်ကျင့်ကြ၊ ယခုလဲပဲ ဒီလို လိုက်နာလို့ ရှေးအရှင် တွေကဲ့သို့ မီမယ် ညီမယ်ဆိုရင် ဘယ့်နှယ်နေပါ့မလဲ။ ဆိုင်းထားဦးမလား။ မဆိုင်းပါဘူးဗျာ၊ **'အကာလိကော'** ဆိုတာ ဒကာကြီးတွေ အကုန်လုံး ရထားတာပဲဗျာ့။

အဲဒါကို သိပြီးပြီဆိုရင် ခုနလို ဖြည့်ကျင့်ကြ၊ အဲဒီအခါကျတော့ ယခုနမေးတော့ မပင်ပန်းဘူးဆို။ (မပင်ပန်းပါဘုရား။) ပစ္စည်းလည်း မကုန် ဘူးဆို၊ အလုပ်အကိုင်လဲ မပျက်ဘူးဆို၊ တစ်ယောက်တည်းနေရင်းကော။ (ဖြစ်ပါတယ် ဘုရား။) လိမ္မာတဲ့သားသမီးတွေနှင့် နေရင်ကော။ (ဖြစ်ပါတယ် ဘုရား။) အေး-ဒါဖြင့် ဘယ်လိုပြောဦးမလဲ။ အလုပ်တွေက များလိုက်တာ မအားဘူးလို့ ပြောမလား၊ မပြောဘဲနဲ့ လုပ်ဦးမှာလား။ မပြောဘဲနဲ့နေရုံ နေမှာလား။ ( မပြောဘဲနဲ့ နေရုံကများပါတယ် ဘုရား။)

ယခုနလို မနေမနားတဲ့ ဝီရိယနဲ့ ထူထောင်ပြီး ဖြည့်ကြ၊ အဲဒီလို ဖြည့်ကြပြီဆိုရင် အကုန်လုံးဟာ မှန်သလောက် ပြည့်မှာ ဧကန္တဗျာ့၊ ကြားကြရဲ့လား။

ဒီတော့ 'ဘယ်သူက ဖြေမလဲ' ဆိုတော့ ရွက်ဆောင်ကြတဲ့ သူတော် ကောင်း အစားစားတို့ဟာ အဖြေရကြပါလိမ့်မယ်ဗျာ့၊ သည့်ပြင် ဘာမှ မလုပ်သေးရင် ယခုနလိုသာထား၊ မနက်ဖြန်ကျရင် အရင်က ထမင်းချက်တဲ့

http://www.dhammadownload.com



ဒကာမကြီးတွေဟာ ယခုန ပြောသလို စောစောလဲပြီးမယ်၊ ထမင်းလဲ ကောင်းကောင်း၊ ဟင်းလဲကောင်းကောင်း၊ မီးကုန် ထင်းကုန်လဲ သက်သာ ပါလိမ့်မယ်ဗျာ၊ ဟုတ်ကယ့်လားဗျာ။ (ဟုတ်ပါတယ် ဘုရား။)

အေး.... အကုန်လုံး သက်သာလိုက်တာဗျာ။ ပြီးတော့ အချိန်ကလဲ မြန်မြန်၊ ကိုယ်လုပ်ချင်တာ ထပြီးလုပ်ရင် ရမှာက သေသေချာချာ ဖြစ်နေ တယ် မဟုတ်လား။

## စရဏ, ဝိဇ္ဇာ နှစ်ခုပါ

စရဏ ဝိဇ္ဇာ နှစ်ခုရှိတယ်။ စရဏဆိုတာက ယခုန အမျိုးမျိုး အဖြာဖြာ လေးပါးသော ပစ္စည်းနှင့်တကွ ဘုရားရှင့်သာသနာ တည်ရာ တည်ကြောင်း ပြုကြတာကို စရဏ ခေါ်တယ်။ မတွေဝေရအောင် စိတ်ကလေးကို ထားဆိုလို့ ထားလို့နေတာက ဝိဇ္ဇာခေါ်တယ်။ အဲဒီလို စရဏနဲ့ ဝိဇ္ဇာနှစ်ခု ရှိတယ်၊ နှစ်ခုရှိတော့ နှစ်ခုစလုံး တစ်ပြိုင်နက်ထဲ အကုန်လုံးပြုရမယ်။

မေး ။ ။ ဘယ်လိုလဲဆိုရင် ဘုရားရှင်ရဲ့ သာသနာတည်အောင် လေးပါးသော ပစ္စည်းတို့ကို စီမံရင်း ပြုရင်း ဒီလိုထားလို့ မဖြစ်ဘူးလား။

ဖြေ ။ ။ ဖြစ်ပါတယ်ဘုရား။

မေး ။ ။ တံမြက်စည်း လှည်းတာ ဘာခေါ်တုံးဗျာ။

ဖြေ ။ ။ စရဏပါ ဘုရား။

မေး ။ ။ တံမြက်စည်း လှည်းရင်း၊ အမှိုက်ကျုံးရင်း ယခုလိုထား တော့ မဖြစ်ဘူးလား။

ဖြေ ။ ။ ဖြစ်ပါတယ်ဘုရား။

မေတ္တာရှင်, ကရုဏာရှင်, ကျေးဇူးရှင် ဖြစ်ပါတဲ့ မိဘများကို ပြုသင့် ပြုထိုက်တဲ့ ခြေဆုပ်လက်နယ် စသည်ဖြင့် အကုန်လုံးသော အမျိုးမျိုး အဖြာဖြာတွေကို စိတ်နှလုံး အလိုပြီးအောင် ပြုတာက ဘာလဲ။ (စရဏပါ ဘုရား။) အဲဒီလို ပြုရင်း စိတ်ကလေးကို မရွေ့အောင် ထားရမှာက ဘာလဲ။ (ဝိဇ္ဇာပါဘုရား။) အဲဒီလိုပြုရင်း စရဏ ရော, ဝိဇ္ဇာရော နှစ်ခုစလုံး ပြီးတယ် မဟုတ်လား။ (ပြီးပါတယ် ဘုရား။)

http://www.dhammadownload.com



မေး ။ ။ သို့ပေမယ့် တစ်ခါတစ်ခါတော့ ဒကာကြီးတွေက 'အားတော့ ထုတ်ချင်တယ်၊ မိအို ဘအိုတွေ ရှိနေတဲ့ အတွက် သူတို့ကို ပစ်ထားလို့ မဖြစ်ဘူး' လို့ ဒီလိုများ မပြောဘူးလား။

ဖြေ ။ ။ ငယ်တဲ့လူတွေက ဒီလိုဆင်ခြေနဲ့ပဲ ရက်ရွှေ့နေပါတယ် ဘုရား။

မေး ။ ။ ကြီးတဲ့လူတွေကကော။

ဖြေ ။ ။ ကြီးတဲ့လူတွေကလည်း 'သားသမီးတွေ ငယ်သေးတယ်၊ သူတို့ရဲ့ ဝတ္တရားတွေ ရှိသေးတယ်လို့' ဆိုပြီး ရက်ရွှေ့ နေပါတယ် ဘုရား။

ယခုနလို ဝတ္တရားတွေကို ပြုနေတယ်ဆိုတာ ဒါဟာ သီလဘက်က မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။) ဒါ ချွတ်ယွင်းရင် သီလပျက်တယ် မဟုတ်လား။ (ပျက်ပါတယ်ဘုရား။) ဒီလို သီလမပျက်အောင်ပြုရင်း ဒီလို စိတ်ကလေးကို ထားလို့ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။) သားသမီး မြေး မြစ်တွေကို ဆုံးမရင်း, သူတို့ရဲ့ အမျိုးမျိုး အဖြာဖြာ ဝတ္တရားတွေကို ပြုရင်း, ဒီလို စိတ်ကလေးကို မရွှေ့အောင် ထားလို့ မဖြစ်ဘူးလား။

ဖြေ ။ ။ ဖြစ်ပါတယ်ဘုရား။

မေး ။ ။ ယခုနလို သူတို့ရဲ့ ဝတ္တရားတွေ အကုန်လုံး မလိုရအောင် ရွက်ဆောင်တဲ့ဟာက သီလဘက်ကဆိုတော့ စရဏ လား၊ ဝိဇ္ဇာလား။

ဖြေ ။ ။ စရဏပါ ဘုရား။

မေး ။ ။ စိတ်ကလေး ထားလို့နေတာက။

ဖြေ ။ ။ ဝိဇ္ဇာပါ ဘုရား။

မေး ။ ။ ဒီလိုဆိုတော့ စရဏရော ဝိဇ္ဇာရော နှစ်ခုစလုံး တပြိုင်နက်ထဲ မဖြစ်ဘူးလား။

ဖြေ ။ ။ ဖြစ်ပါတယ် ဘုရား။

အဲဒါ နေရာကျလိုက်တာဗျာ။ သူတို့မှာ ပြုဖို့ရာ အချိန်မရဘူးလို့ သာ ဆိုတယ်၊ ယခုတော့ ကိုယ့်အကျိုး ကိုယ့်စီးပွား ရမယ်ဆိုရင် အချိန် ချည်းပဲ မဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား။) အဲဒီတော့ အချိန်မရလို့များ

http://www.dhammadownload.com



ရှိသေးသလား။ (အချိန်မရလို့ မရှိနိုင်ပါဘုရား။) အရင်တုန်းကလဲ ဒီလို လုပ်နေတာပဲ မဟုတ်လား။ (အရင်တုန်းကလဲ မလုပ်ပါဘုရား။) ရလိမ့်မယ် မထင်တာနဲ့ မလုပ်တာလား။ (ဒီလိုကို မသိလို့ပါဘုရား။) အေး.... လိုချင်ရင် ဒီလိုယူကြ။ ရှေးအရှင် သူတော်ကောင်းတွေက ဒီလို ယူကြတာ ဒကာကြီးများ ဒကာမကြီးများ ။

အဲဒါတွေကတော့ သူတို့တတွေမှာ သွက်လက် ဖျတ်လတ်ပြီးသားပါ။ ပြောလိုက်မယ်ဆိုရင် သူများထက် အဆပေါင်း သိန်းသန်းမကအောင် သွက်လက် ဖျတ်လတ်တယ်မဟုတ်လား၊ အဲဒီလို သွက်လက်ဖျတ်လတ်တော့ ဒို့က သတိပေးသလို ပြောတော့ လွယ်တယ်မဟုတ်လား။ အဲဒါ မေတ္တာရှင် ကရုဏာရှင် ဖြစ်ပါတဲ့ သံဃာတော် အရှင်ကောင်း အရှင်မြတ်တို့က မေတ္တာမိုး ဈွေပြီး ညွှန်ကြားဆုံးမထားလို့ ယခုလို လွယ်တာဗျာ့။

ဒါ့ကြောင့် မိဘ ဆရာသမား, မေတ္တာရှင် ကရုဏာရှင်ဖြစ်တဲ့ သံဃာတော် အများတို့ကို ကြည်ညိုကြ၊ လေးစားကြ၊ ပူဇော်ကြ၊ အအား အနား မထားပဲ ဤကဲ့သို့ မြတ်နိုးခြင်းကို ပြုကြ။ ဘယ်က စ-ရမလဲဆိုရင် ဒီအချိန်က စပြီး လုံ့လ ဝီရိယ အအား အနား မထားပဲ ရှေးသူတော်ကောင်းတွေ ပြုသလိုသာ ပြုကြ၊ ဆောင်ကြသလိုသာ ဆောင်ကြ။ ရှေးသူတော်ကောင်းတွေ စိတ်နှလုံး အလိုပြီးစီးသလို ချမ်းသာသုခတွေဟာ အခါမလင့် ဆိုက်လာပြီး မှန်းထားတာမျှမက အကြွင်းအကျန်မရှိ ပြည့်စုံ ပါလိမ့်မယ်ဗျာ့။

**သာဓု.... သာဓု.... သာဓု....။**

[ ၁၉၅၅-ခုနှစ်၊ ဧပြီလ ၂၄-ရက်နေ့ ည ၇ း၂၅ - ၈ း ၄၃ နာရီ၊ ရန်ကုန်မြို့၊ တက္ကသိုလ် ဓမ္မာရုံ၌ ဟောသည်။ ]

http://www.dhammadownload.com

# အော်ကျယ်အော်ကျယ် ဆုတောင်းပုံ

အစာရေစာ ငတ်မွတ်ခေါင်းပါးတဲ့ ဘေးကြီး (ဒုဗ္ဘိက္ခန္တရကပ်)က လောဘကြောင့် ဖြစ်တာ။ ဓားလက်နက်ဘေးကြီး (သတ္ထန္တရကပ်) က ဒေါသကြောင့် ဖြစ်တာ။ ဟုတ်ကယ့်လား။ အနာရောဂါဘေးကြီး (ရောဂန္တရ ကပ်) က မောဟကြောင့် ဖြစ်တာ။ ဘယ်သူ, ဘယ်နတ်, ဘယ်ဗြဟ္မာကမှ လုပ်တာမဟုတ်ဘူး။ ရောဂါဖြစ်လျှင် ဒီ ဝိဇ္ဇာနဲ့နေ၊ မပျောက်ပေဘူးလား၊ ဒီဘေးကြီးတွေ လာနိုင်အုံးမှာလား။

ဘုရားရှင်ဆုံးမတော်မူတာ ရလို့ သောဝစဿတာဂုဏ်နဲ့ လိုက်ပါပြီးတော့ ရုပ်ပေါ် နာမ်ပေါ်မှာ နေတော့ လောဘ, ဒေါသ, မောဟ မဝင်သာလို့ မဝင်လာဘူး။

အဲဒါ တိဟိတ်ခေါ် သဗျာ့။ လောဘ, ဒေါသ, မောဟ ဆိုတာ မီးခေါ် တာ။ အခုထား၊ အခုနေ၊ အခုမီးငြိမ်း၊ အခု ပစ္စုပ္ပန်ချမ်းသာ။

ဘုရားရှင့်ရဲ့ဆေးက သေသေချာချာ ဆေးဗျာ့။ ဈေးသွားပြီး ဝယ်စရာ မလိုဘူး၊ မစုမဆောင်းရ၊ အမှုန့်မထောင်းရ၊ မလုံးရတော့ဘူး။ အနံ့ အဝင်လဲ မဆိုး၊ မိနစ်မဆိုင်း ချက်ချင်း အကျိုးရတာဗျာ့။ ဒီလိုမှန်းသိရက်နဲ့ ခုနက ဟာတွေ ဘာတဲ့.... (အပါယ်လေးပါး၊ ကပ်သုံးပါး ပါဘုရား။)

အေး.... ဘာလို့ အော်ကျယ်အော်ကျယ်နဲ့ ဆုတောင်းနေချင်ရတာလဲဗျာ့။ ဝိဇ္ဇာနဲ့ နေရင် ဒါတွေ မပြီးပေဘူးလား။

[၂၁-၃-၇၄ နေ့ ညက ရွှေတိဂုံဘုရားအနီး အင်းလေးဓမ္မာရုံ၌ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး ဟောကြားတော်မူရာ လိုရင်း အနှစ်သာရ မှတ်စု။]

http://www.dhammadownload.com

ခေါင်းအုံးပါလို့ မနိုင်

စစ်တိုက်မယ်၊ စစ်တိုက်မယ်နှင့်

ခေါင်းအုံးကြီးတွေနဲ့ဆိုတော့

မနိုင်တာဟာ

ဒါ့ကြောင့်ဗျာ့။

ဝေဘူဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ၄–ကိုယ်ပိုင် ဘဝလုံခြုံရေး

## တရားတော်

သီလ ဆောက်တည်ပြီးကြပြီ။ ဆောက်တည်လို့ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြ။ ဖြည့်ကျင့်လို့ ပြည့်စုံပြီဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ရည်ရွယ်ချက် အသီးသီး တို့ဟာ အကြွင်းအကျန်မရှိ **အကုန်လုံး ပြီးစီးအောင်မြင် ကြရောဗျာ့**။ ထိုသို့ဖြစ်သောကြောင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာတောင့်တ ရည်ရွယ်ချက် အသီးသီးတို့ကို ပြည့်စုံစေခြင်းငှာ စွမ်းနိုင်တဲ့ သီလကို ကြိုးစားပြီး ဖြည့်ကြ၊ ကျင့်ကြ။ သီလ၌ တည်ပြီးတော့ ပြုရတဲ့ကုသိုလ် အဖြာဖြာတို့ဟာ စိတ်နှလုံး အလို တောင်တတဲ့ အတိုင်း **အသီးအသီးတို့ အပြီးအဆုံးတိုင်အောင် ဆောင်တယ် ဗျာ့။**.....

## အချိန်အခါကောင်း ဘဝကောင်း

ဘာ့ကြောင့် ဤကဲ့သို့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း အသီးသီး ပြီးစီးနိုင်ပါသလဲဆိုတော့ အခါကောင်းလို့၊ ဘဝကောင်းလို့၊ ဝီရိယ ထူထောင်ပြီး ဖြည့်ကျင့်လို့ ပြည့်စုံပြီဆိုမှဖြင့် အခါမလင့် တောင့်တတဲ့ အတိုင်းဟာ ဆိုက်လာ ရောက်လာတယ်။

ဆိုက်လာရောက်လာပြီဆိုမှဖြင့် အကြွင်းအကျန်မရှိ စိတ်နှလုံးအလို ပြည့်စုံပြီဖြစ်သောကြောင့် ပျော်ကြရ၊ ရွှင်ကြရတယ်။ ဤကဲ့သို့ ပျော်ကြရ၊ ရွှင်ကြရတယ် ဆိုတာမျိုးကတော့ **တခဏစာ၊ တဘဝစာ မဟုတ်ဘူး။ သံသရာ တစ်လျှောက်လုံးအတွက် ကောင်းကောင်းလှလှကြီးကို လုံလောက်သွား တာဗျာ့။**

http://www.dhammadownload.com



ဘုရားပွင့်တော်မူတဲ့ အချိန်ကစပြီး အချိန်တိုင်းအချိန်တိုင်းမှာ လူနတ်ပြဟ္မာတို့ဟာ လေးစားပူဇော် ကြည်ညိုကြပြီး တောင့်တတဲ့အတိုင်း မယူဘဲနှင့်နေတဲ့အချိန်ဟာ မရှိဘူးတဲ့ဗျာ့။ ခဏတမုဟုတ်ချင်း စိတ်နှလုံးအလိုတောင့်တတဲ့အတိုင်း အသီးသီး ပြီးစီးအောင် ယူကြလို့မို့ အချိန်တိုင်းအချိန်တိုင်းရကြတယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့၊ အခါကောင်းတာ, ဘဝကောင်းတာသိပြီး ပြီးလောက်တဲ့ ဝီရိယနဲ့ ထူထောင်ကြလို့ဗျာ့။

မေး ။ ။ အခါ, ဘဝကောင်းပြီး နေပင်နေလင့်ကစား ဝီရိယနဲ့ ထူထောင်ပြီး မယူကြတဲ့ လူနတ်ပြဟ္မာတို့မှာ စိတ်နှလုံးအလိုပြည့်ပါ့မလားဗျာ့။

ဖြေ ။ ။ မပြည့်နိုင်ပါဘုရား။

မေး ။ ။ အဲဒါ ဘာ့ကြောင့်တုံးဗျာ့၊ အခါမကောင်း, ဘဝမကောင်းလို့လား။

ဖြေ။ ။ ဝီရိယ မရှိလို့ပါဘုရား။

အေး.... ဟုတ်တယ်ဗျာ့။ အခါ, ဘဝကောင်းပြီဆိုမှဖြင့် လိုချင်တာကို ခဏ တမုဟုတ်ချင်းအားဖြင့် အကြွင်းအကျန်မရှိ အသီးသီးပြီးစီးကြပါသတဲ့ဗျာ။ ဘုရား ပရိနိဗ္ဗာန် စံဝင်ကြွသွားပြီးတဲ့နောက် ဘုရားအဆုံးအမ၊ ဘုရားသာသနာ ထားတော်မူခဲ့တဲ့အတိုင်း သောဝဿစတာဂုဏ်နဲ့ ကောင်းမွန်စွာမှတ်သားပြီး ဘုရားရှေ့လက်ထက်တော်က လိုက်နာကြသလို ဤကဲ့သို့လိုက်နာကြပါလျှင် အချိန်တိုင်း အချိန်တိုင်းဟာ သူတို့ပြီးစီးကြသလို အခုကော မပြီးစီးကြပေဘူးလားဗျာ့။ (ပြီးစီးနိုင်ပါတယ်ဘုရား။)

အေး.... အချိန်အခါ, ဘဝကောင်းတော့ လိုချင်သလို ရနိုင်တယ်ဆိုတာ သိရှိပြီးသား ဖြစ်ကြပါတယ်။ ဘုရား အဆုံးအမ ပိဋကသုံးဖြာဆိုတာလဲ သံဃာတော် အရှင်မြတ်များက မေတ္တာမိုးစွေပြီး အစဉ်သနားလို့ ညွှန်ကြား ဆုံးမတာ ပွန်းတီး လိမ္မာပြီးသားတွေ ရှိကြပါတယ်။ ပြောလို့ မဆုံးအောင် များပါလိမ့်မယ်။ အားလုံး ဖျတ်လတ်ကြပါတယ်။

ဘုရားရှင် ရှေ့လက်ထက်တော်က မြင့်မြတ်တဲ့ သူတော်ကောင်း အစားစားတို့ဟာ ရွှင်ကြ ပျော်ကြသလို ရွှင်ကြရ ပျော်ကြရပါလိမ့်မယ်။ ရွှင်ကြပျော်ကြပြီဆိုတော့ **ဘယ်အခါမှ အားမရ မရောင့်ရဲနိုင်ကြပါဘူးတဲ့ဗျာ။**

http://www.dhammadownload.com



ဘုရားရှင်အဆုံးအမ သုံးဖြာသော ပိဋကဆိုတာ ဘယ်ဟာက ဝိနည်း, ဘယ်သင်းက အဘိဓမ္မာ, ဘယ်သင်းက ဝိဇ္ဇာ, ဘယ်သင်းက စရဏ ဆိုတာ အားလုံးပဲ သိကြပြီးပါပြီဗျာ။ ရှေးအရှင်များကဲ့သို့ အားချိန် နားချိန်မျှမထားဘဲ မီအောင် ညီအောင် ဝီရိယကို ထူထောင်ကြပါလျှင် အကြွင်းအကျန်မရှိ ပြီးစီးအောင်မြင်ပြီဆိုမှဖြင့် ပျော်ကြရ၊ ရွှင်ကြရပါတယ်ဗျာ။

## စရဏ ဝိဇ္ဇာ တပြိုင်နက်ပါ

စရဏ, ဝိဇ္ဇာ စုံလင်တဲ့အချိန်မှာ နှစ်သက်ရာ ဗောဓိအသီးသီးဟာ အကုန်လုံး ပြီးစီးတယ် ဆိုတာကိုလဲပဲ ကောင်းကောင်းလှလှ သွက်လက်ဖျတ်လတ်ကြပါတယ်။

သိမှုမှာရော, ပြောမှုမှာရော အကုန်လုံး ဆောင်တဲ့အခါမှာလဲပဲ သည်ဟာတွေကို ဆောင်နေကြတာပါပဲ။ စရဏ, ဝိဇ္ဇာ နှစ်ဖြာရှိတဲ့ နေရာမှာ ဘုရားရှင်သာသနာ တည်ရာတည်ကြောင်း လေးပါးသော ပစ္စည်းတို့ကို အမြင့်အမြတ် အထွတ်အထိပ်တွေ ဖြစ်အောင် ကောင်းမွန်စွာ ပြုလုပ်စီမံပြီး အဲသလို ပြုကြတာတွေကိုတော့ **စရဏ** ခေါ်တယ်။

**ဝိဇ္ဇာ** ခေါ်တာကတော့ ယထာဘူတ အမှန်သိဖို့ ဘုရားဆုံးမတဲ့ အဆုံးအမတွေ များများကြီး မှတ်ပြီးတော့ ထားတာတွေ ရှိပေမယ်လို့ အကုန်လုံး ပြုရမည် မဟုတ်ပါ။ ဆုံးမတဲ့ အဆုံးအမ တစ်ခုမှန်မှန်ကို ကိုယ့်စိတ်ထဲ နှစ်သက်သလို ဝီရိယ မှန်မှန်နှင့် သန်သန်ထူထောင်ပြီး စိုက်စိုက်စူးစူး အဲသလိုထားပြီးတော့ သိရမှာကို သိ, ရှုရမှာကို ရှု, မှတ်ရမှာကို မှတ်လို့မှို့ တခြားတစ်ပါးသို့ အာရုံမလွင့်အောင် အဲသည်လိုနေလျှင် **ဝိဇ္ဇာ** ကုသိုလ် ဖြစ်ပါတယ်။

ရှေးအရှင်ကောင်း အရှင်မြတ်တွေဟာ အဲသလို အချိန်တိုင်း အချိန်တိုင်းမှာ စရဏရော ဝိဇ္ဇာရော တပြိုင်နက်ထဲ ယခုလို ဆောင်တော်မူကြတယ်။ အဲသည်လို ဆောင်ကြလို့ တောင့်တတဲ့အတိုင်း ပြည့်စုံပြီး အကုန်လုံးဟာ ပျော်ကြရ ရွှင်ကြရတယ်။ ယခုကော ဆိုတော့ သည်လိုဆောင်ကြလျှင် သည်လိုဖြစ်ပါတယ်။

http://www.dhammadownload.com



## သညာသိ ပညာသိ

'အင်း-ဒါကတော့ စရဏ, ဒါက ဝိဇ္ဇာ, ဒါက ဝိပဿနာ' အမျိုးမျိုး အဖြာဖြာ ပွန်းတီးလိမ့်မှာကြပါတယ်။ 'ဒါက ဘယ်သင်း, ဘယ်လိုဗျ' နဲ့ သူတို့ပြောဆိုနေကြမှာပါပဲ။ ပြောတတ် ဆိုတတ်ကြတယ်ဗျာ့။ ဟောတတ် ပြောတတ်တာလဲ ဟောတတ် ပြောတတ်တာပါပဲ။ သိတာလဲ သိတာပါပဲ။ ဒါဟာ အမှန်ချည်းပါပဲ။

သို့သော်လည်း ဘုရားဆုံးမတဲ့အတိုင်း သိတာက မှတ်ထားလို့ သိတာ။ မှတ်ထားလို့ သိသလို ဆုံးမတဲ့အတိုင်း ဝီရိယကို ရှေးအရှင်တွေနှင့် မီအောင် ညီအောင် အဲသလို ထူထောင်လို့ သိရတာ၊ ဘယ်သင်းကမှ သေသေချာချာ ကိုပဲ ရှင်းရှင်းလင်းလင်းနဲ့ သိနိုင်ပါသလဲ ဆိုတော့ ယခုလို ဝီရိယ သန်သန် နှင့် လိုက်နာတဲ့အခါမှာ သိတာကမှ သေသေချာချာ သိပါမယ်။

အခုထားပြီးတော့ကို ကြည့်လျှင် အခုသိပါတယ်။ သည့်ထက် အချိန် ကြာကြာကလေး ထားပြန်ပြီဆိုမှဖြင့် သည့်ထက်တိုးပြီးတော့ သိပါလိမ့်ဦးမယ်။

သည်တော့ ဘုရား အဆုံးအမတော်တွေကို လိုက်နာပြီလား ဆိုမှဖြင့် သူတော်ကောင်း အစာစားတို့ဟာ ဝီရိယ ထူထောင်လို့ အစဉ်အတိုင်း ဝီရိယိဒ္ဓိပါဒ်တွေ ဆင့်ကာဆင့်ကာနှင့် တိုးတက်ပြီးတော့ လာတဲ့အခါမှာ သိသင့်သိထိုက်တာတွေ တိုးပြီးသိတော့တာပဲဗျာ့။ မည်သူမျှ မပြောဘဲနဲ့ ကိုယ်ပိုင် ကိုယ်တိုင် နားလည်သွားပါသတဲ့ဗျာ့။

ဘုရားဆုံးမတဲ့ အဆုံးအမတော်တွေဟာ မှတ်သားပြီးသား, ပြတ်ပြတ် သားသား, ရှင်းရှင်းကြီးတွေ ရှိကြပါတယ်။ ကိုယ်နဲ့တန်သလောက် သိကြ ပါတယ်။

မေး။ ။ ဘယ်သူ့ကိုမှ မေးစရာ မလိုအောင် သိပြီးသားတွေ ရှိထား ကြတယ် မဟုတ်လား ဒကာကြီး ဒကာမကြီးများရဲ့။

ဖြေ။ ။ ရှိပါတယ်ဘုရား။

အဲသည်လို သိပြီးသား မှတ်ပြီးသားတွေနဲ့ လှမ်းကြည့်လို့ရှိရင် ရှေး အရှင်တွေရဲ့ ဝီရိယတွေကို မြင်ဖို့ရာ တယ်မခက်ဘူး ထင်ပါရဲ့။ (မြင်ဖို့ရာ တယ် မခက်ပါ ဘုရား၊ ဒါပေမဲ့ သိပြီးသားတွေပေမဲ့ အကျယ်တဝင့် ရှင်းပြမှ သိကြရမှာပါဘုရား။) ဒါဖြင့်ရင် ဒီလိုပြောကြပါစို့ရဲ့။

http://www.dhammadownload.com



## တရားအမိုး အမျိုးမျိုး

ဘုရားအဆုံးအမ သုံးဖြာသော ပိဋကဆိုတော့ မြင်ရ ကြားရ မှတ်သားရတာ မကုန်နိုင်အောင်ဘဲ ဖြစ်ကြတယ်၊ မေတ္တာရှင် ကရုဏာရှင် ဖြစ်ပါတဲ့ သံဃာတော် အရှင်ကောင်းတို့ကလဲ ထပ်တလဲလဲ အအား အနား မထားဘဲ ညွှန်ကြား ဆုံးမတာတွေဟာ ရှင်းရှင်းဘွင်းဘွင်းကြီးတွေ ဆိုတော့ သူတို့မှာ သွတ်လက်ဖျက်လတ်ပြီးသား ဖြစ်တယ် မဟုတ်လား။ (မှန်ပါ့ဘုရား။)

အဲဒါပဲ ဂရုစိုက်ရမှာပဲ။ ( အဲဒါပဲ ဂရုစိုက်ရမှာပဲ ဆိုတော့ နားမလည်နိုင်အောင် ဖြစ်နေပါတယ်ဘုရား။ )

ဒါဖြင့် သည်လို ပြောကြပါစို့ရဲ့။ အိမ်တို့ ဘာတို့ကို မိုးထားကြတယ်မဟုတ်လား။ (မိုးထားကြပါတယ်ဘုရား။) မိုးတဲ့အခါကျတော့ ကောင်းကောင်းမွန်မွန် မိုးထားတဲ့အိမ်များ မိုးနဲနဲရွာရင် ယိုသလားဗျာ့။ (မယိုပါဘုရား။) များများကြီးရွာရင်ကော။ (မယိုပါဘုရား။)နေပူတော့ကော လုံပါရဲ့လားဗျာ့။ (လုံပါတယ်ဘုရား။)

မေး။ ။ အဲဒါဘာဖြစ်လို့လဲ ဆိုရင် လုံလုံ မိုးထားတဲ့ အိမ်မို့ဗျာ့။ ဒီတော့ မိုးရွာပြီဆိုမှဖြင့် အမိုးလုံတာ, မလုံတာကို မသိပေဘူးလား။

ဖြေ။ ။ လုံတာ မလုံတာ သိနိုင်ပါတယ်ဘုရား။

အဲဒါကြောင့်မို့ ဘုရားဆုံးမတော်မူပါတဲ့ အဆုံးအမတော်တွေဟာ အမျိုးမျိုးအဖြာဖြာလို့ ထင်ပင်ထင်ရငြားသော်လည်း စင်စစ်မှာတော့ ဆင်းရဲမှ လွတ်မှုတခုပါပဲ။ အဆုံးအမ အများထဲက ကိုယ်အလိုရှိရာ နှစ်သက်ရာတခုခုကို ဝီရိယနဲ့ထူထောင်လို့ ပြီးကြပြီဆိုမှဖြင့် ခုနက ပြောသလို မိုးမယိုစီးဘူးဆိုရင် မိုးလုံပြီလို့ မှတ်ကြဗျာ့။ (မှန်ပါ့မလား။) မလုံသေးလို့ ရှိရင်လည်း မလုံသေးဘူးလို့ သိကြဗျာ့။

မေး။ ။ ဒါဆိုရင် မမေးဘဲနဲ့ အသီးသီးသော သူတော်ကောင်းတွေဟာ မရိပ်မိပေဘူးလား။

ဖြေ။ ။ တပည့်တော်တော့ တယ် မရိပ်မိပါဘုရား။

အဲဒါဖြင့် ဒကာကြီးရဲ့အိမ်ကို ပြောကြပါစို့ရဲ့၊ အရပ်ထဲမှာ နေရာတကာ အနှံ့အပြားပဲ သွားတော့ အိမ်တွေဟာ မိုးထားတာ တွေ့ရတယ်။

မေး။ ။ အဲဒါ ဘာကြောင့် မိုးထားကြသလဲ။

http://www.dhammadownload.com



ဖြေ။ ။နေပူမိုးရွာ လုံအောင်လို့ပါဘုရား။

မေး။ ။ဘာတွေ ဘာတွေများ မိုးသလဲဗျာ့။

ဖြေ။ ။သွပ်မိုး၊ အုတ်ကြွပ်မိုး၊ ဓနိမိုးတွေပါပဲ ဘုရား။

မေး။ ။အေး. . ဟုတ်ပဲ့ဗျာ၊ ဓနိကို ကောင်းကောင်းမိုးရင် ဘယ့်နှယ်တုံးဗျာ့။ (မိုး မယိုပါဘုရား။) သွပ်ကို ကောင်းကောင်းမိုးရင်ကောဗျာ့။ (မိုး မယိုပါဘုရား။) အနို့ အုတ်ကြွပ်ကို ကောင်းကောင်းမိုးရင်ကော။ (မိုး မယိုပါဘုရား။) ကပ်ကို ကောင်းကောင်းမိုးရင်ကောဗျာ။(မိုး မယိုပါဘုရား။) နောက်ပျဉ်ကို ကောင်းကောင်းမိုးရင်ကော။(မိုးမယိုပါဘုရား။) အဲသည်လို အမိုးတွေ အများကြီးထဲက ကိုယ်ကြိုက်နှစ်သက်ရာ တခုခုကို ကောင်းကောင်းမိုးထားလို့ရှိရင် မိုးရွာတဲ့အခါ, နေပူတဲ့အခါ လုံသလား၊ မလုံဘူးလား။

ဖြေ။ ။အမိုးတွေအများကြီးထဲက တစ်ခုခုကို အဟုတ်လုံအောင် မိုးထားရင် လုံပါတယ်ဘုရား။

## အမိုးတိုင်း အကောင်းချည်း

အဲသည်လို အမိုးမိုးတာဟာ မိုးစိုလွတ်အောင်လို့, နေပူလွတ်ချင်လို့ဗျာ့။ အခုလဲပဲ ဘုရားအဆုံးအမတော်တွေဟာ အသီးသီး ရှိကြပါတယ်။ အဲသည်အများထဲက အဆုံးအမ တစ်ခု မှန်မှန်ကို သန်သန်ဝီရိယနဲ့ အဲသည်လို ထူထောင်ပါ။ ထူထောင်ပြီဆိုမှဖြင့် မိုးနှင့်တူပါတဲ့ လောဘ ဒေါသ မောဟတို့ဟာ မဝင်သာဘူး၊ မယိုလာဘူးဆိုမှဖြင့် အဲဒါ မိုးလုံပြီလို့ မှတ်ရမယ်။ (မှန်ပါ့ဘုရား။)

မေး။ ။ခုနကလို မိုးယိုလာသေးတယ်ဆိုရင် ဘယ့်နှယ်လဲ။ လုံလို့လား၊ မလုံလို့လား။ (မလုံလို့ပါဘုရား။) အဲဒါဘာကြောင့်လဲ၊ ဓနိက မကောင်းလို့လား။ (ဓနိကတော့ ကောင်းပါတယ်ဘုရား။) အဲဒါသွပ်မကောင်းလို့လား။(သွပ်လဲကောင်းပါတယ်ဘုရား၊) အဲဒါ အုတ်ကြွပ် မကောင်းလို့လား။ (အုတ်ကြွပ်လဲ ကောင်းပါတယ် ဘုရား။) နောက်ပြီး ကပ်တို့, ပျဉ်တို့ကော မကောင်း

http://www.dhammadownload.com



လို့လား။ (ကောင်းပါတယ်ဘုရား။) ဒါဖြင့် ဘာ့ကြောင့် မလုံပါလိမ့်မတုံး။ (မိုးတဲ့နည်း မသိလို့ပါဘုရား။) အမိုး မကောင်း လို့လား ။

ဖြေ ။ ။ အမိုးတွေကတော့ ကောင်းပါတယ်၊ မိုးတဲ့နည်းကို မသိဖြစ်နေပါတယ်ဘုရား။

မေး ။ ။ အဲသည်တော့ မိုးတာကတော့ မိုးပြီ။ မလုံဘူးဆိုရင် လုံအောင် မိုးဘို့ရာ ခက်သလားဗျာ။ ( နားလည်ရင် အလွယ်ကလေးပါဘုရား။) ဒါဖြင့် သည်နေရာက ယိုလာရင် ဘယ့်နှယ်လုပ်ရသဲ။

ဖြေ ။ ။ သည်နေရာက ယိုရင် သည်နေရာကို ဖာရပါတယ်ဘုရား။

## စပ်အောင်ထူထူ မိုးပါမှ

အေး. . ဟုတ်တယ်၊ အဲဒီလိုပါပဲဗျာ။ အခုလဲ ဝီရိယထူထောင်လို့ လုံနေရင် မိုးလုံပြီမှတ်။ အဆုံးအမအတိုင်း လိုက်နာလို့ လောဘ ဒေါသ မောဟတွေ ယိုစီးလာပါသေးတယ်ဆိုရင် မိုး မလုံသေးဘူး မှတ်ရုံပဲ။ ဟုတ်ကဲ့လားဗျာ။ (မှန်ပါ့ ဘုရား။) အဲဒါကတော့ ကိုယ်မိုးထားတဲ့ ကိုယ့်အိမ်ကို ကိုယ် သိကြပေတော့။

(တပည့်တော်တော့ သွပ်ရော, အုတ်ကြွပ်ရော အကုန်လုံး ရှိပါတယ်ဘုရား၊ မိုးကလဲ ယိုနေတော့ မိုးနည်း လိုနေပါသေးတယ် ဘုရား။)

ပါးပါး မမိုးနဲ့၊ ထူထူမိုးဗျာ။

(ဘယ်လိုထူထူမိုးရမှန်းမသိလို့ ဒီလိုပဲထိုင်ပြီး မိုးစိုခံနေရပါတယ်ဘုရား။)

ဒီနေရာမှာ ရှေးအရှင်ကောင်းတွေကတော့ ဘယ်လိုများ ပါလဲ ဆိုရင် အဆုံးအမ ရပြီဆိုမှဖြင့် ရသည်နှင့်တပြိုင်နက် မချတဲ့ ဝီရိယနဲ့ ကြိယာပုတ်လေးဖြာ ဘယ်အချိန်အခါမှ မလပ်ရအောင် ဒီလို ဆောင်ကြ, တစပ်ထဲ စပ်မိအောင် ထူထောင်ကြတာဗျာ။

ဘုရား အဆုံးအမရကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ထိုင်နေရင်းလဲ စိုက်စိုက်စူးစူးနဲ့ မရွေ့ရအောင်ဟာ ထူထောင်ကြတော့ ဘယ့်နှယ်လဲ မိုးနဲ့တူတဲ့ လောဘ လာသေးသလား။ (မလာပါ ဘုရား။)

http://www.dhammadownload.com



ဒေါသကော။ (မလာပါဘုရား။) မောဟကော။ (မလာတော့ပါဘုရား။) အဲဒါ လုံတာပေါ့ဗျာ။ အဲသည်လို နေရင်း ထိုင်ရင်း ရပ်ရင်း သွားရင်း မပြတ်မလပ်ဘဲ တဆက်တည်း ခုလို နေပြီလားဆိုမှဖြင့် မိုးနဲ့တူတဲ့ လောဘဟာ ယိုစီး လာဦးမလားဗျာ။

(မယို မစီးလာရအောင်၊ မည်ကဲ့သို့ တည်နေအောင် ထားရမယ် ဆိုတဲ့ တရားကို သနားပါဦး ဘုရား။)

## လူတိုင်း မွေးရာပါတရား သိအောင်လုပ်

ဒါဖြင့် ဥပမာ တနေရာရာပဲ ပြောကြပါစို့ရဲ့။ အသက်ရှူတာကတော့ ကြီးကြီးငယ်ငယ် အကုန်လုံး အသက်ရှူကြတယ် မဟုတ်လား။(အကုန်လုံး ရှူကြပါတယ် ဘုရား။)

ဘာနဲ့ ရှူကြသလဲ။ (နှာခေါင်းနဲ့ ရှူပါတယ်ဘုရား။)

ဘယ်အချိန်က စပြီး ရှူခဲ့ကြတာလဲဗျာ။

ဖြေ။ ။ မွေးကတဲက ရှူခဲ့ကြတာပါ ဘုရား။

ထိုင်နေရင်းကော။ (ရှူတာပါပဲ ဘုရား။)

မတ်တပ်ရပ်ရင်းကော။ (ရှူပါတယ် ဘုရား။)

လမ်းသွားရင်းကော။ (ရှူပါတယ်ဘုရား။)

အလုပ်လုပ်ရင်းကော။ (ရှူပါတယ်ဘုရား။)

မေး။ ။ စားဖို့သောက်ဖို့ အလုပ်တွေ အရေးတကြီး လုပ်တဲ့အခါမှာ 'အလုပ်တွေ များတယ်၊ အသက်မရှူအားပါဘူး'ဆိုပြီး နားများနေသေးသလား။ (မနားပါ ဘုရား။)

မေး။ ။ အိပ်ပျော်သွားတော့ကော။

ဖြေ။ ။ အိပ်ရင်းလဲ ရှူတုန်းပါပဲ ဘုရား။

မေး။ ။ အဲသည်တော့ ဒီဟာက (ရှူစရာက) တမင်ရှာရသေးသလား။

ဖြေ။ ။ ရှာတော့ မရှာရပါ ဘုရား။

အေး. . ဗျာ၊ အားလုံးကြီးကြီးငယ်ငယ် ဒကာကြီး ဒကာမကြီးတွေဟာ ဒီဟာကို မတတ်တဲ့လူရယ်လို့ မရှိဘူး မဟုတ်လား။ (အကုန်လုံး

http://www.dhammadownload.com



တတ်ကြပါတယ် ဘုရား။) အေ. . ဒါ့ကြောင့် ဒီထွက်လေ ဝင်လေ နှစ်ရပ်ကို ထွက်တဲ့ ဝင်တဲ့အခါမှာ ဘယ်နားကလေများ အေးအေး အေးအေးနဲ့ တိုက်ပြီး ထွက်သတုံးဗျာ့။ (နှာသီးဝမှာ တိုက်ပြီးထွက်ပါတယ်ဘုရား။) ဝင်တဲ့ အခါ ကျပြီဆိုရင်ကော။ (နှာသီးဝမှာပဲ တိုက်ပြီးဝင်ပါတယ် ဘုရား။)

## ချက်ချင်းဆောင်သော တရားသဘော

ဒီတော့ အဲဒီနှာဖျား နှာဝကလေးမှာ တိုက်ပြီး ထွက်တာ ဝင်တာကို သတိထားပြီး နေလို့ရှိရင် မသိဘူးလား။ (သတိထားပြီးနေရင် သိပါတယ် ဘုရား။) ဒီတော့ တိုက်ဝင် တိုက်ထွက်တဲ့ နေရာကလေးမှာ လက်တခုနဲ့ သာသာကလေး ထိပြီးတော့ ထားရင်ကော မသိပေဘူးလားဗျာ့။ (သိပါတယ်ဘုရား။)

မေး။ ။ အဲသလို ထွက်လေ ဝင်လေထိတာ သိတာကို နှုတ်က ဆိုရ သေးသလား။

ဖြေ။ ။ နှုတ်က မဆိုရပါဘုရား။

အဲသည်လို ထိတော့ မဆိုဘဲနဲ့ သိသလို ထိုထိုအာရုံတွေနောက် လိုက်ပါ သွားနေတာကို မသွားရအောင် ဤကဲ့သို့ တသိထဲ တဆက်ထဲ သိနေအောင်ဟာ စူးစူးစိုက်စိုက် ထားလိုက်ရင် မဖြစ်ပေဘူးလား။ (ဖြစ်ပါ တယ်ဘုရား။)

မေး။ ။ အဲသည်လို နေတဲ့အချိန်မှာ လောဘ ရှိသေးရဲ့လား။ (မရှိ ပါဘုရား။) ဒေါသကော။ (မရှိပါ ဘုရား။) မောဟကော။ (မရှိပါဘုရား။) ကြောင့်ကြရမှု စိုးရိမ် ပူပန်ရမှုတွေကော ရှိသေးသလားဗျာ့။

ဖြေ။ ။ မရှိတော့ပါဘုရား။

အေးဗျာ့ - အခု ချက်ချင်းပဲ ဆင်းရဲကင်းတယ်ဗျာ့။ ဘုရား အဆုံးအမ တော်ကို လိုက်နာပြီ လား ဆိုမှဖြင့် အခုလုပ်, အခုချမ်းသာ။ ဒါဟာ ပစ္စုပ္ပန် သံသရာ ဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တာပဲ။ အားလုံး ဒါတွေ သွက်လက် ဖျတ်လတ်ကြပါတယ်။

မေး။ ။ ဒီတော့ ဘုရားဆုံးမတဲ့ အဆုံးအမဆိုတာ ဆင်းရဲမှ လွတ်မှု

http://www.dhammadownload.com



တစ်ခုပဲ ဆိုတာ မဟုတ်ဘူးလားဗျာ။

ဖြေ။ ။ ဟုတ်ပါတယ်ဘုရား။

မေး။ ။ ဆုံးမတော်မူတဲ့အတိုင်း ယခုထားလို့ အခုတည်နေတယ် ဆိုတာ တရားတော်ကို ကိုးကွယ်ဆည်းကပ်တာ မဟုတ်လား။

ဖြေ။ ။ ဒါမှ တရားတော်ကို ကိုးကွယ်ဆည်းကပ်တာ အစစ်ပါဘုရား။

မေး။ ။ ခုလို တရားတော်ကို ကိုးကွယ်ဆည်းကပ်လို့ ချက်ချင်းဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တာဆိုတာ 'ဘယ်လိုဆောင်သတုံး' လို့ သူတကာကို မေးရဦးမှာလားဗျာ။

ဖြေ။ ။ မမေးရတော့ပါဘုရား။ မမေးဘဲနဲ့ မဖြေရပြီး ကိုယ်တိုင်ကို သိနေပါတယ် ဘုရား။

မေး။ ။ ဒီလို ကိုယ်တိုင် သိနေမှတော့ ယုံမှား သံသယကော ရှိနေရဦးမှာလား။

ဖြေ။ ။ ယုံမှား သံသယ မရှိရတော့ပါ ဘုရား။

အေး. . ဒီတော့ သံသရာဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တယ်ဆိုတဲ့ ဥစ္စာ ဟုတ်ပါရဲ့လား။ (ဟုတ်ပါတယ်ဘုရား။) လူတကာ မေးရဦးမှာလား။ (မမေးရပါ ဘုရား။) ကိုယ်ပိုင် ကိုယ်တိုင် ဒီအချိန်မှာ ရိပ်မိသလောက် ရိပ်မိပြီဗျာ့။

မေး။ ။ ဒီတော့ ဆင်းရဲက လွတ်ဖို့ရာ ကိုယ်ရည်ရွယ်မှန်းထားတဲ့ ဗောဓိကို ဤကဲ့သို့ ဝီရိယနဲ့ ထူထောင်လို့ရှိရင် ရမှ ရနိုင်ပါ့မလား, ဟုတ်မှ ဟုတ်ပါ့မလား, ရှိရဦးမှာလားဗျာ့။

ဖြေ။ ။ မရှိရတော့ပါ ဘုရား။

မေး။ ။ ဘာ့ကြောင့်လဲ။

ဖြေ။ ။ ဧကန်ဒိဋ္ဌ ယုံကြည်နေရလို့ပါဘုရား။

အဲသည်လို အဟုတ်ကို, အပိုင်ကို ယုံကြည်လို့ ဝီရိယ ထူထောင်တော့ ဝီရိယိဒ္ဓိပါဒ် ဖြစ်လာတဲ့အခါကျပြီဆိုရင် အားလုံးက ဝိုင်းပြောကြလိမ့်မယ်။

"မင်းဟာ မဟုတ်ဘူးကွ၊ မင်းဟာ ဘယ်ကလာ ရလိမ့်မလဲ" လို့ ဆိုကြရင်ကော စိတ်ထဲက ယုံမှားသံသယ ဖြစ်ရဦးမှာလား။ (မဖြစ်ပါဘုရား)

"ငါက ရလိမ့်မယ်လို့ သေသေချာချာ ထင်တယ်။ ပြောကြတဲ့

http://www.dhammadownload.com



လူတွေက မဟုတ်ဘူးလို့ ပြောကြပြန်ပြီ။ ငါ့ဟာ ဟုတ်မှ ဟုတ်ပါ့မလား" လို့ ဒီလို ယုံမှားသံသယ ဖြစ်ရဦးမှာလား။ (ဘယ်သူ ပြောပြော၊ ယုံမှား သံသယ မဖြစ်တော့ပါ ဘုရား။)

မေး။　။ပြောတာက ရာပေါင်း ထောင်ပေါင်း မကဘူး၊ တစ်မြို့လုံးက ဝိုင်းပြောမယ်။

ဖြေ။　။ တစ်မြို့လုံးက ဝိုင်းပြောပေမယ့် ယုံမှားသံသယ မရှိပါဘုရား။

မေး။　။ တစ်နိုင်ငံလုံးက ဝိုင်းပြောရင်ကောဗျာ့။

ဖြေ။　။ ပြောပေမယ့် ယုံမှားသံသယ မရှိပါဘုရား။ ဘာ့ကြောင့်လဲ ဆိုတော့ ကိုယ်တိုင် ဒိဋ္ဌ ချမ်းသာအမှန်ကို တွေ့ပြီးရလို့ပါ ဘုရား။

အေး - ကိုယ် ထူထောင်လိုက်တဲ့ ဝီရိယဟာ ဘယ်လောက်ရယ်လို့ ဆိုတာ ကိုယ်သိတယ်။ ကိုယ့်ဝီရိယတွေ ကုန်ပြီလို့ မမှတ်ရဘူး၊ အစပဲ ရှိသေးတယ်။ ဝီရိယတွေ အများကြီး ကျန်သေးတယ်။ ရှိတဲ့ ဝီရိယကို အကုန် အသုံးချမယ်ဆိုပြီး ရှေ့ကို မှန်းပြီး ကြည့်မယ်ဆိုရင် ကိုယ်မှန်းနိုင်သလောက် ကလေးဟာ သိသင့် သိထိုက်ပြီလား။ (သိထိုက်ပါပြီ ဘုရား။) အဲဒါက ခုနက ဘုရား အဆုံးအမတော်အတိုင်း လိုက်နာကြပြီ ဆိုမှဖြင့် မိုးလုံပုံတဲ့ဗျာ့။

နေရင်း၊ ထိုင်ရင်း၊ သွားရင်း၊ ရပ်ရင်း၊ အလုပ်လုပ်ရင်းကော ထားလို့(ရှုမှတ်လို့)ဖြစ်တယ် မဟုတ်လား။ (ဖြစ်ပါတယ်ဘုရား။)
ဒီလိုထားရတာ ဆင်းရဲသလားဗျာ့။ (မဆင်းရဲပါ ဘုရား။)
ပစ္စည်း ကုန်သလား။ (မကုန်ရပါ ဘုရား။)
အလုပ်အကိုင်ကော ပျက်သေးသလား။ (မပျက်နိုင်ပါ ဘုရား။)
သူတကာကော သိသလား။ (သူတကာ မသိနိုင်ပါ ဘုရား။)

## ဝိဋ္ဋကတ် သုံးပုံ ငုံမိရဲ့လား

ကဲ-ဗျာ့- တကတည်းပါမှပဲ ဘုရားပွင့်တော်မူတဲ့အခါ အဆုံးအမ ရကြပါတဲ့ လူနတ်ဗြဟ္မာတို့မှာ ဤကဲ့သို့ နာယူမှတ်သားပြီးတော့ ကိုယ် တောင့်တရည်ရွယ်ချက်အတိုင်း အသီးအသီး သိရအောင်ဟာ တဆက်ထဲ ဝီရိယတွေနဲ့ ထူထောင်ကြတော့ ကိုယ်မှန်းထားတဲ့အတိုင်း အသီးအသီး ပြီးစီးအောင်မြင်ကြပါတယ် တဲ့ဗျာ့။

http://www.dhammadownload.com



ခုနက 'နှာသီးဖျားမှာ စူးစူးစိုက်စိုက် ထားပါ' လို့ ဆိုတယ်။ ဘုရားဆုံးမတော်မူတာက ဘာလဲဆိုတော့ သုံးဖြာသောပိဋကတ် ဆိုတာ ရှိတယ်။ ဒီတော့ -

မေး ။ ။ ဤကဲ့သို့ ထားလို့ နေတဲ့အခါ ပိဋကတ် သုံးပုံဟာ အကုန်ပါမှ ပါပါ့မလား ဒကာကြီးရဲ့။

ဖြေ ။ ။ အကုန်လုံး ပါမှန်းတော့ သိပါတယ် ဘုရား။ မယ်မယ်ရရ တော့မသိပါ။

အံမယ်-ဘာလို့ မသိရမှာလဲ၊ သိမှာပေါ့ဗျာ။ (တပည့်တော်က ခရေစေ့ တွင်းကျ သေသေချာချာမှ သိချင်တာ။) အဲဒီတော့ ရပြီးသား ဖြစ်တယ်။ အကုန်လုံးပါသလား မပါဘူးလားဆိုတာ လျှောက်စိစစ်ပါလား။ (စိစစ်နိုင် လောက်အောင် မသိပါ ဘုရား။)

အံမယ်-သုတ်ဆိုတာ ဘာ၊ အဘိဓမ္မာ ဆိုတာ ဘယ်သင်း၊ ဝိနည်းက ဘယ်လိုဆိုတာ အကုန်လုံး ပြောတတ်တယ် မဟုတ်လား။ (ဒါကလဲ ရမ်းပြီး ပြောရတာပါ ဘုရား။) ရမ်းပြောရင် ခုနက နေရာကလေး ထားကြည့် လို့ရှိရင် ဘယ့်နှယ်တုံး၊ အားလုံးပါတယ်ဆိုတာ ဟုတ်လား။ (မပြောတတ်ပါဘုရား။) အင်း-ဒါကတော့ ပြောရတာ မောမှာစိုးလို့ နေမှာပါဗျာ။ (မမော ပါဘုရား၊ တပည့်တော် ပြောချင်တဲ့လူပါ။)

'ဆင်းရဲမှ လွတ်မှုအကုန်လုံးကို ပြုရမည်ဆိုလျှင် ရုပ်နာမ်နှစ်ဝကို ရှုရမှတ်ရတာပဲ' လို့ ဒါကတော့ အားလုံးပြောကြ၊ ဆိုကြတာပဲ မဟုတ်လား။

## မသိတာ ရုပ် သိတာ နာမ်

ရုပ်နာမ် ရုပ်နာမ်နဲ့ ရုပ်အဋ္ဌဝိသ နာမ် တေပညာသ ရုပ်နာမ်အဝဝကို ပြောစမ်းပါ့ ဆိုရင် သူတို့အားလုံး သေသေချာချာကြီး ပြတ်ပြတ်သားသား ကြီးကို ပြောတတ်ကြတယ်။ သွက်လက် ဖျက်လတ်ကြတယ်၊ ဘယ်သူမှ မဝင် သာအောင် ပြောတတ်ကြပါတယ်။သူများပြောနေရင် 'ဘယ်နေရာ ဟာသွားတယ်၊ ဘယ်နေရာ လစ်သွားတယ်၊ အဲဒါကို ငါ ငြင်းလိုက်မယ်' နဲ့ နေမှာ မဟုတ်လားဗျာ့။ ပြောရင်း ဆိုရင်း 'သည်လူက သည်နေရာမှာ နဲနဲလိုသွားပြီ၊ ငါမှတ်ထားတာနဲ့ လွဲနေပြန်ပြီ၊ အဲဒါကို ငါပြောလိုက်ဦးမှ တော်မယ်' ဆိုပြီး တကကတဲပါမှပဲ သူပြောမှာပါဗျာ။

http://www.dhammadownload.com



မေး ။ ။ နေမှာ မဟုတ်ပါဘူးဗျာ၊ သူ လုပ်နေကျပါ၊ ဟုတ်ကယ့်လားဗျာ၊ ဟုတ်တော့ ဟုတ်မှာပါဗျာ။

ဖြေ ။ ။ သင်္ဂြိုဟ်သမားတွေနဲ့ တွေ့တော့ 'ခင်ဗျာ့ဟာကြီးက ပညတ်ပါဗျာ' သည်လို ဖြစ်နေပါတယ် ဘုရား။

မေး ။ ။ အဲသည်တော့ ယခုနက ပြောတဲ့ဥစ္စာ၊ ' မသိတာက ရုပ်၊ သိတာက နာမ် ' သည်နှစ်ခုကတော့ သေသေချာချာ ရှင်းတယ် မဟုတ်လားဗျာ့၊ ဘယ်သင်းက သိတာ ဘယ်သင်းက မသိတာ၊ နှာသီးဖျားဆိုတဲ့ ဥစ္စာက ဘာတုံးဗျာ့ ရုပ်လား နာမ်လား။

ဖြေ ။ ။ နှာသီးဖျား ဆိုတာက ရုပ်လို့ တပည့်တော်က ပြောပါတယ် ဘုရား၊ ကာယပသာဒက ရုပ်ပါဘုရား၊ နှာသီးဖျား ဆိုတာ ပညတ်ကြီးလို့ သည်လိုပဲ ငြင်းရပါတယ်ဘုရား၊ သင်္ဂြိုဟ်သမားတွေနဲ့ ငြင်းရတာ ကုသိုလ်ရတာက နည်းနည်း ဒေါသဖြစ်ရတာက များများဆိုတော့ ငရဲကြီးကုန်ပါတယ် ဘုရား။

## ဆွမ်းနဲ့ထမင်း မငြင်းသင့်

မေး ။ ။ ဒကာကြီးက ထားမှ မထားတတ်ဘဲကိုး၊ ငြင်းရမှာပေါ့ (သည်တော့ တပည့်တော်က အရှုံးပေးပြီး နေရပါတယ် ဘုရား။) နို့....နေပါဦး ဒကာကြီးရဲ့ တကတဲမှပဲ.... ဒကာကြီးများမွတ်သိပ်ဆာလောင်တော့ ဘာစားရသလဲ။

ဖြေ ။ ။ ထမင်းစားရပါတယ်ဘုရား။

မေး ။ ။ အေး.... ရဟန်းတော် တွေကိုရော မွတ်သိပ်ဆာလောင် ပျောက်အောင် ဘာလှူကြရသလဲ။

ဖြေ ။ ။ ဆွမ်းကို လှူကြရပါတယ်ဘုရား။

မေး ။ ။ ထမင်းနဲ့ဆွမ်းက တမျိုးစီထင်ပါရဲ့ဗျာ။

ဖြေ ။ ။ တစ်မျိုးစီတော့ မဟုတ်ပါဘုရား၊ ရဟန်းများအတွက် ရိုသေသမှုပြုပြီးတော့ ထမင်းကိုပဲ ဆွမ်းလို့ ခေါ်ကြ

http://www.dhammadownload.com



ပါတယ်ဘုရား။ တပည့်တော်တို့ကတော့ ထမင်းခေါ်ခေါ်, ဘာခေါ်ခေါ် စားကြ ရတာပါပဲ ဘုရား။

မေး ။ ။ ဆာလောင်မွတ်သိပ်မှုကို သည်ဆွမ်းခေါ်ခေါ်, ထမင်းခေါ်ခေါ် အဲဒါက ပြည့်စေတာပဲ မဟုတ်လားဗျာ့။

ဖြေ ။ ။ နှစ်ခုစလုံးဟာ ဆာလောင်မွတ်သိပ်မှုကို ပြည့်တာချည်းပါပဲဘုရား၊ အခေါ်သာ လွဲနေပါတယ်။

နှာခေါင်းဆိုတာ ဘာလဲဗျာ့၊ ပညတ်လို့ပြောပင် ပြောငြားသော်လဲပဲ ကာယပသာဒ ရုပ်လို့ ဆိုရင်လဲ ထမင်းနဲ့ဆွမ်း ငြင်းစရာလိုသေးလားဗျာ့။ (အတူတူပါပဲဘုရား၊ ငြင်းစရာမလိုပါ။) အေး.... ဒါဖြင့် မငြင်းကြတော့နဲ့ဗျာ၊ ဒကာကြီးက ငြင်းဦးမှာလား။ (တပည့်တော်ကတော့ မငြင်းပါဘူးဘုရား။)

မေး။ ။ အနို့ ဘယ်သူက ငြင်းဦးမှာလဲဗျာ့၊ သည်တစ်ခါတော့ မငြင်းဘူးထင်ပ့ါဗျာ။ (တပည့်တော်ကတော့ မငြင်းပါဘုရား။) သဂြိုဟ်သမားတွေက သိပ်ငြင်းတယ်ဘုရာ့။) ထမင်းက ထမင်း, ဆွမ်းက ဆွမ်း, တခြားစီပဲလို့ကော ငြင်းဦးမှာလား။

ဖြေ ။ ။အရှင်ဘုရားများ ဘုဉ်းပေးလို့ ကျန်တဲ့ဆွမ်းဟာ တပည့်တော်တို့ဆီရောက်တော့, စားတော့ ချက်ချင်း ထမင်းဖြစ်သွားပါတယ်ဘုရား။

## ဝိဇ္ဇာဝင် ဝိဇ္ဇာထွက်

ဟုတ်ပါရဲ့လားဗျာ၊ အေး.... ဒါတွေကတော့ ခုနကပြောလို သူတို့မှာ နဂိုကတည်းက ရှိပြီးသား, သိပြီးသားတွေပါဗျာ့။ သိပြီးသွားတွေကို ပြောနေရတာဗျာ့၊ သိပြီးသားတွေကို ပြောမှ နားလည်မှာ မဟုတ်လားဗျာ့။

မေး။ ။ အနို့ သိတယ်ဆိုတာကကော။

ဖြေ ။ ။ သိတာ နာမ်ပါဘုရား။

အဲသည်လိုစိတ်ကို ထိုထိုအာရုံ မသွားရအောင်ဟာ သည်လိုထားလိုက်ပြီလားဆိုမှဖြင့် ရုပ်နဲ့နာမ်ကို တပြိုင်နက်တည်း သေသေချာချာကြီး သိရတယ်မဟုတ်လားဗျာ။ (ရုပ်ရော တခါထဲနဲ့ ကွဲကွဲပြားပြား သိပါတယ်ဘုရား။) သည်တော့ သည်လိုထားပြီး သိကြပေ့ါဗျာ။

http://www.dhammadownload.com



မေး။ ။ဒါအမှန်ကို သိနေတာဖြစ်လေတော့ အဝိဇ္ဇာနဲ့ဝိဇ္ဇာ နှစ်ပါး ရှိတဲ့အနက် ဒီလိုသေသေချာချာ သိပြီးနေတာ အဝိဇ္ဇာလား၊ ဝိဇ္ဇာလား။

ဖြေ။ ။ဝိဇ္ဇာပါဘုရား။

မေး။ ။အဲသည်လို နာမ်နဲ့ရုပ်ကို သေသေချာချာ သိနေတဲ့အခါမှာ ဝိဇ္ဇာသိ သိနေလို့ အဝိဇ္ဇာ ရှိသေးသလား။

ဖြေ။ ။အဝိဇ္ဇာ ထွက်ပြေးပါပြီ ဘုရား။

မေး။ ။ပြန်ပြီးတော့များ သူရောက်လာဦးမှာလား။

ဖြေ။ ။အဝိဇ္ဇာက တော်တော်ခက်ပါတယ်ဘုရား။

အေး.... နှာဖျားနှာဝမှာ သည်လိုထားလိုက်တယ်ဆိုတော့ ဝိဇ္ဇာ ရောက်လာလို့ အဝိဇ္ဇာက ပြေးသွားတာပဲ။ သည်ထက်များများကလေး ထားလိုက်ရင် အဝိဇ္ဇာက ပေါ်လာဦးမှာလား။ (မပေါ်လာပါဘုရား။) အေး....ဒါဖြင့် အဝိဇ္ဇာကို သည်လိုထား၊ အခုထားတယ်ဆို အခုပါပဲဗျာ။ မလွတ်အောင် သည်လိုထားတော့ကာ အချိန် တခုနဲ့တခု မတူ ပိုလို့သာ ဝိဇ္ဇာတွေကြီးထွားပြီဆိုလျှင် နောက်ကို အဝိဇ္ဇာ တခါထဲ လာနိုင်ပါဦးတော့ မလား။

ဤကဲ့သို့ အဝိဇ္ဇာကို နိုင်ဖို့ရာ, နှင်ဖို့ရာ ဘုရားရှင်ဆုံးမပါတဲ့ အဆုံးအမကို ရကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ အဝိဇ္ဇာကို နှင်ရတာ ခက်လိုက်တာလို့များ ညည်းရဦးမှာလားဗျာ။ (မညည်းရပါဘုရား၊ ဝီရိယ သာ လိုပါတယ်ဘုရား။)

အေး.... ဒါကြောင့်မို့ သည်လိုဟာကို မှတ်ထားပြီဆိုလျှင် ဘုရားရှင် ဆုံးမပါတဲ့ အဆုံးအမ မှန်သမျှ အကုန်ပါတယ်ဆိုတာ အားလုံး မှတ်ကြ သိကြပြီးသွားတွေပါဗျာ။ မှန်မှန်တခုကို သန်သန် ဝီရိယနဲ့ ဤကဲ့သို့ ထူထောင် သွားပြီဆိုမှဖြင့် **အကုန်လုံးပြီးပါလိမ့်မယ်ဗျာ။**

မေး။ ။ယခုနင်က မိုးလုံဖို့ရာ ဘာမိုးမိုးလုံတယ်လို့ ဒကာကြီးပြော တယ်မဟုတ်လား။

ဖြေ။ ။ပြောပါတယ် ဘုရား။

http://www.dhammadownload.com



## သည့်ပြင် နိုင်ငံမှာလဲ လုံ

အဲဒီလိုပဲ သွပ်သာလျှင် မိုးလုံတယ် မဟုတ်ဘူး, အုတ်ကြွပ်သာလျှင် မိုးလုံတယ် မဟုတ်ဘူး၊ ကိုယ်အလိုရှိတာ, ကိုယ်ကြိုက်တာတခုကို လုံအောင် မိုးကြ၊ ဟုတ်ကဲ့လားဗျာ။ အသီးအသီး မိုးစရာတွေ သူတို့မှာ စုထားလိုက်တာ မနဲဘူး ထင်ပါ့ဗျာ၊ အမျိုးမျိုး အများကြီးပါပဲ။ သို့သော်လဲ အဟုတ်ကို လုံအောင် မိုးကြပါဗျာ၊ အဟုတ်ကို လုံအောင်မိုးပြီးပြီလား ဆိုမှဖြင့် မိုးလဲ မယိုတော့ဘူးဗျာ့၊ နေလဲ မပူနိုင်တော့ဘူးဗျာ့။

မေး။ ။တောထဲမှာ သွားပြီး မိုးထားရင်ကော။ (လုံပါတယ်ဘုရား။) မြို့ထဲမှာ မိုးထားရင်ကော ။ (လုံပါတယ် ဘုရား။) သည်နိုင်ငံမှာ မိုးထားရင်ကော။ (လုံပါတယ်ဘုရား။) သည့်ပြင်နိုင်ငံမှာ သွားပြီး မိုးထားရင်ကော။

ဖြေ။ ။ သည့်ပြင်နိုင်ငံမှာ သွားပြီး မိုးထားရင်လဲ လုံပါတယ်ဘုရား။

အေး.... ဟုတ်ကဲ့ဗျာ့၊ အခုလဲ သည်လို လုပ်ကြပါဗျာ၊ ဟုတ်ကဲ့လားဗျာ့။ ဒါကြောင့် သည်လို မှတ်ပြီဆိုတော့ သည်တခုထဲပဲ လုံပါတယ်။ သည်တော့ အမျိုးမျိုး အစားစားတွေ မှတ်သားထားတာတွေထဲက တခုခုကိုပဲ သေသေချာချာ အလုံမိုးပြီဆိုတော့ မိုးလုံတယ်လို့ မှတ်နိုင်ကြပါပြီဗျာ။

မေး။ ။ သည်တော့ မိုးစိုစွတ်ပြီး နေရတာ, နေပူခံနေရတာ ဆင်းရဲသလား၊ ချမ်းသာ သလား။

ဖြေ။ ။ ဆင်းရဲပါတယ်ဘုရား၊ မချမ်းသာပါ။

ခုလို ဆင်းရဲကြရင် ဆင်းရဲက လွတ်အောင်ဟာ.... (ခုချက်ချင်းမိုး ခုချက်ချင်း လုံပါတယ်ဘုရား။) အေး-ဒါဖြင့် ဒီအချိန်က စပြီးတော့ ဘယ်အခါမှ နေပူ မိုးစွတ် မခံရအောင် ဝီရိယထူထောင်ပြီး ကြိုးစားကြ၊ အားထုတ်ကြ။

သာဓု....သာဓု....သာဓု....။

[၁၉၅၅-ခုနှစ်၊ ဧပြီလ ၂၆-ရက်နေ့၊ ည ၇း၂၅-၈း၁၆-တက္ကသိုလ် ဓမ္မာရုံ၌ ဟောတော်မူသည်။]

http://www.dhammadownload.com



## တရားသမား

"တရားဌာနမှာနေပြီး တရားသမားလို မနေနိုင်ရင် မနေတာက ကောင်းတယ်၊ မနေကြနှင့်။

'တခြားသူတွေလဲ ဒီလိုပဲ နေမှာပါ' ဆိုပြီး မိမိ တစ်ယောက်တည်း မတည့်တာကို မြင်လို့ တစ်ပါးသူက ကဲ့ရဲ့မိသွားရင် ထိုသူမှာအလွန် အပြစ်ကြီးတယ်။

မိမိမှာလဲ အစီအပွား မများတဲ့အပြင် မြင်တဲ့ သူတွေကိုပါ အပြစ်ပေးနေတာနဲ့ အတူတူပဲ။"

[၁၃၃၇-ခုနှစ် တပေါင်းလ ရွှေဘို အောင်မြေ ရိပ်သာ၌ ရဟန်းယောဂီများအား ဆုံးမချက်မှ။]

http://www.dhammadownload.com

ပျင်းမှန်း-ဖျင်းမှန်း-သိပြီလား

ပျင်းတာကို

ပျင်းတယ်လို့ သိတယ်။

ဖျင်းတာကို

ဖျင်းတယ်လို့ သိတယ်။

သိလျှင်

တော်တော်နေရာကျပြီ။

ဝေဘူဆရာတော်ဘုရားကြီး

http://www.dhammadownload.com

## ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး
## ဟောကြားတော်မူသော

# ၅-တကယ်သာဝကတို့၏ စိတ်ဓာတ်

## တရားတော်

သီလ ဆောက်တည်ပြီးကြပြီ။ ဆောက်တည်လို့ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြ။ ဖြည့်ကျင့်လို့ ပြည်စုံပြီဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ရည်ရွယ်ချက် အသီးသီး တို့ဟာ အကြွင်းအကျန်မရှိ အကုန်လုံး ပြီးစီးအောင်မြင်ကြရောဗျား။

## တရှိန်တည်းသန်သန် မြားလွှတ်ဟန်

မြင့်မြတ်တဲ့ အချိန်အခါ ဘဝကို သိပြီးတော့ ဝီရိယနှင့် ကိုယ်မှန်းထား တဲ့ အတိုင်း ပြီးအောင် ထူထောင်ပြီးတော့ ယူကြ။ ဘုရားရှင် ရွှေလက်ထက် တော်က ထူထောင်ပြီး ယူကြတာကတော့ ဘယ်လိုများလည်းဆိုရင် ဘုရားအဆုံးအမ ရသည့်အချိန်မှစ၍ မချတဲ့ဝီရိယနှင့် မပြတ်အောင်ဟာကို ဣရိယာပုတ် လေးပါးမှာ တဆက်ထဲ သည်လို ထူထောင်ပြီး ယူကြတာဗျား။ အဲသည်လို ထူထောင်ပြီး ယူကြလို့ သူတို့ ရတယ်ဆိုတဲ့ဟာ အရကို မှန်းပြီး ယူတော့ သူတို့မှာ ရမှုတခုထဲပဲ။ အဲသလို ရလိုတဲ့ ဆန္ဒနှင့် ယူကြတာဗျား။

ဘယ်လိုများ ယူပါသလဲဆိုတော့ကို အခုလို အအား အနား မထားဘဲနဲ့ သည်လို ဝီရိယတွေနှင့် ထူထောင်ပြီး ယူတာ။ အားချိန် နားချိန် မထားဘူး။

သည်လို အားချိန်နားချိန် မထားဘဲ ယူလို့ရတယ် ဆိုတာက ဘယ်လို များလဲဆိုရင် လွှတ်လိုက်တဲ့မြားများလိုပဲ တဲ့ဗျား။ လွှတ်လိုက်တဲ့ မြားဟာ မြားပစ်တော့မယ်ဆိုရင် ကိုယ်အလိုရှိတဲ့ နေရာကို ကောင်းမွန်စွာ ချိန်ရွယ်ပြီး မြားကို လွှတ်တယ်။

http://www.dhammadownload.com



မေး။ ။ လွှတ်တဲ့အခါကျတော့ လွှတ်လိုက်တဲ့မြားဟာ တခါတခါ တော့ နေးလိုက်, တခါတခါတော့ မြန်လိုက်နှင့် အဲသည်လို သွား သလားဗျာ့။ တခါတခါ နားနေလိုက်နှင့် သွားသလား ဘယ်လိုသွားသလဲ။

ဖြေ။ ။ မြန်မြန်မှန်မှန်ကြီး သွားပါတယ်ဘုရား။

မေး။ ။ ဘယ်ကျမှ နားသလဲ။

ဖြေ။ ။ ထိမှန်တဲ့ နေရာကျမှ နားပါတယ်ဘုရား။

အေး... မှန်းထားတဲ့ နေရာကို ဆိုက်တဲ့အခါကျမှပဲ နားတယ်ဗျာ့။ အဲသည်လိုပဲ ရှေးအရှင်တွေ အသီးသီးဟာ မှန်းထားတဲ့ ရည်ရွယ်ချက် ရှိပြီး သူ့ကာလ ဘုရားအဆုံးအမကို အရယူပြီးတော့ သည်လို ဖြည့်ကျင့်ကြတာ တဲ့ဗျာ့။ ဖြည့်တဲ့နေရာမှာလဲ တဆက်ထဲဗျာ့၊ အဲသည်လို တဆက်ထဲ မပြတ် အောင် ထူထောင်ပြီး သည်လို ယူဆောင်ကြတော့ ကိုယ် အလိုရှိရာဖြစ်တဲ့ နှစ်သက်တဲ့ အသီးသီးသော ဗောဓိတို့ အလုံးစုံ ပြီးတာဗျာ့။

## မဆင်းမရဲ အမြဲချမ်းသာ

ဗောဓိကတော့ အစားစားပေါ့။ အဲသည် အစားစားသော ဗောဓိတွေ အဲသည်လို ပြီးတယ်ဗျာ့။

ဘယ်လိုလဲဆိုတော့ သမ္မာသမ္ဗောဓိက တဆက်တည်း, ပစ္စေက ဗောဓိကလဲ မှန်းပြီးတော့ တဆက်တည်းပါပဲ၊ သာဝက ကလဲ သာဝက ဗောဓိကို မှန်းပြီးတော့ ကိုယ်မှန်းတဲ့ ဗောဓိ မပြီးမချင်းဟာ လွှတ်လိုက်တဲ့ မြားများ သွားသလို တဆက်တည်းဗျာ့၊ အဲသည်လို ထူထောင်ကြတော့ အသီးသီး အကုန်လုံး ပြီးစီးကြသကိုးဗျာ့။

အဲသည်လို ထူထောင်ပြီး တဆက်ထဲ သွားရတဲ့ဟာမျိုးက ပင်ပန်းမှာ လား, ဆင်းရဲခြင်း ပင်ပန်းခြင်း နုံ့နုံ့နဲ့နဲ့ ရှိမှာလားဆိုတော့ သည်လို မဟုတ်ဘူးဗျာ့။ ဘုရားဆုံးမတဲ့ အဆုံးအမကို ရတဲ့အခါကျတော့ လိုက်နာ တဲ့ အချိန်က စပြီး အချိန် တစ်ခုနှင့်တစ်ခု မတူအောင် ချမ်းသာသုခတွေဟာ တိုးတိုးလိုက်လာပါတယ်ဗျာ။

http://www.dhammadownload.com



## ရမယ်ရှာ ချိန်ခါရွေ့

တချို့ကျတော့ ဘယ်လိုအောက်မေ့သလဲဆိုရင် ဘုရားဆုံးမတာတွေ အသီးသီး ရှိတယ်။ အားလုံးသော ဒကာကြီးတွေ, ဒကာမကြီးတွေဟာ မေတ္တာရှင် ကရုဏာရှင် ဖြစ်ပါတဲ့ သံဃာတော်ပေါင်း အရှင်ကောင်း တွေက မေတ္တာ တည်းဟူသော မိုးစွေပြီး သဏ္ဍာလ ဆုံးမ ညွှန်ကြားပြီး မပြတ်အောင် ညွှန်ကြားထားကြတော့ သုံးဖြာသော ပိဋကတ် သုတ် ဝိနည်း အဘိဓမ္မာ အဖြာဖြာတို့ကို ကိုယ်စွမ်းအားရှိသလောက် မှတ်မိပြီးသားရှိတယ်။ အဲဒါတွေ ရှိထားပြီးတော့ တစ်ခါတစ်ခါ တွေးမှာဗျာ့၊ ဘယ်လိုတွေးမလဲ ဆိုတော့ 'အဲသည်လိုဖြစ်အောင်က မလိုက်နာနိုင်သေးဘူး၊ ဘာကြောင့် လဲဆိုရင်' အမျိုးမျိုးပြောတာပေါ့ဗျာ့။

မေး။ ။ 'ကိုယ်ဖြစ်တာ ကိုယ်သာ သိတယ်'၊ 'ဘယ်လိုများပါလိမ့်၊ ပြောစမ်းပါ'၊ တချို့လဲ 'အဲဒီလို ထိအောင်တော့ မလိုက်နာနိုင်သေးဘူး' ဆိုပြီးတော့ ဘယ့်နှယ်ပြောသလဲဗျာ့။

ဖြေ။ ။ 'ခန္ဓာဝန်အတွက် ဆောင်ရွက်စရာကိစ္စတွေလဲ ရှိသေးတယ်' ဆိုပြီး နေ့ရွေ့ ညရွေ့နှင့် သည်လိုပဲ ရွှေ့ဆိုင်းနေပါတယ် ဘုရား။

မေး။ ။ ပြီးတော့ ဘယ့်နှယ်ပြောသေးသလဲ။

ဖြေ။ ။ "ပြီးတော့လဲ အိုလို့ , ရောဂါဖြစ်မှာစိုးလို့။"

မေး။ ။ ငယ်တော့ကော။

ဖြေ။ ။ ငယ်တော့လည်း "စာကျက်ရသေးလို့ , အပျော်အပါး သွားနေရသေးလို့" ပါ ဘုရား။

မေး။ ။ နေကောင်းနေတုန်းကော။

ဖြေ။ ။ နေကောင်းနေတုန်း ပျော်မှု ရွှင်မှု ဆိုပြီး နေကြပါတယ်ဘုရား။

မေး။ ။ တယ်ပြီး ကျန်းမာမှု မရှိတဲ့အခါကျတော့ကော။

ဖြေ။ ။ မကျန်းမာတဲ့အခါကျတော့လည်း "ဆေးစားရဦးမယ်၊ ဆရာဝန် ခေါ်ရဦးမယ်" ဆိုပြီး မလုပ်ဖြစ်ပါဘုရား။

မေး။ ။ သည်ဝေဒနာတွေ ပျောက်သွားတော့ကော။

ဖြေ။ ။ ပျောက်သွားတော့လည်း ထိုထို ဤဤနှင့် ရက်ရွှေ့ရင်း အချိန် ကုန်နေပါတယ်ဘုရား။

http://www.dhammadownload.com



မေး။ ။ သို့သော်လည်း သည်ချမ်းသာကို လိုတော့ လိုချင်တယ် မဟုတ်လား။

ဖြေ။ ။ လိုချင်ပါတယ်ဘုရား။

မေး။ ။ လိုချင်လျက်နှင့် ဘာ့ကြောင့် သည်လို ရွှေ့ရတာတုံး။

ဖြေ။ ။ မယ်မယ်ရရ မလိုချင်သေးဘူးလို့ ဆိုရမှာပါဘုရား။

မေး။ ။ ဒကာကြီး တစ်ယောက်ထဲလား၊ ဒကာကြီး ဒကာမကြီးတွေ အကုန်လုံးကလား။

ဖြေ။ ။ သည်အထဲမှာ သေသေချာချာလိုချင်တဲ့ ဒကာကြီး၊ ဒကာမကြီး တွေလဲ ရှိပါလိမ့်မယ်၊ တပည့်တော်တို့လို ခပ်ပေါ့ပေါ့ လူတွေလဲ ရှိပါလိမ့်မယ် ထင်ပါတယ်ဘုရား။

## တွေးရင်နှေးမယ် မှားတတ်တယ်

အေး…. ဒါဖြင့် လိုချင်တယ်ဆိုရင် အခုနလို ဝီရိယနှင့် ထူထောင်ပြီး ယူကြလို့ရှိရင် ရှေးအရှင်တွေလို ရကြမှာပဲ။ ဘယ်လိုကြောင့်လဲဆိုရင် 'ဆင်းရဲမှာလား၊ ပင်ပန်းမှာလား' ဆိုပြီး စိတ်က ထင်နေတာဟာ တွေးတာ ဗျာ့။

ဘုရား ဆုံးမပါတဲ့ အဆုံးအမ အသီးသီးကို ကိုယ်နှင့် တန်သလောက် ကတော့ အကြားအမြင် ဗဟုသုတ ရှိပြီးသား ဖြစ်နေပါတယ်။ သည်တော့ တွေးတာက နှေးပါတယ်ဗျာ။ ဆုံးမတဲ့အတိုင်း မှတ်သားပြီးတော့ လိုက်နာ၊ လိုက်နာတဲ့ အခါကျပြီဆိုရင် ဆိုက်ရောက်လာပါလိမ့်မယ်၊ ဆိုက်သင့် ဆိုက်ထိုက်အောင် ဝီရိယထူထောင်တဲ့အခါကျပြီဆိုရင် ကိုယ်တွေးတာနှင့် တဲ့ချင်မှ တဲ့မှာဗျာ့။

ဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာလို့ ဆိုက်လာပြီဆိုရင် သိပြီဗျာ့၊ သိပြီဆိုမှဖြင့် "ဒို့တွေးတာနှင့် ဒို့ထင်တာကတော့ မှန်တာမဟုတ်ဘူး"ဆို တာဟာ အဲသည်အချိန်ကျမှ သိမှာပါလို့ ပြောမှာပဲ ထင်ပါရဲ့ဗျာ။

ဘာ့ကြောင့် မပြောသလဲဆိုရင် ဟိုလိုကတော့ ဘုရားဆုံးမတဲ့ အတိုင်း လိုက်နာရင် ချမ်းသာသုခနှင့် တကွ ပစ္စုပ္ပန် သံသရာ နှစ်ဖြာမှာ ဘယ်လို ကြီးကြီးကျယ်ကျယ် မြင့်မြတ်တယ်ဆိုတာကတော့ တရားနာတဲ့ ဒကာကြီးတွေ

http://www.dhammadownload.com



ဒကာမကြီးတွေမှာ မသိတဲ့လူ မရှိပါဘူး။ အကုန်လုံးဟာက တရားဟော ဓမ္မကထိကချည်းပဲ မဟုတ်လား။ အေး-အဲဒါကြောင့် အဲဒါတွေကိုသိပြီး သားက များကြပါတယ်။

မေး။ ။ အခုလို စိတ်ထဲမှာ တွေးပြီးတော့ နေကြလို့ နေ့နေတာ ထင်ပါရဲ့ဗျာ။ (မှန်ပါ့ဘုရား။) အဲဒီလို တွေးတယ်ဆိုတာမျိုးက တဲ့ချင်မှ တဲ့မှာဗျာ့။ မှန်းပေမယ်လို့ တဲ့ချင်မှတဲ့မယ်ဆိုတာက ဘယ်လိုလဲဆိုရင် တွေးတိုင်းတွေးတိုင်း တဲ့ပါမလား။

ဖြေ။ ။ မတဲ့ပါဘုရား။

မေး။ ။ ပြောတဲ့ဟာကို မှန်း, မှန်းပြီးတော့ တခါတွေးရင် တဲ့ပါ့မလား။

ဖြေ။ ။ မတဲ့ပါဘုရား။

မေး။ ။ သည့်ပြင် ပြင်ပြီး, စဉ်းစားပြီး တွေးလိုက်ဦးမယ်။

ဖြေ။ ။ စဉ်းစားပြီးတွေးလဲ လမ်းလွဲမှာပါပဲဘုရား။

မေး။ ။ တွေးတိုင်း တွေးတိုင်း များများကြီးတွေးနေမယ်၊ အတဲ့များ ပါပါ့မလား။

ဖြေ။ ။ အတဲ့ပါဖို့ ခဲယဉ်းပါတယ် ဘုရား၊ တွေးလေ, မတဲ့လေဖြစ်မှာပါ ဘုရား။

အဲ့ဒါ ဘာ့ကြောင့်လည်းဆိုရင် ဘုရားဆုံးမတဲ့အဆုံးအမ တဲ့တဲ့မှန်မှန် ကိုတော့ ကရုဏာရှင် သံဃာတော် အရှင်မြတ်တွေက အစဉ် သနားပြီး ညွှန်ကြားဆုံးမတာ ဖြစ်တယ်။ တွေးတာကတော့ ခက်တာမှ မဟုတ်ဘဲ။ လွယ်လွယ်ပဲပြောကြပါစို့ရဲ့ -

ယခု ဒကာကြီးအိမ် ပြောကြပါစို့။ ဒကာကြီး အရပ်က ဘယ် အရပ်လဲ။ (ကြည့်မြင်တိုင်ပါ ဘုရား။) အိမ်မှာ ဝင်းနှင့် ခြံနှင့် ရှိတယ် မဟုတ်လား။ (ရှိပါတယ် ဘုရား။) ဝင်းက ဘယ့်နှယ်တုန်းဗျာ၊ ဝင်းပေါက် ဘယ်ဘက်ကို ထားသလဲ။ (တောင်ဘက်က တပေါက်၊ မြောက်ဘက်က တပေါက်ပါ ဘုရား။) အိမ်ကကော ဘယ်နှစ်ထပ်လဲ။ (တထပ်အိမ်ပါဘုရား) အပေါက်က ဘယ်ဘက်ထားသလဲ။ (တောင်ဘက်ကလဲရှိပါတယ်။ အနောက်ဘက်ကလဲ ရှိပါတယ် ဘုရား။) ကဲ.... ဒါဖြင့် ဒကာကြီးနေတဲ့ အရပ်ကိုလဲ သိပြီ၊ ကြည့်မြင်တိုင်၊ ဝင်းခြံကိုလည်းသိပြီ၊ အပေါက်က နှစ်ပေါက်, တောင်ဘက်က တပေါက်, မြောက်ဘက်ကတပေါက်။ အိမ်ကလဲ

http://www.dhammadownload.com



တထပ်အိမ်၊ တံခါးပေါက်ကလဲ နှစ်ပေါက်။ အဲ.... အခု ဒကာကြီးပြောလို့ ဒို့ သိပါပြီ။ အဲဒီလိုဆိုတော့ ဒကာကြီးတခါပြောတာနှင့်ပဲ ဒကာကြီးအရပ် ဝင်း၊ ခြံ၊ အိမ်ရဲ့ အနေအထား အကုန်လုံးသိပြီးသား ဖြစ်သွားပြီမဟုတ်လား။ (အပြော သိတော့ သိသွားပါပြီ ဘုရား။)

## တွေးတိုင်း လွဲမယ့် လွယ်လွယ်ကလေး

မေး။ ။ ဒီတော့ ဒကာကြီးအိမ်အကြောင်း ဒကာကြီးသိတာနှင့် ဒို့သိတာ အတူတူပဲမဟုတ်လား။

ဖြေ။ ။ မတူနိုင်ပါဘုရား။

ဒကာကြီးကကော ကိုယ့်အရပ်လဲ ကိုယ်သိတယ်၊ ကိုယ့်ဝင်းခြံလဲ သိတယ်၊ ကိုယ့်အိမ်လည်းသိတယ်။ သည်တော့ အရပ်ကို ဘယ်လို ပြောမလဲ။ ကြည့်မြင်တိုင်လို့ပဲ ပြောမှာပဲ မဟုတ်လား။ ဝင်းခြံပေါက်ကကော တောင်ဘက်က တပေါက်, မြောက်ဘက်က တပေါက်, အိမ်ကတထပ်အိမ်, တံခါးက တောင်ဘက်က တပေါက်, အနောက်ဘက်ကတပေါက်၊ သည်လိုပဲ ပြောမှာပဲ မဟုတ်လား။ (မှန်ပါ့ဘုရား။) အခုဒကာကြီးရဲ့ အရပ်ရယ်၊ အိမ်ရယ်၊ ဝင်းရယ်ခြံရယ် ဒို့သိပြီ။ ဒကာကြီးသိသလို တကယ်သိပြီ မဟုတ်လား။ (တပည့်တော် သိသလို မသိသေးပါ ဘုရား။) ဒကာကြီး သိတာနှင့် ဒို့သိတာနှင့် အတူတူပဲ မဟုတ်လား။ (အပြောချင်းသာ တူပါတယ်ဘုရား၊ အသိချင်း လွဲပါတယ် ဘုရား။)

မေး။ ။ အတူတူ သိတာပေါ့ ဒကာကြီးရဲ့၊ ဒကာကြီး သိသလို ဒကာကြီးပြောတဲ့အတိုင်း ဒို့သိတာပဲဗျာ့။

ဖြေ။ ။ တပည့်တော် သိသလို အရှင်ဘုရား မသိသေးပါဘုရား။ အပြောချင်းတူတော့ ထပ်တူပါပဲ၊ အသိတော့ လွဲပါသေးတယ် ဘုရား။

မေး။ ။ ဘယ့်နှယ်ကြောင့် လွဲရမလဲ၊ ဒကာကြီး အရပ်ကို ဒကာကြီး မေးကြည့်ရင် ကြည့်မြင်တိုင်လို့ ပြောမှာပဲ မဟုတ်လား။

ဖြေ။ ။ သို့သော် အရှင်ဘုရား ကြည့်မြင်တိုင်ကို သွားတတ်မှာ မဟုတ်ပါဘုရား။

http://www.dhammadownload.com



ဘယ်နှယ်ကြောင့်လဲ၊ ဒကာကြီးအိမ်ရယ်၊ ဝင်းရယ်၊ အရပ်ရယ်၊ ခြံရယ်၊ ဒကာကြီး သိသလို ဒို့သိနေတယ်။ ဒကာကြီး လွဲပြောနိုင်သေးသလား။ (လမ်းနှင့် အိမ်နံပါတ်ပြောလဲ ရောက်အောင်သွားနိုင်မှာ မဟုတ်ပါဘုရား။) ဒကာကြီးက လွဲပြောနိုင်သေးသလား၊ ဘယ့်နှယ့်တုန်းဗျာ့၊ ဒို့သိတဲ့အိမ်ဟာ။ (မှန်ပါတယ် ဘုရား။) ဒါဖြင့် ဒကာကြီးသိတာ ဒို့နှင့် အတူတူပေါ့ဗျာ့။ (အသိချင်း မတူပါဘုရား၊ အပြောသာ သိပါတယ်ဘုရား။) ဒကာကြီးကော ဘာများ ပိုသိသေးလဲ။ (တပည့်တော်က အပြောသိ မဟုတ်ဘဲ ကိုယ်တိုင် တွေ့လို့ ကိုယ်တိုင်သိပါတယ် ဘုရား။) ဒို့က ဒါဖြင့် စဉ်းစားနေမယ်၊ ကြည့်မြင်တိုင်ဆိုတာ ဘယ်ဆီမှာများလဲလို့ စဉ်းစားနေမယ်။ (စဉ်းစားနေလဲ မှန်တာ မရောက်နိုင်ပါ ဘုရား။) များများကြီး တွေးမယ်၊ တချက်ချက်တော့ မှန်မှာပဲ မဟုတ်လား၊ ဒကာကြီးအရပ်က ကြည့်မြင်တိုင်၊ ဝင်းပေါက် နှစ်ပေါက်၊ တံခါးပေါက်က နှစ်ပေါက်၊ အိမ်က တထပ်အိမ်၊ အဲသည်လို တွေးနေမယ်ဗျာ့၊ တခုခု တဲ့ပ့ါမလား။ (မတဲ့ဘူး ထင်ပါတယ်ဘုရား။)

မေး။ ။ တယ်ခက်ပါလားဗျာ့၊ ဒါဖြင့် အမျိုးမျိုးတွေးမယ်ဗျာ၊ တခုခု တဲ့ကောင်း တဲ့ပ့ါမလား။

ဖြေ။ ။ တွေးနေလို့တော့ မတဲ့ပါ ဘုရား၊ တခေါက်လောက် ကြွရင် တော့ ချက်ချင်း သိပါလိမ့်မယ် ဘုရား။

သူဟာ ကြည့်မြင်တိုင် သိဖို့ အတော်ခက်ပါလားဗျာ့။ ဒါဖြင့်ဗျာ..... တစ်နှစ်လောက်ကြာအောင် တွေးမယ်ဗျာ့၊ တဲ့ပ့ါမလား။ (တွေးရုံနှင့်တော့ မရပါဘုရား။ အိမ်အရောက်ကြွကြည့်မှ သေသေချာချာ သိပါလိမ့်မယ် ဘုရား။)

မေး။ ။ တစ်နှစ်နဲ့လဲ တွေးလို့မရဘူးလားဗျာ့။ လေးငါးဆယ်နှစ် တွေးရင်ကော ရပ့ါမလား။

ဖြေ။ ။ ဘယ်လောက်တွေးတွေး ကိုယ်တိုင်မရောက်ရင် မသိနိုင် ပါဘုရား။

တွေးရုံတင်မကဘူး အခုနလိုလဲ ဆိုနေဦးမယ်ဗျာ့၊ ရပ့ါမလား။ (ဆိုတွေး နေပေမယ့် မရောက်နိုင်ပါဘုရား။) ဒါဖြင့် ကြည့်မြင်တိုင်ဆိုတာ ဘယ်မှာလဲ၊ ပြောစမ်းပါဦး။ (အခုနေဆိုရင် အနောက်တောင်ဘက် ကျပါတယ် ဘုရား။). လျှောက်သွားရင် ရောက်ရဲ့လား။ (အနောက်တောင်ဘက်

http://www.dhammadownload.com



လျှောက်သွားရင်တော့ ရောက်ပါလိမ့်မယ်ဘုရား။ ဒါပေမဲ့ အိမ်တော့ တွေ့မှာမဟုတ်ပါဘုရား) အေး..... ဒါဘာမှမခက်ဘူး၊ လွယ်တယ်၊ အခုသွား၊ အခုရောက်မှာပဲ။ အဲသည်လို လွယ်လွယ် ကလေးကိုပဲ တခါထဲ တွေးမယ် ဆိုရင် မတဲ့ဘူးလား။ နှုတ်ကလဲ တွတ်တွတ် ဆိုနေမယ် ပြောနေ မယ်ဗျာ၊ မသိဘူးလား။ (မသိပါ ဘုရား။) အခုပြောနေတာဟာ သိလို့ ပြောတာ မဟုတ်လား။ (မဟုတ်ပါ ဘုရား၊ ကြားဖူးတာနှင့် ရမ်းဆိုနေတာပါဘုရား။)

သည်လိုဆိုတာတော့ မခံချင်ဘူးဗျာ၊ ဒကာကြီးက သိတယ်ဆိုပြီး သိလို့ ပြောတာပဲ။ ဒို့လဲ သိလို့ပြောတာပဲ။ ဒို့ကိုရမ်းပြီး ပြောတယ်ဆိုတာတော့ မခံချင်ပေါင်ဗျာ့။ (မခံချင်ပေမယ့် မှန်နေတာပါပဲ ဘုရား။) ဒကာကြီးရဲ့ ကြည့်မြင်တိုင်က ဝင်း, ခြံ, အိမ် ပြောတာဟာ ဘာမှမခက်ဘူး၊ သို့သော်လဲ သည်ဟာကိုမှတ်ပြီး, နှုတ်အားဖြင့်ဆိုပြီး ပြောတာကတော့ မှန်တော့မှန် နေပြီ။ ဒါပေမယ့် ဟိုလိုကတော့ မသိသေးဘူးတဲ့၊ ဟုတ်လေသလား မပြောတတ်ဘူး။ ဒါပေမဲ့ စဉ်းစားပြီး ဆို, တွေးနေမယ်ဆိုရင် လွဲဦးမှာလား။ နေ့ရော ညရော ဆိုနေမယ်၊ မဖြစ်ဘူးလား။ (ကိုယ်တိုင်ရောက်ပြီး သွားသလိုတော့ မသိပါဘုရား။)

## ဆရာကောင်း မိတ်ဆွေကောင်း

ဒကာကြီး မပြောမီက ဒကာကြီးရဲ့ အိမ်, ဝင်း, ခြံကို မသိဘူး။ သို့သော် အခုပြောထားတော့ မပြောတာထက် သိတာပေါ့လေ။ (မှန်ပါတယ်ဘုရား။) ဒါပေမယ့် အဟုတ်သိချင်ရင် ဘယ့်နှယ်လုပ်မလဲ။ (ကိုယ်တိုင်ရောက်အောင် သွားမှပဲ၊ ကိုယ်တိုင်မြင်မှပဲ သိမှာပါဘုရား။) ကဲပါဗျာ-ဒကာကြီး ပြောတဲ့ လမ်းအတိုင်း လျှောက်သွားရင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရောလားဗျာ့။ (အိမ်နံပါတ်နှင့် လမ်းကိုသိရင် ရောက်နိုင်ပါတယ် ဘုရား။)

မေး။ ။ အခု လျှောက်သွားရင် အိမ်နံပါတ်ပြောမဲ့ ဘယ်သူမှမပါဘဲ လျှောက်သွားရင် ရောက်ပါ့မလား၊ အိမ်နံပါတ်ကကော တွေ့ပါ့မလား။

ဖြေ။ ။ မတွေ့နိုင်ပါဘုရား။

မေး။ ။ ဘယ်လိုကြောင့်လဲ။

http://www.dhammadownload.com



ဖြေ။ ။ ရမ်းသွားလို့ပါဘုရား။
မေး။ ။ ဒကာကြီးနှင့် သွားရင်ကော။
ဖြေ။ ။ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားပါလိမ့်မယ် ဘုရား။
မေး။ ။ စဉ်းစားရဦးမလား 'ဟုတ်မှ ဟုတ်ပါ့မလား၊ ရောက်မှ ရောက်ပါ့မလား' လို့ စဉ်းစားရဦးမှာလား။
ဖြေ။ ။ တပည့်တော်က ကိုယ်တိုင်ရောက်ပြီးသား ဖြစ်တဲ့အတွက် တပည့်တော်နှင့် အတူသွားရင် အရှင်ဘုရား လမ်းမလွဲနိုင်ပါ ဘုရား၊ ဘာ့ကြောင့်လဲဆိုရင် ကိုယ်တိုင်လဲ မှတ်သားတယ်၊ ကိုယ်တိုင်လဲ ရောက်ပြီးသား နေရာသွားတော့ အိမ်ကို ဆိုက်ဆိုက် မြိုက်မြိုက် ရောက်မှာပါဘုရား။

အခုလဲ ချမ်းသာသုခကို လိုချင်တယ်ဆိုရင် ဘုရားရှင်ကိုယ်တော်တိုင် ထိုးထွင်းသိပါတဲ့အတိုင်း ညွှန်ကြားဆုံးမတော်မူတယ်။ သည်ညွှန်ကြားဆုံးမ တဲ့အတိုင်း သောဝစသဿတာဂုဏ်နဲ့ လိုက်ပါပြီးတော့ ကောင်းမွန်စွာ မှတ်ကြ၊ မှတ်ပြီးပြီဆိုတော့ ရှေးအရှင်များကဲ့သို့ ဝီရိယသန်သန်နှင့် ဘုရားဆုံးမပါတဲ့ အဆုံးအမတွေကို ထူထောင်ကြမယ်ဆိုရင် ချမ်းသာသုခတွေဟာ အသီးသီး ဆိုက်လာပါလိမ့်မယ်ဗျာ။ ဒါကြောင့်မို့ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမ မှန်မှန် တွေကို များများကြီး ရပြီးသားရှိပါတယ်။ ဘုရားရှင် အဆုံးအမ မှန်မှန် တွေဟာ များလိုက်တာ သုတ်, ဝိနည်း, အဘိဓမ္မာ ဆိုပြီး ရှိကြတယ်။

အဲသည် မှန်မှန်တွေ အများကြီးထဲက အကုန်လုံး မဟုတ်ပါ, ကိုယ် သဘောကျတဲ့ ကိုယ့်စိတ်ထဲ နှစ်သက်တဲ့ဟာ တခုခုမှန်မှန်ကို သန်သန် ဝီရိယနှင့် ထူထောင်ကြပါ။ အဲသည်လို ထူထောင်တဲ့အခါကျတော့ အခါ မလင့် ဆိုက်တယ်ဆိုတာကတော့ အားလုံးသော ဒကာကြီး, ဒကာမကြီး တွေဟာ ကြီးကြီးကျယ်ကျယ် နားလည်ကြပါတယ်။

## ယယ်ယယ်ကုရ 'အကာလိကော'

ဘယ်တုန်းကစပြီး နားလည်သလဲဆိုရင် စကားမပီခင်ကတည်းကိုက ကောင်းကောင်းလှလှကြီး နားလည်ကြပါတယ်။ အဲဒါ 'အကာလိကော' ပြောတာဗျာ။ စကားမပီခင်ကတည်းက နားလည်ပါတယ် မဟုတ်လား။

http://www.dhammadownload.com



အဲဒါ မေတ္တာရှင် ကရုဏာရှင်တွေက 'ဒါ ကျက်ဟဲ့, သင်ဟဲ့' ဆိုလို့ ရတယ်မဟုတ်လား၊ ညအိပ်တော့မယ်ဆိုရင် "နင်ဘာ့ကြောင့် ဘုရားရှိမခိုးတာလဲ၊ လာဟဲ့ ရှိခိုး" အဲသည်လိုပြောဆိုမရရင် ရိုက်တာပဲ မဟုတ်လား။ အဲဒါနှင့်ပဲ မရရင် ရအောင်လုပ်ရတယ်, မဆိုချင်ဘဲ ဆိုရတယ် မဟုတ်လား။ အဲဒါကြောင့်မို့ ဒါတွေဟာ ကျေနေပြီမဟုတ်လား။

မေး။ ။ သေသေချာချာ 'အကာလိကော' ကျတော့ ဘယ်တော့မှ သိသလဲ။

ဖြေ ။ ။ ကိုယ်တိုင် စိတ်ဝင်စားပြီးကြည့်မှ 'အကာလိကော' ကို သိမှာပါဘုရား။

မေး။ ။ ဘယ်အခါ 'အကာလိကော' ဖြစ်မလဲ။

ဖြေ ။ ။ တွေ့တဲ့အခါမှာ ချက်ချင်း သိပါတယ်ဘုရား။

မေး။ ။ ဘယ်အခါမှာ တွေ့မလဲဗျာ့။

ဖြေ ။ ။ ကိုယ်တိုင်လုပ်တဲ့အခါမှာ တွေ့ပါတယ်ဘုရား။

မေး။ ။ အချိန်တွေဟာ များလိုက်တာ၊ ဘယ်အချိန်မှာ လုပ်မှ ဖြစ်တယ်လို့ ရှိသေးသလား။

ဖြေ ။ ။ ဘယ်အချိန်မဆို မိမိကိုယ်တိုင် သိအောင်, တည့်အောင် လုပ်ရင် တည့်တဲ့အခါ ချက်ချင်း 'အကာလိကော' သိပါတယ် ဘုရား။

လွယ်လိုက်တာဗျာ- အခုနေခါမှာ ဘုရားရှင် အဆုံးအမ သာသနာ ရထားကြတော့ ဝီရိယ ထူထောင်ပြီး ရှေးအရှင်များတို့နှင့် ညီအောင် မီအောင် ပြုလုပ်ရင် သေသေချာချာ လွယ်တယ် မဟုတ်လား။ (လွယ်ပါတယ် ဘုရား။)

အေး.... ဒါကြောင့်မို့ ကိုယ်လိုချင်တဲ့, နှစ်သက်တဲ့ ဗောဓိတွေကို သေသေချာချာကိုပဲ မှန်းတဲ့အတိုင်း ရချင်ကြပါလျှင် ဘုရားရှင်ဆုံးမတဲ့ အဆုံးအမ တော်တွေကိုလဲ သိပြီးသား ဖြစ်တော့ ကိုယ်နှစ်သက်ရာဖြစ်တဲ့ အဆုံးအမ မှန်မှန်တစ်ခုကို ဝီရိယထူထောင်ပြီးတော့ ဆိုက်အောင် ကြိုးစားကြဗျာ့။ မိတဲ့ ညီတဲ့အခါမှာ ဧကန္တကိုယ်လိုချင်တဲ့ ချမ်းသာသုခဟာ ဆိုက်လာပါလိမ့်မယ်။

http://www.dhammadownload.com



## မှတ်သားရွတ်ဆို နေရုံမျှနှင့်

ဒို့ကတော့ သိလို့ပြောတာ မဟုတ်ဘူး၊ ဘုရားဆုံးမတော်မူတဲ့ အဆုံးအမတွေကို မှတ်သားပြီးတော့ အခုလို ဆုံးမတာဗျ၊ အခု ဒကာကြီး, ဒကာမကြီးတွေဟာ သွက်လက်ဖျတ်လတ်ပြီးတော့ အားလုံး သိပြီးသားထဲက ဟာတွေကိုပဲ ပြောနေတာပဲဗျ။ အဲဒါတွေဟာ အကုန်လုံးပါတယ် မဟုတ်လား၊ မပါဘူးလို့ ပြောနိုင်သလား။ (မပြောနိုင်ပါဘုရား။)

မေး။ ။ ဘုရား ဆုံးမတော်မူတာတွေက ဘာလဲဆိုရင် ဒါတွေကို သည်အတိုင်းပဲမှတ်ပြီးတော့ ဆိုနေစေချင်လို့ မဟုတ်ဘူး ထင်တယ်။

ဖြေ။ ။ ရွတ်ဆိုနေဖို့ မဟုတ်ပါဘုရား။

မေး။ ။ ဘယ်အတွက်ကြောင့် ဆုံးမတော်မူသလဲ။

ဖြေ။ ။ သူ ဒါကို အမြဲတစေ သိနေဖို့လို့ ဆုံးမပါတယ်ဘုရား။

ကိုယ်လိုချင်တဲ့ ခရီးကို ရောက်အောင်, ထိုနေရာကို ရောက်စေချင်လို့ ညွှန်ကြားဆုံးမတာဗျ၊ သွားစေချင်လို့ ညွှန်ကြားဆုံးမတာဗျ၊ သွားကြပြီဆိုမှဖြင့်လဲ ဆိုက်ကြ, ရောက်ကြပါလိမ့်မယ်ဗျ၊ သို့သော်လည်း အခုအားလုံးတို့ဟာလည်း ကိုယ်လိုချင်တဲ့ခရီးကို ရောက်အောင် ဝီရိယနှင့် ထူထောင်ပြီးတော့ သွားနေလျက်ပါပဲဗျ၊ သို့သော်လည်း အခု ဝီရိယကို ထူထောင်ပြီး သွားမယ်ဆိုရင် သူတို့ဟာ 'အားထုတ်မယ် အားထုတ်မယ်'နှင့် 'ဘယ်တော့မှလဲ' ဆိုရင် 'အခုအချိန်ဟာ သွားကြ လာကြနှင့် စိတ်မငြိမ်သေးဘူး၊ စိတ်ငြိမ်တော့မှ အားထုတ်မယ်' တဲ့ဗျ၊ ဟုတ်ကယ့်လားဗျ။ အဲသည်လို မေ့နေတာက အများကြီးထင်ပါရဲ့ဗျ။ (ဒါနဲ့ အချိန်ကုန်နေတာပါပဲဘုရား။) တော်တော်ကြာ စိတ်ငြိမ်တဲ့အခါကျတော့လဲ ဘယ့်နှယ်လုပ်သလဲ။ (စိတ်ငြိမ်တဲ့အခါကျတော့ အိပ်ချင်လာပါတယ်ဘုရား။) အိပ်ချင်တော့ ဘယ့်နှယ်လဲ။ (အိပ်လိုက်တာပါဘုရား။) ဟုတ်ပါ့ဗျ၊ အဲဒါ အားထုတ် တာပါတဲ့ဗျ။ (တပည့်တော်တို့က အပြောနှင့်ပဲ ပြီးနေရတာပါပဲဘုရား။)

http://www.dhammadownload.com



## တရားအားထုတ်မယ့် ဥပုသ်သည်

ပြီးတော့ တခါ အရပ်ထဲမှာ ဆူကြပူကြမို့လို့ 'တရားအားထုတ်တဲ့ နေရာကို သွားဦးမယ်' ဆိုပြီး တစ်ခါတစ်ခါလည်း အဲသည်လိုနေရာကို သွားကြတယ် ထင်ပါရဲ့ဗျာ။ (သွားကြပါတယ်ဘုရား။) အားထုတ်မယ်ဆိုပြီး သည်က ဘာတွေ ယူသွားသလဲ။ (စားစရာ, သောက်စရာတွေ ယူသွားပါတယ်ဘုရား။)

ရောက်သွားတော့ သီလဆောက်တည်ပြီး ဖိစားနေသလား။ (ဟုတ်ပါတယ် ဘုရား၊ ၁၂-နာရီ ထိုးပလားဟေ့၊ စားကြစို့ ဆိုတော့ ဒကာမကြီး တွေကလဲ ကျွေးနေတာပဲဘုရား။ တပည့်တော်တို့ကလည်း စားတာပါပဲ ဘုရား၊ အစောကြီးက စားလိုက်တာ ၁၂-နာရီထိအောင် စားတုန်းမှါပဲ ဘုရား။) အဲသည်လို စားတာ နေ့တိုင်းထက် ဘယ့်နှယ်လဲ။ (နေ့တိုင်းထက် အများကြီး ပိုစားနေပါတယ်ဘုရား။) ပြီးတော့ ၁၂-နာရီ ထိုးတော့ ဘယ့်နှယ်လဲ ပြီးလိုက်ရောလား။ (ဒါတောင်မှ တချို့က ပြောသေးတယ် ဘုရား၊ ၁၂-နာရီ ထိုးပေမယ့် ဆက်စားရင် စားကောင်းသတဲ့ ဘုရား၊ ပြတ်တောင်း ပြတ်တောင်းသာ မစားကောင်းတာ၊ ဆက်စားရင် စားကောင်းတယ်လို့ ကြားဖူးပါတယ်ဘုရား။) ဒကာကြီးကရော ဆက်စား သလား။ (သည်လို ငြင်းခုံရင်းနှင့် စားနေတာပါပဲဘုရား။) အဲသည်လို စားရော-စားပြီးတော့ကော။ (အစားများလို့ အစားက ပိုသွားပါတယ်ဘုရား။) သည်လို စားပြီးတော့ ဘာလုပ်မှာလဲဗျာ့။ (စားပြီးတော့ ဗိုက်လေးတာနှင့် တုံးလုံးလှဲ ပါတယ်ဘုရား။)

ဘယ်အချိန်ကျမှ နိုးသလဲ။ (ညနေ သုံးနာရီ လေးနာရီကျမှ နိုးပါ တယ်ဘုရား။) သည်တော့ သွက်လက်ဖျတ်လတ်ပြီး အားထုတ်မယ်ဆိုပြီး အားထုတ်သလား။ (အဲသည်အချိန်မှာ ထပြီး ဖျော်ရည်ကလေးများ မရှိဘူး လားလို့ တောင်းပါတယ် ဘုရား။) သည်တော့ ဒကာမကြီးက ဖျော်ရည် ပေးရော့လား။ (ဖျော်ရည် ပေးပါတယ်ဘုရား)။ ဖျော်ရည်ပေးတော့ သောက်ရော၊ သောက်တဲ့အခါမှာ မျှရုံလောက်ပဲလား။ (မဟုတ်ပါ ဘုရား၊ အဝပဲ သောက်လိုက်တာပဲ ဘုရား။) ဖျော်ရည်ကလဲ နေ့တိုင်းထက် အထူး ဖျော်ပေးတာပဲ မဟုတ်လား။ (ဟုတ်ပါတယ် ဘုရား။) အဲသည်လို သောက်

http://www.dhammadownload.com



တော့ ကျန်နေပြန်ရော၊ အဲသည် ကျန်နေတာကို သူများကို ပေးသလား။ (မပေးပါဘုရား၊ တပည့်တော်က နှမြောတာနှင့် အကုန်လုံးပဲ သောက်လိုက်တာပဲ ဘုရား။)

အဲသည်တော့ လွန်သွားပြန်ရော၊ လွန်သွားတော့ နေလို့ကောင်းသေးသလား။ (နေမကောင်းပါ ဘုရား။) သည်တော့ကော တရားအားထုတ်သလား။ (သိပ်နေမကောင်းတာနှင့် တုံးလုံးလှဲနေပါတယ် ဘုရား။) သည်တော့ ဘယ်လို ဖြစ်သလဲ။ (အိပ်ပျော်သွားပြန်ပါရော ဘုရား။) ဘယ်တော့မှ နိုးသလဲ။ (မနက် မိုးလင်းအားကြီးမှ နိုးပါတယ် ဘုရား၊ ဒါတောင်မှ အရုဏ်တက်ပြီလားဟေ့ ဆိုပြီး အဲသည်မှာ ထ, စားပြန်ရော ဘုရား။)

မေး။ ။ ဒါဖြင့် နိဗ္ဗာန် မရတာ ဘုရားမရှိလို့ ထင်ပါရဲ့ဗျာ။

ဖြေ။ ။ စားတဲ့ဘက်က သိပ်များနေပါတယ် ဘုရား။

ဒါဖြင့် သူတို့ဟာက ဝီရိယတော့ ရှိကြပါရဲ့ သို့သော်လဲ အခုနလိုဟာတွေက နဲနဲများနေလို့ပါဗျာ။

## ဘေးနားက တိုးတိုးဖော်

မေး။ ။ ပြီးတော့ အားထုတ်မယ်ဆိုပြီး အားထုတ်ပြန်ရော၊ အားထုတ်တဲ့အခါကျတော့ ဘေးနားက တိုးတိုး တိုးတိုးနှင့် စကားပြောရင် ကြားသလား၊ မကြားဘူးလား။

ဖြေ။ ။ အားထုတ်တာ နေရာမကျရင် သည် တိုးတိုး တိုးတိုးကိုပဲ စိုက်ပြီး နားထောင်နေမှာပါပဲ ဘုရား။

မေး။ ။ အဲသည်လိုကြားတော့ ဘယ့်နှယ်လဲ၊ စကားတိုးတိုး တိုးတိုး ပြောတဲ့လူကို ကျေးဇူးတင်မှာလား၊ ကြည်ညိုမှာလားဗျာ။ တည့်မှာလားဗျာ။

ဖြေ။ ။ တိုးတိုး တိုးတိုး ပြောတဲ့သူကို တရားအားထုတ်တဲ့ဘက်က စိတ်သန်နေတဲ့အခါမှာ သူ့ကို စိတ်ဆိုးမှာပါပဲ ဘုရား။

မေး။ ။ တရားအားထုတ်တဲ့လူက စိတ်ဆိုးမှာလားဗျာ။

ဖြေ။ ။တရားအားထုတ်တဲ့နေရာမှာ တိုးတိုး တိုးတိုးနှင့် ဘယ့်နှယ်လာပြီး ပြောရသလဲဆိုပြီး ဒေါသ ဖြစ်မှာပါဘုရား။

http://www.dhammadownload.com



မေး။ ။ ဒါ သူတော်ကောင်းလားဗျာ့။ အဲသည်လို တိုးတိုး တိုးတိုး နှင့် ပြောရမလားဆိုပြီး 'သည်လူဟာ ဘယ်အရပ်ကလဲ၊ သူ့အမေက ဘယ်သူ့၊ သူ့အဖေက ဘယ်သူ' ဆိုပြီး အဲသည်လို ရောက်သွားဦးမှာလား။

ဖြေ။ ။ ရောက်သွားမှာပါပဲဘုရား။

မေး။ ။ သည်လို တိုးတိုး တိုးတိုး ပြောရမလား ဆိုပြီး စိတ်ဆိုးရော၊ သည်လိုစိတ်ဆိုးရင်းနဲ့ စုတေကျပြီး သေသွားရင် အဲဒီ သူတော်ကောင်းကြီး ဘယ်ရောက်မလဲ။

ဖြေ။ ။ အပါယ်လေးဘုံ ရောက်မှာပါပဲ ဘုရား။

ဧပုသ်သည်လားဗျာ့ အပါယ်ကိုရောက်မှာ။ (စိတ်ဆိုးတုန်းသေတော့ ရောက်မှာပေါ့ဘုရား။) အေးဗျာ၊ အဟုတ်ဆိုရင် ဘယ်လိုပြုရမလဲ ဆိုတော့ သည်လိုအားထုတ်တဲ့အခါမှာ သည်လိုတိုးတိုး တိုးတိုးပြောတာကို ကြားမယ်၊ အမှန်ကတော့ သည်လို တိုးတိုး တိုးတိုး ပြောတာကြားရင် ဘယ့်နှယ် မှတ်ရမလဲ။

"အားထုတ်မလို့လာတာ၊ အခု ငါ့သီတင်းသုံးဖော်တွေက တိုးတိုး တိုးတိုးပြောတယ်၊ သည် တိုးတိုး တိုးတိုး ပြောတာကို ကြားတယ်၊ အခုလို ကြားတာကို သူများသိမှာ စိုးလိုက်ပါဘိတော့ဗျာ၊ ရှက်လိုက်လေဗျာ" ဘာ ကြောင့် ကြားသလဲဆိုရင် ဝီရိယရှိလို့လား၊ ဝီရိယမရှိလို့လား။ (ဝီရိယမရှိလို့ တိုးတိုး တိုးတိုး ပြောတာကို ကြားတာပါ ဘုရား။)

သည်တော့ 'ဝီရိယမရှိတာကို သူများသိသွားမှာ ရှက်လိုက်ပါဘိတော့ ဗျာ။ စိုးရိမ်လိုက်ပါဘိတော့ဗျာ' ဆိုပြီးတော့ ဝီရိယကို တိုးပြီး ထူထောင်ရ မှာဗျာ့။ ဝီရိယနည်းမှန်းသိရင် အခုန တိုးတိုး တိုးတိုး ပြောတဲ့လူတွေကိုတောင် ကျေးဇူးတင်ရမယ်ဗျာ့။

ဘယ်လိုကျေးဇူးတင်ရမလဲ၊ သူတို့က တိုးတိုး တိုးတိုး ပြောတာကို သူတို့က တိုးတိုး တိုးတိုး ပြောဖော်ရတယ်၊ ပြောတော့ကြားတယ်၊ ကြားတော့ ကိုယ့်ကိုယ်ကို ဝီရိယမရှိဘူးဆိုတာ သိရတယ်၊ အဲသည်လို ဝီရိယနည်းတာကို သိရလို့ ငါ့ရဲ့သီတင်းသုံးဖော် ငါ့ရဲ့မိတ်ဆွေများက ဤကဲ့သို့ လာပြီးတော့ 'တိုးတိုး တိုးတိုး ပြောဖော်ရတယ်' လို့ အဲသည်လို ကျေးဇူးတင်ရမယ်ဗျာ့။

http://www.dhammadownload.com



ကျေးဇူးတင်တာကလဲ ဘာသိဘာသာ ကျေးဇူးတင်ပြီး ဝမ်းသာရမယ်ဗျာ့။ ဘာကြောင့်လဲဆိုရင် 'အသင် ဝီရိယနည်းတယ်၊ တိုးလိုက်ဦး၊ သည်လိုနည်းနေလို့ မဖြစ်ဘူး' ဆိုပြီး အနားက သတိပေးသလိုပဲဗျာ့။

ဘာကြောင့်လဲဆိုရင် တိုးတိုး တိုးတိုး ပြောတာကြားတာဟာ ဝီရိယနည်းလို့၊ ဝီရိယသာများရင် မကြားဘူး။ သည်တော့ "ဝီရိယနည်းသေးတယ် မိတ်ဆွေ၊ ကိုယ်လိုချင်တဲ့ ချမ်းသာသုခ, ကိုယ်နှစ်သက်တဲ့ ဗောဓိပြီးအောင် ဝီရိယတိုးလိုက်ဦးလို့' အင်မတန် မေတ္တာတွေနှင့် လာပြီး ကိုယ့်အကျိုးစီးပွားအတွက် ငါ့ကိုလာပြီး ချီးမြှောက်ပါပေတယ်" လို့ သည်လို ကျေးဇူးတင်ရမယ် မဟုတ်လားဗျာ့။ (ကျေးဇူးတင်ထိုက်ပါတယ် ဘုရား။) ကိုယ်တိုင်ကလဲ ပါးစပ်က လျှောက်ပြောနေရမှာ မဟုတ်ဘူး။ သည်အတိုင်း ဘာသိဘာသာ ကျေးဇူးတင်ရမယ်။

## ကျယ်ကျယ်လာလဲ မဲပြီးအားထုတ်

သည်လို ကျေးဇူးတင်ပြီးတော့ 'သည့်ထက်တိုး ပြောစမ်းပါဦး' ဆိုပြီး အသာသာ မဲပြီး အားထုတ်ဗျာ့။ အဲသည်လိုဆိုရင် တိုးတိုး တိုးတိုးတော့ မလာတော့ဘူး။ ဘာဖြစ်လို့ မလာသလဲဆိုတော့ သိရမှာကိုသိပြီးတော့ မှတ်ရမှာကိုမှတ်ပြီး တဆက်ထဲနေတော့ အဲဒါမကြားရတော့ဘူး။ နဲနဲ တိုးတိုး တိုးတိုးကတော့ မကြားရတော့ဘူး။ ဒါပေမယ့် ကျယ်ကျယ်အသံနှင့် ပြောပြန်ရော့မယ်ဗျာ့၊ အဲသည်အခါမှာ ဘယ့်နှယ်လဲ ကြားမယ် မဟုတ်လား။ (ကျယ်ကျယ်ပြောရင် ကြားကောင်းကြားပါလိမ့်မယ် ဘုရား။)

အဲသည်လို အခါမှာလဲ ကျေးဇူးတင်ရမယ်ဗျာ့၊ တိုးတိုး တိုးတိုး မဟုတ်တော့ဘူး၊ ကျယ်ကျယ်ဆိုတော့ ကြားလာပြန်ရော၊ ကြားတဲ့အခါ ဘယ့်နှယ် လုပ်ရမလဲ။ ကြားလာပြန်တော့ "သည်ဝီရိယနှင့်တော့ မဖြစ်ဘူး၊ ညံ့တယ်၊ တိုးလိုက်ဦး လို့ သတိပေးဖော်ရတယ်" ဆိုပြီး ပြောတဲ့လူကိုလဲ ကျေးဇူးတင်ရမယ်။ ကျေးဇူးတင်ပြီးတော့မှ "ကောင်းပြီမိတ်ဆွေ၊ ကျေးဇူးတင်ပါတယ်" ဆိုပြီး မဲပြီးတော့ အားထုတ်ဗျာ့။

အားထုတ်ဆိုတာက သိရမှာကို တင်းတင်းကျပ်ကျပ်ကလေး မလွတ်အောင် အားထုတ်ဗျာ့။ (အဲသည်လို တင်းတင်းကျပ်ကျပ် မလွတ်အောင်

http://www.dhammadownload.com



သိဖို့ဆိုတာကို ရှင်းပါဦး ဘုရား။) ထားဆိုတဲ့နေရာပေါ့ဗျာ။ ထားဆိုတဲ့ နေရာမှာ စူးစူးစိုက်စိုက်ကလေး သည်လိုထားရုံပေါ့ဗျာ။ အသီးသီးကတော့ ထားပြီးသား ဖြစ်ပါ ထင်ပါရဲ့ဗျာ။

## တထိတည်း ထိ၊ တသိတည်း သိ

မေး။ ။ အလွယ်ဆုံးပြောရမယ်ဆိုရင် အားလုံးဒကာကြီး, ဒကာမကြီးတွေဟာ မွေးကတည်းက အသက်တော့ ရှူကြတာချည်းပဲထင်ပါရဲ့။

ဖြေ။ ။ အသက်တော့ ရှူကြတဲ့ ပုဂ္ဂိုလ်ချည်းပါပဲ ဘုရား။

မေး။ ။ ထွက်လေ ဝင်လေ နှစ်ရပ်ဟာ နှာဖျားနှာဝ ဘယ်နေရာကို တိုက်ပြီးဝင်တယ်, ထွက်တယ်ဆိုတာ ထင်ရှားသလဲ။

ဖြေ။ ။ ညာဘက်ကနှာသီးဖျားမှာ အထင်ရှားဆုံးပါ ဘုရား။

မေး။ ။ နေရာနှစ်ခု မဟုတ်ဘူးလား။

ဖြေ။ ။ တခုတည်းပါဘုရား။

မေး။ ။ အေး.... အဲသည်နေရာကလေးကို အေးအေး အေးအေးနှင့် တိုက်ထွက်တယ်၊ ဝင်တော့လဲ တိုက်ဝင်တယ်၊ အဲဒါ တဆက်တည်းမဟုတ်ဘဲ ပြတ်တောင်း ပြတ်တောင်း တိုက်ဝင်သလား၊ တဆက်တည်းလား။

ဖြေ။ ။ ပြတ်ပြီး တိုက်ဝင်ပါတယ် ဘုရား။

လေကလေးက ပြတ်တာလား၊ အမှတ်က ပြတ်တာလား၊ အဲသည် နေရာကလေးကို သည်လိုပြောကြပါစို့ရဲ့ဗျာ။ လက်နှင့် ကိုင်ပြီး ထိထားရင် ဘယ့်နှယ်လဲ တသိတည်း သိမနေဘူးလား။ (သိနေပါတယ်ဘုရား။) အဲသည်လို သိတာဟာ တဆက်တည်းမဟုတ်ဘဲ ပြတ်ပြတ်ပြီး သိသလား။ (တဆက်တည်း သိနေပါတယ်ဘုရား။) ဒါဖြင့် ခုနပြောသလို လေကလေး တိုက်ထွက်တဲ့အခါ တဆက်တည်း တိုက်ထွက်သလား၊ ပြန်ဝင်တော့ကော တဆက်တည်း တိုက်ဝင် သလား။ (တဆက်ထဲဝင်ပါတယ် ဘုရား။) သည်တော့ တိုးပြီး တိုက်ထွက် နေတာ ပြတ်ပါ့မလား။ (မပြတ်ပါဘုရား။) အေးအေး အေးအေးနှင့် ပြန်ပြီး ဝင်တော့ကော သည်လေကလေးဟာ ပြတ်ပါ့မလား။ (မပြတ်ပါ ဘုရား။)

http://www.dhammadownload.com



အေး..... အဲသည် လေကလေး တိုးပြီးထိနေတာကို တသိထဲ သိနေရုံပဲ၊ ဟုတ်ကယ့်လားဗျာ။ (မှန်ပါ့ဘုရား။) သည်ဟာက တခြားမှာ ရှာမနေရပါဘူး။ ထိပြီး ထွက်နေတာကလေးကို သိနေရုံပါပဲဗျာ။ အဲသည်လို ထိတာ ကလေးကို သိရမယ်၊ သည်လိုမှ မရလို့ရှိရင် အခုနက လက်နှင့် ထိတာကလေးကို သိရမယ်၊ သည်လိုမှ မရလို့ရှိရင် အခုနက လက်နှင့် ထိတော့ သိတယ်မဟုတ်လား။ (သိပါတယ်ဘုရား။) အဲသည်လို အသိမျိုး ကလေးကို လက်နှင့်တော့ မထိပါနှင့်၊ အဲသည်လို သိနေ။

အဲသည်လို 'တထိတည်း ထိပြီး တသိတည်း သိနေ' မယ်ဆိုရင် အဲဒါ တဆက်ထဲ မဟုတ်ဘူးလား။ (တဆက်ထဲပါ ဘုရား။) သည်လို တဆက်ထဲ သိနေတဲ့ အချိန်မှာ တိုးတိုး စကားပြောရင် ကြားပါ့မလား။ (မကြားပါ ဘုရား။) အဟုတ်တကယ်ကို သိတာကို စူးစူးစိုက်စိုက် သိနေမယ်ဆိုရင် အသံများများ ကျယ်ကျယ်နှင့် ပြောတာကိုကော ကြားပါ့မလား။ (မကြားပါ ဘုရား။)

မေး။ ။ အဲသည်လို မကြားတော့ဘူးဆိုရင် ဘယ့်နှယ်တုံး-သိပြီး နေတဲ့ နှာသီးဖျား, နှာသီး၀ဆိုတာက ရုပ်လား နာမ်လား။

ဖြေ။ ။ ရုပ်ပါဘုရား။

မေး။ ။ သိနေတာက ဘာလဲ။

ဖြေ။ ။ နာမ်ပါဘုရား။

## ပုဂ္ဂိုလ် သတ္တ၀ါ မပါ ထိသိ

မေး။ ။ အခုန နှာသီး၀ကလေးကို ထိပြီး အမြဲတမ်း သိနေတယ်ဆို တော့ ရုပ်နှင့် နာမ်ကို တဆက်ထဲ သိနေပြီ မဟုတ်လား။

ဖြေ။ ။ ရုပ်နှင့် နာမ်ကို တဆက်ထဲ သိပါတယ် ဘုရား။

အဲသည်လို သိနေတော့ကော အခုန တိုးတိုး တိုးတိုးကို ကြားပါဦး မလား။ (မကြားပါဘုရား။) အဲသည်လို ရုပ်နှင့် နာမ်ကို သည်အတိုင်း တဆက်ထဲ သိနေတယ်ဆိုတော့ သည့်ပြင်ဟာ ဘာသိဦးမှာလဲ။ (မသိပါ ဘုရား။) အခု ဒကာကြီး, ဒကာမကြီးများဟာ ဘုရား ဆုံးမတော်မူတာက "ကိုယ့်ကိုယ် မဟုတ်ဘူး, ဒကာကြီးမဟုတ်ဘူး, ဒကာမကြီး မဟုတ်ဘူး,

http://www.dhammadownload.com



လူမဟုတ်ဘူး, နတ် မဟုတ်ဘူး လို့ သည်လိုပဲ ဘုရား ဟောကြားတယ် မဟုတ်လား။ အဲသည်တော့ အခုလို ရုပ်နှင့် နာမ်ကို သိနေတဲ့အခါမှာ လူပဲလို့ဆိုပြီး လာသိဦးမလား။

ဖြေ။ ။ မသိပါဘုရား။

မေး။ ။ နတ်ပဲလို့ကော။ (မသိပါဘုရား။) သူပဲ, ငါပဲလို့ကော။ (မသိပါဘုရား။) ဒကာကြီး, ဒကာမကြီးပဲလို့ကော။ (မသိပါ ဘုရား။) ဘာသာ သိနေသလဲ။ (ထိ. သိ ကလေးကိုပဲ သိနေပါတယ်.ဘုရား။) သည်တော့ ခုနပြောတဲ့ ရုပ်နာမ်ကို ကော တဆက်ထဲ သိနေတယ် မဟုတ်လား။ (သိနေပါတယ် ဘုရား။) သိတော့ လွယ်သလား။ (လွယ်ပါတယ် ဘုရား။)

အဲဒါဟာ အမှန်အသိပဲ။ သည်တော့ ရုပ်တို့ နာမ်တို့ဟာ တဆက်ထဲ တတန်းထဲပါ။ (တဆက် တည်း တတန်းတည်းပါဘုရား။) ရုပ်နှင့် နာမ်ဟာ ဘယ့်နှယ်လဲ မပြတ်ဘဲ တဆက်တည်းလား။ (အမြဲတမ်း ပျက်ပျက်ပြီး နေပါတယ် ဘုရား။)

မေး။ ။ မြန်လိုက်တာက ဘယ်လောက်များ မြန်သလဲဆိုတော့ လျှပ် တပြက်ဆိုရင် ဘယ့်လောက်ပျက်သလဲဗျာ။

ဖြေ။ ။ ကုဋေတသိန်းလို့ ကြားဖူးပါတယ်ဘုရား။

လျှပ်တပြက်လောက်မှာ ကုဋေတသိန်းဆိုတော့ ဘယ့်နှယ်လုပ်ပြီး ရေတွက်နိုင်မလဲ။ (မရေတွက်နိုင်ပါဘုရား။) ကုဋေတသိန်းရှိတဲ့ ရွှေဒင်္ဂါး တွေကို စုပုံပြီးပေးရင်, ကုဋေတသိန်းပြည့်အောင် ရေယူစမ်းဆိုရင် အချိန် ဘယ်လောက်ကြာကြာ ရေရပါ့မလဲ၊ အချိန် ဘယ်လောက်ကြာမှ ကုဋေ တသိန်းပြည့်အောင် ရေလို့ ပြီးမလဲ။

(တလလောက် ရေရလိမ့်မယ် ထင်ပါတယ် ဘုရား၊ နေ့ရော ညရော လောဘတကြီး ရေတာတောင် သည်လောက် ကြာပါလိမ့်မယ် ဘုရား။) မလိုချင့် လိုချင်နှင့် ပျင်းပျင်း ဖျင်းဖျင်း ရေနေလို့လား။ (မဟုတ်ပါဘုရား၊ သေချင် သေပစေ ဆိုပြီး သူများထက် အမြန် ရေယူမှာပါ ဘုရား။) အေး.... သည်လို အမြန် ရေယူတာတောင်မှ ဘယ်လောက် ယူရမလဲ။ (တလလောက် ယူရပါမယ် ဘုရား။)

http://www.dhammadownload.com



## တမင် မလုပ်ရ 'အနိစ္စ'

အေး. . အဲသည်လို ဖြစ်ပျက်ပြီး နေလိုက်တာဟာ အခုလို မြန်တယ် ဆိုတာကို အခုလို မှတ်ထားကြ။ အဲဒါက မေတ္တာရှင်, ကရုဏာရှင် ဖြစ်ပါတဲ့ အတုအတူ မရှိတဲ့ ဘုရားရှင်က ကိုယ်တော်တိုင် ထိုးထွင်းသိမြင်ပြီး ညွှန်ကြား ဆုံးမတော်မူတာကို မှတ်ထားလို့ သိတာပဲ ရှိသေးတယ်။ သို့သော် ကိုယ်တိုင်သိမှာကတော့ ဘယ်လိုလဲဆိုလျှင် အခုနကလို ရုပ်နှင့် နာမ် နှစ်ခုကို သေသေချာချာ ကျကျနန တခါထဲ သိနေပြီဆိုတော့ ဘာတွေ ဖြစ်လာသလဲ၊ သူ့လက္ခဏာတွေအတိုင်း သိလာမယ် မဟုတ်လား၊ တမင်လုပ်ရဦးမလား။ (မလုပ်ရပါ ဘုရား။) မလုပ်ရဘဲ သူ့ဟာသူ သိလာမယ်။ ( အနိစ္စဆိုတာ ဘယ်သင်း, ဘယ်သင်း ကို မှတ်ရမလဲ ဘုရား။

ဖြစ်ပျက်နေတာ ရှိတယ် မဟုတ်လား။ (ဘယ်သင်းကို အနိစ္စလို့ မှတ်ရမှာလဲဘုရား။ ) ဒါတွေ လုပ်မနေနှင့် ဒကာကြီး, ဒကာမကြီးများ သည်အတိုင်းတိုင်းနေ။ စိတ်ကလေးကို သူ့ဟာသူ ထား၊ သည်အတိုင်းတိုင်းပဲ နေအောင်သာ ထား၊ ထားလို့ နေပြီဆိုမှဖြင့် သူက ပြောလာပါလိမ့်မယ်။ ရုပ် နာမ်က ပြောပါလိမ့်မယ်။ (အရှု တခါအပြီးမှာ အနိစ္စ မှတ်ရမလား ဘုရား။)

မေး။ ။ အရှုတခါ ပြီးတော့ အနိစ္စ မှတ်တာ မှန်ပါတယ်။ သည်လို

**အနိစ္စ သိရုံနှင့် နိဗ္ဗာန် ရပ့ါမလား။**

ဖြေ။ ။ မရနိုင်သေးပါ ဘုရား။

မရနိုင်သေးရင် အခုနကလို စိတ်ကလေးကို ထား၊ သူ့ဟာသူ သိလာလိမ့်မယ်။ (ဒါဖြင့် ဘယ်သင်းကို အနိစ္စ မှတ်ရမလဲ ဘုရား။)

## သကြားနှင့် ဆား စားမှသိ

ဒကာကြီးရဲ့ သည်လို ပြောပါ့မယ်၊ သကြားတို့, ဘာတို့တော့ ဒကာကြီးက ချိုတယ်လို့ ပြောမယ် မဟုတ်လား၊ ဒို့ကတော့ မစားဖူးသေးဘူးလေ၊ တောထဲက ရဟန်းကို ဒကာကြီးတို့ကို 'သကြား ချိုသလား ပြောစမ်းပါ' ဆိုရင် ဒကာကြီးက 'ချိုတယ်'လို့ ပြောမှာပဲ မဟုတ်လား။ သည်တော့ ဒို့က 'ဒကာကြီးရဲ့ သကြားချိုတာကို ပြောစမ်းပါ' ဆိုရင် ဘယ့်နှယ် ပြောမလဲ။

http://www.dhammadownload.com



(တပည့်တော်က စားဖူးလို့ ပြောတတ်ပါတယ်ဘုရား။ မစားဘူးတဲ့ ပုဂ္ဂိုလ်ကတော့ မပြောတတ်ပါဘုရား။) ဒို့က မစားဘူးလို့ သကြားချိုတာ ဘယ်လိုလဲလို့ ပြောစမ်းပါ။ (ထန်းလျက်ထက် အများကြီး ကောင်းပါတယ် ဘုရား။) ဒါဖြင့် ဒို့ကပြောမယ်၊ သကြားဟာ ချိုတယ်ဆိုတာက ထန်းလျက်ထက် ကောင်းတယ်ဆိုတော့ ဒို့က သိပါ့မလား။ (မသိပါ ဘုရား။)

မေး။ ။ သကြား အချို တကယ်သိအောင် ဒို့ကို ပြောစမ်းပါဦး။

ဖြေ။ ။ သကြား အချို တကယ်သိအောင် မပြောတတ်အောင် ဖြစ်နေပါတယ် ဘုရား။

ဒကာကြီးက စားဖူးသားပဲ၊ ဘာကြောင့် မပြောတတ်ရမှာလဲ။ (တပည့်တော်တော့ မပြောတတ်တော့ပါ ဘုရား၊ အရှင်ဘုရားပဲ ဘုဉ်းပေး ကြည့်ပါလို့ ပြောရမှာပါ ဘုရား။)

မေး။ ။ 'သကြားရဲ့ ပုံသဏ္ဍာန် ပြောစမ်းပါ' ဆိုတော့ ဘယ့်နှယ် ပြောမလဲ။

ဖြေ။ ။ ဆားနှင့် တူတယ်လို့ ပြောရမှာပါဘုရား။ ဒါပေမယ့်ဆား ကတော့ ပုရွက်ဆိတ် မတက်ဘူး၊ သကြားကတော့ ပုရွက်ဆိတ်တက်တယ်၊ အခုလိုပြောပေမယ့်၊ အရှင်ဘုရားသိမှာ မဟုတ်ပါဘုရား။

ဒါဖြင့် ဘယ်တော့မှ သိမှာလဲ။ (အရှင်ဘုရား ဘုဉ်းပေးမှ သိမှာပါ ဘုရား။) သကြား ပုံသဏ္ဍာန်က ဆားနှင့် တူတယ်ဆိုတော့ ဒို့က ဆားရော၊ သကြားရော ကောင်းကောင်း မမြင်ဖူးဘူး။ သည်တော့ ဆားနှင့် သကြား ကွဲပြားအောင် ဘယ်လိုပြောမလဲ။ (ထုံးမှုန့်နှင့် ခပ်ဆင်ဆင်ပါဘုရား။) ဖြူဖြူဖွေးဖွေးလား။ ဒို့က ဆားကိုသာ မြင်ဖူးတော့ သည်ဆားကိုပဲ သကြား ဆိုပြီး စားရောဗျာ၊ သည်တော့ ဘယ့်နှယ်လဲ သကြား အမှန်ကို တွေ့ပါ့ မလား။ (ဆားနှင့်ပဲ တွေ့မှာပါပဲဘုရား။) တွေ့တော ဘယ့်နှယ်လဲ။ (ငန်နေမှာ ပါပဲဘုရား။) သည်တော့ ဒို့က မှတ်ရတော့မယ်။ 'သကြားဆိုတာ ငန်တာ ထင်ပါရဲ့'လို့ မှတ်ရတော့မယ်။ (တပည့်တော်ဟာ အနိစ္စ ဘယ်သင်း မှတ်ရမှန်း မသိသလို လွဲနေမှာပါပဲ ဘုရား။)

http://www.dhammadownload.com



## ပါးစပ်က မဆိုသော်လဲ ချိုမှာပဲ

အဲသည်တော့ သကြားပုံသဏ္ဍာန်ကို လျှောက်ပြောရင် လွဲစရာတွေ အများကြီး ဖြစ်နေပြီ၊ သေသေချာချာ ပြောမှ ဖြစ်မယ်။ (သကြားကို ယူလာပြီး အရှင်ဘုရား ဘုဉ်းပေးပါလို့ ပြောမှပဲ ဖြစ်မှာပါဘုရား။) သကြားတော့သိပြီ ပြောစမ်းပါလို့ ဆိုတော့ ဘယ့်နှယ်လဲ။ (ပြောတော့ မပြောပါရစေနှင့်၊ ဘုဉ်း ပေးပါလို့ ပြောရမှာပါပဲဘုရား။) စားရင် ငန်မှာ လား။ (သကြားစားရင် တော့ ချိုနေမှာပါပဲ ဘုရား။)

မေး။ ။အဲသည်တော့ ဒကာကြီးက သကြားစားနေတဲ့လူနားက ထိုင်ပြီး 'ချိုပြီ ချိုပြီ' လို့ ပြောနေရဦးမှာလား။

ဖြေ။ ။မပြောရပါဘုရား။

မေး။ ။အဲသည်လို ပါစပ်က မပြောတော့ သကြားကရော မချို တော့ဘူးလား။

ဖြေ။ ။ချိုတာပါပဲ ဘုရား၊ ပြောလဲ နားငြီးရုံ ရှိမှာပါပဲ ဘုရား။

မေး။ ။သကြားဟာ စားသည်နှင့် တပြိုင်နက် ဘယ့်နှယ်လဲ။

ဖြေ။ ။အဟုတ်စားရင် ချိုမှာပါပဲ ဘုရား။

မေး။ ။"သည် ရဟန်းက တောထဲက ရဟန်းဗျာ့၊ ငါ အကုန်လုံး မချိုဘူး၊ မြို့ထဲက ဒကာကြီးတွေလောက် ပြည့်ပြည့်စုံစုံ မချိုဘဲ တဝက်လောက်ပဲ ချိုလိုက်မယ်၊ လျော့ချိုလိုက်မယ်" ဆိုပြီး လျော့ပြီး ချိုမှာလား။

ဖြေ။ ။မျက်နှာမလိုက်ဘဲ အတူတူချိုမှာပါ ဘုရား။

ဒါ့ကြောင့် ခုနက ရုပ်နာမ်များကိုလဲ ခုနကလို မှတ်လေ။ သကြားလိုပဲ ချိုပါလိမ့်မယ်ဗျာ့၊ သည်လိုမှတ်ရင်း မှတ်ရင်းနဲ့ သကြားနှင့် ဆား လွဲမှား နေဦးမှာလားဗျာ့။ (မမှားပါဘုရား။ )ဒကာကြီးက ဆားနှင့် သကြား သေသေ ချာချာ ကွဲသလား၊ ဒကာကြီးဟာ ဈေးထဲကို မကြာမကြာ ရောက်သွားပြီး ဆားဝယ်စမ်း ဆိုရင် သကြားဝယ်လာမှာလား။ ( မမှားပါဘုရား၊ ကုလား ကိုယ်တိုင် ဆားဆိုရင် ဆားပဲ ပေးလိုက်တာပါပဲဘုရား)

အခုလဲ ကုလားကတောင် မမှားဘူးဆိုတော့ အတု အတူမရှိတဲ့ ဘုရားရှင် သေသေချာချာ ကိုယ်တော်တိုင် ထိုးထွင်းပြီး သိပါတဲ့အတိုင်း

http://www.dhammadownload.com



ဆင်းရဲက လွတ်ချင်တဲ့ လူ နတ် ဗြဟ္မာတို့ကို "စား" ဆိုပြီး သေသေချာချာ ပေးလိုက်တာပဲ၊ စားသာစား၊ မမှားပါဘူးဗျာ့၊ မှားမှာစိုးတာနှင့် မစားဘဲ နေတာလား။ (သည်အချိန်တောင် မရောက်သေးပါဘုရား၊ ပြောတာ နားထောင် တုန်းပါပဲ ဘုရား။) ဒါဖြင့် ခုနက ပြောသလို စားဗျာ၊ မမှားပါဘူး တဲ့ဗျာ့။ အေး.... ဘာ့ကြောင့် မမှားသလဲဆိုရင် ရုပ်နာမ်ဆိုတဲ့ဟာ အစဉ်အမြဲ ဖြစ်ပြီး ပျက်နေတာ တွေပဲ။

မေး။ ။ ဒါပေမဲ့ ဘာ့ကြောင့် အခု မသိသေးသလဲဆိုရင် အခုနလို ထားသလား၊ စား-ဆိုရုံနှင့် မစားဘဲ နေရင် သိပါ့မလား။

ဖြေ။ ။ မစားဘဲနှင့် ချိုတာ ငန်တာကို မသိနိုင်ပါဘုရား။

အေး..... အခုလဲ သည်လိုကတော့ သိနေပါတယ်။ 'ဒါကရုပ်, ဒါကနာမ်, ဒါက သုတ်, ဒါက ဝိနည်း, ဒါက အဘိဓမ္မာ' သည်လိုတော့ သိနေပါပြီ။ ဘုရားရှင် ဟောတာကိုတော့ မေတ္တာရှင်, ကရုဏာရှင် တွေကလဲ မအားရ မပြတ်ရအောင် ညွှန်ကြားဆုံးမထားတော့ 'ဒါက သမထ, ဒါက ဝိပဿနာ'ဆိုပြီး သိနေတယ် မဟုတ်လား။ (ဒါလဲ လုံးလုံးထွေးထွေးပါပဲ ဘုရား။) ထွေးလဲ ထွေးပစေ၊ အခုနလိုသာ ဂရုစိုက်ဗျာ၊ နောက်ကျရင် လုံးထွေးမှာ မဟုတ်တော့ပါဘူး။ သူ့ဟာနှင့်သူသီးသန့် နေပါမယ်ဗျာ့။

အရှေ့သွားတော့ အရှေ့ရောက်မယ်၊ အနောက်သွားတော့ အနောက် ရောက်ပါတယ်။ (တပည့်တော်က မျက်စိလည်ပြီး အရှေ့ကို အနောက် မှတ်ပြီး လျှောက်နေမိမှာ စိုးပါတယ်ဘုရား။)

သည်နေရာမှာတော့ မီးရထား စီးသလိုပေါ့။ ဒကာကြီးက သည်က နေပြီး ဘယ်ကိုစီးချင်သလဲ။ (မန္တလေး စီးချင်ပါတယ် ဘုရား။)

အေး...မန္တလေး ရထားသာ မှန်မှန်တက်စီး၊ တောင်ခေါင်း ဘဲ သွားချင်သွားပါစေ၊ မဆင်းနဲ့၊ အဲဒါ ဆင်းရင် လွဲသွားမှာပဲဗျာ့။ ဆင်းသာမဆင်းနဲ့၊ မန္တလေး ရောက်မှာပဲ။

ရထားကဘယ်သင်း ဘယ်သင်းလဲဆိုရင် နွားသီးဖျား, နွားသီးဝ ကလေးကို လက်နှင့် ထိတော့ သိသလိုပဲ သည်လို စူးစူးစိုက်စိုက် ကလေးသာ သိနေ၊ အဲဒါ မီးရထားပဲဗျာ၊ ဘာတုံး ဆိုရင် "မဂ္ဂင် တည်းဟူသော ရထား, မဂ္ဂင် တည်းဟူသော လှေ, မဂ္ဂင်တည်း ဟူသော ဖောင်" သည်လို ပြောကြတယ် မဟုတ်လား။

အဲဒါ သည့်ပြင်ဟာကို ပြောတာ မဟုတ်ဘူးဗျာ့။ ဒါကိုပဲ ပြောတာဗျာ့။

http://www.dhammadownload.com



## မဂ္ဂင် ရှစ်ပါး ယာဉ်ရထား

မဂ္ဂင်ရှစ်ပါး ရသလား ဆိုစမ်းပါဦး။ (သမ္မာဒိဋ္ဌိ။)

မေး။ ။ သည်တော့ ခုနက နေရာကလေးကို စူးစူးစိုက်စိုက်ထားလို့ ရှိလျှင် ဘယ်နှယ်လဲ။

ဖြေ။ ။ ၁-သမ္မာဒိဋ္ဌိဉာဏ်အလျောက် အကျိုးရှိပါတယ်ဘုရား။ သည့် ပြင်ဟာကော မပါဘူးလား၊ ဆိုစမ်းပါဦး ရှစ်ပါးပြည့်အောင်။ (၁။သမ္မာဒိဋ္ဌိ၊ ၂။သမ္မာသင်္ကပ္ပ၊ ၃။သမ္မာဝါစာ၊ ၄။ သမ္မာကမ္မန္တ၊ ၅။သမ္မာအာဇီဝ၊ ၆။ သမ္မာဝါယာမ၊ ၇။ သမ္မာသတိ၊ ၈။သမ္မာသမာဓိပါ ဘုရား။

၂။ အခုနကလို ထိရုံကလေးထိနေတဲ့အချိန်မှာ သူများကို မတော်မတရား ဘယ်လိုမှ မကြံစည်တဲ့အတွက် 'သမ္မာသင်္ကပ္ပ' ဖြစ်နေ ပါတယ် ဘုရား။

၃။ ပြီးတော့ သည်အချိန်မှာ စကားမပြောရလို့ မုသားမပါပါဘုရား။ ဒါကြောင့် 'သမ္မာဝါစာ' ဖြစ်နေပါတယ်ဘုရား။

၄။ သည်အချိန်မှာ ကောင်းသောအမှုကို ပြုနေတဲ့အတွက် 'သမ္မာ ကမ္မန္တ' ဖြစ်နေပါတယ်ဘုရား။

၅။ သည်အချိန်မှာ ဘယ်သူ့ကိုမှ လိမ်၍ ခန္ဓာဝန်အတွက် ပစ္စည်းမရှာ သည်ဖြစ်သောကြောင့် 'သမ္မာဝါယာမ' ဖြစ်နေပါတယ်ဘုရား။

၆။ ပြီးတော့ သည်ဟာကိုပဲ လုံ့လဝီရိယစိုက်နေရသည့်အတွက် 'သမ္မာ ဝါယာမ' ဖြစ်နေပါတယ်ဘုရား။

၇။ သည်အချိန်မှာ ခုနက သိတာလေးကို မလွတ်ရအောင် သတိနှင့် လုပ်နေရသည့်အတွက် 'သမ္မာသတိ' ဖြစ်နေပါတယ်ဘုရား။

၈။ သည်အချိန်မှာ စိတ်ကလဲ ဘယ်ကိုမှမသွားဘဲ တည်နေတဲ့ အတွက် 'သမ္မာသမာဓိ' ဖြစ်နေပါတယ်ဘုရား။ )

သင်္ဘောဆိုတာ ဟုတ်သလား၊ မီးရထားဆိုတာရော ဟုတ်သလား။ (ဟုတ်ပါတယ်ဘုရား၊ လိုရာကို ရောက်နိုင်တဲ့ မီးရထား, သင်္ဘော, လှေ,ဖောင် တို့ဖြစ်ပါတယ်ဘုရား။) သည်ဟာကသာ မဆင်းကြနဲ့၊ ကြားလား။ သည်နေရာမှာ စူးစူးစိုက်စိုက်ထား၊ ကိုယ်ကသာ မဆင်းနဲ့၊ ရောက်ပါလိမ့်မယ်။

http://www.dhammadownload.com



## ရိုက်သတ်လို့ မသေသောတရားနှင့် အလောင်းတော်တို့စိတ်ထား

တစ်ခါတစ်ခါ မီးရထားစီးရင်း, သင်္ဘောစီးရင်း ခုနက မန္တလေးသွားတဲ့ မီးရထားမှာပင် နေရာမကျတဲ့အခါ မီးရထားပေါ်မှာ တက်စီးခဲ့တယ် မဟုတ်လား။ 'ဘယ့်နှယ်တုံး..... မီးရထားကြီးက၊ ငါက မန္တလေးသွားချင်တာ၊ ဘယ့်နှယ်ကြောင့် ရန်ကုန်သွားနေပါလိမ့်'- သည်လိုဖြစ်တယ် မဟုတ်လား။ အဲသည်လိုဖြစ်တော့ ဒကာကြီးက ဆင်းသလား၊ မဆင်းနှင့်၊ တဆက်တည်း တောက်လျှောက် စီးသာသွား၊ ကိုယ်ရောက်ချင်တဲ့ မန္တလေးကို ရောက်မှာပဲ မဟုတ်လား။

ဒါ့ကြောင့် ပျင်းလည်း မဆင်းနဲ့၊ ပျော်လည်းမဆင်းနဲ့၊
နေမကောင်းတဲ့အခါရော ,နေကောင်းတဲ့ အခါရော
မဆင်းနဲ့၊ တစ်ယောက်တည်းဖြစ်ဖြစ်, အများနှင့်ပဲ ဖြစ်ဖြစ်
မဆင်းနဲ့၊ သူများတကာက မတဲ့အောင် ပြောသည်ဖြစ်စေ,
မြတ်မြတ်နိုးနိုးနှင့် ပြုစုသည်, ပြောသည်ဖြစ်စေ မဆင်းနဲ့။

သူများက မတဲ့လို့ ရိုက်လိုက်ရင်ကော။(ခါးပြနှင့်တွေ့ရင်တော့ ပြေးမှာပါပဲဘုရား။) သည်နေရာမှာပဲ ကိုယ့်ဟာကိုယ်ထားဗျာ၊ ခါးပြတွေက ရိုက်တာက ဟိုဟာကို မရိုက်ချနိုင်ဘူး။ (ရိုက်ရင်တော့ ထိ-သိ ပျက်လိမ့်မယ် ထင်ပါတယ်ဘုရား။)

မပျက်ပါဘူးဗျာ၊ ဒို့ဘုရားအလောင်းတော်ဟာ အဖြစ်တော်တစ်ခုမှာ မျောက်မင်းဖြစ်တယ်မဟုတ်လား။ အဲသည်အခါမှာ လမ်းမှားပြီး ချောက်ထဲကျလို့ သေသေချာချာ သေဖို့ရာကြုံနေတဲ့ ပုဏ္ဏားတစ်ယောက်ကို တွေ့တယ်မဟုတ်လား၊ သည်တော့ ပုဏ္ဏားက ငိုတယ်ဆိုပဲ။

"အမယ်မင်း..... တောကြီးထဲမှာ အသူတရာနက်တဲ့ ချောက်ထဲမှာ ကျနေပြီ၊ ငါတော့ ဧကန္တ သေရတော့မယ်၊ ငါရဲ့ အဆွေအမျိုး မိတ်ဆွေ သင်္ဂဟ သားမယားတွေ မသိရှာဘူး၊ အချည်းနှီး ပျက်စီး သေကျေရတော့မယ်။ ဘယ်သူမှ ကယ်မည့်သူ မရှိဘူး" ဆိုပြီး တခါတည်း ငိုနေတယ်။

သည်တော့ မြင့်မြတ်ပါတဲ့ အရှင်သခင်ဆိုတာကတော့ သက်သက်မဲ့ သတ္တဝါအများကို ချမ်းသာအောင် ဆောင်နိုင်,ပို့နိုင်အောင် အမြဲတမ်း

http://www.dhammadownload.com



စိတ်ရှိတာကိုးဗျာ့။ အဲသည်လို ဖြစ်ပြီးနေတော့ အလောင်းတော် မျောက်မင်းကြီးမှာ သနားလိုက်တာတဲ့ဗျာ၊ သားနှင့် သမီးတို့မျှမက သနားတယ်။ သနားတော့မှ သူဆင်းလာပြီး --

"သင် မစိုးရိမ်နှင့်၊ မကြောင့်ကြနှင့် ၊ သင် စိတ်မငယ်နှင့်၊ သင့်စိတ်မဆင်းရဲစေရဘူး၊ မပင်ပန်းစေရဘူး၊ မပျက်စီးစေရဘူး၊ သင်အလိုရှိတဲ့ နေရာကို ရောက်အောင် ငါဆောင်ကြဉ်းမယ်၊ ငါပို့မယ်" လို့ ချမ်းသာခွင့် ရအောင် ပြောရှာသတဲ့ဗျာ့။ ပြောလဲ အဟုတ်ကို ဆောင်မလို့ ပြောတာဗျာ့။

အဲသည်တော့..... သနားပြီး ကယ်မယ်ဆိုတော့ သည်အတိုင်း အရမ်းထမ်းပိုးပြီး ကုန်းပေါ် ချီတက်လို့က မဖြစ်သေးဘူးဗျာ့။ မတော်ရင် မနိုင်လို့ လိမ့်ကျမှဖြင့် ခမျာ ဒုက္ခရောက်ချေရဲ့ ဆိုပြီး အားစမ်းရသေးတယ်။ ဘယ်နှယ်တုံး ဆိုတော့ သူရဲ့ ကိုယ်အလေးချိန်နှင့် ထပ်တူလေးပါတဲ့ ကျောက်တုံး တစ်ခုကို ယူပြီး ခုန်ချ၊ ခုန်တက် လုပ်ကြည့်ရသေးတယ်ဗျာ့။ အဲသည်လို လုပ်လို့ နိုင်ပါပြီ ဆိုမှ ချောက်ထဲကို ခုန်ချပြီး ယုယုယယနှင့် ချမ်းချမ်းသာသာ ပွေ့ချီပြီး ကုန်းပေါ်ကို ခုန်တက်ပါသတဲ့ဗျာ့။

သည်တော့ သူ့မှာ အတော်ကလေး မောမောပန်းပန်း ဖြစ်သတဲ့ဗျာ့။ ဘာဖြစ်လို့လဲ ဆိုတော့ အစမ်းလုပ်ရတာက တစ်မျိုး၊ ပြီးတော့ကယ်မယ်ဆိုပြီး စိတ်က ချမ်းသာပေမယ့် အပေါ်ရောက်မှ များများကြီး ပိုချမ်းသာမှာကိုး။ သည်တော့ သူ့ကို သေသေချာချာ ယူဆောင်ပြီး ခုန်တက်ရတာနှင့် ဆိုတော့ အတော်မောသွားပြီး နည်းနည်းလည်း ပင်ပန်းတော့ သူ့ကိုလဲ ချမ်းသာအောင် ကိုယ်က ပြုထားတော့ သူ့ကို ယုံကြည်သကိုးဗျာ့။ ယုံကြည်တော့မှ-

"သင့်ကို ဆောင်ယူရတဲ့အတွက် ငါ့မှာ အနည်းငယ် ပင်ပန်းတယ်၊ သည်တော့ အပင်ပန်းပြေအောင် ခေတ္တမျှ အမောပြေအောင်" ဆိုပြီး သူ့ရင်ခွင်မှာ ဦးခေါင်းထားပြီး တောထဲမှာ ဆိုတော့ ခြင်္သေ့၊ သစ်ကျား အစရှိတဲ့ ရန်သူတွေကလည်းပေါ၊ သည်တော့ "ငါ့ ဘေးအန္တရာယ်ကို သတိပြုနေပါ"လို့ ပြောပြီး စိတ်ချ လက်ချအိပ်လိုက်တယ်။

သည်လို သူက ယုံယုံကြည်ကြည် စိတ်ချလက်ချ အိပ်နေတော့ သည်ပုဏ္ဏားက အကြံဖြစ်သတဲ့။

"တခါတော့ဖြင့် ငါပြန်ရတော့မယ်၊ အိမ်က ပုဏ္ဏေးမနှင့် သားသမီးတွေ အတွက် လက်ဆောင်လည်းဘာမှမရှိဘူး၊ သည်တော့ သည်မျောက်ကြီး

http://www.dhammadownload.com



ကိုပဲ သတ်ပြီး လက်ဆောင် ပြုရတော့မှာပဲ” ဆိုပြီး ခုနက ကျောက်တုံးကြီးနှင့် တခါတည်း ဦးခေါင်းကို ထုသတဲ့ဗျာ့။

အဲသည်လို ထုတာကလည်း သနားပြီးတော့ ထုတာမဟုတ်ဘူးဗျာ့။

တချက်တည်းနှင့်ကို သေအောင်ထုတာဗျာ့။ သည်တော့ ထုတဲ့ ဒဏ်ရာက သေးပါ့မလား။ ဘယ်လောက်များမလဲ။ (ဦးခေါင်းကွဲသွားပါ လိမ့်မယ်ဘုရား။) အေး..... မနည်းဘူးဗျာ့။ အဲသည်လို ထုလိုက်တော့မှ နာကျင်လွန်းလို့ နီးရာသစ်ပင်ပေါ် သာသာကလေး လျှင်မြန်စွာ တက်ပြေးရတယ်။ ‘ဘယ်က ဘေးအန္တရာယ်များ ရှိသလဲ’လို့ ကြည့်တော့ ဘယ်ကမှ မမြင်ဘူးတဲ့ဗျာ့။ သည်တော့ ‘သူပြုတာကိုး’လို့ သိတော့မှ ‘လောကမှာ သည်လိုလူများလည်း ရှိသေးသကိုး’ လို့ သည်လို အောက်မေ့ ရှာသတဲ့ဗျာ့။

သည်လို အောက်မေ့ပြီး နေတုန်း ခုနက ပုဏ္ဏားက ငိုသတဲ့ဗျာ။ သူက ရှေ့ဆက်ပြီး သွားတတ်သေးတာ မဟုတ်ဘူး၊ မျက်စိလည်ပြီး သူတော့ဖြင့် အချည်းနှီး ပျက်စီးရတော့မှာပဲ ဆိုပြီး ငိုပြန်သတဲ့ဗျာ့။ သည်တော့မှ မျောက်မင်းက အထက်ကနေပြီး -

“သင် မစိုးရိမ်နှင့်, မကြောင့်ကြနှင့်, မပူပန်နှင့်၊ သင့်ရဲ့ နေရာဌာနကို ရောက်အောင် ငါဆောင်ကြဉ်းမယ်၊ ပို့မယ်လို့ သင့်ကို ငါပြောကြားထား တယ်၊ ပြောထားတဲ့ ကတိအတိုင်း ဆောင်ကြဉ်းမယ်၊ ပို့မယ်ဗျာ့။ သို့သော် အရင်လိုတော့ ပွေ့လို့, ချီလို့တော့ဖြင့် မဆောင်နိုင်တော့ဘူး၊ သင်ထုထားလို့ ဦးခေါင်းကွဲက ထွက်တဲ့ သွေးစက်ကျရာ ကြည့်ပြီးတော့သာ လိုက်ခဲ့တော့”၊ သူကတော့ တောပေါ် သစ်ပင်ပေါ်က သည်လိုသွားမယ်တဲ့ဗျာ့၊ ဟုတ်ကဲ့လားဗျာ။

ဒါ..... ဆောင်တာဗျာ့။ အဲဒါက သဗ္ဗညုတဉာဏ်တော်ကို မှန်းပြီး တော့ အကုန်လုံးယူတာဗျာ့။ ပါရမီ ဆယ်ပါး အကုန်လုံးပါတယ် မဟုတ် လား။ (ပါပါတယ်ဘုရား။) အဲဒါ ဆောင်တာ ယူတာဗျာ့။ ဘယ့်နှယ်လဲ၊ ပဌမသတ်တဲ့လူကို ‘ငါ့သတ်ရမလား၊ ငါ့သတ်ပါသော်ကော’ ဆိုပြီးတော့ ခုနက မှန်းထားတဲ့စခန်းဟာ ပျက်သွားသလားဗျာ့။ (မပျက်ပါဘုရား။) ခရီးသွားကော ပျက်သလား။ (မပျက်ပါဘုရား။)

http://www.dhammadownload.com



မေး။ ။ လမ်းကြုံပြီး မလွဲသာ မရှောင်သာလို့ လုပ်ရတာလား။ ပါရမီဖြည့်ရအောင်လို့ အင်မတန် စိတ်ထားကောင်းကောင်းနှင့် လုပ်တာလား။

ဖြေ။ ။ မလွဲသာ မရှောင်သာလို့ မဟုတ်ပါဘုရား၊ ပါရမီဖြည့်ရအောင် တမင် မေတ္တာနှင့် အိမ်အရောက် ပို့တာပါ ဘုရား။

ဟုတ်တယ်ဗျာ၊ သူလိုချင်ဘဲ့ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရမှာက သည်လို ဆယ်ပါးစလုံး အအား, အနား မထားဘဲ တဆက်ထဲ ဖြည့်နိုင်မှ ရမှာ၊ ဒါ့ကြောင့် တဆက်ထဲ ဖြည့်တာ, တဆက်ထဲရတာဗျာ။ ကြားလား၊ ဘယ်အချိန်မှ အအား, အနား မထားဘူး။

မေး။ ။ ခုနက ဒကာကြီးတိဿမထေရ် တရားရှာပုံက ပြောတယ်၊ ရန်သူက ရိုက်မယ်, သတ် မယ်ဆိုရင် မရဘူးဆို။

ဖြေ။ ။ အခုလူတွေနှင့်တော့ မရဘူးလို့ ထင်ပါတယ် ဘုရား။

ဗောဓိကို လိုတော့ လိုချင်တယ် မဟုတ်လား။ (လိုချင်ပါတယ်ဘုရား။) လိုချင်ရင် ဖြစ်တာပေါ့ဗျာ။ သည်အတိုင်းတိုင်း ရိုက်လို့, ထုလို့, ချေလို့, အဲသည်လိုဟာနှင့် ယူသွားတာ အများကြီး ရှိတယ် မဟုတ်လား၊ ဘယ်သူလဲဗျာ။ 'တိဿမထေရ်' တို့ဟာ သူများကတောင် မရိုက်ရဘူးဗျာ၊ သည်ဟာကို ကြားဖူးတယ် မဟုတ်လား။ (မကြားဘူးပါဘုရား။)

ဘာ့ကြောင့် မကြားဘူးရသလဲ၊ တိဿမထေရ်ဟာ ဘုရားဆုံးမတာကို ရပြီး 'သည်အတိုင်းတိုင်းကြီး နေလို့တော့ မဖြစ်ဘူး၊ သည်တော့ ဘုရားဆုံးမတဲ့ အဆုံးအမကို လုံ့လဝီရိယနှင့် ထူထောင်မှ ဖြစ်မယ်' ဆိုတာကို သိပြီး ပစ္စည်း ဥစ္စာရှိသမျှ ညီကို အကုန်လုံး ပေးတယ် မဟုတ်လား။ အဲသည်လို ပေးပြီးတော့မှ ရဟန်းပြုပြီး သပိတ်တစ်လုံး, သုံးထည်သော သင်္ကန်းနှင့် တောထဲသွားပြီး ဝီရိယ ထူထောင်တယ် မဟုတ်လား။

သည်တော့ အိမ်မှာရှိတဲ့ ညီရဲ့ ဒကာမကြီးက အကြံဖြစ်တယ်။ ဘယ်လို အကြံဖြစ်သလဲဆိုရင် ပစ္စည်း ဥစ္စာရတော့ ဝမ်းသာတယ်ဗျာ။

"ဟိုက အကုန်ပေးတာကို ရပင် ရသော်လည်း ဘုရားသာသနာမှာ ရဟန်းပြုပြီး ကြာကြာကြီး နေသွားရင်တော့ တသက်လုံးရမယ်၊ ဒါပေမယ့် ပုထုဇဉ်ဆိုတော့ တသက်လုံး ရဟန်းပြုချင်မှ ပြုမှာ, သည်တော့ ပစ္စည်းတွေ

http://www.dhammadownload.com



အကုန်လုံး ဒို့တသက်လုံးရအောင် သူ့ကိုသတ်မှ တော်မယ်" လို့ ကြံတာတဲ့ဗျာ။ သည်လို ကြံပြီး ခိုးသားတွေကို မျှားမျှားပိုက်ဆံပေးပြီး--

"သွားသတ်ကြ၊ သင်တို့သတ်ပြီးရင် သည့်လောက်မကဘူး၊
သည့်ထက် ပေးဦးမယ်"--

လို့ ပြောပြီး လွှတ်လိုက်သတဲ့ဗျာ။

သည်တော့ကာ ခိုးသားတွေက တိဿမထေရ် ကို အကုန်လုံးဝိုင်းပြီး ဖမ်းကြသတဲ့ဗျာ၊ သည်တော့ တိဿမထေရ်က---

"ငါ့မှာ ပစ္စည်း ဥစ္စာဆိုလို့ ဘာမှမရှိဘူး၊ သင်တို့ လိုချင်ရင် သပိတ်နှင့် သက်န်းပဲယူသွား" လို့ ပြောသတဲ့ဗျာ၊ သို့ပေမယ့် "အသင်ရဟန်းကို သတ်ရမယ်၊ အသင်ရဟန်းကို သတ်လို့သေမှ ပစ္စည်းဥစ္စာရမှာ၊ အသင်ရဟန်းညီရဲ့ ဒကာမကြီးက သည်လို သည်လိုလုပ်ဖို့ ဒို့ကို အခု အသပြာတချို့ပေးပြီး လွှတ်လိုက်တာ၊ အသင်သေလို့ ဒို့အိမ်ပြန်ရင် သည့်ထက်ရဦးမှာ၊ ဒါကြောင့်မို့ အသင်ရဟန်းကို မသတ်လို့မဖြစ်ဘူး"လို့ ပြောတော့ 'ဪ သည်လိုလား'လို့ ဆိုပြီး သူက 'ဘာအမှတ်ရသလဲ' ဆိုတော့ ငါကား ဆင်းရဲတွေက ယခုထက်ထိ မလွန်မြောက်သေးပါကလား ဆိုပြီး သူတစ်ယောက်ထဲ သူ့ဟာသူ ရှက်သွားသတဲ့ဗျာ၊ သည်တော့မှ သူက--

"ငါ့ကို သတ်တော့သတ်ပါ၊ သို့သော်လဲ ခဏကလေး ခွင့်ပေးပါဦး၊
အခုမသတ်ပါနှင့်၊ အရုဏ်တက်တဲ့အထိတော့ ခွင့်ပေးပါ"--

လို့ တောင်းပန်သတဲ့ဗျာ။

ဒါပေမဲ့ ခိုးသားတွေက " သေဘေးဆိုတာက ဘယ်သူမဆိုကြောက်ကြတာပဲ၊ သင်ရဟန်းထွက်ပြေးရင် ကျုပ်တို့ရစရာရှိတာ ရကြတော့မှာမဟုတ်ဘူး၊ သည်တော့မထားနိုင်ဘူး၊ သတ်ရမှာပဲ" လို့ ပြောတယ်။

သည်တော့ သူက 'ငါမသွားပါဘူး' လို့ ပြောပေမယ့် ခိုးသားတွေက 'မယုံနိုင်ဘူး' လို့ ပြောသတဲ့ဗျာ၊ သည်တော့ 'သင်တို့ မယုံရင် ယုံအောင် သက်သေပြမယ်' ဆိုပြီး ဘေးနားက ကျောက်တုံးကိုယူပြီး ကိုယ့်ဟာကိုယ် ခြေသလုံးတို့ ပေါင်တို့ကိုရိုက်ချိုးလိုက်သတဲ့ဗျာ၊ ရိုက်ချိုးရုံမကဘူး၊ ထုချေပစ်လိုက်သတဲ့ဗျာ၊ အဲသည်လို ရိုက်ချိုးလိုက်တော့ အကုန်လုံးပဲ ကျိုးကျေကုန်ရော၊ သည်တော့မှ--

http://www.dhammadownload.com



"ငါမသွားနိုင်တော့ဘူး၊ ဒါပေမယ့် မခုသတ်ပါနဲ့အုံး၊ အရဟတ်
တက်တော့မှ သတ်ပါ"-- လို့ ပြောသတဲ့ဗျာ။

သည်တော့ အရှင်မြတ်ရဲ့ မေတ္တာအဖြာဖြာတို့ကြောင့် ဓားပြတွေ ကြမ်းတမ်းတဲ့လူတွေဟာလဲပဲ နည်းနည်းတော့ သနားလာကြသတဲ့၊ ဒါပေမဲ့ လဲ မနက် အရဟတ်တက်ရင်တော့ သတ်ရမှာပဲဗျာ့။ 'အေး-ဒါဖြင့် အသင် ရဟန်းနေတော့" ဆိုတော့မှ အခုနက ပြောတဲ့ ခြေတို့ ပေါင်တို့ဟာ ရိုက်ချိုးလို့ ကျေနေတော့ သန့်သန့်ပြန့်ပြန့် သားသားနားနား ဖြစ်ပါ့မလား။ (သန့်သန့် ပြန့်ပြန့် မဖြစ်ပါဘုရား၊ သွေးတွေပေကျံနေမှာပါပဲ ဘုရား။) သည်နေရာမှာ သူ့ကိုယ်သူ ဆုံးမတယ်ဗျာ့။ ဘယ်လိုလဲဆိုတော့--

"အရှင်တိဿ၊ အချိန်က မကြာတော့ဘူး၊ အရဟတ်တက်တော့
မယ်၊ ဝီရိယထူထောင်"--

ဆိုပြီး ဆုံးမတယ်ဗျာ့၊ ဘုရားရဲ့ အဆုံးအမကိုလဲ ရပြီးသားဖြစ်လေတော့ ဝီရိယနှင့် ထူထောင်တယ် မဟုတ်လား၊ အဲသည်လို ဝီရိယနှင့် ထူထောင် လိုက်လို့ အရဟတ်လဲ တက်ရော၊ သူလိုချင်တာတွေလဲ ဆိုက်လာ, ရောက်လာ လို့ ဝမ်းသာရသတဲ့ဗျာ။

'တခါတော့ဖြင့် သံသရာတလျှောက်လုံးအတွက် ငြိမ်းရ အေးရပါပြီ' လို့ ရွှင်ရ ပျော်ရသတဲ့ဗျာ့၊ သည်တော့မှ သူက အခုနက ခိုးသားတွေကို ခေါ်သတဲ့ဗျာ့၊ 'ထကြ၊ အရဟတ်တက်ပြီ၊ လာကြ' လို့ ခေါ်သတဲ့ဗျာ့၊ အဲသည် အခါမှာ သူကတော့ ပျော်နေပြီ။

မေး။ ။ အဲတာ ဘာတုံးဗျ၊ **ပကတိသာဝက မဟုတ်လား။**

ဖြေ။ ။ ဟုတ်ပါတယ်ဘုရား။

သည်လို ရိုက်ချိုးထားလို့ ကျိုးကျေနေရင် အားထုတ်ရတာနှင့် သည် အတိုင်းတိုင်း မကျိုးမကျေဘဲ အားထုတ်ရတာ ဘယ်သူက မြန်မလဲဗျာ့။ (မကျိုးမကျေဘဲ အားထုတ်ရတာကို တပည့်တော် ကြိုက်ပါတယ်ဘုရား။)

မေး။ ။ အေး..... သည်မှာကတော့ အရဟတ်တက်လောက်မှာ ရတယ်လို့ ပြောတယ်၊ ဒကာကြီး, ဒကာမကြီးတွေက မကျိုး မကျေဘဲနှင့်ဆိုရင် အရဟတ်တက်မရောက်ခင် ဖြစ်ပါ့မလား။

ဖြေ။ ။ ဖြစ်နိုင်မယ်မထင်ပါဘုရား၊ အချိန်ကြာသွားမှာပါပဲဘုရား။ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်က သက်တောင့်သက်

http://www.dhammadownload.com



သာကိုးဘုရား။ မကျိုးမကျေဘဲနဲ့ဆိုတော့ ဝီရိယက ခပ်လျော့လျော့ ဖြစ်နေလို့ နှေးနေမှာပါဘုရား။

ဒါဖြင့် မြန်မြန်မလိုချင်ဘူးလား။ (နှေးနှေးပဲလိုချင်ပါတယ်ဘုရား။) သည်လို ချိုးပြီးလုပ်တာ ဘယ့်နှယ်လဲ။ (မလုပ်ဝံ့သေးဘူး ထင်ပါတယ်ဘုရား။) လိုတော့ လိုချင်တယ်မဟုတ်လား။ (သည်နေ့ရာမှာ ပေါင်းကျိုးမှာနှင့် အသတ်ခံရမှာ ကြောက်လို့ ပါးစပ်ကတော့ လိုချင်ပါတယ်ဘုရား၊ စိတ်ကတော့ ကြောက်နေပါသေးတယ် ဘုရား။)

## ပြတ်တောင်းပြတ်တောင်း အနာထပိဏ်

ဒါဖြင့်ရင်လဲ မကျိုးဘဲနှင့် သည့်အတိုင်းလုပ်ဗျာ။ (သည်အတိုင်းတိုင်း ကြိုးစားပါ့မယ်ဘုရား၊ တပည့်တော်က အနာထပိဏ်တို့ ဝိသာခါတို့ကို အားကျနေပါတယ်ဘုရား၊ စာထဲမှာဆိုထားတာက သူတို့ဟာ နတ်ပြည်မှာ အင်မတန်ပျော်နေကြတယ်လို့ ဆိုပါတယ်ဘုရား၊ တပည့်တော်ကလဲ အဲဒါမျိုး ကို သဘောကျနေတာပဲ ဘုရား။)

သူတို့ကတော့ နေရာကျပြီးလို့ ပျော်တာဗျာ၊ ဒကာကြီးကတော့ နေရာ မကျသေးဘူးမဟုတ်လား၊ သူတို့လုပ်သလို လုပ်ပါလားဗျာ၊ အနာထပိဏ် တို့လုပ်တာက ဘယ်လိုလုပ်သလဲ၊ သူက သူဌေးအလုပ်နှင့် သွားတာမဟုတ် လား၊ ဘုရားဖူးသွားတာ မဟုတ်ဘူး၊ အားထုတ်ဖို့သွားတာလည်း မဟုတ် ဘူး။ ရာဇဂြိုဟ်ရောက်မှ ဘုရားပွင့်တော်မူတာကို သိတာဗျာ၊ သိတော့ ဘယ့်နှယ်လဲ-သူလာတာက ဘုရားဖူးလာတာ မဟုတ်ဘူး၊ တရားနာလာတာ လဲမဟုတ်ဘူး၊ သူဌေးအလုပ်နှင့် လာတာဆိုပြီး သူ့အလုပ်ကို သူလုပ်သလား၊ မလုပ်ဘဲ ညကြီးမင်းကြီးမှာ ဘုရားရှင်ရှိရာ မြို့ပြင်ကို သွားသတဲ့ဗျာ၊ ရောက်တော့ ဘယ့်နှယ်လဲ၊ ရောက်တော့ သူလိုချင်ရင် မရဘူးလား။ (ရပါတယ်ဘုရား။)

မေး။ ။ ဒါ ဝီရိယနည်းသလား၊ မနည်းဘူးလား။ သူ သည်လို လျှောက်သွားတော့ကာ ဘုရားကိုအာရုံပြုတာ ပြတ်သလား၊ မပြတ်ဘူးလား။ (မပြတ်ပါဘုရား။) ဒကာကြီးကကော။

http://www.dhammadownload.com



ဖြေ ။ ။ တပည့်တော်ကတော့ ပြတ်တိပြတ်တောင်းသွားရင်း မေ့ရင်း နေမှာပါဘုရား။

ဒါနှင့်များ အခုနကတော့ အနာထပိဏ်ဖြစ်ချင်တယ်ဆို၊ အနာထပိဏ် ဖြစ်ချင်ရင် သူ့လိုလုပ်ဗျာ့။ (အနာထပိဏ်ကတော့ ဘုရားကျောင်းရှိရာ သချိုင်းကို ဖြတ်သွားရတယ် ဆိုပါတယ်ဘုရား၊ သည်လောက်တော့ တပည့်တော်လဲ လုပ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်ဘုရား။) 'ညဦးက လုပ်လိုက်တာ မနက်လင်းတော့ နေရာကျတယ်' လို့ ဆိုတယ်မဟုတ်လား၊ အခု ဒကာကြီး ကတော့ဖြင့် အရုဏ်တက် မဖြစ်ချင်နေပါစေ၊ မိုးလင်းလို့ ဖြစ်ရင်တော်ပါပြီ၊ ဘယ့်နှယ်လဲ၊ လင်းရင် ဖြစ်အောင်လုပ်မှာလား။ (တပည့်တော်က မြို့ထဲ ကနေပြီး၊ ဘုရားကျောင်းတော်ရှိရာ ရောက်အောင် သချိုင်းကိုဖြတ်ပြီး အနာထပိဏ်နှင့် လမ်းလျှောက်တာချင်း ပြိုင်ကြည့်ချင် တာပါဘုရား။)

သူက ဘုရားကို အာရုံပြတ်ရဲ့လား။ (မပြတ်ပါဘုရား။ တပည့်တော်က လမ်းလျှောက်တာချင်းသာ ပြိုင်ချင်တာပါဘုရား။) အနာထပိဏ်နှင့် ပြိုင်ချင် ရင် အဲသလို ပြိုင်ဗျာ့၊ အနာထပိဏ် လုပ်ချင်သလား။ (လုပ်တော့ လုပ်ချင် တာပါပဲဘုရား။) တကယ်လုပ်မှာလား။ (လုပ်ချင်တာလောက်နှင့် ရပ်နေ ပါသေးတယ်ဘုရား။) အေး..... လုပ်ရင် ဖြစ်တာပဲဗျာ့၊ မလုပ်ရင်တော့ မဖြစ်ဘူး၊ ခုနက အနာထပိဏ်ဟာ ဘုရားကို အာရုံပြတ်သလား။ (မပြတ်ပါဘုရား။) အခု ဒကာကြီးတွေ ဒကာမကြီးတွေ ထားရင်တော့ မဖြစ်ဘူးလား။ (ဖြစ်မှာပါပဲ ဘုရား။) အခုနကတုန်းက အနာထပိဏ် ဖြစ်ချင် တယ်လို့ ပြောတယ် မဟုတ်လား၊ ဖြစ်ချင်ရင် အဲတာလိုပဲ လုပ်ဗျာ့။ အရုဏ်တက် မဖြစ်ချင် နေပါစေ၊ နက်ဖြန်ခါ မိုးလင်းတော့ ဖြစ်ရင် တော်ပါပြီ။ မနက် မိုးလင်းရင် ဖြစ်ပြီလို့ ပြောမှာလား။ ( မဖြစ်သေးဘူးလို့ ပြောမှာပါပဲ ဘုရား။)

## အနာထပိဏ် ဘုရားပင့်ခန်း

အနာထပိဏ်တို့ကတော့ လင်းပြီဆိုတာနှင့် နေရာကျတာပဲ၊ နေရာ ကျပြီးတော့ ဘယ်ထိအောင်လုပ်သလဲ၊ သည့်ပြင်ဟာကိုတော့ အမှတ်မရ ဘူး၊ ငါတို့ရဲ့နိုင်ငံ မင်းနှင့်တကွ ငါတို့ ဆွေမျိုးဉာတကာ အကုန်လုံး သား

သမီး, အခြွေအရံ, မြို့သူ, မြို့သား, နယ်သူနယ်သားတွေဟာ ဘုရားရှင်ပွင့်တော်မူတဲ့ သတင်းမှ မကြားရဘူးသေးတော့ သူကဲ့သို့ ထပ်တူညီမျှ ချမ်းသာ သုခတွေကို ရစေချင်တယ်။ သည်တော့ ဘယ့်နှယ်လုပ်ရမလဲဆိုတာကိုလဲ သိတယ်။ ပြီးတော့ သူတို့ကို ရစေချင်တာနှင့် ရအောင် ငါလုပ်မယ်၊ ဘယ်လိုလဲဆိုရင် ဘုရားရှင်ကိုပင့်၊ ဘုရားရှင်ကလဲ ကြွရောက်သီတင်း သုံး၊ သည်လို သီတင်းသုံးပြီးပြီဆိုတော့ ဘုရားထံမှောက်ကို အားလုံးတို့ဟာ ရောက်လာကြမယ်။

"သည်တော့မှ ဘုရားရှင်က အစဉ်သနားပြီး ညွှန်ကြားဆုံးမမယ်၊ သည်လို ညွှန်ကြားဆုံးမပြီးပြီ ဆိုမှဖြင့် အားလုံးတို့ဟာ ထပ်တူညီမျှ လူရောနတ်ပါ ချမ်းသာသုခတွေ ရကြမယ်" ဆိုတာကို သေသေချာချာ သိတယ်။ ရလဲ ရစေချင်တယ်၊ သည်လို ရရာ ရကြောင်းကိုလဲ သိပြီး, ရအောင်ပြုမယ်ဆိုပြီး အဟုတ်လုပ်တာဗျာ့၊ ဘုရားရှင်ကို ပင့်ရင် ဘုရားရှင်ကလဲ အစဉ်သနားပြီး ကြွရောက်ပြီးတော့ တရားဟောတော်မူမှာကို သိတော့ အဲသည်ကစပြီး တစ်ယူဇနာ တစ်ယူဇနာမှာ မဏ္ဍပ်ကြီး တစ်ခု တစ်ခုကို လုပ်လိုက်တာ သူတို့မြို့ ရောက်ရောတဲ့ဗျာ့။

သူတို့မြို့ ဘယ်ကျောင်း ဘယ်အရပ်မှာလဲ၊ (သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာပါ ဘုရား။ )အဲသည်လို လုပ်တာဟာ သူတစ်ဦးတည်း မဟုတ်လားဗျာ၊ အဲသည်မှာ သူလုပ်ထားတာက အကုန်လုံး ရှင်ဘုရင်လာရင်ကော နေစရာ မရှိပေဘူးလား။ (ရှိပါတယ် ဘုရား။) အခု ဒကာကြီးများလဲ လုပ်တယ် မဟုတ်လား၊ ဘယ်လို လုပ်သလဲဆိုရင် ဒကာကြီးတွေ, ဒကာမကြီးတွေ နေဖို့နေရာတွေ မလုပ်ဘူးလား။ (လုပ်ပါတယ်ဘုရား။) အကုန်လုံး မှန်းပြီး မလုပ်ဘူးလား။ (လုပ်ပါတယ်ဘုရား။) အဲသည်လိုပဲ အကုန်လုံး ပါအောင် လုပ်တာဗျာ့။ ဘာမှ မကျန်တော့ဘူး။ ဖုန်းတောင်းယာစကာက အစ ရှင်ဘုရင်အထိ အကုန်လုံးပေါ့ဗျာ၊ အဲဒါတွေ အားလုံးကို ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်ကြီး လုပ်ထားတာဗျာ့။

ဘုရားရှင်ကို ပင့်တော်မူတော့လဲ အစဉ်အတိုင်း လာလိုက်ကြတာဟာ ဘယ့်နှယ်လဲ၊ လမ်းကလူတွေကကော၊ လမ်းက လူတွေကလဲ အနာထပိဏ်ကို မှီပြီးတော့ ဆောင်တာပဲ မဟုတ်လား၊ လမ်းခရီးကို ကြွတဲ့အခါမှာလဲ များစွာသော လူ,နတ်, ဗြဟ္မာတွေဟာ လိုချင်တာတွေ ဘယ်လောက်ရသလဲ။

http://www.dhammadownload.com



(ဒါတော့ တပည့်တော် မလျှောက်တတ်ပါ ဘုရား။) လူပေါင်း ဘယ်လောက်, နတ်ပေါင်းဘယ်လောက် ရသလဲ။ (အများကြီးပဲ ရပါတယ်ဘုရား။) ခဏ တမုဟုတ်ချင်းမှာပဲ တောင့်တချက် ဘယ်လောက်ပြီးသလဲ။ (လူဘက်က ငါးဦးပါ ဘုရား၊ နတ်နှင့် ပြဟ္မာကတော့ အတော်များပါတယ် ဘုရား။) ဘယ်လောက်များသလဲ။ (တပည့်တော် မလျှောက်တတ်ပါ ဘုရား။)

ပြဟ္မာက ဆယ့်ရှစ်ကုဋေ၊ နတ်ကတော့ ကုဋေပေါင်း အသင်္ချေတဲ့ဗျာ၊ ဒါ.... ခဏကလေးတဲ့ဗျာ၊ အချိန်တွေ များများကြီးနှင့် ကြွပြီးလာတော့ ဘယ့်နှယ်လဲဗျာ၊ ဘယ်လောက်များမလဲ။ (မရေတွက်နိုင်ပါ ဘုရား။) အချိန်တိုင်း အချိန်တိုင်း အဲသည်လို တဆက်ထဲတဲ့ဗျာ။ အဲသည်လို မြင်ပြီး အဲသည်လို ဆောင်တာဟာ အနာထပိဏ်ဗျာ၊ သူ့တစ်ယောက်ထဲကို မှီပြီး အားလုံး နိဗ္ဗာန်ရကြတာတဲ့ဗျာ။ အဲဒါကို သဘောကျပြီး အနာထပိဏ်လို လုပ်ချင်တယ်ဆိုရင် နက်ဖြန်ခါ ဖြစ်ပါစေဗျာ။ လုပ်မှာလား။ (လုပ်ချင်တာ ပါပဲဘုရား။) လုပ်ရင် သေသေချာချာဖြစ်တော့ မှာပါဗျာ။ (သိပ်ပြီးတော့လဲ အထင်မကြီးပါနှင့် ဘုရား၊ တပည့်တော်ကတော့ သည်လို မဖြစ်ဘူး ဆိုတာကို ယုံကြည် နေပါတယ် ဘုရား။) အခုနကတော့ အနာထပိဏ်လို လုပ်ချင်တယ် ဆိုပြီး ပြောနေတယ်။ (ဒါကတော့ အားကျရုံ ကျတာပါ ဘုရား။)

အားကျတာက ဘယ့်နှယ် အားကျသလဲ။ ( သည်လို ဖြစ်ချင်တာ လောက် အားကျရုံ ကျတာပါ ဘုရား။) ဖြစ်ချင်တယ်ဆိုတာက ဒကာကြီး ထမင်းစားချင်ရင် ဒကာမကြီးက ထမင်းပြင်ကျွေးရော၊ ဒကာကြီးက စားချင်လျက်နှင့် မစားဘဲ နေသလား။ (ထမင်းကျတော့ အတင်း ဝင်စားတာပါပဲ ဘုရား။) ထမင်းကျတော့ စားတဲ့နေရာမှာ မစားချင်ဘဲနှင့် စားတာလား၊ စားချင်လျက်နှင့် စားတာလား။ (စားချင်လို့ပါ ဘုရား။) တစ်ခါစားရင် ဘယ်လောက်ဝသလဲ။ (နေ့တစ်ဝက်စာ ဝပါတယ် ဘုရား။) အနာထပိဏ်လို စားရင် ဘယ်လောက် ဝမလဲ။ (သံသရာ တစ်လျှောက်လုံး ဝပါတယ် ဘုရား။)

http://www.dhammadownload.com



## ခန္ဓာကိုယ်ကြီးက လိမ်ပြောတတ်တယ်

မေး။ ။ ဒကာကြီးအိမ်က နေ့တစ်ဝက်လောက် ဝအောင် ကျွေးတဲ့ ဒကာမကြီးနှင့် သံသရာ တစ်လျှောက်လုံး ဝအောင်ကျွေးတဲ့ ဘုရားရှင် ဘယ်သူ့တဲ့မှာလဲ။

ဖြေ။ ။ ဘုရားရှင်ကို အတဲ့ဆုံးလို့ ပြောရမှာပါပဲ ဘုရား။

မေး။ ။ ဒါဖြင့် ဒကာမကြီးက ကျွေးတာတော့ဖြင့် အဟုတ်စားတယ်၊ ဘုရားရှင်က ကျွေးတာတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။ ဆုတ်ဆိုင်း ဆုတ်ဆိုင်း ဖြစ်နေပါတယ် ဘုရား။ ဒါ့ကြောင့် တပည့်တော် ကိုယ်တိုင်ကို တပည့်တော် အမြင်ကပ်နေပါတယ် ဘုရား။

အေး..... အေး..... ကောင်းပါပြီဗျာ့၊ ကြိုးစားကြ၊ ကြိုးစားကြ၊ အားလုံးဟာ လုံ့လဝီရိယထူထောင်ပြီး ပြုကြတယ်ဆိုတာဟာ သည်ရုပ်နှင့် နာမ်ကို မတဲ့လို့ လုပ်တာဗျာ့။ ဟုတ်ကဲ့လားဗျာ့။ (ဟုတ်ပါတယ်ဘုရား။) သည်တော့ ဘုရားရှင်ကို ကြည်ညိုကြတယ်။

အားထုတ်မယ်ဆိုပြီး အားထုတ်တယ်၊ အားထုတ်တော့ ညောင်းလာပြန်ပြီလို့ ဖြစ်လိမ့်မယ်၊ သည်တော့ တော်တော့လို့ ပြောမှာလား၊ မပြောနှင့်၊ 'ငါဘာလို့ ညောင်းရမလဲ' ဆိုပြီး သည်လိုခိုင်း။ ဘေးဥပဒ်အန္တရာယ် ဖြစ်မှာကြောက်တယ်၊ 'ဥပဒ်အန္တရာယ် ဖြစ်ချင်ဖြစ်ပေစေ'၊ သေသွားလိမ့်မယ်လို့ ဆိုပြန်ရင်လဲ 'သေရင်သေပေစေ' အဲသည်လို ခိုင်းဗျာ့။ ကဲပါလေ..... ဒီခန္ဓာကိုယ်ကြီးက သနားအောင် ပြောမယ်၊ သူနဲ့က တဲ့မှမတဲ့ဘဲကိုး၊ သည်တော့ ဘယ့်နှယ်လုပ်မလဲဆိုရင် သူက 'သေသွားလိမ့်မယ်' ဆိုတော့ 'သေသွား ဘာဖြစ်လဲ၊ နောက်တုန်းက သေခဲ့လှပြီးပြီ' ဒကာကြီးလဲ ဘယ်နှခါလောက် သေခဲ့သလဲ။ (မရေမတွက်နိုင်ပါ ဘုရား။)

မေး။ ။ အဲသည်လို သေခဲ့တာတွေဟာ အားထုတ်ရင်း သေတာလား။

ဖြေ။ ။ အားထုတ်ရင်း မဟုတ်ပါဘုရား၊ အကုသိုလ်လုပ်ရင်း သေလို့ အခုထက်ထိ လှုပ်လှုပ်ရွရွ ဖြစ်နေတာပါပဲ ဘုရား။

http://www.dhammadownload.com



သူသေသွားလိမ့်မယ်ဆိုရင် ကိုယ်က ဘယ်လိုအောက်မေ့ရမလဲ။

"သည်လိုအားထုတ်လို့မျှား နောက်တုန်းက တစ်ခါမှ မသေခဲ့ဖူး သေးဘူး၊ အားထုတ်ရင်း သေချင်နေတာ လင်းအောင်တောင် မနေလိုက် ပါနှင့်၊ အခု ချက်ချင်းပဲ သေပါစေတော့၊ အားထုတ်ရင်း သေဖူးတယ် ရှိအောင် ငါသေချင်နေတာ" အဲသလိုပြော။ ဒကာကြီး အခုလို တရားအား ထုတ်ရင်း သေရင် ဘယ့်နှယ်လဲ ဆင်းရဲမှာလား။ (ချမ်းသာမှာပါဘုရား။) သည်အတိုင်းတိုင်း နောက်တုန်းကလို နေရင်း သေမယ်ဆိုရင် ဘယ့်နှယ်လဲ။ (ဆင်းရဲမှာပါပဲ ဘုရား။) ပျင်းပျင်းဖျင်းဖျင်း နေရင်း သေရင် ဘယ့်နှယ်လဲ။ (အရင်တုန်းကလို သံသရာတလျှောက်လုံး လည်ရဦးမှာပါဘုရား။) သည်သံသရာကို မရောက်ချင်ရင် အခုနကလိုပေါ့ဗျာ၊ 'နေမကောင်း ဖြစ်လိမ့်မယ်' ဆိုရင်လဲ ဘာ့ကြောင့် နေမကောင်းရတာလဲ၊ တရားအားထုတ် လို့ နေမကောင်းတာ လားဗျာ့။ (မဟုတ်ပါဘုရား။) တရားအားထုတ်ရင်း 'နေမကောင်းချင် လိုက်တာ' လို့ အဲသည်လိုပြောဗျာ့။ ညောင်းနေရင်လဲ 'နားလိုက်ဦးမယ်' လို့ သည်လိုလုပ်မှာလား၊ အဲသည်လို မလုပ်နှင့်။

"တရားအားထုတ်လို့မျှား သံသရာတစ်လျှောက်လုံးမှာ ညောင်းကို မညောင်းဖူးသေးဘူး၊ အခုလို ညောင်းတာမျှား ကောင်းလိုက်တာ" လို့ အဲသလိုပြောဗျာ့။ ညောင်းတယ်ဆိုပြီး အလုပ်ကိုမရပ်ဘဲနှင့် ရှေးက သူတော် ကောင်းများဟာ အခုလိုသွားတယ်ဆိုတာကို သိပြီးရင် အခုလဲပဲ ဒို့တော့ သည်လိုလုပ်မယ်, သည်လိုထိုင်မယ်ဆိုပြီး အဲသည်လိုသာ လုပ်ကြဗျာ့၊ ရှေ့ဆက် ပြောနေရင် 'ဒို့တော့ဖြင့် လုပ်ချင်လှပြီ၊ သည်ရဟန်းကြီးဟာ တယ်အပြောရှည်တယ်' ပြောနေကြပြီ ထင်ပါရဲ့။ လုပ်ရမှာက ပြောနေလို့ ပြီးတာမဟုတ်ဘူး၊ အားထုတ်မှ ပြီးမှာ၊ 'ဒို့တော့ အားထုတ်ချင်လှပြီ၊ သည်ရဟန်းကြီးက စကားကြော ရှည်လိုက်တာ' လို့ ဖြစ်နေကြပြီမဟုတ်လား။ (ဖြစ်ပါပြီဘုရား။) ဖြစ်ရင် အခုနက ဘုရားဆုံးမတဲ့အတိုင်းထားပြီး လုံ့လ ဝီရိယတွေနှင့် အဲသည်လို ထူထောင်ကြ အားထုတ်ကြဗျာ့။

သာဓု.... သာဓု.... သာဓု....။

[၁၉၅၅-ခုနှစ်၊ ဧပြီလ ၂၃-ရက်နေ့၊ ၇း၂၀-၉း၀၀ နာရီ၊ ရန်ကုန်မြို့ တက္ကသိုလ် ဓမ္မာရုံ၌ ဟောသည်။]

http://www.dhammadownload.com



## ကိုယ့်ကိုယ်ကို မဖျက်ကြနှင့်

မြတ်စွာဘုရားဟောတဲ့ တရားကို သူ့အတိုင်းမထားဘဲ နည်းနည်းလောက် နုတ်ထားလိုက်မယ်ဗျာ၊ ဒါမှမဟုတ် နည်းနည်း ကလေး အပိုထည့် ထားလိုက်မယ် ဆိုပါတော့၊ အဲဒါဟာ သာသနာ ပြုတာလား၊ ဖျက်တာလား။

ဖျက်တာပါဘုရား။

အနို့ . . အဲသလို ဖျက်တော့ သာသနာက ပျက်သွားမှာတဲ့ လား၊ အဲသလို ဖျက်တဲ့လူမှာ ပျက်မှာလား။

ဖျက်တဲ့လူပဲ ပျက်မှာပါဘုရား။

အေး. . . . ဗျာ၊ ဘုရားက ဒီလိုပါဆိုရင် ဒီအတိုင်းသာ လုပ်ဗျာ၊ ကိုယ့်ကိုယ်ကို မဖျက်ကြနှင့်။

[ ၁၉၇၃ ခုနှစ်၊ ဧပြီလ ၂၀-ရက်နေ့၊ နံနက် ၁၀-နာရီ အင်ကြင်းပင် ရိပ်သာ၌ ဟောကြားချက်မှ။]

http://www.dhammadownload.com



ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ၆–မအိပ်မနေအသက်ရှည်

တရားတော်

သီလ ဆောက်တည်ပြီးကြပြီ၊ ဆောက်တည်လို့ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြ။

သစ္စာလေးပါး ထိုးထွင်းသိတာ မြင်တာကို ဗောဓိလို့ ခေါ်တယ်ဗျာ့။ အခါကောင်း, ဘဝကောင်းရကြတဲ့ သူ တော်ကောင်း အစားစားတို့ဟာ အလိုရှိရာ နှစ်သက်တဲ့, ကိုယ် လိုလားတဲ့ ဗောဓိဖြစ်လာအောင် ရှေး အရှင်ကောင်း, သူတော်ကောင်းတွေရဲ့ ဝီရိယကို မီအောင် ညီအောင် ထူထောင်ကြဗျာ့။

ရှေးအရှင်တို့ရဲ့ သဒ္ဓါ, ဝီရိယကို မီကြ ညီကြတဲ့အချိန်အခါကစပြီး ရှေးအရှင်ကောင်းများ စိတ်နှလုံးအလိုအတိုင်း အခါမလင့် အကြွင်းအကျန်မရှိ ပြီးစီးအောင်မြင်ကြသလို ဧကန္တ မလွဲသောအားဖြင့် ပြီးစီးအောင်မြင်ကြပါလိမ့်မယ်။

## ဝီရိယိဒ္ဓိပါဒ်က အခါမလင့်

ဘုရားရှင် ရှေ့လက်ထက်တော်အခါက ဘုရားရှင်ထံက အဆုံးအမ ရလို့ မချတဲ့ ဝီရိယနဲ့ ဣရိယာပုတ်လေးဖြာ တဆက်တည်း မှန်းရာဗောဓိကို ပြီးစီးအောင် ယူဆောင်ကြတယ်။

အချိန်တစ်ခုထဲမှာပင်လျှင် စိတ်နှလုံးအလိုအတိုင်း ပြီးစီးကြပါတဲ့ လူနတ်ပြဟ္မာတွေဟာ ရာပေါင်း ထောင်ပေါင်း သောင်းပေါင်း သိန်းပေါင်း ကုဋေပေါင်း မရေတွက်နိုင်အောင် များပြားကြပါတယ်။ တစ်ခါတစ်ခါမှာ အချိန်တစ်ခု တမုဟုတ်အတွင်းမှာပင်လျှင် အသင်္ချေ၊ ဤကဲ့သို့ စိတ်နှလုံး အလိုများ ပြည့်ကြပါတယ်။

http://www.dhammadownload.com



ဘုရားပွင့်တော်မူတဲ့အချိန်က စပြီးတော့ အချိန်တိုင်း အချိန်တိုင်း စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ရကြပါတယ်။ အဓွန့်ရှည်စွာ အချိန်ကာလတွေဆိုတော့ မရေမတွက်နိုင်ဘူးဗျာ။ ဘုရားရှင် ရွှေလက်ထက်တော်ကသာ မဟုတ်ပါ, ဘုရားသာသနာ ရှိတဲ့အခါမှာ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း အသီးအသီး အကုန်လုံး ပြီးနိုင်ပါတယ်။

တခဏစာ, တဘဝစာ မဟုတ်ပါ။ သံသရာ တစ်လျှောက်လုံးအတွက် ကောင်းကောင်းလှလှကြီးကို လုံလောက်ကြပါတယ်ဗျာ့။

ဘုရားရှင် ဆုံးမပါတဲ့ အဆုံးအမတွေဟာ ဆင်းရဲမှ လွတ်မှုချည်းပါပဲ။ များများကြီး မှတ်သားပြီး ထားတဲ့အထဲက များများမဟုတ်, တစ်ခုကို ကောင်းမွန်စွာ မှန်မှန်ဝီရိယသန်သန်နဲ့ ထူထောင်ပြီးတော့ ယူကြပါလျှင် ရှေးအရှင်တွေလို ပြည့်တယ် ဆိုတာ သူတစ်ပါးကို မမေးမမြန်းရဘဲနှင့်, သူတစ်ပါးတို့က မပြောဘဲနှင့် ဝီရိယ အရှင်သခင်တွေ သိတယ်။

ဝီရိယ ထူထောင်တော့ ဝီရိယိဒ္ဓိပါဒ်က ဆိုင်းမနေဘူး။ ဝီရိယိဒ္ဓိပါဒ် ပေါ်ပေါက်လာတဲ့အခါမှာ ကောင်းမွန်စွာ ရိပ်မိကြပါလိမ့်မယ်။ အရှင်ကောင်းတွေရဲ့ ညွှန်ကြားချက်ကို သိနားလည်ပြီးတော့ မှတ်ရုံ, သားရုံမျှ မက ရှေးအရှင်များကဲ့သို့ သောဝစဿတာဂုဏ်နှင့် ပြည့်စုံပြီးတော့ အဆုံးအမတော် တစ်ခုခုကို ဝီရိယသန်သန်နဲ့ ထူထောင်ကြ၊ ဝီရိယိဒ္ဓိပါဒ်ဟာ အခွင့်အခါ, အချိန်အခါမဆိုင်းဘဲ ခဏ တမုဟုတ်မျှကလေးတင်ပဲ ကိုယ်နှင့်တန်သလောက် ရှင်းရှင်းလင်းလင်း သိရှိနိုင်ကြပါတယ်။

ဝီရိယ တိုးလိုက်မယ်ဆိုရင် ဝီရိယိဒ္ဓိပါဒ် ကလဲ တိုးလာပါလိမ့်မယ်။ အဲဒီအခါ ဘယ့်နှယ် ဖြစ်မတုန်းဆိုရင်-

## ရှေ့သို့သာ တိုးလိုသော ဆန္ဒ

"ငါသည် ဤမျှ ဝီရိယနှင့်ပဲ ဤကဲ့သို့ ဝီရိယိဒ္ဓိပါဒ် ပေါ်ပေါက်လာရတယ်။ သည်တော့ ငါ့မှာ ဝီရိယတွေ မကုန်သေးဘူး၊ ကျန်သေးတယ်၊ ဝီရိယ တိုးဦးမှပဲ"လို့ တိုးလိုတဲ့ ဆန္ဒတွေ အသီးသီး ဖြစ်ပေါ်လာကြပါတယ်။

ဆန္ဒ ဖြစ်ပေါ်သည်နှင့် တပြိုင်နက်ထဲ ရှိထားတဲ့ ဝီရိယတွေက တိုးလာတယ်။ ဝီရိယ တိုးတော့ ဝီရိယိဒ္ဓိပါဒ်ကလဲ တိုးလာပြန်တယ်။ အဲသလို

http://www.dhammadownload.com



အလုံးစုံ မြင့်မြတ် တိုးတက်ပြီးတော့ လာတဲ့အခါကျပြီ ဆိုမှဖြင့် လိုလား တောင့်တတာတွေ အကုန်ပြည့်ကြတယ်။

အဲသည်အခါ ကျပြန်တော့လဲ သူတော်ကောင်း အစားစားတို့ဟာ ဘာမှ တင်းတိမ်ခြင်းမရှိဘဲနှင့် ရှေ့ကိုသာလျှင် ဆက်ကာ ဆက်ကာ မြင့်မြတ် သည်ထက် မြင့်မြတ်အောင် ဆန္ဒတွေ ဖြစ်နေကြပါတယ်။

ဖြစ်တိုင်း ဖြစ်တိုင်း တိုးလာပါလိမ့်မယ်။

အဲသည်အခါမှာ အအားအနား မထားဘဲ, အားချိန် နားချိန်မျှ မထားဘဲ တဆက်ထဲ ဆောင်၊ တဆက်ထဲ တိုးလို့သာ ရွှင်ကြရ, ပျော်ကြရ ပါလိမ့်မယ်။ ဒါ့ကြောင့် ရှေးအရှင်တွေဟာ ယခုလို ရွှင်ကြ ပျော်ကြတယ်။ အားမရ မရောင့်ရဲနိုင်ဘူးတဲ့ဗျာ၊ ကြားလား.....။

## ခံစားလို့ အားမရနိုင်

အားမရ မရောင့်ရဲနိုင်မှုတွေဟာ ဘယ်လိုပါလဲဆိုရင်...

မေး။　။ ရှင်ဘုရင်များဟာ တစ်နိုင်ငံ ရှိထားတယ်ဆိုလျှင် 'သည် တစ်နိုင်ငံနဲ့ တော်လောက်ပါပြီဗျာ' လို့ သည်လိုများ အားရ ကျေနပ်နေ ပါ့မလား။

ဖြေ။　။ အားရပြီး မနေပါဘုရား။

မေး။　။ တစ်နိုင်ငံမကဘူး၊ တကျွန်းလုံးရ ဧကရာဇ်မင်း ဖြစ်ရင် ကောဗျ။ အားရ တင်းတိမ်ပါ့မလား။

ဖြေ။　။ မတင်းတိမ်ပါဘုရား။

မတင်းတိမ်ရင် ဘယ့်နှယ်နေပါ့မလဲ။

(များများကြီးရအောင် လုပ်မှာပါပဲဘုရား။) အေး ဒီလိုချည်းပါပဲ။ ဧကရာဇ်မင်း ဖြစ်ပြန်တော့ ဧကရာဇ်မင်းရဲ့ စည်းစိမ်ချမ်းသာက မည်ရွေ့ မည်မျှ လို့ သည်လို ဖြစ်လာပြန်တယ်။ ဒီအခါကျတော့ လေးကျွန်းလုံးကို အုပ်စိုးရတဲ့ စကြာမင်းကြီး ဖြစ်လိုလာတယ်။ စကြာမင်းကြီး ဖြစ်တော့ကော ဒီလောက်ဆိုတော်ပါပြီလို့များ အားရနိုင်ပါ့မလား။(အားမရနိုင်ပါဘုရား။)

သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ သူတော်ကောင်း အစားစားတို့ဟာ အမြင့်ဆုံး အမြတ်ဆုံး လျှုဒါန်းပူဇော်ခြင်းကို နေပင်နေငြားသော်လဲ အားရတင်းတိမ်ခြင်း မဖြစ်ပါဘူးဗျာ့။

http://www.dhammadownload.com



ဘုရားအဆုံးအမတွေ လိုက်နာကြလို့မို့ အစဉ်အတိုင်း သမာပတ် အဖြာဖြာရကြတယ်။ ရလို့ သမာပတ် ဝင်စားကြတယ် ဆိုတော့ ဘယ်အခါမှ သမာပတ် ချမ်းသာ ဝင်စားလို့ အားမရနိုင်ဘူးတဲ့ဗျာ့။

ဒါက အမြင့်ဆုံး အမြတ်ဆုံးဖြစ်တဲ့ ချမ်းသာသုခတွေတဲ့ဗျာ့။ ဒီတော့ အမြင့်ဆုံး အမြတ်ဆုံး ရကြပြီဆိုမှဖြင့် အားရတင်းတိမ်ခြင်း ဘယ်အခါမှ မဖြစ်ဘူး...တဲ့။

ရှေးအရှင်တွေသာလျှင် ဤကဲ့သို့ ဖြစ်သည်မဟုတ်။ အခုလဲပဲ သဒ္ဓါ-ဝီရိယ ညီမျှလို့ အခါမလင့် ဆိုက်လာတဲ့အခါမှာ ရှေးအရှင် သူတော်ကောင်း များလိုပဲ ဧကန္တ ဝမ်းမြောက်ကြရပါလိမ့်မယ်။ ဘယ်လိုလဲ ဆိုရင်....

"ငါ့မှာ တခဏစာ, တဘဝစာ မဟုတ်၊ သံသရာ တစ်လျှောက်လုံး အတွက် လုံလောက်ပြီ" လို့ ဤကဲ့သို့ ဝမ်းမြောက်ကြရပါသတဲ့။ ဘာ့ကြောင့် တုံးဆိုရင် အခါကောင်းလို့, ဘဝကောင်းလို့ ဝီရိယကောင်းလို့ဗျာ့။

များစွာသော လူ, နတ်, ဗြဟ္မာ အပေါင်းတို့ဟာ အအား အနား မထားဘဲ အချိန်တိုင်း အချိန်တိုင်းမှာ ဆက်ကာဆက်ကာ ယူကြတော့ အချိန်တိုင်း အချိန်တိုင်း ရလိုက်ကြတာတွေဗျာ့။

အချိန်တိုင်း အချိန်တိုင်းဆိုတာ ဘယ်အချိန်မဆို ယူတော့ ရတာကို ပြောတာဗျာ့။ ဘုရားသာသနာရှိတဲ့အခါ ဆိုတာ မြင့်မြတ်တာကိုးဗျာ့။ **အချိန် တိုင်းရ၊ လိုတိုင်းရ၊ လွယ်လိုက်တာဗျာ။**

မေး။ ။အခုကော အချိန်တိုင်း အချိန်တိုင်း ရကြရဲ့ မဟုတ်လား၊ ဣရိယာပုတ် လေးပါးရှိတဲ့အထဲ ဣရိယပုတ်တိုင်း ယူနိုင်တာ ချည်းပဲ မဟုတ်လား။

ဖြေ။ ။ ဣရိယာပုတ်တိုင်း ယူနိုင်ပါတယ် ဘုရား။

မေး။ ။ မယူနိုင်တဲ့ ဣရိယာပုတ်များ ရှိသေးသလား။

ဖြေ။ ။ မရှိပါဘုရား။

လွယ်လိုက်တာ ဒကာကြီး, ဒကာမကြီးများရယ်..... လိုချင်တဲ့ ချမ်းသာ သုခတွေဟာ အားလုံး ဘုရားပွင့်တော်မူပြီးတဲ့အခါ ဘုရားသာသနာရှိတဲ့ အခါ လူ့ဘဝ, နတ်ဘဝရကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ကိုယ်အလိုရှိတဲ့ မှန်းထားချက်ကို ဘယ်အချိန်မဆို ယူလို့ရတာကိုးဗျာ့။

http://www.dhammadownload.com



မရတဲ့ တောင့်တချက်ဆိုတာ မရှိအောင်ပါပဲဗျာ။

"ဘယ်သင်းနှင့်တော့ မလိုက်သေးဘူး ထင်တယ်, ဘယ်သင်းနှင့်တော့ မတန်ဘူးထင်တယ်, ဘယ်သင်းကိုတော့ ရမှာမဟုတ်ဘူး" ဒီလိုမမှတ်ကြနဲ့။

ကိုယ်မှန်းထားတဲ့ အမြင့်အမြတ်တွေဟာ ရှိတယ်၊ ကိုယ်အလိုရှိတဲ့ အချိန်တွေဟာ အများကြီးရှိတယ်၊ ဘယ်အချိန်မဆို ရနိုင်တယ်။ "ကဲ..... ငါတော့ အခု ယူမယ်" ဆိုပြီး ယခုယူတော့ မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား။)

မေး။ ။ ယခု ထိုင်ရင်းယူမယ်ဆိုရင်.....

ဖြေ။ ။ ရပါတယ် ဘုရား။

မေး။ ။ ပရိတ်သတ်တွေနဲ့ ယူရင်ကော။

ဖြေ။ ။ ရပါတယ်ဘုရား။

မေး။ ။ တစ်ယောက်ထဲ နေရင်ကော။

ဖြေ။ ။ ရပါတယ်ဘုရား။

အေး.... လွယ်လိုက်တာ ဒကာကြီး ဒကာမကြီးများရယ်၊ဘယ်နတ်, ဘယ်ပြဟ္မာဆို, ဒကာကြီးများပဲ ဖြစ်ဖြစ်, ဒကာမကြီးများပဲ ဖြစ်ဖြစ် ယူတဲ့ အချိန်မှာ ကေန္တ ရပါသတဲ့ဗျာ။

အင်း. . . "ဧကန္တ ရတယ်ဆိုတာ ဟုတ်မှာပဲ" ဆိုပြီး ဒီလို တစ်ခါတည်း ယုံပြီးတော့လဲ မထားစေချင်သေးဘူး။ ဟုတ်ချင်မှ ဟုတ်မှာဗျာ၊ ဟုတ်လား, မဟုတ်လား အဆုံးအမ တစ်ခု မှန်မှန်ကို ဝီရိယသန်သန်နဲ့ စိုက်စိုက်စူးစူး လုပ်ကြည့်ကြဦးဗျာ။

အဲဒီလို နေတဲ့အခါမယ် လောဘ, ဒေါသ, မောဟ, စိုးရိမ်မှု, ကြောင့်ကြပူပန်မှု၊ ဒါတွေရှိပါဦးမလား။ (မရှိပါဘုရား။)

မေး။ ။ အဲသည်လို စိုက်စိုက်စူးစူး တည်နေတာဟာ တရားတော်ကို ဆည်းကပ်ကိုးကွယ်တာ မဟုတ်ဘူးလား။

ဖြေ။ ။ ဟုတ်ပါတယ်ဘုရား။

မေး။ ။ ဝီရိယထားသလောက်, ဝီရိယိဒ္ဓိပါဒ် ပေါ်သလောက် ဆင်းရဲက ထုတ်ဆောင်တယ် ဆိုတာ နားလည်သွားတယ် မဟုတ်လား။

ဖြေ။ ။ နားလည်သွားပါတယ်ဘုရား။

http://www.dhammadownload.com



အေး..... သူတကာက မဟုတ်ဘူးလို့ ပြောတာ ဟုတ်မှ ဟုတ်ပါ့ မလားလို့ ထင်စရာ ယုံမှားသံသယ ရှိရဦးမှာလား။ (မရှိရပါဘုရား။) ဘယ်တော့မှ ယုံမှားသံသယတွေ မရှိဘဲ ကောင်းကောင်းလှလှ ကိုယ်ပိုင် ကိုယ်တိုင် ရိပ်မိ သိရှိပါတယ်။

ဒီတော့ "ဤမျှ အချိန်ကိုပင် ဤကဲ့သို့ ချက်ချင်း ဆင်းရဲက ထုတ် ဆောင်တယ်၊ ဒီတော့ ငါ့မှာ ဝီရိယတွေ မကုန်သေးဘူး။ တိုးအုံးမယ်" လို့ တိုးလိုတဲ့ ဆန္ဒဖြစ်၊ ဒီတော့ တရွှင်ထဲ ရွှင်, တပျော်ထဲ ပျော်ပြီး အားမရ, မရောင့်ရဲနိုင်အောင် ဝမ်းမြောက်ပါတော့တယ်ဗျာ။

## လေးကျွန်းသနင်း စကြာမင်း (ပါရမီနှင့် ကျင့်ဝတ်)

ယခုလို အခါကောင်း ဘဝကောင်းမှာ ပါရမီတွေကလဲ ပြည့်စုံ လုံလောက်လိုက်ကြတယ်ဗျာ့၊ သို့သော်လဲ လောကမှာ စကြာမင်းရယ်လို့ ရှိတယ်မဟုတ်လား။ (ရှိပါတယ် ဘုရား။) စကြာမင်း ဖြစ်တော့မယ်ဆိုရင် ဘယ်သူမှ မသိဘဲနဲ့ ဖြစ်ပေါ်လာသလား။ (မလျှောက်တတ်ပါဘုရား။) သိပါတယ်ဗျာ။ ဘယ်လောက် အချိန် ခပ်ဝေးဝေးဆီက ဒီသတင်း ကြားသ တုံးဗျာ့။ (မလျှောက်တတ်ပါဘုရား။) သူတို့ သိပါတယ်ဗျာ၊ မေ့မှာစိုးလို့ မပြောဘဲ နေတာပါ။ အနှစ်တရာလောက်က ကြိုပြီး စကြာမင်း ဖြစ်ပေါ် လာလိမ့်မယ်ဆိုတာ ကောလာဟလ ဖြစ်တယ်မဟုတ်လားဗျာ့၊ ဒီတော့ အားလုံး မျှော်ကြ, တောင့်တကြတယ်။ ရွှင်ကြ, ပျော်ကြရပါတယ်။ ဖွားမြင် တော့လဲ ပျော်ကြရ, ရွှင်ကြရတယ်။

မေး။ ။ စကြာမင်းက ဘယ်အခါကျမှ ဖြစ်ရသတုံးဗျာ့။

ဖြေ။ ။ စကြာရတနာ ဆိုက်ရောက်မှပါ ဘုရား။

အေး..... စကြာရတနာဆိုတာ မဆိုက်ရောက်ခင်တော့ စကြာမင်း လောင်း ခေါ်တယ်ဗျာ့။ သူ့စည်းစိမ် ဂုဏ်သရေဟူဟာလဲ သေးသေးငယ်ငယ် မဟုတ်ဘူး။ ဒီတော့ "စကြာရတနာ မဆိုက်ချင် နေပါစေ၊ ယခုလောက် ဆိုရင် တော်ပါပြီ" လို့ ဒီလိုများ နေမှာလား။ (မနေပါဘုရား။) ဘာလို့လဲ။ (တိုးပြီး ရှေ့ကို ကြီးပွားချင်လို့ပါဘုရား။)

http://www.dhammadownload.com



မေး။　။ ဒါဖြင့် စကြာရတနာက ဘယ်တော့ဆိုက်မှာလဲ။

ဖြေ။　။ အချိန်ကျတော့ ဆိုက်မှာပါဘုရား။

အချိန်ဟာ သူ့ဘာသာသူ ဆိုက်မှာလား။ ရှေးက ကုသိုလ်တွေ ပြုပြီး ဆည်းပူးထားလို့ စကြာရတနာဆိုက်ပြီး ကေန္တ မလွဲမသွေ စကြာမင်းဖြစ်ဖို့ရာ သူ့မှာပါလာတယ်။ သို့ပင် ဖြစ်သော်လည်း စကြာမင်း ဖြစ်အောင် ကျင့်ရတဲ့ ကျင့်ဝတ်တရားတွေက ရှိသေးတယ်။ ဒါကို ကောင်းမွန်စွာသိပြီး, မှတ်သား ပြီးတော့ ပြည့်စုံအောင်ကို ပြုလုပ်ရမှာတဲ့ဗျာ့။

မေး။　။ စကြာမင်းလောင်းတော့ ဟုတ်ပြီ။ ပါရမီတွေက ပြည့်စုံနေပြီ။ သို့ပေတဲ့ စကြာမင်း ဖြစ်ကြောင်း ကျင့်ဝတ်ကို မဖြည့်ကျင့် ပါဘူး..... တဲ့။ စကြာရတနာက သူ့ဘာသာ ဆိုက်ရောက် လာမလားဗျာ့။

ဖြေ။　။ သူ့ဘာသာတော့ မဆိုက်ပါဘုရား။ ကျင့်ရဦးမှာပါ။

အင်း..... ဒကာကြီး, ဒကာမကြီးများဟာ စကြာရတနာဆိုက်ပြီး လေးကျွန်းသနင်း စကြဝတေးမင်းကြီး အလောင်းအလျာ ဖြစ်မယ်ဆိုရင် ဘယ့်နှယ်လဲဗျာ့။

စကြာရတနာ ဆိုက်ဖို့ရာက ဖြည့်ရကျင့်ရဦးမယ်၊ သီတင်းသီလ ဆောက်တည်ရဦးမယ်၊ ဒီတော့ "ထီးပွဲနန်းပွဲ ရုပ်သိမ်းပြီး စကြာရတနာ မဆိုက်ချင်နေပါစေတော့၊ ယခုရှိတဲ့ စည်းစိမ်နှင့်ပဲ သာသာကလေး နေပါ တော့မယ်" ဆိုပြီး ဒီလိုနေမှာလားဗျာ့။ (မနေပါဘုရား။) အေး.... လေးကျွန်း လုံးကို ချမ်းသာအောင် တရားသဖြင့် ဆုံးမနိုင်မှာဆိုတော့ မနေဘူးဗျာ့။

## စကြာမင်းလည်း ရေပွက်ပမာ တစ်သက်လျှာ

သည့်ပြင် နိုင်ငံတွေကလဲ "စကြာမင်းလောင်း စည်းစိမ်လောက်ဆို တော်ရောပေါ့" ဒီလိုများ ပြောကြမှာလား။ (မပြောပါဘုရား။)

မေး။　။ သည့်ပြင် နိုင်ငံတွေက ဘယ်လိုပြောကြမှာတုံး။

ဖြေ။　။ ကြိုးစားပြီး ကျင့်ကြဲဖို့ ပြောကြမှာပါဘုရား။

မေး။　။ ဘာလို့လဲဗျာ့။

ဖြေ။　။ စကြာရတနာ ဆိုက်လာစေချင်လို့ပါဘုရား။

http://www.dhammadownload.com



အေးဗျာ.....၊ စကြာရတနာ ဆိုက်လာပြီလား ဆိုမှဖြင့် စကြာရတနာ အရှိန်အဝါကြောင့် အားလုံးတို့ဟာ ချမ်းသာသုခ အမျိုးမျိုး အဖြာဖြာတွေ ရရှိလာကြရသတဲ့ဗျာ။ ဒါပေမဲ့ မကျင့်ဘဲနဲ့ ဒီအတိုင်းကြီး နေလို့ စကြာရတနာက မဆိုက်လာဘူးဗျာ။ ဒါကြောင့် စကြာမင်းဖြစ်ကြောင်း ကျင့်ဝတ်တရားတွေ ဖြည့်ကျင့်ရတယ်။

မေး။ ။ စကြာရတနာ ဆိုက်လာလို့ စကြာမင်းကြီး ဖြစ်ပြီဆိုတော့ သံသရာ တစ်လျှောက်လုံးအတွက် လုံလောက်ကြရော တဲ့လားဗျာ။

ဖြေ။ ။ မလုံလောက်ပါဘုရား။

မေး။ ။ ဘယ်လောက်သာ စကြဝတေးမင်းကြီးရယ်လို့ တည်နေနိုင် ပါသလဲ။

ဖြေ။ ။ စကြာရတနာ ရှိတုန်းတင်ပါဘုရား။

အေး... စကြာမင်းကြီးဆိုတာလဲ တသက်လျှာမျှသာ တည်ပြီးနေနိုင်တာ မဟုတ်လား။ (မှန်ပါ့ဘုရား။)

## အိမ်ရှေ့စံလောက်ဖြင့် အားရမနေရ

ယခု သူတော်ကောင်း အစားစားတို့ဟာ ဘုရားရှင် ပွင့်တော်မူသည့် အခါ, ဘုရားသာသနာ ရှိသည့်အခါမှာ လာပြီးတော့ သုဂတိဘုံမှာ ဖြစ်ကြ တယ်ဆိုတော့ လိုချင်လို့ ယူမယ်ဆိုရင် ကိုယ်အလိုရှိတဲ့, နှစ်သက်တဲ့ အသီးသီးသော ဗောဓိကို ပြီးနိုင်တယ်။

ပြီးတော့ အဲဒီလိုလိုက်နာလို့ ဖြည့်ကျင့်ကြပြီ ဆိုမှဖြင့် အားလုံးတို့ဟာ ယခုနက စကြာမင်းရဲ့ အလောင်းအလျာဖြစ်တဲ့ ဒီမင်းသားဟာ ဒီချမ်းသာ သုခကို ခံစားနေရုံနှင့် စကြာမင်း မဖြစ်သေးဘူးဗျာ၊ ဘယ်အခါမှ ဖြစ်မယ်၊ စကြာရတနာဆိုက်မှ ဖြစ်ပါတယ်။ စကြာမင်းဖြစ်ဖို့ စကြာရတနာ ဆိုက်ရာ ဆိုက်ကြောင်း ကျင့်ဝတ်တရားတွေ ရှိတယ်၊ အဲဒါကို ကောင်းမွန်စွာ မှတ်သား ကျင့်ကြံတော့မှ စကြာမင်း ဖြစ်တယ်။

မေး။ ။ ယခုလဲ အားလုံးသော ဒကာကြီးတွေ, ဒကာမကြီးတွေဟာ မည်သူ့ရဲ့ သားသမီးတွေလို့ ပြောကြပါသတုံးဗျာ။

http://www.dhammadownload.com



ဖြေ။ ။ဘုရား သားတော် သမီးတော်တွေပါ ဘုရား။

မေး။ ။ဟုတ်တယ်ဗျာ့၊ ဘုရား သားတော် သမီးတော်တွေဗျာ့၊ ဘုရား သားတော် သမီးတော်တွေဆိုတော့ ဘုရားရှင်သည် ဘယ်ပြည်ကြီးရဲ့ အရှင်သခင် ဖြစ်ပါသလဲ။

ဖြေ။ ။နိဗ္ဗာန်ပြည်ကြီးရဲ့ အရှင်သခင် ဖြစ်ပါတယ်ဘုရား။

ဟုတ်တယ်ဗျာ့၊ နိဗ္ဗာန်ပြည်ကြီးရဲ့ အရှင်သခင်ဗျာ့၊ အတုအတူ မရှိပါတဲ့ အထွဋ်အထိပ်ဖြစ်ပါတဲ့မင်း မဟုတ်လား။ (မှန်ပါတယ်ဘုရား။) ဟုတ်ကယ့်လားဗျာ့၊ ဒီတော့ အားလုံးတို့ဟာ ဘုရားရှင်ရဲ့ သားတော် သမီးတော်တွေဆိုတော့ ဒါ မင်းသား မင်းသမီးတွေပေါ့။ ဟုတ်ကယ့်လားဗျာ၊ ဟုတ်တယ်ဗျာ့။

မေး။ ။မင်းသား မင်းသမီးဆိုတော့ ဘာများ စိတ်ကူးကြသတုံးဗျာ့၊ 'အိမ်ရှေ့စံလောက်ဆို တော်ပါပြီဗျာ' လို့ ဒီလိုများ မမှန်းဘူးလား၊ 'ဒို့တော့ စစ်သူကြီးလောက်ဖြစ်ရင် တော်ပါပြီဗျာ' လို့ အဲဒီလိုကော မမှန်းဘူးလား။ ဥပမာ ကုန်သွယ်စားမယ်၊ လယ်လုပ်စားမယ် ဆိုရင်ကောဗျာ့၊ ဒီလို မမှန်းကြဘူးလား။

ဖြေ။ ။ဒီလောက်တော့ မမှန်းပါဘုရား။

မေး။ ။ဘာများ ဖြစ်ချင်ပါသတုံး။

ဖြေ။ ။မင်းပဲ ဖြစ်ချင်ပါတယ် ဘုရား။

ဟုတ်ကယ့်လားဗျာ့၊ တကတဲပါမှပဲ 'မင်း မဖြစ်ရင် နေပါစေ၊ အိမ်ရှေ့စံလောက်နှင့်ပဲ တော်ပါပြီ၊ စစ်သူကြီးလောက်နဲ့ပဲ တော်ပါပြီ' လို့ ဒီလိုများကော မပြောဘူးလား။ (မပြောပါဘုရား။) အဟုတ်ကို ဒီလိုဖြစ်ချင်သလား။ (ဖြစ်ချင်ပါတယ်ဘုရား။) သူ ဘာဖြစ်ချင်လိမ့်မယ်။ (မင်းဖြစ်ချင်ပါတယ် ဘုရား။) မင်းဆိုတာ ဘယ်လိုလဲ၊ ရှင်ဘုရင်လုပ်ချင်တာ ပြောသလား၊ ဘယ်လောက်က ဖြစ်ချင်တာလဲ၊ ငယ်ငယ်ကလေးက ဖြစ်ချင်တာလား၊ အသက်ရှစ်ဆယ် ကိုးဆယ်လောက်ကျမှ ဖြစ်ချင်တာလား။ (ငယ်ငယ်က ဖြစ်ချင်ပါတယ် ဘုရား။) ဘာ့ကြောင့်လဲ။ (လိုအင်ဆန္ဒရှိတိုင်း ပြည့်စုံချင်လို့ပါဘုရား။) ဟုတ်ကယ့်လားဗျာ့။

ယခု ဒို့ ဘုရားရှင်ရဲ့ သားတော် သမီးတော်ဖြစ်ကြပါတဲ့ အားလုံးတို့ဟာ ဒါ မင်းသား မင်းသမီးတွေပေါ့၊ ဒီမင်းသား မင်းသမီးတွေကကော

http://www.dhammadownload.com



တကတဲမှပဲ..... ဘုရားရှင်ရဲ့ သားတော်ပီပီ, သမီးတော် ပီပီ ရှင်ဘုရင်ချည်းပဲ လုပ်ချင်ကြတာလားဗျာ့၊ ဘယ့်နှယ်လဲ။

မေး။ ။ဘယ်ပြည်မှာ မင်းလုပ်ချင်တာလဲ၊ ဘယ်ပြည်ကိုဝင်ပြီး ရှင်ဘုရင် လုပ်ချင်တာလဲ။

ဖြေ။ ။ဘုရားသားတော် သမီးတော် ပီပီ ဘုရားရှင်ရဲ့ အမွေအနှစ်ဖြစ်တဲ့ နိဗ္ဗာန်ကို ဝင်ချင်ပါတယ် ဘုရား။

အေး... နိဗ္ဗာန်ပြည်ကြီးသခင် လုပ်ချင်ကြတာပေါ့ဗျာ့၊ ဘယ်တော့လောက် လိုချင်တာလဲ။ (ချက်ချင်းပါပဲ ဘုရား။) ဟိုရက်ကျတော့မှ, ဟိုလကျတော့မှ ဒီလိုဟုတ်လား၊ ဘယ်တော့လောက် လိုချင်တာလဲ။ (ယခုရ ယခု လိုချင်ပါတယ်ဘုရား။) အဟုတ်ပြောတာလားဗျာ့။ (တကယ်ပြောတာပါ ဘုရား။) အဟုတ်ပြောရင် ဘယ်အချိန်မှာ ယူချင်သလဲ။ (အခါမလင့်ပါ ဘုရား။) အခါမလင့်ဆိုတာ ဘယ်တော့လဲ။ (ယခု ချက်ချင်းပါဘုရား။) ယခု ယူတော့မှာလား။ (ရရင် ယူချင်ပါတယ် ဘုရား။)

မေး။ ။ဟ.... ယူတဲ့အချိန် ရတာပဲ မဟုတ်လား။

ဖြေ။ ။ပါရမီပြည့်မှ ရမှာပါဘုရား။

မဟုတ်သေးပါဘူး။ ပါရမီပြည့်လို့ယခုနက စကြာမင်းလောင်းဖြစ်နေမှပဲ။ ဘယ်လိုလဲဆိုတော့ စကြာမင်းလောင်းဟာ စကြာမင်းဖြစ်ဖို့ရာကို သေသေချာချာ လာဖြစ်တယ်ဆိုတာ ဒါ ပါရမီပြည့်တာ မဟုတ်လား။ (မှန်ပါတယ် ဘုရား။)

ဘယ်အချိန်ကျမှ စကြာမင်း ဖြစ်ရလဲဆိုတော့ စကြာရတနာဆိုက်ရအောင် ကျင့်ဝတ်တွေ ထူထောင်ပြီးတော့ ယူတယ်။ ယူတဲ့အခါ စကြာရတနာဟာ ဆိုက်လာမှာပဲ မဟုတ်လား။ (မှန်ပါ့ဘုရား။) တကထဲမှပဲ အားလုံးဟာ ဘုရားရှင်ရဲ့ သားတော် သမီးတော်တွေ သေသေချာချာပဲ မဟုတ်လား။ (သေချာပါတယ် ဘုရား။) သေချာနေတော့ ရှင်ဘုရင် လုပ်ချင်ကြပါသလား၊ ဘယ်တော့ လုပ်မှာလဲဗျာ့။ (ယခုရရင် ယခုလုပ်ချင်ပါတယ် ဘုရား။)

http://www.dhammadownload.com



ဟ..... ယူတဲ့အချိန် ရပါတယ်ဆိုမှ ယခုကော၊ ယခုရရင် ယခုယူမယ်ဆိုရင် လိုချင်တာကို ပြောမနေနဲ့ , ယခုလုပ်ရင် ယခုရတာပဲ၊ လုပ်မလား၊ တော်တော်ကြာမှ ထမပြေးနဲ့နော်။ (မပြေးပါဘုရား။) ဒါ သေချာရဲ့လား။ (သေချာပါတယ်ဘုရား။) ဟုတ်ကဲ့လား၊ ကြားကြရဲ့လား။

မေး။ ။ဒါက ဒကာကြီးတစ်ယောက်ထဲပဲလား၊ ဒီပြင် မင်းသား မင်းသမီးတွေကော ရှိသေးသလား။

ဖြေ။ ။အကုန်လုံးပါပဲ ဘုရား၊ ဗုဒ္ဓဘာသာမှန်ရင် မင်းသား မင်းသမီးချည်းပါပဲ။

ကောင်းပါပြီဗျာ၊ အားလုံးသော မင်းသားတွေ မင်းသမီးတွေက ဘယ့်နှယ်လဲ၊ ယူကြမယ်မဟုတ်လား၊ ရှင်ဘုရင် လုပ်ချင်သလား၊ မင်းသားဆို တော်ပြီလား။ ဒီလိုပဲ တိတ်တိတ်ကြီး နေကြတော့မှာလား၊ ဆိုကြပါဗျာ၊ မင်းသမီးတွေကကော မင်းသမီးဖြစ်ရရင် တော်ပြီလားဗျာ့၊ ဘယ့်နှယ်တုံးဗျာ့၊ (မတော်သေးပါ ဘုရား။) မတော်သေးရင် ဘယ့်နှယ်လုပ်မတုံး။ (သည့်ထက်ကောင်းတဲ့နေရာ ရောက်အောင် လုပ်မှာပါဘုရား။)

ဘုရားသားတော် သမီးတော်တွေဆိုတာ ဘာတုံးဆိုတော့ မင်းသားကလဲ တကတဲမှပဲ သူဟာ အရှင်သခင် ဘုရင်ဖြစ်ချင်တယ်၊ မင်းသမီးတွေကတော့ကောဗျာ့၊ သူက နိုင်ငံ အရှင်သခင် ဘုရင်မကြီးတွေ ဖြစ်ချင် တယ်၊ သူတို့က ဒါပဲ တောင့်တတာဗျာ့၊ သည့်ပြင် မင်းသား, မင်းသမီးလို တောက်လျှောက်ကြီး လုပ်နေမယ် မထင်ပါဘူး၊ ဟုတ်ကဲ့လားဗျာ့၊ (မလုပ်ချင်ပါ ဘုရား။) ဒါနဲ့ ရှင်ဘုရင် လုပ်ကြတော့မှာလားဗျာ့။ (လုပ်ချင်ပါတယ် ဘုရား။) ဟုတ်ကဲ့လားနော်။

## အဇ္ဈာရသ တတ်ရုံဖြင့် မပြီး

တကယ်ထဲမှပဲ ရှင်ဘုရင်လုပ်ချင်တဲ့ မင်းသား, မင်းသမီးတွေဟာ ဘာကို လုပ်ရမလဲဆိုရင် မင်းသားပီပီ, မင်းသမီးပီပီ တတ်သင့် တတ်အပ်တဲ့ မင်းသား မင်းသမီးတွေရဲ့ အတတ်ပညာတို့ကို အကုန်လုံး တတ်ရပါတယ်။ ဘာတွေ တတ်ရသတုံးဗျာ့။ (သီလ, သမာဓိ, ပညာတွေကို တတ်ရပါမယ် ဘုရား။)

ရှင်ဘုရင်တွေ ပြောတာဗျာ့၊ နို့ အဇ္ဈာရသ ဘာလုပ်ရသလဲဗျာ့။ (မင်းရဲ့ အလုပ်ပါ ဘုရား။) ဘာတွေလုပ်မလဲ၊ ဘယ်လိုမှ ရှင်ဘုရင် ဖြစ်မှာလဲ၊

http://www.dhammadownload.com



အဲဒါတွေ တတ်ရော၊ တတ်ထားပြီး ဘယ့်နှယ်လုပ်ရဦးမှာလဲ၊ မင်းကျင့်တွင်ပဲလား၊ သင်ထားတာက ဘာတွေ သင်ထားသလဲ၊ အဌာရသကို သင်ရမယ်၊ ကျင့်ရမယ်၊ လေ့လာရမယ်၊ သင်ထားပြီး အလုပ်ကျ ဘာတွေလုပ်ရမလဲ။(ဒီ အဌာရသ တဆယ့်ရှစ်ရပ်ကိုပဲ လေ့လာရမှာပါ ဘုရား။)

မေး။ ။ လေ့လာရမှာက စစ်ဆင်. စစ်တိုက်. စစ်တက် အဲဒါတွေလား၊ တပါးရန်သူ နှိမ်နင်းနိုင်အောင် ဒါတွေသင်ရတယ် မဟုတ်လား၊ သင်လို့ တတ်ပြီးရင် ဘာလုပ်ရမလဲ၊ ရန်သူတွေနဲ့ တွေ့ရင် ဘာလုပ်ရမလဲ။

ဖြေ။ ။ စစ်တိုက်ရမှာပါပဲ ဘုရား။

ကဲ..... တခါပြောမယ်၊ ဒီရန်သူတွေကတော့ နိဗ္ဗာန်ကို တားဆီးနေပြီဆိုရင် လိုချင်ရင်တော့ စစ်တိုက်ယူရမှာပဲ၊ ကဲ.... လက်နက်ဆင်ပြီးတော့ လက်နက်နဲ့ တိုက်ကြမှာလား။ (တိုက်ပါ့မယ် ဘုရား။) ကောင်းပါ့ဗျာ၊ ဒကာကြီး တစ်ယောက်ထဲပဲလား၊ မင်းသားတွေ အကုန်လုံး တိုက်မှာလား။ (တိုက်ပါ့မယ် ဘုရား။) ဟုတ်ကယ့်လား၊ တော်တော်ကြာမှဖြင့် မိုးလင်းထိုင်ရမှာဗျာ၊ ဘယ့်နှယ်တုံးဗျာ့၊ ရှင်ဘုရင်လုပ်ချင်ရင်တော့ စစ်ရင်ပြင်မှာ စစ်ဆင်ပြီးတော့ တကကတည်းပါမှပဲ အဟုတ်တိုက်ရလိမ့်မယ်ဗျာ့။ နိုင်ရင်တော့ သေသေချာချာ ရှင်ဘုရင်ဖြစ်မှာ၊ ဘယ့်နှယ်တုံးဗျာ့၊ တိုက်မလား၊ မေးလိုက်ရတာဗျာ--ပြီးတော့လဲ တိုးတိုးကလေးပြောတာဗျာ့။ (တိုက်ပါ့မယ်ဘုရား။) ကောင်းပါ့ဗျာ၊ မင်းသမီးတွေကကော။ (တိုက်ပါ့မယ် ဘုရား။) ဟုတ်ကယ့်လားနော်- တော်တော်ကြာ ထမပြေးကြနဲ့။ အေး..... အတိုက်ကောင်းရင် သေသေချာချာ ဖြစ်မှာဗျာ့။

ဘုရား ရွှေလက်ထက်တော်က ဘုရားထံမှောက် ရောက်ကြတယ်၊ ဘုရားရှင်က သည့်ပြင်ဟာတွေ ညွှန်ကြားဆုံးမတော်မူတာ မဟုတ်ဘူး၊ ယခုနက အဝိဇ္ဇာ အားလုံးတို့ကို နိုင်နင်းဖို့ ဒါကို ညွှန်ကြားတာ ဒကာကြီးရဲ့၊ ဒီလိုညွှန်ကြားပါတဲ့အတိုင်း မှတ်သားပြီး လိုက်နာကြတယ်ဆိုတော့ အဝိဇ္ဇာကို တွန်းလှန်တာလားဗျာ့။ အေး..... အဟုတ်ကို တွန်းလှန်ပြီဆိုတော့ အဝိဇ္ဇာကို နိုင်ပါရောပေါ့ဗျာ၊ နိုင်ပြီဆိုတော့ ယခုနကပြောတဲ့ ချမ်းသာသုခကို ရလာပါတယ်ဗျာ့၊ အေး..... ယခုလဲ ဝီရိယထူထောင်ပြီး ယူကြမယ်ဆိုရင် အားလုံး အသီးသီးတို့ဟာ ဧကန္တ စိတ်နှလုံး အလိုအတိုင်း ပြီးပါလိမ့်မယ်ဗျာ့။

http://www.dhammadownload.com



## လက်နက်ပင် ကောင်းသော်လဲ

ပြီတော့ ယခုလဲပဲ လက်နက်တွေ, ဘာတွေနဲ့ များများကြီး သူတို့မှာ အဆင့်သင့်တွေကတော့ ရှိပြီး ထင်ပါရဲ့ ရှိတယ် မဟုတ်လား။ (ရှိပါတယ် ဘုရား။) စစ်ကော တိုက်တော့ တိုက်တယ် မဟုတ်လား။ (အရှင်ဘုရားဆီမှ အစစ်လိုချင်လို့ပါ ဘုရား။) သူတို့ တိုက်လာတာ မနည်းပါဘူးဗျာ၊ တိုက်ကော တိုက်ကြတယ် မဟုတ်လား။

မေး။ ။ တိုက်တဲ့အခါကျတော့ ရန်သူဖြစ်တဲ့ ထိန မိဒ္ဓ ကောသဇ္ဇ တို့ဟာ မိတ်ဆွေလား, ရန်သူလား၊ သူလာတော့ ဘယ့်နှယ်လုပ်သလဲ၊ ဒကာကြီးတွေက စစ်တိုက်တာ ကြာလှပြီ ထင်ပါရဲ့ ဘယ်လောက်ကြာကြပြီလဲ။

ဖြေ။ ။ တော်တော်ကြာသွားပါပြီ ဘုရား။

မေး။ ။ ဒါဖြင့် ရှင်ဘုရင် ဖြစ်ပါတော့လားဗျာ။

ဖြေ။ ။ မဖြစ်သေးပါ ဘုရား။

မေး။ ။ မဖြစ်တော့ကို တိုက်ပုံ, တိုက်နည်း ပြောစမ်းပါအုံး၊ ဘာနဲ့ တိုက်သလဲ။

ဖြေ။ ။ တစ်နေ့မှာ တစ်နာရီ တိုက်ပါတယ် ဘုရား။

မေး။ ။ တစ်နေ့ တစ်နာရီတွင်ပဲလားဗျာ။

ဖြေ။ ။ တစ်နေ့ တစ်နာရီဆိုတာတောင် မနိုင့်တနိုင် ဖြစ်နေပါတယ်ဘုရား။

ကြည့်ပါအုံးတော့ဗျာ..... ၊ အဲဒါ လက်နက်ညံ့လို့လား၊ မင်းသား, မင်းသမီးတွေ ညံ့လို့လားဗျာ။ (မင်းသား, မင်းသမီးတွေကညံ့လို့ပါဘုရား။) ဘယ်က မင်းသား, မင်းသမီးတွေ ညံ့တာလဲ၊ သည့်ပြင် မင်းသား, မင်းသမီးတွေက ညံ့တာလား။ (မဟုတ်ရပါဘုရား၊ ညံ့တဲ့မင်းသားက ရှုံးရပါတယ် ဘုရား။) ယခုမင်းသားတွေက လူစွမ်းကောင်းတွေလား၊ မင်းသား ညံ့တွေလား။ (မင်းသားညံ့တွေပါ ဘုရား။) ရှင်ဘုရင် လုပ်ချင်တဲ့ မင်းသားတွေလားဗျာ။ (လုပ်ချင်တဲ့ မင်းသားတွေချည်းပါပဲ ဘုရား။)

ဒီလိုဆိုရင် လက်နက်ကောင်းတယ်၊ တိုက်ကြ၊ ကြားကြရဲ့လား.....။ လက်နက်နဲ့ မတိုက်ရင်နေပါ၊ ကောင်းကောင်းကိုင်ထားရင်ပဲ ရန်သူက

http://www.dhammadownload.com



ကြောက်တယ်ဗျာ၊ လက်နက်ကို ကောင်းကောင်း မကိုင်ဘူး ထင်ပါတယ်။ (တပည့်တော်က တိုက်တော့ တိုက်ပါတယ်၊ တိုက်ပုံ တိုက်နည်း ညံ့နေလို့ပါ ဘုရား၊ ဒါကြောင့်မို့ လက်နက်ကောင်းကို သနားပါဘုရား။) ဒါပေမယ့် လက်နက်ပေးထားရုံနှင့် ဒီလက်နက်ကြီးက ဘယ့်နှယ်မှ လုပ်မှာ မဟုတ်ဘူးဗျာ၊ ဟုတ်ကဲ့လား။ ဘယ့်နှယ်မှ မလုပ်ဘူး ဒီလက်နက်ကို ကိုင်ပြီး ဒီလက်နက်ကို အသုံးပြုမှသာလျှင် နိုင်မှာဗျာ၊ ဟုတ်ကယ့်လားဗျာ။ (မှန်ပါ့ ဘုရား။)

အေး..... ဒီတော့ လက်နက်တွေကတော့ ဘယ်လက်နက်မှ မညံ့ပါဘူးဗျာ၊ သူတို့မှာ တစ်ခုမကဘူး၊ စုထားလိုက်တာ အများကြီးပဲ၊ လျှောက်ပြောမယ်ဆိုရင် ပြောလိုက်ကြမှာ အများကြီးပဲ။ (တပည့်တော်တို့မှာ လက်နက်တွေ များလွန်းအားကြီးလို့ ဟုံ နေပါတယ်ဘုရား။) မတိုက်လို့ပါဗျာ၊ တိုက်ပါ၊ ကြားလားဗျာ၊ ယခုနက ပြောလိုက်တာက အနှစ် ဘယ်လောက်ဆိုလဲ၊ ဒါကို မင်းသား, မင်းသမီးတွေ ပြောတာက မြှောက်များပြောတာလား။ (မဟုတ်ပါဘုရား၊ အမှန်အတိုင်း ပြောတာပါ ဘုရား။) မင်းသား, မင်းသမီး ဆိုတော့ မင်းသား မင်းသမီးချည်း လုပ်ချင်နေတာလား၊ ရှင်ဘုရင် မလုပ်ချင်ဘူးလား။ (ရှင်ဘုရင် လုပ်ချင်ပါတယ် ဘုရား။) ဘာလို့ မင်းသား, မင်းသမီးတွေ လုပ်နေရတာလဲ။ (ကြိုးစားတော့ ကြိုးစားပါတယ်၊ မအောင်မြင်လို့ပါဘုရား။) အေး.... လက်နက်ကတော့ ကောင်းတယ်၊ မတိုက်လို့ပါဗျာ၊ ဟုတ်ကဲ့လားဗျာ၊

မေး။ ။ ယခုလောကမှာ ခုတ်လို့ ပြုလို့ ပြတ်တဲ့ သန်လျက်ရှိတယ် မဟုတ်လား၊ ဘယ်ဓား၊ ဘယ်သန်လျက်က ကောင်းသလဲ၊ ဘယ်အမျိုးအစားက ကောင်းသလဲ။

ဖြေ။ ။ သန်လျက်ကတော့ ကောင်းတာချည်းပါပဲ ဘုရား။

မေး။ ။ အဲ.... အဲဒါတွေ အပ်ထားမယ်ဗျာ၊ အပ်ထားတာတော့ ဒကာကြီးတွေ အဲဒါကို ယူထားစမ်းပါ ဆိုတော့ ဘယ့်နှယ် တုံးဗျာ။

ဖြေ။ ။ ဘယ်ကကိုင်လို့ ဘယ်လိုခုတ်ရမှန်းမသိပါဘုရား။ ခုတ်တော့ ခုတ်တာပဲ၊ ခုတ်နည်းကို နေရာမကျပါဘုရား။ ခုတ်နည်း တစ်ခု, တိုက်နည်းတစ်ခုကို အရှင်ဘုရား သနားခဲ့ပါဘုရား။

http://www.dhammadownload.com



သူတို့မှာ အပုံပါပဲဗျာ၊ မခုတ်လို့နေမှာပါ။ အေး..... ဒါကတော့ အများအလိုသာ ပြောနေတာပါဗျာ၊ အားလဲ ထုတ်ကြပါတယ်၊ ဝီရိယလဲ ရှိကြပါတယ်၊ သို့သော် ဝီရိယ မရှိသလိုတော့ ပြောနေတာဗျာ့။ ဝီရိယတွေ များများကြီး ရှိတယ်၊ ရှိတဲ့ ဝီရိယကို သူတို့ မသုံးဘဲ နေလို့ဗျာ့၊ ဟုတ်ကြရဲ့လားဗျာ. ၊ ဝီရိယကို မသုံးကြဘူး၊ အဲသည်လို ထူထောင်ပြီး တော့ ပြုကြပါ။

## တဆက်တည်း တစ်ရက်ပြည့် ရိပ်မိ

ဝီရိယ ရှိပါတယ်၊ ရှိတဲ့အတိုင်း အသုံးပြုမယ်ဆိုရင် ချက်ချင်း မင်းသားတွေဟာ သေသေချာချာ ဘုရားရှင်ရဲ့ သားတော် သမီးတော်တွေ ပီပီ ဧကန်မုချ နိဗ္ဗာန်ပြည်ကြီးရဲ့ အရှင်သခင်တွေ ဖြစ်ကြပါလိမ့်မယ်။ ဘုရားသားတော် သမီးတော်ပီပီ ဘုရား ဆိုဆုံးမတဲ့အတိုင်း သောဝစဿတာဂုဏ်နှင့် ဝီရိယ ထူထောင်ပြီးတော့ လိုက်နာကြတယ်၊ လိုက်နာတဲ့ အားလုံးသော လူနတ်ပြဟ္မာတွေဟာ အကုန်လုံး စိတ်နှလုံးအလိုအတိုင်း ပြီးကြပါတယ်ဗျာ။ ယခုလဲပဲ ပြီးစီးကြတာ ဘာ့ကြောင့်တုန်းဆိုရင် အချိန် များများ မပြုချင် နေပါဦးတော့၊ မြင့်မြတ်တဲ့ အချိန်တွေ ရှိပါတယ်။

တစ်ရက်ပြည့်ပြည့်ကလေးလောက် တောက်လျှောက် ဂရုစိုက်လိုက်ရင် တော်တော် ရိပ်မိသွားပါလိမ့်မယ်။

ယခု သူတို့ 'နှစ်တွေကိုပဲ ကြာလှပါပြီ' လို့ပြောတယ်။

မေး။ ။သေသေချာချာသာဆိုရင် တစ်ရက်ပြည့်ဖူးကြလား။

ဖြေ ။ ။ မပြည့်ဘူးပါဘုရား။

တစ်ရက်ဆိုတာ တစ်နေ့နှင့် တစ်ညဉ့်ကို တစ်ရက်လို့ ခေါ်ပါတယ်၊ သည်လို တစ်နေ့နှင့် တညဉ့်ကို ပြည့်ပြည့်ကြီး ဘုရားဆိုဆုံးမတဲ့ အဆုံးအမကို ထူထောင်ပြီး ပြုကြစမ်းပါ။

အားလုံး တစ်ရက်ပြည့်သွားပြီဆိုတော့ တစ်ရက်ရဲ့ တန်ဖိုးကို ကောင်းကောင်းလှလှကြီး ဒကာကြီးတို့ ဒကာမကြီးတို့ သိပါလိမ့်မယ်၊ သည်တော့ ပြုကြတာတွေကတော့ ဘယ်လောက်ရှိပါသလဲဆိုလျှင် အနှစ် ၂၀-၃၀ ရှိပါပြီ၊ တချို့ဆိုလျှင်လဲ မှန်တာ မှန်ပါလိမ့်မယ်၊ သို့သော်လဲပဲ အနှစ် ၄၀-၅၀ ရှိပြီလို့ ပြောကြတယ်။ အဲသည်လို ပြောတာ၊ ဝီရိယ ထူထောင်တာဟာ သေသေချာချာ စိစစ်ပြီးကြည့်ပါ 'တစ်ရက်ပြည့်ရဲ့လား' လို့

http://www.dhammadownload.com



တစ်ရက်ပြည့်ရဲ့လားဗျာ။ (မပြည့်ပါဘူးဘုရား။) အဲဒါ တစ်ရက် မပြည့် တာ ဘာ့ကြောင့်လဲ၊ ဝီရိယတော့ ရှိတယ်မဟုတ်လား။ (ရှိပါတယ်ဘုရား။)

## ငွဲကောင်းတဲ့ ပွဲကြည့်ဝီရိယ

ရှိတဲ့ ဝီရိယကို ကောင်းတဲ့နေရာမှာ အသုံးမချဘူး၊ မြင့်မြတ်တဲ့ နေရာမှာ အသုံးမချဘူး၊ နေရာမကျတဲ့ နေရာမှာ သူတို့ အသုံးချတယ်၊ ဘယ်လို အသုံးချသလဲ ဆိုရင် ငယ်ငယ်တုန်းက ပွဲ ကြည့်ကြတယ် မဟုတ်လား။

မေး။ ။ပွဲများသွားကြည့်တော့ ဘယ်နှယ်တုံးဗျာ့။

ဖြေ။ ။တစ်ညဥ့်လုံး မအိပ်မိဘဲနှင့် မိုးလင်းအောင် ကြည့်ပါတယ် ဘုရား။

အဲသည်လို ကြည့်တာ ဘယ်နှညဥ့် ဆက်ကြည့်သလဲ။ (နှစ်ညဥ့် သုံးညဥ့် ဆက်ကြည့်ပါတယ်ဘုရား။) ဘယ်နှစ်ကြိမ်လောက်များ ကြည့်သလဲ၊ (မရေတွက်နိုင်ပါဘုရား။) အဲဒါကျတော့ ဝီရိယရှိတယ်၊ နေ့ပေါက် ညဥ့်ပေါက်ကို ပြုနိုင်တဲ့ ဝီရိယရှိတယ်ဗျာ့၊ အဲဒါကျတော့ ဝီရိယ ကောင်းကြတယ်။

မေး။ ။ဥပုသ်ရော သူတို့စောင့်ကြတာ ဘယ်နှခါရှိပြီလဲ။

ဖြေ။ ။ဥပုသ်စောင့်တာတော့ များပါတယ် ဘုရား။

အခုလို နေ့ပေါက် ညဥ့်ပေါက် ဥပုသ် ဘယ်နှရက်လောက် စောင့်ကြသလဲ။ (ဥပုသ်တော့ ငယ်ငယ်ကတဲက စောင့်ပါတယ်ဘုရား။) ရက်ပေါင်း ဘယ်လောက်ရှိသလဲ။ တစ်ရက်ဆိုတာ တစ်နေ့နှင့် တစ်ညဥ့်ကို တစ်ရက်လို့ ခေါ်တယ်၊ အဲသည်တော့ ဥပုသ်စောင့်တာ တစ်ရက်ပြည့်ပြည့် ရရဲ့လား။ (မပြည့်ပါဘုရား။) ဘယ်လောက်ကြာ စောင့်သလဲ။ (နေ့တစ်ဝက် လောက်ပါပဲဘုရား။) သည် နေ့တစ်ဝက်လောက်မှာပဲ အဟုတ်ပြည့်ပြည့် စောင့်သလား။ (မပြည့် တတ်ပါဘုရား။) ဒါဖြင့် ဘယ်လောက်စောင့်သလဲ။ (မနက် ကနေ အရုဏ်တက်အထိ စောင့်ပါတယ် ဘုရား။)

မေး။ ။အရုဏ်တက်တာက သူ့ဟာသူ တက်တာလား၊ ဥပုသ်စောင့်ရင်း တက်တာလား။

ဖြေ။ ။သူ့ဟာသူ တက်တာပါဘုရား။

http://www.dhammadownload.com



အေး..... အဲသည်တော့ သူတို့မှာ ဝီရိယတော့ ရှိပါတယ်၊ ဝီရိယ ရှိပေမဲ့ သည်နေရာမှာ အသုံးအချဘူး၊ ဟိုပွဲကြည့်တဲ့နေရာမှာတော့ နေ့ပေါက် ညပေါက် ကြည့်တယ်မဟုတ်လား၊ အဲသည်လို ပွဲကြည့်ရင်း စုတိကျလို့ သေသွားလျှင် ဘယ်ရောက်မလဲ။ (အပါယ်ရောက်မှာပါပဲ ဘုရား။) အပါယ်ကို ရောက်ချင်သလား။ ( မရောက်ချင်ပါ ဘုရား။) မရောက်ချင် ပေမယ့် အဲဒါကတော့ ဖွဲကောင်းကြတာ၊ ဟုတ်ကဲ့လားဗျာ။

အဟုတ်တကယ် ဥပုသ်စောင့်တယ်ဆိုတာက ရှေးအရှင်များတို့လို တစ်ရက်ပြည့်ပြည့် ဖွဲကောင်းကြမယ် ဆိုလျှင် လိုချင်တာ မပြည့်ပေဘူးလား၊ တစ်ရက်ဆိုတဲ့ဟာ ဥပုသ်စောင့်တာ သူတို့မှာတော့ ရိပ်မိကြပါတယ်၊ သူတို့ သိလဲ သိပါတယ်၊ သိထားတဲ့အတိုင်း များတောင် နေပါသေးတယ်။

## ရှေးရှေးတုန်းက ဥပုသ်သည်

ရှေး အရှင်တွေ ဥပုသ်စောင့်တာက သီလ ဆောက်တည်ပြီးသည်နှင့် တပြိုင်နက် ဘုရားအာရုံ၌သာလျှင် သက်ဝင်ပြီး စိုက်စိုက်စူးစူး သည်လို ထားတာဗျာ၊ ဘုရားအာရုံ၌သာလျှင် စိတ်အားဖြင့် သက်ဝင်ပြီး စိုက်စိုက် စူးစူး သည်လိုထားတာတဲ့ဗျာ၊ သည်တော့ သည်လိုစိုက်စိုက်စူးစူး ထားတယ် ဆိုတော့ ထိန, မိဒ္ဓ, ကောသဇ္ဇ [ကောသဇ္ဇ- တွန့်ဆုတ်ပျင်းရိခြင်း] တို့ ဝင်လာပါ့မလား။ ( မဝင်လာပါ ဘုရား။) ဤကဲ့သို့ စိုက်စိုက်စူးစူး ထားမယ် ဆိုလျှင် သူတစ်ပါး စကားပြောတာကို ကြားတာ ဝင်လာဦးမလား။ (မဝင်လာ ပါဘုရား။) ကျယ်ကျယ်ကြီးစကားပြောတာကိုကော။ (မဝင်လာပါဘုရား။) ပြီးတော့ လောဘမရှိဘူးဗျာ၊ ဒေါသမရှိဘူးဗျာ၊ မောဟမရှိဘူးဗျာ၊ သည်တော့ လောဘ, ဒေါသ, မောဟ စင်ကြယ်နေတယ် ဆိုတော့ ဘယ်နှယ် လဲဗျာ့ ပျင်းလိုက်တာလို့များ ရှိသေးသလား။ (မရှိပါ ဘုရား။)

မေး။ ။ အဖော်မျှော်အုံးမှာလား။

ဖြေ။ ။ မမျှော်ပါဘုရား။

မေး။ ။ သူများ စကားပြောတာ နားထောင်ချင်အုံးမှာလား။

ဖြေ။ ။ နားမထောင်ချင်ပါ ဘုရား။

မေး။ ။ ကိုယ့်လာခေါ်ရင် ထူးအုံးမှာလား။

ဖြေ။ ။ မထူးပါ ဘုရား။

http://www.dhammadownload.com



အဲသည်လို ကိုယ့်ရဲ့ ချမ်းသာသုခနှင့် နေတော့ သည့်ပြင် သီတင်းသုံးဖော်တွေကို 'ငါချည်း ချမ်းသာသုခနှင့် နေပြီး သည့်ပြင် သီတင်းသုံးဖော်တွေ မရစေချင်ဘူး' လို့ ရှိပါအုံးမလား။ (မရှိပါဘုရား။) ကိုယ်ရထားပြီဆိုတော့ ဝန်တိုမယ် မဟုတ်ဘူး။ **သူတော်ကောင်းဆိုတာ ဝန်မတိုဘူးဗျာ့၊** ကြားလား၊ သူတို့ စကားပြောတာကြောင့် မရသေးဘူး၊ ငါ့လို ရစေချင်တယ်၊ ဒါ့ကြောင့် သည်လို နှာသီးဝမှာ သာသာကလေး သည်လိုထားဆိုပြီး မဖြစ်စေချင်ဘူးလား။ (ဖြစ်စေချင်ပါတယ် ဘုရား။) သည်တော့ အားလုံးတို့ဟာ ဝီရိယထူထောင်၍ သည်အတိုင်း စိုက်စိုက် စူးစူးကလေး နံနက် အရုဏ်တက်ကစပြီး တဆက်ထဲ ထားလိုက်မယ်ဆိုရင် နေဝင်သွားရင် ဘယ့်နှယ်တုန်းဗျာ့၊ နေဝင်တာက ကြာကြာကြီးနေမှ ဝင်တယ်၊ ဒါပေမဲ့ 'တယ်ပြီးတော့ နေ့တာရှည်တယ်' လို့များ အောက်မေ့အုံးမှာလား။ (မအောက်မေ့ပါ ဘုရား။)

ဒါဖြင့် "ကနေ့ကျမှပဲ နေ့တာက တိုလိုက်တာ၊ ဒို့ဥပုသ်စောင့်မှပဲ နေ့တာက တိုလိုက်တာ၊ ခဏလေးရှိသေးတယ်၊ ဘာ့ကြောင့်များ သည်ကနေ့ကျမှ နေ့တာက တိုမှန်းမသိဘူး" လို့ သည်လိုပြောတယ် မဟုတ်လား၊ နေဝင်သွားပြီးတဲ့နောက် တစ်ခါအာရုံပြုလိုက်တာ အရုဏ်တက်သွားပြီး နောက်တခါ ဆက်ပြီး အာရုံပြုလိုက်တော့ လင်းသွားရော၊ အဲသည်တော့ "သည်ကနေ့ ညတာ တိုလိုက်တာ၊ အခုပဲလင်းသွားပြန်ပြီ" လို့ ပြောပြန်တယ်။

အဲဒါက ရှေးက ဥပုသ်သည်ဗျာ့၊ တစ်ရက်ဆိုလျှင် တစ်ရက်ဆိုသလောက် အရုဏ်တက်ကတည်းက ဆောက်တည်တယ်၊ တစ်နေ့လုံးဗျာ့၊ တစ်ညလုံးဗျာ့၊ နက်ဖြန်ခါ လင်းသွားပြန်တော့လဲ အားမရဘဲ လင်းသွားတာဗျာ့၊ ဟုတ်ကယ့်လားဗျာ။ အဲသည်လို အားမရပြန်တော့ "သည့်ပြင်ဟာတွေကတော့ သံသရာတစ်လျှောက်လုံးက လုပ်ခဲ့ဖူးတာ များလှပြီ" လို့ တကယ်ပြောပြီး အဟုတ် ဆောက်တည်တာဗျာ့၊ တဆက်တည်းဆိုတာ အဲသည်လိုတဲ့ဗျာ့။

## ကာလ ဥပုသ်သည်

မေး။ ။ ဒကာကြီးတွေ ဒကာမကြီးတွေ တစ်ရက်တော့ သည်လို တစ်ရက်မျိုး ဟုတ်ကယ့်လားဗျာ့၊ ဘယ်လို တစ်ရက်ပါလိမ့်။

ဖြေ။ ။ ပေါ့ပျက်ပျက် တစ်ရက်ပါ ဘုရား။

http://www.dhammadownload.com



ဒါဖြင့် အဲသည် ဥပုသ်သည်ဟာ စိတ်တွေက ဟိုရောက် သည်ရောက်နှင့် စုတိကျသွားလို့ သေသွားလျှင် အဲသည် ဥပုသ်သည်ကို ပြောတာနော်၊ ဒကာကြီးတွေ ဒကာမကြီးတွေ မဟုတ်ဘူး၊ အဲသည်လို ဟိုရောက် သည်ရောက်နှင့် စေတီရင်ပြင် ဗောဓိရင်ပြင်မှာနေရင်း သေသွားမယ်ဆိုရင် အဲသည် ဥပုသ်သည် ဘယ်ရောက်သွားမလဲ။ (အပါယ်ရောက်မှာပါပဲ ဘုရား၊ ငရဲရောက်မှာပါပဲ ဘုရား။) အပါယ်ရောက်မယ်, ငရဲရောက်မယ် ဆိုတာ တစ်မျိုးစီလားဗျာ။ (အတူတူပါပဲ ဘုရား။) ဟုတ်ကဲ့လားဗျာ။

အပါယ်က ဘယ်နှစ်မျိုးရှိသလဲ။ (လေးမျိုးရှိပါတယ် ဘုရား။) ဘယ်သင်း ဘယ်သင်းလဲ၊ (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊အသူရကာယ်ပါဘုရား။) အေး..... ငရဲ ဘယ်သူ ရောက်ချင်ကြသလဲ၊ တိရစ္ဆာန် ဘယ်သူ ရောက်ချင်သလဲ။ (မရောက်ချင်ပါ ဘုရား။) ပြိတ္တာရော ဘယ်သူရောက်ချင် သလဲ။ အသူရကာယ်ရော ဘယ်သူ ရောက်ချင် သလဲ။ (မရောက်ချင်ပါ ဘုရား။)

အေး.... သည်တော့ သီလတော့ ဆောက်တည်လို့ ပြီးပြီဆိုတော့ ဘုရားရှင် ဂုဏ်တော်၌ စိုက်စိုက်စူးစူးမနေလျှင် ကုသိုလ်လား၊ အကုသိုလ်လား။ (မနေရင် အကုသိုလ်ပါ၊ နေရင် ကုသိုလ်ပါ ဘုရား။) သီလဆောက်တည်ပြီး ဘုရားဂုဏ်တော်၌ သက်ဝင်မနေဘဲ သည်အတိုင်းသာ သည်ဥပုသ်သည် သေသွားရင် ဘယ်ရောက်မလဲ။ (အပါယ်ရောက်မှာပါပဲ ဘုရား။) ဒို့ကတော့ မဆိုချင်ပေါင်..... ဒကာကြီးတွေကပြောတာ၊ အဲသည် ဥပုသ်သည်ဟာ ဘုရားအာရုံ၌ စိတ်မနေဘဲ သေသွားတော့ အပါယ်လေးပါးဆိုတဲ့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် တစ်နေရာရာကို ရောက်မှာ သေချာတယ် ထင်ပါရဲ့။ (သေချာပါတယ် ဘုရား။) ဘုရား အာရုံမှာ စိတ်မနေလျှင် ဒို့ ဒကာကြီးတွေ ဒကာမကြီးတွေကို ပြောတာမဟုတ်ဘူး၊ ဟိုဥပုသ်သည်ကို ပြောတာ။ (အဲသည် အပါယ်ငရဲက လွတ်အောင် အရှင်ဘုရားက နည်းကောင်းလေးတစ်ခု သနားခဲ့ပါ ဘုရား။)

ယခုနက ဘုရားအာရုံ၌ စိုက်စိုက်စူးစူးကလေးထား ဆိုတာ မှတ်မိတယ် မဟုတ်လား။ (မှတ်မိပါတယ် ဘုရား။) ဒါဖြင့် သည်အချိန်ကစပြီး ထားကြပါစို့ရဲ့၊ ဘယ့်နှယ်လဲ။ (ထားပါ့မယ် ဘုရား။) ကောင်းပြီ၊ သည်အချိန်က ဆိုတော့ တစ်ရက်တော့ မပြည့်ဘူး၊ လင်းအောင်ဆိုရင် တဝက်တော့ ရသေးတယ်၊ ဘယ့်နှယ်တုံး၊ (ထားပါ့မယ် ဘုရား။) တစ်ဝက်

http://www.dhammadownload.com



တော့ရမယ်၊ ဟုတ်ကယ့်လားဗျာ၊ ညမှာ ဘာအလုပ်များ ရှိသေးသလဲ။ (ညတော့ ဘာအလုပ်မှ မရှိပါဘုရား။)

ကဲ-- ဒါဖြင့် တစ်ရက်လုံးတော့ မရဘူး၊ တစ်ရက်ဆိုတာ တစ်နေ့နှင့် တညကို ပေါင်းမှ တစ်ရက်လို့ခေါ်တာ၊ အဲသည်တော့ အခုဆိုရင် တစ်ဝက် တော့ ရပါသေးတယ်။ အဲ ... ဒါဖြင့် တစ်ဝက်တော့ ကျန်ပေသေးတာပေါ့။ သည့်ပြင်အချိန်တွေဆိုရင် လုပ်စရာတွေက ရှိဦးမှာကိုး၊ အခုတော့ ထမင်း စားပြီးပြီဆိုတော့ ထမင်းချက်ဖို့လဲ မလိုတော့ဘူး ထင်တယ်။ ထမင်းကျက် ပြီးသားကို စားခဲ့လို့ပြီးပြီ၊ သည့်ပြင်အလုပ်လဲ မရှိဘူး၊ ဒါဖြင့် နေရာကျတာပဲ၊ ကဲ..... ဒါဖြင့် တစ်နေ့လုံးတော့ မရဘူး၊ တစ်ဝက်တော့ဖြင့် ရပါသေးတယ်၊ လုပ်မှာလား။ (လုပ်ပါ့မယ် ဘုရား။) ဟုတ်ကယ့်လား၊ တော်တော်ကြာပြီ ဆိုမှဖြင့် တကတဲပါမှပဲ တရွေ့ရွေ့နှင့် ဒီလိုနေမှာလား၊ တော်တော်ကြာ ဘုရားရှင်ရဲ့ သားတော်, သမီးတော်တွေဟာ အဟုတ်ကို ဥပုသ်ဆောက် တည်နေကြတယ်ဆိုပြီး သည်လိုချည်းကို နေမှာလား၊ တော်တော်ကြာ ဘယ်သွား နေတာတုံးလို့များ ဖြစ်နေမှာလား။ (ကြိုးစားပါ့မယ် ဘုရား။) အကုန်လုံး ဟုတ်ကဲ့လား။ (ကြိုးစားနိုင်သလောက် ကြိုးစားပါ့မယ်ဘုရား။)

'ကြိုးစားနိုင်သလောက် ကြိုးစားမယ်' ဆိုကတဲကိုကပဲ တကတဲပါမှ ဟိုက ဝင်လာတော့မှာဗျာ၊ ရန်သူဝင်မလာပေဘူးလား၊ အဟုတ်ဆိုမှ ရန်သူက ကြောက်တာဗျာ၊ အဟုတ်ဆိုလျှင် ကြောက်ပါ့ဗျာ။

ဘုရား ရှေ့လက်ထက်တော်က အရှင်မြတ်တွေကတော့ သည်လို ဘုရားထံမှောက်ရောက်၊ ဘုရားအဆုံးအမတော်ကို ခံယူပြီးပြီဆိုမှဖြင့် အကုန်လုံး မှတ်သားပြီးပြီဆိုတော့ လိုက်နာကြတော့တာပဲ။

## နိဿဇ်စံပြ အရှင်မဟာကဿပ

အရှင်မဟာကဿပ မထေရ်မြတ်ကို မှတ်သားဖူးပါတယ် မဟုတ် လား။ (မှတ်သားဖူးပါတယ် ဘုရား။) ဘုရားရှင်ထံမှောက်ရောက်၊ ဘုရားရှင် က ဆင်းရဲမှလွတ်အောင် ဆုံးမတော်မူတဲ့အတိုင်းကို လိုက်နာတယ်၊ ဘယ်ထိအောင် လိုက်နာသလဲဆိုရင် ဣရိယာပုတ်လေးပါး ရှိတယ်၊ ဣရိယာ ပုတ်လေးပါး ဆိုတာ ဘယ်သင်းတုံး၊ ထိုင်တယ်, ရပ်တယ်, သွားတယ်, လျောင်းတယ် ဟုတ်ပါရဲ့လားဗျာ။

http://www.dhammadownload.com



သည်က္ကရိယာပုတ်လေးပါးမှာ ဘယ်သင်းက ရန်သူ ဝင်လာနိုင်သလဲ ဆိုတော့ကာ ဘုရားရှင် ဆုံးမတဲ့ အဆုံးအမကို ဆောင်တော့မယ် ဆိုလျှင် လျော်းတဲ့ က္ကရိယာပုတ်က ထိနမိဒ္ဓ လာလွယ်သကိုးဗျာ၊ လာပြီဆိုမှဖြင့် သူက မပြန်ဘူးဗျာ၊ ဟုတ်ကဲ့လားဗျာ။

မေး။ ။သည်ထိနမိဒ္ဓကို လက်သင့်ခံရင် သီလ သမာဓိ ပညာတို့ဟာ ကိုယ်မှန်းထားတဲ့အတိုင်း တိုးတက်ပါ့မလား။

ဖြေ။ ။ မတိုးတက်ပါ ဘုရား။

သူက ရန်သူကိုးဗျာ။ ဒါကြောင့် အရှင်မြတ်က ရန်သူ မြန်မြန်လာတဲ့ က္ကရိယာပုတ်ကို ပယ်ထားတယ်၊ လာပေမယ်လို့ ကြာကြာမနေတဲ့ က္ကရိယာ ပုတ်နှင့် နေတယ်။

သည့်တော့ ဘယ်လိုတုံးဗျာ၊ ဓုတင် တဆယ့်သုံးပါးရှိတဲ့ နေရာမှာ အရှင်မဟာကဿပ အရှင်မြတ်က ဓုတင် တစ်ဆယ့်သုံးပါးစလုံး ထူထောင် တယ်တဲ့ဗျာ၊ သို့သော်လဲပဲ သည့်ပြင် အရှင်မြတ်တွေမှာလဲပဲ ဓုတင် တွေဟာ ရှိတယ်တဲ့ဗျာ၊ သို့သော်လဲပဲ ဆင်းရဲမှလွတ်မှု ဘုရားဆိုဆုံးမတဲ့ အဆုံးအမကို လိုက်နာတဲ့ သူတော်ကောင်း အစားစားတို့မှာ နိသဇ်ဓုတင်ကတော့ ဝီရိယ အရှင်သခင်တွေမှာသာ ရှိတယ်။

နိသဇ်ဓုတင်ကတော့ ဘာလဲဆိုလျှင် '**မအိပ်ဘူး**' လို့ ဆောက် တည်တာ၊ အဲသည် နိသဇ်ဓုတင်ကို ဆောက်တည်ပြီး ဖြည့်တာ, ကျင့်တာကို ယခုနက ပြောတဲ့ ထိန-မိဒ္ဓမလာဘူးဗျာ။

မေး။ ။ အဲသလို အိပ်တဲ့ က္ကရိယာပုတ် ပယ်ထားပေမဲ့ အရှင်မြတ် များမှာ ပိုပြီးတော့တောင်မှ အသက်ရှည်ကြ, ကျန်းမာ ကြတယ် မဟုတ်လားဗျာ။

ဖြေ။ ။ မအိပ်မနေ အသက်ရှည်ပါတယ် ဘုရား။

ဒို့ ဒကာကြီး, ဒကာမကြီးတွေဟာ စစ်တော့ တိုက်တယ် မဟုတ်လား။ (တိုက်ပါတယ် ဘုရား။)

http://www.dhammadownload.com



## ထိနမိဒ္ဓကို အိပ်ရာခင်း၍ စောင့်ကြို

'ယခုအချိန်မှ အားထုတ်ရမယ်, အားထုတ်ရမယ်' နှင့် ဘာတွေများ ပြင်သလဲ။ (အိပ်ရာပြင်ပါတယ် ဘုရား။) ဟုတ်ပါလိမ့်မယ်ဗျာ၊ အဲသည်လို အိပ်ရာပြင်ထားတော့ တော်တော်ကြာ အားထုတ်တဲ့အခါကျတော့ ဘယ်သူ လာသလဲ၊ ထိနမိဒ္ဓလာတော့ ဘယ့်နှယ် လုပ်သလဲ။ (လာတော့ အိပ်ပစ် လိုက်တာပါပဲ ဘုရား။) သူက ဘယ့်နှယ်ပြောမလဲ။ (ဘယ့်နှယ်မှ ပြောမယ် မဟုတ်ပါဘုရား။) ဘာ..... ဘယ့်နှယ်မှပြောမယ် မဟုတ်ဘူး၊ မပြောပေမဲ့ သေသေချာချာဗျာ၊ သည်တော့ ထိနမိဒ္ဓ လာပြီဆိုလျှင် "မင်း အခုမှ လာ တယ်၊ငါ့မှာဖြင့် နေရာကို စောစောစီးစီးက ပြင်ထားလိုက်ရတာ" ဟုတ်ကယ့် လားဗျာ၊ လာရင်တော့ ဘယ့်နှယ်လုပ်သလဲ၊ အခုနက "စောစာစီးစီး ပြင်ထားတဲ့ အိပ်ရာပေါ်မှာ အိပ်တာပေ့ါ" လို့ ဆိုပြီး အိပ်လိုက်တာပဲ မဟုတ်လား။ (ဟုတ်ပါတယ် ဘုရား။) အဲသည်တော့ ကိုယ်လိုလား တောင့်တတဲ့ အတိုင်း ဖြစ်နိုင်ပါ့မလား။ (မဖြစ်နိုင်ပါဘုရား။) အေး..... ရှေးက အရှင်တွေ ကတော့ သည်လို မဟုတ်ဘူးဗျာ။

မေး။ ။ **ယခုနက ပြောတဲ့ ရုတင်ကို ဆောင်ထားလိုက်ပြီး မအိပ်ဘဲနေရုံနှင့် ကုသိုလ်ရတယ် မဟုတ်လား၊ မအိပ်ဘဲ နေရုံနှင့် သီလ, သမာဓိ, ပညာဟာ တိုးတက်တယ် မဟုတ်လား။**

ဖြေ။ ။ တိုးတက်ပါတယ် ဘုရား။

ဘယ်လိုလဲဆိုလျှင် မအိပ်ဘဲနေတာက ဘုရား ဆိုဆုံးမတဲ့အတိုင်း ဝီရိယနှင့် ထူထောင်ပြီး သည်လိုယူလို့ သည်လိုပြည့်တာဗျာ၊ ဟုတ်ကယ့် လားဗျာ၊ အဲသည်လို ဝီရိယ ထူထောင်ပြီး သည်လိုထားလိုက်တဲ့အခါကျတော့ ယခုနက မအိပ်ဘဲနှင့် နေတယ်၊ နေပြီးတော့ ဘုရား ဆိုဆုံးမတဲ့ အဆုံးအမကို စိုက်စိုက်စူးစူး အာရုံပြုတာကိုးဗျာ၊ ပြုထားတဲ့ အခါကျတော့ အချိန်တစ်ခုနှင့် တစ်ခု မတူတော့ဘဲ သီလ, သမာဓိ, ပညာတို့ဟာ အစဉ်အတိုင်း တိုးတက် တော့တာပဲ၊ နောက်ပြီး ထိနမိဒ္ဓ ဆိုတာလဲ မလာပေဘူးဗျာ၊ ရှေး အရှင် သူတော်ကောင်း အစားစားတို့ဟာ သည်လိုပါတဲ့ဗျာ။

http://www.dhammadownload.com



## မအိပ်ချင်တဲ့ ညလုံးပေါက်

ယခုရော သူတို့ဟာက ဝီရိယတော့ ရှိပါတယ်ဗျာ၊ ဝီရိယ ရှိပေသည့် သည်လို ဝီရိယကို အသုံးမချဘူး၊ ဥပုသ်စောင့်ရာမှာ သည်လို ဝီရိယကို အသုံးမချဘဲ တစ်ရက် ကောင်းကောင်း မပြည့်ဖူးဘူးဗျာ၊ အပါယ်ကျဖို့ရာ ကျတော့ နေ့ပေါက် ညပေါက်ချည်းပဲ မဟုတ်လား။

အပါယ်တော့ ရောက်ချင်သလား။ (မရောက်ချင်ပါ ဘုရား။) သည်တော့ ဝီရိယဆိုတာ ဒကာကြီးတွေ ဒကာမကြီးတွေ ရှိပါတယ်၊ ဒါပေမဲ့ နေရာမကျတဲ့နေရာမှာ ဝီရိယကို သုံးတယ်၊ နေရာကျတဲ့ နေရာမှာတော့ ဝီရိယကို အသုံးမချဘူး၊ ဟုတ့်ကယ့်လားဗျာ၊ တစ်ခါလောက် အသုံးချကြည့်စမ်းပါဗျာ။

များများ စမ်းမကြည့်ပါနှင့် တစ်ရက်ဆို တရက်ပြည့်ပြည့်ကလေး ဝီရိယကို အသုံးချပြီးလို့ရှိလျှင် နောင်ကို ဒကာကြီးတွေ ဒကာမကြီးတွေ ဘယ့်နှယ်ဖြစ်မလဲဆိုလျှင် 'တော်ကြပါအုံး' ဆိုတောင် မတော်ပါဘူးဗျာ။

သူတို့ပြုကြတာက တကတဲပါမှပဲ ပျော်တယ်လို့ဆိုပေမဲ့ ဘာပျော်စရာကောင်းသလဲ၊ တညလုံးပွဲကြည့်ထားတော့ နေ့ကျရင် အိပ်ချင်နေမှာလား၊ ယခု ဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာစမ်းပါဗျာ၊ အဲသည်အခါမှာ ပျော်ကြ၊ ရွှင်ကြပါလိမ့်မယ်၊ ဘယ်တော့မှ အပျော်မဆုံးဘဲနှင့် သည်လို ဖြစ်ပါလိမ့်မယ်၊ ယခုနကလို အိပ်ချင်မှာလဲ မဟုတ်ဘူး၊ ကြားကြရဲ့လားဗျာ၊ အဲဒါ ဘုရားဆုံးမတာကို လျှောက်ပြောနေတာ၊ ဒို့ကတော့ တတ်လို့ ပြောတာ မဟုတ်ဘူး၊ သို့ပေမဲ့ ဆုံးမတဲ့အတိုင်း လိုက်နာပြီးပြီဆိုတော့ အကုန်လုံးဟာ မသိဘဲ မနေဘူး၊ သိပါလိမ့်မယ်၊ ကြားကြရဲ့လားဗျာ။

## အရသာရှိရှိ ပြောရအောင်

အဲဒါက ဘာလဲဆိုတော့ 'သည်အရိပ်ကြီးက အေးတယ်၊ ဝင်ကြပါ' ဆိုပေမဲ့ သူများပြောတာ မယုံနှင့်၊ အရိပ်ကို ဝင်ကြည့်ပါ၊ ကိုယ်တိုင် ဝင်ကြည့်တော့ ကိုယ်တိုင်သိပါလိမ့်မယ်၊ သူများက အေးတယ်ဆိုပြီး အေးတယ်ဆိုတာနှင့် အေးနေရင် အဲဒါ အပြောအေး၊ အဟုတ်အေးတာ မဟုတ်ဘူး၊ အပြော အေးက အဟုတ်အေးနေတာ မဟုတ်ဘူး၊ ဟုတ်ကဲ့လားဗျာ။

http://www.dhammadownload.com



မေး။ ။ ရမ်းပြောတာဖြစ်တော့ ပြောရတာချည်းကိုက မြိန်မြိန်ရှက်ရှက် မရှိပါဘူး၊ ရမ်းပြောတာကိုး၊ သိလို့ပြောတာမှ မဟုတ်ဘဲ၊ သေသေချာချာသိပြီး ပြောတာက မြိန်မြိန်ရှက်ရှက် နှစ်နှစ်သက်သက် ဝမ်းမြောက်, ဝမ်းသာနှင့် မပြောနိုင်ပေဘူးလား။

ဖြေ။ ။ ပြောနိုင်ပါတယ်ဘုရား။

အဲဒါ ခုနက ဘုရားရှင်ရဲ့ သားတော် သမီးတော်တွေဟာ သည်လို ပြုတာဗျာ၊ ဒါ့ကြောင့် မင်းသား မင်းသမီးတွေဟာ ဘုရားရှင်ရဲ့ သားတော် သမီးတော်တွေ ပီပီ နိဗ္ဗာန်ပြည်ကြီး အရှင်သခင် ဖြစ်ချင်တယ်ဆိုလျှင် သည်လို ပြုပါဗျာ၊ ဒါကြောင့် ရှေးအရှင်သူတော်ကောင်း အစားစားတို့ဟာ ဘုရားရှင်ထံ ရောက်ကြတယ်၊ ဘုရားရှင် အစဉ်သနားပြီး ညွှန်ကြားဆုံးမ တဲ့အတိုင်း လိုက်နာကြတယ်၊ လိုက်နာကြတော့ တမုဟုတ်ချင်းပင်လျှင် တောင့်တတဲ့အတိုင်း ချမ်းသာသုခနှင့် ဆိုက်ရောက်သွားလိုက်တာ ရာပေါင်း, ထောင်ပေါင်း, သောင်းပေါင်း, သိန်းပေါင်း, သန်းပေါင်း, ကုဋေပေါင်း ကိုပဲ မရေမတွက်နိုင်ဘူးတဲ့၊ ဟုတ်ကဲ့လားဗျာ၊ အဲဒါ လိုက်နာကြတာ။

ယခုလဲ ဂရုစိုက်ပြီး လိုက်နာကြစမ်းပါ၊ လိုက်နာပြီဆိုလျှင် ဆိုက်ရောက်လာပါလိမ့်မယ်၊ ရာပေါင်း၊ ထောင်ပေါင်း၊ သောင်းပေါင်း၊ သိန်းပေါင်း မကဘူး။ လိုက်နာသလောက် **အကုန်လုံး** ဖြစ်ပါလိမ့်မယ်။

သည်တော့ အခုသူတို့ ဂရုစိုက်ကြပုံက ဘယ်လိုလဲဆိုလျှင် ထိနမိဒ္ဓ ဆိုတာ ရန်သူမဟုတ်လား။ (ရန်သူပါဘုရား။) ရန်သူကို သူတို့က မိတ်ဆွေ မှတ်ပြီး တကတဲပါမှပဲ တရားအားထုတ်ရအောင် ဆိုပြီး အိမ်း.... ဘာလုပ် ပါလိမ့်၊တခါတခါလဲ သွားပြီးတော့ အားထုတ်တယ် မဟုတ်လား၊ အားထုတ် တယ် ဆိုပေမဲ့ သွားကြည့်လိုက်ရသေးတယ် မဟုတ်လား၊ အိပ်ဖို့ရာ အဆင်သင့် ရရှိပါ့မလား၊ နေ့အိပ်ဖို့ရာ ညအိပ်ဖို့ရာ အဆင်သင့် ရှိရဲ့လား၊ အဲဒါတွေ အသင့်ရှိမှ သွားအားထုတ်မယ် မဟုတ်လား။(မဟုတ်ပါဘုရား။) အဲဒါ ရန်သူကို ချစ်တာလား၊ မတဲ့တာလားဗျာ၊ ရန်သူကို မွေးမြူထား တာကိုးဗျာ။ နို့..... နေ့ပါအုံးတော့၊ တကတဲမှပဲ ဟိုဒင်း ပြောကြပါစို့ရဲ့၊ ရန်သူမှန်း သိပြီဆိုရင် လက်သင့်ခံမလားဗျာ။ (မခံပါဘုရား။) လာရင် ဘယ့်နှယ် လုပ်မလဲ။ (ဆီးပြီးတော့ ကာကွယ်မှာပါ ဘုရား။) ဘယ့်နှယ်

http://www.dhammadownload.com



ကာကွယ်မလဲ၊ တိုက်မှာလား၊ နိုင်အောင်တိုက်မှာလား။ (သူ့ကို တွန်းလှန်တိုက်ပါ့မယ် ဘုရား။) တွန်းလှန်တာက ဘယ်လိုလဲ၊ သူ့ကို မှနာမကျင်အောင် လုပ်မှာလား။ ဘယ့်နှယ်လုပ်မှာလဲ။ (တခါထဲကို မလှန်နိုင်အောင် တွန်းလှန်လိုက်မှာပါ ဘုရား။) ပြောစမ်းပါအုံး၊ နောက်တစ်ဖန် မလာနိုင်အောင် ခုတ်ပိုင်းပစ်လိုက်ဗျာ့။

မေး။ ။ထိနမိဒ္ဓဆိုတာ မိတ်ဆွေလား၊ ရန်သူလား၊ သူလာတော့ ဘယ့်နှယ်လုပ်မလဲ။

ဖြေ။ ။လက်သင့်ခံပါတယ် ဘုရား။

မလာခင်ကတဲက သူ့နေရာလုပ်ထားပြီး လာတော့ ဘယ့်နှယ်လုပ်သလဲ။ (လာတော့ အိပ်ပစ်လိုက်ပါတာပါပဲ ဘုရား။ ဒါက တပည့်တော်ကို ပြောတာ ပါဘုရား။) သည့်ပြင် ဒကာကြီးတွေ မပါဘူးလား။ (မလျှောက်တတ်ပါဘုရား။) သည့်ပြင်လူတွေကတော့ ရန်သူမှန်းသိရင် ခုတ်ပိုင်းလိုက်တာချည်းပဲ ထင်ပါရဲ့။ (အတူတူပါပဲ ဘုရား။)

အေး.... သေသေချာချာ ဘုရားရှင်ရဲ့ သားတော် သမီးတော်တွေ အစစ်တွေမှာ ပါရမီရှိတာ အမှန်ပဲ၊ ကြားကြရဲ့လား၊ သို့ပေမယ့် တရားအားထုတ်မယ်ဆိုပြီး စိတ်ကူးတာကိုပဲ ကြည့်ပါအုံး၊ တရားအားမထုတ်ခင် အဲဒီနေရာကို သွားကြည့်ရအုံးမယ်၊ ဘာကြည့်သလဲ၊ နေ့အိပ်ဖို့ရာ၊ ညအိပ်ဖို့ရာ ရှိရဲ့လား၊ ဒါကြည့်တာနှင့် တူတယ်၊ ဟုတ်ကယ့်လားဗျာ၊ ဘယ့်နှယ်တုံးဗျာ၊ ဒီမင်းသား မင်းသမီးတွေဟာ ဘုရားရှင်ရဲ့ သားတော် သမီးတော်ပီပီ နိဗ္ဗာန်ပြည်ကြီးရဲ့ အရှင်သခင်ဖြစ်ဖို့ရာ တော်တော်နီးသွားပြီ ထင်တယ်၊ ဒီလိုအိပ်ဖို့ရာ ကြည့်ပြီး ကြိုးစားတာလား။ (မအိပ်ဖို့ရာ ကြိုးစားပါမယ် ဘုရား။) ကောင်းပါ့ဗျာ၊ ဒါတွေကတော့ သူတို့နားလည်ပါတယ်၊ သိလဲ သိပါတယ်။

မေး။ ။ ဟုတ်သလား မဟုတ်ဘူးလားဆိုတာ ဥပမာတစ်ခု ပြောအုံးမယ်၊ ဘာလဲဆိုရင် နိုးနိုးကြားကြား ရိုးရိုးအဟုတ် အိပ်ပျော်နေတဲ့သူကို နှိုးလိုက်ရင် နိုးလွယ်ပါတယ်၊ အိပ်လဲပျော်တာ မဟုတ်ဘူး' အိပ်ဟန်ဆောင်နေတဲ့ လူကတော့ နှိုးလို့မရဘူး၊ ဘာကြောင့်လဲ။

ဖြေ။ ။ နှိုးလေလေ ဟန်လုပ်လေလေပါပဲ ဘုရား။

http://www.dhammadownload.com



ဟုတ်တယ်ဗျာ့၊ ဒို့ဒကာကြီးတွေ၊ ဒကာမကြီးတွေ အဟုတ်အိပ်တာလား၊ အိပ်ဟန်ဆောင်တာလား။ (မပြောတတ်ပါဘုရား။) အဟုတ်အိပ်ရင်တော့ နှိုးလိုက်ရင် ထမှာပဲ၊ ဘယ့်နှယ်လဲ ထမလား။ (ထမှာပါဘုရား။) ထပြီးတော့ ပြန်အိပ်မယ်ထင်ပါတယ်၊ ဒါကတော့ ဒို့တွေးတာပဲဗျာ့။ (အရှင်ဘုရား အမိန့်ရှိတဲ့အတိုင်း ကြိုးစားပါမယ်။)

## ပါရမီရှိ၊ အသိများပေမယ့်

ထူထောင်ကြဗျာ့၊ အကုန်လုံးကတော့ ကျွမ်းကျင်လိမ်မာပြီးသားပါ၊ သူတို့မှာ ဘယ်ဟာမှ မလိုဘူး၊ ပိဋကတ်သုံးပုံရှိတာ အဆင်သင့်တတ်သလောက်တော့ တတ်နေကြတာပဲ၊ "သမထ၊ ဝိပဿနာ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပညတ် ပရမတ် သစ္စာ၊ သက္ကာယဒိဋ္ဌိ" ဆိုတာတွေ ပြောမယ်ဆိုရင် "ဒါတွေကို ပြောစရာ မလိုပါဘူး၊ ဒါတွေကတော့ ငယ်ငယ်ကထဲကရတာပါ" လို့ ဆိုမှာပဲ၊ ဟုတ်ကယ့်လားဗျာ၊ ဒါတွေ အကုန်လုံးမှတ်သားထားပြီးသားချည်းပါပဲ၊ အဲဒါတွေကတော့ ရပြီးနေကြပြီ၊ ဒီတော့ ဒီလိုသိပြီးသား ဖြစ်နေတော့ ယခုနကပြောတဲ့ အိပ်ဟန်ဆောင်တာလား၊ အဟုတ်အိပ်တာလားတော့ မပြောတတ်ဘူး။(အဟုတ် အိပ်ပျော်နေတာပါဘုရား။) အဟုတ်အိပ်ပျော်နေတယ်ဆိုရင်၊ အဟုတ်နိုးအောင် နှိုးရင် ချက်ချင်းထမှာပဲဗျာ့။ (သွက်သွက်လက်လက် ထမှာပါဘုရား။) အိမ်ဟန်ဆောင်တာကတော့ သူက အဟုတ်အိပ်ပျော်တာမှ မဟုတ်ဘဲ၊ နှိုးလေလေ သူကဘယ့်နှယ်လုပ်မလဲ။ (နှိုးလေလေ ဟန်ဆောင်လေလေပါပဲ ဘုရား။) အခုဘယ့်နှယ်လဲ၊ အဟုတ်အားထုတ်မှာလား။ (အဟုတ်အားထုတ်မှာပါဘုရား။)

အေး.... အားလုံးတို့ဟာ ဆည်းပူးခဲ့တဲ့ 'ပဋိဝေဓနိက္ခမဓာတ်' ရှိကြလို့ ယခုလိုဘုရားဆုံးမတဲ့ အဆုံးအမကို မြတ်နိုးတယ်, ဖြည့်လိုတယ်, ကျင့်လိုတယ် ဆိုတာတွေ ရှိကြတယ်၊ နိက္ခမဓာတ် ဆည်းပူးတာ မများရင်, မရှိရင် ဘုရားအဆုံးအမတော်တွေကို ပြောတယ်ဆိုရင် နားညည်းတယ်ဗျာ့၊ ဒီအရပ်သွားပါဆိုရင် မသွားချင်ဘူးဗျာ့၊ တယ်ပျင်းတယ်၊ အခုတော့ ဒီလို မဟုတ်ကြဘူး၊ ဒီဆိုဆည်းပူးခဲ့တယ်ဆိုတော့ 'ပဋိဝေဓနိက္ခမဓာတ်' ရှိတယ်ဆိုတာ အမှန်ပဲ၊ လိုရင် ဘယ်လောက်သာလိုမလဲဆိုရင် ယခုနကပြောတဲ့ ရှေးအရှင်များလို ဝီရိယဘက်ကသာ လိုမှာ၊ ဒါ့ကြောင့် ထူထောင်ကြစမ်းပါ။

http://www.dhammadownload.com



လိုက်နာမယ်ဆိုရင် စိတ်ထဲမှာ ကိုယ်ထင်ချင်သလို ထင်နေတာ ရှိလိမ့်မယ်။

"ဒို့မှာ အားထုတ်တဲ့အခါ တစ်နာရီကလေး နှစ်နာရီကလေးတောင်မှ အင်မတန်ညောင်းတယ်၊ နေ့ရောညရောဆိုရင်တော့ ဘယ်လိုများ ဖြစ်ကြမလဲ၊ ဖြစ်မှဖြစ်ပါ့မလား၊ ဖြစ်နိုင်မယ် မထင်ဘူး" လို့ ဒီလိုများ မအောက်မေ့ဘူးလား။ (မအောက်မေ့ပါဘုရား။) မအောက်မေ့ဘူးဆိုပေမဲ့ အောက်မေ့မှာပါဗျာ၊ အဲဒါက ထင်ချင်သလို ထင်တယ်ဆိုတာ, တွေးချင်သလို တွေးတယ်ဆိုတာ တဲ့ချင်မှ တဲ့တာဗျာ့၊ အဲသည်လို မထင်ကြဲ, မတွေးကြစမ်းပါနှင့်။

**"ဘုရားဆုံးမတာက ဆင်းရဲအောင် မဆုံးမဘူး၊ ချမ်းသာအောင် ချည်းပဲ၊ ကိုယ်ကသာ ထင်ချင်သလို ထင်နေတာ။"**

## မညောင်းတဲ့နေရာ ရောက်အောင်သွား

လိုက်နာကြည့်မယ်ဆိုပြီး လိုက်နာကြည့်စမ်းပါ၊ လိုက်နာပြီးတော့ ကြည့်၊ ဝီရိယတော့ သန်ကြဗျာ၊ လျော့လျော့ပေ့ါပေ့ါနှင့် ယခုနကလိုမဟုတ်ဘဲ အားထုတ်မယ်ဆိုကတည်းက 'မနေဘူး လုပ်မယ်ဟေ့' ဆိုပြီး ဒီလိုလုပ်ကြပါ။

ပွဲကြည့်တဲ့အခါကျတော့ ဘယ်သူကမှ နေရာကောင်းလာပြီး ခင်းမပေးဘူး၊ တော်သလို လျော်သလို ကြည့်ကြတာပဲ မဟုတ်လား၊ အဲဒီတော့ လုပ်မယ်ဆိုပြီး တကယ်အလုပ်လုပ်ပြီဆိုမှဖြင့် သေသေချာချာကိုပဲ ဝီရိယရှိမယ်ဆိုရင် ဝီရိယိဒ္ဓိပါဒ် ဆိုတာ ဆိုက်ရောက်လာပါလိမ့်မယ်၊ အဲဒီမှာ နားလည်ပါ လိမ့်မယ်၊ အားထုတ်မယ်ဆိုပြီး ထိုင်ပြီဆိုမှဖြင့် အားလုံး တို့ဟာ နည်းနည်း ကလေး ညောင်းလာတယ်ထင်ပါရဲ့ ညောင်းတယ် မဟုတ်လား။ (ညောင်းပါ တယ်ဘုရား။) ညောင်းတော့ ဒီလိုပြောကြပါစို့ရဲ့၊ ညောင်းတော့ ဘယ့်နှယ် လုပ်သလဲ။ 'ညောင်းတယ်၊ တော်ပြီ' လို့ လုပ်လိုက် ကြရော့လား၊ အေး.... ဒါက ဘုရားဆုံးမတာကို ပြောတာ၊ ဒို့ကတော့ တတ်လို့ပြောတာ မဟုတ်ဘူး၊ ဒို့သိတာ ရှိကိုမရှိဘူးလို့ ဒီလိုပြောမှပဲ တော်မယ်။

ညောင်းတော့ မညောင်းတဲ့နေရာရှိတယ်၊ အဲဒီလို မညောင်းတဲ့ နေရာကို ရောက်အောင်သွား၊ 'ရောက်အောင်သွား' ဆိုတာက ထသွားဖို့ ပြောတာမဟုတ်ဘူး၊ ဘုရားဆုံးမတာကို တင်းတင်း ကြပ်ကြပ် အာရုံပြုပြီးသွားရင် မညောင်းတဲ့နေရာရှိတယ်၊ အဲဒီ မညောင်းတဲ့ နေရာကို ရောက်သွားလိမ့်မယ်၊

http://www.dhammadownload.com



## မအိပ်ချင်တဲ့ နေရာလဲ ရှိသေးတယ်

အိပ်ချင်တာလဲ ရှိသေးလား၊ အိပ်ချင်တာရှိရင် ဒီလိုလုပ်ကြ၊ အိပ်ချင်တာရှိတော့ မအိပ်ချင်တဲ့နေရာ ရှိတယ်၊ အိပ်ချင်ပြီဆိုရင် ဒကာကြီး ဘယ့်နှယ်လုပ်သလဲ။ (အိပ်လိုက်တာပါပဲ ဘုရား။) အိပ်ရေးကော ဝရဲ့လား။ (အိပ်ရေးဝပါတယ်ဘုရား။) နေ့တိုင်း အိပ်နေတော့ အခုအိပ်ချင်ပြီ မဟုတ်လား၊ ဘာဖြစ်လို့ အိပ်ရေးမဝကြသလဲ၊ အိပ်ရေးဝအောင် လုပ်တာမှ မဟုတ်ဘဲ။

အဲဒီလို နေ့တိုင်းအိပ်နေတာဟာ ဘယ်တော့မှ အိပ်ရေးမဝဘူးဗျာ့၊ အိပ်ချင်တာပဲ၊ အိပ်ချင်လာလို့ရှိရင် မအိပ်ချင်တဲ့နေရာကို ရောက်အောင်သွားမယ်ဆိုပြီး ရောက်အောင်သွား၊ အဲဒီတော့ အိပ်ရေးဝသွားလိမ့်မယ်၊ မှတ်ထားကြ။

အိပ်ချင်ရင် ဘယ့်နှယ်လုပ်မဘဲ၊ မအိပ်ချင်တဲ့နေရာကို ရောက်အောင်သွား၊ မအိပ်ချင်တဲ့ နေရာရောက်အောင်သွားဆိုတာ ထသွားဖို့ ပြောတာမဟုတ်ဘူး၊ အိပ်ချင်လာတော့ 'မဖြစ်ဘူး၊ လဲသွားလိမ့်မယ်' ဆိုပြီး စကြံသွားရမှာကိုပြောတာ မဟုတ်ဘူး၊ ထားဆိုတဲ့ နေရာမှာ ဝီရိယကို ထူထောင်ပြီးထား၊ အဲဒီလိုထားရင် တော်တော်ကြာ မအိပ်ချင်တဲ့ နေရာကို ရောက်သွားလိမ့်မယ်၊ ကြား ကြရဲ့လားဗျာ၊ ဟုတ်ကဲ့လားဗျာ။

မရောက်ဘူးဆိုရင် အဲဒါ မရောက်သေးလို့ဘဲ၊ ရောက်တော့ ရောက်မှာပဲ၊ မရောက်မချင်းသာသွား၊ ဂရုစိုက်ပြီးသွားရင် တော်တော်ကြာ နားလည်သွားပါလိမ့်မယ်၊ ဒီလိုသွားပါ၊ 'အိပ်ချင်ပြီ၊ အိပ်ချင်ပြီ၊ အိပ်မှ တော်မှာဘဲ' လုပ်နေရင် မဖြစ်ဘူး။

အိပ်ပြီးလို့ အိပ်ရေးဝမှ ထလုပ်မယ်ဆိုပြီး အိပ်လိုက်ရင် လင်းသွားရော၊ လုပ်ဖို့အချိန် မရှိတော့ဘူး၊ ဒီလိုထင်ပါရဲ့၊ ဟုတ်ကဲ့လားဗျာ့။

အဲဒါ ဘုရားအလိုကျ လျှောက်ပြောတာပဲ၊ ဒို့သိတာ ဘာမှ မရှိဘူးဗျာ့၊ ဒါပေမဲ့ ဘုရားပြောတာ အကုန် အမှန်ချည်းပဲ။

သူတို့မှာက လုပ်နေကျ၊ ကိုင်နေကျ၊ ရွက်ဆောင်နေကျဟာတွေ အသီးအသီး ရှိတယ် မဟုတ်လား။ (ရှိပါတယ် ဘုရား။)

http://www.dhammadownload.com



## ထွက်လေ ဝင်လေ သိမ်မွေ့စေ

ဒီလိုရှိရင် အထူးမရှာရတဲ့ဟာကို ပြောကြပါစို့ရဲ့ အသက်မရှူကြဘူးလား၊ (ရှူပါတယ်ဘုရား။) အဲသည်လို ရှူတော့ ထွက်လေ, ဝင်လေ နှာဖျားဝမှာ တိုက်ဝင်, တိုက်ထွက်တာကိုပဲသိနေ၊ အဲဒီလိုဝင်တာ ထွက်တာဟာ မပြတ်ဘူးထင်တယ်။ (မပြတ်ပါဘုရား။) စိတ်ထားတဲ့ ဥစ္စာက မနေရင်သာ ပြတ်မယ်၊ ပြီးတော့ **ဟိုကို မလိုက်နဲ့၊** ဒီနေရာကလေးမှာ သိပြီးတော့နေရင် တော်ပြီ၊ ပါးစပ်ကကော ဆိုရအုံးမှာလား။ (မဆိုရပါဘုရား။) ထွက်လေ, ဝင်လေ ဆိုတာက ဒီလိုထားရင် နူးညံ့သိမ်မွေ့သွားပါလိမ့်မယ်။

နူးညံ့သိမ်မွေ့သွားပြီဆိုရင် ထင်ရှားအောင် မှတ်ဘို့ မလိုလှဘူး၊ ဘာ့ကြောင့်လဲဆိုရင် **ဘုရားဆုံးမတာက ရုန့်ရင်း ကြမ်းတမ်းနေတာကိုသာ သိမ်မွေ့အောင် ပြုရမယ်၊** သိမ်မွေ့နေတဲ့ ဥစ္စာကို ရုန့်ရင်း ကြမ်းတမ်းအောင် ပြုရမယ်လို့ ဒီလို မဟောဘူး။

ထိုထိုအာရုံ စိတ်မသွားအောင် လက်နဲ့ထိပြီး သိနေသလို သိနေရင်တော်ပြီ၊ စိုက်စိုက်စူးစူးထားရင် မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။) ဒါကလေးကသိပြီးတော့နေရင် လောဘ ဒေါသ မောဟ ဝင်ပါအုံးမလား၊ မဖြစ်တဲ့အချိန်ရယ်လို့ ရှိပါသေးသလား။ (မရှိပါဘုရား။) အကုန်လုံးကောင်းကောင်းလှလှကြီး ဖြစ်တယ်ဗျာ့၊ အခုလို စိုက်စိုက်စူးစူးကလေးထားပါ၊ အခုလိုအချိန်တခုမှာ ခဏကလေးထားလိုက်ရင်ပဲ လောဘ, ဒေါသ, မောဟ သန့်ပြန့်စင်ကြယ်တယ် မဟုတ်လား။ (စင်ကြယ်ပါတယ်ဘုရား။) သည်ထက် အချိန်ကြာကြာကြီး ထားရင်ကော မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။) အဲဒီလိုကြိုးစားပြီး ထားကြဗျာ့၊ ဒီလိုသာ ထားရင် ထိနမိဒ္ဓလာပါ့မလား။ (မလာပါဘုရား။) လာမှာက ဘာလာမလဲ၊ ဝီရိယလျှော့ရင် (ထိနမိဒ္ဓ လာပါလိမ့်မယ် ဘုရား။) သို့သော်လဲပဲ ဒီလိုထား သွားရင်တော့ ခဏတော့ ထိနမိဒ္ဓ ဖြစ်ပြီး **သမာဓိက ရီးတီးယားတား** ဖြစ်နေလိမ့်မယ်၊ ဒါက ထူထောင်ခါစမို့ပါ၊ နောက် ရှင်းသွားပါလိမ့်မယ်။

'ဒါဟာ ရန်သူ မဟုတ်ဘူး၊ ငါ့မိတ်ဆွေ' လို့ ဒီလိုထားလိုက်ရင် ယခုနကလို ရှိုးသွားလိမ့်မ ယ်၊ ရှိုးသွားပြီ ဆိုရင် တကတည်းပါမှပဲ ငြင်းကြ ပျင်းကြပါဆိုပေမဲ့ ပျင်းချင်မှပျင်းမှာပါဗျာ၊ အိပ်ချင်လာမယ်ဆိုလျှင် 'နေရာကျပြီ၊ မြန်မြန် မအိပ်ချင်တဲ့နေရာ ရောက်အောင်သွားမှ တော်မယ်'

http://www.dhammadownload.com



ဆိုပြီး မအိပ်ချင်တဲ့နေရာရောက်အောင်သွား၊ ယခုနကပြောတဲ့နေရာမှာ စိုက်စိုက်စူးစူးထား၊ အဲဒါကို အတင်းထားပြောတာ၊ ညောင်းလာပြီဆိုလျှင် 'မညောင်းတဲ့နေရာကို ရောက်အောင်သွားမှ ဖြစ်မယ်လို့' ဆိုပြီး မညောင်းတဲ့နေရာကို ရောက်အောင်သွား၊ ညောင်းလွန်းမက ညောင်းလာတော့ ဘယ့်နှယ့်လဲ ခက်မကုန်ဘူးလား၊ မခက်ပါဘူး၊ အဲဒါကို မစိုးရိမ်နှင့်၊ ဒါကလေးကို မလွတ်အောင်ထား၊ မလွတ်စေနှင့်၊ လွတ်ရင်တော့ ယခုနက ပြောတဲ့နေရာကို ရောက်မှာမဟုတ်ဘူး။

အဲသည်လို ထားဆိုပြီး ထားရင် အဲတာဟာ **နိသဇ်မုတင်** ဆောင်တာပါပဲဗျာ၊ အဲဒီလိုတစ်ရက်ကို တဆက်ထဲပြည့်ရင် ရှေးအရှင်တွေကတော့ တရက်ဥပုသ်စောင့်တယ် ဆိုတာ သည်လိုစောင့်တာဗျာ။

## အကောင်းဆုံးသိနေတော့ ပေါ့မှန်းငန်မှန်းမသိ

သူများက ထမင်းကျွေးတာတောင်မှ မလွှဲသာလို့ စားရပေမဲ့ ဒါကိုတော့ မလွတ်အောင်ထားပြီး စားလျှင် မဖြစ်ဘူးလား၊ သက်သာလိုက်တာဗျာ၊ ဘယ်လိုလဲဆိုတော့ သည်လိုထားပြီးစားတော့ အိမ်ကမယားတွေ သမီးတွေ မြေးတွေ မြစ်တွေက ကျွေးတဲ့ဥစ္စာကို 'ငန်လိုက်တာပေါ့လိုက်တာ' လို့ အဲသည်လိုများ ပြောဦးမှာလား။ (မပြောပါဘုရား။) သူတို့က ပေါ့ပေါ့ချည်းလုပ်ထားလျှင် စိတ်ဆိုးဦးမှာလား။ (မဆိုးပါဘုရား။) သူတို့က ပေါ့ပေါ့ချည်းလုပ်ထားလျှင် သူတို့ဟာကို သိမှာလား။ (မသိပါဘုရား။) ဘာဖြစ်လို့လဲဆိုလျှင် သူတို့ဟာကို သိမှာမှမဟုတ်ဘဲကိုး။ ကိုယ်ကအကောင်းဆုံးသိနေမှုပဲ။

ငန်ငန်လုပ်ထားရင်ကော စိတ်ဆိုးအုံးမှာလား၊ ဘယ့်နှယ်ပြောမလဲ၊ 'ငါ ဥပုသ်စောင့်တဲ့ အခါကျမှ ကောင်းကောင်းမလုပ်ပေးနိုင်ဘူး၊ ဆားလဲ မပါဘူး' ဆိုပြီး စိတ်ဆိုးအုံးမှာလား။ (မဆိုးပါဘုရား။) သည်လို စိတ်ဆိုးရင် သည်ဥပုသ်သည်မျိုး စုတိကျလို့ သေသွားရင် ဘယ်ရောက်သွားမလဲ။ (အပါယ်ကျမှာပါပဲဘုရား။) အဲသည်လို လျော့လျော့ပေါ့ပေါ့နှင့် မရှိဘဲ ဝီရိယကောင်းကောင်းနှင့် ယခုနက ထားသလို ထားမယ်ဆိုလျှင် ကောင်းတာရော မကောင်းတာရော ဘယ့်နှယ်လဲ သိပါ့မလား၊ တော်သလိုလုပ်ပေး

http://www.dhammadownload.com



ရင်လဲ သိပ့်မလား။ (မသိပါဘုရား။) ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဟာက အကောင်းဆုံး ဖြစ်နေတာကိုး။

## မရောက်မချင်း သွား

သူတို့မှာလဲပဲ အစီးအပွား မများပေဘူးလား။(များပါတယ်ဘုရား။) ကိုယ်က အဟုတ်လုပ်နေတော့ သားတွေ သမီးတွေက နေရာ ကျသွားလိုက်တာ၊ ကုသိုလ်ရသွားလိုက်တာ၊ ဆွေတွေ မျိုးတွေဆိုလျှင်လဲ လေးလေးစားစား ရိုရိုသေသေ ပြုတယ်ဆိုလျှင် သူတို့မှာလဲ ကုသိုလ်ရသွားတယ် မဟုတ်လား၊ အကုန်လုံး **တောက်လျှောက်ကြီး ကောင်းသွားတာပဲ** မဟုတ်လား။ (ကောင်းသွားပါတယ် ဘုရား။) ဒါကြောင့် သည်လိုထားလို့ ပြောတာ။

ယခုလိုပြောတာက နည်းသေးတယ်၊ နောက်ကျတော့ ဆိုက်ရောက်သွားတဲ့အခါ သိမှုတွေ များများကြီး သိပါလိမ့်မယ်၊ သည်တော့ ပျော်ရွှင်ကြရပါလိမ့်မယ်။

အခု မဖြစ်ပေမယ့် နောက်တုန်းက ဥပုသ်စောင့်ကြတဲ့ အချိန်တွေကို တွေးပြီး နှမြောနေလိမ့်အုံးမယ်၊ သည်အတိုင်းတော့ မလွှမ်းသေးဘူး၊ ယခုလို ဖြစ်ပြီဆိုမှ လွမ်းအုံးမှာဗျား၊ ပျော်ကို ပျော်မှာ။

ညောင်းတယ်ဆိုလျှင် မညောင်းတဲ့နေရာကို ရောက်အောင်သွား၊ အိပ်ချင်တယ်ဆိုလျှင် မအိပ်ချင်တဲ့ နေရာကို ရောက်အောင်သွား။

ရောက်လဲ ရောက်ပါလိမ့်မယ်၊ မရောက်မချင်း သွားပါ။

## နိဗ္ဗာန်ဓုတင်အကျိုး

သည်နေ့တော့ သူတို့ဟာ အဟုတ်သွားတော့မှာ ထင်ပါရဲ့၊ ဟုတ်ကြရဲ့လားဗျာ၊ ရောက်ချင်တယ်ဆိုပြီး နားနေအုံးမှာလား။ (မနားပါဘုရား။) ဒို့က တော့တွေးလိုက်တာပဲ၊ တွေးတဲ့အတိုင်းတော့ မှန်ကောင်း မှန်ပါရဲ့။(ညကတော့ တစ်ကျိုပ်ကျော်ကျော် ရှိပါတယ်ဘုရား။) တစ်ကျိုပ်ကျော်ဆိုတာ တကျိုပ်နှင့် တစ်သိန်းလား၊ တစ်ကျိုပ်နှင့် နှစ်သိန်းလား။ (တစ်ကျိုပ်နှင့် နှစ်ဦးပါဘုရား) သည်နေ့တော့ ကျော်လိမ့်မယ် ထင်ပါရဲ့။

http://www.dhammadownload.com



မင်းသား မင်းသမီးတွေပဲလို့ ပြောတာပဲ၊ မင်းသား မင်းသမီး တသက်လုံး မလုပ်ချင်ဘူး ပြောတာပဲ၊ ယခုနကလိုဆိုလျှင် ဒါစစ်တိုက်တာပဲဗျာ၊ ဘုရားရှင်ရဲ့ သားတွေ သမီးတော်တွေဆိုတော့ သည်လက်နက်နဲ့ကိုင်ပြီး တိုက်ကြလို့နိုင်ပြီး နိဗ္ဗာန်ပြည်ကြီး အရှင်သခင် ဖြစ်ကြတာ မရေမတွက်နိုင်ဘူး မဟုတ်လား။

ဒါကြောင့်မို့ ယခုနကလို စိတ်ကလေးကို စိုက်စိုက်စူးစူးကလေးထား၊ အလုပ်အကိုင် မပျက်ပါဘူးဗျာ၊ ပစ္စည်းလဲ မကုန်ပါဘူး၊ သူတကာလဲ မသိပါဘူးဗျာ့၊ ဒါဖြင့်ရင် ကဲ ဆောင်ရွက်ကြမှာလား၊ သည်နေ့တော့ နိသဇ်ခုတင် ဆောင်ကြအုံးမှာလား။ (ဆောင်ပါမယ်ဘုရား။) ဆောင်ထားပြီး ကြာတော့ ဘယ့်နှယ်လုပ်မှာလဲ၊ ယခုနကလို မှတ်ထားကြ၊ **လွယ်လိုက်တာဗျာ။**

အိပ်ချင်ပြီဆိုလျှင် ပြောပေါ့ဗျာ၊ 'သာကောင်းသေးတယ်၊ လာရင် စောစောလာလိုက်တာ ကောင်းတာပဲ' 'ထိုင်ထိုင်ချင်း ညောင်းပါစေ' လို့ အောက်မေ့၊ ထိုင်ထိုင်ချင်း ညောင်းတယ်လို့ ပြောလိမ့်မယ်၊ သည်တော့ 'နေရာကျလိုက်တာ စောစောစီးစီး လာတာ ကောင်းလိုက်တာ' ပြောပြီး **အတင်းသာ ထားလိုက်**၊ ဟုတ်ကယ့်လားဗျာ့။

မညောင်းတဲ့နေရာကို ရောက်သွားလိမ့်မယ်၊ သူတို့မလာခင် ရောက်သွားလဲ ပြီးတာပဲ၊ မျှော်တော့မနေနှင့်။

'သူမလာလို့ရှိလျှင် အဲသည်နေရာကို ရောက်အောင်မသွားဘူး' လို့ ဆိုပြီး သည်လိုလဲ မနေနှင့်အုံး၊ ရောက်အောင်သာ သွား၊ ရောက်အောင် သွားရင် သူမလာတော့ဘူး၊ ကိုယ်က စောစော ဝီရိယထူထောင်လို့ စောစော ရောက်သွားရင် သူမလာတော့ဘူး။ 'လာတော့မှသွားမယ်၊ သည်အတိုင်း နေမယ်' လို့ သည်လိုလဲ စောင့်မနေနှင့်၊ စောစောက ရောက်သွားရင်လဲ ပြီးတာပဲ၊ ဟုတ်ကဲ့လားဗျာ့။

## ဆိုးမနာတော့ အားလုံးသက်သာ

ယခု အဲဒီလို ခုတင်များ ဆောင်ကြမှာလား၊ ထိနမိဒ္ဓတို့ လာတော့ ဣရိယာပုတ်ပြင်ပြီး ဝီရိယလျှော့လိုက်မှာလား။ (မလျှော့ပါဘုရား။) အကုန်လုံးလား၊ တစ်ယောက်တလေလား။ (အကုန်လုံးပါဘုရား။) သည်လို ညာသံပေးဖော်ရရင် တော်ပါပြီ၊ ကဲ... ဆောင်ချင်မှုဖြင့် ဆောင်ကြ

http://www.dhammadownload.com



ဆောင်ကြ၊ ဒို့ကဆိုပေးရအုံးမှာလား၊ သူတို့ဆောင်တတ်တယ် မဟုတ်လား။ (မဆောင်တတ်ပါ ဘုရား။) ကဲ... ဒါဖြင့် ဆိုဆို--

[ နိသဇ် ဓုတင်ကို အားလုံး ဆောက်တည်ကြပါသည်။

"သေယျံ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂ သမာဒိယာမိ၊ အကျွန်ုပ်သည် (ယနေ့ည) အိပ်စက်လျောင်းခြင်းကို ပယ်ပါ၏။ နိသဇ်ဓုတင်ကို ဆောက်တည်ပါ၏ အရှင်ဘုရား။" ]

သက်သာလိုက်တာဗျာ၊ ရှေး အရှင်တွေမှာလဲ သည်လို ဆောင်တာ၊ ယခု သူတို့မှာ 'ဓုတင် မဆောင်ဘဲနဲ့ တရားအားထုတ်မယ်' ဆိုတော့ သည်ဟာကိုက ဒုက္ခချည်းပဲ၊ ဒို့ထင်တာ ပြောတာနော်၊ ကြားဖူးတာကိုပြောတာ။

တရားအားထုတ်မယ်ဆိုရင် ကောင်းကောင်းမွန်မွန် အိပ်ရာတို့ အဲသည်သို့ဟာတွေကို ယူသွားရသေးသလား။ (ယူသွားပါတယ် ဘုရား။) ဟုတ်ကယ့်လားဗျာ၊ သည်လိုဆိုတော့ အိပ်ဖို့သွားတာလား။ (မဟုတ်ပါ ဘုရား။) အေး.... အခုလို ဓုတင် ဆောင်ထားလိုက်တော့ အိပ်ရာခင်း သက်သာ လိုက်တာ၊ အပြင်အဆင်ရ သက်သာလိုက်တာ၊ ချမ်းသာလိုက်တာဗျာ။

ပြီးပြီဆိုတော့ ဘာသက်သာလိုက်အုံးမလဲ၊ မျက်နှာသစ်ရတာလဲ သက်သာအုံးမယ်၊ ရေမကုန်ဘူးဗျာ့၊ ဟုတ်ကယ့်လားဗျာ၊ သက်သာတာတွေကတော့ လျှောက်ပြောမယ်ဆိုလျှင် မကုန်နိုင်ဘူး၊ တော်တော်ကို သက်သာတာ၊ ယခုဆိုတော့ နေရာကလေး နည်းနည်းရတာတောင် 'နေရာကျဉ်းတယ်၊ မကောင်းဘူး၊ အိပ်လိုက်ရင် မဆံ့ဘူး' ဆိုပြီး လုပ်အုံးမှာ၊ အခုဆိုတော့ အကုန်သက်သာမှုတွေကတော့ များပါတယ်ဗျာ။

ဘုရားရှင်ဆုံးမတဲ့အတိုင်း လိုက်နာပြီဆိုတော့ အကုန်သက်သာမှုတွေ များပါ့ဗျာ။

ဘယ်လိုတုံးဆိုတော့ တော်တော်ကြာ ထမင်းဆိုပြီး ဟင်းတွေ ဘာတွေက များလိုက်တာ၊ ဆာလောင်မွတ်သိပ် ပြေပျောက်အောင်သာ ချက်ပေးရပါမယ်၊ လုပ်ရပါလိမ့်မယ်၊ သည်လိုချက် ပြောပါလိမ့်မယ်။

သက်သာလိုက်တာက အကုန်သက်သာတာဗျာ့။

သည်ဓုတင်က ဘာလဲဆိုလျှင် ကြရိယာပုတ်လေးပါးမှာ လျောင်းတယ် ဆိုတဲ့ဉစ္စာက ထိနမိဒ္ဓ လာလွယ်တယ်ဗျာ့၊ လာပြီဆိုရင် တော်တော်နဲ့မပြန်

http://www.dhammadownload.com



ဘူးဗျာ့၊ လင်းတောင်မှ တော်တော်နှင့် မပြန်ဘူးထင်တယ်၊ ဒါ့ကြောင့်မို့ သည်ကွ္ကရိယာပုတ်ကို ရှောင်တဲ့ ဒီစုတင်ကို ဆောင်ထားပြီး မအိပ်ဘူး။ သို့သော်လည်းပဲ မအိပ်ရုံနှင့်တော့ သီလရတာမဟုတ်ဘူး၊ ထိုင်ပြီး ယခုန ကလို ထားပါ၊ ထားလို့ရှိလျှင် လောဘ, ဒေါသ, မောဟ မရှိဘူး၊ အခုထားရင် အခုကွာတယ်၊ သည်ထက်ကြာလျှင် သည်ထက် တိုးတိုးပြီး ကွာသွားပါလိမ့် မယ်။ အဲသည်လိုပြုကြ၊ တော်တော်ကြာ ညောင်းလာပြီ ဆိုတော့ 'နေရာ ကျပြီ၊ ငါ မညောင်းတဲ့နေရာကို သွားလေမှတော်မယ်' ဆိုပြီး **ဖိအားထုတ်၊** အိပ်ချင်လာပြီဆိုရင်လဲ 'နေရာကျပြီ၊ မအိပ်ချင်တဲ့ နေရာ သွားမှ တော်မယ်' ဆိုပြီး ဖိအားထုတ်၊ တော်တော်ကြာပြီဆိုမှ အဲသည်လို ဖြစ်ပါလိမ့်မယ်။

ရတဲ့အခါကျတော့ ဘုရားဆိုဆုံးမတာ သည်လိုနေရာရှိသကိုးလို့ သိလာလိမ့်မယ်၊ ဒို့ကတော့ သိတာမဟုတ်ဘူး၊ ဘုရားဟောတာကို ပြောတာ ဗျာ့၊ 'ဒို့ အရင်တုန်းက အိပ်ချင်ရင် အိပ်လိုက်တာတွေဟာ မှားကုန်ပြီ' လို့ အဲသည်လို ဖြစ်ပါလိမ့်မယ်၊ အေး.... အခုတော့ ဓုတင်ဆောင်ပြီးကြပြီ၊ သည်လိုဆိုတာကိုပဲ တစ်ခါမှ သည်လိုမဆိုသေးဘူး ထင်တယ်။ (မဆိုဘူးပါ ဘုရား။)

အဲဒါ လက်နက်ဗျာ့၊ ရန်သူကို နိုင်တဲ့ လက်နက်ဗျာ့၊ **စစ်တိုက်မယ်, စစ်တိုက်မယ်နှင့် ခေါင်းအုံးကြီးတွေနှင့်ဆိုတော့ မနိုင်တာဟာ ဒါ့ကြောင့်ဗျာ့။**

## ရဟန်းအိုမကြီး 'သောဏာထေရီ'

သူတို့ ကြားဖူးတာတွေကို ဒို့က လျှောက်ပြောမယ်ဆိုလျှင် ဟို ဘုရားရှင်လက်ထက်တော်က သူဌေးမကြီးဟာ ပစ္စည်းဥစ္စာ သိပ်ပေါတယ်။

နောက်ကျတော့ အသက်အရွယ်ကြီးလာတော့ သားတွေ, သမီးတွေကို အမွေ ခွဲဝေပေးလိုက်တယ်၊ သားသမီးတွေက သည်ပစ္စည်းတွေကို ရတော့ သည်အမယ်အိုကြီးကို ကောင်းကောင်းမကျွေးဘူး၊ ဟိုသားဆီ သွားတော့လဲ ဟိုသားကမကျွေး, သည်သမီးဆီသွားတော့လဲ သမီးက ကောင်းကောင်း မကျွေးနှင့် သူ့မှာ ကြားထဲက ဒုက္ခရောက်နေတယ်။

အဲသည် သူဌေးမကြီးဟာ အသက်ရှစ်ဆယ် ကိုးဆယ်လောက်ရှိတော့ သူဆင်းရဲနေတာကို မကြည့်နိုင်တဲ့ ဘေးမှလူတွေက သူ့ကို ရဟန်းပြု

http://www.dhammadownload.com



ပါဆိုတာနှင့် သူလဲ ရဟန်းပြုလိုက်တယ်၊ နာမည်ကတော့ 'သောဏာထေရီ' တဲ့၊ ပြုတော့ အသက်အရွယ်ကလဲ ကြီးနေပြီ၊ သည်တော့ တစ်နေ့မှာ ဆွမ်းကျွေး ပင့်ဖိတ်တဲ့အခါမှာ သည့်ပြင် ဘိက္ခုနီမ အားလုံးတို့ကတော့ သွားကြတယ်၊ သူ့မှာတော့ အသက်အရွယ် ကြီးတော့ လိုက်ပြီး ပူဇော်ခြင်း၊ မြတ်နိုးခြင်းငှာ ဆွမ်းကျွေးကို လိုက်မစားနိုင်ဘူး၊ ကျောင်းမှာပဲ နေခဲ့ရတယ်။

သည်တော့ သည့်ပြင် သွက်လက်ဖျတ်လတ်တဲ့ ဘိက္ခုနီမကြီးတွေက တော့ အားလုံးသွားကြတယ်၊ မသွားခင် သူတို့ သည်လိုပြောကြသေးတယ်-

"အသင် ရဟန်းမကြီး၊ အသင် ရဟန်းမကြီးကတော့ မလိုက်နိုင်တော့ ဘူး၊ သင်နေခဲ့၊ ဒါကြောင့်မို့လို့ ပြန်လာတော့ ချိုးရေ သုံးရေ ရအောင် အဆင်သင့် ရေခပ်ထား၊ ရေနွေးတွေ ဘာတွေလဲ နေရာကျအောင်လုပ်ထား" သည်လို မှာသွားသကိုးဗျာ့။

ရဟန်းမကြီးမှာက အသက်ကလဲကြီး၊ ဟိုကို လိုက်မသွားနိုင်တော့ ခိုင်းတာ လုပ်ရတယ်တဲ့ဗျာ့၊ ရေခပ်တယ်လို့ ဆိုသော်လည်း အိုးငယ်ငယ် ကလေးနှင့်ပေါ့ဗျာ့၊ ဒါပေမဲ့ အဲသည်လို သယ်ရပြုရနှင့် ဆိုတော့ တော်တော် ကြာတော့ မောလာရော့ဗျာ့၊ မောပေမဲ့ မနားဘူး၊ မှာထားခဲ့တဲ့အတိုင်း အတင်းလုပ်တာပဲ၊ အတင်းလုပ်တော့ ရေအိုးတွေကြားထဲမှာ တခါထဲ လဲတော့ တာပဲ၊ လဲတော့ မထနိုင်တော့ဘူး၊ ရေခပ်ရတာ မောလို့ဗျာ့၊ ဟန်လုပ်တာ မဟုတ်ဘူး၊ အဟုတ်မောလို့ အဟုတ်လဲတာဗျာ့။

သူ့မှာ ဘုရားဆုံးမတဲ့အတိုင်း အဆုံးအမကိုလဲပဲ ရပြီးသားဆိုတော့ "ကဲလေ.... ရေလဲ မခပ်နိုင်တော့ဘူး၊ ထကို မထနိုင်တော့ဘူး၊ အခု လည်းပဲ ရေခပ်ရုံပဲ ရှိသေးတယ်၊ ရေနွေးလဲ မလုပ်ရသေးဘူး၊ ရေလဲ ဆက်မခပ် နိုင်တော့ဘူး၊ ထလဲ မထနိုင်တော့ဘူး၊ သည်တော့ ဘုရားဆုံးမတဲ့ အဆုံးအမကိုပဲ ငါအာရုံပြုနေမယ်" ဆိုပြီး ယခုနကလို တရား အားထုတ် တာပေါ့ဗျာ့။

ဘုရားအာရုံကိုလဲ စိုက်စိုက်စူးစူး ထားဆိုတဲ့နေရာမှာ ထားတာပေါ့ဗျာ၊ ထားဆိုတာဟာလဲပဲ ဘာပဲဖြစ်ဖြစ် တစ်ခုခုပေါ့ဗျာ၊ အကုန် ဒါမျိုးချည်းပါပဲ၊ ကြားကြရဲ့လား၊ အဲသည်လို ဝီရိယသန်သန်နှင့် ထားတော့ အကုန်လုံး နေရာကျပြီးတော့ ကိစ္စပြီးတယ်တဲ့ဗျာ့။

http://www.dhammadownload.com



သည်တော့ သူ့မှာ ဝမ်းသာလို့ ပျော်လို့ ရွှင်လို့ပေါ့။ ဟိုက ပြန်လာကြတဲ့အခါကျတော့ သူကို မမြင်ရဘူးတဲ့ဗျာ့၊ မမြင်ရတော့ "တကတဲပါမှပဲ၊ သည်ရဟန်းမကြီးဟာ အသက်ကြီးကြီးနှင့် ဘယ်များသွားနေပါလိမ့်" ဆိုပြီး ဟိုကြည့် သည်ကြည့်နှင့် ရှာကြတာ၊ ရှာကြတော့မှ သူဟာ ရေအိုးတွေကြားထဲမှာ လဲပြီး လဲတဲ့အတိုင်း သူ့ဟာသူ နေတာကို တွေ့တော့ ဝိုင်းပြီး အပြစ်တင်ကြတယ်-.

"ခိုင်းထားတာ ဘယ့်နှယ်တုံး၊ ရေလဲမခပ်ဘူး၊ ရေနွေးတယ်ထားဆိုလဲ ပျင်းလွန်းလို့ ပုန်းပြီး အိပ်နေတယ်" လို့ သည့်ထက် မကဘူး ဆိုလိုက်ကြတာ၊ တကတဲပဲ ဒါတော့ သူတို့က ဆိုနေကျပြောနေကျဆိုတော့ သိကြပါလိမ့်မယ်။

သည်တော့မှ သည်ရဟန်းမကြီးက သူကတော့ သူဟာနှင့်သူ ပျော်လို့ ရွှင်လို့ဗျာ့၊ သူတို့မှာတော့ စိတ်ဆိုးကြနှင့်၊ ပုထုဇဉ်တွေကိုး၊ "ဘယ်မှာလဲ ရေခပ် ခိုင်းတာ၊ ရေနွေးကကော ဘယ်မှာလဲ၊ ကြည့်စမ်းပါအုံး၊ ပျင်းလွန်းလို့ အခု ပုန်းနေတာ၊ သည်အထဲကိုဝင်လို့" နှင့် သည်လို ပြောကြ ဆိုကြတယ်။

ဒကာကြီးတွေ ဒကာမကြီးတွေလဲ သည်လိုပြောတာ ဆိုတာကို တတ်တယ်မဟုတ်လား၊ မတည့်အောင်ကတော့ ဖြစ်ပါတယ်၊ တည့်အောင်သာ မဖြစ်တာ။

သည်ရဟန်းမကြီးက ကိစ္စပြီးလို့ တန်ခိုးတွေနှင့် ပြည့်ထားတာကိုးဗျာ့၊ သည်တော့--

"ရှင်မတို့ အလိုရှိတဲ့ဥစ္စာတွေ အကုန်လုံး ဖြစ်ပါလိမ့်မယ်၊ရေတွေလဲ ရှိပါလိမ့်မယ်၊ ရေနွေးတွေလဲ ရှိပါလိမ့်မယ်" သည်လိုသူက ပြောပြန်တာကိုး၊ အဲသည်လို ပြောပြီးတော့မှ သူ့တန်ခိုးနှင့် တကတည်း အဓိဋ္ဌာန်လိုက်တာ ရေတွေလဲ ပြည့်လို့လျှံလို့၊ ရေနွေးတွေကလဲ အကုန်လုံး ပွက်ပွက်ဆူလို့၊ အဲသည်လို တပြိုင်ထဲ ဖြစ်ကုန်တာကိုး။

သည်တော့မှ သူတို့မှာ တမျိုးကြီးပေါ့လေ၊ သည်အကြောင်း တွေကို ဟိုပြောသည်ပြော ပြောတာနှင့် ပွန်းတီးလိမ္မာတဲ့ အရှင်မြတ်များက သင်တို့လဲ ကြိုးစားကြလို့ ဆုံးမတော်မူတယ်တဲ့ဗျာ့။

အဲဒါက ဘယ်လိုလဲဆိုလျှင် သည်ရဟန်းမကြီးဟာ အသက်ကလဲ ကြီးတယ်။ လုပ်လိုက်ရတာကလဲ ရေခပ်ရ ရေသယ်ရနှင့် မောပြီးလဲတာဗျာ့၊ လဲတော့မှ ယခုနကလို ပြုတာဗျာ့၊ ကြားကြရဲ့လား၊ လဲတာမှ မထနိုင်အောင် လဲတာဗျာ့။ အဲသည်လိုပြုလုပ်တော့ အဲသည်လို ဖြစ်တယ်ဗျာ့။

http://www.dhammadownload.com



ယခုဒကာကြီးတွေ ဒကာမကြီးတွေ သန့်သန့်မာမာနှင့် သည်လိုသာ လုပ်လိုက်ရမယ်ဆိုလျှင် ဘယ်နှ ပြန်လောက်များ နေရာကျမှာလဲ။ (ကြိုးစားပါ့မယ်ဘုရား။) အေး.... တကယ်နေရာကျမှာနှင့် တူတယ်။ အဲသည်လို ဆောင်ကြ၊ ကြားကြရဲ့လား၊ အဲသည်လိုဘုရားအဆုံးအမကို ဒကာကြီးတွေ ဒကာမကြီးတွေဟာ ငါတော့ ကြီးပြီ၊ မဖြစ်ဘူးလို့ သည်လိုများ လုပ်နေကြမှာလား၊ လုပ်ချင် လုပ်ကြမှာဗျာ့။

ယခုနက ရဟန်းမကြီးဟာ သူ့ခမျာအသက်ရှစ်ဆယ် ကိုးဆယ် လောက်မှာ ဟိုက ခိုင်းလို့ ရေခပ်ရသေးတယ်၊ ရေသယ်ရသေးတယ်၊ အဲသည်လို ရေခပ်လို့ မောပြီး လဲလို့မထနိုင်တော့မှ ကဲလေ. . . ဆိုပြီး လုပ်တာဗျာ့၊ အဲသည်လို လုပ်တော့ရင်ပဲ တခါထဲ နေရာကျသွားတာပဲ၊ ကြားကြရဲ့လား။ (မှန်ပါ့ဘုရား။)

အခုဒို့ဒကာကြီးတွေ ဒကာမကြီးတွေဟာ သန့်သန့်မာမာနှင့် တကာထဲပါမှပဲ.... ပြုရမယ်ဆိုလျှင် ထွက်ကြစမ်းပါဗျာ့၊ ဒို့ကတော့ အဲသည်လို ထင်တာပဲ၊ ဘယ့်နှယ်တုံး၊ ဒါကြောင့်မို့ ရှေးအရှင်တွေက သည်လို ဝီရိယ ဖွဲ့ကောင်းလို့ သည်လိုဖြစ်တာဗျာ့၊ ကြားကြရဲ့လား။ (မှန်ပါဘုရား။) ဒါကြောင့်မို့ သည်လိုဘုရားဆုံးမတဲ့ အဆုံးအမတွေကို ရထားကြပြီးသား ဖြစ်တော့ လိုရင် သည်ဝီရိယဘက်ကပဲ လိုမှာပဲ၊ ဘာ့ကြောင့်လဲဆိုလျှင် အားထုတ်တဲ့အခါမှာ ဝီရိယက လိုနေတော့ ရန်သူတွေ လာကုန်တာပေါ့။ ဟုတ်ကဲ့လားဗျာ့။

ဒါကြောင့် ယခုနက ထား ဆိုတာလေးကို မှတ်ထားကြ၊ ညောင်းတယ် ဆိုလျှင် မညောင်းတဲ့နေရာ ရှိတယ်၊ တကယ်ရောက်အောင် သွား။

အိပ်ချင်လာတယ်ဆိုလျှင်လဲ မအိပ်ချင်တဲ့ နေရာရှိတယ်၊ အဲသည် နေရာ ရောက်အောင်သွား၊ မှတ်မိကြပြီ မဟုတ်လား။ (မှတ်မိပါပြီဘုရား။) အေး.... အေး.... ကောင်းပါ့ဗျာ၊ ဒါဖြင့် ဝီရိယနှင့်ထူထောင်ပြီး မှတ်ထားတဲ့ အတိုင်း ပြီးအောင် ကြိုးစားကြ၊ အားထုတ်ကြဗျာ့။

သာဓု .... သာဓု.... သာဓု... ။

[ ၁၉၅၅ -ခုနှစ် ဧပြီလ ၂၇- ရက်နေ့ ည ၇း ၃၀ နာရီ

ရန်ကုန်မြို့၊ တက္ကသိုလ် ဓမ္မာရုံ၌ ဟောသည်။ ]

http://www.dhammadownload.com



# တနှစ်လာလဲ တောက်တဲ့

တခုသောဝါတွင်း ကျောက်ဆည်ဝေဘူရိပ်သာရှိ သီလရှင် (အဘွား)များနှင့် ယောဂီများအား တရားဟောတော်မူစဉ် "ဘယ်အလုပ်များ လုပ်ခဲ့ကြသလဲ" ဟု မေးတော်မူရာတွင် သွက်သွက်လက်လက် မဖြေဝံ့ဘဲ ရှိနေကြ၍-

"အင်း.... ဒို့အဘွားဆရာတွေကဖြင့် ဘုရားနားနေတဲ့ တောက်တဲ့ ကြီးနဲ့ တူလှသဗျာ၊ ဘုရားနားနေတဲ့ တောက်တဲ့ကြီးက ဘယ်လိုများ အော်သလဲဗျာ။" (တောက်တဲ့လို့ အော်ပါတယ်ဘုရား။)

"အေး.... ဟုတ်ပြီ၊ အဲဒီတောက်တဲ့ကြီးက ဒီနှစ်မှာ တောက်တဲ့လို့ အော်ပြီး နောက်နှစ်ကျတော့ကော ဘယ်လိုများ အော်သေးလဲ။" (တောက်တဲ့လို့ပဲ အော်ပါတယ် ဘုရား။)

"အင်း.... ဟုတ်ပြီဗျာ၊ ဟို.... နောက်နှစ်, နောက်နှစ်တွေ ကျတော့ ကောဗျာ....။"(တောက်တဲ့လို့ပဲ အော်ပါတယ်ဘုရား။)

အင်း... ဒို့အဘွားဆရာတွေကော ဘုရားနားနေတဲ့ တောက်တဲ့ကြီးနဲ့ ဘာများ ထူးသေးသလဲဟဲ့....၊ တစ်နှစ်လာလဲ တောက်တဲ့၊ တနှစ်လာလဲ တောက်တဲ့။

http://www.dhammadownload.com

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ၇–အမြင်ရှင်းမည့် အလင်းခေတ်

## တရားတော်

သီလဆောက်တည်ပြီးကြပြီ၊ ဆောက်တည်လို့ ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြ။ ဖြည့်ကျင့်လို့ ပြည့်စုံပြီဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တ ရည်ရွယ်ချက် အသီးသီးတို့ဟာ အကြွင်းအကျန်မရှိ အကုန်စလုံး ပြီးစီး အောင်မြင်ကြရောဗျာ့။ သီလ၌ တည်ပြီးတော့ ပြုရတဲ့ ကုသိုလ် အဖြာဖြာ တို့ဟာ တောင့်တတဲ့အတိုင်း အထွတ်အထိပ် အပြီးအဆုံးတိုင်အောင် ဆောင် နိုင်တယ်။

## ဟောပြောရုံမျှ ကျိုးမရ

သုံးဖြာသော ပိဋကတ်တို့ဟာ ဘုရားရှင် ဆိုဆုံးမတော်မူတဲ့ အဆုံးအမ တော်ပါပဲ၊ သာသနာတော်ဆိုတာ ဘုရားရှင် ဆုံးမတော်မူတဲ့ အဆုံးအမ တော်ကိုပဲ ခေါ်ပါတယ်။

ဤကဲ့သို့ သွန်သင်ဆုံးမတာတွေဟာ ဟောတတ်ရုံ ပြောတတ်ရုံမဟုတ် ဘူး၊ ရှေးအရှင်ကောင်းများကဲ့သို့ အဆုံးအမကို ရကြပြီဆိုရင် ရတဲ့အချိန်က စပြီး မချတဲ့ ဝီရိယနှင့် ထူထောင်ကြလို့၊ ဒီဆင်းရဲက လွတ်လိုကြလို့ မှတ်သား ထားသည် ဖြစ်သောကြောင့် ရှေးအရှင်ကောင်းများကဲ့သို့သော သောဝစသ တာဂုဏ်နှင့် ပြည့်စုံပြီး လိုက်နာနေကြတဲ့ သူတော်ကောင်းတွေပဲ မဟုတ် လားဗျာ့။

ဤကဲ့သို့ ဟောပြော ဆုံးမပါတဲ့အတိုင်းကို မတွေဝေသောအားဖြင့် ရှင်းရှင်းကြီး သိအောင်ကတော့ များများကြီး မဟုတ်ပါ၊ မှတ်သားပြီးထားတဲ့ အထဲက အဆုံးအမ မှန်မှန်တစ်ခုကို သန်သန်ဝီရိယနဲ့ ထူထောင်လို့ရှိရင် သူတကာကို မမေးဘဲနဲ့ ယုံမှားသံသယကင်းပြီးတော့ သွားလောက်အောင် အသီးအသီး အဖြေရကြဖို့ရာ အကြောင်းလို့ ထင်ပါတယ်။

မေး။ ။ဤကဲ့သို့ မှတ်သားပြီးထားတဲ့အထဲက ရွေးချယ်ပြီး ကိုယ်နှစ်

http://www.dhammadownload.com



မေး။ ။ဤကဲ့သို့ မှတ်သားပြီးထားတဲ့အထဲက ရွေးချယ်ပြီး ကိုယ်နှစ်သက်တဲ့ သဘောကျတဲ့ အဆုံးအမ မှန်မှန်တစ်ခုကို ဝီရိယ သန်သန်နှင့် ထူထောင်ပြီး စိတ်ကလေးကို အခုလိုထားတဲ့အခါမှာ လောဘ ဒေါသ မောဟတို့ဟာမရှိဘူး။ အဲဒီအချိန်မှာပင်လျှင်ပဲ လောဘ ဒေါသ မောဟတို့ မရှိတော့ စိုးရိမ်ကြောင့်ကြ ပူပန်ရမှု မရှိဘူးဆိုတော့ ချက်ချင်းပင်လျှင် ဆင်းရဲမှ ထုတ်နုတ်ပြီးတော့ ဆောင်တာ မဟုတ်လားဘျာ့။

ဖြေ။ ။ချက်ချင်း ဆင်းရဲမှ ထုတ်ဆောင်တာပါ ဘုရား။

မေး။ ။ဤကဲ့သို့ ခဏလေးမှာပင်လျှင်ပဲ လောဘ ဒေါသ မောဟတွေ ကွာလို့ သန့်ပြန့်စင်ကြယ်နေတဲ့အခါမှာ သက်တမ်းစေ့လို့ စုတေကျမယ်ဆိုရင် စိုးရိမ်ကြောင့်ကြမှု ရှိရဦးမှာလားဘျာ့။

ဖြေ။ ။ အဲဒီအချိန်မှာသေလဲ စိုးရိမ်စရာ မရှိရတော့ပါဘုရား။

အေး.... ဘျာ့၊ တစ်ခဏစာ တစ်ဘဝစာ မဟုတ်ပါ၊ သံသရာတလျှောက်လုံးအတွက် ကောင်းကောင်းလှလှကြီးကို လုံလောက်သွားကြပါတယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုရင် အခါကောင်းလို့၊ ဘဝကောင်းလို့၊ ဝီရိယကောင်းလို့ဘျာ့။

## မီးပွတ်သမား နားလိုက် ပွတ်လိုက်

အေး.... ရှေးအရှင်ကောင်းများ လိုက်နာကြတယ်ဆိုတာဟာကတော့ ဘယ်လိုပါလဲဆိုရင် ဘုရားဆုံးမတဲ့ အဆုံးအမကို ရသည့်အချိန်ကစပြီး မချတဲ့ဝီရိယနှင့် ဒီလိုထူထောင်ကြပါတယ်ဘျာ့၊ ဒါ့ကြောင့်မို့လို့လဲ မှန်းထားတဲ့ ဗောဓိတွေဟာ အကြွင်းအကျန်မရှိ အခါမလင့် ဆိုက်ကြတယ်၊ ဆိုက်ကြပြီဆိုမှဖြင့် အကုန်လုံး ဝမ်းမြောက်ကြရတယ်။ နို့.... ဝီရိယနှင့် ထူထောင်ကြလို့ အခါမလင့် ဆိုက်တယ်ဆိုတာလဲ ဘယ်လိုပါလဲဆိုတော့ ဒါကတော့ ရှေးစကားဘျာ့။

ဘယ်လိုများ ထူထောင်ကြပါသလဲဆိုတော့ မီးပွတ်တဲ့ယောကျ်ားများလိုတဲ့ဘျာ့၊ ရှေးက မီးများ အသုံးလိုပါတယ်ဆိုရင် အခုလိုမဟုတ်ဘူးတဲ့ဘျာ့၊ သစ်သားနှစ်ခုကို တိုက်ရ ပွတ်ရသတဲ့ဘျာ့၊ အဲဒီလို မီးရမှုကို ရှေးရှုပြီးတော့ သစ်သားနှစ်ခုကို ပွတ်တယ်၊ တိုက်တယ်၊ ပွတ်တိုက်တဲ့အခါကျပြီဆိုတော့မှ

http://www.dhammadownload.com



ပူပြီး မီးဖြစ်လာတာတဲ့ဗျာ၊ အဲဒီအခါ ကျပြီဆိုမှဖြင့် ကိုယ်အလိုရှိတဲ့ မီးကို ယူပြီး ကိုယ်အလိုရှိသလို အသုံးချပါသတဲ့ဗျာ၊ ဒါကတော့ ရှေးစကားဗျာ။

မေး။ ။ဤကဲ့သို့ မီးအလိုရှိတဲ့သူတွေကဆိုရင် သစ်သားနှစ်ခုကို ယူပြီး ပွတ်တယ် တိုက်တယ်ဆိုတော့ ဘယ်လိုပါလဲ ဆိုလို့ရှိလျှင် 'တစ်ကြိမ်ဗျာ၊ နှစ်ကြိမ်ဗျာ' လို့ သည်လိုများ ရေတွက်ပြီး ပွတ်တိုက်မလား။

ဖြေ။ ။ဒီလိုရေတွက်လို့ မရပါဘုရား။

မေး။ ။ဘယ်လို ပွတ်တိုက်ကြရမလဲ။

ဖြေ။ ။မီးတောက်တဲ့အထိ ပွတ်တိုက်ရပါတယ် ဘုရား။

မီးကို အလိုရှိလျှင် မီးရမှု တစ်ခုသာလျှင် စိတ်ဆန္ဒ ပြင်းပြင်းပြပြနှင့် အဲဒီလို ပွတ်ကြ၊ တိုက်ကြပါသတဲ့၊ အအား အနား မထားရဘူးတဲ့ဗျာ။

အခုလို ပြင်းပြင်းထန်ထန် ဝီရိယနှင့် ပွတ်တိုက်တဲ့အခါမှာ ဘယ်လောက် ကြာလျှင် မီးရမလဲ။ (သူ့အချိန်ကျလျှင် မီးရပါလိမ့်မယ် ဘုရား။) ကြာမှာလားဗျာ။ (သိပ်မကြာပါ ဘုရား။) အေး.... ဝီရိယနှင့် ထူထောင်ပြီး ပြင်းပြင်းထန်ထန် ပြုလိုက်လို့ရှိလျှင် ပူပြီးတော့ တော်တော် ကြာ မီးဖြစ်လာ တော့တာပဲ၊ ခဏကလေးတဲ့ဗျာ၊ အခုလဲပဲ ဒီလိုပါဗျာ၊ မီးတော့ လိုချင်ပါရဲ့၊ ပြီးတော့ ဒီသစ်သားနှစ်ခုကို ပွတ်ရင်၊ တိုက်ရင် ရတယ်လို့လဲ သိကြပြီ၊ ပြီးတော့ ဘယ်လိုတုံးဆိုတော့ 'တစ်ကြိမ်ဗျာ၊ နှစ်ကြိမ်ဗျာ' နဲ့ ဒီလိုရေတွက်ပြီး အနည်းငယ်မျှကလေးလောက် ပွတ်မိ၊ တိုက်မိတော့ကို ခပ်နွေးနွေးကလေး တော့ ရှိလိမ့်မယ်၊ ဒီအခါကျတော့ကို နားဦးမယ်ဆိုပြီး နားနေမယ်ဗျာ၊ မီးရပ့ါ မလား။ (မ ရသေးပါ ဘုရား။) ပြီးတော့ ထပ်ပြီး တိုက်ပြန်ပါရော၊ 'တစ်ကြိမ် ဗျာ၊ နှစ်ကြိမ်ဗျာ'နဲ့ အဲဒီလို ရေတွက်ပြီး ပွတ်မိ၊ တိုက်မိပြန်တော့ အရင်လို ခပ်နွေးနွေးကလေး ရှိလာပြန်လိမ့်မယ်၊ အဲဒီတော့ နားပြန်ဦးမယ်ဆိုပြီး နားနေရင် မီးရပ့ါ မလား။ (မရပါဘုရား။)

မေး။ ။အဲဒီလိုချည်း နားလိုက်, ပွတ်တိုက်လိုက်နဲ့ တိုက်ရင် တစ်ရက် လုံးတိုက်ပေမယ့် မီးရပ့ါမလား။

ဖြေ။ ။မရပါဘုရား။

http://www.dhammadownload.com



အဲဒီလိုချည်း နွေးနွေးကလေးရှိတော့ နားလိုက်, ပွတ်လိုက်နဲ့ နားနား ပြီး တစ်လလုံး ပွတ်ရင်ကော ရပ့်မလား။ (မရပါ ဘုရား။) တစ်နှစ်လုံးကော ဗျာ့။ (နွေးရုံပဲ ရှိမှာပါပဲ၊ မီးတော့ ရမှာ မဟုတ်ပါဘုရား။)

မေး ။ ။အနှစ်တရာလုံး တိုက်ရင်ကောဗျာ။

ဖြေ ။ ။နွေးရုံပဲ ရှိမှာပါပဲ ဘုရား။

မေး ။ ။အဲဒါ သစ်သားနှစ်ခုမှာ မီးမရှိလို့လား။

ဖြေ ။ ။မီးရှိပါတယ် ဘုရား၊ လုံ့လ, ဝီရိယ မရှိလို့ပါ ဘုရား။

အခုလဲပဲ ကိုယ်အလိုရှိတဲ့ ကိုယ်နှစ်သက်တဲ့ ဗောဓိ အသီးသီးတို့ကို ဝီရိယနှင့် ထူထောင်ပြီး မီးပွတ်တဲ့ ယောကျ်ားများလို အအားအနား မထားဘဲ အဲဒီလိုပြုရပါတယ်၊ ပြုတဲ့အခါကျပြီဆိုတော့ ခဏနေ နွေးလာ ပြီးတော့ တော်တော်ကြာ မီးဖြစ်လာတာပါပဲဗျာ့။

အဲဒီကျတော့မှ မီးကိုကိုယ်အလိုရှိသလို အသုံးချတတ်ရတယ်ဗျာ့၊ ဒါကြောင့်မို့လို့ အခုလဲပဲ အားလုံးတို့မှာ ကိုယ်မှန်းထားတဲ့ ဗောဓိအသီးသီးကို ပြီးစီးအောင် ဘုရားဆုံးမပါတဲ့ အဆုံးအမကို ရပြီးသား ဖြစ်ကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ရှေးအရှင်တွေကဲ့သို့ ဝီရိယကိုမီအောင် အကုန်လုံးဟာ ရှေးအရှင် သူတော်ကောင်းများလို စိတ်နှလုံးအလို ပြီးကြမှာပါပဲဗျာ့။

ဒါ ဘာ့ကြောင့်လဲဆိုလျှင် ဘုရားဆုံးမတဲ့ အဆုံးအမတွေဟာ 'ဆင်းရဲမှ လွတ်မှုတစ်ခု' လို့ လိုက်နာကြပေမဲ့ ဘုရားပွင့်တော်မူတဲ့အခါ, ဘုရား သာသနာ ရှိတဲ့အခါမှသာလျှင် စိတ်နှလုံး အလိုရှိတဲ့အတိုင်း အကုန်စလုံး ပြီးစီးနိုင်တာကိုးဗျာ့။

## ဘုရားပွင့်မှ ကျင့်တိုင်းရ

ဘုရားရှင် ပွင့်တော်မမူတဲ့အခါ, ဘုရားသာသနာ မရှိတဲ့အခါမှာတော့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်းဟာ မပြီးနိုင်ပါဘူး၊ ဘာ့ကြောင့်လဲဆိုရင် ဘုရားရှင် ပွင့်တော်မူတဲ့အခါမှာတော့ ဆင်းရဲမှ လွတ်မှုကို ပြုတာဟာ စရဏ, ဝိဇ္ဇာ နှစ်ဖြာ ဘယ်သင်းမှ မလိုရအောင် ပြုနိုင်, ကျင့်နိုင်တော့ ပြုလို့, ကျင့်လို့ ပြီးတယ်ဗျာ့။

http://www.dhammadownload.com



ဘုရားပွင့်တော်မမူတဲ့ အခါမှာတော့ စရဏ ဖြစ်တဲ့ဟာသာလျှင် သွားတတ်တယ်, လာတတ်တယ်၊ ဟောတတ်တယ်၊ ပြောတတ်တယ်၊ ဝိဇ္ဇာကိုတော့ မဟောတတ်ဘူး၊ မပြောတတ်ဘူး၊ မသွား, မလာတတ်ဘူးဗျာ၊ ဒါ့ကြောင့် စိတ်နှလုံး အလိုအတိုင်း မပြီးနိုင်ဘူးတဲ့ဗျာ။

ဘုရားရှင် ပွင့်တော်မူတဲ့အခါမှာတော့ ဘုရားရှင် ကိုယ်တော်တိုင် ထိုးထွင်းပြီး သိပါတဲ့အတိုင်း စရဏ, ဝိဇ္ဇာ နှစ်ဖြာ အကုန်စလုံး သိမ်းကျုံးပြီးတော့ ဆုံးမဩွန်ကြားတော်မူတယ်၊ ဤကဲ့သို့ ဩွန်ကြားဆုံးမပါတဲ့အတိုင်း မှတ်သားပြီး လိုက်နာကြတော့ မှန်းထားတဲ့ ဗောဓိအသီးသီးတို့ဟာ အကုန်စလုံး သူ့ဗောဓိနှင့်သူ ပြည့်စုံကြရတယ်။

အဲဒီတော့ စရဏဆိုတာ ဘယ်သင်းပါတုံးလို့ဆိုရင် အခု အားလုံးသော ဒကာကြီး၊ ဒကာမကြီးတွေ ဘုရားရှင်သာသနာ တည်ရာတည်ကြောင်းလေးပါးသော ပစ္စည်းဖြစ်တဲ့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး အမျိုးမျိုးအဖြာဖြာ နှစ်သက်ရာတွေကို ကောင်းမွန်စွာ စီမံပြီးတော့ အချိန်တိုင်းအချိန်တိုင်း ဘယ်သင်းမှ မပြတ်ရအောင် ပူဇော်ခြင်း, မြတ်နိုးခြင်းကို ပြုပြီးနေကြပါတယ်၊ အအား အနားမထားဘဲ ဒီလိုပြုကြပါတယ်။

ပြုတဲ့နေရာမှာလဲ အထွတ်အထိပ် အမြင့်အမြတ်တွေကိုပဲ စီစဉ်ပြီးတော့ ပူဇော်ခြင်း, မြတ်နိုးခြင်းကို ပြုရတယ်၊ အဲဒီလို ပြုပင် ပြုငြားသော်လဲ ဘယ့်နှယ်လဲ ဆိုတော့ 'အခုလောက်ကလေးနဲ့ အားမရသေးပါဘူး၊ ဒီ့ထက်တိုးပြီးတော့ ပြုအုံးမယ်၊ ပူဇော်အုံးမယ်' နဲ့ အဲဒီလိုဗျာ၊ အားမရ မရောင့်ရဲနိုင်ဘူးတဲ့ဗျာ၊ အဲ့ဒီလို ပြုတာတွေက ဘာလဲဆိုရင် **စရဏ**တဲ့ဗျာ။

ဘုရားဆိုဆုံးမပါတဲ့ အဆုံးအမ မှန်မှန်တစ်ခုကို ဆင်းရဲမှ လွတ်မှုအတွက် ထိုထိုအာရုံတွေ မသွားရအောင် သိရမယ်၊ ပြုရမယ်၊ မှတ်ရမယ်လို့ ဆုံးမတော်မူပါတဲ့အတိုင်း ကောင်းမွန်စွာ မှတ်ပြီးတော့ တဆက်ထဲ သိနေရမယ်၊ အဲဒီလို သိနေမှုသည် အမှန်ကို သိနေတယ် ဆိုတော့ အဲဒါ **ဝိဇ္ဇာ**ဗျာ။

ဤကဲ့သို့ စရဏရော, ဝိဇ္ဇာရော နှစ်ဖြာစလုံးကို တပြိုင်နက်ထဲဟာ ဘယ်အခါမှ မပြတ်အောင် ရှေးက အရှင်ကောင်းတွေကတော့ ကိုယ်လိုချင်တဲ့ဗောဓိကို ပြီးအောင် ဝီရိယ ထူထောင်ပြီးတော့ ဒီလို ယူကြတာကိုးဗျာ၊ အဲဒီလို ယူကြတော့ မှန်းထားတဲ့အတိုင်းဟာ အသီးအသီး ပြီးကြတယ်။

http://www.dhammadownload.com



## ဝိဇ္ဇာစရဏ ဒွန်တွဲမှု

အခုလဲ အားလုံးတို့ဟာ စရဏ, ဝိဇ္ဇာ နှစ်ဖြာကို ဘယ်အခါမှ မပြတ်အောင် ရှေးအရှင်များတို့လို ထူထောင်ကြဗျာ၊ ဘုရားဆုံးမပါတဲ့ အဆုံးအမတော်တွေကို သံဃာတော် အရှင်ကောင်း အဂ္ဂျင်မြတ်တွေက ညွှန်ကြားဆုံးမလို့ ဘယ်သင်းမှ မလိုရအောင် နားလည်ထားကြပြီးသား ရှိကြပါတယ်။

သို့သော်လဲ တခါတခါတော့ ဘယ်လိုပြောမတုံးလို့ ဆိုတော့ စိတ်ထဲမှ ပြောချင် ပြောမယ်၊ ဘယ်လိုတုံးဆိုတော့-

"ဘုရားရှင့် သာသနာ တည်ရာ တည်ကြောင်း ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးတို့ကိုလဲ စီမံပြီး နေရသေးတယ်၊ အမှန်သိဖို့ရာ ဖြစ်တဲ့ ဝိဇ္ဇာကိုတော့ အဲဒါတွေ စီမံပြီးတော့ အားတဲ့အခါကျမှ ဆောင်မယ်ဆိုပြီး အဲဒီလို တစ်ခါတစ်ခါ ဖြစ်ပါလိမ့်မယ်။ ဒီအချိန်တွေကတော့ ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို စီမံပြီးနေရသေးတယ်၊ ဒီဟာတွေ ပြီးတော့မှပဲ အားထုတ်ရမယ်နဲ့" ဒီလိုများ စိတ်က တစ်ခါတစ်ခါ ဖြစ်ကြတယ် မဟုတ်လားဗျာ။ (ဖြစ်ကြပါတယ် ဘုရား။)

အဲဒီလိုပြုရတာတွေက စရဏလား ဝိဇ္ဇာလား။ (စရဏပါ ဘုရား။) ပြီးတော့ ဒီဟာတွေ ပြည့်စုံပြီး၊ အခါအခွင့် အချိန်ကလေးရတုန်း အားထုတ်မယ်ဆိုပြီး အခုနကလို အားထုတ်မယ်၊ အားထုတ်တဲ့အခါ စိတ်ကလေးက ထိုထို ထိုထို အာရုံတွေဆီ မသွားရအောင် သိရမှာကို စူးစူး စိုက်စိုက်သိပြီး နေတာ အဲဒါက ဘာလဲ။ (အဲဒါက ဝိဇ္ဇာပါဘုရား။)

စရဏကော။ (စရဏလဲ အရင်းခံ ပါပါတယ်ဘုရား။) အဲဒီလိုစူးစူး စိုက်စိုက် သိနေတဲ့ အချိန်ကလေးမှာ စရဏရော ပါရဲ့လား။ (စရဏရော ဝိဇ္ဇာရော ပါပါတယ်ဘုရား။)

အဲဒီလို နှစ်ခုကို ဒွန်တွဲပြီး ပြုလုပ်တဲ့အခါကျတော့ ဝိဇ္ဇာရော စရဏရော နှစ်ခုစလုံး တပြိုင်ထဲ ပြီးသွားပါတယ်ဗျာ၊ ဆွမ်းချက်တုန်းကတော့ စရဏတွင် ဖြစ်ပါတယ်၊ ဆွမ်းချက်လို့ပြီးပြီဆိုတိုင်း ထိုင်အားထုတ်တော့ အဲဒါဘာလဲ။ (ဝိဇ္ဇာပါဘုရား။) အေး.... အဲဒီလိုဗျာ၊ စရဏ, ဝိဇ္ဇာ နှစ်ခုစလုံး ဟာက ပြည့်စုံအောင် ပြုရမယ်ဆိုတော့ ခုနကလို 'ဒီဟာကတော့ စရဏ မဖြစ်သေးဘူး၊ ဝိဇ္ဇာတင်ပဲ။ ဒါကတော့ ဝိဇ္ဇာမဖြစ်သေးဘူး၊ စရဏတင်ပဲ' ဆိုပြီး အခုလို စိတ်အာရုံမှာ ထားချင် ထားမိပါလိမ့်မယ်။

http://www.dhammadownload.com



အဲဒီတော့ ဆွမ်း ခဲဖွယ် ဘောဇဉ် အမျိုးမျိုး အဖြာဖြာကို ကောင်းမွန်စွာ စီမံရင်း ဘုရားဆုံးမပါတဲ့ ဆင်းရဲမှ လွတ်မှုတစ်ခုကိုလဲ မလပ်ရအောင် စူးစူးစိုက်စိုက် ထားပြီးတော့ အခုနကလို ဆွမ်းစီမံမယ်, ကျောင်းစီမံမယ်, ဆိုရင် မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။) ဒီတော့ ဘယ့်နှယ်လဲ၊ ဟိုလို ဆွမ်း,ခဲဖွယ်,ဘောဇဉ်တွေနှင့်တကွ သင်္ကန်း,ကျောင်း,ဆေးတို့ကို စီမံတာက စရဏ၊ ထိုထို ထိုထို တစ်ပါး အာရုံမသွားစေဘဲ သိရမယ်ဆိုတဲ့ ရုပ်နာမ်နှစ်ခုကို တပြိုင်နက်ထဲ သိပြီးနေတာက ဘာလဲ။ (ဝိဇ္ဇာပါဘုရား။)

မေး။ ။ဒီတော့ အခုနကလို ပစ္စည်းလေးပါးကိစ္စတွေ စီမံရင်း ထားမယ်ဆိုလို့ ရှိရင် အချိန်တစ်ခုထဲမှာ စရဏရော ဝိဇ္ဇာရော မဖြစ်ပေဘူးလား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

အေး.... ဘုရားရှင် ရွှေလက်ထက်တော်က မြင့်မြတ်ကြပါတဲ့ သူတော်ကောင်း အစားစားတို့ဟာ စရဏဝိဇ္ဇာ နှစ်ဖြာကို ဤကဲ့သို့ အချိန်တိုင်း အချိန်တိုင်းမှာ ဖြစ်အောင် ဒီလိုယူကြတာဗျာ၊ ပြီးတော့ တခါတခါကျပြီဆိုရင် သောဝစဿတာဂုဏ်နှင့် ပြည့်စုံပြီး လိုက်နာ ဖြည့်ကျင့်နေကြသော်လဲ တခါတခါမှာတော့--

"ငါတို့မှာ မိဘ ဘအိုဖြစ်တဲ့ မေတ္တာရှင် ကရုဏာရှင်ကျေးဇူးရှင်တွေက အသက် ကြီးနေပြီ၊ ဒီကျေးဇူးရှင်တွေကို ခြေဆုပ်လက်နယ် အမျိုးမျိုး အဖြာဖြာ လုပ်ကျွေးမှုကို နေ့နေ့ညည ပြုနေရတယ်၊ ဒါကြောင့်မို့ အားထုတ်မှု မပြုနိုင်သေးဘူး၊ ဒီဝတ္တရားက ရှိနေတယ်" ဆိုပြီး အဲဒီလို နေကောင်း နေမိကြပါလိမ့်မယ် ထင်ပါရဲ့။ (နေမိပါတယ် ဘုရား။) ဖြစ်ကော မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား။) ဒီတော့ မိအို ဘအိုတို့ရဲ့ ဝတ္တရားကို မကြွင်းကျန်ရအောင် ခြေဆုပ်လက်နယ် အမျိုးမျိုး အဖြာဖြာတို့ပြုတာက စရဏလား၊ ဝိဇ္ဇာလား၊ (စရဏပါဘုရား။)

## တချက်ခုတ် နှစ်ချက်ပြတ်

မေ ။ ။အဲဒီလို အမိအဘတို့ရဲ့ ကျေးဇူးဂုဏ်ကို သိပြီးတော့ မလိုရအောင်ပြုရင်း ရုပ်နာမ်နှစ်ခုကို သိရမယ်ဆိုတဲ့အတိုင်း တဆက်ထဲ သိအောင်ပြုပြီး အခုလိုလုပ်ရင် မဖြစ်ဘူးလား။

http://www.dhammadownload.com



ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

အဲဒီလိုလုပ်ရင် အချိန်တစ်ခုထဲမှာပင်လျှင်ပဲ စရဏရော ဝိဇ္ဇာရော နှစ်ခုစလုံး မဖြစ်ဘူးလား။ (နှစ်ခုစလုံး ဖြစ်ပါတယ်ဘုရား။) ဘုရားရှင် ရွှေလက်ထက်တော်က မြင့်မြတ်ကြပါတဲ့ သူတော်ကောင်း အစားစားတို့ဟာ ဒီလိုပြုတာဗျာ့။ အခု ဒကာကြီး ဒကာမကြီးတွေမှာတော့ ဘုရားဆိုဆုံးမ ပါတဲ့အတိုင်း စရဏ, ဝိဇ္ဇာ နှစ်ဖြာစုံလင်မှသာလျှင် တောင့်တတဲ့အတိုင်း ပြီးမှာလို့ မေတ္တာရှင် ကရုဏာရှင်တွေက ထပ်တင်တလဲလဲ သိသာအောင် ပေါ်လွင်အောင် ထင်ရှားအောင် ဒီလို ဆုံးမညွှန်ကြားကြတော့ သိပြီးသား ဖြစ်ကြတယ်၊ လိုက်လဲ လိုက်နာကြတယ်၊ သို့သော်လဲ တခါတခါ ကျပြန်တော့ ဘယ်လို တုံးဆိုရင်--

"ဒို့မှာတော့ သားသမီး မြေးမြစ်တွေရဲ့ အမှုကိစ္စတွေက များတယ်၊ အဲဒါတွေကို ဆောင်နေရတယ်၊ ဒီတော့ အခုနကလို အားမထုတ်နိုင် သေးဘူး" နဲ့ အဲဒီလိုကော တခါတခါ ဖြစ်တယ်မဟုတ်လား၊ အဲဒီတော့ အခုနကလို သားသမီး မြေးမြစ်တွေရဲ့ အမှုကိစ္စ ဝတ္တရားတွေကို ပြုရတယ် ဆိုတာ စရဏလား ဝိဇ္ဇာလား၊ (စရဏပါဘုရား။)

ဤကဲ့သို့ သားသမီး မြေးမြစ်တို့ရဲ့ ဝတ္တရားကို ပြုရတယ်ဆိုတော့ ဒါဟာ သီလဘက်က မဟုတ်လားဗျာ့။ (သီလပါဘုရား။) အဲဒါတွေကို ပြုနေရလို့ အခုနကဟာကို မပြုနိုင်သေးဘူးလို့ ပြောလဲ ပြောတယ်၊ မပြောဘဲလဲ တခါတခါ နေမိကြတယ် ထင်ပါရဲ့။ (မပြောဘဲ နေမိပါတယ်ဘုရား။) အဲဒီလို သားသမီး မြေးမြစ်တို့ရဲ့ ကိစ္စအားလုံး ပြုသင့်ပြုထိုက်တာကို ပြုရင်း ဘုရား ဆုံးမပါတဲ့အတိုင်း စူးစူးစိုက်စိုက်နှင့် သိရမှာကို သိပြီး နေမယ်ဆိုရင် မဖြစ် ဘူးလားဗျာ့။ (ဖြစ်ပါတယ် ဘုရား။)

အဲဒီလို အမှုကိစ္စတွေကို ပြုရင်း ဘုရားဆုံးမတဲ့ အဆုံးအမကို မလွတ်ရအောင် စူးစူးစိုက်စိုက်ကလေး ဒီလို ထားမယ်ဆိုရင် စရဏရော ဝိဇ္ဇာရော နှစ်ခုစလုံး တစ်ချိန်ထဲမှာ မပြီးဘူးလား။ (ပြီးပါတယ် ဘုရား။)

http://www.dhammadownload.com



## အလုပ်များလေ ဆောင်သင့်လေ

ဒီတော့ အချိန်တိုင်း အချိန်တိုင်း အခုလိုချည်းပဲ စရဏ ဝိဇ္ဇာ နှစ်ဖြာကို ဘယ်နေရာမှ မလပ်အောင် ဒီလိုထူထောင်တာဗျာ့။ (မှန်ပါ့ဘုရား။) ဒီတော့ ဘယ်အချိန်ကတော့ မဖြစ်ဘူး၊ ဘယ်ကိစ္စကြောင့်လို့ ဆိုစရာ ရှိသေးသလားဗျာ့။ (ဆိုစရာမရှိတော့ပါ ဘုရား။)

ကဲ....ဒါဖြင့် သားလိမ္မာ သမီးလိမ္မာတွေနဲ့ နေရင်း ထိုင်ရင်းကောဗျာ့၊ မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား။) သားမိုက် သမီးမိုက်တွေကို ပြောရင်း, ဆိုရင်း, သွန်သင်ရင်း ဆုံးမရင်းကော အားထုတ်လို့ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။) အဲဒီလို မကောင်းမြစ်တာ ကောင်းရာ တိုက်တွန်း ဆုံးမတားမြစ်တာကတော့ ဘာလဲ။ (စရဏပါ ဘုရား။) အခုနကလို မလွတ်ရအောင် ဘုရားဆုံးမတဲ့ အဆုံးအမကို ဒီလိုထားတာကကော။ (ဝိဇ္ဇာပါ ဘုရား။) ဒီလိုအချိန်တစ်ခုထဲမှာ နှစ်ခုစလုံး မဖြစ်ဘူးလားဗျာ့။ (ဖြစ်ပါတယ် ဘုရား။)

ဘုရား ရှေ့လက်ထက်တော်က မြင့်မြတ်တဲ့ ဘုရားရှင့် တပည့်သား တပည့်သမီးတွေဟာ အချိန်တိုင်း အချိန်တိုင်းမှာ ဒီလိုဆောင်ကြ ယူကြတာဗျာ့၊ ဒီလိုဆောင်ကြ ယူကြတော့ အချိန်တိုင်း အချိန်တိုင်းမှာ မှန်းထားတဲ့အတိုင်း အစီးအပွားတွေဟာ ဘယ်အခါမှ လစ်လပ်မှု မရှိဘူး၊ အစဉ်အတိုင်း အထက်ကိုသာလျှင် ဆန်တက်ပြီး မှန်းထားတဲ့ အတိုင်းဟာ ပြီးစီးကြပါ သတဲ့ဗျာ့။

ဒီတော့ အခုလဲပဲ ဤကဲ့သို့ ဝီရိယတွေနဲ့ ထူထောင်ပြီးတော့ ယူကြမယ်ဆိုလို့ရှိလျှင် အသီးသီးဟာ အကုန်စလုံး ပြီးစီးကြပါလိမ့်မယ်။

မေး။　။ဤကဲ့သို့ အမှုကိစ္စတွေကို ပြုရင်း ထားရတယ် ဆိုတော့ ဘယ်လိုတုံးဗျာ့ ဆင်းရဲမှာလား၊ ပစ္စည်းကော ကုန်မှာလား။ အလုပ်အကိုင်ကော ပျက်သလား။ (မပျက်ပါဘုရား။) မပျက် ပါဘူးဗျာ့။ လုပ်နေကျအမှုကိစ္စတွေကို မတွေ့မဝေ ဤကဲ့သို့ စိတ်ကိုထားပြီး ပြုလို့ရှိလျှင် တွေတွေဝေဝေနဲ့ ပြုတာထက် ဘယ်သင်းက သာလို့ မြန်မြန်ပြီးပါ့မလဲဗျာ့။

ဖြေ။　။သတိကို မလွတ်ဘဲ လုပ်လျှင် ပိုပြီး အလုပ်မြန်မြန် ပြီးပါတယ် ဘုရား။

http://www.dhammadownload.com



မလွဲသာ မတတ်သာတဲ့ ခန္ဓာဝန်အတွက် လုပ်တဲ့နေရာမှာ တွေတွေဝေဝေနဲ့ လုပ်တာထက် ဘယ်လောက်များ မြန်မြန်ပြီးပါ့မလဲဗျာ့။ (နှစ်ဆလောက်ပိုပြီးတော့ ပြီးပါလိမ့်မယ် ဘုရား။) ဥပမာ. . . ဝီရိယထူထောင်လို့မို့ ထစ်နေ့ကို ငွေတစ်သိန်းလောက် ရတယ်ဆိုရင် မတွေမဝေဘဲ လုပ်မယ်ဆိုရင် နှစ်ဆဆိုတော့ နှစ်သိန်းရမယ်ဗျာ့၊ ဒီတော့ ကိုယ်မှန်းထားတဲ့ ဗောဓိအသီးသီးကရော။ (မြန်မြန် ရပါလိမ့်မယ် ဘုရား။)

## ပါရမီ မရှိလို့လား

အေး.... အဲဒါကိုလဲ မလစ်ဟင်းရဘူးဗျာ့၊ မှန်းထားတဲ့အတိုင်း အထက်ကို ဆန်တက်ပြီး ပြီးစီးကြတာဟာ ဘာ့ကြောင့်လဲဆိုရင် ဘုရားပွင့်တော်မူတဲ့အခါ ဘုရားဆုံးမပါတဲ့ အဆုံးအမကို ရကြလို့ မချတဲ့ ဝီရိယနဲ့ ရှေးအရှင်တွေမှာ ထူထောင်ကြတော့ ပစ္စုပ္ပန်သံသရာ နှစ်ဖြာမှာ တောင့်တတဲ့ အတိုင်း အသီးသီး ပြီးစီးကြပုံတဲ့ဗျာ့။

ဤကဲ့သို့ ပြုကြတဲ့ အရှင်တွေဟာ ဘုရားရှင် ရွှေလက်ထက်တော်က အချိန်တခုတခုမှာပင်လျှင်ပဲ ဘယ်လောက်များ များပါ့မလဲဗျာ့။ (မရေမတွက်နိုင်အောင် များပါတယ်ဘုရား။) အေး.... ဒီတော့ အချိန်တွေ ရှိတယ်၊ အချိန်တိုင်း အချိန်တိုင်းမှာပင်လျှင် တောင့်တတဲ့အတိုင်း မပြီးတဲ့ အချိန်ရယ်လို့ ရှိပါ့မလား။ (မရှိပါဘုရား။) ဘယ်အချိန်မဆို ပြီးပါတယ်ဗျာ့၊ အဲဒီလို ဆောင်ယူကြတဲ့ သူတော်ကောင်း အစားစားတို့မှာ အကုန်စလုံးဟာ ပြီးပါတယ်။

မေး။ ။ဘုရား ရွှေလက်ထက်တော် အချိန်အခါ ဘဝကကောင်းသော်လည်း လုံ့လ ဝီရိယနှင့် ထူထောင်ပြီး ဤကဲ့သို့ ဘုရားအဆုံးအမတွေကို မှန်းထားတဲ့အတိုင်း ပြီးစီးအောင် မယူကြတဲ့ လူ နတ် ဗြဟ္မာတွေမှာရော ဤကဲ့သို့ ပြီးပါရဲ့လားဗျာ့။ (ဝီရိယနှင့်မထူထောင်တဲ့ ပုဂ္ဂိုလ်တွေမှာမပြီးနိုင်ပါဘုရား။) အဲဒါဘာ့ကြောင့်လဲ၊ အခါမကောင်းလို့လား၊ ဘဝမကောင်းလို့လား။

ဖြေ။ ။အခါလဲကောင်းပါတယ်၊ ဘဝလဲကောင်းပါတယ်၊ ဝီရိယမကောင်းလို့ပါဘုရား။

http://www.dhammadownload.com



မေး။ ။ပါရမီ မရှိလို့လား။

ဖြေ။ ။တချို့က ပါရမီ မရှိလို့ မရဘူးထင်ပါတယ်ဘုရား။

မေး။ ။ဝီရိယ မထူထောင်ဘဲနဲ့ မရတာက ပါရမီ မရှိလို့လား။

ဖြေ။ ။ရှေးက ပါရမီရှိတဲ့ ပုဂ္ဂိုလ်များမှာတော့ တရားနာပြီးရင် သောတာပန်, သကဒါဂါမ်, အနာဂါမ် အစရှိသည်တို့ ဖြစ်ကြပါတယ်၊ တပည့်တော်တို့မှာတော့ ပါရမီ မရှိသည့်အတွက် အဖန်ဖန် တရားနာသော်လဲ နဂိုပကတိအတိုင်း ပါပဲဘုရား။

## ရေရှိပါလျက် မသောက်ခက်၊ ရေတွက် မဟုတ်ချေ။

မေး။ ။ရှေးအရှင်တွေက ဘယ်လိုပါလဲဆိုရင် ရေသောက်ချင်တဲ့ သူတွေလိုပေါ့၊ ရေသောက်ချင်တော့ ရေရှာရော၊ ရေရတော့ ဘယ့်နှယ်တုန်းဗျာ့၊ 'ဒို့မသောက်ချင်သေးဘူး' ဆိုပြီး မော့မော့ကြီးနေသလား၊ အဟုတ်ကို ရေဆာလောင် မွတ်သိပ်တဲ့ လူဟာလေ။

ဖြေ။ ။အဟုတ် ဆာလောင်မွတ်သိပ်တဲ့ လူကတော့ ချက်ချင်း သောက်လိုက်ပါတယ် ဘုရား။

'ခဏ နေစမ်းပါအုံး' ဆိုပြီးတော့ ဆိုင်းနေသလား။ (မဆိုင်း ပါဘုရား) ဒါက အဟုတ်ကို သောက်ချင်လို့ဗျာ့၊ အခုလဲ ဒကာကြီး ဒကာမ ကြီးတွေက အခုလို ဘုရားဆုံးမတဲ့ အဆုံးအမကို ရတဲ့အခါမှာ ရလျှင်ရချင်း အခုနက ရေမွတ်သိပ်ဆာလောင်တော့ ရေရှာ၊ ရေတွေ့တော့ သောက်သလိုသောက်ရဲ့ လားဗျာ့။ (တပည့်တော်တို့က ဆိုင်းနေပါတယ်ဘုရား။) ဒါဖြင့် ဒကာကြီးရဲ့ ပါရမီမရှိလို့ မဟုတ်ပါဘူးဗျာ့၊ ရေဟာ မသောက်ဘဲနဲ့ ဝရဲ့လားဗျာ့။ (မသောက်ဘဲနဲ့ မဝပါဘုရား။) ရေအိုးနား ထိုင်နေရင်ကော။ (တပည့် တော်တို့က ပါရမီမရှိတော့ ရေအိုးနားပဲ ထိုင်နေရတာပါပဲ ဘုရား။) ရေထဲ ဆင်းနေရင်ကော။ (ရေထဲ ဆင်းနေတော့လဲ ခေါင်းကို မော့ထားပါတယ် ဘုရား။)

မေး။ ။ဒါဖြင့်၊ ရေထဲငုပ်နေရင်ကော။

ဖြေ။ ။ရေထဲ ငုပ်နေရင်လဲ ပါးစပ်ပိတ်ထားတာပါ ဘုရား။

http://www.dhammadownload.com



မေး။ ။အဲဒါ ပါရမီမရှိလို့ ရေမွှတ်သိပ် ဆာလောင်တာလား။

ဖြေ။ ။ပါရမီ မရှိလို့ ပါးစပ်ပိတ်ထားတာပါ ဘုရား။

သောက်ချင်ရင် ပါးစပ်ပိတ်ထားပ့ါမလား။ (တကယ်သောက်ချင်ရင်တော့ မပိတ်ပါဘုရား။) ဒါဖြင့် ဒကာကြီးဟာက မသောက်ချင်ဘဲနဲ့ သောက်ချင်တယ်လို့ လိမ်ပြောတာလား။ (တပည့်တော်တို့က မသောက်ချင်ဘဲ ဟန်ဆောင်နေတာနဲ့ တူနေပါတယ် ဘုရား။) အေး---ဒါဖြင့် ရေမွှတ်သိပ် ဆာလောင်ပြီးနေရင် ဒီအတိုင်းပဲ မွှတ်သိပ်ဆာလောင်တာကို ခံနေရတာဟာ ဆင်းရဲသလား၊ ချမ်းသာသလား။ (ဆင်းရဲပါတယ် ဘုရား။) ဆင်းရဲရင် ဒီအတိုင်း ရေအိုးနားထိုင်နေဦးမှာလား၊ သောက်တော့မလား။ (တပည့်တော်တို့က ဒီဆင်းရဲကို ချမ်းသာလို့ ထင်နေတာကိုး ဘုရား။)

မေး။ ။ဒါဖြင့် ဘုရားရှင်က ဤကဲ့သို့ မွှတ်သိပ် ဆာလောင်နေတဲ့ဟာကို ချမ်းသာတယ်လို့ ဆုံးမ ညွှန်ကြားတော်မူသလား။

ဖြေ။ ။ ဆင်းရဲပါလို့ ဆုံးမညွှန်ကြားတော်မူပါတယ် ဘုရား။

မေး။ ။ ဒီတော့ ဘုရားရှင် ဆုံးမတော်မူပါတဲ့ အဆုံးအမနှင့် ကိုယ်ထင်တာနဲ့ ဘယ်ဟာက မှန်ပ့ါမလဲ။

ဖြေ။ ။ ကိုယ်ထင်တာက မှားပါတယ်ဘုရား။ ချမ်းသာတယ်လို့ ထင်နေတာက မှားပါတယ် ဘုရား။

မေး။ ။ ဒါဖြင့် ဒကာကြီးက ချမ်းသာချင်သလား၊ ဆင်းရဲချင်သလား။

ဖြေ။ ။ တပည့်တော်က ချမ်းသာတော့ ချမ်းသာချင်ပါတယ် ဘုရား။ ဒါပေမယ့် လုပ်တော့ ဆင်းရဲဖို့ချည်း လုပ်နေပါ တယ် ဘုရား။

ဘုရား ဆိုဆုံးမပါတဲ့ အဆုံးအမကို နားထောင်ရတာနဲ့ နားမထောင်ရတာ ဘယ်ဟာက ကောင်းသလဲ။ (နားထောင်ရတာက ကောင်းမှန်းသိပါတယ်ဘုရား။) ကောင်းမှန်းသိလို့ နားလည်းထောင်နေတယ်မဟုတ်လား။ (နားလည်းထောင်ရက်ပါပဲဘုရား၊ ဒါပေမယ့် ဆင်းရဲကိုလည်း ဖြစ်အောင် လုပ်ရက်ပါပဲဘုရား။)

အေး. . ဒါဖြင့် နားထောင်ကြဗျာ၊ ဘယ်လိုလဲဆိုရင် ကောင်းမှန်းတော့ သိပါရဲ့၊ သို့သော်လည်းပျင်းတာနဲ့တူပါရဲ့။ (ပါရမီမရှိတော့

http://www.dhammadownload.com



အဝိဇ္ဇာက ရှေ့က ခံနေပါတယ်ဘုရား။) နေပါအုံး၊ ရေတို့, ဘာဘို့ ရှိရက်နဲ့ မသောက်တဲ့ ဥစ္စာဟာ ပါရမီ မရှိလို့လား၊ ဘာဖြစ်လို့လည်း။ (ပါရမီ မရှိတော့ အဝိဇ္ဇာက အင်မတန်ကို လွှမ်းမိုးနေပါတယ်ဘုရား။)

## ဝိဇ္ဇာ လူစွမ်းကောင်း

အဝိဇ္ဇာနှင့် ဝိဇ္ဇာဟာ ဘယ်သူက လူစွမ်းကောင်းသလဲ ။ (ဝိဇ္ဇာက လူစွမ်းကောင်းပါဘုရား။) လူစွမ်းကောင်း ဆိုတော့ ဘုရားရှင် ဆိုဆုံးမ တော်မူတဲ့ ဝိဇ္ဇာကို ကောင်းမွန်တော့ သိတယ်မဟုတ်လား။ (ဝိဇ္ဇာကိုတော့ ကောင်းမွန်း သိပါတယ် ဘုရား။) ဒါဖြင့် ဝိဇ္ဇာနှင့် ပေါင်းရုံ ရှိတာပဲဗျာ၊ ဟုတ်ကယ့်လားဗျာ။ (မှန်ပါ့ဘုရား။)

ဒီတော့ အဝိဇ္ဇာ အားရှိတယ်ပဲ ထင်ထင်, ဘယ်လိုပဲ ထင်ထင် ဘုရား ဆုံးမပါတဲ့ အဆုံးမတော်ကို ယခုနက ပြောတဲ့ ရုပ်နှင့်နာမ် နှစ်ခုကိုတော့ သိပြီးသားဖြစ်နေပါပြီ။ အဲဒီ သိပြီးသားဖြစ်နေတော့ အဲဒီ ရုပ်နာမ်ကို ဘုရား ဆုံးမပါတဲ့အတိုင်း သိပြီးနေတဲ့အချိန်မှာ ဘယ့်နှယ်တုံးဗျာ့ အဝိဇ္ဇာ ရှိသေး သလား။ (သိနေတဲ့အချိန်မှာ အဝိဇ္ဇာ မရှိပါဘုရား။)

ဒီတော့ ယခုဘုရား ဆုံးမတဲ့အတိုင်း ရုပ်နှင့်နာမ်ကို အာရုံပြုပြီး စူးစူး စိုက်စိုက်ထားဆိုတော့ ယခုပဲ ထားလိုက်မယ်၊ အဲဒီလိုထားလိုက်တော့ ဘယ့်နှယ်တုံးဗျာ့၊ ဒီအချိန်မှာ အဝိဇ္ဇာက သံသရာတလျှောက်လုံးမှာ 'ငါနဲ့ ချည်းနေလာခဲ့တာပဲ၊ ဒါကြောင့် ဒီနေရာက ငါဘယ်မှမသွားဘူး' လို့ ဒီလို များ နေအုံးမှာလား။ (မနေပါဘုရား၊ အဝိဇ္ဇာက ပြေးမှာပါဘုရား။) လှမ်းကြည့် ရင်ကော မြင်သေးသလား။ (မမြင်ပါဘုရား။) ဘယ်ရောက် နေတယ် ဆိုတာကိုလည်း သိသေးသလား။ (အဝိဇ္ဇာဟာ တခါထည်း ပျောက် သွားပါတယ်ဘုရား။)

မေး။ ။ဒါဖြင့် ဝိဇ္ဇာက အားကောင်းသလား၊ အဝိဇ္ဇာက အားကောင်း သလား။

ဖြေ။ ။ အဝိဇ္ဇာက အားကောင်းပါတယ်ဘုရား။

မေး။ ။ ဘယ်မှာလည်း ကောင်းတာ၊ သူ့ခမျာ ပြေးလိုက်တာဗျာ၊ မြင်တောင် မမြင်တော့ဘူး မဟုတ်လား။

ဖြေ။ ။ ဒါပေမယ့် သူက ပြန်ပြန်လာပါတယ် ဘုရား။

http://www.dhammadownload.com



ဒါက ဒကာကြီးများက လက်သင့်ခံလို့ပါ၊ သူ့ကို လက်သင့်မခံပဲ ဝိဇ္ဇာ ကိုသာ လက်သင့်ခံမယ်ဆိုရင် သူမလာနိုင်ပါဘူးဗျာ့၊ ယခုတော့ ဒကာကြီး များက သူ့ကို လက်သင့်ခံတော့ ဝိဇ္ဇာက သာသာကလေး ခွာသွားတဲ့ အခါမှာ သူဝင်လာတာပါဗျာ့။

## ခာတ်ဆက် ခလုပ်နှိပ်ရုံကလေး

အခု ဒီအထဲမှာ ထွန်းထားတဲ့ မီးလုံးတွေလိုပေါ့ဗျာ၊ ဒီအလင်းရောင်တွေဟာ လင်းအောင် ဘာကလေးတွေ ရှိသလဲ ။ (ခလုတ်ကလေးတွေ ရှိပါတယ် ဘုရား။) အဲဒါကလေးတွေကို ဘယ်လို ပြုလိုက်ရင် ဒီအလင်းရောင်ဟာ လင်းလာသလဲ ။ (ဓာတ်ဆက်ပေးလိုက်ရင် လင်းလာပါတယ် ဘုရား) ဆက်ထားတာကလေးကို ကွာသွားအောင် လုပ်လိုက်တော့ကော။ (မှောင်သွားပါတယ် ဘုရား။) မှောင်သွားတာကို လင်းအောင် လုပ်ရင်ကော။ (မှောင်သွားတာကို လင်းချင်ရင် ဓာတ်ဆက်ပေးလိုက်ရပါတယ် ဘုရား။)

မေး။ ။ဓာတ်ဆက်ပေးလိုက်လို့ မီးလုံးလင်းလာတဲ့အခါ ဒီအမှောင်ကြီးဟာ ဘယ်ရောက်သွားမလဲ ။

ဖြေ။ ။ တခါထည်း ပျောက်သွားပါတယ်ဘုရား။

မေး။ ။ အကြွင်းအကျန်ရှိသေးသလား။

ဖြေ။ ။မရှိတော့ပါဘုရား။

ယခုလိုပါပဲဗျာ့၊ ဝိဇ္ဇာနှင့် သာသာကလေး ဓာတ်ဆက်လိုက်တဲ့ အခါမှာ အဝိဇ္ဇာဆိုတာဟာ ရှိသေးသလား။ (မရှိတော့ပါဘုရား။) ဒါဖြင့် အဝိဇ္ဇာဟာ အားကောင်းသလား။ (အဝိဇ္ဇာဟာအားမကောင်းပါဘုရား။) ဒါဖြင့် အခုလိုလုပ်ရမှာ ခက်သလား။ (မခက်ပါဘုရား။)

မေး။ ။အခုလို တလင်းတည်း လင်းနေပြီ ဆိုမှဖြင့် အမှန်တွေကို မသိမမြင်ဘူးလားဗျာ့။

ဖြေ။ ။သိမြင်ပါတယ်ဘုရား။

မေး။ ။မှားဦးမှာလား။

ဖြေ။ ။မမှားပါဘုရား။

http://www.dhammadownload.com



လွယ်လိုက်တာဗျာ. .၊ ရှေးအရှင်တွေမှာတော့ အခုလို ဘုရား အဆုံး အမ ရကြတယ်ဆိုတာ အဲဒါဘာကို ဆက်ပေးလိုက်တာလဲ ဗျာ၊ လင်းအောင် ခေတ်နှစ်ခုကို ဆက်ပေးလိုက်တာပဲဗျာ၊ ဒီဆက်ပေးလိုက်တဲ့ ဥစ္စာကို သာသာကလေး ထားရုံပါပဲဗျာ၊ ကြားလား။ ဒါကလေး ပြတ်သွားအောင် ကတော့ သင်ထားကြရသေးသလား။ (ပြတ်သွားအောင်ကတော့ သင်မထားပါ ဘုရား၊ ဒါပေမယ့် ပြတ်ချင်နေပါတယ်ဘုရား။) ဒီတော့ အခုန ကလို သာသာကလေးသာ ထားကြ။ ဒီလိုထားတာဟာ ပင်ပန်းသလား။ (မပင်ပန်းပါဘုရား။) ပစ္စည်းကော ကုန်သလား။ (မကုန်ပါဘုရား။) အလုပ် အကိုင်ရော ပျက်သလား။ (မပျက်ပါဘုရား။)

သက်သာလိုက်တာဗျာ. .၊ ဟုတ်ကယ့်လားဗျာ့၊ ဣရိယာပုထ် လေးပါးမှာ ဘယ်နှယ်တုံး၊ ထိုင်နေရင်း, မတ်တပ်ရပ်ရင်း, လမ်းသွားရင်း, စားဖို့ သောက်ဖို့ အလုပ်တွေကို လုပ်ကိုင်ရင်းကော ထားလို့ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား၊ ဒါပေမယ့် အဲဒီလို လုပ်ရင်း ကိုင်ရင်း ဖြစ်တဲ့နည်းကို အကျယ်တဝင့် သနားပါဘုရား။) ဒါကတော့ ကိုယ်မှတ်ထားတဲ့ဟာတွေ များများကြီးထည်းက အကုန်လုံး မဟုတ်ပါဘူး၊ နှစ်သက်ရာတစ်ခု မှန်မှန်ကို အသာအယာ အာရုံပြုလိုက်ပါ။ အာရုံပြုလိုက်သည်နှင့်တပြိုက်နက် ဘယ်လို ဖြစ်ပါသလဲ ဆိုရင် ယခုနက မှောင်နေတဲ့ ဥစ္စာဟာ ဒကာကြီးများ ခေတ် ဆက်လိုက်လို့ လင်းလာသလို မသိတဲ့ ဥစ္စာတခုဟာ ချက်ချင်း အမှန်သိလာမယ် မဟုတ်လားဗျာ။ (သိပါတယ်ဘုရား။)

မေး။ ။ယခုလို သိနေတဲ့အချိန်မှာ ဘယ့်နှယ့်တုံးဗျ၊ ယခုနက မှား နေတာတွေ ရှိပါအုံးမလား။

ဖြေ။ ။မရှိပါဘုရား။

အဲဒါ လင်းတာဗျာ့.... ဒကာကြီးများရဲ့။

http://www.dhammadownload.com



## ဘယ်ခလုတ်နှိပ်နှိပ်

မေး။ ။လင်းအောင် ခတ်ဆက်တဲ့ ခလုတ်ကလေးတွေကို မသိတဲ့ အတွက် အမှောင်ထဲချည်း နေရပါတယ်ဘုရား။

ဖြေ။ ။အမယ်မင်း..သူတို့ ခလုတ်တွေများလိုက်တာ၊ ဘယ်ခလုတ် နှိပ်နှိပ်ပါဗျာ။

မေး။ ။ခလုတ်တွေကများလို့ ဘယ်ခလုတ်နှိပ်ရမှန်း မသိပါဘုရား။

ဖြေ။ ။ဘယ်ဟာနှိပ်နှိပ် ဝင်းခနဲ လက်လာမှာဘဲ။

(တပည့်တော် နှိပ်လိုက်တာ မီးကျွမ်းသွားပါတယ် ဘုရား၊ ဒါဟာ ခလုတ်မမှန်လို့ ထင်ပါတယ် ဘုရား။) မကျွမ်းသွားပါဘူးဗျာ၊ လင်းလာမှာပါ။ တစုံတနေရာက ကျွမ်းသွားပေမဲ့ သည့်ပြင်ဟာကို နှိပ်ရင် ဘယ်ဟာဖြစ်ဖြစ် လင်းမှာချည်းဘဲ မဟုတ်လား။ (ဟောဒီက မီးတွေကို ဘယ်နေရာက ခလုတ် နှိပ်ရမယ်ဆိုတာ တပည့်တော် မသိပါဘုရား။)

ဘယ်ဟာနှိပ်နှိပ်၊ နှိပ်သာနှိပ်၊ သေသေချာချာ လင်းမှာဘဲ၊ ကြားလား။ ခလုတ်တွေတော့ သိတယ်မဟုတ်လား၊ပေါ်ပ့ါဗျာ .. ၊ ယခုသံဃာတော် အပေါင်း အရှင်ကောင်းတွေဟာ အမြဲတမ်းအားဖြင့် ဘယ်အခါမှ မပြတ် အောင် မေတ္တာတည်းဟူသော မိုးစွေပြီး ညွှန်ကြားဆုံးမနေကြတာဟာ တွေမှတ်ထား အများကြီးရှိတယ်၊ အဲဒီအများကြီးထဲကအကုန်လုံး မလုပ်နဲ့၊ တခုခုသာလုပ်ပါ။ (တခုထဲမှတ်ဘို့ အရှင်ဘုရား သနားသဖြင့် ချီးမြှင့်ပါ ဘုရား။) ဘုရားဟောတော်မူတဲ့ဥစ္စာ အကုန်လုံးဟာ ခလုတ်ချည်းဘဲ မှတ်ရမယ်။ (သွားရင်း, လာရင်း, ထိုင်ရင်း စရဏာရော, ဝိဇ္ဇာရော တခါထဲ ပြီးတဲ့ ခလုတ်ကို လိုချင်ပါတယ် ဘုရား။

## လူတိုင်းသိသော အလွယ်ဆုံးခလုတ်

ဒီလိုဆိုရင် အခုလိုပြောကြပါစို့ရဲ့၊ အားလုံးသော ဒကာကြီး, ဒကာမ ကြီးတွေ ကြီးကြီးငယ်ငယ်တွေဟာ အသက် မရှူကြဘူးလား။ (အသက်ရှူ ပါတယ်ဘုရား။) ဘယ်တုန်းကစပြီး အသက်ရှူသလဲ။ (မွေးကတဲက အသက်ရှူပါတယ် ဘုရား။) ဒီအသက်ရှူတဲ့ဥစ္စာက ဘယ်သူမှ အသက် မရှူတတ်တဲ့ ဒကာကြီးတွေ, ဒကာမကြီးတွေ မရှိပါဘူး, မအားလို့ အသက်

http://www.dhammadownload.com



မရှုနိုင်ဘူးလို့လဲ မရှိဘူး မဟုတ်လား။ (မှန်ပါ့ဘုရား။) အသက်ရှုတာကတော့ အားလုံးတတ်တယ် မဟုတ်လား။ (တတ်ပါတယ် ဘုရား။)

ကိုယ်တတ်ပြီးသားဆိုတော့ လွယ်ပါတယ်၊ ဒီတော့စဉ်စားဗျာ့။

ဘယ်လိုစဉ်းစားရမလဲဆိုရင် လေကလေးထွက်တယ်၊ ထွက်တဲ့အခါကျတော့ ဒီအသက်ရှုတာ ဘာနဲ့ရှုသလဲ။ (နှာခေါင်းနဲ့ရှုပါတယ်ဘုရား။) ဒကာကြီးကသာ နှာခေါင်းနဲ့ ရှုဒါလား၊ ဒီပြင်အားလုံးကရောဗျာ့။ (နှာခေါင်းနဲ့ပါဘဲ ဘုရား။)

ဒါဖြင့် နှစ်ခု မရှိဘူးနော်။ (မှန်ပါ့ဘုရား။) အေး ..... တော်တော်ကြာခလုတ်တွေများဦးမှာလား မပြောတတ်ပါဘူး၊ ဒါဘဲနော်၊ အကုန်လုံးတမျိုးထဲချည်းဘဲ၊ တခုထဲချည်းဘဲနော်၊ တော်တော်ကြာခလုတ်တွေများနေတယ်လို့ မလုပ်နဲ့၊ အကုန်လုံးအသက်ရှုတာချည်းဘဲနော်၊ ဟုတ်ပ့ါမလား။ (ဟုတ်ပါတယ် ဘုရား။)

မေး။ ။အေး.... ဒါဖြင့် အသက် ရှုတဲ့အခါကျပြီဆိုတော့ လေကလေးဟာ ထွက်တော့ကို ဘယ်နားကလေးမှာတိုက်ပြီး ထွက်သတုံး။

ဖြေ။ ။နှာသီးဖျား နှစ်ဖက်လုံးမှာ တိုက်ထွက်ပါတယ် ဘုရား။

ဝင်တော့ကို ဘယ်အနားကလေးမှာ တိုက်ပြီး ဝင်သတုံး။ (နှာသီးဖျားအဝအဖျားကို တိုက်ဝင်ပါတယ် ဘုရား။) ဒီတော့ ဒါထင်ရှားတာပေါ့ဗျာ၊ ထင်ရှားတော့ အဲဒီနေရာကလေး တိုက်ထွက်တာ, တိုက်ဝင်တာကိုပေါ့လေ၊ ထိုထိုစိတ်တွေသွားနေတာကို မသွားစေဘဲနဲ့, ဒီနှာဖျားကလေး, နှာဝကလေးမှာ လက်နဲ့ ထိထားရင် မသိဘူးလား။ (သိပါတယ် ဘုရား။) သိတယ်နော်။

ပါးစပ်က သိပါတယ်လို့ ဆိုရသေးသလား။ (မဆိုရပါ ဘုရား။) မဆိုဘဲနဲ့ သိတယ်၊ အဲဒီလို လက်နဲ့ထိတော့ သိသလို ထိုထိုအာရုံတွေမသွားရအောင် အသာလေး လေတိုက်ပြီး ထွက်တဲ့နေရာမှပဲ ဒီလိုသိပြီးနေအောင် ထားလိုက်ရင် ဟုတ်ကဲ့လားဗျာ၊ အဲဒီလိုထားတော့ကို ဒီနေရာကလေးမှာ အေးအေး အေးအေးနဲ့ တိုက်ပြီးထွက်မယ် မဟုတ်လား။ (ထွက်ပါ့တယ်ဘုရား။)

http://www.dhammadownload.com



ဟိုအပြင်ဘက်ကို လိုက်မသွားနဲ့၊ ကြားကြရဲ့လား၊ အဲဒီလို မလိုက်တော့ ဒီနေရာကလေးမှာ တဆက်ထဲ အေးအေး အေးအေး နဲ့ တိုးပြီး ထိပြီးတော့ ထွက်နေတာကို သိမယ် မဟုတ်လား၊ ဝင်တော့ကို ဒီနေရာကလေးမှာ အေးအေး အေးအေးနဲ့ တိုက်ပြီးတော့ တဆက်ထည်း ဝင်နေမယ် မဟုတ်လား။ (တဆက်ထည်းဝင်တာ သိပါတယ်ဘုရား။)

မေး။ ။ဒီတော့ အဲဒီနေရာမှာ မပြတ်ဘဲနဲ့ သိတယ် မဟုတ်လား။

ဖြေ။ ။မပြတ်ဘဲနဲ့ သိပါတယ် ဘုရား။

မှတ်နေရင်လေ သိတယ် မဟုတ်လား။ (သိပါတယ် ဘုရား။) အဲဒီလို သိနေတယ်ဆိုတော့ ဒီနှာဖျား၊ နှာဝတို့ဟာ ဘယ်လိုတုံးဆိုတော့ အားလုံးတို့ဟာ 'ရုပ် အဗ္ဗဝိသ, နာမ် တေပညာသ ပဲ' လို့ ဒီလိုကတော့ မေတ္တာရှင် ကရုဏာရှင်တွေက သွန်သင်ဆုံးမလို့ ယယ်ယယ်ကလေးတုန်းကပဲ အားလုံးတို့ဟာ သွက်လက်ဖျတ်လတ်လို့ ပြောတတ်, ဟောတတ်, ကောင်းမွန်စွာ ပွန်းတီး လိမ္မာပြီးသား မဟုတ်လားဗျာ။ (မှန်ပါ့ဘုရား။)

ဒီတော့ နှာဖျား၊ နှာဝတို့ဟာ ရုပ်လား, နာမ်လားဗျာ။ (နှာဝ,နှာဖျား ဆိုဒါက အားလုံးတို့ နားလည်တဲ့ သိတဲ့အဖြေပေးရမယ်ဆိုရင် ရုပ်ပါ ဘုရား။) သိဒါကတော့ကော။ (နာမ်ပါဘုရား)

မေး။ ။ရုပ်နှင့် နာမ်ကို တပြိုက်နက်တည်း သိတာမဟုတ်လား။

ဖြေ။ ။ တပြိုင်နက်တည်း ရုပ်နှင့်နာမ်ကို သိပါတယ်ဘုရား။

အေး.... ဒီလို အာရုံပြုလိုက်တဲ့ အခါကျတော့ မသိတာများ ရှိသေးသလား။ (မသိတာ မရှိပါဘုရား။) ရုပ်နာမ် နှစ်ခုကို သိနေတယ် ဆိုတော့ အဲဒါဟာ ဝိဇ္ဇာလား, အဝိဇ္ဇာလား။ (ဝိဇ္ဇာပါ ဘုရား။) သိနေတာက ဝိဇ္ဇာ၊ ဤကဲ့သို့ သိပြီး မနေတဲ့အချိန်မှာတော့ ဘယ်လိုတုံး။ (အဝိဇ္ဇာ ဖြစ်နေပါတယ် ဘုရား။) ဝိဇ္ဇာနဲ့သာ နေရမယ်ဆိုရင် ဘယ့်နှယ်တုံးဗျာ၊ အဝိဇ္ဇာဟာ ဝင်နိုင်ပါဦးမလား။ (မဝင်နိုင်ပါဘုရား။)

ဒီတော့ ဝိဇ္ဇာနှင့် နေရတဲ့အခါမှာ ပဋိသန္ဓေ သံသရာ နှစ်ဖြာမှာ ကြောင့်ကြရမှု, စိုးရိမ်မှု, ပူပန်ရမှု ရှိသေးသလား။ (မရှိပါဘုရား။) ဒါ ခဏကလေး တွင် ရှိသေးတယ်၊ ဒီထက်ကြာကြာကလေး ဒီလို ရုပ်နှင့်နာမ် နှစ်ခုကို သိပြီး နေမယ်ဆိုရင် ယခုလောက် ကပ့်မလား။ (ပိုပြီး အကျိုးရှိမှာပါ ဘုရား။)

http://www.dhammadownload.com



အဲဒီအခါကျပြီးဆိုရင် 'ငါတို့ ဆင်းရဲမှ လွတ်မှုဖြစ်တဲ့ နှစ်သက်တဲ့ ဇော်ဓိကို ငါမှန်းပြီးတော့ ထားတယ်၊ ဤကဲ့သို့ ဇောဓိကို မှန်းပြီးတော့ ထားတာကို ပြီးမှ ပြီးပါ့မလား, အောင်မှ အောင်ပါ့မလား'လို့ ယုံမှား သံသယ ရှိဦးမလား။ (မရှိပါဘုရား။)

အေး.... ယုံမှား သံသယ မရှိဘူးဗျာ၊ **မှန်းသလောက် မကဘဲ မြန်မြန် ကြီးတောင် ပြီးနိုင်ပါတယ်ဆိုတာကို** သန်သန်ကြီးတွေ အကုန်လုံး မဖြစ်ပေဘူးလား၊ (ဖြစ်ပါတယ်ဘုရား။) အဲဒါ ရှေးအရှင်တွေက ယခုလိုဗျာ့။

## ကျင့်ဝတ် မပြည့်၊ သီလ မပြည့်

မိဘဝတ်, ဆရာသမားဝတ်, သားသမီးဝတ်တွေကိုလဲ ပြုရတယ်၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး အဲဒီလို သာသနာတည်မှုကိုလဲပြုရတယ်၊ စားဖို့ သောက်ဖို့ ခန္ဓာဝန်အတွက်လဲ လုပ်ရတယ်။

မေး။ ။အဲဒါတွေ မပြုဘဲနေရင်ကော သီလဘက်က ပြည့်စုံပါ့ မလား။

ဖြေ။ ။မပြည့်စုံပါဘုရား။

မေး။ ။သီလ မပြည့်စုံရင် မှန်းထားတဲ့ ရည်ရွယ်ချက် ပြီးပါ့မလား။

ဖြေ။ ။မပြီးနိုင်ပါ ဘုရား။

အဲဒါတွေပြုရတာက စရဏဗျာ့၊ ခုနလို စိတ်ကလေးကို မရွေ့အောင် စိုက်စိုက်စူးစူး သိနေတာကဝိဇ္ဇာဗျာ့။

မေး။ ။အဲသည်လို အမှုတွေဆောင်တိုင်း စရဏနှင့်ဝိဇ္ဇာ နှစ်ခုစလုံး အချိန်တစ်ခုထဲမှာပင်လျှင် တပြိုင်နက်ထဲ မဖြစ်ဘူးလား။

ဖြေ။ ။အချိန်တစ်ခုထဲမှာပဲ နှစ်ခုစလုံး တပြိုင်နက်ထဲ ဖြစ်ပါတယ် ဘုရား။

လုပ်လို့မဖြစ်တဲ့အခါ ရှိသေးသလား။ (မရှိပါဘုရား။) နေကောင်းနေ တော့ကောဗျာ့။ (နေကောင်းနေတော့လဲ ဖြစ်ပါတယ်ဘုရား။) မမာတဲ့ အချိန်ကောဗျာ့။ (မမာတဲ့အချိန်လဲ ဖြစ်ပါတယ်ဘုရား။) မဖြစ်တဲ့အချိန် ရှိသလား။ (မဖြစ်တဲ့အချိန် မရှိပါဘုရား။) ဒီတော့ ကိုယ့်အစီးအပွားဖြစ်ပါ တဲ့ စရဏနှင့် ဝိဇ္ဇာဟာ ဘယ်နေရာမှာ အယူရခက်သလဲ၊ အလုပ်ရ ခက်

http://www.dhammadownload.com



သလဲ။ (မခက်ပါဘုရား။) အလုပ်မခက်ရင် ဘယ်နေရာမှာ ဆုတ်ယုတ်စရာ ရှိသလဲ၊ (မရှိပါဘုရား။)

## မယုံလာလှည့် မြီးစမ်းကြည့်

မေး။ ။ အေး... ဗျာ့၊ အမျိုးမျိုး အဖြာဖြာ တိုးတက်တာချည်းပဲဗျာ့၊ အဲဒီလိုတိုးတက်တဲ့အခါကျတော့ဘေးနားက ထိုင်ပြီးတော့ 'ဒီလို ဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာလို့ တိုးတက်တဲ့ အတွက် ချမ်းသာသုခတွေ ဆိုက်လာပြီ' လို့ စောင့်ပြီး ပြောဖို့ လိုသေးသလား။

ဖြေ။ ။ မလိုပါဘုရား။

မေး။ ။ မပြောတော့ကော မသိဘူးလား။

ဖြေ။ ။ မပြောဘဲနဲ့ သိပါတယ်ဘုရား။

မြင့်မြတ်တဲ့ သူတော်ကောင်း အစားစားတို့ဟာ အဲဒီလိုသိပါတယ်ဗျာ့၊ သိတာကတော့ ဘယ်လိုလဲဆိုရင် ယခု ဒီလောကီသာ သိပါသေးတယ်၊ ရှက်ဆောင်လို့ ဆိုက်ရောက်လာတဲ့ အခါမှာဆိုရင် သေသေချာချာ သိမှာဗျာ့။ ဥပမာ ... ဘယ်လိုလဲဆိုရင် 'ဆားငန်တယ် ငန်တယ်' ဒီလိုကတော့ စာနဲ့ရေးပြီးထားရင် ဖတ်တော့ ဆားငန်တာ သိတယ်မဟုတ် လား။ (စာဖတ်ပြီးသိပါတယ်ဘုရား။) စာမရေးဘဲနဲ့ ဆားငန်တယ် ငန်တယ်လို့ပြောရင် ဆားငန်တဲ့အကြောင်းတော့ သိတယ်မဟုတ်လား၊ သိတော့ ဆားက ဒီလိုဆို နေရုံနဲ့ ငန်သလား။ (ဆိုနေရုံနဲ့ မငန်ပါဘုရား။)

မေး။ ။ စာဖတ်ပြီး ဆားငန်တယ် ငန်တယ်ဆိုရုံနဲ့ ငန်သလား။

ဖြေ။ ။ မငန်ပါဘုရား။

စာဖတ်နေရင်း ဆားငန်တာကို သိပါ့မလား။ (မသိပါဘုရား။) ဆားငန် တယ်လို့ နားလည်ပြီး မသိသေးဘူးလား။ (နားလည်ရုံ နားလည်ပါတယ်၊ ကိုယ်တိုင်ကတော့ မသိသေးပါဘုရား။) ဘယ်တော့မှ ငန်တာကိုသိမလဲ။ (လျှာပေါ်တင်စားကြည့်မှ ငန်မှန်းသိပါတယ်ဘုရား။) ဒီတော့စာကို ကြည့်ပြီး ဆားငန်တယ်ဆိုတာ စာဖတ်နေဖို့ လိုသေးသလား။ (မလိုပါဘုရား။) ဘေးနားကငန်ပြီ ငန်ပြီလို့ ပြောဖို့ကော လိုသေးသလား။ (မလိုပါဘုရား။) ဘယ့်နှယ့်လုပ်မလဲ၊ ဘယ်လိုသိမလဲ။ (ကိုယ်တိုင်ကိုယ်ကျ စားကြည့်လျှင်

http://www.dhammadownload.com



သိပါတယ် ဘုရား။) ဘေးနားက လူကော။ (ဘေးနားက လူက မသိပါ ဘုရား။) ဆားဟာ ငန်လိုက်တာလို့ဆိုနေမှ မသိဘူးလား။ (သူက ကြားရ ရုံဘဲ ရှိပါတယ်ဘုရား။)

သိအောင်ဆိုတော့ ဘယ်လိုလုပ်မလဲ။ (သူ့ကို 'ရော့၊ စားစမ်း' ဆိုပြီး လောလောဆယ် ပါးစပ်ထဲထည့်လိုက်ရင် သိသွားမှာပါပဲ ဘုရား။) ဆားငန် တယ်လို့ဆိုနေရင် သူသိတော့ သိတယ် မဟုတ်လား၊ အဲဒါ ဘာအသိလဲ။ (အပြောသိ၊ စာသိ၊ ကြားသိပါဘုရား။) ကိုယ်တိုင်သိမှာက ဘယ့်နှယ်တုံး။ (ကိုယ်တိုင် သိဖို့ကတော့ ကိုယ်တိုင်လုပ်ကြည့် စားကြည့်မှ သိပါတယ် ဘုရား။)

မေး။ ။ဒါ့ကြောင့် ယခုနကပြောတဲ့ ဘုရားဆုံးမတဲ့ စရဏနှင့် ဝိဇ္ဇာ နှစ်ဖြာတို့ဟာ ဆင်းရဲမှ လွတ်မှုဆိုတာ သေချာတယ် မဟုတ်လား။

ဖြေ။ ။သေချာပါတယ် ဘုရား။

ယခု ဒကာကြီးများကတော့ စားကြည့်လို့ သိကြပြီမဟုတ်လား။ (မှန်ပါ့ ဘုရား။) ဘာတုံး သူများပြောတာ မှတ်ထားရုံပဲလား၊ စာဖတ်ရုံ ပဲလား၊ စားကြည့်လို့ သိတာလား။ (မလျှောက်ဝံ့လောက်အောင် ဖြစ်နေ ပါတယ်ဘုရား။) ကဲ.... ဒါဖြင့် ကိုယ်သိသလိုသာလျှင် ပြုကြပေတော့ဗျာ။ ဟုတ်ကယ့်လားဗျာ။ (ဟုတ်ပါတယ် ဘုရား။) ယခုနက ဆားငန်တယ် ဆိုတာ စာဖတ်လို့ သိထားတယ်၊ 'အဲဒီလိုသိတာနဲ့ပဲ တော်ပြီ' ဆိုရင် ဒီလောက်ပဲ နေတာပေါ့၊ အဟုတ်ကို ငန်တာကို သိချင်ရင် အဟုတ်ကို စားကြည့်မှ သိတယ်ဗျာ၊ အဟုတ်ကိုပဲ ငန်တာကို သိချင်သလား။

## သိပြီထင်နေလျှင် မသိ

မေး။ ။ယခုလို ဆားငန်တယ်ဆိုတာကို စာဖတ်ရုံ၊ ပြောရုံနဲ့ သိတာ ပဲတော်ပြီလား။

ဖြေ။ ။အရှင်ဘုရားကို မလိမ်ဝံ့ပါဘုရား၊ တပည့်တော်တို့ကတော့ စာဖတ်ရုံ၊ ပြောရုံနဲ့ပဲ တော်နေတာပါပဲ ဘုရား။

http://www.dhammadownload.com



ဒါကတော့ သူတို့ လျှော့ပြောဒါနဲ့ တူပါတယ်ဗျာ၊ ယခုလို ဆားငန်တယ်ဆိုတာကို ဒါကတော့ စာဖတ်ထားလို့ သိတာ၊ ဒါကတော့ ပြောလို့သိတာ, သေသေချာချာ သိရမှာကတော့ စားတဲ့အခါ ငန်တာကတော့ ကိုယ်တိုင် သိရ မှာလို့ ဆိုတဲ့ဟာကို ယခုလို သိကြတယ် ဆိုရင်ပဲ ဝမ်းမြောက်ဘို့ရာ ကောင်းလှပါပြီ၊ ဟုတ်ကယ့်လားဗျာ။

ဘယ်လိုတုံး လို့ဆိုရင် 'ဆားဆိုတာ ငန်တယ်ဗျာ့'လို့ ဒီလိုပြောရော၊ ပြောတော့ 'အေး.... ဆားငန်တာ သိပြီ' ဆိုပြီး ယခုလိုနေတာ သူက စားဖို့ရာ စိတ်မကူးတော့ဘူး၊ ဆားငန်တာကို သိပြီးသား ဖြစ်နေပြီ၊ အဲဒီလို ဆားငန်တာ သိပြီးသား ဖြစ်နေပြီလို့ စိတ်ထဲမှာ ထားတော့ကို သူဟာ ဆားကို စားမယ် မဟုတ်တော့ဘူး ထင်တယ်ဗျာ့။ (သိတယ်ဆိုတဲ့ လူကတော့ မစားတော့ပါဘုရား။)

အဲဒါ သူသိတယ်လို့ မှတ်နေမှာကိုး၊ သူကတော့ ဆားငန်တယ်ဆိုတာကို သိဖို့ရာ တယ်မလွယ်ဘူးဗျာ့၊ ဒီတော့ ဆားဟာ ငန်တယ်လို့ ပြောတယ်၊ ငန်တယ်လို့ပြောတော့ ဆားကလဲရှိတယ်၊ ရှိတဲ့ဆားကို ငန်တယ်ဆိုတာက စားတော့မှ သိတာဗျာ့။ 'ငါမစားသေးဘူး၊ စားတဲ့ အချိန်ကျမှ ငန်တာကို သိမှာ၊ ဒီတော့ ငါစားလေမှ တော်မှာပါ' ဆိုပြီး ဆားကို သေသေချာချာ အရယူ၊ အရယူ ပြီးပြီဆိုတော့ စား၊ စားပြီဆိုမှဖြင့် ဆားက ချက်ချင်း ငန်တော့မှာဗျာ့။ (ယခုချက်ချင်းစား၊ ယခုချက်ချင်း ငန်မှာပဲဘုရား)

## အကြွင်းသမားတွေ မကျန်ရစ်ရအောင်

အေး.... အဲဒီအခါကျတော့ ကိုယ်ပိုင် ကိုယ်တိုင် သိတယ် မဟုတ်လား၊ သူများ မေးရဦးမှာလား။ (မမေးရပါ ဘုရား၊ မနေ့ကတော့ ဆားတစ်ပွင့် လောက်တော့ မြိုးကြည့်ပါတယ် ဘုရား။) အေး.... ဟုတ်သလား၊ ဆားကုန်သွားလို့လားဗျာ့။ (ဆားတော့ အများကြီး ရှိပါတယ် ဘုရား။) ဒါဖြင့်ရင် စားပါဗျာ၊ တစ်ပွင့်မဟုတ်ပါဘူး၊ ဝအောင်သာ စားကြပါဗျာ့၊ အေး... ဒါ့ကြောင့်မို့ အားလုံးမှာက အသီးအသီး ဆားတွေက ရှိပြီးသား ချည်းပဲ မဟုတ်လား။ (မှန်ပါ့ ဘုရား။)

http://www.dhammadownload.com



ဒါဖြင့် အားရအောင် စားကြဗျာ။ (အားရအောင်တော့ တယ်မစားကြသေးပါ ဘုရား၊ မြီးရုံနဲ့ တင်းတိမ်နေကြပါတယ် ဘုရား။) ဒါပေမဲ့ ဒီလိုနဲ့တင်ပဲ ရပ်နေမယ်လို့ စိတ်ထဲမှာ မထားကြဘူးထင်ပါရဲ့ဗျာ။(ထားတော့ မထားပါဘုရား၊ ဒါပေမဲ့ အချိန်ရွှေ့၊ ရက်ရွှေ့၊ ဘာရွှေ့နဲ့ ထားလိုက်တာ မနှစ်က ကြံစည်လာတာ ဒီနှစ်ထိ ရောက်လာပါပြီဘုရား။)

မေး။　။အေး.... ဒီတခါတော့ အကြံသမား မလုပ်နဲ့၊ အကြံသမားတွေဟာ ဘုရားပွင့်တော်မူကြတာ ဘယ်လောက်ရှိသွားသလဲ။

ဖြေ။　။ဂဏ်ဝါလု သဲစုမက ရှိပါတယ်ဘုရား။

မေး။　။ဒါဖြင့် 'တစ်ဆူ မတွေ့၊ တစ်ဆူ တွေ့' မှာနဲ့ တူပါရဲ့။

ဖြေ။　။တွေ့ပေမဲ့ တပည့်တော်တို့က ပုန်းနေပါတယ် ဘုရား။

ဘုရားရှင် ဆုံးမတဲ့ အဆုံးအမတွေကို အားထုတ်ရဦးမယ်ဗျာ၊ လုပ်ရဦးမယ်ဗျာလို့ ဒီလိုအကြံတော့ရှိတယ် ထင်ပါရဲ့ဗျာ။ (ဒီလိုနဲ့ပဲ ကျန်နေခဲ့တာ ထင်ပါရဲ့ ဘုရား။) ဒီတစ်ခါကော အကြံသမားလုပ်ဦးမလား။ (အကြံသမားလုပ်နေရင် ကျန်နေရစ်ဦးမယ် ထင်ပါ့ဘုရား။)

အေး.... ဒါဖြင့် လွယ်တာပဲဗျာ၊ 'ဒို့နောက်တုန်းက အကြံသမားလုပ်လို့ ကျန်နေရစ်ခဲ့ရတယ်၊ ယခုကော သစ်သား နှစ်ခုထဲမှာ မီးရှိတယ်ဆိုတာကို သိပြီ၊ မြန်မြန်ယခု ပွတ်မယ်, တိုက်မယ်' ဆိုပြီး ဒီလိုဝီရိယနဲ့ ထူထောင်ပြီးတော့ တိုက်ရင် တိုက်မယ်ဆိုတဲ့ ဆန္ဒဟာ ရာပြိုင်နက်ထဲ ဖြစ်ကြပြီ ထင်ပါရဲ့။ (ဖြစ်ကြပါပြီ ဘုရား။) သစ်သားနှစ်ခုကို ကိုင်ထားပြီလား။ (မှန်ပါ့ဘုရား။)

ဒို့က ဆက်ပြီး လျှောက်ပြောနေမယ်ဆိုရင် 'ဒီရဟန်းကြီးက စကားရှည်လိုက်တာ၊ ယခုဟာက ပြောလို့ပြီးမှာ မဟုတ်ဘူး၊ လုပ်မှပြီးမှာ' လို့ ဒီလိုများပြောကုန်ပြီ ထင်ပါရဲ့ဗျာ၊အေး....ဒီလိုဆန္ဒရှိရင် ရှေးအရှင်ကောင်းများကဲ့သို့ ဝီရိယသန်သန်နဲ့ ကြိုးစားပြီး ထူထောင်ကြ၊ အားထုတ်ကြဗျာ။

သာဓု.... သာဓု.... သာဓု....။

[ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၂၅-ရက်နေ့ ည ၇း၃၀-၈း၄၉၊ ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံ၌ ဟောသည်။ ]

http://www.dhammadownload.com



# လိုချင်တာတွေ

ဒကာကြီးများ ကိုယ်လိုချင်တာတွေ ပြည့်စုံကြရရဲ့လား။ (မပြည့်စုံကြရပါဘုရား။) ကာသိ ဘုရင်ကြီးရဲ့ မိဖုရား မောင်းမ မိဿံတွေ သားလိုချင်တော့ သားဆုပန်ကြ, ဟို့နှယ် သည့်နှယ် လုပ်ကြသလို ခုကောဗျာ့ ကိုယ်လိုချင်တာတွေ ရအောင် ဘာတွေများ လျှောက်ပြီး လုပ်ကြရသေးလဲ။ (တချို့လဲ ဗေဒင်မေးကြ, ခာတ်ရိုက်ကြ စုံလို့ပါပဲဘုရား။)

အနို့....အဲသလို လျှောက်လုပ်တော့ လိုချင်တာတွေက ရရော့တဲ့လားဗျာ၊ "စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြည့်စုံနိုင်တာ ဘုရားရှင့်အဆုံးအမတော်က လွဲလို့ သည့်ပြင် ဘာမှ မရှိဘူးဗျာ့"

တေမိမင်းသားရဲ့ မယ်တော် စန္ဒာဒေဝီ မိဖုရားကြီးကတော့ ဘယ့်နှယ် လုပ်သတဲ့တုံးဗျာ့။ (ဥပုသ်သီလစောင့်ပြီး သီလနဲ့သစ္စာပြုတာပါပဲဘုရား။)

နောက်ပြီး....

ခုအခါမှာ တစ်ခါထဲနှင့် ပိုက်ဆံတွေ များများကြီးရနိုင်တာ ဘာများရှိသလဲဗျာ့။ ( ထီပေါက်ရင်တော့ တစ်သိန်းလောက် ရပါတယ် ဘုရား။ )

http://www.dhammadownload.com



# အကုန်ရအောင်

ခုချက်ချင်း ရမှာလား။ (ဒါလဲချက်ချင်းတော့ မရပါဘုရား။ လက်မှတ်တိုက်ရ၊ အစစ်ဆေးခံရ၊ ရက်ချိန်းယူပြီးမှ ရမှာပါ ဘုရား။)

ဩော်.... တယ်အလုပ်များသကိုးဗျာ့၊ အနို့.... ဒီတသိန်းရတော့ကော၊ ရန်သူမျိုးငါးပါး ထားပါအုံးတော့၊ ဘယ်လောက် ကြာကြာ သုံးရမလဲ၊ အဟုတ်သုံးရင် တထိုင်ထဲမှာပင်လျှင် အားရအောင် သုံးလို့ လောက်ရဲ့လား။ (မလောက်ပါဘုရား။)

အခု ဘုရား အဆုံးအမက ချက်ချင်းရတာဗျာ့၊ ပြီးတော့ သံသရာတစ်လျှောက်လုံးအတွက်ကို လုံလောက်သွားတာ၊ "ကုသိုလ်ဆိုတာ တစ်ကြိမ်တစ်ခါ အောင်သွားလျှင် ဘယ်တော့မှ ဆွေးမြည့်ပျောက်ပျက် မသွားဘူး ဗျာ့" ကြားလား။

ခုနေ ဒကာကြီး သီလယူနေတုန်း တသိန်းထီ ယူလှည့်လို့ လာခေါ်ရင် ဘယ့်နှယ်လဲဗျာ့၊ သီလ ယူမပြီးခင်ဘဲ ထလိုက်သွားမှာလား။ (ဒါတော့ မလျှောက်တတ်သေးပါ ဘုရား။)

[၁၃-၄-၁၉၇၄ နေ့ည၊ ဝေဘူဆရာတော်ဘုရားကြီး အင်းလေးဓမ္မာရုံ၌ တေမိဇာတ် ဟောစဉ် နာယူမှတ်သားချက်။]

http://www.dhammadownload.com

ဝီရိယနည်းလျှင်

တိုးတိုး တိုးတိုးပြောတာ

ကြားတာဟာ

ဝီရိယနည်းလို့

ဝီရိယများရင်

မကြားဘူး။

ဝေဘူဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ဂ–မွေးရာပါ လူချင်းအတူတူ

## တရားတော်

သီလဆောက်တည်ပြီးကြပြီ၊ ဆောက်တည်လို့ ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြ။

ဖြည့်ကျင့်လို့ ပြည့်စုံပြီဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တရည်ရွယ်ချက် အသီးသီးတို့ဟာ အကြွင်းအကျန်မရှိ အကုန်စလုံး ပြီးစီး အောင်မြင် ကြရောဗျာ။

သီလ၌ တည်ပြီးတော့ ပြုရတဲ့ ကုသိုလ်အဖြာဖြာတို့ဟာ တောင့်တတဲ့အတိုင်း အထွတ်အထိပ် အပြီးအဆုံး တိုင်အောင် ဆောင်နိုင်တယ်။

ရှေးသူတော်ကောင်း အသီးအသီးတို့ကဲ့သို့ လုံ့လ ဝီရိယ သဒ္ဓါတို့ကို မီအောင် ထူထောင်ပြီးတော့ ယူ၊ ယူကြတဲ့ အခါကျပြီဆိုမှဖြင့် အခါမလင့် တောင့်တတဲ့ အတိုင်း ဆိုက်လာ,ရောက်လာကြရော၊ ဆိုက်လာ,ရောက်လာပြီ ဆိုမှဖြင့် ရှေးအရှင် သူတော်ကောင်းတို့ကဲ့သို့ ဝမ်းမြောက်ကြရတယ်၊ ပျော်ကြရ, ရွှင်ကြရတယ်။

ဘာဖြစ်လို့ ဝမ်းမြောက်ကြရ, ပျော်ကြရ, ရွှင်ကြရပါသလဲဆိုလျှင် "သံသရာ တစ်ခွင်လုံးက တောင့်တရည်ရွယ်ချက် အသီးသီးတို့ဟာ ပြီးစီး အောင်မြင်ပေပြီ" လို့ ဤကဲ့သို့ ဝမ်းမြောက်ကြရပါတယ်။

လူ့ဘဝ တစ်ဘဝကို ပြောသလောက်ကို ဤကဲ့သို့ ဝမ်းမြောက်ကြရပါတယ်။

ဤကဲ့သို့ ဝမ်းမြောက်မှုမှာလဲ တခဏစာ, တစ်ဘဝစာ မဟုတ်ဘဲနှင့် သံသရာ တစ်လျှောက်လုံးအတွက် ဝမ်းမြောက်ကြရပါတယ်။ ဘာ့ကြောင့် မို့ပါလဲဆိုလျှင် -

http://www.dhammadownload.com



အခါကောင်းလို့
ဘဝကောင်းလို့
ဝီရိယကောင်းလို့ဗျာ။

## စဉ်စားမနေရဘဲ ဘဝအမြင်ရှင်း

မေတ္တာရှင် ကရုဏာရှင် ဖြစ်ပါတဲ့ သံဃာတော် အရှင်ကောင်း အရှင်မြတ်များက ညွှန်ကြားဆုံးမထားကြတော့ သုံးဖြာပိဋကဆိုတာ မှတ်မိတာပြောစမ်းပါဆိုလျှင် ရက်ပေါင်း လပေါင်းများစွာ ပြောလို့ မကုန်အောင် ရှိကြပါ့သဗျာ၊ ဘုရားဆုံးမပါတဲ့ ပိဋကတ်သုံးဖြာဟာ များပင် များသော်လဲ အားလုံးတို့ဟာ 'ဆင်းရဲမှလွတ်မှု တစ်ခုပဲ'မဟုတ်လားဗျာ။ (မှန်ပါ့ဘုရား။)

မိမိတို့ မှန်းရာ ဗောဓိကို ပြီးလောက်တဲ့ ဝီရိယနဲ့ တဆက်ထဲ ထူထောင်ကြပြီဆိုတော့ ဝီရိယိဒ္ဓိပါဒ်က အခါမလင့်ဗျာ၊ အခုချက်ချင်း ဝီရိယိဒ္ဓိပါဒ် ပေါ်ပေါက်လာကြတော့ တော်တော်ကလေးကိုပဲ မစဉ်းစားရဘဲနှင့် ရှင်းလင်းပြီးတော့သွားကြတယ် မဟုတ်လားဗျာ၊ ဟုတ်ကဲ့လားဗျာ..... မစဉ်းစား ရပါဘူးဗျာ။

သေသေချာချာ ဝီရိယထူထောင်လို့ရှိရင် ဝီရိယိဒ္ဓိပါဒ် ပေါ်ပေါက်လာပါသဗျာ၊ သည်လို ပေါ်ပေါက်လာတဲ့အခါကျတော့ များများကြီး မစဉ်းစားရပါဘူး၊ အသီးသီး ဥစ္စာဟာ ရှင်းပြီးသွားပါလိမ့်မယ်၊ ဘယ်လိုရှင်းသွားသလဲဆိုရင် ဒါ အများမြင်ပုံပေါ့ဗျာ၊ အေး..... အဲသလိုဗျာ။

## အလုပ်များလို့ အားတော့မှ

ဤကဲ့သို့ ညွှန်ကြား ဆုံးမပါတဲ့အတိုင်း မှတ်သားထားရုံ၊ ရွတ်တတ်ရုံ၊ ဟောတတ်ရုံ မဟုတ်ဘဲနှင့် သောဝစဿတာဂုဏ်နှင့် ပြည့်စုံပြီးတော့ အားလုံးထူထောင်ပြီး နေမိကြတယ် မဟုတ်လားဗျာ။ (မှန်ပါ့ဘုရား။)

ဣရိယာပုတ်လေးဖြာ တဆက်ထဲ အအား အနား မထားဘဲ သည်လို ထူထောင်ပြီးတော့ ယူကြ ဆောင်ကြဗျာ၊ သို့သော်လဲ တစ်ခါတစ်ခါ စိတ်အား ဖြင့် ဘယ်လိုများ ဖြစ်ချင် ဖြစ်တတ်ပါသလဲဆိုရင်-

"အခါကောင်း, ဘဝကောင်းမို့လို့ အစီးအပွားတွေဟာ ယူချင် ရပါရဲ့၊ သို့သော်လဲ လုပ်စရာတွေက ရှိသေးတယ်၊ လုပ်စရာတွေက များနေတယ်၊

http://www.dhammadownload.com



ဒ့်ကြောင့်မို့လို့ အားထုတ်တဲ့အခါကျတော့မှ ဤကဲ့သို့ပြုမယ်" တစ်ခါ တစ်ခါ ကျတော့ ဒီလို စိတ်အကြံ ဖြစ်ချင် ဖြစ်မယ်။

စိတ်အကြံ ဖြစ်ရုံမျှမက မိတ်ဆွေသင်္ဂဟတွေနဲ့ တွေ့တဲ့အခါကျတော့လဲ သည်အတိုင်း မပြောကြဘူးလားဗျာ့။ (ပြောကြပါတယ်ဘုရား။)

အားလပ်တဲ့အချိန်ကျမှဆိုပြီး အားလပ်တဲ့ အချိန်ကျရော မေ့ပြီး သည်လိုမျှားနေချင်နေလိမ့်မယ်၊ သည်တော့ ဘုရားရှင်ရွှေလက်ထက်တော်က သည်လို မဟုတ်ဘူးဗျာ့။

## အလုပ်များသူ ဘုရင် သူဌေးကြီးများသော်မှ

ရှေးကဆောင်ကြတဲ့ သူတော်ကောင်း အစားစားတွေထဲမှာ တချို့က ရှင်ဘုရင်တွေဗျာ့၊ရှင်ဘုရင်ပြုလုပ်ရင်းပင်လျှင် ဘုရားဆုံးမတဲ့အဆုံးအမကို မှတ်သားပြီးတော့ သည်လို ဆောင်တာဗျာ့။

ဒီလို ရှင်ဘုရင်ပြုလုပ်ရင်း ဆောင်တော့ကို တောင့်တတဲ့အတိုင်း စိတ်နှလုံး အလိုဟာ ပြီးကြတယ် မဟုတ်လားဗျာ့။ (ပြီးပါတယ်ဘုရား။)

ဒီလို ရှင်ဘုရင်လုပ်ရင်း ပြီးကြတဲ့ ရှင်ဘုရင်ပေါင်းဟာ ဘယ်လောက်များလိမ့်မတုံးဗျာ့။ (အများကြီးပါပဲ ဘုရား။) အဲဒါ ရှင်ဘုရင်လုပ်ရင်းပါဗျာ့။

တချို့သူဌေးလုပ်ရင်းဗျာ့၊ ဘုရားဆုံးမတဲ့ အဆုံးအမကို ရတဲ့အချိန်က စပြီးတော့ သူဌေးအလုပ်လုပ်ရင်းပင် စိတ်နှလုံးအလို တောင်တတဲ့အတိုင်း ပြီးအောင်ယူကြတော့ သဌေးအဖြစ်နှင့်ပင်လျှင်ပဲ တောင့်တရည်ရွယ်ချက်တွေဟာ အသီးသီး ပြီးကြတယ် မဟုတ်လား။ (ပြီးကြပါတယ်ဘုရား။)

အဲဒီလို သူဌေးလုပ်ရင်း ပြီးကြတဲ့ သူဌေးတွေကို ရေတွက်ပြီးတော့ ကုန်အောင်စေ့အောင် ပြောနိုင်ကြပါ့မလား။ (မပြောနိုင်ပါဘုရား။) အေး. . . အဲဒါ သူဌေးအလုပ်လုပ်ရင်း ပါတဲ့ဗျာ။

ပြီးတော့ ရှင်ဘုရင် သူဌေးမဟုတ်ကြတဲ့ အားလုံးတို့မှာလဲ ခန္ဓာဝန် အတွက်ဆိုတော့ အချိန်တိုင်း အချိန်တိုင်းမှာဘဲ ရှောင်လို့မဖြစ်၊ ဤ ခန္ဓာငါးပါး ရထားကြပြီဆိုမှဖြင့် ဘာသိဘာသာ ဒီအတိုင်းနေတာ မဟုတ်ဘူး၊ တခါထဲ တထမ်းထဲထမ်းပြီး တဆောင်ထဲ ဆောင်နေကြရတယ် မဟုတ်လား။ (မှန်ပါ့ဘုရား။)

http://www.dhammadownload.com



အေး....ဤကဲ့သို့ ခန္ဓာဝန်ကို ဆောင်နေရင်း ဘုရားဆုံမတဲ့ အဆုံးအမကို မှတ်သားပြီးတော့ ဝီရိယနှင့် ထူထောင်ပြီး ကိုယ့်တောင့် တချက်ပြီးအောင် ပြုကြလို့ ပြီးစီးသွားကြရပါတဲ့ များစွာသော သူတော် ကောင်းတွေကိုကော မှတ်သားရေတွက်ပြီးပြောနိုင်ကြပ့ါမလား။ (မပြောနိုင်ပါဘုရား။) မပြောနိုင်ပါဘူးဗျာ့။

အဲဒါ ဘာတုံးဆိုတော့ ခန္ဓာဝန်ကို ဆောင်ရင်းပင်လျှင်ပဲ, ဒီအမှုကိစ္စတွေကို ဆောင်ရင်းပင်လျှင်ပဲ ဤကဲ့သို့ ဆောင်ကြတာဗျာ့၊ တခါတခါတော့ စိတ်ထဲမှာ ထားပါလိမ့်မယ်၊ ပြောချင်လဲ ပြောပါလိမ့်မယ်။

"ဘုရားဆုံမတဲ့ အဆုံးအမကို လိုက်နာပြီး ကိုယ်လိုချင်တဲ့ နှစ်သက်ရာဗောဓိကို ပြီးစီးအောင်လုပ်ဖို့ရာ မပြီးဆုံးနိုင်အောင် အလုပ်တွေက ရှုပ်လိုက်တာ" လို့ ဒီလိုပြောမယ်။

မေး။ ။အလုပ်ကိစ္စတွေ များတယ်ဆိုတာ ဒို့ အခုဒကာကြီး, ဒကာမကြီးတွေနဲ့ ရှေးက ရှင်ဘုရင်တွေ, သူဌေးတွေနဲ့ ဘယ်သူက များပ့ါမယ်။

ဖြေ။ ။ရှေးက ဘုရင်တွေက အလုပ်ဝတ္တရားတွေ သာများပါတယ်ဘုရား။

မေး။ ။ဒီတော့ ရှေးက ဘုရင်တွေ, သူဌေးတွေနဲ့ ခုဒကာကြီးတွေ, ဒကာမကြီးတွေနဲ့ အလုပ်ရှုပ်ကြတာဟာ ရှေးက ရှင်ဘုရင်တွေ, သူဌေးတွေက အလုပ် ဘယ်နှစ်ဆလောက် ပိုပြီး များပ့ါမတုံးဗျာ့။

ဖြေ။ ။အဆပေါင်းများစွာပဲ ပိုများပါတယ် ဘုရား။

မေး။ ။ဟုတ်ကဲ့လားဗျာ၊ အဲ.... ရှင်ဘုရင်ဆိုပြီး 'အလုပ်တွေကများလိုက်တာ၊ မအားဘူးလို့' ဘယ့်နှယ်လဲဗျာ့၊ သည်လိုများ ပြောသင့် ပြောထိုက်ပ့ါမလား။

ဖြေ။ ။မပြောထိုက်ပါ ဘုရား။

မေး။ ။ရှင်ဘုရင်နဲ့ စာရင် အခု ဒကာကြီး၊ ဒကာမကြီးတွေဟာ အလုပ်ရယ်လို့ ပြောလောက်စရာ ရှိပ့ါမလား။

ဖြေ။ ။အလုပ်ရယ်လို့ ပြောလောက်စရာ မရှိပါဘုရား။

http://www.dhammadownload.com



အဲဒီတော့ ရှင်ဘုရင်တွေဟာ ဒီလောက် အလုပ် ရှုပ်ရှုပ်များများကြီး လုပ်ရင်းပင်လျှင်ပဲ ကိုယ်စိတ်နှလုံး အလိုတောင့်တတဲ့ အတိုင်းဟာ ပြီးစီးအောင် ဘုရားဆုံးမတဲ့ အဆုံးအမကို ရသည်နှင့် တပြိုင်နက်ထဲဟာ ဝီရိယနှင့် ထူထောင်ယူတော့ ဒီလိုရကြတာဗျာ့။

နို့-သူတို့ဆောင်တာက ဘယ်လိုများ ဆောင်ပါသလဲ ဆိုတော့ ရှင်ဘုရင်မှာ အားချိန်, နားချိန် ဘယ်အချိန်များ ရပ့်မယ်။ (ရှင်ဘုရင်မှာ ဘယ်တော့မှ မအားပါဘုရား။) ဟုတ်ပ့်ဗျာ၊ ဘာတွေများ ပြုလုပ်ရမလဲ ဆိုရင် အမြဲတမ်းအားဖြင့် မှုးမတ် ဗိုလ်ပါ မောင်းမမိဿံ အခြံအရံတို့ကို ညီလာခံ ပြီးတော့ အချိန်ခပ်သိမ်းပင်လျှင်ပဲ ဒီလို စီမံပြီးနေပါတယ်၊ ဟုတ်ကယ့်လားဗျာ့။ (ဟုတ်ပါတယ် ဘုရား။)

အဲဒီလို အခါခပ်သိမ်း မှုးမတ်ဗိုလ်ပါ မောင်းမမိဿံ အခြံအရံတွေနဲ့ ညီလာခံပြီး တစီမံထဲ စီမံပြီး နေရမှာဗျာ့၊ အဲဒီလိုနေရင်း ဘယ်လို ပြုပါသတုံးဆိုတော့ ဘုရားဆုံးမပါတဲ့ အဆုံးအမကို ရတယ်၊ ရပြီးတော့ မချတဲ့ ဝီရိယနဲ့ ဘုရားဆုံးမပါတဲ့ အဆုံးအမကို ကောင်းမွန်စွာ မှတ်သားပြီးပြီ ဆိုတော့ စိတ်အားဖြင့် အခုလို လိုက်နာဖြည့်ကျင့်တာတဲ့ဗျာ၊ ဘယ်လိုတုံး ဆိုရင် ဘုရားဆုံးမပါတဲ့ အဆုံးအမ မှန်မှန်ကို ရပြီးသား, နားလည်ပြီးသား ဖြစ်ကြပါတယ်။

ဤကဲ့သို့ ဘုရားဆုံးမပါတဲ့ အဆုံးအမကို မှတ်ပြီးတော့ ထားတဲ့ အတိုင်း ဝီရိယသန်သန်နဲ့ တစ်ပါးအာရုံ ထိုထို-ထိုထို မသွားရအောင် ဤကဲ့သို့ စိတ်ကလေးကို စူးစူးစိုက်စိုက်ကလေး ထားမယ်ဆိုရင် ဒီလို တည်နေမယ် မဟုတ်လားဗျာ့။ (နေပါတယ်ဘုရား။)

## ပစ္စတ္တံ ဝေဒိတဗ္ဗော

အေး.... အဲဒီလို တည်နေတဲ့အခါမှာ ဆင်းရဲကို ဖြစ်စေတတ်တဲ့ လောဘ, ဒေါသ, မောဟတို့ ရှိပ့်မလားဗျာ့။ (လောဘ, ဒေါသ, မောဟ မရှိပါဘူးဘုရား။) မရှိဘူးဗျာ့၊ အဲဒီလို ထိုင်ပြီး အာရုံပြုပြီး ဒီလို စူးစူးစိုက်စိုက် ကလေးထားရင် မဖြစ်ပေဘူးလား၊ (ဖြစ်ပါတယ် ဘုရား။) ပြီးတော့-

မတ်တတ်ရပ်ရင်းကော။ (မတ်တတ်ရပ်ရင်းလဲ ဖြစ်ပါတယ်ဘုရား။)

လမ်းခရီး သွားရင်းကောဗျာ့။ (ဖြစ်ပါတယ်ဘုရား။)

http://www.dhammadownload.com



စားဖို့, သောက်ဖို့ အလုပ်တွေ ပြုလုပ်စီမံရင်းကော။ (အလုပ်လုပ်ကိုင်ရင်းလဲ ဖြစ်ပါတယ်ဘုရား။) အေး.... အခုလို ဣရိယာပုတ်လေးပါးမှာ အကုန်စလုံး ဒီလိုထားတာဗျာ့။

အဲဒီလိုထားတော့ကို ဥပမာ ရှင်ဘုရင်ဟာ မျှုးမတ်ဗိုလ်ပါ မောင်းမမိဿံ အခြံအရံတွေနဲ့ ညီလာခံဖို့ စီမံတယ်၊ အဲဒီလို စီမံရင်း စိတ်ကလေးကို ဒီလို စူးစူးစိုက်စိုက်ထားလို့ မဖြစ်ပေဘူးလားဗျာ။ (ဖြစ်ပါတယ်ဘုရား။) ဤကဲ့သို့ ဖြစ်တဲ့အခါကျတော့ အခု ဒကာကြီး, ဒကာမကြီးတွေကော ဒီလို စူးစူးစိုက်စိုက်ထားတော့ တည်နေတယ် မဟုတ်လား။ (တည်နေပါတယ်ဘုရား။)

မေး။ ။အဲဒီလို တည်နေတဲ့အခါမှာ လောဘ, ဒေါသ, မောဟတို့ဟာ စင်ကြယ်တယ်၊ စင်ကြယ်တဲ့ အခါကျတော့ ဘယ့်နှယ်တုံးဗျာ့၊ စိုးရိမ်ရမှု, ကြောင့်ကြရမှု, ပူပန်ရမှုတို့ဟာ ရှိပါအုံးမလားဗျာ။

ဖြေ။ ။မရှိတော့ပါ ဘုရား။

မရှိဘူးဗျာ့၊ အဲဒါ အခု ခဏကလေး တမုဟုတ်ချင်း ဝီရိယ ထူထောင်လိုက်တော့ ဝီရိယိဒ္ဓိပါဒ်ဟာ ခဏ တမုဟုတ်ချင်း မဆိုင်းဘဲနဲ့ ဖြစ်တယ် မဟုတ်လား။ (ဖြစ်ပါတယ် ဘုရား။) အခု ခဏကလေးကို သည်လို ဖြစ်ပါတယ်၊ သည့်ထက် အချိန်ကြာကြာကလေး ထားလိုက်ရင် အခုပြောသလောက် ကပ့်မလား။ (ကြာကြာကြီးပဲ ချမ်းသာနေပါတယ် ဘုရား။) အဲဒီလို ချမ်းသာပြီး တိုးတက်မြင့်မြတ်တဲ့ဟာကို ဘယ်သူ သိမယ်။ (မိမိကိုယ်တိုင် မိမိသိပါတယ် ဘုရား။)

မေး။ ။အေးဗျာ့၊ အဲဒါ **'ပစ္စတ္တံ ဝေဒိတဗ္ဗော'** ဆိုတာ နည်းနည်းကလေး မရိပ်မိဘူးလားဗျာ့။

ဖြေ။ ။ နည်းနည်း ရိပ်မိပါတယ် ဘုရား။

အေး....အဲဒီလိုနဲ့ တူပါရဲ့ဗျာ၊ ဒါဟာကတော့ ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာဂုဏ်တော် ဆိုတာကတော့ သူတော်ကောင်းအစားစားတို့ဟာ အားလုံးတို့ပင်လျှင်ပဲ ပွန်းတီးလိမ္မာပြီးသား ဖြစ်ပါတယ်၊ ဒီတော့ အခုနကလို အသီးသီးတို့ဟာ အာရုံပြုကြမယ်ဆိုရင် အသီးသီးတို့ပင်လျှင် ဤကဲ့သို့ ရိပ်မိမယ်။

http://www.dhammadownload.com



## ကိုယ်လုပ်တာ ကိုယ်သာသိ

အဲဒီတော့ အခုလို ရှင်ဘုရင်ကြီးဟာ အခုလို မျှုမတ်ဗိုလ်ပါ မောင်းမမိသံ အခြံအရံတွေနဲ့ ညီလာခံပြီး စီမံရင်း ဒီလိုထားတော့ တည်ပါရဲ့ဗျာ၊ ဒီလို တည်တဲ့အခါကျပြီဆိုတော့ နိုင်ငံသူ, နိုင်ငံသား တို့က 'အရှင်မင်းကြီး အဘယ်ကဲ့သို့သော အမှုကိစ္စကို ရွက်ဆောင်ပြီးတော့ စီမံတော်မူရပါသတုံး' လို့ သံတော်ဦးတင်ရင် ဘယ့်နှယ်ပြောမယ်၊ ကိုယ် အဓိကထားပြီး မြင့်မြတ်တဲ့ ဟာကို ပြောလို့ နားလည်ပ့ါမလားဗျာ။ (နားမလည်ပါဘုရား။) အဲဒီတော့ ဘယ်လိုဖြေရမလဲဆိုတော့-

"မောင်မင်းများ၊ ငါသည်ကား ဆိုလျှင် မျှုမတ်ဗိုလ်ပါ မောင်းမမိသံ အခြံအရံတွေနဲ့ ညီလာခံပြီးတော့ ဤကဲ့သို့ စီမံမှုကို ငါပြုနေတယ် ဟဲ့" လို့ ဆိုရင် သူတို့မြင်မှာကိုး၊ မြင်တော့ ဒါဆိုရင် နားလည်သွားမှာပဲ၊ ဟုတ်ကဲ့ လားဗျာ၊ ဒါလိုပြောမှ ဖြစ်မှာဗျ၊ ဒီလိုမှ မဟုတ်ဘဲ ငါသည် အဓိကထားပြီး တော့ အမြင့်အမြတ်ဆုံး ပြုနေတာကို ပြောမယ်လို့ ဤကဲ့သို့ စိတ်ဆန္ဒ ဖြစ်ပြီးတော့---

'မောင်မင်းများ ငါသည်ကား ဆိုလျှင် ယခုအားလုံးသော မျှုမတ် ဗိုလ်ပါ မောင်းမမိသံ အခြံအရံတွေနဲ့ ညီလာခံပြီးတော့ သောဝစဿတာ ဂုဏ်နှင့် လိုက်ပါပြီး ထူထောင်ခါစကတော့ ဤရွေ့ဤမျှပဲ၊ အခုတော့ ဤရွေ့ဤမျှ အချိန်ရောက်ပြီ၊ သီလ, သမာဓိ, ပညာဟာ ဤရွေ့ဤမျှ တိုးတက်လာသည် ဖြစ်သောကြောင့် ဤကဲ့သို့သော ချမ်းသာတွေနှင့် တကွ ရွှင်ပျော်ပြီးနေတယ် မောင်မင်းများရဲ့' ဒီလို ပြောရင် အခုနက သံတော်ဦး တင်ကြပါတဲ့သူတွေက ဒီလိုပြန်ပြောတဲ့အတိုင်းကို နားလည်ကြပ့ါမလားဗျာ။ (နားမလည်ပါ ဘုရား။ ကျယ်ကျယ်ဝန်းဝန်းနှင့် သေသေချာချာ ဂဃနဏ ပြန်ပြောမှပါ ဘုရား။)

ပြောပေမယ်လို့ သူရတဲ့ ချမ်းသာဟာ ပြောတိုင်း သိပ့ါမလား။ (ပြော တိုင်း မသိပါဘုရား။) ဘယ်သူသာ သိသလဲ။ (ကိုယ်တိုင်တွေ့တော့မှ သိမှာပါပဲ ဘုရား။)

အေး....ဒါ့ကြောင့်မို့ သည်မင်းကြီးဟာ ဒီလိုတော့ ပြောတယ် မဟုတ်ဘူးဗျာ၊ သူတို့မြင်တာကို ပြောရမှာပဲ၊ ဘယ်လိုပြောမလဲဆိုတော့ အခုနကပြောသလို 'ငါ့ရဲ့ မျှုမတ်ဗိုလ်ပါ မောင်းမမိသံ အခြံအရံတွေနဲ့

http://www.dhammadownload.com



ညီလာခံလို့ ဘာတွေဘာတွေ စီမံရတယ် မောင်မင်းများရဲ့' လို့ ဒီလိုပြောမှ ဖြစ်မှာပဲဗျာ့၊ ဒီတော့မှလဲ နားလည်ကြမှာပဲ။ (အခုလဲ တရားနာ ပရိသတ်တွေက ဘုရင်ကြီးများ တိုင်းပြည် နိုင်ငံရေးကိစ္စကို ဆောင်ရွက်ရင်း မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း လက်မလွှတ်တဲ့ တရားကို သေသေချာချာ ကျကျနန သိချင်လှပါပြီ ဘုရား။)

## တစ်ခုခုက ဘယ်တစ်ခုလဲ

အံမယ်... ဒါတွေကတော့ သူတို့မှာ မေတ္တာရှင်, ကရုဏာရှင်ဖြစ်ပါတဲ့ သံဃာတော် အရှင်ကောင်း အရှင်မြတ်တွေဟာက သုံးဖြာသော ပိဋကတို့ကို အကျဉ်း-သင်္ခေပ, အကျယ်-ဝိတ္ထာရ အမျိုးမျိုး အဖြာဖြာတွေကို ဘယ်သင်း ဘယ်ဟာမှ မလိုရအောင် သင်လို့, ကြားလို့, ဟောလို့, ပြောလို့ ဒီလို သွန်သင်ညွှန်ကြားပြီးဖြစ်တော့ မှတ်သားပြီးသားဟာ မနည်းပါဘူးဗျာ၊ ပြောလို့မကုန်နိုင်အောင်ပါဗျာ့၊ သည်တော့ ဟောတတ် ပြောတတ်တာတွေ ရှိပြီးသားပါဗျာ၊ ဟုတ်ကယ့်လား။

အေး....အဲဒါတွေထဲက အကုန်စလုံး မဟုတ်ပါဘူး၊ အဲဒီလို နားလည်ထားတဲ့ ဟာတွေထဲက ကိုယ်နှစ်သက်ရာ ဘုရား ဆုံးမတဲ့ အမှန်တစ်ခုခုကို ရွေးချယ်စိစစ်ပြီး သဘောအကျဆုံးပေါ့ဗျာ, အဲဒါ တစ်ခုကို ကောင်းမွန်စွာ ရွေးချယ်စိစစ်ပြီးတော့ အဲဒီဟာကို သန်သန်ဝီရိယနှင့် အာရုံပြုကြပါ။

(တရားနာ ပရိသတ်ကတော့ ဝီရိယထူထောင်ဖို့ မနှေးတော့ပါဘုရား၊ ဘယ်သင်း ဘယ်လိုလုပ်ရမယ်ဆိုတာ သေသေချာချာ ကျကျနန အကျယ်တဝင့်ပြောမှ ရိပ်မိရုံလောက် ရှိမှာပါ ဘုရား။)

အံမယ်.... သူတို့မှာ မှတ်ထားလိုက်တာ မနည်းဘူးဗျာ၊ အဲဒါတွေက တခုခုဆိုတော့ လွယ်လှပြီဗျာ့၊ ရပြီးသား, နားလည်ပြီးသား, သွက်လက်ပြီးသား, ဖျတ်လတ်ပြီးသား၊ အဲဒါတွေထဲက တခုခုဆိုတော့ အတော်လွယ်သွားပြီဗျာ့၊ ဟုတ်ကယ့်လား။ (များလွန်းအားကြီးလို့ ဟုံ နေပါတယ်ဘုရား။)

တစ်ခုဆိုတော့ လွယ်လှပြီဗျာ့၊ ဟုတ်ကယ့်လားဗျာ့၊ များများကြီး မဟုတ်ပါဘူး၊ အဲဒါထဲက တစ်ခုခုဆိုတော့ ဘယ်ဟာရယ်လို့ စဉ်းစားမနေကြနဲ့၊ အမှန်ရတာ တစ်ခုခုသာ တစ်ခုခုလိုက်စမ်းပါ။ (ဒီတစ်ခုခုကိုပဲ

http://www.dhammadownload.com



ငြင်းခုံလိုက်ကြရတာ၊ ငြင်းရင်းခုံရင်း ဒေါသဖြစ်လို့ အကုသိုလ်တောင် ဖြစ်ရပါတယ် ဘုရား၊ ဒါကြောင့် အကုသိုလ်မဖြစ်ရအောင် အရှင်ဘုရား သနားပါအုံးဘုရား။)

## လူချင်းအတူတူ အသက်ရှူမကွဲ

သူရတာက တခြား၊ ကိုယ်ရတာက တခြား၊ ဒီလိုလား....၊ သိတာချင်း အတူတူ၊ ရတာချင်းအတူတူကို တပြိုင်နက်ထဲ ပြချင်တာလား။ (ဒီလိုမဟုတ် ပါဘုရား၊ သူနိုင်တာ၊ ငါနိုင်တာနဲ့ တပည့်တော်တို့က တယ်ပြီး လောဘ ကြီးတာကိုးဘုရား။)

မေး။ ။ဒါဖြင့် မငြင်းရအောင် တညီတညွတ်တည်း သိပြီးသား မှတ်ပြီးသားကလေးကိုပဲ ပြကြပါဗျား။

ဖြေ။ ။ညီကိုမညီနိုင်ပါဘုရား။

မေး။ ။ဒီလိုဆိုရင် ဒီလိုပြောကြပါစို့ရဲ့၊ အားလုံးသော ဒကာကြီး ဒကာမကြီးများဟာ အသက်တော့ ရှူကြတယ်မဟုတ်လား၊ (ရှူပါတယ်ဘုရား။) 'သူက အသက်ရှူတယ်, ငါက အသက် မရှူဘူး' နဲ့ ဒီလိုများ မညီအောင်လုပ်နေကြသေးသလား။

ဖြေ။ ။အသက်ရှူတဲ့နေရာမှာတော့ အကုန်လုံး ညီနေပါတယ် ဘုရား။

မေး။ ။အသက်ရှူတာက ဘာနဲ့ရှူတာလဲဗျာ့။

ဖြေ။ ။နှာခေါင်းနှင့် ရှူပါတယ်ဘုရား။

မေး။ ။အေး.... 'ငါကတော့ နှာခေါင်းနဲ့ အသက်ရှူတယ်၊ သူက တော့ ဘာနဲ့ရှူတယ်' သည်လိုကော ရှိသေးသလား။

ဖြေ။ ။သည်နေရာမှာတော့ မငြင်းပါဘုရား၊ အင်မတန် ညီပါတယ် ဘုရား။

မေး။ ။ဒါဖြင့်လဲ .... ဟုတ်ပြီ၊ နို့.... နေပါအုံး၊ 'သူကတော့ အခါ ခပ်သိမ်း ရှူတာ၊ ဒို့များကတော့ အခါခပ်သိမ်း မရှူဘူး၊ မအားတဲ့အခါ နားသေးတယ်' လို့ ဒီလိုများ ရှိသေးသလား။

ဖြေ။ ။ဒီနေရာမှာ ညီလှပါတယ်ဘုရား။

http://www.dhammadownload.com



ကြာရိယာပုတ်လေးပါးမှာလဲ 'သူကတော့ ထိုင်ရင်း မရှုဘူး၊ ဒို့ကတော့ ရပ်ရင်း မရှုဘူး၊ လမ်းသွားရင်း မရှုဘူး' လို့ ဒီလိုများကောဗျာ။ (အသက်ရှု တဲ့နေရာမှာတော့ အကုန်လုံး ညီပါတယ်ဘုရား။)

မေး။ ။ဟုတ်ကယ့်လားဗျာ၊ အိပ်ပျော်သွားတော့ကောဗျာ။

ဖြေ။ ။အိပ်ပျော်သွားတော့လဲ ရှုတုန်းပါဘုရား။

မေး။ ။ဒါဖြင့် အကုန်လုံးဟာ တညီထဲနော်။

ဖြေ။ ။ညီပါတယ်ဘုရား။

အသက်ရှုတယ်ဆိုတာ လေကလေး ထွက်တာဝင်တာကို ခေါ်တယ် ထင်ပါရဲ့။ (မှန်ပါ့ဘုရား။) အေး....ဒါဖြင့် ဒီဟာက တော့ အကုန်စလုံး ဘယ်သူမှ နားမလည်တာ မရှိပါဘူး။ (အကုန်လုံး နားလည်ကြပါတယ် ဘုရား။)

အေး....ဒါဖြင့် ဒါကတော့ တညီထဲပဲ၊ သည့်ပြင်ဟာတွေကတော့ ညီတော့ညီပါရဲ့၊ ဘုရားဆုံးမတာက တမျိုးစီတော့ မဟုတ်ပါဘူး၊ ညီတော့ ညီပါတယ်ဗျာ့၊ (ဒါပေမဲ့ တယ်ပြီး ငြင်းရ ခုံရပါတယ်ဘုရား။) အခုဟာက တော့ မငြင်းရဘူးထင်ပါရဲ့။(မငြင်းရပါဘုရား။) အေး....ဒါဖြင့် ဒါတခုထဲကိုပဲ တညီထဲ ညီကြစမ်းပါ၊ သတိပြုကြစမ်းပါ။

ဘယ်လို သတိပြုရမလဲဆိုရင်--

"လေကလေးဟာ အေးအေး အေးအေးနဲ့ ဘယ်နေရာကိုတိုက်ပြီး ထွက်သတုံး၊ ဝင်တော့လည်း ဘယ နေရာကို အေးအေး အေးအေးနဲ့ တိုက်ပြီး ဝင်သတုံး"လို့ အခုလို စဉ်းစားလို့ရှိရင် အားလုံးတို့ပင်လျှင်ပဲ အခုချက်ချင်း မသိပေဘူးလားဗျာ့၊ (ချက်ချင်းသိနိုင်ပါတယ်ဘုရား။) ချက်ချင်း သိတော့ ဒါကတော့ ငြင်းရဖို့ မရှိပါဘူး၊ 'ဒို့ကတော့ အသက်ရှုနေကျ မဟုတ်လို့ တကတဲပါမှပဲ မစဉ်းစားတတ်ပါဘူး' လို့များ ရှိဦးမှာလား။ (မရှိပါဘူးဘုရား။)

ဒါထက်ညီတာမရှိပါဘူး။

ပြီးတော့ ဒါ့ဘ ရှာရဦးမှာလား၊ (မရှာရပါဘုရား။)

ဒါ တော်တော်လွယ်တယ်ထင်တယ်။

ခက်နေတာများ ရှိသေးသလား။ (ခက်တာကို မတွေ့ပါဘုရား။)

http://www.dhammadownload.com



အေး.... ဒါဖြင့် အတော်လွယ်ပြီ၊ ရှာလည်း မရှာရဘူး။

ကဲ... ဒါဖြင့် တပြိုက်နက်တည်း အခုလိုပဲ စဉ်းစားကြည့်စမ်းကြပါဗျာ။ "လေးကလေးဟာ အေးအေး အေးအေးနဲ့ ဘယ်နေရာကလေးကို တိုက်ပြီးထွက်သလဲ၊ ဝင်တော့လဲ ဘယ်နေရာကို တိုက်ပြီး ဝင်သလဲ" ဆိုတာ တပြိုင်နက်ထဲ အခုချက်ချင်းပဲ စဉ်းစားကြပါဗျာ၊ အခုလို စဉ်းစား တော့ စဉ်းစားမိကြပြီလား။ (စဉ်းစားမိပါပြီဘုရား။)

မေး။ ။ ဒါဖြင့် လေကလေးဟာ အေးအေး-အေးအေးနဲ့ ဘယ် နေရာကလေးကို တိုက်ပြီး ထွက်သလဲဗျာ့။

ဖြေ။ ။ နှာသီးဖျားကလေးမှာ အေးအေး-အေးအေးနဲ့ တိုက်ပြီး ထွက်ပါတယ်ဘုရား။

မေး။ ။ ဝင်တော့ကောဗျာ။

ဖြေ။ ။ ဝင်တော့လဲ နှာသီးဖျားကလေးကို တိုက်ဝင်ပါတယ် ဘုရား။

ဒီတော့.... အဲဒီနေရာကလေးမှာ လက်တစ်ခုနှင့် သာသာကလေး ထိပြီးတော့ ထားမယ်ဆိုရင် စိတ်ကမသိပေဘူးလား။ (သိပါတယ်ဘုရား။)

လက်နှင့် သာသာကလေး ထိပြီးတော့ ထားတော့ သိတယ်နော်။ သိတော့ ပါးစပ်က ဆိုရသေးသလား။ (မဆိုရပါဘုရား။)

မဆိုဘဲနဲ့ သိတယ်၊ ဟုတ်ကယ့်လားဗျာ။

အေး-လက်နှင့်ထိတော့ သိသလို ထိုထို ထိုထို အာရုံတွေ သွားနေတာကို မသွားရအောင် အခုချက်ချင်းပဲ လက်နဲ့ထိတော့ သိသလို စူးစူး စိုက်စိုက်ကလေး အာရုံပြုပြီးတော့ သိနေအောင် ထားကြစမ်းပါဗျာ့။

အဲဒီလိုထားတော့ နေတယ် မဟုတ်လား။ (နေပါတယ်ဘုရား။)

## 'ဓမ္မံ သရဏံ ဂစ္ဆာမိ' ဆိုတာ

နေတဲ့အချိန်မှာ ဆင်းရဲကိုဖြစ်စေတတ်တဲ့ လောဘများ ရှိသေးသလား။ (မရှိပါ ဘုရား။)

ဒေါသကော။ (မရှိပါဘုရား။)

မောဟကော။ (မရှိပါဘုရား။)

http://www.dhammadownload.com



လောဘ, ဒေါသ, မောဟတို့မရှိတော့ကို ဒီအချိန်မှာ ဘယ့်နှယ်တုံးဗျာ၊ ဆင်းရဲကို ဖြစ်စေတဲ့ အကုသိုလ်စိတ် ရှိသေးသလားဗျာ။ (အကုသိုလ်စိတ်တွေ မရှိတော့ပါဘုရား။)

အေး....ဒီတော့ သန့်ပြန့် စင်ကြယ်တာပေါ့ဗျာ၊ အဲဒီလိုလောဘ, ဒေါသ, မောဟတို့စင်ကြယ်နေတဲ့အချိန်မှာ ကြောက်ရပါသေးသလား....။

(မကြောက်ရပါဘုရား။)

စိုးရိမ်ကြောင့်ကြ ပူပန်ရသေးသလား။ (မပူပန်ရပါဘုရား။)

အဲဒီလို စိုးရိမ်ရမှု, ကြောင့်ကြရမှု, ပူပန်ရမှု မရှိတဲ့အချိန်မှာ ချမ်းသာသလား, ဆင်းရဲသလား။ (ချမ်းသာပါတယ် ဘုရား။)

စိုးရိမ်ကြောင့်ကြ ပူပန်ရတာဟာ ချမ်းသာသလား,ဆင်းရဲသလား။ (ဆင်းရဲပါတယ်ဘုရား။)

အေး....ဒီတော့ ဒီအချိန်မှာ ဤကဲ့သို့ ဝီရိယနှင့် ထူထောင်ပြီးတော့ ဤကဲ့သို့ ထားတယ်၊ ထားတော့ ချက်ချင်းပင်လျှင်ပဲ ဆင်းရဲကို ဖြစ်စေတတ်ပါတဲ့ လောဘ, ဒေါသ, မောဟတို့ စင်ကြယ်တယ်ဆိုတော့ ဒီအချိန်မှာ ဆင်းရဲမှု ရှိသေးသလား။ (မရှိပါဘုရား။)

ဆင်းရဲမှုမရှိတော့လို့ သည်အချိန်မှာ -

"ဘုရားရှင်ကို ဆည်းကပ်ကိုးကွယ်တာ,

တရားတော်ကို ဆည်းကပ်ကိုးကွယ်တာ,

သံဃာတော်ကို ဆည်းကပ်ကိုးကွယ်တာ" ဟုတ်ပါရဲ့လား၊ အဲဒါ ပဋ္ဋပွန်ဆင်းရဲ, သံသရာဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တာဗျာ၊ ပဋ္ဋပွန်ဆင်းရဲ, သံသရာဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တယ်ဆိုတာကတော့ ကလေးငယ်ငယ် စကားမပီခင်ကိုကပဲ မေတ္တာရှင်,ကရုဏာရှင်တွေက အစဉ် သနားပြီး ညွှန်ကြားဆုံးမတော်မူကြလို့ သိပြီးသားမဟုတ်လားဗျာ။ (မှန်ပါ့ဘုရား။)

အခုလို ဘုရားဆုံးမတဲ့အတိုင်း တပါးကို အာရုံမသွားရအောင် အခုလို ထားပါဆိုတော့ ထားတယ်၊ ထားတော့နေတယ်၊ အဲဒီလို စိုက်စိုက် စူးစူး နေတဲ့အခါမှာ လောဘ, ဒေါသ, မောဟ သန့်ပြန့် စင်ကြယ်တယ် ဆိုတော့ ဒါဟာဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာသည်ဖြစ်သောကြောင့် ဒီအချိန်မှာ တရားတော်ကို ဆည်းကပ်ကိုးကွယ်တာ ဟုတ်ပါရဲ့လားဗျာ။ (ဟုတ်ပါတယ်ဘုရား။)

http://www.dhammadownload.com



အဲဒါ 'ဓမ္မ သရဏံ ဂစ္ဆာမိ' တဲ့၊ ဟုတ်ကယ့်လားဗျာ။

မေး။ ။ဤကဲ့သို့ ဆည်းကပ်တဲ့အခါမှာ ပစ္စုပ္ပန်ဆင်းရဲ, သံသရာ ဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တယ်ဆိုတာ မှန်ပါရဲ့ လားဗျာ။

ဖြေ။ ။မှန်ပါတယ် ဘုရား။

အေး....အဲဒါ ဆည်းကပ်ကိုးကွယ်တာပါပဲဗျာ၊ ဒီအချိန်မှာ ကြောင့်ကြရမှု, စိုးရိမ်ရမှု, ပူပန်ရမှု ရှိသေးသလား။ (မရှိပါဘုရား။)

မေး။ ။ဤကဲ့သို့နေရင်း သက်တမ်းစေ့လို့ စုတိကျပြီး သေသွားမယ် ဆိုရင်လဲ အားလုံးသောသူတို့ဟာ ကြောင့်ကြရမှု, စိုးရိမ်ရမှု, ပူပန်ရမှု ရှိဦးမှာလား။

ဖြေ။ ။မရှိပါ ဘုရား။

## ဘာကိစ္စ ရှိနေနေ တဆက်တည်းသာ ထား

နို့....ဤကဲ့သို့ သံသရာဌ် ကြောင့်ကြရမှု, စိုးရိမ်ရမှု, ပူပန်ရမှု မရှိဘူး ဆိုတာ၊ ဒါ သံသရာဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တာဟာ ဟုတ်ပါ ရဲ့လားဗျာ့။ (ဟုတ်ပါတယ် ဘုရား။)

မေး။ ။အခု ခဏလေးမှာပဲ ပစ္စုပ္ပန်, သံသရာ နှစ်ဖြာအတွက်ကို သေသေချာချာ လုံလောက်တယ်လား။

ဖြေ။ ။သေသေ ချာချာ လုံလောက်ပါတယ်ဘုရား။

ဒါဟာ အခု ခဏလေးတင် ရှိပါသေးတယ်၊ ဒီတော့ ဤကဲ့သို့ လုံ လောက်တာကို ဘယ်သူပြောလို့ ဤကဲ့သို့ ဖြေတာလဲ၊ သူများပြောတာကို မှန်းပြီး ဖြေရတာလား။ (ကိုယ်တိုင်သိလို့ပါ ဘုရား။)

ကိုယ်တိုင်သိပြီး ဖြေတာ ဖြစ်တော့၊ 'ဟုတ်မှ ဟုတ်ပါ့မလား' နဲ့ ယုံမှား သံသယ ရှိဦးမှာလား။ (ယုံမှားသံသယ မရှိပါဘုရား။)

အေး.....အဲဒါ ခဏလေးတင်ပါ၊ သည့်ထက်ကြာအောင် ဝီရိယနှင့် ထူထောင်ပြီး ထားမယ်ဆိုရင် ဝီရိယိဒ္ဓိပါဒ်ဟာ အခုပြောသလောက် က, ပို့မလား ဖြစ်ပေါ်ပေါက်တာဟာ။ (ဝီရိယိဒ္ဓိပါဒ်လဲ အင်မတန် ကြီးထွား လာမှာပါဘုရား။)

http://www.dhammadownload.com



အဲဒီတော့ ကိုယ်အလိုရှိရာ နှစ်သက်တဲ့ ဗောဓိနှင့် တကွ နိဗ္ဗာန်စံဝင်ကြရတဲ့ အားလုံးသော သူတော်ကောင်း အစားစားတို့မှာလဲ နိဗ္ဗာန်စံဝင်ဖို့ရာ အသီးသီး ဗောဓိတွေကို အသင့်မှန်းထားပြီးသား ဖြစ်ပါတယ်၊ ဖြစ်တော့ကို အခုလဲ ဗောဓိနဲ့ ဘယ့်နှယ်လဲ 'သေမှ သေချာပါ့မလား၊ ခိုင်မှ ခိုင်မြဲပါ့မလား၊ ဟုတ်မှ ဟုတ်ပါ့မလား' နဲ့ ယုံမှားသံသယ ရှိဦးမှာလား။ (ယုံမှားသံသယ မရှိပါဘုရား။)

ဘယ်လိုဖြစ်မလဲဆိုရင် ယခုလိုသာ ဝီရိယ ထူထောင်ကြမယ်ဆိုရင် မှန်းထားတဲ့ အတိုင်းဟာ ဧကန္တ မျှားများကြီးတော့ တယ်ကြာလိမ့်မယ် မသင်ဘူးဗျာ၊ ထူထောင်ရင် ဒီလိုမျှား မဖြစ်ပေဘူးလား။

အေး.....အဲဒီလိုပါဗျာ၊ ဒါ ဘာတုန်းဆိုတော့ အခုနကလို ဝီရိယနှင့် ထူထောင်ကြပြီဆိုမှဖြင့် ဤကဲ့သို့စိတ်ကလေးကို ထိုထို ထိုထို မသွားရအောင် စူးစူးစိုက်စိုက်ထားရင် မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

မတ်တတ်ရပ်ရင်းကော။ (ဖြစ်ပါတယ် ဘုရား။)

လမ်းသွားရင်းကော။ (ဖြစ်ပါတယ် ဘုရား။)

စားဖို့ သောက်ဖို့အတွက် ခန္ဓာဝန်ကို ပြုစုရင်းကော။ (ဖြစ်ပါတယ်ဘုရား။)

ဖြစ်ပါတယ်ဗျာ၊ ဤကဲ့သို့ စိတ်ကိုထားတဲ့ ဥစ္စာဟာ ဆင်းရဲပင်ပန်းသလား။ (မပင်ပန်းပါ ဘုရား။)

ပစ္စည်းကုန်သလား။ (မကုန်ပါ ဘုရား။)

အလုပ်အကိုင် ပျက်သလား။ (မပျက်ပါဘုရား။)

သူတကာသိသလား။ (မသိပါဘုရား။)

တပါးသူက လုယူခံစားလို့ကော ရသလား။ (မရပါဘုရား။)

ဘုရားရှင်လက်ထက်တော်က လူနတ်ပြဟ္မာတို့ဟာ ဘုရားဆုံးမတဲ့ အဆုံးအမကို ရကြပြီဆိုမှဖြင့် ဤကဲ့သို့ ကောင်းမွန်စွာ မှတ်သားပြီးတော့ ဣရိယာပုတ်လေးပါးတွင် ဘယ်အခါမှ မပြတ်ရအောင်ဟာ တဆက်ထဲ သည်လိုဆောင်တာ.....တဲ့ဗျာ။

ဒီတော့ အခုနကလို ဆောင်တဲ့နေရာမှာ တဆက်ထဲကော မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။) အခုလိုမျှားများကြီး ပရိသတ်အလယ်မှာကော။ ( ဖြစ်ပါတယ်ဘုရား။)

http://www.dhammadownload.com



စကားပြောရင်းနဲ့ ကိုယ်ကသည်လိုထားလို့ မဖြစ်ဘူးလား။ (ဖြစ်တော့ ဖြစ်ပါတယ် ဘုရား၊ ဒါပေမဲ့ တပည့်တော်က စကားပြောလိုက်ရင် လွတ် လွတ်သွားတယ် ဘုရား။)

ဒါကတော့ ဒကာကြီး ဝီရိယနည်းလို့လား, ဝီရိယများလို့လားဗျာ့။ (ဝီရိယနည်းရုံမကပါ၊ ဝီရိယလွတ်သွားလို့ပါ ဘုရား။) ဒါဖြင့် မဖြစ်တာမှ မဟုတ်ဘဲ၊ ဝီရိယမထားလို့ မဖြစ်တာမဟုတ်လား။) ( ဟုတ်ပါတယ် ဘုရား။)

ဒီတော့ အဲဒီလို လွတ်သွားမှန်းသိလို့ရှိရင် လွယ်လွယ်ကလေးပဲဗျာ့၊ ဒီတခါ ဝီရိယနည်းလို့ လွတ်မှန်းသိရင် 'နောက်တခါကျတော့ ငါမလျော့ တော့ဘူးဟဲ့' လို့ဆိုပြီး လုပ်ရင် လျော့ပါဦးမလား။ (သည်လို စိတ်သန်သန်နဲ့ ထားမယ်ဆိုရင်တော့ ဖြစ်ပါလိမ့်မယ် ဘုရား။)

အဲဗျာ့---၊ ရှေးက သူတော်ကောင်းတွေက အဲဒီလိုထားတာဗျာ့၊ ဟုတ်ကယ့်လားဗျာ။ (ဟုတ်ပါတယ်ဘုရား။)

## ပေါက်လျှင်ဖာ လိုရာကိုဖြည့်

ဘယ်လိုများပါလဲဆိုတော့ အိမ်များကို လုံအောင် မိုးထားတယ် မဟုတ်လား၊ မိုးရွာတဲ့အခါကျလို့ မိုးယိုလာတယ်ဆိုရင် သိတယ်မဟုတ်လား။ (သိပါတယ်ဘုရား။) သိတော့ နေရာကိုဘယ့်နှယ့်လုပ်မလဲ။ (ဒီနေရာကို ထပ်ဖာရပါတယ်ဘုရား။) ဖာတော့ နောက်တစ်ခါ ယိုသေးသလား။ (မယို တော့ပါဘုရား။)

အခုလဲ ဝီရိယနဲ့ထူထောင်တယ်၊ ထူထောင်တဲ့အခါမှာ လွတ်သွားတဲ့ အချိန် ရှိပါလိမ့်မယ်၊ 'သည်အချိန်မှာ သည်လိုလွတ်တတ်တယ်' ဆိုတာကို သိပြီးတော့ အခုနက အိမ်ကို မယိုအောင် ဖာသလိုဖာဗျာ့၊ နောက်တခါ ဒီနေရာက ယိုဦးမှာ မဟုတ်ပါဘူးဗျာ။ (ကရော်ကမယ် တက်ပြီးတော့ ဖာတော့ ထပ်ယိုပြန်ပါတယ် ဘုရား။)

အဲဒါကတော့ အဟုတ်လုံအောင် ဖာတာလား၊ လုံချင်လုံ, မလုံချင်နေ ဆိုပြီး ဖာတာလား။ (တပည့်တော်တို့ကတော့ လုံချင်လုံ မလုံချင်နေဆိုပြီး ဖာသလိုဖြစ်နေပါတယ် ဘုရား။) အဲဒါ လုံသချင်ရင်တော့ လုံအောင် ဖာလိုက် တာပေါ့လေ၊ လုံသချင်လို့ လုံအောင်ဖာလိုက်ရင် ဖာပြီးသည်နှင့်

http://www.dhammadownload.com



တပြိုင်နက်တည်း မိုးယိုပါဦးမလား။ (ဒီတခါတော့ သေသေချာချာ နှစ်ထပ် သုံးထပ် ထပ်ထပ်ပြီး ဖာလိုက်ပါ့မယ် ဘုရား။) ကောင်းပါဗျာ၊ လုံတော့မှာ ပါပဲ၊ ခက်သလားဗျာ။ (မခက်ပါဘုရား။)

## တညီထဲ ဖြစ်ချင်တယ်ဆိုလို့

ဘုရား ရှေ့လက်ထက်တော်က ဘုရားဆုံးမတာကို အဲဒီလိုဆောင် ကြတာဗျာ့။

သို့သော်လဲပဲ 'အားလုံး တညီထဲ ဖြစ်ချင်တယ်' ဆိုလို့မို့ တညီထဲ သိတာလျှောက်ပြောတာနော်၊ သို့သော်လဲပဲ စာထဲက ကိုယ်မှတ်ထား တာတွေ ရှိတော့ ဒါတော့ မပြချင်ဘူး၊ ဘယ်ဟာမှ ပြမယ်' ဆိုရင်လဲ ဖြစ်သတဲ့ဗျာ။

ဘုရားဟောတာကတော့ အကုန်လုံး အတူတူချည်းပါပဲ။ (သတိ မလွတ်တာ လိုချင်ပါတယ်ဘုရား။)

အေး.... အခုနကပြောတာကို မိုး စိုစွတ်တာကို မခံချင်ဘူးဆိုရင် မိုးစရာတွေ အမျိုးမျိုး အဖြာဖြာတွေ ရှိကြပါတယ်။ အခု အိမ်တွေဘာတွေ ဆောက်လုပ်ကြတာဟာ မိုးစွတ်မခံရအောင်၊ နေပူမခံရအောင် ဆောက်လုပ် ထားကြတယ် မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။) အားလုံး တညီထဲ မိုးသလား၊ ဘယ်လိုများ မိုးသလဲ။ (တချို့က အုတ်ကြွပ်မိုးပါတယ်၊ တချို့က သွပ်မိုးပါတယ်၊ တချို့ကတော့ ဓနိမိုးပါတယ် ဘုရား။ အခုနောက်ဆုံး အင်္ဂတေပြားတွေတောင် ပေါ်လာပါပြီ ဘုရား။) အေး--- အဲဒါမိုးထားတော့ ဘယ့်နှယ်လဲ၊ မိုးလုံမှုချည်း ရှေ့ရှုပြီးမိုးတော့ အင်္ဂတေပြားကြီး မိုးတာကတော့ လုံရဲ့လားဗျာ့။ (လုံပါတယ် ဘုရား။) သွပ်တွေ အုတ်ကြွပ်တွေကို မိုးတာ ကရော။ (လုံပါတယ် ဘုရား။) ဘာတဲ့ အခုနက သူလျှောက်ပြီး ပြော လိုက်တာ ဓနိတို့ ပျဉ်တို့ မိုးတာကတော့ကော။ (လုံတာပါပဲဘုရား။) အဲဒါတွေ အကုန်လုံးကို လုံအောင် အဟုတ်မိုးတော့ လုံတာချည်းပဲ မဟုတ်လား။ (လုံပါတယ် ဘုရား။)

အခုလဲ ဘုရားဆုံးမပါတဲ့ အဆုံးအမတွေဟာ မနည်းပါဘူးဗျာ။ အဲဒီ မှတ်ပြီးသားတွေထဲက တခုခုသာ မိုးဗျာ၊ အကုန်လုံး မိုးလုံမှာချည်းပဲ။

http://www.dhammadownload.com



မေး။ ။တော်သလို လျော်သလို မိုးရင်တော့ အင်္ဂတေပြားကြီး မိုးတာကကော။

ဖြေ။ ။တော်သလိုသာ မိုးရင်တော့ သူလဲ ယိုမှာပါပဲ ဘုရား။

မေး။ ။သွပ်တို့ အုတ်ကြွပ်တို့ကကော။

ဖြေ။ ။ယိုမှာပါပဲ ဘုရား။

မေး။ ။ဒီယိုတာတွေက ဘာ့ကြောင့်လဲ၊ အမိုး မကောင်းလို့လား။

ဖြေ။ ။အမိုးကတော့ ကောင်းပါတယ်ဘုရား၊ အလုပ်မကောင်းလို့ပါ။

## ရှုပ်စရာမရှိ လုပ်သာကြည့်

အေး.... ဒါကြောင့် ခုနက ဘုရာဆုံးမပါတဲ့ အဆုံးအမမှန်သမျှ အကုန်စလုံးဟာ 'ဆင်းရဲမှ လွတ်မှုချည်း'ပဲ၊ ဒါ့ကြောင့် အတူတူချည်းပဲလို့ မှတ်ရမယ်၊ အခုလဲပဲ အဆုံးအမ မှန်မှန်တခုကို လိုက်နာကြပြီဆိုမှဖြင့် အကုန်စလုံး ဆင်းရဲက လွတ်မှာချည်းပါပဲဗျာ့။

အခုနကလို ဘယ်ဟာမိုးမိုး၊ လုံအောင်မိုးရင် မိုးမယိုဘူး၊ အဲဒါနဲ့ တူတယ်ဗျာ၊ ဒါကြောင့်မိုလို့ ဝီရိယနှင့် ထူထောင်ပြီး အဲဒီလိုပြုကြ။

'သုတ်, အဘိဓမ္မာ, ဝိနည်း, ခန္ဓာ, အာယတန, ပညတ်, ပရမတ်, သစ္စာ, သက္ကာယ ဒိဋ္ဌိ' ဆိုတာတွေကတော့ သွက်လက် ဖျတ်လတ်ပြီးသား ပါ။ 'ရုပ်အဋ္ဌဝီသ, နာမ်တေပညာသ' ဆိုတာတွေလဲ သွက်လက်ဖျတ်လတ် ပြီး သေသေချာချာကို ပြောတတ်ပါတယ် ထင်ပါရဲ့။ (ပြောရုံ ပြောတတ် တာပါ ဘုရား၊ တပည့်တော်တို့ဖြင့် 'အသက်ရှူတာနဲ့ သစ္စာလေးပါး ဘယ်လို ဆက်ရမှန်းတောင်' မသိပါဘုရား။) အမယ်မင်း.... ဒါကတော့ ပြောတတ် ပါတယ်ဗျာ၊ သစ္စာလေးပါးဆိုတာလဲ သေသေချာချာ ပြောတတ်တယ် မဟုတ်လား။ (ကဘောက်တိ ကဘောက်ချာတောင် တယ်ပြီး မပြောတတ်ပါ ဘုရား။) မဟုတ်ပါဘူးလေ၊ သေသေချာချာကို ပြောတတ်ပါတယ်ဗျာ့၊ တခါထဲ ပီပီသသ ရှင်းရှင်းလင်းလင်း ဘွင်းဘွင်းကြီးကို သူတကာကိုပဲ နေဝန်း လဝန်းကြီးကို သေသေချာချာညွှန်ပြီး 'ဒါ နေဟဲ့' လို့ဆိုပြီး သည်လိုကို ပြောတတ်တယ်မဟုတ်လား။(မပြောတတ်ပါဘုရား။) ပြောတတ်ပါတယ်ဗျာ။

http://www.dhammadownload.com



'မသိတာက ရုပ်၊ သိတာက နာမ်' ဆိုပြီး မေတ္တာရှင်, ကရုဏာရှင် တွေက ဆုံးမထားတော့ ဒီလိုလဲပဲ သေသေချာချာ မှတ်ထားပြီးသား, ပြောတတ်ပြီးသား မဟုတ်လားဗျာ့။

အေး.... မသိတာက ရုပ်, သိတာက နာမ်ဆိုတော့ အခုနကပြောတဲ့ နှာသီးဖျား, နှာဝကလေးဆိုတာက ရုပ်လား, နာမ်လား။ (နှာသီးဖျားဆိုတာက တော့ ရုပ်လို့ ခေါ်ပါတယ်ဘုရား။)

ထိနေတာကို သိတာကရော၊ (နာမ်လို့ ခေါ်ပါတယ် ဘုရား။) နှာသီးဖျား ဆိုတာကတော့ ရုပ်အဌဝိသ ဘယ်သင်း ဘယ်သင်းမှာ နှာသီးဖျား မပါတော့ တော်တော်ကြာ မပါဘူးလို့ ပြောနေဦးမှာဗျာ့၊ ဒါကတော့ ရှုပ် စရာမရှိပါဘူး ထင်ပါရဲ့။ (မရှုပ်ပါဘုရား။)

## အချိန် နေရာ အရွယ် မရွေး

အဲဒီတော့ အခုလို "နှာသီးဖျားကလေးမှာ သိပြီး နေပါ" ဆိုတော့ သိတယ် မဟုတ်လား။ (သိပါတယ် ဘုရား။)

မေး။ ။သိပြီး နေလိုက်တဲ့အခါကျတော့ ရုပ်နဲ့နာမ် နှစ်ခုစလုံးဟာ ရှုလျက်, မှတ်လျက် မနေဘူးလား။

ဖြေ။ ။ရုပ်ရော နာမ်ရော တခါထဲ ရှုလျက်, မှတ်လျက် နေပါတယ် ဘုရား။

ဒီလို ရုပ်နဲ့ နာမ် သိတဲ့အခါကျပြီဆိုတော့ ဒီရုပ်နဲ့ နာမ်ကို သိနေတဲ့ ဟာက ဘာတုံး, ဝိဇ္ဇာလား အဝိဇ္ဇာလား။ (ဝိဇ္ဇာပါဘုရား။) ဝိဇ္ဇာဖြစ်တဲ့ အခါ ကျတော့ အဝိဇ္ဇာဝင်နိုင်ပါအုံးမလား။ (မဝင်နိုင်ပါဘုရား။) အဲဒီတော့ ဝိဇ္ဇာဖြစ်သွားမယ် ဆိုလို့ရှိရင် အဝိဇ္ဇာဟာ ကင်းကွာတယ် မဟုတ်လား။ (ကင်းကွာပါတယ် ဘုရား။) အေး... ထားရမယ်ဆိုတဲ့ နေရာကလေးမှာ ထားတော့ အချိန်တိုင်း အချိန်တိုင်း သိနေတယ် မဟုတ်လား။ (သိနေပါတယ် ဘုရား။)

ထိုင်ပြီး ထားရင်ကော မဖြစ်ဘူးလား ။ (ဖြစ်ပါတယ်ဘုရား။)
မတ်တတ်ရပ်ရင်းကော။ (ဖြစ်ပါတယ်ဘုရား။)
လမ်းခရီး သွားရင်းကော။ (ဖြစ်ပါတယ်ဘုရား။)

http://www.dhammadownload.com



စားဖို့ သောက်ဖို့ အလုပ်တွေလုပ်ရင်းကော။ (ဖြစ်ပါတယ်ဘုရား။)
ရှင်ဘုရင်လုပ်ရင်းကော။ (ဖြစ်ပါတယ်ဘုရား။)
သူဌေးလုပ်ရင်းကော။ (ဖြစ်ပါတယ်ဘုရား။)
ကေရာဇ်မင်းကြီး လုပ်ရင်းကော။ (ဖြစ်ပါတယ်ဘုရား။)
စကြဝတေးမင်းကြီး လုပ်ရင်းကော။ (ဖြစ်ပါတယ်ဘုရား။)
ဘယ်အလုပ်လုပ်ရင်း ဖြစ်ဖြစ်, ဒီလိုထားရင် မဖြစ်ပေဘူးလား။
(ဖြစ်ပါတယ် ဘုရား။)

ရှင်ဘုရင်တွေနဲ့တကွ သူဌေးအားလုံးတို့ဟာ ဘုရားဆုံးမတာကို မှတ်ပြီးတော့ ဒီလို လိုက်နာကြတာပါတဲ့ဗျား။

အဲဒီလို လိုက်နာတော့ ကိုယ် အလိုရှိပါတဲ့ နှစ်သက်တဲ့ ဇောမိတွေ မှန်းထားတဲ့အတိုင်းဟာ အပြီးအဆုံးတိုင် မြောက်ပါတယ်ဗျာ။ ဘယ်အချိန် မှာမဆို ဒီလိုထားလို့ မဖြစ်တဲ့ အချိန်ရယ်လို့ကော ရှိသေးသလားဗျာ။ (အချိန် အခါမရွေး ဖြစ်ပါတယ် ဘုရား။) ဒီလို ဖြစ်ပြီးနေတယ်ဆိုတော့ကို ကိုယ် တောင့်တရည်ရွယ်ချက်အတိုင်းဟာ ပြီးစီး အောင်မြင်ကြတယ်ဗျာ၊ အေး.... ဒါကြောင့်မို့ ဒီလို ထားကြဗျား။

ထားပြီ ဆိုမှဖြင့်ရင် အစဉ်အတိုင်းကတော့ တိုးတက်ပြီး သွားပါ လိမ့်မယ်။

အခုနက ထားဆိုတဲ့ နေရာကလေးမှာသာ ထားကြဗျာ။ ထားလို့ တွင်ကျယ်သွားတဲ့အခါကျတော့ အတုအတူမရှိပါတဲ့ ဘုရားရှင့် သာသနာ ရှိတဲ့အခါဖြစ်တော့ ကြာဖို့ရာ မရှိပါဘူး၊ လွယ်ပါလိမ့်မယ်၊ တော်တော် ကြာ တိမ်းတောင် တိမ်းနေရဦးမှာဗျာ၊ မတိမ်းရဘူးလားဗျာ၊ တခါတလေ 'ကနေ့ အားထုတ်မယ်ဆိုရင် မဖြစ်ဘူး မဖြစ်ဘူး၊စောစောက ပြန်မှပဲ' လို့များ မပြောဘူးလား။ (ဒီလိုပဲ ရှောင်တိမ်း ထွက်နေတာပဲ ဘုရား။)

## လိမ်တတ်သော စိတ်

အေး....... အခုနကလိုသာ ထားကြဗျား၊ ထားကြပြီဆိုမှဖြင့် ဘယ်လို တုံးဆိုရင် "ဣရိယာပုတ်လေးပါးလုံးမှာ ယယ်ယယ်ရွယ်ရွယ်တော့ ဟုတ်တာ ပေါ့၊ အသက်ကြီးပြီဆိုတော့ ဖြစ်နိုင်မှာ မဟုတ်ဘူး"နဲ့ ဒီလို တစ်ခါတလေ ဒကာကြီးတွေမှာ လာသေးသလား။ (တခါတလေတောင် မဟုတ်ပါ ဘုရား၊

http://www.dhammadownload.com



အမြဲတစေကို ခပ်ရှောင်တောင်တောင် ဒီလိုဖြစ်နေပါတယ်ဘုရား။). အဲဒါကတော့ ကိုယ့်ဟာကိုယ် ရမ်းတာကိုးဗျာ့၊ ဘုရား ဟောတော်မူတာက တော့ ဒီလိုမဟုတ်ပါဘူး၊ ဒါက ကိုယ်တွေးချင်သလို တွေးတာနဲ့ တူပါတယ်။

မေး။ ။'အသက်ကြီးတော့ မဖြစ်ဘူး' လို့ ဘုရားဆုံးမတာများကို ဒကာကြီးများ မှတ်သားထားတာ ရှိသလားဗျာ့။

ဖြေ။ ။ဒါက တပည့်တော် အရမ်းတွေးတာပါ ဘုရား။

အေး..... ဒါဖြင့် ဘုရား ဆုံးမတဲ့အတိုင်းသာ လိုက်နာအားထုတ်မယ် ဆိုရင် လိုက်နာသာ လိုက်နာလိုက်၊ ကြားလား။ (လိုက်နာပါ့မယ်ဘုရား။) လိုက်နာမယ်ဆိုပြီး တော်တော်ကြာ ဘုရားဆုံးမတာမှာ 'စိတ်ဆိုတာ မျိုးဟာက မျက်လှည့်သမားနဲ့ တူတယ်' လို့ ဟောတယ်မဟုတ်လား၊ တယ် အလိမ် ကောင်းသတဲ့ဗျာ့။

မေး။ ။ဟုတ်ကယ့်လား၊ တခါတလေ ကိုယ်ပြောချင်တာ ပြောပြီး နေမယ်ဆိုရင် ဘယ်လောက်ကြာအောင် ထိုင်ပြီး ပြောနိုင် သလဲ။

ဖြေ။ ။အကြာကြီးပါပဲ ဘုရား၊ တခါတလေ တညလုံးတောင် ပြော နိုင်ပါတယ် ဘုရား။

အခုလို အားထုတ်မယ်ဆိုပြီး ခဏလေးထိုင် အားထုတ်တယ် ဆိုရင်ပဲဘယ့်နှယ်ဖြစ်လာသလဲ။ (ငါးမိနစ်လောက်ဆိုရင်ပဲ ညောင်းလာ ပြီဘုရား။) အေး..... ငါးမိနစ်လောက်ဆိုရင် တကယ့်ကို ဆယ်ခါလောက် ပြောင်းချင် လာပြီဗျာ့၊ ဟုတ်ကယ့်လား။

## စိတ် လိမ်ပုံကလေးများ

မေး။ ။ အဲဒီတော့ ဒီလို စိတ်ကလေးက 'ညောင်းလာပြီ၊ ပြောင်းပါ အုံး' လို့ ဆိုတော့ ဒကာကြီးက ဘယ့်နှယ်ပြောသလဲ။

ဖြေ။ ။တပည့်တော်ကတော့ ဘာမှမပြောဘဲ ပြောင်းလိုက်တာပါပဲ ဘုရား၊ ခံမနေပါ။

အဲဒါက လိမ်တာဗျာ့၊ သူ့ကိုပြန်ပြောရမယ်၊ ဘယ်လိုပြန်ပြောရမလဲ ဆိုရင် -

http://www.dhammadownload.com



"ဟဲ့….. အခု ဘာမှ မကြာသေးဘူး၊ ခဏလေးရှိသေးတယ်၊ မင်းငါ့ကိုလိမ်တယ်၊ ငါမညောင်းသေးဘူး၊ ငါ့ကိုမညာနဲ့" ဆိုပြီး အဲဒီလိုပြောရင် သူက နားလည်သွားမှာပဲ မဟုတ်လား။ (နားလည်သွားမှာပါပဲ ဘုရား။) အဲဒီလို နားလည်သွားတော့ "ငါက လိမ်နေကျမို့ အခုငါလိမ်တာသိသွားပြီ" ဆိုပြီး နောက် လိမ်ပါဦးမလား။ (မလိမ်တော့ပါ ဘုရား။) အေး…. အဲဒီလိုပြော ဟုတ်လား။

"နင်လိမ်တာ ငါသိတယ်၊ ငါတညလုံး မပြောင်းဘူး၊ အခု နင်ဟာ လိမ်တာ၊ အဟုတ် မညောင်းသေးဘူး" ဆိုပြီး အဲသည်လိုပြော၊ ကြားလား။

ဒီတော့ သူက ဘယ်လိုပြန်ပြောမလဲဆိုတော့ 'အဟုတ်ကို ညောင်းတာပါ၊ ဒီလိုသာနေရင် ဘယ်လိုဖြစ်လိမ့်မယ်, ဝေဒနာဖြစ်လိမ့်မယ်'လို့ ပြောလိမ့်မယ်ဗျာ၊ အဲဒီတော့ ဘယ့်နှယ်ပြန်ပြောမလဲ။ ('မင်း ငါ့ကို လာမလိမ်နဲ့၊ ပွဲကြည့်တုန်းကတော့ မင်းမညောင်းဘူး၊ အခုမှ ညောင်းရသလား' ဆိုပြီး သူ့ကို မာန်လွှတ်လိုက်တာပါပဲ ဘုရား။)

ကောင်းပ့ါဗျာ၊ သူ့ပြောရင် သူကနားလည်ပါတယ်ဗျာ၊ ဒကာကြီးတွေ ဒကာမကြီးတွေက မပြောကြဘူး ထင်ပါရဲ့၊ ဟုတ်လား။ (တပည့်တော်က မာန်ပေမဲ့ အားရပါးရ မမာန်ရဲပါဘုရား။) ဘာဖြစ်လို့လဲဗျာ။ (နောက်မလာဘဲ နေမှာစိုးလို့ပါ ဘုရား။)

## အလုပ်ခွင်မှာ နာဖူး, သေဖူးတယ် ရှိအောင်

မေး။ ။လှံ့လဝီရိယရှိကြပါ၊ ဘယ်လိုတုန်းဆိုတော့ အခု ဒကာကြီးဟာ ဘုရားဆုံးမတဲ့ အဆုံးအမကို မလိုက်မနာဘဲ သည်လိုနေလာတယ် မဟုတ်လား၊ ဘယ်လောက်ကြာပြီလဲ။

ဖြေ။ ။မလိုက်နာဘဲနေတာ ကြလှပါပြီ ဘုရား။

ဘယ့်နှယ်လဲ၊ ဝေဒနာဆိုတာ အမျိုးမျိုး အဖြာဖြာ ရှိပါတယ်၊ ရာသီဥတု အပြောင်းအလွဲမှာဆိုရင် ဖျားတတ်တယ်၊ ဒကာကြီး ဘယ်နှခါ ဖျားဖူးသလဲ။ (တပည့်တော်ကတော့ ဆေးရုံတက်ရတာ များလှပါပြီဘုရား။) ဒီလို ဝေဒနာဖြစ်လို့ ဆေးရုံတက်ရတာဟာ ဘာဖြစ်လို့လဲ၊ ဒီဟာကို အားထုတ်လို့လား။ (မဟုတ်ပါဘုရား၊ သွားရင်း လာရင်း နေရင်း ထိုင်ရင်း ဖြစ်တာပါ

http://www.dhammadownload.com



ဘုရား။) ဘာလုပ်ရင်းများ ဖျားဖူးသလဲ။ (ဒီလိုသွားရင်း လာရင်း ဖြစ်တာပါပဲ ဘုရား။) ဟုတ်ပါ့ဗျာ၊ ဒီတော့ နေမရကောင်းရင် ဒီလိုပြော-

'ငါ အရင်တုန်းက ဘာသိဘာသာ စားဖို့သောက်ဖို့ အလုပ်တွေ ရှက်ဆောင်ရင်း ဖျားခဲ့တယ်။ အခု ငါ ဒါလုပ်လို့များ နေမကောင်းတယ် ဆိုတာကတော့ တခါမှ နေမကောင်းဖူးဘူး၊ အဲဒီတော့ အခုလိုလုပ်ရင်းများ နေမကောင်းဖြစ်မယ်ဆိုရင် အမှတ်တရ နေမကောင်းချင်လိုက်တာ၊ ဒါ့ကြောင့် နေမကောင်းတာ ဝမ်းမြောက်လိုက်တာဗျာ၊ အဲဒီလို နေမကောင်းတာများ ဖြစ်ချင်စမ်းပါဘိတော့ဗျာ၊ ဒါ့ကြောင့် ငါလုပ်မယ်' ဆိုပြီး ဒီလိုလုပ်ဗျာ့၊ ဒီလိုဆိုတော့ နေမကောင်း ဖြစ်ပါ့မလား၊ (ဖြစ်မယ်မဟုတ်ပါဘုရား။)

## သေမင်းကို အန်တုရဲသော အလုပ်

အဲဒီတော့ သူက ဒီထက်တိုးပြီး နေမကောင်းရုံ မဟုတ်ဘူး၊ "သေသွားလိမ့်မယ်ဗျာ့" လို့ ပြောချင်ပြောဦးမှာ၊ အဲဒီလိုပြောရင် ဘယ့်နှယ် ပြောမလဲ။

"အမယ်မင်း..... အခုလို သေကြတဲ့ဥစ္စာဟာ သံသရာတစ်လျှောက်လုံးမှာ ခါတင်ခု ခါတင်ခု သေကြတယ် မဟုတ်လား။ (တပည့်တော်တို့မှာတော့ သေတယ်ဆိုတာ ဆန်းတောင် မဆန်းတော့ပါဘုရား။) ဒီတော့ ဘာအလုပ်လုပ်ရင်း သေသလဲ။ (ဟိုတုန်းက အဝိဇ္ဇာကြီးတွေနဲ့ တလျှောက်လုံး လာလိုက်တာ သေတော့လဲ အဲဒါနဲ့ချည်းပဲ သေတာပါပဲ ဘုရား။) အဲဒါ အဝိဇ္ဇာနဲ့ မဟုတ်ဘဲ ဝိဇ္ဇာနဲ့များ သေဖူးသလား။ (ဝိဇ္ဇာနဲ့ မသေဘူးလို့ အခုလို လာပြီး လှုပ်လှုပ်ရွရွနဲ့ သွားလာလုပ်ကိုင်နေရတာပါ ဘုရား။) 'နောက်တုန်းက အဝိဇ္ဇာနဲ့နေပြီး အဝိဇ္ဇာနဲ့ချည်း သေခဲ့တယ်။ ဝိဇ္ဇာနဲ့နေပြီး ဝိဇ္ဇာနဲ့ မသေခဲ့ဖူးသေးဘူး၊ ဒါကြောင့် ဝိဇ္ဇာနဲ့ သေချင်လိုက်တာ၊ ဒီလို တရားအားထုတ်ရင်းများ တခါမှ မသေဖူးဘူး၊ ဒီလို လုပ်ရင်းများ သေချင်စမ်းပါဘိတော့၊ သေချင်သေပါစေ' လို့ အဲဒီလို ပြောလိုက်ပေါ့ဗျာ့၊ ဟုတ်ကယ့်လား၊ အဲဒီလိုပြောတော့ သေမှာလားဗျာ။ (ဒီလို ပြောလဲပဲ မသေပါ ဘုရား။)

ဟုတ်ပါ့ဗျာ၊ ဒါနဲ့ သေမှာများဟာ ကြောက်စရာကောင်းသလားဗျာ့။ (ကြောက်စရာ မကောင်းပါဘုရား။) ဒါ့ကြောင့်မို့ 'ထား ဆိုတဲ့ နေရာမှာ

http://www.dhammadownload.com



ထား၊ သိဆိုတဲ့ နေရာမှာ သိ' ပြီးနေမယ်ဆိုရင် စိုးရိမ်ကြောင့်ကြစရာများ ရှိပါဦးမလားဗျာ့။ (မရှိပါ ဘုရား။)

## ငရဲရုပ်ရှင် ကြည့်ကြမလား

မေး။ ။ဒါဖြင့် ဟိုလိုနေရင်တော့ ကြာကြာကြီး ထားမယ်၊ အခုလို နေရင်တော့ အခုချက်ချင်း သေမယ်ဆိုရင် ဘယ့်နှယ်လဲ၊ ဘယ်ဟာက ကောင်းသလဲဗျာ့။

ဖြေ။ ။အခု ချက်ချင်း ဝိဇ္ဇာနဲ့ သေရတာက ကောင်းတာပေါ့ဘုရား။

အဲဒီလို ပြောပါဗျာ့၊ ဟုတ်ကယ့်လား။ (အခုနက ပြောလိုက်တာက တော့ ပရိတ်သတ်အကြိုက်ကို ပြောလိုက်တာပါ ဘုရား၊ တပည့်တော် စိတ်ထား အမှန်ကတော့ဖြင့် အခုချက်ချင်း ဝိဇ္ဇာနဲ့ သေမလားဆိုရင် 'ခဏ ဆိုင်းပါအုံး'လို့ ရက်ချိန်းကလေးတော့ တောင်းချင်သေးတယ် ဘုရား။)

ဘာဖြစ်လို့လဲ၊ ဘယ်လိုနေချင်လို့လဲ။ (ဒီလိုပဲ ပျော်ပျော်ပါးပါးကလေး နေချင်သေးလို့ပါ ဘုရား။) ကဲ- ဒါဖြင့် ဝိဇ္ဇာနဲ့ နေတာဟာ ဆင်းရဲသလား, ချမ်းသာသလား။ (ဝိဇ္ဇာနဲ့နေတာ ချမ်းသာပါတယ် ဘုရား။)

ဒီတော့ 'ဝိဇ္ဇာနဲ့ နေရတာ နည်းနည်းကြာသွားပြီ၊ အနားယူလိုက်ဦး မယ်' လို့ဆိုပြီး အနားယူရော၊ အနားယူတော့ ဘယ့်နှယ်လဲ၊ ချမ်းသာသလား။ (အဝိဇ္ဇာတွေ ဝင်လာတာပေါ့ဘုရား။) အဲဒါ ချမ်းသာသလားဗျာ့။ (မချမ်းသာ ပါဘုရား၊ ဒါပေမဲ့ တပည့်တော်တို့က အဝိဇ္ဇာနဲ့ နေရမှ, အော်ရမှ, ဟာစ်ရမှ, အမယ်လေး...... အမယ်လေးနဲ့ အော်ရမှ အတော်ပျော်တာပါ ဘုရား။) ပျော်ရင် ပြုံးပြုံးကြီး နေပါလား၊ ဘာဖြစ်လို့ငိုသလဲ။ (ငိုရတာကို သိပ်ပျော်တယ် ဘုရား၊ တပည့်တော်တို့ ရုပ်ရှင်များသွားကြည့်ရင် "တယ်ကောင်းတဲ့ ရုပ်ရှင်၊ ငိုလိုက်ရတာ၊ သိပ် တန်တာပဲ"နဲ့ ငိုရတာကောင်းလို့ တိုးတိုးနေတာပဲ ဘုရား။)

မေး။ ။ကဲ.... ဒါဖြင့် တကတဲမှပဲ၊ ရုပ်ရှင်မကြည့်ဘဲနဲ့ ဒီလောက်ကြီး ငိုရတဲ့နေရာ မရှိဘူးလား၊ အကုသိုလ်တွေပြု ပြုပြီးပြီဆိုရင် သေတော့ ငရဲရောက်၊ ရောက်တော့ ပြုံးနေရပ့်မလား။ (ပြုံးမနေရပါဘုရား။) ဒါဖြင့် ဘယ်နှယ့်နေရမလဲ။

ဖြေ။ ။လူ့ပြည်ကရုပ်ရှင်ထက် ငိုရမှာပေါ့ ဘုရား။

http://www.dhammadownload.com



ဒါဖြင့် အဲဒီကိုရောက်အောင် ဆုတောင်းသလား။ (ဆုတော့ မတောင်းပါဘုရား၊ ဒါပေမဲ့ အဲဒီကိုရောက်အောင်ချည်း လုပ်နေတာပါ ဘုရား။ ဆုတောင်းတာကတော့ 'နိဗ္ဗာန်ကို ရလိုပါ၏' လို့ ဆုတောင်းပြီး ညတိုင်း မနက်တိုင်း, ဘုရားရှိခိုးတိုင်း တောင်းတာပါပဲ ဘုရား၊ ဒါက ပါးစပ်တောင်း တောင်းပြီး၊လုပ်တော့ဖြင့် အပါယ်သွားအောင်ချည်း လုပ်တာပါပဲဘုရား။) အခုပြောတာ ဒကာကြီး တစ်ယောက်ထဲလား။ (တခြား ဒကာကြီးတွေကို မပြောဝံ့ပါဘုရား။ တပည့်တော်ကိုယ် တပည့်တော် ပြောတာပါဘုရား။) ဒကာမကြီးတွေကကော။ (ဒကာမကြီးတွေကတော့ အခုချက်ချင်း တစ်မင် တစ်ဖိုလ်ရအောင် ကြိုးစားမဲ့ ဒကာမကြီးတွေ ဒီနေ့ည အများကြီး ရှိပါတယ် ဘုရား။) ဟုတ်ကယ့်လားဗျာ့။ (တပည့်တော်လဲ ဒကာကြီးမို့ ဒကာကြီး အချင်းချင်း ခေတ်သိပါဘုရား။)

## နေရာ မကျမှန်းသိမှ နေရာကျ

သို့သော်လည်း အခုလို မိမိတို့ကိုယ်တိုင် မိမိတို့ ပျင်းတာ, ဖျင်းတာ, လျော့တာ, ပေါ့တာ' ကို သိကြတယ်ဆိုရင်ပဲ ဒို့ကတော့ ဝမ်းမြောက်လှပါပြီ ဗျာ့၊ ကိုယ့်မှာ ဖျင်းတာ, ပျင်းတာကို မသိလို့ရှိရင်တော့ သူဟာ ဒီအပျင်း, အဖျင်းက လွတ်အောင် ဆောင်မယ် မဟုတ်ဘူးဗျာ့။

ခုတော့ ပျင်းတာ, ဖျင်းတာကို သိတယ်။

သိပြီဆိုမှဖြင့် ပျင်းမှု, ဖျင်းမှုက ရှောင်မှလို့ သူနားလည်တော့ သည်အပျင်း, အဖျင်းကလွတ်အောင် ကြိုးစားလိုတဲ့ဆန္ဒဟာ ပေါ်ပေါက် လာတယ်။

ပေါ်ပေါက်လာပြီ ဆိုမှဖြင့် ဆန္ဒအားလျော်စွာ ဝီရိယတွေ ထူထောင် တော့မယ်။

ထူထောင်ကြပြီဆိုမှဖြင့် အကုန်စလုံးတို့ဟာ တောင့်တတဲ့အတိုင်း ပြီးစီးကြမှာဗျာ့၊ ဟို.... မသိတဲ့သူတွေကတော့ ဒီလိုမဟုတ်ဘူးတဲ့ဗျာ့။

အခုလို စေတီရင်ပြင်, ဗောဓိရင်ပြင်ရောက်ကြတယ်ဆိုတာ ဤကဲ့သို့ ပျင်းတာ, ဖျင်းတာကို သိပြီး ဒီအပျင်း, အဖျင်းက လွန်မြောက်အောင် ရောက်ကြတာဗျာ့။

http://www.dhammadownload.com



ဘုရားရှင်ရွှေလက်ထက်တော်က ဤကဲ့သို့ ပျင်းတဲ့, ဖျင်းတဲ့နယ်က လွန်မြောက်ချင်လွန်းလို့ ဘုရားထံမှောက်သို့ ရောက်ကြတယ်၊ ရောက်ကြတော့ ဘုရားရှင်က အစဉ်သနားလို့ ညွှန်ကြားဆုံးမပါတဲ့ အဆုံးအမကို ရသည်နှင့် တပြိုင်နက်ထဲ မှတ်သားပြီတော့ ဝီရိယတွေနဲ့ ထူထောင်ကြတဲ့ အခါကျတော့ ပျင်းတာ, ဖျင်းတာတွေက တခါထဲ လွတ်မြောက်ကြပါရော။

အဲဒီလို လွတ်မြောက်တဲ့ သူတော်ကောင်း အစားစားတွေက မရေမတွက်နိုင်အောင် များပြားပါတယ်ဗျာ၊ ဒါ့ကြောင့် အခုလဲပဲ အားလုံးတို့ဟာ ဝီရိယထူထောင်ပြီးတော့ ဘုရား အဆုံးအမတွေကို မှတ်သားထားကြတဲ့ အတိုင်း ပြီးအောင် ကြိုးစားကြ၊ အားထုတ်ကြဗျား။

**သာဓု..... သာဓု..... သာဓု......။**

[ ၁၉၅၅-ခုနှစ်၊ ဧပြီလ ၂၈-ရက်နေ့ ည ၇း၃၀ တက္ကသိုလ် ဓမ္မာရုံ၌ ဟောသည်။ ]



http://www.dhammadownload.com

# တဆက်တည်း

"ငယ်ငယ်ကတည်းက သက်တမ်းစေ့ နေရတဲ့အထိ တောက်လျှောက် သူဌေး ဖြစ်ရတဲ့လူ, ဘုရင်ဖြစ်ရတဲ့လူများ ရှိကြရဲ့လား၊ ဘယ်လိုများ ဖြစ်ကြရသလဲဗျာ့" (မဖြစ်ရတဲ့လူက များပါတယ် ဘုရား၊ တချို့လဲ ဒုတိယအရွယ်မှာ သူဌေးကြီး, ဘုရင်ကြီးဖြစ်ပေမဲ့ တတိယအရွယ်ကျတော့ ဆင်းရဲသွားကြတာလဲ ရှိပါတယ် ဘုရား။)

"အဲဒါ ဘာဖြစ်လို့လဲဗျာ့" ( ကံမကောင်းလို့ပါ ဘုရား။ )

"ကံက မကောင်းတာလားဗျာ့၊ ကိုယ်က ကုသိုလ်ကို တဆက်ထဲ မလုပ်ခဲ့လို့ မဟုတ်လား" (မှန်ပါ့ ဘုရား။)

"အေးဗျာ့.....၊ ကိုယ်လုပ်တာဗျာ့၊ အခု ပဒုမဒေဝီ ရှင်ဘုရင်မကြီးဟာ ခြေလှမ်းတိုင်း ကြာပန်းခံတယ်၊ သည့်ပြင် မိဖုရားတွေက မနာလိုကုန်းချောတော့ အရာကကျပြီး တောထဲမှာ ဆင်းရဲနေရရှာတယ်၊ ကြာပန်း

http://www.dhammadownload.com

# ချမ်းသာလိုလျှင်

ကလဲ မခံတော့ဘူး မဟုတ်လား၊ ဒါ...... ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်ပြု တာဗျာ့။

"ဟို ဘဝတစ်ခုမှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ပေါက်ပေါက်ပွင့် ငါးရာနဲ့ ကြာပန်း လှူခဲ့တယ်ဆို မဟုတ်လား၊ အဲသည်စဉ် သူ့စိတ်ထဲက 'ဒီကြာပန်းတွေ အရှင်မြတ်မှာ အသုံးကျမှာ မဟုတ်ပါဘူး၊ လှူလို့သာ ယူရတာ နေမှာ' ဆိုပြီး ပြန်ယူသတဲ့ဗျာ့၊ ပြီးတော့ 'အသုံးကျလို့ နေမှာပါလေ' ဆိုပြီး ပြန်လှူပြန်ရောတဲ့ဗျာ့၊ သူ့ဟာက တဆက်ထဲ စိတ်ကိုထားပြီး လုပ်တာ မဟုတ်ဘဲကိုး... ဗျာ့။

"အဲဒါကြောင့် တောက်လျှောက် ချမ်းသာချင်ရင် တဆက်ထဲ ဆောင်ကြဗျာ့၊ ကြားလား'

[၁၃-၃-၁၉၇၄ နေ့ ညီ၊ ဝေဘူဆရာတော်ဘုရားကြီး အင်းလေး ဓမ္မာရုံ၌ ပဒုမဒေဝီ အကြောင်း ဟောစဉ် နာယူမှတ်သားချက်။ ]

http://www.dhammadownload.com

ချမ်းသာအောင်နေ

ဘုရားဆုံးမတာက

ဆင်းရဲအောင်

မဆုံးမဘူး။

ချမ်းသာအောင်ချည်းပဲ။

ကိုယ်ကသာ ထင်ချင်သလို ထင်နေတာ။

ဝေဘူဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးရွာရှင် ဝေဘူဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ၉–ဝဋ္ဋရေးကျေမှ နိဗ္ဗာန်ရ

## တရားတော်

သီလ ဆောက်တည်ပြီးကြပြီ၊ ဆောက်တည်လို့ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြ။

### ကောင်းခြင်း သုံးဖြာ

အခါကောင်း ဆိုတာက ဘုရားပွင့်တော်မူတဲ့အခါ, ဘုရား သာသနာ ရှိတဲ့အခါဟာ **'အခါကောင်း'** မည်တယ်။

လူ့ဘဝ, နတ်ဘဝ, သုဂတိဘဝ ရကြပါတဲ့ သူတော်ကောင်း အစားစားတို့ဟာ **'ဘဝကောင်း'** မည်တယ်။

ကိုယ်အလိုရှိရာ နှစ်သက်တဲ့ ဗောဓိကို မှန်းထားတဲ့အတိုင်း, တောင့်တတဲ့ အတိုင်း ပြီးစီးအောင် က္လရိယာပုတ်လေးဖြာ ဘယ်အခါမှာမှ အအားအနား မထားဘဲ တဆက်ထဲ ဝီရိယ သန်သန်နဲ့ ထူထောင်ပြီးတော့ ဖြည့်ကျင့်ရ တယ်၊ အဲဒါ **'ဝီရိယကောင်း'** မည်တယ်။

အခါ, ဘဝ ကောင်းတာ သိပြီးတော့ ဝီရိယကောင်းကြပါတဲ့ သူတော်ကောင်း အစားစားတို့မှာ စိတ်နှလုံးအလို တောင့်တတဲ့ ရည်ရွယ်ချက် အသီးသီးတို့ဟာ အခါမလင့်သော အားဖြင့် အထွတ် အထိပ်တွေ အကြွင်းအကျန်မရှိအောင် ရည်ရွယ် မှန်းထားတာမျှ မကာ ပြီးစီးအောင်မြင်ကြတယ်၊ ပြီးစီးအောင်မြင်လို့ နိဗ္ဗာန်စံဝင် ကြွသွား တော်မူကြတယ်။

http://www.dhammadownload.com



## ဝမ်းသာမဆုံး တပြုံးပြုံး

ဤကဲ့သို့ စိတ်နှလုံးအလိုကို တောင့်တတဲ့အတိုင်း ပြီးကြတဲ့အခါကျပြီ ဆိုမှဖြင့် ဝမ်းမြောက်ကြရတယ်, ပျော်ကြရ ရွှင်ကြရပါတယ်။

ဘယ်လိုများ ဝမ်းမြောက်ကြရပါသလဲဆိုရင် "လူ့ဘဝ တဘဝ ဖြစ်စ လောက်ပြီ"လို့ အဲဒီလို တောင့်တချက် အသီးသီးတို့ဟာ ပြီးစီးလို့ ဤကဲ့သို့ ဝမ်းမြောက်ကြရပါတယ်။

ဝမ်းမြောက်မှုမှာလည်း တခဏစာ, တဘဝစာမဟုတ်ဘူးဗျာ့၊သံသရာ တလျှောက်လုံးအတွက် လုံလောက်သွားတာမို့ သံသရာတစ်လျှောက်လုံး ကောင်းကောင်းလှလှကြီး ဝမ်းမြောက်ကြရပါတယ်။ အေး.... ဤကဲ့သို့ ဝမ်းမြောက်မှုမှာ ဘာ့ကြောင့်လဲဆိုရင် အခါ,ဘဝကောင်းတာ သိပြီးတော့ မချတဲ့ ဝီရိယနဲ့ ထူထောင်ပြီး ယူကြလို့ ဤကဲ့သို့ စိတ်နှလုံးအလို တောင့်တ ရည်ရွယ်ချက်အသီးသီးတို့ ပြီးစီး ပြည့်စုံကြတာကိုးဗျာ့။

## သာသနာဆိုတာ

ဘုရားပွင့်တော်မူတဲ့**အချိန်ကစပြီး ဘယ်အချိန်**မှာမှ စိတ်နှလုံး အလိုတော် တောင့်တတဲ့အတိုင်း မပြီးစီးနိုင်တဲ့**အချိန်** မရှိပါဘူးဗျာ့။

ဘယ်အချိန်တွေလဲဆိုရင် ယခု အားလုံးသော ဒကာကြီး, ဒကာမကြီး တွေ ရပြီးတော့ထားကြတဲ့ ဘုရားသာသနာဆိုတဲ့ အချိန်အခါပေါ့ဗျာ။

ဘဝကလဲ ယခုရပြီးတော့ထားကြတဲ့ လူ့ဘဝ, နတ်ဘဝတဲ့ဗျာ့၊ ဟော.... ရပ့်ဗျာ၊ ဒီတော့ အချိန် အခါ ဘဝ အဲသည်လို မြင့်မြတ်တာတွေ သိပြီးတော့ ယူကြမယ်ဆိုရင် ယခု အချိန်တိုင်း အချိန်တိုင်း ရတယ်၊ ယူဗျာ့။ (မှန်ပါ့ဘုရား။)

မေတ္တာရှင်, ကရုဏာရှင်ဖြစ်ကြပါတဲ့ သံဃာတော် အရှင်ကောင်း အရှင်မြတ်တွေက အစဉ်သနားပြီး ညွှန်ကြားဆုံးမထားတဲ့ သုံးဖြာ ပိဋကတို့ ဟာ ဆင်းရဲမှ လွတ်မှုကို **ညွှန်**ကြား ဆုံးမတော်မူတဲ့ အဆုံးအမတွေဗျာ့၊ သည်တော့ '**သာသနာ**' **ဆိုတာ** ဘယ်ဟာလဲဆိုတော့ သည်ဟာခေါ်တယ်ဗျာ့။

http://www.dhammadownload.com



ဤကဲ့သို့ အဆုံးအမရကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ကောင်းမွန်စွာ မှတ်သားပြီးတော့ အချိန်အဖိုးတန်တာ, ဘဝအဖိုးတန်တာတွေ သိပြီးတော့ အရယူကြဗျာ။

## မလွတ်ချင်, မနားချင်အောင် ချမ်းသာ

အဲဒီလိုယူတော့ ရနိုင်တယ်ဆိုတာလဲ အားလုံး သိရှိနားလည်ပြီးသားတွေပါဗျာ၊ ဘာ့ကြောင့်လဲဆိုရင် အားလုံးတို့ဟာ တရားတော်ရဲ့ဂုဏ်တော်ခြောက်ပါးဆိုတာလဲ သိထား, ဆောင်ထား, ရထားကြတဲ့ဥစ္စာ ဖျတ်လတ်ပြီးတော့ နေပါတယ်။

ဘုရားရှင် ကြည်ညိုပါတယ်၊ ရှိခိုးပါတယ်ဆိုလျှင်လဲ တနေ့ အကြိမ်ပေါင်းများစွာ ရှိခိုးပူဇော်ခြင်း ပြုပါတယ်၊ ဤကဲ့သို့ပြုတော့ ယခုနကဂုဏ်တော်အဖြာဖြာတို့ကို ချန်လှပ်ပြီးတော့ သူတို့ မပူဇော်ကြပါဘူးဗျာ။

သည်ကျေးဇူးတော်, ဂုဏ်တော်တွေကို အကျဉ်း သခေ်ပ, အကျယ်ဝိတ္ထာရ စိတ်ထဲမှာ ပွန်းတီးလိမ္မာပြီး ပူဇော်ကြတယ်၊ အဲဒါက ဆုံးမတာကို မှတ်ထားလို့မို့ သိတာ အမှန်ပါပဲဗျာ။

အဲသည်လို မှတ်သားထားကြလို့ ချမ်းသာသုခတွေကို မြင်ကြ,ရကြတယ်ဆိုတာ အင်မတန် မြင့်မြတ်ပါတယ်။

သည့်ထက် ဘယ်သင်းကသာပြီးတော့ မြင့်မြတ်သတုန်းဆိုတော့ ဘုရားရှင်ဆုံးမပါတဲ့ အဆုံးအမကို မှတ်သားပြီးတော့ ထားပါတဲ့အတိုင်းဟာ-

"ရှေးအရှင်ကောင်းများကဲ့သို့ ငါတို့လဲ ဝီရိယသန်သန်နှင့် မီအောင်ထူထောင်မယ်၊ ရှေးအရှင်ကောင်းများ ချမ်းသာသုခ အခါမလင့် ဆိုက်ပြီဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြီးကြလို့ ပျော်ကြရ, ရွှင်ကြရသလို ဒို့လဲ ပျော်ရ ရွှင်ရအောင် အရယူမယ်" အဲဒီလို ထူထောင်ခဲ့ပါလျှင် ရှေးအရှင်တွေနဲ့ ယခုခဏ တမုဟုတ်ချင်း မီမယ် ညီမယ်ဗျာ။

အဲဒီလို မီတဲ့ညီတဲ့အချိန်အခါမှာ အားလုံးသော သူတော်ကောင်းအသီးသီးတို့ဟာ ရှေးအရှင်များကဲ့သို့ ထပ်ထူထပ်မျှ ပျော်ကြရလိမ့်မယ်၊ ရွှင်ကြရလိမ့်မယ်၊ ဝီရိယကလဲ ရှိသင့်သလောက် ရှိပြီးသားဖြစ်ပါတယ်၊ သိသင့်သလောက်လဲ သိပြီးသား ဖြစ်ပါတယ်။

http://www.dhammadownload.com



ဤကဲ့သို့ သိပြီးတော့ထားတာကို များများကြီးသိအောင် မချွတ်ဲ့ဝီရိယနဲ့ အဲသည်လို တဆက်ထဲပြုကြပြီဆိုတော့ **လွတ်မပစ်ချင်အောင်, မနားချင်အောင်** ပျော်ကြရပါလိမ့်မယ်။

ယခုကော သူတို့မှာ မလွှတ်ချင်အောင်, မနားချင်အောင် ဒကာကြီး, ဒကာမကြီးတွေမှာ ဖြစ်နေပြီလားဆိုတာ မပြောတတ်ဘူး။

မေး။ ။အဲဒီလို မလွှတ်ချင်အောင်, မနားချင်အောင် သူတို့ အကြာကြီး ဖြစ်မှာလား။

ဖြေ။ ။ဒီလို မလွှတ်ချင်, မနားချင်အောင်တော့ မဖြစ်သေးပါဘုရား။

မေး။ ။ ဟုတ်ကယ့်လား၊ အနို့.... ခုနကလို ရိပ်မိအောင်ကော။

ဖြေ။ ။ ရိပ်မိလောက်အောင်တော့ဖြင့် မြင်နေပါပြီဘုရား။

## သောက်သုံးလိုလျှင် ရေကအဆင်သင့်

မေး။ ။ ကောင်းပါ့ဗျာ၊ "ကဲ.... ရေတွင်းထဲကရေကို မြင်ပါပြီ"တဲ့၊ ဘယ့်နှယ်တုံး။

ဖြေ။ ။ မြင်နေပါ့မယ်ဘုရား။

မေး။ ။ ဒါဖြင့် ရေတွင်းထဲကရေကို မြင်လို့ရှိရင် ရေကို သောက်သုံးချင်တော့ ဒီလိုပဲမြင်ရုံနဲ့ ရေက ရလာမှာလားဗျာ့။

ဖြေ။ ။ကြိုးနဲ့ပုံးနဲ့ပဲ ရေရမှန်းမသိတာနဲ့ ကြည့်နေရတာပါပဲဘုရား။ ကြိုးနဲ့ ရေပုံးနဲ့ပေမဲ့ သူတို့သုံးရအောင် ယူကြတော့မှာလား။ (ယူကြဖို့အဆင်သင့် ဝီရိယတွေ ထူထောင်နေကြပါတယ်ဘုရား။) နို့.... ထူထောင်နေကြတယ်ဆိုရင် ဒီကြိုးနဲ့ပဲ ယူကြရမှာပဲဗျာ၊ ဒီရေပုံးနဲ့ ယူကြရမှာ ပဲဗျာ့။ (အဲဒီကြိုးလဲ မမြင်သေးဘူး, ပုံးလဲ မမြင်သေးဘူးဆိုတာ အတော်ခက်နေပါတယ်ဘုရား။)

နို့ ....ဘုရားရှင့်အဆုံးအမတွေမှတ်ထားတဲ့ ဥစ္စာက ယခုအတိုင်းဗျာ၊ မှတ်မိတာတွေ ပြောမယ်ဆိုရင် ကုန်အောင် ပြောနိုင်ပါ့မလား။ (ကုန်အောင် မပြောနိုင်ပါဘုရား။)

မေး။ ။အေး.... အဲဒါတွေဟာ ကြိုးတွေ, ရေပုံးတွေမဟုတ်လား။

http://www.dhammadownload.com



ဖြေ။ ။အမှတ်တမဲ့ ဆိုနေတာပါဘုရား၊ ဆိုတဲ့အတိုင်းထဲမှာပဲ တချို့ဆိုတာတွေဟာ တပ်အပ်မသိပါ ဘုရား၊ အမေ, အဖေ သင်ပေးတဲ့အတိုင်း မှတ်ထားကြတာပါဘုရား။

## တကြောင်းတည်းသောခရီး

အဲဒါက ဘာတုံး၊ လက်က ကိုင်ထားတဲ့ဥစ္စာကို 'ဒါစား' ဆိုလျှင် ကိုင်မထားကြနှင့်၊ စားကြဗျာ့၊ (မှန်ပါ့ဘုရား။) ယခုတော့ ရှိပြီးသားဟာ ကလေးကတော့ အဆင်သင့်ရှိတယ် မဟုတ်လား၊ လက်နှင့်ကိုင်ထားသလို မဟုတ်လားဗျာ့။ (လက်နှင့်ကိုင်ထားသလိုတော့မဟုတ်ပါဘုရား။)

အဟုတ်ရဖို့ရန် ဆိုနေတာဗျာ၊ ဆိုတဲ့အတိုင်းကလေးပါဗျာ့။ သည့်ပြင်က သွားရမှာမဟုတ်ပါဘူး။

အခုခရီးတွေဟာ အသီးသီး ရှိကြပါတယ်၊ အခုသွားလျှင် ဘယ်သွားရမှာတုန်းဆိုလျှင် အားလုံး သည်ခရီးတွေချည်းပါပဲဗျာ့။

ရှေးအရှင်တွေဟာ လိုအပ်တဲ့တောင့်တချက် ပြီးစီးအောင် ညွှန်ကြားဆုံးမတဲ့ သည်ခရီးကိုပဲ မှတ်ပြီးတော့ သည်ခရီးကို ဝီရိယနှင့် ထူထောင်ပြီး သွားကြရပါတယ်။ သွားကြပြီဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း အသီးသီး အစားစားသော ဗောဓိတွေကတော့ ပြီးပါသတဲ့ဗျား။

ဘယ်လိုပါလဲဆိုလျှင်ဘုရားဆုံးမပါတဲ့ အဆုံးအမတွေဟာ သုံးဖြာပိဋက၊ အဲဒါဟာ ခရီးပါပဲဗျာ့၊ သည်ခရီးအတိုင်းပဲ သွားရပါမယ်။

မေး။ ။ခရီးကို သွားကြပြန်တယ်ဆိုလျှင် ဘယ်လိုတုံးဆိုတော့ ဘယ်ဘက်သွားချင်သွားချင် ဘယ်ညာခြေထောက်နှစ်ခုနှင့်ပဲ ကိုယ်အလိုရှိတဲ့ ခရီးကို ရှေ့ရှုပြီးတော့ သွားကြရတယ် မဟုတ်ပါလားဗျာ့။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

အေး.... အဲသည်လိုပဲ ယခုလဲပဲ ကိုယ်အလိုရှိပါတဲ့ အသီးသီး သောဗောဓိတို့ ဆိုက်ရောက်အောင်မြင်ပြီးစီးအောင် ဘုရားဆုံးမပါတဲ့ အဆုံးအမတော်ကို မှတ်သားပြီးတော့ ထားပြီးသားရှိပါတယ်၊ အဲသည် ဘုရားဆုံးမပါတဲ့ အဆုံးအမ မှန်မှန်ကို ရှေးအရှင်များလို ဝီရိယသန်သန်နှင့် ချန်မထားဘဲ

http://www.dhammadownload.com



ဤကဲ့သို့ လိုက်နာပြီးတော့ ဖြည့်ကြပါတယ်။ ဤကဲ့သို့ ဖြည့်ကြပြီဆိုမှဖြင့် အားလုံးတို့ဟာ အစဉ်အတိုင်း ရှေးအရှင်တွေလို ဆိုက်လာရောက်လာလို့ သိပါလိမ့်မယ်ဗျာ့။ သည့်ပြင်တမျိုးရယ်လို့ မရှိပါဘူးဗျာ့။

ယခု အားလုံးသော ဒကာကြီး ဒကာမကြီးတို့ဟာ မှတ်သားထားကြတဲ့အတိုင်း ဝီရိယရှိရှိနှင့် တခါထည်းပဲ ကိုယ်လိုအပ်တဲ့ ဗောဓိပြီးအောင်, အခါမလင့် ဆိုက်လာရောက်လာအောင် အခုလိုဖြည့်ကြရမယ်ဗျာ့။

ဖြည့်တဲ့အခါကျပြီဆိုလျှင် အသီးသီးတို့ဟာ သည်လို ဆိုက်လာကြလိမ့်မယ်။ ဒါကြောင့်မို့ သည်လို ဝီရိယတွေနှင့် ထူထောင်ပြီး သည်လိုဖြည့်ကြ၊ ဖြည့်ကြပြီဆိုမှဖြင့် အားလုံးတို့ တောင့်တတဲ့အတိုင်းတွေဟာ **မှန်းသလောက်မကအောင်** ယခုလိုပြီးကြပါသတဲ့ဗျာ့၊ ဒါကြောင့် သည်လိုဝီရိယ ထူထောင်ပြီး ဖြည့်ကြ။

ရှေးအရှင်တွေ၏ ဝီရိယကတော့ ဘယ်လိုပါလဲဆိုလျှင် အားလုံးတို့ဟာ လိုက်နာပြီးတော့ အမြဲအားဖြင့် ထူထောင်ပုံတွေဟာ ဆိုလျှင် 'ဘယ်အရှင်ကတော့ ဘယ်လိုထူထောင်တယ်၊ ဒါကြောင့်မို့ တောင့်တတဲ့ ရည်ရွယ်ချက်ပြီးတယ်' ဆိုတာ အကုန်လုံး မှတ်သားထားတဲ့ဟာ ပြောလို့ မကုန်နိုင်အောင် များပါတယ်၊ ဘုရားရှင် ရွှေလက်ထက်တော်ကလဲ အခုလိုပဲ။

## မျက်စိကို နိုင်သူ

ဘုရား ပရိနိဗ္ဗာန်စံပြီးသည့်နောက် ထားတော်မူခဲ့တဲ့ သာသနာ ရှိပါတယ်။ ရှိတဲ့အခါ သည်အဆုံးအမတွေကို မှတ်သားလိုက်နာကြတဲ့ သူတော်ကောင်းတွေလဲ ဤကဲ့သို့ ဝီရိယတွေနှင့် ရှိပါတယ်။

သီဟိုဠ်မှာလားထင်ပါရဲ့၊ အရှင်မြတ်တပါးဟာ ဘုရားအဆုံးအမကို ဝီရိယသန်သန်နှင့် ထူထောင်ပြီး နေလိုက်တာတဲ့ဗျာ၊ အရှင်မြတ်ဟာ ဘယ်လိုပါတုန်းဆိုတော့ လိုဏ်ဂူကြီးတခုမှာ ဝီရိယတွေနှင့် ထူထောင်နေလိုက်တယ်ဗျာ့၊ သည်တော့ ဘယ်လောက်ကြာသွားသလဲဆိုလျှင် ဝါတော် ခြောက်ဆယ် ရှိပါသတဲ့။

သည်ကျတော့ မထေရ်ကြီး ဖြစ်သည်အားလျော်စွာ အားလုံးသော ရဟန်းသံဃာတော်တို့ဟာ လေးစားကြည်ညို အပူဇော်ခံရောက်လာကြ

http://www.dhammadownload.com



တယ်။ လာကြတော့ သူသီတင်းသုံးနေတဲ့ လိုဏ်ဂူမှာ အားလုံးသော ပန်းချီဆေးရေးနှင့် ရှေးဘုရား တောထွက်ခန်းတွေ အသွယ်သွယ် အဝဝ အလွန်ဆန်းဆန်းပြားပြား ကောင်းမွန်စွာ စီမံထားတာကို မြင်တဲ့အခါကျတော့ သံဃာတော်ဖြစ်ပါတဲ့ အရှင်ကောင်းတွေက ကန်တော့ပူဇော် ကြပြီးတော့ လျှောက်ကြသတဲ့ဗျာ၊ ဘယ်လိုလျှောက်သလဲဆိုတော့-

"မှန်လှပါ၊ အရှင်ဘုရား သီတင်းသုံးတော်မူတဲ့ လိုဏ်ဂူကြီးဟာ ဆိုလျှင် အလွန်ပဲ တင့်တယ်တဲ့အတိုင်း ရှေးဘုရားတို့၏ တောထွက်ခန်း အဖြာဖြာတွေနှင့် ဤကဲ့သို့မွေ့လျော်ဖွယ်ဖြစ်ပါပေတယ်" လို့ လျှောက်ကြတယ်။

သည်လိုလျှောက်ကြတဲ့အခါကျတော့မှ အရှင်မြတ်က ဘယ်လို မိန့်တော်မူသလဲဆိုလျှင်-

" ငါ့ရှင်တို့၊ ငါ့ရှင်တို့လာကြလို့သာ မျက်စိအမြင် ရှိသည်ဖြစ်သောကြောင့် ယခုပြောလာလို့သိရပါပေတယ်" တဲ့ဗျာ၊ သူကတော့ မသိဘူးတဲ့ဗျာ။

အဲဒါဟာ ဘာဖြစ်လို့လဲဆိုလျှင် အခုနက ဆင်းရဲမှ လွတ်မှုဖြစ်ပါတဲ့ ဘုရား အဆုံးအမကိုသာ သူက ဝီရိယထူထောင်ပြီးတော့ အဲသည်လိုပြုနေတာကိုးဗျာ။ ဒါဟာ ရှေးအရှင်တွေ ဝီရိယနှင့်ထူထောင်တာဗျာ။

သူဟာ ဝါတော်ခြောက်ဆယ်ရှိပါပြီတဲ့၊ ဒါပေမဲ့ လိုဏ်ဂူအပြင်ဘက်က ဟာတွေကို သူမသိဘူးတဲ့ဗျာ။ ဘာဖြစ်လို့လဲဆိုလျှင် ဘုရားဆုံးမတဲ့အတိုင်း အဆုံးအမကိုမှတ်သားပြီး ဒါကိုပဲ သိနေတာကိုးဗျာ- ဒကာကြီး ဒကာမကြီး များရဲ့ ။

သိရမှာက ဘာသိရမလဲဆိုရင် ဆင်းရဲမှလွတ်မှု ဘုရားရှင် ဆုံးမတော်မူတဲ့ အဆုံးအမ မှန်မှန်ကို တခါထဲ ရပြီးပြီဆိုတော့ ဝီရိယသန်သန်နှင့် သည်လိုနေတာကိုးဗျာ၊ဘယ်လောက်ကြာသလဲဆိုလျှင် ဝါတော်ခြောက်ဆယ် ရှိပါ သတဲ့ဗျာ၊ အဲဒါဟာ ဘုရားရှင် ဆုံးမပါတဲ့ အဆုံးအမ မှန်မှန်ကို သန်သန် ဝီရိယနှင့် ထူထောင်ပုံဗျာ။

အဲသည်လို ထားတဲ့အခါကျတော့ စိတ်နှလုံးအလိုဟာ ပြီးစီးအောင် မြင်တယ်ဗျာ၊ ယခု ဒို့ဒကာကြီး၊ ဒကာမကြီးတွေဟာ ဘုရားရှင် ဆုံးမပါတဲ့ အဆုံးအမတွေကို ကောင်းမွန်စွာ မှတ်သားပြီး ထားတာဟာ ပြောလို့ မကုန်နိုင်အောင် မဟုတ်ပါလားဗျာ။ (မှန်ပါ့ဘုရား။)

http://www.dhammadownload.com



မေး။ ။ အေး…. ဗျာ၊ သောဝစ်သဃတာဂုဏ်နှင့် ပြည့်စုံပြီးတော့ ဘုရားရှင် ဆုံးမပါတဲ့ အဆုံးအမကို ကောင်းမွန်စွာရကြပြီးလျှင် လိုက်နာမယ်၊ ဖြည့်မယ်ဆိုပြီးတော့ ဝီရိယနှင့် ထူထောင်ကာ လိုက်နာဖြည့်ကျင့်ပြီးတော့လဲ နေကြတာပဲ မဟုတ်လား။

ဖြေ။ ။ လိုက်နာဖြည့်ကျင့်ရအောင် ယခုလို တရားများ နာနေတာပါဘုရား။

မေး။ ။ အားလဲထုတ်နေတယ် မဟုတ်လား။ (မှန်ပါဘုရား။) ယခုလို ဆိုတော့ သည်အပေါ်မှာ ဘာမိုးထားလဲဆိုတာ မြင်မှာ သိမှာမဟုတ်ဘူး ၊ ဟုတ်တယ်မဟုတ်လား။

ဖြေ။ ။ တပည့်တော်တို့ကတော့ သိပါတယ်ဘုရား၊အားထုတ်ရင်းလဲ ကြည့်နေတာပဲ၊ အားထုတ်လိုက်၊ကြည့်လိုက်နှင့် တခါတလေ အားထုတ်တာကိုလွှတ်ပြီး လိုက်တောင် ကြည့်လိုက်ပါသေးတယ်ဘုရား။

ဟုတ်ကယ့်လားဒကာကြီး၊ရှေးအရှင် တွေကတော့ အဲသည်လိုတဲ့ဗျာ၊ ဒါတွေကို ဒို့ကတော့ တလုံးတလေ သည်လောက်သာ မှတ်မိတာ၊ ဒကာကြီးတို့ ဒကာမကြီးတို့ ကတော့ သည်လို ဝီရိယအရှင်သခင် တွေအကြောင်းကို မှတ်ထားတာဟာ တကထဲမှုပါပဲ ပြောလို့ ဆုံးနိုင်ပ့ါမလား။

အဲဒါ ရှေးအရှင်များ ဝီရိယ ထူထောင်ကြပုံတဲ့ဗျာ။

အဲသည်လို ရှေးအရှင်တွေ ဝီရိယထူထောင် တာကိုမီအောင်ထူထောင်ကြပါဆိုတာ သည်ရှေးအရှင်တွေဟာ ဘုရားဆုံးမပါတဲ့ အဆုံးအမကိုရတော့ ဝီရိယနှင့်ထူထောင်သလို သည်လို မီအောင် ညီအောင် ထူထောင်ကြ ၊ ရှေးအရှင်တွေကို မီမယ်၊ ညီမယ်ဆိုရင် မီတဲ့ညီတဲ့အချိန်မှာ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြည့်ပါလိမ့်မယ်ဗျာ။

http://www.dhammadownload.com



## ကားတိုက်မှာ တွေးကြောက်

မေး။ ။ဤကဲ့သို့ ရှေးအရှင်တွေရဲ့ ဝီရိယကို မီအောင်၊ ညီအောင် ထူထောင်ရမှုမှာလဲ ဘုရားဆုံးမပါတဲ့ အဆုံးအမ မှန်မှန် တခုကို အာရုံတွေ ထိုထိုမသွားရအောင် ရပြီးသား တခုကို စူးစူးစိုက်စိုက် ထားပါဆိုလို့ ထားတယ်။ ထားတဲ့အခါ ကျတော့ နေတယ်မဲ့ဟုတ်လား။

ဖြေ။ ။နေတဲ့အခါ နေပါတယ်ဘုရား။

ထိုင်ပြီးတော့ ထားမယ်ဆိုရင်ကော နေတယ်မဟုတ်လား။(နေပါတယ် ဘုရား။) သည်အတိုင်းပဲ စိုက်စိုက်စူးစူးတည်နေတယ်၊ တည်နေတော့ကို ဤကဲ့သို့ ထားတဲ့အတိုင်းပဲ မပြတ်အောင် တဆက်ထည်းထားပြီး မတ်တတ် ရပ်ရင်းမဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

မေး။ ။လမ်းခရီးသွားစရာ ရှိတော့ကော၊ ဤကဲ့သို့ မရွေ့ရအောင် ထားပြီး ခရီးသွားလို့ မဖြစ်ဘူးလား။

ဖြေ။ ။ ခရီးသွားတော့ ရန်ကုန်မြို့မှာ နဲနဲခဲယဉ်းပါတယ်ဘုရား၊ ယခုလို ထားသွားရင် နောက်က မော်တော်ကား ဟွန်းပေး တာကို မကြားလို့ မော်တော်ကားတိုက်သွားမှာ ကြောက်ရ ပါတယ်ဘုရား။

မသွားဘဲနှင့် သွားရင်ကော တိုက်မယ်၊ ထားသွားရင်မတိုက်ဘူး၊ ဟုတ်ကယ့်လားဗျာ။ (ထိသိကို အခုလိုထားသွားရင် နောက်က မော်တော်ကား ဟွန်းပေးသံကို မကြားပါဘုရား။)

မေ ။ ။ သိတာ မကြားတာ ထားစမ်းပါအုံး။ အလုပ် လုပ်စမ်းပါအုံး။

ဖြေ ။ ။ တပည့်တော်တို့က လောဘကြီးတယ်ဘုရား။

## သည်လိုဆို သည်လိုသာလုပ်

လောဘကြီးပေမဲ့ အလုပ်ပဲ လုပ်စမ်းပါအုံး၊ အခု ဒကာကြီးဟာက တွေးတွေး နေတာကိုး၊ (တပည့်တော်က ရချင်အားကြီး လို့ပါဘုရား။)

ယခုနကလို ဘုရားက လုပ်ဆိုရင် သည်လိုသာလုပ်လိုက်၊ ဒဲသည်လို လုပ်သွားရင် ယခုလိုဖြစ်မှာ မဟုတ်ဘူးဗျာ၊ လုပ် လုပ်စမ်းပါအုံးတော့။ (လုပ်ကြည့်ပါဒုံးမယ် ဘုရား။)

http://www.dhammadownload.com



တွေးတယ်ဆိုတဲ့ ဉစ္စာက တဲ့ချင်မှ တဲ့မှာ၊ ဒါကြောင့် ဘုရားရှင်က သည်လိုပါဆိုရင် သည်လိုသာ လိုက်နာဆောင်ရွက် ၊'သည်လိုပါလား'လို့ တွေးနေရင် တွေးတဲ့ဉစ္စာက မှန်ချင်မှမှန်မယ်၊ တဲ့ချင်မှတဲ့မယ်ဗျာ။

တွေးတယ်ဆိုတာက ရမ်းရတာ၊ ဘုရားရှင်ကတော့ ကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်တော်ဖြင့် သေသေချာချာ ထိုးထွင်းပြီး သိမြင်ပြီးတော့မှ ကရုဏာအရှင်ဖြစ်သည့်အားလျော်စွာ သေသေချာချာ ဆုံးမတော်မူတာဗျာ့။

အေး.... သည်တော့ သည်အတိုင်းသာ မှတ်ထားပြီးတော့ လိုက်နာကြလို့ရှိလျှင် ယခုလို ဖြစ်ပါတယ်ဗျား။ ဝီရိယနှင့် ထူထောင်ပြီးပြီဆိုတော့, စိတ်နှလုံးအလိုဟာ အသီးသီး ပြီးပါလိမ့်မယ်ဗျာ့။

## ထိခိုက် တိုက်မိခြင်းမရှိသော ရထား

မော်တော်ကားတင် မဟုတ်ပါဘူး။ အလုံးစုံတို့ဟာ သည်လို မဖြစ်ရအောင် လောဘ၊ ဒေါသ၊ မောဟတောင်မှ မတိုက်နိုင်တာ မော်တော်ကားကလဲ မတိုက်ပါဘူးဗျ၊ ဟုတ်ကယ့်လားဗျာ။ (မှန်ပါ့ဘုရား။)

မေး။ ။အဝိဇ္ဇာတို့, ဘာတို့ဆိုတာဟာလဲ ဘယ်အခါများ နားနေသလဲဗျာ့၊ အဝိဇ္ဇာက သည်အတိုင်းထားရင် ဘယ်အခါမှာ အဆက်ပြတ်ပါသလဲ။
(ဝိဇ္ဇာကို အဆက်မပြတ်ထားရင် အဝိဇ္ဇာ မဝင်နိုင်ပါဘုရား။)
ယခုလဲပဲသူတို့မှာ ဝိဇ္ဇာဆိုတဲ့ဟာကို အသုံးမပြုဘဲထားရင် အဝိဇ္ဇာဟာ ဘယ်အခါများ ပြတ်နေပါသလဲ။

ဖြေ။ ။အဝိဇ္ဇာ မပြတ်ပါဘုရား။

မေး။ ။အခု ဒကာကြီးတို့ရဲ့မြို့မှာ ရထားတွေ, မော်တော်ကားတွေ သွားလာနေတာဟာ အဝိဇ္ဇာနှင့် စာလျှင် ဘယ်ဟာက များပါ့မလဲ။

ဖြေ။ ။အဝိဇ္ဇာက အဆပေါင်းများစွာ များပါတယ် ဘုရား။

မေး။ ။သည်တော့ ဝိဇ္ဇာတည်းဟူသော ယာဉ်တွေကို ဘုရား ဆုံးမပါတဲ့အတိုင်း စီးနင်းပြီးသွားရင် အဝိဇ္ဇာတွေ တိုက်မှု ခိုက်မှု

http://www.dhammadownload.com



ရှိပါအုံးမလား၊ ဒကာကြီးက ဝိဇ္ဇာတည်းဟူသော ရထားနှင့် သွားတော့ အဝိဇ္ဇာလာရင် တိုက်သေးသလား။

ဖြေ။ ။မတိုက်မိပါ ဘုရား။

အဟုတ်ကို မတိုက်မိဘူးလား၊ အဝိဇ္ဇာတွေလဲ မပြတ်အောင်သွားနေတာဗျာ့။ (အဝိဇ္ဇာတွေက ဝိဇ္ဇာလာရင် ရှောင်နေပါတယ် ဘုရား။) ယခုလဲ အားထုတ်နေလျှင် အဝိဇ္ဇာတွေ ရှောင်နေမှန်း သိလျက်သားနှင့် 'လာတိုက်စမ်းပါ' ဆိုလျှင် လာတိုက်ပါ့မလား။ အခုနက ဒကာကြီးက 'ကားတွေ၊ ရထားတွေက သည်မြို့မှာ များလိုက်တာ၊ တိုက်မှာစိုးရတယ်' ဆိုပြီး ယခုတော့ မတိုက်ပြန်ဘူးလား။ (ဝိဇ္ဇာမပြတ်ထားရင် မတိုက်ပါဘုရား။) အတိုက် မခံချင်ရင်တော့ ဝိဇ္ဇာတည်းဟူသော ရထားနှင့် သွားပေါ့။ ဝိဇ္ဇာရထားနှင့်သွားရင် ရပါတယ်ဗျာ့၊ ခုနကလို တိုက်မလားလို့ ယုံမှားသံသယ ရှိအုံးမှာလား။ (မရှိပါဘုရား။) အဲ ဒါဖြင့် ခုနက ဘာဖြစ်လို့ 'တိုက်မှာလား' လို့ မေးတာလဲ။ (ယခုနက ဝိဇ္ဇာရထားကို မစီးရသေးပါ ဘုရား။) ယခုနက ဝိဇ္ဇာရထား အစစ်ကလေးနှင့် သည်လိုသွားရင် ဝင်တိုက်အုံးမှာလား။ (မတိုက်ပါဘုရား။)

ဝိဇ္ဇာရထား အစစ်ဖြစ်မယ်ဆိုရင် 'ဖယ်ကြ၊ တိမ်းကြ' လို့ ပြောရအုံးမှာလား၊ 'ငါ့ မတိုက်ကြနဲ့' လို့ ပြောရအုံးမှာလား၊ ခေါ်လို့ကော လာတိုက်အုံးမှာလား။ (အနားတောင် မသီဝံ့ပါ ဘုရား။) အေး.... သည်ရထားဟာ အကောင်းဆုံးပေါ့ဗျာ၊ ကြားကြရဲ့လား။

ဒါ့ကြောင့်မို့ ရှေးအရှင်တွေက ဘုရားထံမှောက် ရောက်ကြတဲ့အခါကျတော့ ကိုယ်လိုအပ်တဲ့ ဗောဓိအသီးသီး ပြည့်အောင် သည်ရထားကို အပ်နှင်းထားတယ် မဟုတ်လား။ (မှန်ပါ့ဘုရား။) အလုံးစုံတို့ဟာလဲ သည်ရထားကို ရရှိထားကြတယ်၊ ရရှိထားကြတဲ့ များစွာသော လူ့၊ နတ်၊ ဗြဟ္မာတို့ဟာ သည်ရထားပေါ်က ဆင်းသေးသလား။ (သည်ရထားပေါ်က ဆင်းဖို့ မကောင်းပါဘုရား။) ရှေးအရှင်တွေကတော့ မဆင်းဘူး ဒကာကြီး၊ ဒကာမကြီးများရဲ့၊ အဲဒီလို မဆင်းဘဲနှင့် ကိုယ်လိုတဲ့ ခရီးကို သွားကြတယ်၊ မှန်းတဲ့အတိုင်း အသီးသီးပဲ ပြည့်ကြပါတယ်ဗျာ့။

http://www.dhammadownload.com



## လုပ်ကြည့်မှ တွေးတာတွေ မှားမှန်းသိ

ယခုလဲပဲ သည်ရထားကို ကောင်းမွန်စွာရကြတယ်၊ ရကြတော့ ဝီရိယနဲ့ ထူထောင်ပြီးတော့ သည်လို စီးကြပြီဆိုမှဖြင့် ရထားကောင်းတာကို ယခုပြောတာက နည်းနည်းကလေးပဲ၊ ဘုရားဆုံးမတာကတော့ ဘယ်ဟာမှ အကြွင်းအကျန်မရှိ သိပြီးတော့ ဆုံးမတော်မူပါတယ်၊ ယခုလိုပြောတာက နည်းနည်းကလေးပါ၊ အခုပြောတာက ဘယ်လိုပါတုန်းဆိုလျှင် အကုန်စလုံး ပါလှမယ်မဟုတ်ဘူးဗျာ့။ (မပါနိုင်ပါ ဘုရား။)

သည်တော့ ဘုရားဆုံးမပါတဲ့အတိုင်း လိုက်နာပြီဆိုမှဖြင့် အားလုံး တရားဝုဏ်တော် ၆-ပါးဆိုတာကို နားလည်ပြီးသား, သိပြီးသား ရှိကြပါတယ်၊ အဲသည်လိုအတိုင်း လိုက်နာပြီဆိုမှဖြင့်, အဲသည်ဟာကတော့ ဘုရားဆုံးမ တာကို မေတ္တာရှင်, ကရုဏာရှင်တွေက သင်လို့မှ မှတ်ထားတာ ရှိတယ်၊ အဲသည် မှတ်ထားတာကို အဲသည်လို တခါတခါလဲ ကိုယ့်ဟာကိုယ်ကြည့်လို့ သိတာတွေလဲ ရှိတယ်။

ဘယ်လိုမှ ယခုနကဟာတွေကတော့ ဆိုက်လာမှာတုန်းဆိုတော့ မှတ်သားပြီးသားကို စိုက်စိုက်စူးစူးနှင့် လိုက်နာတဲ့အခါကျတော့မှ ဝီရိယ ရှိသလောက်သာ ဆိုက်လာပါလိမ့်မယ်၊ ရှေး အရှင်တွေရဲ့ ဝီရိယထူထောင် တာကို မီတဲ့ညီတဲ့အချိန်မှာ ရှေး အရှင်တွေလိုပဲ တညီထဲ တသားထဲ ဆိုက်လာပါလိမ့်မယ်ဗျာ့။ ဒါ့ကြောင့် ယခုလို အမျိုးမျိုးသိပြီးတော့ ဝီရိယတွေ နှင့် ထူထောင်ကြပါ။

သည်လို ထူထောင်ကြတဲ့အခါကျပြီဆိုတော့ 'ဆင်းရဲမှာလား၊ ပင်ပန်းမှာလား' သည်လို တခါတခါ တွေးကြလိမ့်မယ်၊ အဲဒါကတော့ ကိုယ်တွေးချင်တာ တွေးတာ၊ ထင်ချင်တာ ထင်တာ။ လိုက်နာပြီ ဆိုတော့ သည်ကဲ့သို့ မဟုတ်ဘဲနှင့် ဆုံးမတော်မူတဲ့ဟာကတော့ ယခုရော နောက်ရော ချမ်းသာအောင် ဆုံးမတော်မူတာ အစစ် ဖြစ်တယ်။

လိုက်နာတဲ့ အခါကျတော့ 'သည်တွေးတာတွေဟာမဟုတ်ဘူး' ဆိုတာ သေသေချာချာသိမယ်၊ ယခုရော, နောက်ရော ချမ်းသာ အောင် ဆုံးမတာကို လိုက်နာတော့ ယခုရော, နောက်ရော ချမ်းသာ တယ်လို့ အသီးသီးတို့ဟာ ရှင်းရှင်းလင်းလင်းနှင့် သိကြပါလိမ့်မယ်၊

http://www.dhammadownload.com



ဒီတော့ တွေးနေတဲ့ဥစ္စာဟာ ရှည်ပါတယ်။

ဘုရားဆုံးမတဲ့ အဆုံးအမတွေကို မှတ်သားပြီးတော့, လိုက်နာတော့ သိမှာကို နားလည်ပြီးသား ဖြစ်တော့ကို လိုက်နာကြပါတယ်၊ ပြုကြပါတယ်၊ လိုက်နာလို့ ပြုကျင့်ကြပြီဆိုမှဖြင့် ရှေးအရှင်တွေလို ဆိုက်လာပြီး ရှေးအရှင်တွေ သိသလို ဧကန္တ သိပါလိမ့်မယ်၊ ရှေးအရှင်တွေပေါ်သလို ပေါ်ကြပါလိမ့်မယ်၊ ဒီတော့ ဘယ်လိုတုန်းဆိုရင် ဣရိယာပုတ်ထဲမှာလဲ-

ဘယ်ဣရိယာပုတ်မဆို ဖြစ်နိုင်ပါတယ်၊

နေရာကလဲ ဘယ်နေရာမဆို၊

အချိန်ကလဲ ဘယ်အချိန်မှာမဆို ဖြစ်နိုင်ပါတယ်။

ရှေးအရှင်တွေက ဒီလို လိုလားချက်တွေပြီးအောင် ထူထောင်ပြီးတော့ ယူကြတယ်၊ ယခုလဲပဲ ဒီလို ထူထောင်ပြီးတော့ ယူမယ်ဆိုရင် ဒီလိုပြီးကြပါတယ်၊ ယခုအချိန်မှာ ထိုင်နေတယ်၊ ထိုင်နေတယ်ဆိုတာ ထိုင်နေရင်းနဲ့လဲ ဘုရားအဆုံးအမကို အဟုတ်လိုက်နာလို့ ဝီရိယထူထောင်ပြီး လုံ့လသန်သန်နှင့် အာရုံပြုပြီးတော့ ထူထောင်လိုက်မယ်ဆိုရင် ယခုချက်ချင်း မသိပါဘူးလားဗျာ။ (သိပါတယ် ဘုရား။)

ကဲဗျာ.... အသီးအသီး အချိန်ကြာကြာမထားဘဲ ယခုမှတ်ပြီး ထားကြတဲ့တိုင်း ဝီရိယလဲ အဆင်သင့်ရှိပါတယ်၊ ဒီတော့ ဒီဝီရိယထူထောင်ပြီး ယခုပင်လျှင် ထားကြစမ်းပါ။

သူတို့ အသီးသီးကတော့ အားထုတ်နေကျဖြစ်တော့ကို အားထုတ်တတ်သလို အားထုတ်ကြပါ၊ ဒါမှ မဟုတ်လို့ရှိရင် 'ကိုယ်အားထုတ်နေကျကလေးကိုမှ' ဆိုပြီးတော့ တစ်မျိုးစီဖြစ်ကုန်ပါလိမ့်မယ်၊ ဒီတော့ ကိုယ်အားထုတ်နေကျကလေးကို စိုက်စိုက်စူးစူး ဒီလိုထားလိုက်ကြစမ်းပါဗျာ၊ အဟုတ်ဝီရိယသန်သန်နှင့် ထူထောင်ပြီးတော့ အာရုံပြုကြစမ်းပါဗျာ။

## ဘယ်ရေသောက်သောက် မွတ်သိပ်ပျောက်

မေး။ ။အသီးသီး အားလုံးရှိပြီးသား ဖြစ်နေတယ် မဟုတ်လား။

ဖြေ။ ။တစ်မျိုးစီ ဖြစ်နေပါတယ် ဘုရား။

တစ်မျိုးစီ မဟုတ်ပါဘူး၊ အတူတူပါပဲ၊ ဘုရားဆုံးမတာကတော့ တစ်ခုပဲဖြစ်တော့ ဘယ်ဟာပဲဖြစ်ဖြစ် တစ်ခုပဲ နေမှာပဲ။

http://www.dhammadownload.com



'ရေသောက်ကြ' ဆိုရင် ဘယ့်နှယ်တုံးဗျာ့၊ ဘယ်အိုးမှာ သောက် သောက် ရေငတ်ပြေတာချည်းပဲဗျာ့။ (မှန်ပါ့ဘုရား။)

ရေတွင်းက ရေကော။ (ရေငတ်ပြေပါတယ်ဘုရား။)
ရေကန်က ရေကော။ (ရေငတ်ပြေပါတယ် ဘုရား။)

အေး..... အသီးသီး အမျိုးမျိုး အဖြာဖြာ တကတဲမှပဲ ထည့်ပြီးတော့ ထားကြတာတွေဟာ အမျိုးမျိုးအဖြာဖြာ ရှိပါတယ်၊ ဘယ်ဟာနဲ့ပဲ ထည့်ထားထား၊ ယူပြီးသောက်ရင် ဘယ့်နှယ်တုံးဗျာ့။ (ရေငတ်ပြေတာချည်း ပါပဲဘုရား။) အေး..... အဲဒီလိုပဲ ရှိကြပါတယ်ဗျာ့။

ဒီတော့ တစ်ခုခုကိုသာ စိုက်စိုက်စူးစူး ဝီရိယမနည်းရအောင်, ရှေး အရှင်တွေရဲ့ ဝီရိယကို မီအောင် ညီအောင် ဂရုစိုက်ကြစမ်းပါဗျာ။ (မှန်ပါ၊ ဂရုစိုက်ပါ့မယ် ဘုရား။) ဒါကတော့ မခက်ပါဘူးဗျာ၊ သူတို့ ထားနေကျ ဖြစ်တော့ သွက်လက်ဖျတ်လတ်ပြီးသားပါဗျာ။ (မှန်ပါ့ဘုရား။) ကဲ.... ထားလိုက် ကြစမ်းပါဗျာ။ [နှစ်မိနစ်ခန့် ပရိတ်သတ်များအား ရှုမှတ်ခိုင်းပါသည်။]

ကဲ...စိုက်စိုက်စူးစူး ထားတဲ့အခါကျတော့ တည်ပြီး နေတယ် မဟုတ်လား။ (နှာသီးဝ တည်နေတာကလေးကို စိတ်စိုက်ပြီးနေတဲ့အခါမှာ တခါတလေ ကလေးငိုတဲ့အသံ ဝင်လာပါတယ် ဘုရား။) အဲဒါကတော့ ရှေးအရှင်တွေရဲ့ ဝီရိယကို မီလို့လားဗျာ့၊ မမီလို့လားဗျာ့။ (ရှေးအရှင်ကောင်း များရဲ့ ဝီရိယကို နည်းနည်းကလေးမှ မမီလို့ပါ ဘုရား။)

အေး.... ခုလို မှားမှန်းသိတော့ နေရာကျတယ်ဗျာ့၊ ဒီလို သိတယ်ဆိုပြီး တော့ သာသာကလေး ဝီရိယတိုးလိုက်ရုံပဲဗျာ့။ (မှန်ပါ၊ အင်မတန်လိုနေ ပါတယ် ဘုရား။) လိုသလောက် မလိုရအောင် ဝီရိယကို တိုးထည့်လိုက်ဗျာ့။ (ဝီရိယကို တိုးပါမယ်ဘုရား။) တိုးလိုက်ရင် ယခုနကဟာတွေ ကြားမှာလား။ (မကြားပါဘုရား။) အဲဒီလို မထားဘဲနဲ့ ကြားတဲ့နေရာမှာနေပြီး သိမှာကို သိနေတယ်ဆိုရင် ရှေးအရှင်တွေရဲ့ဝီရိယကို မီပြီ ညီပြီဗျာ့၊ မီပြီညီပြီဆိုမှဖြင့် ရှေးအရှင်တွေကဲ့သို့ တစ်ခါတလေ တောင့်တတဲ့အတိုင်း ဆိုက်မလာဘူး လားဗျာ့။ (ဆိုက်လာမှာပါပဲဘုရား။)

ဤကဲ့သို့ ထိုင်ပြီးတော့ နှာသီးဖျားမှာ စိုက်စိုက်စူးစူးကလေး ဒီလို ထားတော့ နေတယ်။

http://www.dhammadownload.com



မေး။ ။နေတဲ့အခါကျပြီဆိုမှဖြင့် မတ်တတ်ရပ်ချင်လာတယ်ဆိုတော့ ဒီအတိုင်းပဲ မရွှေ့အောင်ထပြီး မတ်တတ်ရပ်ရင် မဖြစ်ဘူးလား။

ဖြေ။ ။ဖြစ်ပါတယ် ဘုရား။

လမ်းသွားရင်းကော ဒီနေရာကလေးမှာ စိုက်စိုက်စူးစူးထားပြီးတော့ သွားလို့မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

## မလုပ်မနေရ ဝတ္တရား(သီလ) များ

ပြုဖွယ်ကိစ္စ အဖြာဖြာတို့ဟာ ခန္ဓာဝန်အတွက်, ဘုရားသာသနာ တည်ရာတည်ကြောင်းအတွက် ဆိုတာတွေကို ပြကြရပါလိမ့်မယ်။

အဲဒီအခါတွေမှာကော ထားလို့မဖြစ်ဘူးလား။(ဖြစ်ပါတယ်ဘုရား။)

အဲဒီလို ဘုရားရှင်ကို ကြည်ညိုလေးစားလို့, ဘုရားကျေးဇူးတော် ဂုဏ်တော်ကိုသိလို့, ဘုရားသာသနာတော်ကိုလဲပဲ ကိုယ်ကလိုက်နာတော့ သိတယ်၊ ရိပ်မိတယ်၊ ဒီလို လိုက်နာပြီဆိုမှဖြင့် ချမ်းသာသုခ အသီးအသီး ဆိုက်လာမှာကို သိတယ်၊ အဲဒီတော့ သူတော်ကောင်း အစားစားတို့ဟာ သာသနာတည်အောင် ပြုလိုတဲ့အခါမှာ သာသနာ တည်ရာတည်ကြောင်း ပြုလုပ်ရမဲ့ ပြုဖွယ်အဖြာဖြာတို့ကို သိတယ်၊ သိတော့ကို ဤကဲ့သို့ ဘုရားရှင်ကို ကြည်ညိုလို့။

ဘုရားသာသနာဆိုက်လာတဲ့အခါ သူတော်ကောင်းအစားစားတို့ဟာ သိသင့်သလို သိတယ်၊ ကြည်ညိုပြီဆိုတော့ ဘုရားရှင် သာသနာကို တည်အောင်ဟာ ပြုလိုပါတယ်၊ တည်ပြီဆိုတော့ကို များစွာသော လူနတ် ဗြဟ္မာ တို့ဟာ အချိန်တိုင်း အချိန်တိုင်း ဘုရားရှင် ရွှေလက်ထက်တော်က အားလုံး တောင့်တတဲ့အတိုင်း ပြီးသလို ပြီးစေတဲ့ ဆန္ဒတွေဟာ ရှိတယ်၊ ရှိတယ်ဆိုတော့ကို တည်အောင်ပြုတယ်။

တည်အောင် ဘာတွေပြုသလဲဆိုရင် ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး၊ အဲဒီလိုဟာတွေနဲ့ ပြုတော့ တည်တယ်၊ မြင်တယ်၊ အဲဒီလို မြင်ရပြန်ပြီဆိုတော့ သူတော်ကောင်းအစားစားတို့ဟာ ပြုလို့အားမရ မရောင့်ရဲနိုင်ပါဘူးတဲ့ဗျာ၊ ဘယ်လို အားမရ မရောင့်ရဲပါသလဲဆိုရင်-

http://www.dhammadownload.com



"ငါ ဤမျှ ဘုရားသာသနာတော် တည်ရာတည်ကြောင်း ထူထောင်တယ်၊ ထူထောင်တော့ကို ဤမျှ ဘုရားသာသနာတော် တည်တော့ အားလုံးတို့ဟာ အစီးအပွားတွေ အချိန်တိုင်း အချိန်တိုင်း မြင့်မြတ်လာကြသလို လှမ်းကြည့်တော့ အဲဒီလိုမြင်တယ်၊ ဒီထက်တိုးပြီးတော့ ပြုရရင် သည့်ထက်ပင် လျှင်ပဲ ဘုရားသာသနာတော် မြင့်မြတ်တိုးတက်မယ်"လို့ သိတော့ ယခုလို ချည်းပဲ အားမရနိုင်ဘဲ 'တိုးအုံးမယ်၊ တိုးအုံးမယ်' နဲ့ ဒီထက် အစီးအပွား များစွာနဲ့ အဲဒီလို ထူထောင်ကြပါတယ်ဗျာ။

အဲဒီလို လေးပါးပစ္စည်းတို့နှင့် မီအောင်သာပြုရင်း ဘုရားရှင်ဆုံးမတဲ့ အဆုံးအမကို စိုက်စိုက်စူးစူးနှင့် ထားပြီးတော့ ပြုရင် မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်ဘုရား။) အေး..... ဘုရားသာသနာ တည်ရာ တည်ကြောင်း ကျောင်း, သင်္ကန်း, ဆွမ်း, ဆေးတွေအတွက် ပြုလုပ်တာက စရဏ၊ ယခုနက အတိုင်း မရွေ့အောင်ထားဖို့ နေရာကလေးကတော့.... ဖြစ်တော့အားလုံး တော့ ဖြစ်တာပေါ့၊ ဟိုလိုဆိုတော့ နေရာအသီးအသီးရှိတယ်၊ ကိုယ့်ဟာ ကိုယ်တော့ သိပါတယ်၊ သို့ပေမယ်လို့ သူတကာတို့ကလဲ မသိဘဲ နေတာ မရှိပါဘူး၊ သို့ပေမဲ့ မသိပါဘူးလို့များပြောရင် ဒကာကြီးပြောသလို 'နှာသီးဖျား မှာ စူးစူးစိုက်စိုက်ကလေးထား' ဆိုပြီး ပြောလိုက်တာပဲ၊ အဲဒီလို ထားတော့ နေတယ်၊ ယခုနကလို ကိစ္စတွေကို လုပ်ရတာက စရဏဖြစ်ပါတယ်၊ အဲဒါ တွေကလဲ အင်မတန်မြင့်မြတ်တဲ့ ဘုရားသာသနာတည်ရာ တည်ကြောင်း တွေပါပဲ၊ အဲဒါတွေပြုရင်း ဒီလို စူးစူးစိုက်စိုက်ကလေးထားရင် မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။) ဒီအချိန်မှာ စရဏရော, ဝိဇ္ဇာရော အချိန်တစ်ခုထဲမှာ နှစ်ခုစလုံး မဖြစ်ပေဘူးလားဗျာ။ (ဖြစ်ပါတယ်ဘုရား။)

## ဝတ္တရားပျက်က နိဗ္ဗာန်မရ

အေး..... ဖြစ်တယ်ဗျာ၊ ဒါကတော့ သာသနာ တည်ရာတည်ကြောင်း တွေနှင့် ခန္ဓာဝန်အတွက် သားသမီး မြေးမြစ်တွေ အကုန်လုံးအတွက်ကို ရွက်ဆောင်ပြီး နေတာပဲ။ အဲဒါဟာ ရပ်ထားလို့ မဖြစ်ဘူးဗျာ၊ ဒီတော့ ယခုလို ပြုရင်း သားဝတ် သမီးဝတ် ဆွေဝတ် မျိုးဝတ်နှင့် တကွ အကုန်လုံးပြုသင့် ပြုထိုက်တဲ့ ဝတ္တရားတွေကို လုပ်ရမယ်လို့ ဘုရားရှင်က ဆုံးမညွှန်ကြားတော် မူတယ်မဟုတ်လား၊ အဲဒီလို ညွှန်ကြားဆုံးမတဲ့အတိုင်း ပြုရတာကို ဘာခေါ်

http://www.dhammadownload.com



သလဲဆိုရင် အဲဒါ ဘယ်ဘက်ကလဲ။ (သီလဘက်ကပါ ဘုရား။) အဲဒီလို သီလဘက်ကပါ ဆိုတော့-

မေး။ ။ဒါတွေကိုပြုရင် သီလဘက်က မလုံလောက်ဘူးလား၊ ဒါတွေ မပြုရင် သီလနှင့် ပြည့်စုံပါ့လား။

ဖြေ။ ။မပြည့်စုံပါဘုရား။

မေး။ ။ဒီလိုမပြည့်လျှင် ချမ်းသာပါ့မလား။

ဖြေ။ ။မချမ်းသာပါ ဘုရား။

မေး။ ။မချမ်းသာရင် ယခုနက ကိုယ်တောင့်တတဲ့အတိုင်းဟာ အထက်ကို တိုးတက်နိုင်ပါ့မလား။

ဖြေ။ ။မတိုးတက်နိုင်ပါ ဘုရား။

စိတ်မချမ်းသာတော့ သမာဓိကလဲ ရှိမှာ မဟုတ်ဘဲကိုး။ (စိတ်မချမ်းသာတော့ သမာဓိ မရှိဘူးလားဘုရား။) **စိတ်ချမ်းသာမှ သမာဓိရှိမှာ၊ သမာဓိရှိမှလဲ အဟုတ်သိမှာဗျာ့၊** 'သမာဟိတော ယထာဘူတံ'လို့ ဘုရားရှင် ဆုံးမတော်မူတယ် မဟုတ်လား၊ ဒါတွေကလဲ သူတို့မှာ မှတ်သားပြီးတော့ ထားလိုက်တာတွေ တနည်းထဲ မကပါဘူး၊ စုံလို့ထင်ပါရဲ့ဗျာ၊ ဒီတော့ ယခုနကလို ပြုနေရတဲ့ ကိစ္စတွေကို ပြုရင် ဒါ သီလဘက်ကပြုရမယ့် ကိစ္စ ပြီးတာဗျာ၊ ပြီးတော့-

ဒါတွေလုပ်ရင် ချမ်းသာတယ်၊

ချမ်းသာတော့ သမာဓိ ရလွယ်တယ်၊

သမာဓိရတော့ 'ယထာဘူတံ' လုံလောက်တယ်။

ဒါတွေကတော့ သိကြတယ်မဟုတ်လား၊ သိကြတာက ဘယ်လိုလဲ ဆိုရင် သင်တော့ သိတာပေါ့၊ ပြောလို့သိတာကလဲ အပြောသိပဲ၊ အဲဒီ လိုပါဗျာ့၊ ဒါကြောင့် အဲဒါတွေပြုရင်း သား သမီး မြေး မြစ် တို့၏ ဝတ္တရားနှင့် တကွ အလုံးစုံသော အလုပ်တွေကို ပြုရတာဟာ ဘယ်လိုမှ မဟုတ်ပါဘူး၊ သီလဘက်ကပါဗျာ့၊ အဲဒါ 'စရဏ' ကုသိုလ် ဖြစ်ပါတယ်၊ အဲဒါကြောင့် ဒါတွေကိုပဲပြုရင်း ယခုနကလို စိုက်စိုက်စူးစူးကလေး နှာသီးဖျားကိုလက်နဲ့ ထိတော့ သိသလို မရွေ့အောင် ထားပြီးတော့ ပြုလို့မဖြစ်ဘူးလား။ (ဖြစ်ပါ တယ်ဘုရား။) ယခုနကလို ပြုတာက စရဏ၊ ဒီလို စိုက်စိုက်စူးစူးကလေး နေတာက ဘာလဲဗျာ့။ (ဝိဇ္ဇာပါဘုရား။)

http://www.dhammadownload.com



"အဲဒီလိုဟာတွေ ပြုရလို့ မအားဘူး၊ အားတော့မှ ပြုမယ်ဆိုတာက အဲဒါတွေကို ပြောတာထင်ပါရဲ့ အဲဒါတွေဟာ ယခုနက ဘုရားရှင် ဆုံးမပါတဲ့ အတိုင်း တည့်တည့်မှန်မှန် မှတ်ပြီး ကြည့်မယ်ဆိုရင် ဒါတွေဟာ **အချည်းနှီး အလုပ် မဟုတ်ပါဘူး၊ ဒါတွေကို မပြုရင်သာ ယခုနကပြောသလို ဆင်းရဲပြီးနေမှာဗျာ့။** (မှန်ပါ့ဘုရား။) အဲဒါတွေ သိတော့ လုံလောက်တယ်, ချမ်းသာတယ်၊ စိတ်ချမ်းသာလျှင် သမာဓိရပြီး ယခုနကလို ထားလို့ပြောတာပေါ့ဗျာ။

အဲဒီလို ဝတ္တရားတွေကို ပြုနေတာက စရဏ၊ ဒီလိုထားလို့နေတာက ဝိဇ္ဇာ ဖြစ်ပါတယ်၊ အဲဒီတော့ ယခုလို သူတို့ကို လျှောက်သတိပေးတော့ တခါတလေ သူတို့က ပြောချင် ပြောမှာဗျာ့။

"သူတို့မှာတော့ ရဟန်းမို့လို့ တခြားကိစ္စတွေ ဘာမှမရှိတော့ လုပ်ကိုင် နိုင်တာပေါ့။ ဒို့တွေမှာတော့ သားသမီးတွေ, မြေးတွေ, မြစ်တွေနဲ့ ရှုပ်နေတာ၊ ဒီရဟန်းကို ပြောလိုက်စမ်းချင်ပါဘိတော့"လို့ ဒီလိုမျှား တခါတလေ မတွေး ဘူးလား။ (တပည့်တော်တို့ကတော့ နေ့တိုင်းကို တွေးနေပါတယ် ဘုရား။) ယခုနကပြောတဲ့ စရဏနှင့် ဝိဇ္ဇာဆိုတာဟာ ရှေးအရှင်တွေက တပြိုင်နက်ထဲ ဆောင်တာဗျာ့၊ အဲဒါတွေကို ပြောတတ်တယ် မဟုတ်လား။

ဒို့ကတော့ တောထဲမှာပင် အသာနေတော့ န-လဲ န-သေးတယ်၊ ဖျင်းလဲ ဖျင်းသေးတယ်၊ ဒါ့ကြောင့် သေသေချာချာတော့ ဒို့ကမပြောတတ် ဘူးဗျာ့၊ ဒကာကြီးတွေသာ ပြောမယ်ဆိုရင် ဒီလိုပြောမှာ မဟုတ်ဘူး၊ သေသေ ချာချာ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်နဲ့ ပြောင်းပြောင်း ပြောင်းပြောင်းနဲ့ နားထောင်ကောင်းအောင် ပြောတတ်တယ် မဟုတ်လား။ (တပည့်တော်တို့ပြောတာက အလကားဟာပါဘုရား။) ဟုတ်ပေါင်ဗျာ၊ အဲဒီလိုကို ပြောတတ် ပါတယ်ဗျာ့၊ ကြားကြလား။

## ကလေးငိုလို့ ချော့ရတာလဲ သီလတစ်ပါး

အဲဒါတွေကတော့ သူတို့ နားလည်ပြီးသားဗျာ့၊ တွေးတာကသာ ယခုနကလို တွေးတွေးနေတာ မလုပ်ဖြစ်ဘူးဗျာ့။

သူတို့ဟာက အရှုပ်တွေမှတ်နေတာ၊ ထားသလို ဘယ်ဟုတ်လိမ့် မလဲ။ **ဒါတွေဟာ အလုပ်တွေဗျာ့။**

http://www.dhammadownload.com



အဲဒါ မလုပ်ရင် ဘယ်ဟာမှ ဖြစ်မှာ မဟုတ်ဘူး။ (တပည့်တော်တို့က စရဏဖြစ်အောင် မလုပ်တတ်လို့ပါ ဘုရား။)

အေး.... ဒါဖြင့် ယခုနကလိုဟာကို လုပ်မြဲအတိုင်း လုပ်ပါ၊ လုပ်တော့ ယခုနကလို ချမ်းသာရော၊ ဝီရိယနဲ့ လုပ်လေလေ နေရာကျလေလေ မဟုတ်လား။ (အဲဒီလို လုပ်နေလေလေ နေရာကျလေလေပေမဲ့ တခါတလေ အဆင်မသင့်တာတွေကို တွေ့ရပါတယ် ဘုရား။) ဝီရိယနဲ့ လုပ်နေတဲ့အခါ တော့ အဆင်မသင့်စရာ မရှိပါဘူးဗျာ။ (ဘယ်လိုလဲဆိုတော့ ကလေးက ငိုရော၊ ဒီတော့ တပည့်တော်က တေးချင်းဆိုပြီး သိပ်ရပါတယ်၊ အဲဒီလို တေးချင်း ဆိုတော့ စရဏ ဖြစ်ပါ့မလား ဘုရား။)

မေး။　။တေးချင်း ဆိုတာက ဒကာကြီး ဆိုချင်လို့ဆိုတာ၊ ကလေးငို တာက ချမ်းသာလို့ငိုတာလား၊ ဆင်းရဲလို့ ငိုတာလား။

ဖြေ။　။ဆင်းရဲလို့ ငိုတာပါ ဘုရား။

သူက ဆင်းရဲလို့ ငိုတယ်ဆိုတာ ဘာကြောင့်လဲဆိုရင် စရဏလိုလို့ဗျာ။ (အဲဒီလိုငိုတော့ တပည့်တော်က တေးချင်းဆိုပါတယ် ဘုရား။) ကလေးက ဆင်းရဲလို့ငိုတယ်ဆိုတော့ သူ့ကို ချမ်းသာအောင်ပြုရုံ ရှိတာပေါ့ဗျာ၊ သူငိုတာ က ဆင်းရဲလို့ ငိုတာတဲ့ဗျာ၊ အဲဒါ သူ့ကို ချမ်းသာအောင် လုပ်လိုက်ရင်ပြီး တာပဲ၊ တေးချင်းဆိုတာကတော့ ဒကာကြီး ဆိုချင်လို့ ဆိုတာပါ၊ စင်စစ် မှာတော့ ဒီလောက် ငိုတယ်ဆိုရင် ဒီသမီး ဆိုးသလား၊ ဒီသား ဆိုးသလား၊ ဘာလို့ ငိုရတာလဲ၊ သူငိုတာ ငိုချင်လို့ ငိုတာလား၊ ချမ်းသာလို့ ငိုတာလား၊ ဆင်းရဲလို့ ငိုတာလား။ (ဆင်းရဲလို့ ငိုတာပါ ဘုရား။)

မေး။　။သူ့အပေါ်ကို ပြုဖို့ ဝတ္ထုရားဟာ အမိ လိုတာလား, အဘ လိုတာလား။

ဖြေ။　။အမိရော, သူ့အဘရော လိုပါတယ် ဘုရား။

အေး....အဲဒီတော့ သူ့ကိုပဲ သာသာကလေး ချမ်းသာအောင် ပြုလိုက် ရုံပဲ ရှိတယ်၊ ဒီသားငယ်, သမီးငယ်ကို ချမ်းသာအောင် လုပ်ရတာ ချမ်းသာ သလား၊ ဆင်းရဲသလား။ (မေတ္တာစိတ်ဝင်နေရင် ကုသိုလ် ဖြစ်ပါတယ် ဘုရား။) ချမ်းသာရင် သူ အငိုတိတ်သွားမှာပါဗျာ၊ တိတ်ရုံမကပါဘူး၊ ပြုံးပြီးတော့ လာပါလိမ့်မယ်၊ အဲဒါ စရဏ ကောင်းတာဗျာ။

http://www.dhammadownload.com



မေး။ ။သူ ချမ်းသာလာတော့ အမိ၊ အဘ ဘိုးဘွားများဟာ သူ့အတွက် ဆင်းရဲအုံးမလား။

ဖြေ။ ။အင်မတန် ချမ်းသာပါတယ် ဘုရား၊ ဒါကတော့ 'ဝေဒယိတ သုခ'ထဲက အကုသိုလ်ချမ်းသာပါ ဘုရား။

မဟုတ်ပါဘူး၊ အဟုတ် ချမ်းသာစေချင်လို့ ပြုပြီဆိုရင် အဲဒါ မေတ္တာ ဖြစ်တယ်၊ အဲဒီလို ပြုနေတော့ကို... ဒါဘာတုန်းဆိုတော့ ဤမျှတွင်မကပါဘူး၊ ပြုသင့်ပြုထိုက်တဲ့ ဥစ္စာတွေကို ယခုနကလို ချမ်းသာစေချင်လို့ ချမ်းသာ အောင် လုပ်ချင်တာကတော့ ဒကာကြီးတွေ, ဒကာမကြီးတွေ မှတ်ထားတာ အများကြီးရှိပါတယ်၊ သူတို့က ပြောနေကျ၊ ဆိုနေကျ ဖြစ်ပါလိမ့်မယ်။

ဒို့ကတော့ သူတို့လောက် မပြောတတ်ပါဘူးဗျာ၊ မပြောတတ်ပေမဲ့ ပြောတော့ ပြောရအုံးမယ်။

## မိခင်မေတ္တာ

သီဟိုဠ်မှာ နွားမကြီးတစ်ကောင်ဟာ သူ့သားကလေးနဲ့ ကွဲနေဆို ထင်ပါ့ဗျာ၊ အဲဒီလို သားငယ်ကလေးနဲ့ ကွဲနေတော့ ဒီနွားမကြီးဟာ ချမ်းသာ မှာလား, ဆင်းရဲမှာလား၊ အင်မတန်မှ ဆင်းရဲသတဲ့ဗျာ၊ ဟို ကွဲနေတဲ့ သားငယ် ကလေးကကော။ (သူကလဲ ဆင်းရဲပါတယ် ဘုရ ʼ

အဲဒီတော့ နွားမကြီးက သူ့သားငယ်ကလေးကို လိုက်ရှာရော၊ သား ငယ်ကလေးကလဲ နွားမကြီးကိုရှာ၊ နောက်ဆုံးတော့ သူတို့နှစ်ဦး တွေ့ကြ ရောဗျာ၊ တွေ့ကြတော့ တကတဲမှပဲ ချစ်လွန်းလို့ဗျာ၊ ယခုနကတုန်းက နွားငယ်ကလေးဟာ မွတ်သိပ်ဆာလောင်လို့ အော်၊ ဒါဘာလို့ အော် တာလဲ, ဘာလုပ်တာတုံး၊ ဆင်းရဲလို့ ပြုံးတာလား, ငိုတာလား။ (ဆင်းရဲလို့ ငိုတာပါ ဘုရား။)

နွားမကြီးကလဲ လွမ်းလွမ်းရှိတော့ နွားကလေးလိုပဲ ငိုတာပဲတဲ့ဗျာ၊ အဲဒါ ဘာတုံးဗျာ၊ ပျော်တာလား, ပြုံးတာလား ဘယ်လိုလဲ။ (ဒါ ဆင်းရဲတာ ပါဘုရား။) နောက်ဆုံး သူတို့နှစ်ဦး တွေ့ကြတော့ဟိုက ဘယ့်နှယ်လဲ၊ ပြုံးသလား။ (ဆင်းရဲလို့ ငိုတာပဲဘုရား။) တွေ့ကြတော့ ဟိုကလဲပြော၊ ဒီကလဲပြော, နွားမကြီးကလဲ ဒီကျတော့မှ မွတ်သိပ်ဆာလောင်တဲ့သားငယ်ကို မေတ္တာစိတ်နဲ့ သူ့ရဲနို့ရည်ကို တိုက်ကျွေးတယ်ဗျာ။

http://www.dhammadownload.com



အဲဒါ မေတ္တာဗျာ၊ ဘာမှ မရောဘူး။

ဒီသားငယ်ကို စိတ်အားဖြင့် မေတ္တာသက်ဝင်ပြီးတော့ တပါးအာရုံ မဝင်တော့ဘူးဗျာ။

အဲဒီအခါမှာ မုဆိုးကြီးက လှံနဲ့ထိုး ဆိုပဲ။

မေး။ ။အဲဒီလို လှံနဲ့ထိုးတော့ ပေါက်သတဲ့လားဗျာ။

ဖြေ။ ။မပေါက်ပါဘုရား။

ဟုတ်ကယ့်ဗျာ၊ မပေါက်ဘူး......တဲ့၊ ကြားလား။

မေး။ ။ဒကာကြီးတွေ, ဒကာမကြီးတွေလို မေတ္တာရဲ့ အကျိုးအာနိသင်ဟာ ဘယ်သင်း ဘယ်သင်းရယ်လို့ နွားမကြီးက သိသလား။

ဖြေ။ ။မသိပါဘုရား။

မေး။ ။အေး...ဒီလိုမသိပေမဲ့ ဘယ့်နှယ်လဲ မေတ္တာကတော့ ဖြစ်မနေဘူးလား။

ဖြေ။ ။ဖြစ်နေပါတယ် ဘုရား။

ဒီလို ဖြစ်နေသည့်အတွက် လှံနဲ့ထိုးလို့ မရတာဗျာ၊ လှံနဲ့ထိုးတာက တခါထဲကို သေအောင်ထိုးတာဗျာ၊ အဟုတ်ကို ထက်မြက်တဲ့လှံနဲ့ ထိုးတာဗျာ၊ သို့သော်လဲ ဘယ်လိုဖြစ်သလဲဆိုရင် သူက မေတ္တာနဲ့ ယခုနကလို နေလိုက်တဲ့အခါကျတော့ ထမ်းရွက်ကလေးနဲ့ ထိုးသလိုပဲတဲ့ဗျာ၊ ထန်းရွက် ဆိုတာ သိတယ်မဟုတ်လား။ (သိပါတယ်ဘုရား။) အေး... အဲဒီ ထန်းရွက်နဲ့ ဒီလို နွားမကြီးကိုထိုးတော့ ပေါက်မလား၊ စူးမလား။(မပေါက်ပါ၊ မစူးပါဘုရား။) ဘယ့်နှယ်လဲ။ (ထန်းရွက်သာ လိပ်သွားမှာပါ ဘုရား။)

အဲ.... လှံနဲ့ထိုးလိုက်တာဟာ သူ့လှံက ထန်းရွက်လိုပဲတဲ့ဗျာ။

မေတ္တာရဲ့ အကျိုးအာနိသင်ကို ဒကာကြီးများက ရတယ်မဟုတ်လား၊ ယခုလိုကော ပြောတတ်တယ်မဟုတ်လား။ (မပြောတတ်ပါဘုရား။) ပြောတတ်ပါတယ်ဗျာ၊ ဘာလို့ ပြောတတ်ပါသလဲဆိုရင် မေတ္တာရှင်, ကရုဏာရှင် ဖြစ်ပါတဲ့ အရှင်မြတ်တွေက မေတ္တာရဲ့ အကျိုးအာနိသင် ဘယ်လိုဘယ်လို ဆိုပြီး ပြောထားတာ အကျဉ်း သခေ်ပ, အကျယ်ဝိတ္ထာရ အဲဒီလို သွက်လက် ဖျတ်လတ်တယ် မဟုတ်လား။

http://www.dhammadownload.com



မေး။ ။အဲဒီလို ပြောရင်းဆိုရင်းများ လုံနဲ့ မဟုတ်ပါဘူးဗျာ၊ ခြင်ကောင်ငယ်လေးက ဒကာကြီးများကို သာသာကလေး သူတို့လက်ကလေးနဲ့ နှုတ်သီးကလေးနဲ့ ထိုးလိုက်ရင် ပေါက်မလား, မပေါက်ဘူးလား။

ဖြေ။ ။တပည့်တော်ဆိုရင်တော့ ပေါက်သွားမှာပဲ ဘုရား။

မေး။ ။မေတ္တာကလဲ ပို့လျက်ပဲ မဟုတ်လား။

ဖြေ။ ။မေတ္တာပို့တာကလဲ ပါးစပ်က ရတာတွေကို လျှောက်ဆို နေတာပါ ဘုရား။

မေး။ ။အဲဒီအခါ ခြင်ကလေးက ယခုလို လုပ်လိုက်တော့ ဘယ့် နှယ်လဲ။

ဖြေ။ ။တပည့်တော်တော့ တယ်မလျှောက်ဝံ့ပါဘုရား။ လူထဲ ပြောရမှာ တော်တော်ရှက်စရာ ကောင်းပါတယ်ဘုရား၊ တပည့်တော်တော့ ရိုက်ပစ်လိုက်ပါတယ်ဘုရား။

မေး။ ။'အဝေရာ'တို့ ဘာတို့ကတော့ ဒီလိုလုပ်တယ်မဟုတ်လား။

ဖြေ။ ။အဝေရာဆိုပြီး ဆုံးတောင်မဆုံးသေးဘူး၊ ရိုက်လိုက်တာပါပဲ ဘုရား။

မေး။ ။အဲဒါ မေတ္တာပို့ခေါ်တယ် မဟုတ်လား။

ဖြေ။ ။တပည့်တော်တို့က မေတ္တာပို့တယ်, ပို့တယ်နဲ့ ကုသိုလ်ဘက်က အတင်းယူလိုက်တာပါပဲ ဘုရား။

မေတ္တာများဟာ ပြုဖို့, လိုက်နာဖို့ ခက်သလား။ (တပည့်တော်တို့တော့ လိုက်နာဖို့ရာ တော်တော်ခက်နေပါတယ် ဘုရား။ ပါးစပ်ကတော့ အလွတ် တောင် ဆိုတတ်ပါတယ်။)

## နွားနှင့်လူ ဘယ်သူက မြတ်

မေး။ ။ နို့....နေစမ်းပါအုံး၊ တစ်ခုမေးမယ်ဆိုရင် လူနဲ့နွားဟာ ဘယ်သူက မြင့်မြတ်သတုန်းဆိုရင် ဘယ့်နှယ်ပြောမလဲ။

ဖြေ။ ။လူက သိပ်မြင့်မြတ်ပါတယ် ဘုရား။

မေး။ ။ဟုတ်ကယ့်လားဗျာ၊ ပါရမီကကော လူနဲ့နွား ဘယ်သူက ပါရမီရှိသလဲ မေးရင် ဘယ့်နှယ်ပြောမလဲ။

http://www.dhammadownload.com



ဖြေ။ ။တပည့်တော်တို့ လူဖြစ်အောင် ပါရမီရှိလို့ လူလာဖြစ်တာပါ ဘုရား။

နွားမကြီးကတော သူဘာမှ နားမလည်ရှာပါဘူးဗျာ၊ ယခု ဒကာကြီးတွေ, ဒကာမကြီးတွေကဆိုရင် 'သဗ္ဗေသတ္တာ အဝေရာ **ဟောန္တု'** ဆိုပြီးတော့ မေတ္တာပို့ကြတယ် မဟုတ်လားဗျာ၊ ယခု နွား**မကြီးဆိုရင် သူ့သားငယ်** ကလေးအပေါ်တင်သာ အဲဒီလို မေတ္တာထား**တာတဲ့ဗျာ၊ ဒါတောင်မှ** လှံနဲ့ ထိုးရင် မပေါက်ဘူးတဲ့၊ ဒါတွေကိုလဲပဲ ဒကာကြီး**တွေ, ဒကာ**မကြီးတွေဟာ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် ပီပီသသ **ရှင်းရှင်းသိ**သလို ပြောတတ်တယ် မဟုတ်လား။ (မပြောတတ်**ပါဘုရား။) ပြောနေကျပါဗျာ၊** ဒို့ပြောတာကမှ ဟိုမရောက် ဒီမရောက် ဖြစ်နေသေးတယ်။

မေး။ ။အဲဒီတော့ ပါရမီမရှိတဲ့ အောက်တန်းစား **နွားမှာတောင်** နွားထီးနဲ့ နွားမဟာ ဘယ်သူက အောက်တန်းကျသတုံးဗျာ။

ဖြေ။ ။တပည့်တော်တို့က နွားထက် အထက်တန်းကျပါတယ် ဘုရား။

မေး။ ။မဟုတ်ပါဘူး၊ နွားမှာ နွားထီးနှင့် နွားမဟာ ဘယ်သူက အထက်တန်းကျသတုံး။

ဖြေ။ ။အတူတူပါပဲ ဘုရား။

မေး။ ။ တန်ဖိုးပေးရင် ဘယ်သူ့ကို ပိုပေးရမလဲ။

ဖြေ။ ။ နွားထီးကို ပိုပေးရမှာပဲ ဘုရား။

မေး။ ။ အတူတူဆိုရင် အတူတူပေးပါတော့လား။

ဖြေ။ ။ အထီးက ခိုင်းရတာကိုး ဘုရား။

မေး။ ။ နွားမကတော့ ဘာလို့ မပေးသလဲ။

ဖြေ။ ။ နွားမတော့ မခိုင်းရဘူးဆိုပြီးတော့ တန်းဖိုးနည်းပါတယ်ဘုရား။

မေး။ ။ အဲဒီတော့ ဘယ်သူက အဖိုးတန်သလဲဗျာ။

ဖြေ။ ။ နွားထီးက အဖိုးတန်ပါတယ် ဘုရား။

ဖြေ။ ။ အဲ.... အခုနက ဥစ္စာဟာ နွားထီး မဟုတ်ပေါင်ဗျာ၊ နွားမ မဟုတ်လား၊ သူတောင် ဖြစ်သေးတယ် မဟုတ်လား။

မေး။ ။ သူကတော့ နွားမို့လို့ ဖြစ်တာပါ ဘုရား၊ တပည့်တော်တို့က သူ့လောက် မေတ္တာစိတ် မစူးဘူးထင်ပါတယ် ဘုရား။

http://www.dhammadownload.com



ဖြေ။ ။ဒါဖြင့် 'နွားက လူ့ထက်သာတယ်' ဆိုရင် ဒကာကြီးများက ဘယ်လိုပြောမလဲ။

ဖြေ။ ။ယခုနက အတိုင်းဆိုရင် နွားမက သာနေပါတယ် ဘုရား။

မေး။ ။ဒီလိုဆို ခံချင်ပါ့မလား၊ ယခု ဒကာကြီးကို 'နွားမလောက် မတတ်ဘူး' ဆိုရင် ခံချင်ပါ့မလား၊ တခြားဒကာကြီးတွေ ဒကာမကြီး တွေကလဲ ခံချင်မှာ မဟုတ်ဘူးဗျာ့။ (ယခုလို ပြောတာတောင် တပည့်တော်တစ်ယောက်တည်း အပြန် ကျရင် ဝိုင်းရိုက် မှာလား မပြောတတ်ပါဘုရား။ ဒါကတော့ တပည့်တော် အတင်းပြောတာပါဘုရား။) ယခု ဘယ်သူက သာသလဲ၊

ဖြေ။ ။ယခုနက ပြောတဲ့အတိုင်း နေမှာပါပဲဘုရား။

ဘယ်လိုတုံးဗျာ့။ (တပည့်တော်တို့က ခြင်ကလေး နှုတ်သီးကလေးနဲ့ မထိုးဘဲနဲ့ နားနား ဝီဝီဆိုရင် လာပါပြီ ဘုရား။) ဒါဖြင့်... သူတို့က သာတာပေါ့။ ဒီလိုဆိုရင် ဒကာကြီးကို 'နွားလောက် နေရာမကျဘူး' ဆိုရင် ခံချင်ပါ့ မလား။ (မခံချင်ပေမဲ့ ဒီလို ဖြစ်နေတော့ ခံရမှာပါပဲဘုရား။) 'နွားနဲ့တူတဲ့ ဒကာကြီး' လို့ ဆိုရင်ကာ။ (ဒါတောင်မှ နွားနှင့် တန်းတူမို့လို့ အတော်သက်သာလာပါပြီ။)

## သာသနာမသိသော်လဲ

ယခုနက နွားမကတော့ မေတ္တာနဲ့ နေလိုက်တာ လှံနဲ့ထိုးလို့ မပေါက် ဘူးဆိုရင် ဒကာကြီးတို့ကတော့ လှံနဲ့ထိုးရင် ဘယ့်နှယ်လဲ။ (ပေါက်သွားလိမ့် မယ်လို့ ထင်ပါတယ် ဘုရား။) ဒါနဲ့ တူတယ်ဆိုတာ ဟုတ်ပါ့မလား။ (ဒီကျ တော့လဲ တပည့်တော်တို့မှာ နုံတုန်းပါပဲ ဘုရား။)

သို့သော်လဲပဲ ဒကာကြီးများမှာ ပါရမီရှိတာက အမှန်၊ လိုနေတာက ဘာလိုသလဲဆိုရင် ဝီရိယလိုတာဗျာ့၊ ကြားကြရဲ့လား။ ဝီရိယကလဲ ဘာလဲ ဆိုတော့ 'ငါပြုလိုက်မယ်တဲ့' ဆိုရင် သိပြီးသားတွေဆိုတော့ ခက်ပါ့မလား။ (မခက်ပါ ဘုရား။)

http://www.dhammadownload.com



အေး.... ဝီရိယလိုနေတာဗျ၊ သိတော့ သိပါတယ်၊ အဲဒီတော့ 'ငါဟာ ရှေးအရှင်များရဲ့ ဝီရိယလိုမျိုးကို မီအောင် ညီအောင် ယခု ထူထောင်မယ်' ဆိုရင် ခက်နေမှာလား။ (မခက်ပါဘုရား။) ဒီတော့ နွားတောင် ဖြစ်သေးတာဗျ၊ ဟုတ်ကဲ့လားဗျ။ (သိပ်ရှက်စရာ ကောင်းပါတယ်ဘုရား။ တပည့်တော်တို့ ကြိုးစားပါ့မယ် ဘုရား။)

အေး.... လုပ်တော့ လုပ်မှာနဲ့ တူပါရဲ့၊ ယခုပြောတာကလဲ ဒို့က နည်းနည်းသာ ပြောတတ်တာ၊ ဒကာကြီးတွေ၊ ဒကာမကြီးတွေကဆိုရင် မှတ်ထားပြီးသားတွေ ရှိတယ်မဟုတ်လား၊ ဒီတော့ ပါရမီရှိတယ်၊ ကြားကြရဲ့လား။ အခါကောင်းတယ်၊ ဘဝကောင်းတယ်။

ဒီနွားမကြီးကဆိုရင် ဘုရားသာသနာတော် ရှိပါရဲ့၊ သာသနာကို သူမသိရပါဘူး၊ သာသနာဆိုလို့ သူ့မှာ ဘာမှမသိဘူး။

မေး။ ။ဘဝကတော့ ကောင်းသလား။

ဖြေ။ ။ဘဝလဲ မကောင်းပါ ဘုရား။

သူ့မှာ မေတ္တာနဲ့ ဖြောင့်နေတာပဲ၊ အဲဒီတော့ ယခုလဲ 'သားတွေ သမီးတွေ မြေးတွေ မြစ်တွေက ရှုပ်နေတော့ ဒို့လုပ်ချင်တာ မလုပ်ရဘူး' ဆိုပြီး ပြောရဦးမှာလား။ (မပြောထိုက်ပါ ဘုရား။) အေး.... ယခုနကလို မေတ္တာသာထား၊ ကြားလား။

ဒါဟာ ယခုနကလို ပြုရင် ယခုနက နွားမထက် မသာသင့်ဘူးလား။ (သာသင့်ပါတယ် ဘုရား။) သာသင့်လို့ အဲဒီလိုထားရင် ကောင်းကောင်း စရာ မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား။) အဲဒီ အခါကျတော့ ကိုယ်မှန်း ထားတဲ့ အသီးသီးသော ဗောဓိတွေဟာ မပြီးသင့် မပြီးထိုက်ဘူးလား။ (ပြီးထိုက်ပါတယ် ဘုရား။)

## ဝီရိယ ဘာလုပ်ဖို့ ချန်ထား

အေး..... ဒါကြောင့် ဒကာကြီး ဒကာမကြီးတွေမှာ ပါရမီရှိတယ်၊ ကြားကြရဲ့လား။ အခါလဲ ကောင်းတယ်ဗျ၊ ဘာဖြစ်လို့လဲဆိုရင် ဘုရား သာသနာရှိတဲ့အခါ ဖြစ်တယ်။

မေး။ ။ဘဝ ကောင်းလိုက်တာကတော့ ပြောစရာ ရှိသေးရဲ့လား။

ဖြေ။ ။ပြောစရာ မရှိပါ ဘုရား။

http://www.dhammadownload.com



ဘဝကတော့ ကောင်းတယ်၊ လိုရင် ဘာသာလိုမလဲဆိုရင် ဝီရိယပဲ လိုနေတာဗျာ့၊ ဝီရိယကကော မရှိဘူးလား၊ ရှိတော့ ရှိပါတယ်ဗျာ့၊ ရှိတဲ့ ဝီရိယကို အသုံးမချဘူး။

မေး။ ။ဒီဝီရိယတွေကို မသုံးမချဘဲ ဘာလုပ်ရအောင် သိမ်းထားပါသတုံး။

ဖြေ။ ။တပည့်တော် မစဉ်းစားနိုင်အောင် ဖြစ်နေပါတယ် ဘုရား။

ဘာများလုပ်မလို့ သိမ်းထားပါလိမ့်။ (သုံးတော့သုံးပါတယ်ဘုရား၊ ဝီရိယကို ပိုက်ဆံရဖို့ဘက်က, အပျော်အပါး သွားဖို့ဘက်က, အထွေထွေပါပဲ ဘုရား၊ အဲဒီလိုနေရာတွေမှာ အသုံးချနေပါတယ် ဘုရား။) ဒါဖြင့် ဒါဟာ ဘာလုပ်ရမတုံး။ (တပည့်တော်တို့ပြောတာ တလွဲပြောတာပါ ဘုရား။ မိစ္ဆာဘက်က ပွဲကြည့်တာ, ရုပ်ရှင်ကြည့်တာ အမျိုးမျိုးပါပဲ ဘုရား။)

## အကောင်းဆုံး ပျော်မွေ့ဖွယ်

မေး။ ။နို့..... ဒကာကြီးများက မွေ့လျော်ခြင်းမှာ ဘယ်ဟာ အကောင်းဆုံးလို့ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမကို ရထားသတုံး။ (ဆင်းရဲမှုလွတ်မှုသာ ချမ်းသာတယ်လို့ ရထားပါတယ် ဘုရား။) ဘယ့်နှယ်လဲ၊ ဒို့ရတာက နည်းနည်းရတာ၊ သူတို့က များများကြီးကို ရပါတယ်၊ ကဲ..... ဆိုစမ်းပါအုံး၊ ရပြီးသားကလေးကို၊ အဲဒါ ရတယ်မဟုတ်လား။ (ရတော့ ရပါတယ် ဘုရား။) ရရင် ဆိုစမ်းပါအုံး။

( "သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ=ခပ်သိမ်းသော မွေ့လျော်ခြင်းတို့တွင် တရားဖြင့်မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏"–ပါဘုရား။ )

မေး။ ။အလုံးစုံသော မွေ့လျော်ခြင်းတို့တွင် ရုပ်ရှင်က မွေ့လျော်ခြင်းကို ဒကာကြီး ရပါသလား။

ဖြေ။ ။မရပါ ဘုရား။

မွေ့လျော်ခြင်းတို့တွင် အဲဒါနဲ့ ပျော်ရတယ်လို့မှ ဒကာကြီးများ မရဘဲနဲ့ ဘာဖြစ်လို့ သွားရသလဲ။ (ငိုချင်လို့ပါ ဘုရား။) ဟုတ်ကဲ့လားဗျာ့။ အားလုံးတို့ကို မေးစမ်းပါအုံး၊ ဒကာကြီးပြောတာ ဟုတ်ကဲ့လား၊ ဒကာကြီးကသာ ပြောတာ၊ ဘယ်သူမှ မပြောဘူး။ (ဒီအထဲမှာ ရုပ်ရှင်ကြည့်ဖူးတဲ့ လူတွေချည်းပဲ ထင်ပါရဲ့ ဘုရား။) အေး..... ဒါဖြင့် ဘုရားရှင်ဆုံးမတဲ့ အဆုံးအမတွေကို

http://www.dhammadownload.com



ရကြတာက ယခုနကလို ရတာတဲ့၊ ကိုယ်လုပ်တာ တည့်တာ, မတည့်တာကို ဒို့ကတော့ 'ဒကာကြီးတွေ တည့်တယ်, မတည့်ဘူး' လို့ ပြောလို့ဖြစ်မယ် မထင်ပါဘူး။

## လုပ်သင့်တာ အကုန်လုပ်

အဲဒီတော့ တည့်တာ, မတည့်တာ သိပြီးသကာလ ကိုယ် အလိုရှိတဲ့ ချမ်းသာနှင့် တွေ့အောင်ကတော့ ဘယ်လိုမှ တွေ့မှာလဲဆိုရင် ဘုရားရှင် ဆုံးမပါတဲ့ အဆုံးအမတွေကို မှတ်သားပြီးတော့ တည့်တည့်ဝီရိယ မလိုရအောင် ပြုကြပါဆိုရင် အကုန်လုံးပြုမှ နေရာကျမယ် မဟုတ်လား။ (မှန်ပါ့ဘုရား။) အေး-ဒါတော့ ဘုရားရှင် ဆုံးမတဲ့ အဆုံးအမတွေကို သိပြီးသား ဖြစ်တော့ လိုတဲ့နေရာမှာ မလိုရအောင် ဝီရိယထူထောင်ပြီးတော့ ရှေးသူတော်ကောင်းတို့လို အအား အနားမထားဘဲ ကြိုးစားပြီး ဣရိယာပုတ် တိုင်းမှာ ဖြည့်ကြ, ကျင့်ကြ, အားထုတ်ကြဗျား။

သာဓု.... သာဓု.... သာဓု....။

[ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၂၉-ရက် နေ့ည၊ ၇း၃၀-၉း၄၃၊ ရန်ကုန်မြို့ တက္ကသိုလ် ဓမ္မာရုံ၌ ဟောသည်။ ]



http://www.dhammadownload.com



# ပါရမီပြည့်ပေမယ့်လည်း

'ငါ့မှာ ဝီရိယတွေ ရှိသေးတယ်၊ သည့်ထက်တိုးပြီး ပူဇော်မယ်' လို့ ဆန္ဒဖြစ်သည်အားလျော်စွာ တိုးပြီးတော့ ပူဇော်၊ ပူဇော်တော့ အစီးအပွား တွေဟာ မှန်းသလောက် မကအောင် မြင့်မြတ်သည်ထက် မြင့်မြတ်ပြီးတော့ ချမ်းသာသုခတွေ ဆိုက်လာကြပြီဆိုမှဖြင့် ဘယ်အခါမှ အားမရ မရောင့်ရဲ နိုင်အောင် တသီတတန်းကြီးဟာ အကုန်ဖြစ်တာပဲဗျာ့။

အခွင့်အရေးတို့ ရတာဟာလဲ ဘာသိဘာသာ ရသည် မဟုတ်၊ နောက်တုန်းက ဤကဲ့သို့ အချိန်အခါမျိုးရအောင် များများကြီး သည်ပိုး ရွက်ဆောင် လာကြရပါသဗျာ့၊ ဤသို့ ရွက်ဆောင်တော့မှ သည်လိုရတာဗျာ့၊ ပါရမီတွေ့ကတော့ ပြည့်စုံလုံလောက်ကြပါသဗျာ့။

သို့သော်လဲပဲ သောဝစသတာဂုဏ်နှင့် ပြည့်စုံတော့မှ ယခုရနိုင်ပါ တယ်၊ သည်လိုမှ မပြည့်စုံရင်တော့ မရဘူးတဲ့ဗျာ့။

ရှေးက အရှင်များ ဘုရားအဆုံးအမကို သိပင်သိငြားသော်လည်း မလွဲနိုင်အောင် သိနားလည်ချင်သည် ဖြစ်သောကြောင့် အမှန်ကို ပို့ဆောင် နိုင်တဲ့ အရှင်မြတ်များ အသီးအသီး ရှိတာကို သိပြီးတော့ ဆည်းကပ် ပူဇော်လိုတဲ့အတွက် (ရှေး သီဟိုဠ်ခေတ်က စူဠပိဏ္ဍပါတိကတိဿ ခေါ်တဲ့) အရှင်မြတ်ဆီ ရောက်လာကြတယ်။

ရောက်လာတဲ့ အခါကျတော့ အရှင်မြတ်က-

**မထေရ်ကြီး:** "သင်တို့ ငါပြောတဲ့အတိုင်း လိုက်နာနိုင်ပါ့မလား" မိန့်တော်မူတယ်။

**ပထမရဟန်း:** သည်အခါမှာ တပြိုင်နက်ထဲ ရောက်လာတဲ့ ရဟန်း သုံးပါးတို့တွင် ပထမ တစ်ပါးက "မှန်လှပါ အရှင်ဘုရား၊ အဆုံးအမအတိုင်း လိုက်နာနိုင်ပါတယ် ဘုရား၊ အရှင်မြတ်အား အနည်းငယ်မျှသော အစီးအပွား ရှိမည် ဆိုပါလျှင် အလွန်နက်ဝှမ်းပါတဲ့ တောင်ကမ်း ပါးပြတ်က ခုချက်ချင်း ခုန်ချနိုင်ပါတယ်ဘုရား။"

http://www.dhammadownload.com



# သောဝစဿတာ ရှိဦးမှ

အဲသည်လို လျှောက်သတဲ့။ နောက်တစ်ပါးကတော့--

ဒုတိယရဟန်း "တပည့်တော်သည် ခြေဖနှောင့်က စပြီးတော့ တကိုယ်လုံး တိုသွားအောင် သွေးဆို သွေးပါ့မယ် ဘုရား" တဲ့ဗျာ။ နောက်တစ်ပါးကတော့ -

တတိယရဟန်း "အရှင်မြတ်အတွက် အနည်းငယ်မျှသော အစီးအပွား ရှိပါတယ်ဆိုရင် ထွက်လေ, ဝင်လေကို မရှူဘဲချုပ်ပျောက် စွန့်ပစ်ပြီး သေဆိုသေပါ့မယ် ဘုရား" တဲ့ဗျာ၊ သူတို့လျှောက် တာက အဟုတ်လျှောက်တာဗျာ၊ အဲသည်လို တည့်တည့် ဖြောင့်ဖြောင့် လျှောက်တဲ့ အခါကျတော့-

'ဟယ်-ဒါဖြင့်ရင် သင်တို့ တောင့်တတဲ့အတိုင်းဟာ ကေန္တပြီးကြ တော့မယ်' လို့ အရှင်မြတ်က သိတာပေါ့။

'သောဝစဿတာ' ဂုဏ်နှင့် ပြည့်စုံကြပုံတွေဗျာ။

သည်အရှင်တွေကဲ့သို့ သောဝစဿတာဂုဏ်နှင့် ပြည့်စုံပြီး သဒ္ဓါ၊ ဝီရိယ မီအောင်, ညီအောင်ပြုကြဗျာ။

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-ပ၊ ၁၁၂-လာအတိုင်း ကိုယ်နှင့် အသက်ကို ဆရာအား လုံး၀ ယုံကြည်စွန့်လှူနိုင်ရပုံ, သောဝစဿတာ=ဆရာ့စကားကို တသွေမတိမ်း လိုက်နာသူ ဖြစ်ရပုံကို ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး က ၁၉၅၅-ခုနှစ်၊ မေ ၉-ရက်နေ့ ည တက္ကသိုလ်မွှာရုံ၌ ဟောတော်မူခြင်း ဖြစ်သည်။]

http://www.dhammadownload.com

**တစ်ခုထဲထား**

တစ်ခုတည်းထားပါ။

နှစ်ခုထားနေလို့ရှိရင်

စိတ်နှစ်ခု

ဖြစ်နေဦးမယ်ဗျာ့။

ဝေဘူဆရာတော်ဘုရားကြီး

http://www.dhammadownload.com

## ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

# ၁၀-ဘက်စုံ သာသနာ

## တရားတော်

သီလဆောက်တည်ပြီးကြပြီ၊ ဆောက်တည်လို့ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ, ကျင့်ကြ။

ဘုရားပွင့်တော်မူတဲ့ အချိန်အခါကစပြီး အချိန်တိုင်း အချိန်တိုင်းမှာ ပင်လျှင်ပဲ ဆက်ကာဆက်ကာ များစွာသော လူနတ်ဗြဟ္မာတို့ဟာ စိတ်နှလုံး အလိုအတိုင်း **တဆက်ထဲ တသီတတန်းကြီး ပြီးစီးကြ** ပါတယ်ဗျာ့။

ဒီတော့ ဘုရားရှေ့လက်ထက်တော်က သာလျှင် ဤကဲ့သို့လားလို့ ဆိုလျှင် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်ကြွသွားပြီးတဲ့နောက် ဘုရား ထားတော်မူပါတဲ့ သာသနာ ရှိပါတယ်။

ဤကဲ့သို့ ဘုရားအဆုံးအမ သာသနာကို ကောင်းမွန်စွာ မှတ်သား ပြီးတော့ ရှေးအရှင်များကဲ့သို့ ဝီရိယ, သဒ္ဓါမီအောင် ညီအောင် ထူထောင်ကြ ပါတဲ့ လူနတ်ဗြဟ္မာတွေဟာလဲ အချိန်တိုင်း အချိန်တိုင်း မှာပင်လျှင်ပဲ လိုလား တောင့်တချက်တွေ **ပြီးစီး အောင်မြင်ကြတာဟာ တသီတတန်းကြီး အစဉ် မပြတ်ပါဘူးဗျာ့။**

ကုဋေပေါင်းတစ်ရာပဲ, ကုဋေပေါင်း တစ်ထောင်ပဲ..... ကုဋေပေါင်း အသင်္ချေမက ဤရွေ့ဤမျှရယ်လို့ ရေတွက်လို့ မစွမ်းသာအောင် များပြား ကြပါတယ်။

အခါမလင့် ကိုယ်အလိုရှိတဲ့ နှစ်သက်တဲ့ ချမ်းသာဟာ ဆိုက်ရောက် လာလို့မို့ ဝမ်းမြောက်ကြ, ချမ်းသာကြတယ်။

အချိန်အခါ ဘာဝကော**း**ပြီဆိုမှဖြင့် ကိုယ်အလိုရှိတဲ့, နှစ်သက်တဲ့ ဗောဓိကို ပြီးလောက်အောင် ရှေးအရှင်သူတော်ကောင်းများကဲ့သို့ မချွတဲ့ ဝီရိယနဲ့ မီအောင် ညီအောင် ထူထောင်ကြဗျာ့။

http://www.dhammadownload.com



## ထမင်းစားတာထက် လွယ်

**မခက်ဘူးဗျာ့။**

**လွယ်လိုက်တာမှ အင်မတန် လွယ်တယ်ဗျာ့။**

မေး။ ။ဘယ်လိုများ လွယ်ပါသလဲဆိုတော့ မိမိတို့ ထမင်းဆာလောင် မွတ်သိပ်နေတယ်ဆိုရင် ရှေ့မှာ ကောင်းနိုးရာရာ အဖြာဖြာ တွေကို တည်ခင်းပြီးတော့ ကျွေးတယ် မွေးတယ်၊ ဒီအခါကျ တော့ မွတ်သိပ်ဆာလောင်တာကို ပျောက်အောင် လုပ်ဖို့ရာ ခက်သလားဗျာ့။

ဖြေ။ ။မခက်ပါဘုရား၊ စားရုံပါပဲ။

အဲဒီ စားရုံတွင်မှ မွတ်သိပ်ဆာလောင်တာ၊ စားရမှာ ခက်လိုက်တာနဲ့ ဒီလိုများ ညည်းပြီး မစားဘဲ နေမှာလား။ (မစားဘဲနေမှာ မဟုတ်ပါဘုရား၊ ချက်ချင်းပဲ စားမှာပါပဲ ဘုရား။)

ဒီလို စားဖို့ရာ ခက်သလားဗျာ။ (မခက်ပါဘုရား။)

မခက်ပေါင်ဗျာ။

အဲဒါကမှ ညည်းချင်ညည်းအုံး၊ ဘယ်လိုလဲဆိုတော့ လက်ဆေးရဦး မယ်၊ ဝါးရဦးမယ်၊ ယူပြီးတော့ စားရဦးမယ်၊ ခံတွင်းထဲဝင်အောင် သွင်းရဦး မယ်၊ မျိုရဦးမယ်။

မေး။ ။နောက် ဒီတခါ စားလိုက်ရင် တသက်လုံး ဝပ့်မလား။

ဖြေ။ ။မဝပါဘုရား၊ အခါပေါင်းများစွာ စားရပါတယ် ဘုရား။

အေး နောက်တခါလဲ ဒီလိုပဲ လုပ်ရဦးမှာဗျာ၊ အဲဒါက ဤကဲ့သို့ အဆင့်ဆင့် နှစ်သက်ရာရာ အမျိုးမျိုးအဖြာဖြာကို စုံလင်စွာ စီမံပြီးတော့ တည်ခင်းပြီး ကျွေးတာ မွေးတာကမှ မွတ်သိပ်ဆာလောင်တာ ပျောက်ချင်မှ ပျောက်မယ်၊ ဒီတော့ အဲဒါကို ညည်းချင် ညည်းပါအုံး၊ ဘာ့ကြောင့်လဲဆိုရင် ဤကဲ့သို့ လုပ်ရသေးတာကိုး။

http://www.dhammadownload.com



## သက်သာလွယ်ကူ အရယူ

အခု ဘုရားရှင့်သာသနာ ဘုရား အဆုံးအမ ရှိတဲ့အခါမှာ သုဂတိခွင် လူ့ဘဝကို ရကြတော့ ဘုရား ရွှေလက်ထက်တော်က အဆင့်ဆင့် ဖြစ်ကြတဲ့ လူနတ်ဗြဟ္မာတွေဟာ ဘုရားရှင်ထံမှောက်သို့ ရောက်ကြ, ဘုရားရှင့် အသရေတော်ကို ကြည်ညိုပြီးတော့ အားမရ မရောင့်ရဲနိုင်အောင် ဖြစ်နေတော့မှ ဘုရားရှင်က သဗ္ဗညုတ ရွှေဉာဏ်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း သိပါတဲ့အတိုင်း သိစေတဲ့အခါကျတော့ တပြိုင်နက်ထဲ ခဏလေးနှင့် စိတ်နှလုံးအလို ပြီးတယ်မဟုတ်လား။ (ပြီးပါတယ်ဘုရား။)

လက်ဆေးရသေးလား။ (မဆေးရပါဘုရား။)

စားရသေးသလား ။ (မစားရပါဘုရား။)

ဝါးဝါးပြီး မျိုရသေးသလား။ (မမျိုရပါဘုရား။)

သက်သာလိုက်တာဗျာ....၊ သာသာကလေးရယ်ဗျာ့။

ဒီလို ချမ်းသာသုခတွေရလို့ အပြီးအဆုံးတိုင်သွားတဲ့ အခါ ကျတော့ နောက် ဘာလိုသေးသလဲ။ (ဘာမှ မလိုပါဘုရား။)

**ချမ်းသာလိုက်တာဗျာ**....၊ ကြားလား။

အခုလို အခါကောင်း၊ ဘဝကောင်းတာသိပြီး ဝီရိယကောင်းကောင်းနဲ့ ဒီလိုယူကြပြီဆိုတော့ ဒီလိုပြည့်စုံတာဗျာ၊ အခုလဲ ဒီလိုဝီရိယတွေနဲ့ အခါ ဘဝကောင်းတာသိပြီး ရှေးက အရှင်များကဲ့သို့ ဒီဝီရိယမျိုးကို မီအောင် ညီအောင် ထူထောင်ပြီးတော့ ယူမယ်ဆိုရင် မဖြစ်ပေဘူးလား။ (ဖြစ်ကြမှာ ပါပဲဘုရား။)

**လွယ်လိုက်တာ**.... ဒကာကြီး, ဒကာမကြီးများရယ်။

## တစုတဝေးကြီး ရကြရအောင်

နို့.....ရှေးအရှင်တွေ ဤကဲ့သို့ ချမ်းသာသုခကို လိုချင်တော့ 'ငါက.... ရှင်ဘုရင် လုပ်နေရတာ၊ ဒီရှင်ဘုရင်အဖြစ်နဲ့တော့ မဖြစ်နိုင်သေးပါဘူး' နဲ့ ဒီလိုစိတ်မှာ မထားဘဲ ရှင်ဘုရင်လုပ်ရင်း မဖြစ်ဘူးလားဗျာ။ (ရှင်ဘုရင် လုပ်ရင်း ဖြစ်ပါတယ်ဘုရား။)

http://www.dhammadownload.com



သူဌေးလုပ်ရင်းကောဗျာ။ (သူဌေးလုပ်ရင်းလဲ ဖြစ်ပါတယ်ဘုရား။)

ရှင်ဘုရင် သူဌေးမဟုတ်တဲ့ အားလုံးတို့မှာရော။ (အားလုံးတို့မှာလဲ ဖြစ်ပါတယ်ဘုရား။)

'ငါ့မှာတော့ ကျေးကျွန် ခြွေရံသင်းပင်းက အင်မတန်များတယ်၊ ဒါကြောင့် ဒီဟာကိုလုပ်ဖို့ မဖြစ်နိုင်ပါဘူး' ရယ်လို့များ ရှိသေးသလား။ (မရှိပါဘုရား။) ပြီးတော့ သားသမီး မြေး မြစ်တွေ ကျေးတွေ ကျွန်တွေ ထီးနန်း စည်းစိမ်တွေနဲ့ပင်လျှင်ပဲ ဘယ့်နှယ်တုံးဗျာ၊ ဘုရားအဆုံးအမကို ယူကြတဲ့ အခါမှာ စိတ်နှလုံးအလို မပြီးဘူးလား။ (စိတ်နှလုံးအလို ပြီးစီးပါတယ်ဘုရား။)

ပရိတ်သတ်အများကြီးနဲ့ကော။ (အများကြီးနဲ့လဲ ပြီးစီးပါတယ် ဘုရား။)

တယောက်ထဲကော။ (တယောက်ထဲလဲ ပြီးစီးပါတယ်ဘုရား။)

ဘုရား ရှေ့လက်ထက်တော်ကဆိုရင် ဒီလိုတဲ့ဗျာ၊ အခုခေတ်မှာလဲ ဘုရားဆုံးမတာတွေကို ကောင်းမွန်စွာ မှတ်သားပြီး ဒီလို ဝီရိယနဲ့ ထူထောင်ပြီး ယူကြမယ်ဆိုရင် ပင်ပန်းမှာလားဗျာ။ (မပင်ပန်းပါ ဘုရား။)

**လွယ်လိုက်တာ....** ဒကာကြီး ဒကာမကြီးများရယ်....။

မေး။ ။သို့ပေမယ်လို့ သူတို့များမှာကတော့ 'နိဗ္ဗာန်တော့ လိုချင်သား၊ ဘယ်လို လုပ်ရဦးမယ်၊ ဒါတွေကတော့ အခုဒီလို လုပ်နေရသေးတယ်၊ ဒါကြောင့် မလုပ်နိုင်သေးဘူး' နဲ့ အဲဒီလိုများ ပြောနေသေးသလား။

ဖြေ။ ။ ဒီလိုပဲ ပြောနေတာပါပဲ ဘုရား၊ နိဗ္ဗာန်တော့ လိုချင်တယ်၊ သားသမီးတွေကို ပစ်ပြီးတော့ တောထွက်ရမလို ဖြစ်နေတယ်၊ အဲဒါကို ကြောက်တာနဲ့ မလုပ်ဝံ့အောင် ဖြစ်နေပါတယ် ဘုရား။

မစွန့်ပါနဲ့ဗျာ၊ ဘုရားဟောတာကိုသာ တခါထဲ ဒီလို အာရုံပြုပါဗျာ၊ ဘုရားရှေ့လက်ထက်တော်က တစုတဝေးကြီး ရောက်သွားတာတွေကို မနည်းပါဘူးတဲ့ဗျာ၊ ဘယ့်နှယ်လဲ၊ အကုန်လုံးရတယ် မဟုတ်လား။

မေး။ ။အထက်က သိကြား ဗြဟ္မာနတ်တွေကလဲ သူတို့ပရိတ်သတ်တွေနဲ့ သူတို့ လာတာပဲမဟုတ်လား၊ အဲဒီ သူတို့ပရိတ်သတ်တွေနဲ့ အကုန်လုံး မရဘူးလားဗျာ။

http://www.dhammadownload.com



ဖြေ။ ။အကုန်လုံးရပါတယ် ဘုရား။

သို့သော်လဲ ဘုရားထံမှောက်သို့ ဘုရားပွင့်တော်မူတဲ့အချိန် အခါရယ်လို့ သိပြီးတော့ ဝမ်းမြောက်ပြီး ဝီရိယရှိတော့မှ ရောက်တာဗျာ၊ အဲဒီလို ရောက်ရင်ပဲ ဘုရားရှင်က မဟာကရုဏာအရှင် ဖြစ်သည့် အားလျော်စွာ သဗ္ဗညုတ ဉာဏ်တော်ဖြင့် သိပြီးတော့ ညွှန်ကြားဆုံးမတဲ့ အခါမှာ **ခဏတမုဟုတ်ချင်း ထိုင်ရာမထ** ပြီးစီးကြတယ် မဟုတ်လားဗျာ့။ (ပြီးစီးပါတယ်ဘုရား။) **လွယ်လိုက်တာဗျာ....။**

လွယ်တာ ဘာကြောင့်လဲဆိုရင် အခုနကလို စိတ်က ထားတာဗျာ၊ အခုလဲ ဒီလိုထားရုံပါပဲဗျာ့။ (ဒီလိုထားရုံတော့ ထားရုံပါပဲဘုရား။ ဒါပေမဲ့ ဘယ်လို ထားရမှန်းကို မသိသေးပါ ဘုရား။)

အံမယ်.... ဘယ်လိုများ ထားရမှာလဲဗျာ၊ အခု ဒကာကြီး ဒကာမကြီးတွေဟာ မေတ္တာရှင် ကရုဏာရှင် ဖြစ်ပါတဲ့ သံဃာတော် အရှင်ကောင်း အရှင်မြတ်တို့က အစဉ်အားဖြင့် အခွင့်အခါရတိုင်း ဘယ်အခါမှမပြတ်အောင် သုံးဖြာသော ပိဋကတို့ကို ထပ်ထလဲလဲ သွန်သင်လို့ ဆုံးမလို့ ဟောလို့ ပြောလို့ ပို့လို့ချလို့ နည်းမျိုးစုံနဲ့ ဘယ်ဟာမှ မလပ်ရအောင် ဤကဲ့သို့ ညွှန်ကြားဆုံးမပြီးတော့ အမြဲနေတော့ အားလုံးတို့ဟာ ဘုရား အဆုံးအမ တွေကို ပွန်းတီး လိမ်မာပြီးသားတွေ မဟုတ်လားဗျာ။ (အချို့တော့လဲ လိမ်မာပါတယ်ဘုရား၊ အများအားဖြင့်တော့ မသိကြသေး ပါဘုရား။)

လိမ္မာကြပါတယ်ဗျာ၊ အခုလို ရောက်လာကြတဲ့ ဒကာကြီး ဒကာမကြီးတွေဟာ ဘာသိဘာသာနဲ့ တရားနာလာတာ မဟုတ်ဘူးဗျာ၊ ရောက်လေရာရာမှာ တရားဟောနေတဲ့ ဓမ္မကထိကချည်းပဲ မဟုတ်လားဗျာ့။ (မဟုတ်ပါဘုရား။) ဟုတ်တော့ ဟုတ်မှာပါဗျာ့၊ သူများပြောတာတောင် 'မင်းအသာနေစမ်းပါ၊ ငါပြောစမ်းပါ့မယ်' နဲ့ ဒီလို လုပ်မှာပါဗျာ၊ (တပည့်တော်တို့ ပြောတာက အလွဲတွေပါဘုရား။)

ဘယ်လွဲမလဲ၊ မေတ္တာရှင် ကရုဏာရှင်တွေက သွန်သင် ဆုံးမထားတော့ တခုခုပြောချင်တယ်ဆိုရင် သူတို့မှာ အမျိုးမျိုး အဖုံဖုံ ကျယ်ကျယ် ဝန်းဝန်းနဲ့ များများကြီး ပြောတတ်၊ ဟောတတ်ပြီးသား နေမှာပါဗျာ၊ ဟုတ်ကယ့်လားဗျာ၊ အဲဒီလို ဟောတတ် ပြောတတ်ပြီးသားပါဗျာ့၊ ဘာဖြစ်လို့ လဲဆိုရင် အကုန်စလုံးဟာ ကြီးကြီး ငယ်ငယ်တို့ အားလုံးဟာ ပွန်းတီးလိမ္မာ

http://www.dhammadownload.com



ပြီးသားပါ။ ဘာ့ကြောင့်သိရသလဲဆိုရင် အနည်းငယ် စပြောလိုက်ရင်ပဲ သူတို့ သိပါတယ်ဗျာ့၊ ဘယ်လိုလဲဆိုတော့ 'ဒါက သုတ်ပါဗျာ၊ ဒါက အဘိဓမ္မာပါဗျာ၊ ဒါကဝိနည်းပါဗျာ' ဆိုပြီး ဒီလိုသိကြတယ် မဟုတ်လား။ (သိတဲ့လူနည်းပါတယ်ဘုရား။) ဘယ်ဟုတ်လိမ့်မှာလဲ၊ အကုန်လုံး သိပါတယ်ဗျာ့။ အဲဒါကြောင့် ဘုရားဆုံးမတဲ့ အဆုံးအမကို ကောင်းကောင်းလှလှကြီး ပွန်းတီး လိမ္မာကြတဲ့ သူတော်ကောင်းတွေမို့လို့ အဲဒီလိုဖြစ်ပါသဗျာ့။

အဲဒီတော့ ဒီလိုမှတ်သားပြီးထားတဲ့ဟာတွေဟာ များပြား ကြပါတယ်၊ အဲဒါတွေထဲက အကုန်လုံးမဟုတ်ပါဘူးဗျာ့၊ ကိုယ်နှစ်သက်ရာ ဘုရားဆုံးမတဲ့ အဆုံးအမမှန်မှန်တခုကို သန်သန်ဝီရိယနှင့် အာရုံပြုပြီးတော့ စူးစူးစိုက်စိုက် ကြည့်ပါ၊ အဲဒီလိုကြည့်တဲ့အခါမှာ ထိုထို ထိုထိုတပါးအာရုံတွေ မသွားဘဲနဲ့ စိတ်အားဖြင့် စိုက်စိုက်စူးစူးကလေး ထားပါ။

## ခုလုပ် ခုချက်ချင်း ချမ်းသာ

အဲဒီလို ထားနေတဲ့အခါမှာ ဆင်းရဲကို ဖြစ်စေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေဟာ ရှိပါ့မလား။ (မရှိတော့ ပါဘုရား။) ဒီတော့ လောဘ၊ ဒေါသ၊ မောဟ သန့်ရှင်းစင်ကြယ်တယ်ဆိုတော့ ဒီအချိန်မှာ ကြောင့်ကြရမှု စိုးရိမ်ရမှု ပူပန်ရမှု ရှိပါဦးမလား။ (မရှိတော့ပါဘုရား။) စိုးရိမ်ကြောင့်ကြ ပူပန်ရမှုတွေဟာ ဆင်းရဲလား၊ ချမ်းသာလား။ (ဆင်းရဲပါဘုရား။) ဒီစိုးရိမ် ကြောင့်ကြပူပန်ရမှု မရှိဘူး ဆိုရင်ကော။ (ချမ်းသာပါဘုရား။)

ဒီတော့ ဘုရားဆုံးမပါတဲ့ အဆုံးအမ မှန်မှန်တခုကို ကောင်းမွန်စွာ မှတ်သားပြီးတော့ ဝီရိယသန်သန်နှင့် ရှေးအရှင်များကဲ့သို့ မိအောင်ညီအောင် ဒီလို ထူထောင်လိုက်မယ်ဆိုရင် ဝီရိယိဒ္ဓိပါဒ်က ဆိုင်းနေမှာလားဗျာ။ (မဆိုင်းပါဘုရား။) အခုဆို အခုမဟုတ်လား။ (အခုချက်ချင်းပါဘုရား။) အဲ- အခုပဲ အာရုံပြုလိုက်ပါဆိုတော့ သူတို့မှာ မှတ်သားပြီးထားတာ အများကြီး ဆိုတော့ ကိုယ်နှစ်သက်ရာ တခုခုကို ဆိုရင်ပဲ အာရုံပြုပြီးသား ဖြစ်နေပြီဗျာ့၊ အားလုံးပြုပြီးသားမဟုတ်လား။ (မပြုတတ်သေးပါဘုရား။)

http://www.dhammadownload.com



## အတူတူမှာ ဟိုဟာရွေး သည်ဟာရွေး

အံမယ်.... နေမှာမဟုတ်ပါဘူးဗျာ၊ သူတို့ပြုမှာဗျာ၊ ဒို့ကသာ တခုပြောတော့ သူတို့က 'ဟိုဟာကောင်းတယ်၊ ဒီဟာကောင်းတယ်၊ဒါလဲစမ်း ဟိုဟာလဲစမ်း' နဲ့ ဘယ်နှစ်မျိုးများ ပြောင်းပြောင်းပြီး လုပ်လိုက်တယ် မသိပါဘူး၊ ဒို့ကသာ လျှောက်ပြောနေတာ၊ သူတို့က ဘယ်နှမျိုးလောက်များ ပြီးသွားမှန်းတောင် မသိပါဘူး၊ အများကြီးပါဗျာ၊ ဟုတ်ကဲ့လား၊ အများကြီးကို ပြီးသွားမှာဗျာ့။

သို့သော်လဲ ဘယ်ဟာပဲဖြစ်ဖြစ် 'ဆင်းရဲမှ လွတ်မှုတစ်ခု' ဆိုတာ ကိုတော့ နားလည်ရမယ်။

ဒီလို အများကြီးရှိတာမှ တခုကို အာရုံပြုလိုက်မယ်ဆိုရင် လောဘ၊ ဒေါသ၊ မောဟတို့ဟာ သန့်ပြန့်စင်ကြယ်လို့ အခုချက်ချင်းပဲ ဆင်းရဲမှ လွတ်ပါတယ်။

သည့်ပြင်ဟာကို အာရုံပြုမယ်ဆိုရင်လဲ ဒီလိုပဲ ဆင်းရဲမှ လွတ်မှာပဲ။ (မှန်ပါ့ဘုရား။)

## ဘယ်ရေ သောက်သောက် မွတ်သိပ်ပျောက်

မေး။　။အခုဒကာကြီး၊ ဒကာမကြီးတွေဟာ ရေအိုးတွေကို ဟိုနေရာ မှာလဲထား၊ ဒီနေရာမှာလဲ ထားတော့ ရေသောက်ချင်တဲ့ အခါမှာ ဘယ့်နှယ်လဲ။

ဖြေ။　။ရေအိုး ရှာသောက်ရပါတယ် ဘုရား။

မေး။　။ဒီရေအိုးထဲက ရေကိုသောက်တော့ ဘယ့်နှယ်လဲ။

ဖြေ။　။ရေငတ်ပြေပါတယ် ဘုရား။

မေး။　။ဒီရေအိုးကတော့ ဝပြီ၊ ဟိုရေအိုးကို သွားသောက်ဦးမယ်လို့ လုပ်သေးသလား။

ဖြေ။　။ဟိုရေအိုးကို သွားမသောက်တော့ပါဘုရား။

မေး။　။ဟိုရေနှင့် ဒီရေဟာ တမျိုးစီလား။

ဖြေ။　။အတူတူပါပဲ ဘုရား။

မေး။　။ဘယ်လိုတူပါလိမ့်။

http://www.dhammadownload.com



ဖြေ။ ။ရေချင်းအတူတူပါပဲ ဘုရား။
မေး။ ။ရေချင်းတူတော့ ဘယ်လိုဖြစ်မလဲ။
ဖြေ။ ။ ဟိုရေသောက်တာလဲ ဝတာပါပဲဘုရား၊ ဒီရေသောက်တော့လဲ ဝတာပါပဲဘုရား။
မေး။ ။ တခုခုက ယူသောက်လိုက်ရင် ပြီးတာပဲ မဟုတ်လား။
ဖြေ။ ။ ပြီးတာပါပဲ ဘုရား။

ဒီဟာ သောက်ရင်လဲ အတူတူပဲဆိုတာ နားလည်သွား ပြီလား၊ အခုလဲ ဘုရားဆုံးမပါတဲ့ အဆုံးအမတော်တွေဟာ ဆင်းရဲမှ လွတ်မှုတခုပါပဲ၊ အခုနက ရေအိုးတွေကို ဟိုနေရာ ဒီနေရာထားထာနဲ့ တူတယ်ဗျာ၊ အားလုံးဟာတော့ ရေချည်းပဲ။ (တပည့်တော်တို့မှာ ရေအိုးတောင် ရှာမတွေ့သေးပါဘုရား၊ သောက်ဖို့ဆို ဝေးရော။) ဒါကတော့ သူတို့မှာ ပေါပေါများများ ရှိပါတယ်ဗျာ။

## အားလုံးတူတာ တခုတည်း

သို့သော်လဲ ဒီလိုပြောကြပါစို့ရဲ့၊ တခုခုနဲ့ များပြီးနေပေမဲ့ အတူတူပါပဲ၊ သို့သော်လဲ တမျိုးစီ ဖြစ်နေတယ်ဆိုရင် အကုန်လုံး အတူတူ၊ တပြိုင်နက်ထဲ ဖြစ်တာလဲ အတူတူ၊ လုပ်တာလဲ အတူတူ၊ အဲဒီလိုတူတာတွေ ပြောကြပါစို့ရဲ့၊ အေး... အေး ဒီတော့ ဘယ်သင်းရှိသလဲ ဆိုတော့ အားလုံး ဒကာကြီး, ဒကာမကြီးတွေဟာ ကြီးကြီးငယ်ငယ် အသက်တော့ မရှူကြဘူးလား။ (အသက်ရှူပါတယ်ဘုရား။)

အသက်ရှူပါတယ် ဆိုတာက လေနှစ်ရပ်တို့ဟာ ထွက်လိုက်, ဝင်လိုက်နဲ့ နေတာကို အသက်ရှူတယ်လို့ ခေါ်တာဘဲ မဟုတ်လားဗျာ့။ (ဒါကိုပဲ ခေါ်ပါတယ်ဘုရား။) အသက်ရှူတဲ့အခါကျတော့ ဘာနှင့်အသက်ရှူကြသတုံးဗျာ့။ (နှာခေါင်းနဲ့အသက်ရှူပါတယ်ဘုရား။) အဲဒီလိုအသက်ရှူတဲ့ နေရာမှာ ဒို့ကတော့ နှာခေါင်းနဲ့ဆိုတော့ ဒိပြင်ဘာနဲ့ ရှူတာများ ရှိသေးသလဲ။ (မရှိပ္ပါဘုရား၊ နှာခေါင်းနဲ့ချည်းပါပဲ။) ကောင်းပါ့ဗျာ၊ ဘယ်အချိန်ကစပြီး အသက်ရှူကြသတုံး။ (မွေးကထဲကစပြီး အသက်ရှူပါတယ်ဘုရား။) ပြီးတော့ ထိုင်နေရင်းရော အသက်မရှူဘူးလား။ (ရှူပါတယ် ဘုရား။) မတ်တတ်ရပ်

http://www.dhammadownload.com



ရင်းကော။ (ရှုတာပါပဲ ဘုရား။) လမ်းခရီး သွားရင်းကော။ (ရှုပါတယ် ဘုရား။) စားဖို့သောက်ဖို့ အလုပ်တွေလုပ်ရင်းကော။ (ရှုပါတယ်ဘုရား။) အိပ်ပျော်သွားတော့ကော။ (ရှုတုန်းပါပဲဘုရား။) ဒီတော့ အလုပ်တွေက ရှုပ်လိုက်တာ များလိုက်တာ အသက်မရှူအားပါဘူး၊ နားလိုက်ဦးမယ်လို့ ဒီလိုများ နားနေလို့ ဖြစ်သလား။ (နားလို့ မဖြစ်ပါ ဘုရား။)

ဒီဟာကတော့ အားလုံးဟာ ပွန်းတီးလိမ္မာပြီးသားပေ့ါ။

(ပွန်းတီးလိမ္မာပါတယ်ဘုရား။)

ဒီတော့ လေကလေးထွက်တာ ဝင်တာဟာ ဘယ်အခါမှ မပြတ်အောင်ဖြစ်နေတော့ ဒီဟာကို စိတ်အာရုံအားဖြင့် ထွက်တာ ဝင်တာကို သိအောင် ပြုရမယ်ဆိုရင် ခက်ဦးမလား။ (မခက်ပါဘုရား။) ဒါဖြင့်ရင် ဒီလေကလေးထွက်တဲ့အခါမှာ အေး... အေး... အေး... အေး... နဲ့ ဘယ်နေရာကလေးကို တိုက်ပြီးတော့ ထွက်သလဲ။ (နှာသီးဝကို တိုက်ပြီးတော့ ထွက်ပါတယ်ဘုရား။) ဝင်တော့ကော။ (ဝင်တော့လဲ အဲဒီနေရာကိုပဲ တိုက်ပြီး ဝင်ပါတယ်ဘုရား။) ဒီတော့ အဲဒီနေရာဟာ ထင်ရှားတော့ အဲဒီနေရာကို လက်ကလေးတခုနဲ့ သာသာကလေး ထိပြီးတော့ထားရင် သိပြီးတော့ မနေပေဘူးလား။ (လက်နဲ့ထိပြီးတော့ ထားရင် သိနေပါတယ်ဘုရား။) အေး... ဒါကြောင့်မို့ လက်နဲ့ထိတော့ သိပြီးနေသလို ထိုထို ထိုထို တပါး အာရုံတွေ မသွားရအောင် စိတ်ကို ဒီလိုထားဗျာ၊ ဒီလိုထားတော့ကို စိတ်ဟာ ထိုထို ထိုထိုမသွားဘဲ နေတယ် မဟုတ်လား။ (နေပါတယ်ဘုရား။)

## အတွင်းအပြင် လိုက်မသွားနှင့်

စိတ်ကလေးကို အဲဒီလိုထားဗျာ၊ ဟုတ်ကယ့်လား ။

ထားတော့ကို လေကလေးဟာ ဒီနေရာကလေးကို အေး...အေး... အေး... အေး... နဲ့ တိုက်ပြီးတော့ ထွက်တာကို သိတယ်၊ **ဟိုဘက်ကို လိုက်မသွားနဲ့။**

ဝင်တော့လဲ အေး... အေး... အေး... အေး... နဲ့ တိုက်ပြီးတော့ ဝင်မယ်၊ **အတွင်းကို လိုက်မသွားနဲ့ ။**

အဲဒီတော့ ဒီနေရာမှာ **တဆက်ထဲ မပြတ်ဘဲနဲ့** တထိထဲထိနေတာကို တသိထဲ သိမနေပေဘူးလား။ (သိနေပါတယ်ဘုရား။)

http://www.dhammadownload.com



အဲဒီလို သိပြီးနေတဲ့အခါမှာ ဆင်းရဲကို ဖြစ်စေတတ်ပါတဲ့ လောဘ၊ ဒေါသ၊ မောဟတို့ ရှိသေးသလား။ (မရှိပါဘုရား။) ဒီလို ဆင်းရဲကို ဖြစ်စေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟ တို့ မရှိတာဟာ အကုသိုလ် မရှိတာပေါ့။ (မှန်ပါဘုရား။) ဒီအချိန်မှာ စိုးရိမ်ရမှု ကြောင့်ကြရမှု၊ ပူပန်ရမှု ရှိပါဦးမလား။ (မရှိပါဘုရား။)

ဒီလို စိုးရိမ်ကြောင့်ကြရမှု ပူပန်ရမှု မရှိဘူးဆိုရင် သန့်ပြန့် စင်ကြယ်မှုဟာ ဆိုင်းနေပါဦးမလား။ (မဆိုင်းပါဘုရား။ ) အခုချက်ချင်း ဝီရိယကို ထူထောင်ပြီးတော့ ဤကဲ့သို့ သန့်ပြန့်စင်ကြယ်သွားတာက ဝီရိယိဒ္ဓိပါဒ်၊ ဒီတော့ အခုလိုထိုင်ပြီးတော့ ထားရင်မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။) မတ်တတ်ရပ်ရင်းကော။ (ဖြစ်ပါတယ်ဘုရား။) လမ်းသွားရင်းကော။ (ဖြစ်ပါတယ်ဘုရား။) စားဖို့သောက်ဖို့ အလုပ်တွေလုပ်ရင်းကော။ (ဖြစ်ပါတယ်ဘုရား။) ဤကဲ့သို့ထားရတာဟာ ပင်ပန်းသလား။ (မပင်ပန်းပါဘုရား။) ပစ္စည်းကုန်သလား။ (မကုန်ပါဘုရား။) အလုပ်အကိုင် ပျက်သလား။ (မပျက်ပါဘုရား။)

မေး။ ။ဒီတော့ ဘုရားဆုံးမပါတဲ့ အဆုံးအမတော်တွေကို လိုက်နာဖို့ရာ မဖြစ်တဲ့နေရာရယ်လို့ ရှိသေးသလားဗျာ။

ဖြေ။ ။ မရှိပါ ဘုရား။

**လွယ်လိုက်တာ . . .** ဒကာကြီး ဒကာမကြီးများရယ်။

ဘုရားရှင်လက်ထက်တော်က မြင့်မြတ်ကြပါတဲ့ တပည့်သား တပည့်သမီး ဥပါသကာ၊ ဥပါသိကာတွေဟာ ဤကဲ့သို့ အဆုံးအမတွေကို မှတ်သားပြီးပြီဆိုတော့ ဣရိယာပုတ်လေးပါးမှာ ဘယ်အခါမှ မပြတ်အောင် တခါထဲ တဆက်ထဲဒီလိုထားကြတာတဲ့ဗျာ၊ ဤကဲ့သို့ ထားသည်ဖြစ်သောကြောင့်စိတ်နှလုံးအလို တောင့်တတဲ့အတိုင်းဟာ ပြီးစီး အောင်မြင်ကြလို့မို့ ဝမ်းမြောက်ကြရ သတဲ့ဗျာ၊ ဝမ်းသာကြရသတဲ့ဗျာ။

ဒါဟာ တခဏစာ တဘဝစာမဟုတ်ဘူး၊ သံသရာ တလျှောက်လုံး အတွက် ကောင်းကောင်းလှလှကြီး လုံလောက်ကြသတဲ့ဗျာ၊ အဲသည်လိုဗျာ။

http://www.dhammadownload.com



## များလို့မကြောက်နဲ့၊ တခုတည်း

သည်တော့ အခုလိုပြောတော့ အားလုံး နားလည်ပါတယ်၊ သို့သော် သည်ဆင်းရဲမှ လွတ်အောင်လို့ သုံးဖြာပိဋက၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတွေ လုပ်ရမှာ ကြောက်ပြီးတော့ နေကြတယ်။

သည်ဆင်းရဲမှ လွတ်မြောက်အောင် သမထ၊ ဝိပဿနာ ဆိုလို့ရှိလျှင် လဲ အဲဒါတွေကတော့ များလွန်းလွန်းလို့ တခုလောက်ကိုပဲ ဘုရားအလို တော်ကျ လုပ်ကြပေါ့။ အမှန်က များတယ်လို့သာထင်တာ၊ စင်စစ်မှာတော့ တခုတည်းပါပဲ။

ဝိပဿနာမှာလဲ ဆင်းရဲမှလွတ်အောင် အမှန်သိဖို့ရာ အားပုံးကို မှတ်သားထားတာတွေကို အားလုံး ပြောပြစမ်းပါလို့ဆိုရင် မကုန်နိုင်အောင် များတယ်၊ အဲသည်လို များပြားကြတယ်၊ များပြားပင် များပြားငြားသော်လဲ စင်စစ်မှာတော့ ဆင်းရဲမှ လွတ်မှု တခုတည်းပါပဲ။

သည့်ပြင် သူတို့ပြောကြတာ အားလုံးကို ပြောတော့ ပြောတာပေါ့၊ သူတို့က ဒါဟာ ကုသိုလ်၊ အကုသိုလ်၊ ဒါက ဒုစရိုက်၊ သုစရိုက်တစ်လုံးတလေ ပြောတယ်။

ဒကာကြီးတွေ ဒကာမကြီးတွေကတော့ ဒါတွေကို အောက်တန်း ကျတယ်လို့ ထင်မှာ။

'ခန္ဓာ အာယတန ပရမတ် ပညတ် သက္ကာယဒိဋ္ဌိ' ပေါ့လို့၊ ဒါတွေ ပြောနေတာဗျာတို့ရဲ့။ (ပြောနေပါတယ်ဘုရား၊ ဒါပေမယ့် နားမလည် ပါဘူးဘုရား၊ သက္ကာယဒိဋ္ဌိဆိုတာ တပည့်တော်တို့ ဘာ႕န်းတောင်မသိပါ ဘုရား။) နားလည်ပါတယ်ဗျာ၊ တကထဲပါမှပဲ ခုနကပြောတဲ့ 'ရုပ်အဋ္ဌဝီသ၊ နာမ်တေပညာသ' တွေကို သေသေချာချာပွင့်ပွင့်လင်းလင်း သိပါတယ် မဟုတ်လားဗျာ။ (မသိပါဘုရား။) သိပါတယ်ဗျာ။ (မသိပါဘုရား၊ယောင်ယမ်း ပြောနေတာပါဘုရား။)

http://www.dhammadownload.com



## ဝိဇ္ဇာမျက်စိ အမှန်သိ

အဲသည်မှာ 'မသိတာကရုပ်, သိတာကနာမ်'၊ အဲဒါတွေက သွန်သင်ဆုံးမပြီး အနည်းနည်းအဖုံဖုံ သိနားလည်အောင် ရှင်းရှင်းလင်းလင်းနှင့် ထပ်တလဲလဲ အဲဒါတွေကို သူတော်ကောင်း အသီးသီးတို့က မေတ္တာမိုးရွာပြီး သကာလ သင်ကြားဆုံးမပြီး နေကြတော့ နားလည်တယ်မဟုတ်လားဗျာ့။ (နားမလည်ပါဘုရား၊ စမ်းတဝါးဝါးပါပဲဘုရား။)

မစမ်းတဝါးပါဘူးဗျာ၊ သို့သော်လည်း ယခုနက 'မသိတာ ဆိုတာက ရုပ်, သိတာကနာမ်'ဆိုတော့ နှာသီးဖျား နှာဝဆိုတာ ရုပ်လား, နာမ်လား။ (ရုပ်ပါဘုရား။) သိပြီးတော့နေတာက ဘာလဲ။ (နာမ်ပါဘုရား။) နှာဝမှာ ထိပြီးတော့ နေတာကို ဘုရားရှင်အလိုတော်ကျကို သိတယ်၊ သိပြီးတော့ နေတဲ့အခါကျတော့ သည်လိုထားတယ်၊ ဒါကို သိသည်နှင့် တပြိုင်နက် ရုပ်နာမ် နှစ်ခုကို စူးစူးစိုက်စိုက် ရှိတာနှင့် တပြိုင်နက်တည်း သိမနေဘူးလား။ (တပြိုင်နက်တည်း သိနေပါတယ် ဘုရား၊ စူးစူးစိုက်စိုက် ရှိနေပါတယ်ဘုရား။)

သည်လို စူးစူးစိုက်စိုက် ရှိနေတဲ့အခါမှာ ရုပ်နာမ်ကိုသာလျှင် သိတယ် မဟုတ်လား၊ ရုပ်နာမ်ကို အဲသည်လို သိနေတဲ့အခါမှာ ဘာခေါ်သလဲ၊ အဝိဇ္ဇာလား, ဝိဇ္ဇာလား။ (ဝိဇ္ဇာပါဘုရား။) ဝိဇ္ဇာလို့ခေါ်တယ်။

ထားတဲ့နေရာ မနေဘူးဆိုရင် ဝိဇ္ဇာလား, အဝိဇ္ဇာလား။ (အဝိဇ္ဇာပါဘုရား။) ထားတဲ့အတိုင်း ရှိတယ်ဆိုတဲ့ နေရာကလေးမှာ ထားတယ်။ နေတယ်၊ နေတော့ အဝိဇ္ဇာတွေ ဘယ်သွားကုန်သဲ။ (ထွက်ပြေးကုန်ပါတယ် ဘုရား။)

ဘယ်နေရာ သွားပုန်းကြသလဲဗျာ့။ (တခါတည်း ပျောက်သွားပါတယ် ဘုရား။) အဲသည့်အတိုင်း ဘုရားရှင် အဆုံးအမက သည်လို မြင့်မြတ်တာဗျာ၊ အဝိဇ္ဇာဟာ တခါတည်း ကုန်မသွားဘူးလား၊ တချို့က 'အဝိဇ္ဇာ အားကြီးလွန်းလို့ မဖြစ်နိုင်ဘူး'လို့ သည်လိုကော မပြောင်းကြဘူးလား။

အဲဒါက ဘုရားအဆုံးအမကို လှန်ပြီးပြောတာဗျာ့။

ဘုရားဟောတာက တည့်တည့် ဟောတာပဲ။

(ဒါက အဝိဇ္ဇာကြောင့် မသိလို့ ယောင်ယမ်းပြီးပြောတာပါဘုရား။)

အဲသည်လို နှာဝမှာထားလိုက်တဲ့အခါမှာ အဝိဇ္ဇာဟာ ဘယ် သွားမှန်း မသိကြောင်းကို သွက်လက်ဖျက်လတ်ပြီးတော့ တကတဲမှုပဲ ရှင်းသွားတယ်

http://www.dhammadownload.com



မဟုတ်လား၊ ဒါဟာ ဘယ်သူ့ကို မေးနေရအုံးမှာလဲဗျာ။ (ဘယ်သူ့ကိုမှ မမေးရပါဘုရား။)

အဲသည်တော့ အားလုံးသော ဒကာကြီး, ဒကာမကြီးတွေဟာ သည်လိုပဲ မိမိအလိုရှိတဲ့, နှစ်သက်တဲ့ ဗောဓိကို ပြီးစီးအောင် ဘုရား အဆုံးအမကို ဖြည့်ကျင့်တဲ့အခါမှာ လူ့ဘဝ, နတ်ဘဝ, သုဂတိဘဝကို ရကြတဲ့ သူတော်ကောင်းအစားစားတို့ဟာ ကိုယ်လိုရာ ဗောဓိကို မှန်းတဲ့အတိုင်း ပြီးစီးအောင် လုပ်တာ ခက်သလားဗျာ့။ (မခက်ပါဘုရား။)

**အေး . . . ဗျာ့၊ လွယ်လိုက်တာဗျာ . . . ၊ သိပ်ကို လွယ်တာပဲ။**

ဤကဲ့သို့ ဘုရားရှင် ဆုံးမတဲ့ အဆုံးအမအတိုင်း, ထားရ မယ်ဆိုတဲ့ အတိုင်း ထားတော့ ထိုင်ပြီးထားရင်ကော မဖြစ်ဘူးလားဗျာ။ (ဖြစ်ပါတယ် ဘုရား။)

မတ်တပ်ရပ်ရင်းကောဗျာ့။ (ဖြစ်ပါတယ်ဘုရား။)

လမ်းခရီးသွားရင်းကောဗျာ့။ (ဖြစ်ပါတယ်ဘုရား။)

စားရေးသောက်ရေး အလုပ်တွေ လုပ်ရင်းကောဗျာ့။ (ဖြစ်ပါတယ် ဘုရား။)

**လွယ်လိုက်တာဗျာ . . .။** (လွယ်ပါတယ်ဘုရား။)

## အမြင်ရှင်းသူနှင့် မရှင်းသူ

ဒါကြောင့် ရှေးက မေတ္တာရှင် ကရုဏာရှင် ဘုရားရှင်ရဲ့ အဆုံး အမကိုရကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ဤကဲ့သို့ မှတ်သားပြီး ယူကြတဲ့အတွက် အသီးအသီး ပြီးစီးကြတယ်ဗျာ့။

ဘယ်သူတွေတုန်းဆိုတော့ တချို့ ရှင်ဘုရင်လုပ်ရင်း ဖြစ်ကြတယ်၊ ရှင်ဘုရင်လုပ်ရင်း စိတ်နှလုံးက တောင့်တတဲ့အတိုင်း ပြီးစီးကြတယ်၊ ဤကဲ့သို့ စိတ်နှလုံးထားတဲ့ ရှင်ဘုရင်တွေ ဘယ်လောက်များသလဲ ဆိုတော့ ရေတွက်လို့ ပြောပြနိုင်ကြပါ့မလား။ (မပြောပြနိုင်ပါ ဘုရား။)

သူဋ္ဌေးတွေဟာလည်း ဘုရားဆုံးမပါတဲ့ အဆုံးအမကို ရကြတဲ့ အခါကျတော့ သည်ကဲ့သို့ ကြိယာပုတ်လေးပါးကို အချိန်တိုင်း တဆက်တည်း တည်လာအောင် ထူထောင်ပြီး ကိုယ်မှန်းထားတဲ့ သုခကို အရယူခဲ့ကြလို့ ပြီးစီးခဲ့ကြတဲ့ သူဋ္ဌေးတွေ မည်မျှရှိတယ်လို့ ရေတွက်ပြီး ပြောနိုင်သလားဗျာ့။ (မပြောနိုင်ပါ ဘုရား။)

http://www.dhammadownload.com



ရှင်ဘုရင်, သူဌေးမဟုတ်တဲ့ လူတွေဟာလည်း အခုလို ယူကြတယ်ဗျာ၊ ယူကြလို့ ရကြတာဟာ တစဉ်တဆက်တည်း အလွန် များပြားတယ်ဗျာ၊ အရှင်ကောင်းတို့က မေတ္တာမိုးစွေပြီး ထပ်တလဲလဲဆုံးမထားလို့ သိပါတယ်၊ နားလည်ကြပါတယ်ဗျား။

နားပင်လည်သော်လည်းပဲ ကိုယ့်အတွက်ကျတော့ ဘယ့်နှယ် ဖြစ်သလဲဆိုတော့ -

"ဆောင်တော့ ဆောင်ချင်တာပဲ၊ အမှုကိစ္စတွေ များလိုက်တာဗျာ၊ ဒါ့ကြောင့် မဖြစ်နိုင်ဘူးဗျာ၊ သည်အမှုကိစ္စတွေ ရှင်းလင်းတဲ့ အခါမှာတော့ လုပ်ပါ့မယ်လို့ မှာထားတာပဲဗျာ့၊ အဲသည်အခါကျတော့ လုပ်မှာဗျာ့၊ ဘာလုပ်မှာဗျာ့၊ ညာလုပ်မှာဗျာ့" နဲ့ သည်လိုမပြောဘူးလား။ (သည်လိုပဲ ပြောနေပါတယ် ဘုရား။)

"ဘာအလုပ်မှ မလုပ်မှ အဲသည်လို ထူထောင်ရတယ်"လို့ စိတ်က ရှိနေကြတယ်၊ ရှေးအရှင်တွေကလည်း သည်လိုတော့ ပြောတတ်ကြတာပါပဲဗျာ့၊ ဒါပေမယ့် သည်လိုမပြောဘဲ ရှေးအရှင်တွေက ဝီရိယကို ထူထောင်ပြီးတော့ ယူလို့ရကြတာဗျာ့၊ ရှေးအရှင်တွေလုပ်တဲ့ အလုပ်တွေကို လုပ်မယ်ဆိုလျှင် မှန်းထားတဲ့အတိုင်း ပြီးစီးနိုင်ပါတယ်ဗျာ့။

## မလုပ်မဖြစ် အခြေခံ လုပ်စရာ, သိစရာ

ဘုရားရှင်ဆုံးမပါတဲ့ အဆုံးအမကိုယူပြီး 'စရဏ, ဝိဇ္ဇာ နှစ်ဖြာ ရှိတယ်၊ စရဏဆိုတာက ဘုရားရှင့် သာသနာတော် တည်ရာတည်ကြောင်း ဖြစ်တဲ့ပစ္စည်းလေးပါးကို ဆိုတာပဲ၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ပဲဗျာ၊ ဘုရားရှင့် ဆုံးမတဲ့အတိုင်း သာသနာတည်အောင် ဒါတွေနဲ့ပဲ မြတ်နိုး ပူဇော်လျှင် ဒါကိုမှီပြီး တည်တယ်၊ ဒါကြောင့် ဒါတွေကို ပြုရတယ်၊ အဲဒါ ဘာခေါ်သလဲဆိုရင် 'စရဏ'ခေါ်တယ်။

ဝိဇ္ဇာဆိုတာက ခုနက ထားဆိုတဲ့နေရာမှာ ထားပြီးလုပ်နေလို့ သိနေတာကို 'ဝိဇ္ဇာ'ခေါ်တယ်၊ ဒါတွေကို မှတ်ပြီး ကျယ်ကျယ်ဝန်းဝန်းနှင့် သွက်လက် ဖျတ်လတ်ပါတယ်ဗျာ့၊ သည်လိုမှတ်ထားတာတွေက များလွန် လွန်းလို့ ဒါတွေကိုလည်း ပြောတတ်ပါတယ်ဗျာ။

http://www.dhammadownload.com



"ဘုရားရှင့် သာသနာ တည်ရာတည်ကြောင်းဖြစ်တဲ့ ဆွမ်းတို့, သင်္ကန်းတို့, ကျောင်းတို့, ဆေးတို့ စီမံနေရသေးတယ်၊ ဟိုအလုပ်တွေ မပြီးနိုင်သေးဘူး၊ လုပ်ရအုံးမယ်၊ ဒါပြီးမှ ဆင်းရဲမှုလွတ်မှုဖြစ်တဲ့ ဝိဇ္ဇာပိုင်းကို ဖြည့်ဆည်း ရတော့မှာပဲလို့ မှန်းထားတယ်ဗျာ၊ အခုတော့ ခင်ဗျားတို့ မြင်တဲ့ အတိုင်းပဲဗျာ" ဆိုပြီး ကျောင်းဒကာ ကျောင်းအမကြီးတွေက, သဒ္ဓါတရားနှင့် ပြည့်စုံတဲ့လူတွေက သည်လိုပဲ ပြောနေတယ် မဟုတ်လားဗျာ့။ (သည်လိုပဲ ပြောနေပါတယ် ဘုရား။)

အဲသည်နေရာမှာ ခုနက ပြောတဲ့ ဝိဇ္ဇာစိတ်ကလေး ထားပြီး ပစ္စည်းလေးပါးဖြစ်တဲ့ ဆွမ်း သင်္ကန်း ကျောင်း ဆေးတို့ကို လုပ်သွားရင်လဲ မဖြစ်ဘူးလားဗျာ့။ (ဖြစ်ပါတယ် ဘုရား။) ကုသိုလ်ပြုတယ်ဆိုတာ ခုနကပြောသလို သိမှတ်နေတာ, ထားတာက ဝိဇ္ဇာဖြစ်တော့ စရဏ, ဝိဇ္ဇာ မဖြစ်ဘူးလားဗျာ့။ (နှစ်ခုစလုံး တချိန်တည်း ဖြစ်သွားပါတယ် ဘုရား။)

မေး။ ။သည်တော့ တစ်ခုတည်းဖြစ်တာနှင့် နှစ်ခုစလုံး တချိန်တည်း ဖြစ်တာ ဘယ်ဟာက ကောင်းသလဲဗျာ့။

ဖြေ။ ။နှစ်ခုစလုံး တချိန်တည်းဖြစ်တာက ကောင်းပါတယ်ဘုရား။

ပင်ပန်းမှာလားဗျာ့။ (မပင်ပန်းပါဘုရား။)

တိုးပြီးတော့ ပစ္စည်းဥစ္စာ ကုန်မှာလား။ (မကုန်ပါဘုရား။)

နဂိုရှိတဲ့ အလုပ်တွေရော ပျက်အုံးမှာလား။ (မပျက်ပါဘုရား။)

**သက်သာလိုက်တာဗျာ. . .၊ အကုန်လုံးကို တခါထဲပြီးတာပဲ။**

ခုနက ပြောသလို 'ဟိုအလုပ် လုပ်ပြီးမှ၊ အားလပ်တဲ့အခါမှ ထိုင်ပါတော့မယ်' ဆိုရင်စရဏ, ဝိဇ္ဇာဖြစ်သေးရဲ့လား။(မဖြစ်တော့ပါဘုရား။) အဲသည်တော့ အလုပ်တခုထဲ ဖြစ်တာနှင့်၊ အချိန်တစ်ခုထဲမှာ နှစ်ခုစလုံး ဖြစ်တာနှင့် ဘယ်ဟာကကောင်းသလဲ။ (အချိန် တစ်ခုတည်းမှာ နှစ်ခုစလုံး ပြီးတာက သာကောင်းပါတယ် ဘုရား။)

အခုလိုပြုဖို့ ဘာခက်သလဲဗျာ့။ (မခက်ပါဘုရား။)

'တခုလုပ်နေရင်း နောက်တခု မဖြစ်နိုင်ဘူး' ဆိုရင် ဒါဟာ 'ဟာ' သွားတာပေ့ါဗျာ။

ရှေးအရှင်သခင် သူတော်ကောင်းတွေဟာ ဘုရားအဆုံးအမကို ခံယူမှတ်သားပြီးတော့ သည်ကဲ့သို့ စရဏ, ဝိဇ္ဇာနှစ်ဖြာ စလုံးကို တချိန်ထဲပြု

http://www.dhammadownload.com



ကြတာပဲဗျာ့။ အဲသည်လို စရဏ, ဝိဇ္ဇာ နှစ်ခုစလုံးစုံပြုတဲ့အတွက် ကိုယ်လိုချင်တဲ့ ဗောဓိကို အကြွင်းအကျန်မရှိ ပြီးစီးကြတယ်ဗျာ၊ သည်လို ဘုရားလက်ထက်က လူတွေ နတ်တွေ ဗြဟ္မာတွေဟာ အဲသည်လိုပဲ ပြီးစီး ကြတယ်ဗျာ့။

မေး ။ ။ အခုရော မပြီးစီးနိုင်ဘူးလား ဒကာကြီးရဲ့။

ဖြေ ။ ။ ပြီးစီးနိုင်ပါတယ် ဘုရား။

မိမိတို့ဟာ မြင့်မြတ်ကြတဲ့ သူတော်ကောင်း အစားစား ဖြစ်ကြတဲ့ အတိုင်း မေတ္တာရှင် ကရုဏာရှင်များ ဖြစ်တဲ့ အမိအဘများကို ခြေဆုပ် လက်နယ် ပြုကြရမဲ့ ဝတ္တရားတွေကို ပြုရင်းနှင့် ရုပ်နာမ်နှစ်ခုကို စူးစူး စိုက်စိုက် ထားပြီး အဲသည်လို လုပ်ရင်ကော မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။) မိဘဘိုးဘွားတို့ရဲ့ ဝတ္တရားကို သိပြီးတော့ ဖြည့်ကျင့်တယ်ဆိုတာ ဘာတုံးဗျာ့။ (စရဏပါ ဘုရား။) သည်ရုပ်နာမ်နှစ်ခုကို မလွတ်ရအောင် ထားပြီး သိနေတယ် ဆိုတာကရော။ (ဝိဇ္ဇာပါဘုရား။) အဲသည်တော့ စရဏ, ဝိဇ္ဇာ နှစ်ခုစလုံး ဖြစ်တာပဲမဟုတ်လား ။ (မှန်ပါ့ဘုရား။)

မေး။ ။**သားသမီးဝတ္တရားအရ ပြုမယ်ဆိုပြီး ပြုကျင့်တဲ့အလုပ်တွေက သီလဘက်က ဖြစ်တယ်၊ သည်ဟာ မပြုဘဲနေရင် ပစ္စုပ္ပန် သံသရာနှစ်ဖြာမှာ လိုချင်တဲ့ချမ်းသာ ပြည့်ပါ့မလား။**

ဖြေ။ ။**သီလ မပါရင် မပြီးသေးပါဘုရား။**

အဲသည်လိုပဲ သားသမီးမြေးမြစ်တွေကို ကိုယ်ပြုသင့် ပြုထိုက်တဲ့ ဝတ္တရားကို မလပ်အောင်ပြု ခုနကပြောတဲ့ ရုပ်နာမ်နှစ်ခုကို အမြဲဆင်ခြင်ပြီး အဝိဇ္ဇာ မလာနိုင်အောင် စူးစူးစိုက်စိုက်နှင့် ထူထောင် ထားကြ၊ အဲသည် အချိန်မှာ စရဏ, ဝိဇ္ဇာ နှစ်ပါးစလုံး မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ် ဘုရား။)

သည်လိုဆိုတော့ ဟိုအလုပ်လဲ မပျက်ဘူး။

သည်အလုပ်လဲ မပျက်ဘူး၊ (မှန်ပါတယ် ဘုရား၊ သည်လို ကုသိုလ် ရတာကို သိပါတယ်၊ ဒါပေမဲ့ အခုလိုပဲ ပြောနေရင်းနှင့် အချိန်ကုန် တာပါပဲ ဘုရား။) ဒါ့ကြောင့် 'ဒါလုပ်နေလို့ ဟိုဟာနှင့်မဆိုင်လို့ မလုပ်ရဘူး' ဆိုရင်

http://www.dhammadownload.com



ဘာခုတည်းရတာပဲ။ အချိန်တခုတည်းမှာ နှစ်ခုစလုံး စုံရပြီး သိတာက ဘယ်ဟာကောင်းသလဲ။ (တချိန်တည်းမှာ နှစ်ခုစလုံး တခါတည်းရတာက အကောင်းဆုံးပါပဲ ဘုရား။)

## စုံလုပ်မှ၊ မစုံရင် 'ဟာ' သွားမယ်

ရှေးဘုရား လက်ထက်တော်က မြင့်မြတ်ကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ခုလို အရယူတာဗျ၊ အကုန်လုံးဟာ ထူထောင်တဲ့အတိုင်း အလိုရှိတဲ့ဗောဓိကို ပြီးပါရော၊ ဘယ်သူမှမလိုဘူး၊ တခါတည်း အကုန်စလုံးဟာ ပြည့်စုံလုံလောက်ပြီး အထက်တန်းကျကျနှင့် ဆင်းရဲကိုမသိရအောင် လုပ်ကြတာဗျ။ စရဏ, ဝိဇ္ဇာ နှစ်ခုစလုံး စုံတာမှစုံဗျ။ (မှန်ပါ့ဘုရား။)

သံသရာမှာ တခုခုလိုနေရင် လိုနေတဲ့ဟာ 'ဟာ' သွားတာပဲ၊ စရဏကောင်းတယ်၊ စရဏ ကောင်းရင် စရဏ အကျိုးပေးတယ်၊ ဝိဇ္ဇာကောင်းရင် ဝိဇ္ဇာအကျိုးပေးတယ်။

စရဏ ကောင်းမယ်ဆိုရင် ဘယ်ဟာ အကျိုးပေးနိုင်သလဲ ဆိုတော့ လူဖြစ်ရင် အထက်တန်းကျကျ၊ နတ်ဖြစ်ရင်လဲ အထက်တန်း ကျကျပဲ၊ ဘယ်ဘဝဖြစ်ဖြစ် အထက်တန်းကျပြီး ပေးလို့မကုန်၊ သုံးစွဲလို့မကုန်နိုင်အောင် သည်လို ပေါများတယ်ဗျ၊ အဲဒါ စရဏ အားကောင်းတာပဲ။

ဝိဇ္ဇာ မပါပြန်ရင် ဘယ်လိုဖြစ်သလဲဆိုတော့ အမျိုးမျိုး အစားစား လိမ္မာရမှာတွေ, သိရမဲ့နေရာတွေမှာ 'ဟာ' နေပြန်ရော့ဗျ၊ 'ဟာ' နေတော့ မချမ်းသာပြန်ဘူးဗျ၊ တခုခု 'ဟာ' နေရင် ကိုယ်စိတ်နှစ်ပါး မခံသာနိုင်ဘူးဗျ။

## မဟောသဓာနှင့် ဝိဒေဟရာဇ်

အဲဒါ ဘယ်သူများလဲဆိုတော့ သူတို့အားလုံးဟာ တတ်ပြီးသား၊ ပြောလို့သိပြီးသားဖြစ်တဲ့ ဘုရားအလောင်းတော် 'မဟောသဓာ'။

မဟောသဓာအဖြစ်နှင့် အားလုံးသတ္တဝါတွေအတွက် ချမ်းသာအောင် ဆောင်ရွက်တဲ့ နေရာမှာ သူ့ကို အင်မတန် ချစ်ခင်ပြီးတော့ ကျွေးမွေး သုတ်သင်နေတဲ့ ဝိဒေဟရာဇ်မင်းကြီးပဲဗျ၊ သူ့မှာ အင်မတန်ပစ္စည်းပေါတယ်၊ သုံးလို့မကုန်နိုင်, ပေးလို့ မကုန်နိုင်အောင် ပေါများတယ်ဗျ၊ သူက ရှင်ဘုရင်ကိုးဗျ။

http://www.dhammadownload.com



အဲသည်လိုဖြစ်ပေမဲ့ ဘေးနားက သူများလိမ်တာတွေကို သူသိရဲ့လား။ (မသိပါဘုရား။) သိန်း, ဒေဝိန်းတို့က သူ့ကို လိမ်တာပဲ၊ သူသိရဲ့လား၊ (မသိပါဘုရား။)

အဲဒါ ဘာလိုနေလို့လဲဆိုလျှင် ဝိဇ္ဇာလိုနေလို့ဗျာ၊ ပြုတုန်းက သည်ကုသိုလ် မပါဘူးဗျာ။

မေး။ ။ဒါတင်မကသေးဘူး၊ တကတည်းပါမှပဲ သည့်ပြင် နိုင်ငံက လိမ်တာတောင် သူသိရဲ့လား။

ဖြေ။ ။မသိပါဘုရား။

မေး။ ။သူမသိလို့ ဘေးနားက သိလို့ပြောပေမဲ့လဲ သိရဲ့လားဗျာ။

ဖြေ။ ။မသိပါဘုရား။

အဲဒါ ဘာလိုလို့လဲဗျာ။ (ဝိဇ္ဇာ လိုနေပါတယ်ဘုရား။) အဲသည်မှာ သူများ လိမ်တာကိုလဲ နားမလည်ဘူးဗျာ၊ ဟုတ်ကယ့်လား၊ အဟုတ်ကို နားမလည်ဘူးဗျာ၊ ဒါကတော့ သိပါတယ်ဗျာ၊ ဘယ်လိုပြောပေမဲ့ ဘယ်လောက်မှ သူမသိဘူးဗျာ၊ သို့ပေမဲ့ ဘုရားအလောင်းတော်က လောက တခုလုံးရဲ့ အစီးအပွားကို ဆောင်နေတယ်၊ ဘယ်သူပဲ ဖြစ်ဖြစ် ပစ္စုပ္ပန် သံသရာ နှစ်ဖြာစလုံး ဘေးမသင့်ဘဲ ချမ်းသာရအောင်ဆိုတဲ့ စိတ်တခုထဲနှင့်ပဲ ဆောင်ရွက်ရှာတယ်၊ လိမ်တဲ့လူလဲ ဘေးကင်းလေအောင်၊ အလိမ်ခံရတဲ့ လူလဲ ချမ်းသာလေအောင် ဆောင်ရွက်ရရှာတာဗျာ။

သည်လိုဆောင်ရွက်နေရပေမဲ့ မင်းကြီးက သူချစ်ခင်မြတ်နိုး နေတော့ 'မဟုတ်ပါဘူးလို့' ပြောပေမယ့် သူများ လိမ်တဲ့အတိုင်း 'ဟုတ်ပါတယ်'လို့ ပြောစေချင်တာပဲ။ တည့်တည့်ကြီး 'မဟုတ်ဘူး'လို့ ပြောတော့ သဘော မကျဘူး၊ အဝိဇ္ဇာ လွှမ်းကဲနေတာကိုးဗျာ၊ ဟိုရော, သည်ရော အခုအတွက်ရော နောက်အတွက်ရော ဘုရားအလောင်းတော်က ဆောင်ရွက်ရရှာတယ်။

သူတစ်ဦးထဲက တလောကလုံးအတွက် ဆောင်ရွက်ရတယ်၊ ဝိဇ္ဇာ, စရဏပြည့်စုံအောင် ကိုယ်လိုချင်တာလည်း ပြီးစီးအောင် အများအတွက် ဆောင်ရွက်ရလို့ မပင်ပန်းပါဘူးဗျာ၊ လွယ်လိုက်တာမင်းကြီးကိုကမသိတာ။

သူ့ကို သတ်မယ်လို့ ခေါ်သွားတာကို ဘယ်လိုပြောပြလို့မှ မယုံဘူး၊ ဒါနဲ့ 'သူ့ကို သိအောင် ပြောနေလို့ အကုသိုလ် ဖြစ်မှာပဲ၊ နောက်မှ သိအောင် လုပ်ပြမှပဲ' ဆိုပြီး သည်ဟာကို သဘောတူသလိုလိုနဲ့ အကုန်လုံး သိအောင်

http://www.dhammadownload.com



ဘုရားအလောင်းတော်က 'ရှေးဦးစွာ သွားနှင့်မှပဲ' ဆိုပြီး သွားတော့ ဝမ်းသာလိုက်တာဗျာ၊ သူ့မှာလည်း ဘေးမဖြစ်ရအောင်၊ ဟိုမှာလည်းပြောလို့ အကုန်လုံးဖြစ်အောင် ဘုရားအလောင်းတော်က စီမံရရှာတယ်။

မင်းကြီးက သူရောက်မှ တကတည်းပါမှပဲ ခေါ်ပြီးမေးတော့ သူတို့ အလုပ်တွေ အောင်မြင်မှာကို သိပြီးသားဖြစ်တော့ သူတို့ ရောက်လဲ ရောက်ရော ဟိုကစစ်သည်တွေနဲ့ ဝိုင်းပြီးတိုက်တော့မှ တကတဲပါမှပဲ ဝိဒေဟရာဇ် မင်းကြီးဟာ သည်အခါကျတော့မှ သိရတာပဲ၊ သိန်း၊ ဒေဝိန်း တို့လည်း မသိဘူး၊ ဟိုကျမှ သိတယ်၊ သည်တော့ ဘယ့်နှယ် ဖြစ်သလဲ ဆိုတော့ 'ဘယ့်နှယ်လုပ်ရမှာလဲ'လို့မေးတော့ ဘယ့်နှယ် ပြောသလဲ။ (အမျိုးမျိုး ပြောနေကြပါတယ်ဘုရား။)ဟုတ်ပါ့ဗျာ၊ သူအားကိုးတဲ့လူတွေက အမျိုးမျိုး ပြောနေကြတယ်။ ဒို့ဘုရား အလောင်းတော်ကတော့ ဘယ်လို ဖြစ်သလဲ ဆိုတော့ သူတို့ နားလည်အောင် ပြောတာပဲ၊ မတတ်နိုင်ဘူး ဆိုပေမယ့် သိတယ်ဗျာ့။ (သိပါတယ်ဘုရား။)

မင်းကြီးက စိတ် စိုးရိမ်ပူပန်ပြီးနေတော့ ဒို့ဘုရားအလောင်းတော်က သူတို့လုပ်ထားတာတွေ သူလုပ်ထားတဲ့အတိုင်း အကုန်လုံး စေ့စေ့ငငညီညီမျှမျှ ပြည့်စုံပြီး အလိုဆန္ဒ ပြီးသွားတယ် မဟုတ်လားဗျာ့။ (မှန်ပါတယ်ဘုရား။) အဲသည်ဟာ စရဏ, ဝိဇ္ဇာ စုံတာ, မစုံတာကို ပြတာပဲ ဗျာ့။ စရဏ ဝိဇ္ဇာ နှစ်ခုစလုံး စုံအောင်လုပ်ဖို့ လွယ်လိုက်တာဗျာ.....။

## ပြောမကုန်အောင် ကောင်းသော အခွင့်ကောင်းကြီး

သည်တော့ မဟာကရုဏာရှင် ဘုရားပွင့်တော်မူတဲ့အခါမှာ မျှော်မှန်း တောင့်တကြရမှာဗျာ့၊ လိုချင်တာတွေ အကုန်ရကြမှာဗျာ့၊ လွယ်လိုက်တာဗျာ။

သည်အချိန်အခါမှာ သည်ဘဝထက် မြင့်မြတ်တာ, ကောင်း တာ, သာတာများ ရှိပါဦးမလား။ (မရှိပါဘုရား။)

မြင့်မြတ်တာကို သိကြပြီး ရှေးအရှင်တွေ လိုချင်တာကို အကုန်လုံး ယူကြသလို ရကြပြီး သံသရာတလျှောက်လုံးအတွက် လုံလောက် သွားကြတဲ့ သူတော်ကောင်းတွေကဲ့သို့ အခုလဲ အချိန်အခါကောင်း, ဘဝကောင်းတာကို သိကြပြီးဖြစ်တဲ့အတိုင်း ရှေးအရှင်များရဲ့ စိတ်နှလုံးမျိုး ထားပြီး အကျိုး

http://www.dhammadownload.com



ပြည့်စုံအောင် ရှေးအရှင်တွေရဲ့ ဝီရိယကိုမှန်းကြည့်ရင် မြင်ကြတယ်, သိကြတယ် မဟုတ်လားဗျာ။ (သိပါတယ်ဘုရား။)

သည်တော့ ရှေးအရှင်တွေရဲ့ လုံ့လဝီရိယကို သိပြီး သည်အရှင်တွေရဲ့ လုံ့လဝီရိယကို မီအောင်, ညီအောင် သာသာကြီး စူးစိုက် ရှုံပဲ မဟုတ်လားဗျာ၊ ပင်ပန်းမှာလား။( မပင်ပန်းပါဘုရား။) မောမှာလား။ (မမောပါဘုရား။)

ဘုရား ဆုံးမပါတဲ့ အဆုံးအမကို မလိုက်နာ မဖြည့်ကျင့် ကြတော့ ဟုန်းဟုန်း ဟုန်းဟုန်းနဲ့ တောက်လောင်နေတာတွေဟာ သက်သာခွင့် ရကြရဲ့လား။ (သက်သာခွင့်မရပါဘုရား။) အခုလို အာရုံ စူးစိုက်လိုက်မယ် ဆိုရင် တောက်လောင်နေတာတွေ အခုချက်ချင်း ငြိမ်းသွားတယ် မဟုတ်လားဗျာ။ (မှန်ပါ့ဘုရား။)

ဘုရား ဆုံးမတာတွေ ရပြီးသားပဲ။ 'သီလ စခန်းကဘယ်လို, အလုပ်စခန်းက ဘယ်လို' ဆိုပြီး သိကြပေမဲ့ 'ဒို့တော့ ပါရမီမရှိသေးလို့' ဆိုပြီး တွေးတွေးပြီး မလုပ်ဘဲနေတာပဲ မဟုတ်လား။ (မှန်ပါ့ဘုရား။) 'ပင်ပန်းလိမ့်မလား, ဆင်းရဲလိမ့်မလား' ထင်ပြီး မလုပ်ဘဲနေတာပဲ ။

ထင်ချင်ရာထင်၊ တွေးချင်ရာတွေး၊ အခုလုပ်ရင် အခုမီးငြိမ်းတာတွေ့ရမယ်၊ ဘယ်သူ့ကို မေးနေရမှာလဲ။

ရှေးရှေး အရှင်တွေ တောင့်တတဲ့အတိုင်း ပြီးစီးအောင် ထူထောင်ကြတယ်၊ အခုအခါမှာ အချိန်အခါ ကောင်းတာ , ဘာ ကောင်းတာကတော့ ပြောလို့မဆုံးဘူး။ ဘာပဲလုပ်လုပ် အတူတူပဲ။

စရဏ-ပြုတဲ့နေရာမှာ သာသနာတော်အတွင်းမှာလဲ ပြုလို့ ဖြစ်တယ်။

သာသနာပမှာလဲ ပြုလို့ဖြစ်တယ်။

ဖြစ်တယ်ဆိုပေမယ့် မတူပါဘူး။

'ဘာဖြစ်လို့ မတူသလဲ' ဆိုတော့ မတူတာဟာ ပြောလို့ မကုန်နိုင်ဘူး။ ပြောလို့မကုန်နိုင်အောင်ကို မတူတာဗျာ။

ဒါကြောင့် ဘုရား ရွှေလက်ထက်တော်က ကြီးကြီးကျယ်ကျယ် အားလုံးကို သိပြီးတော့၊ မှတ်သင့်တာတွေ မှတ်ပြီးလုပ်တော့ တကယ်လုပ်ရင် တကယ်ဖြစ်တာပေါ့ ။

http://www.dhammadownload.com



အခုလို မသိတာ, နားမလည်တာ, မပြောအပ်တာတွေကို လျှောက်ပြောပြီး၊ 'ဟိုဟာ လုပ်ရတာက တခြား, သည်ဟာကတခြား'နှင့် စဉ်းစားသင့်တာတွေကို မစဉ်းစားမိဘူး၊ ပြောလွန်းလို့ နားလည်ပြီးသားတွေပါ၊ ပြောပြီဆိုမှဖြင့် မှတ်ထားတာတွေက ရှိနေတော့ သက်သာတာပေါ့။

## သုဇာ-မာဃ သေချင်အောင်ရှက်ရသော သာသနာ့ဝတ္တရား

ဘယ်လိုဖြစ်ပေါ်ခဲ့တဲ့အကြောင်းကို ရှာကြည့်တော့ နှစ်ထပ်နတ်ရွာကို အစိုးရတဲ့ သိကြားဆိုတာ ရှိတယ်မဟုတ်လား။ (ရှိပါတယ်ဘုရား။) ရှိတယ်ဗျာ့ ရှိတယ်၊ နှစ်ထပ်နတ်ရွာကို အစိုးရတဲ့ နတ်-ရှင်ဘုရင်ဆိုတာ ရှိတယ်ဗျာ့။ သည်နေရာမှာ ဘာဖြစ်လို့ တာဝတိံသာ၌ နတ်ရှင်ဘုရင် သိကြားဖြစ်ရပါသလဲဆိုတော့ အဲသည်အချိန်အခါမှာ မည်ကဲ့သို့သော ကုသိုလ်တွေကို ဆည်းပူးလို့လဲဗျာ့။ (ရှေးဘဝက ကုသိုလ် ဆည်းပူးခဲ့လို့ပါဘုရား။)

ဘုရားရှင် ပွင့်တော်မူတဲ့အခါ ဘုရားသာသနာ ရှိတဲ့အခါမှာ ပြုတာက တမျိုး၊ သာသနာပမှာလဲ ဝီရိယတော့ ကောင်းတယ်၊ သူ့ဟာသူ ကောင်းတာပဲ။

သူဟာ တကယ်တော့ သူဌေးပါပဲဗျာ့၊ စားဖို့သောက်ဖို့ ဘာမှ မပူပင်ရဘူး၊ အလေးအပင် မ,ဖို့ဆိုရင် တစ်ကျပ်သား၊ ငါးမတ်သားတောင်မှ မကိုင်ရဘူးဗျာ၊ အဲသည်လို ချမ်းသာတယ်ဗျာ့၊ ဒါပေမဲ့ ခုလို အစီးအပွားနဲ့ ကိုယ်တိုင်ကိုယ်ကျ ပေါက်တူးတို့ ပေါက်ပြားတို့ တူရွင်းတို့ ဓားမတို့ ပုဆိန်တို့ကို ကိုင်ပြီး နေ့ရော ညဉ့်ရော မနားမနေ လုပ်လိုက်တာ မပြတ်ပါဘူးဗျာ၊ ဘာတွေ လုပ်သလဲဆိုတော့ အများချမ်းသာအောင် လျှောက်လုပ်တာပဲဗျာ့။

ဘာတွေတုန်းဆိုတော့.... ရေတွင်းရေကန် မရှိတဲ့ နေရာမှာ ရေတွင်းရေကန် လုပ်တယ်၊ ခရီးလမ်းသွားလို့ မကောင်းတဲ့နေရာကို ကောင်းအောင်လုပ်တယ်၊ အဲသည်လို အများချမ်းသာအောင်ချည်းပဲ သူလုပ်နေတာပဲ။ နီးနီးနားနားမှာဆိုရင် အိမ်ကို သွားလိုက်ပြန်လိုက်နှင့် လုပ်တယ်၊ ခပ်ဝေးဝေးကျတဲ့အခါဆိုရင် အိမ်ကိုမပြန်ဘဲ တောက်လျှောက်ကြီး အဲသည်လို လုပ်သွားသတဲ့။

http://www.dhammadownload.com



သူတကာမှာ ဖြောင့်ဖြောင့်ကြီးဖြစ်တော့ သူ့မှာ ဝမ်းသာတယ်၊ သူနှင့်အတူတူလုပ်ကြတဲ့ လူများဟာ ဆိုရင်လဲ မနည်းဘူးတဲ့ဗျာ၊ အဲသည်လို တဆက်တည်းလုပ်တော့ ပစ္စုပ္ပန်သံသရာ လှမ်းကြည့်ရင်မြင်နိုင်တယ်၊ ပြီးတော့ အအား အနား မထားဘဲ သက်တမ်းစေ့သည့် အချိန်တိုင်အောင် တခါတည်း အနည်းငယ်မျှမှ မနားဘဲ လုပ်တော့တာပဲ မဟုတ်လား၊ အဲဒါကြောင့်မို့ သိကြားဖြစ်တာတဲ့ဗျာ။

ဒါနှင့် ဘုရားရှင် ပွင့်တော်မူတဲ့အခါကျတော့, အတု အတူ မရှိပါတဲ့ ဘုရားပွင့်တော့ ရတနာသုံးပါးတို့ကို အနည်းငယ်မျှပင်လျှင် တကြိမ်တခါ ကြည်ညိုပြီးတော့ ပူဇော်ခြင်းပြုတဲ့ ကုသိုလ်အဟုန်ကြောင့် သက်တမ်းစေ့သောအခါ တာဝတိံသာနတ်မြို့၌ ဖြစ်ကြသတဲ့ဗျာ၊ ဖြစ်တော့ကို ဘယ်လိုတုန်း ဆိုတော့ သိကြားမင်းဆိုတာဟာ နတ်တို့သနင်း နတ်ရှင်ဘုရင်ပေါ့။ ရှင်ဘုရင်ဆိုတော့ အခုနက နတ်တွေ, နတ်သမီးတွေက သွားပြီးတော့ ခ,စားကြရတာပေါ့ဗျာ။

အဲသည်တော့ သည်က နတ်သား နတ်သမီးတွေက သာသနာတော် အတွင်းမှာ ကြည်ညိုပြီးတော့ အနည်းငယ်မျှသော ကုသိုလ်ပြုတဲ့အတွက် ဟိုသွားဖြစ်ကြတယ်၊ အဲသည် နတ်သား နတ်သမီးတွေက သွားပြီး ခ,စားတဲ့အခါကျတော့ ဘယ့်နှယ်ဖြစ်ပါသလဲဆိုရင် သူတို့ရဲ့ အဝတ်ရောင်, ကိုယ်ရောင် ဗိမာန်ရောင်တွေဟာ ထွန်းတောက်တဲ့ အတွက် သိကြားမင်းရဲ့ အဝတ်ရောင်, ကိုယ်ရောင် ဗိမာန်ရောင်တွေဟာ တခါထဲ ချောက်သွေ့ မှေးမှိန်သွားလိုက်တာတဲ့ဗျာ၊ အဲသည်လို ဖြစ်သတဲ့ဗျာ။

မှေးမှိန်သွားတယ်ဆိုတာက ဘယ်လိုပါလဲဆိုရင် သူ့ဘာသိဘာသာ သည်အရောင်တွေဟာ ပျောက်သွားသလားဆိုတော့ ပျောက်တော့မသွားဘူး၊ ဒါပေမဲ့ မှေးမှိန်ပြီး အရောင်ကို မထွက်တော့ဘူး။

ဘာနှင့်တူသလဲဆိုတော့ အခု ညအခါမှာဆိုရင် လရောင် ကြယ်ရောင် တွေဟာ လဝန်း ကြယ်ဝန်းတွေနှင့်တကွ ထွန်းတောက်ပြီးနေတာကို ကြည့်လိုက်တော့ မြင်တယ်မဟုတ်လား၊ မြေပြင်မှာပင်လျှင်ပဲ သည်အရောင် တွေဟာ ထွန်းတောက်လို့ နှစ်သက်ဖွယ်ကြီးမဟုတ်လား။ (နှစ်သက်ဖွယ် ဖြစ်ပါတယ်ဘုရား။) ဟုတ်ပါရဲ့လား၊ ကြယ်ရောင် လရောင်တွေ ထွန်းတောက် နေလိုက်တာ ညမှာဆိုရင်တော့ သည်လိုဖြစ်ပါတယ်။

http://www.dhammadownload.com



မေး။ ။သို့ပေမယ့် ဟိုအရှေ့ဘက်က အရုဏ်တက်လာလို့ မိုးလင်းရောင်ခြည်ပေါ်လာပြီး နေ ထွက်လာတဲ့အခါ ကျတော့ ဘယ့်နှယ်တုံးဗျာ့၊ သည် ကြယ်ရောင် လရောင်တွေဟာ ရှိသေးသလားဗျာ့။ (ကြယ်ရောင် လရောင်တွေတော့ ရှိပါတယ်ဘုရား။) မြင်ရဲ့လား။

ဖြေ။ ။ နေရောင် လွှမ်းသွားပါတယ်ဘုရား။

လဝန်း၊ ကြယ်ဝန်းတွေရော မြင်ရသေးသလား၊ သူတို့ ဘယ်ရောက်သွားသလဲ။ (ဘယ်မှတော့မသွားပါ၊ ရှိတော့ရှိပါတယ်ဘုရား။) ဒါတွေကို မြင်ရသေးသလား။ (နေရောင်ခြည် လွှမ်းမိုးသွားတဲ့အတွက် မမြင်ရတော့ပါဘုရား။) သည်ကြယ်တွေ လတွေဟာ သူတို့ရဲ့နေရာမှာ တည်နေတာပဲ မဟုတ်လား၊ တည်နေပေမဲ့ ဘယ့်နှယ်ဖြစ်သွားသလဲ။ (နေရောင်ကြောင့် မမြင်ရတော့ပါဘုရား။)

ခုလဲ သည်အတိုင်းပဲ၊ ဘုရားရှင် ပွင့်တော်မူတဲ့အခါမှာ ဘုရားရှင်ကို ကြည်ညိုပူဇော်လို့ နတ်သား၊ နတ်သမီးတွေဖြစ်တော့ နေထွက်တဲ့ အခါလိုပေါ့ဗျာ၊ ဟိုက အရောင်တွေက လွှမ်းမိုးသွားလို့ သိကြားမင်းရဲ့ အရောင်တွေဟာ ခြောက်သွေ့ မှေးမှိန်သွားရတယ်၊ အရောင်ဟာ ရှိတော့ ရှိတယ်ဗျာ့။

အဲသည်လို အခါကျပြီဆိုရင် သူက ရှင်ဘုရင်ဗျာ့၊ ဟိုဟာတွေက သူ့ကိုလာပြီး ခ,စားကြရတယ်ဗျာ့၊ သည်တော့ သူ့မှာ အမယ်လေး... ရှက်လိုက်တာတဲ့ဗျာ၊ နေတတ်စရာကို မရှိဘူးတဲ့ဗျာ့၊ နတ်တို့ရဲ့ အလယ်မှာ နေရမှာကို ရှက်လွန်လွန်းလို့ ဘယ့်နှယ်ဖြစ်သလဲဆိုရင် 'ငါ့ဦးခေါင်းရယ်. . ပြတ်များကျသွားရင် ကောင်းမှာပဲ' လို့ အဲသည်လို ရှက်တာတဲ့ဗျာ့။

တခါတလေ သူ့ရဲ့ဗိမာန်အနီးအနားမှာ အခုနကလို သာသနာတွင်းမှာ ကြည်ညို ပူဇော်ခြင်း ပြုကြလို့ နတ်ဖြစ်သွားကြတဲ့ နတ်သား နတ်သမီးတွေဟာ သူတို့ရဲ့ ခြွေရံ သင်းပင်းတွေနှင့် လည်ကြတဲ့အခါ ဝေဇယန္တာဘုံနန်းနား ရောက်တော့ သူတို့ရဲ့ အဝတ်ရောင် ကိုယ်အရောင် အခြံအရံတွေရဲ့ အရောင်တွေကြောင့် သိကြားမင်းရဲ့ ဗိမာန်အရောင်၊ ကိုယ်အရောင်၊ အဝတ်အရောင်ဟာ မှေးမှိန်ပြီး ခြောက်သွေ့သွားတယ်တဲ့ဗျာ၊ အဲသည်လို ကွာတာတဲ့ဗျာ့။

http://www.dhammadownload.com



ဒီ့ခုလိုသွားတာကလဲ သူ့ဆီကို အခစားသွားတာ မဟုတ်ဘူး။ သည်အခါမှာလဲ သိကြားမင်းက ရှက်လွန်လွန်းလို့ သူ့ခမျာ မထွက်ဝံ့ပဲ ပုန်းနေရရှာသတဲ့ဗျာ့။ (သိကြားမင်းတော့ သိပ်စိတ်ညစ်နေမှာပဲ ဘုရား။) ဒကာကြီးဆိုရင်ကော။ (တပည့်တော်လဲပဲ သိပ်စိတ်ညစ်နေမှာပဲ ဘုရား) အဲသည်လို ဘုရင်ဖြစ်လျက်နှင့် အားလုံး ဘာမှ နေရာမကျတော့ပဲကိုးဗျာ့။

အေး.... အဲဒါ ယခုနကလို ပြုကြတဲ့ ကုသိုလ်ဗျာ့၊ ကုသိုလ် တော့ အတူတူပဲ၊ သာသနာပမှာ ပြုတာနှင့် သာသနာတွင်းမှာ နည်းနည်းကလေးပြုပြီး ဟိုသွားဖြစ်တာ၊ အဲဒါ ကွာပုံတဲ့ဗျာ့။

အဲသည်တော့ အခါကောင်းတာဖြစ်တဲ့ ဘုရားသာသနာတွင်းမှာ လာပြီး ဘဝကောင်းကြတာဗျာ့၊ ဒါချင်းကိုပဲ မတူဘူး ထင်ပါ့ဗျာ။

သည်ကတော့ သူ့ခမျာ ဘယ့်နှယ်မှ မတတ်နိုင်ဘူး၊ နောက်ကျမှ သူလဲ ခြွေရံသင်းပင်းတွေက ဘယ်လိုတုန်းဆိုတော့ 'ဘုရားသာသနာအတွင်း၌ ပြုကြရတဲ့ ပုညဒါန အစုစု ကုသိုလ်တို့ဟာက ဤကဲ့သို့ မြင့်မြတ်သကိုး၊ ဤကဲ့သို့ ကဲလွန်သကိုး၊ ဤကဲ့သို့ တန်ခိုးသတ္တိ ရှိသကိုး' လို့ သည်လို သိတယ်။ သိပေမယ်လို့လဲ ဟိုတုန်းက ပြုထားတာက လွှမ်းမိုးနေတော့ သည်လိုသိ, သိတာပဲ၊ ရှိတာပဲ၊ မတတ်နိုင်ဘူး၊ သူ့မှာ အဲသည်အတိုင်းပဲ နေရတယ်။

## အရှင်မဟာကဿပ အလိမ်ခံရခြင်း

အဲသည်လိုနေပြီး နောက်တော့မှ မြင့်မြတ်တာကိုသိပြီး သကာလ, 'သည်ကုသိုလ်တွေကို ဤကဲ့သို့ပြုကြ' လို့ သိကြားမင်းက ပြောတော့မှ သူ့ရဲ့အခြံအရံ အလုပ်အကျွေးဖြစ်တဲ့ နတ်သမီးတွေက တခါထဲ သွားကြတယ်၊ အရှင်မြတ်များ သီတင်းသုံးနေတဲ့ နေရာကို သွားတော့ကို အရှင်မြတ်များက-

'နင်တို့ ဘယ်ကလဲ။' 'တပည့်တော်တို့က တာဝတိံသာကပါဘုရား၊ ကုသိုလ်ပြုမလို့ပါ' လို့ ဆိုတော့ -

'ကနေ့ ငါ ဒုက္ခိတ သတ္တဝါတွေကို ချီးမြှောက်မလို့၊ နင်တို့ သုခိတ သတ္တဝါတွေပြန်ကြ' လို့ ဆိုလိုက်တာနှင့် ပြန်လာရတယ်၊ သူတို့လုပ်ချင်တာကို မလုပ်ခဲ့ရဘူး။

http://www.dhammadownload.com



သည်ရောက်လို့ မေးတဲ့အခါကျတော့ သိကြားမင်းက သူ့စိတ်ထဲမှာ သည်ဟာကို အရယူဖို့' လို့ ကြံပြီးတော့ လုပ်ရှာသတဲ့ဗျာ့။

နောက် အရှင်မြတ်သည် သမာပတ်ဝင်စားပြီးလို့ ထတဲ့အခါကို သိတော့မှ အဲသည့်အခါမှာ ပူဇော်ခြင်းဖြစ်မှာကို သိတယ်၊ သိတော့မှ ရာဇဂြိုဟ်အနီးအနား၌ သူက အလွန်ဆင်းရဲတဲ့ အဖြစ်မျိုးနှင့် အဲသည်မှာ တကတည်းမှပဲ အသက်အရွယ် ကြီးပြီးတော့ အလုပ်အကျွေး အခြံအရံ သားသမီးမြေးမြစ် မရှိလို့ စားဖို့သောက်ဖို့ အလုပ်တွေကို တုန်တုန်ချည့်ချည့် နှင့်ပေါ့ဗျာ၊ မနေသာပြီးတော့ လုပ်နေရတဲ့ ပုံမျိုးနှင့် အိမ်ငယ်ငယ်ကလေးကို ဖန်ဆင်းပြီး သည်လိုဆင်းဆင်းရဲရဲ ပြုလုပ်နေရတဲ့ပုံမျိုး ဖန်ဆင်းထားသတဲ့ဗျာ့။

သုဇာတာဖြစ်တဲ့ ရှင်ဘုရင်မကြီးလဲ ယခုနကလို ဖန်ဆင်းပြီး စားဖို့သောက်ဖို့ အလုပ်လုပ်နေပုံ ရက္ကန်းသည်ယောင် ဆောင်ပြီးနေတယ်၊ အသက်ကြီးတော့ မျက်ခွံတွေ ဘာတွေ ဖုံးလို့၊ ပါးရေတွေ ဘာတွေ တွန့်လို့ အဲသည်လို ဖန်ဆင်းပြီးတော့ သိကြားမင်းကလဲ တော်တဲ့ နေရာကလေးမှာ အသာနေသတဲ့ဗျာ့။

သည်တော့ အရှင်မြတ်က သူတို့ကို မြင်ရော၊ မြင်တော့မှ-

"ခမျာများ.... ဆင်းရဲသကိုး၊ သည်အသက် သည်အရွယ် အသက် ရှစ်ဆယ် ကိုးဆယ်အထိ စားဖို့ သောက်ဖို့ အလုပ်တွေ လုပ်နေကြ ရရှာတယ်၊ ကနေ့တော့ သည်ဆင်းရဲတဲ့ ဒကာကြီး ဒကာမကြီးတွေကိုပဲ ချီးမြှောက် ရမယ်" ဆိုပြီး သာသာကလေး ဝင်ရပ်ရှာတယ်၊ သည်မှာကတော့ သူတို့ ဟန်လုပ်ပြီး နေရတာကိုး၊ ဟန်လုပ်ပြီး သာသာကလေး မျက်ခွံများကို မ, တင်ပြီး မမြင်ရတာကို မြင်ရအောင် လက်ကွယ်သလိုများ ပြုပြီးတော့မှ အရှင်မြတ်ရဲ့ အနီးအပါး ကပ်ပြီးတော့ -

"အရှင်မြတ် အရှင်မဟာကဿပပါလား၊ တပည့်တော်များ ဆင်းရဲ လိုက်တာ စားဖို့သောက်ဖို့နှင့် အခုထက်ထိ အချိန်ကုန်နေရပါတယ်၊ အရှင်မြတ် ကြွလာတော် မူသောကြောင့် ဘုရားတပည့်တော်များမှာ သည်ကနေ့ ပြုရတော့မယ်၊ ချီးမြှောက်တော်မူပါဘုရား။"

သူတို့ဟာက လိမ်ရတာဗျာ့၊ အလိမ်ပေါ်သွားရင် ဖြစ်မှာမဟုတ်ဘူး။

http://www.dhammadownload.com



အဲဒါကြောင့်မို့ သာသာကလေး အရိုအသေ ပြုပြီးတော့မှ သူတို့နတ်၌ ဖြစ်ပါတဲ့ နတ်သုဒ္ဓါတွေကို သပိတ်တော်၌ ကောင်းကောင်းမွန်မွန် လုံလုံ လောက်လောက် ထည့်ပြီးတော့ ဆက်ကပ်ပူဇော်ရင်း သိကြားမင်းသည်-

အလျှုဝတ္ထုကို ရိုသေလို့၊

အလျှုခံကို ရိုသေလို့၊

ကိုယ်တိုင် လေးလေးစားစားကြီး ဆက်ကပ်လှူဒါန်းသကိုးဗျာ့။

သည်တော့ နတ်သုဒ္ဓါအနံ့တွေဟာ အရှင်မြတ်ကို ကြိုင်တော့ လှိုင်တော့မှ စဉ်းစားပြီးတော့ ကြည့်တယ်၊ သည်တော့မှ သူတို့ပြုထားတာ မြင်ရသိရ တာဗျာ့။

ဟိုလိုတော့ မသိဘူးဗျာ့၊ ဟိုလိုက ကြည့်မှ မကြည့်သေးဘဲကိုး၊ တန်ခိုးရှင် အသိဉာဏ်ရှင် ဖြစ်ပေမဲ့ ဟိုလိုအတိုင်းတော့ မသိဘူး၊ ယခုနကလို ကြည့်မှသိတာဗျာ့။ (အာရုံမစိုက်ရင်မသိဘူးလားဘုရား။) အာရုံ မစိုက်တော့ ရှင်မဟာကဿပက မသိဘူးဗျာ့။ (ဒါကြောင့်မို့လို့ အလိမ် ခံရတာပါဘုရား။)

## လိုရာပေးနိုင်သော ဒက္ခိဏေယျသံဃာတော်

သည်အခါကျတော့မှ ရှင်မဟာကဿပက –

"ဘယ့်နှယ့်တုံး၊ နင်တို့ သိကြားမဟုတ်လား။"

"မှန်ပါဘုရား၊ ဘုရားတပည့်တော်များ အင်မတန် ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းနှင့် နေရတဲ့အတွက်တာကြောင့် သည်လိုပြုရပါတယ်ဘုရား။"

"နင်တို့ဟာ သုဂတိဘုံ၌ ဝေဇယန္တာဘုံနန်းနှင့်တကွ အားလုံးတို့ အပေါ်မှာ လွှမ်းမိုးပြီးတော့ အလွန်ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာကို ခံစားနေ ကြတယ် မဟုတ်လား။"

"အဲသည်လို ခံစားရတဲ့ သိကြားမင်းပါပဲဘုရား၊ သို့ပင်ငြားသော်လည်းပဲ ကုသိုလ်ပြုရာ၌ သာသနာပတွင်ပြုလို့ သည်စည်းစိမ်ချမ်းသာကို ရပါတယ်၊ ယခု ဘုရားရှင် ပွင့်တော်မူတဲ့အခါကျတော့ ဘုရားရှင်ရဲ့ တပည့်သား ဖြစ်ကြရတဲ့ အားလုံးတို့ဟာ အနည်းငယ်မျှသာ ကုသိုလ်ပြုထားတဲ့ အတွက် သည်ကုသိုလ်အဟုန်ကြောင့် တာဝတိံသာကို ရောက်လာကြတဲ့နတ်သား၊ နတ်သမီးတွေဟာ တပည့်တော်တို့ဆီကို အခစားလာတဲ့အခါကျတော့ တပည့်တော်ရဲ့ ကိုယ်ရောင်၊ ဗိမာန်ရောင်တွေဟာ အားလုံး ခြောက်သွေ့

http://www.dhammadownload.com



မှေးမှိန်သွားပါ တယ်ဘုရား၊ ဘာအရောင်အဝါမှ မရှိတော့ပါဘူးဘုရား၊ ဒါတင်မကသေးဘဲ တပည့်တော်ရဲ့ဗိမာန် အနီးအနားကို လှည့်လည်ကြတဲ့ အခါလဲပဲ တပည့်တော်မှာ တခါထဲ ပုန်းပြီးတော့ နေရပါတယ်ဘုရား။"

အဲဒါ ရှက်လို့တဲ့ဗျာ၊ ဒုက္ခများလိုက်တာဗျာ၊ သူ့ထံကို လာခစားတဲ့ အခါကျတော့လဲ ဆင်းရဲလိုက်တာ ဘယ်နှယ်မှလဲ မတတ်နိုင်ဘူး၊ သူက ရှင်ဘုရင်ကြီးဗျာ့၊ သည်ကျတော့ စိတ်ကဘယ်လို ဆင်းရဲသတုန်းဆိုရင် နတ်တို့ အလယ်၌ မတင့်မတယ် မသပ်မပါယ်နှင့် အကုန်လုံးဟာ အောက်တန်း ကျနေတော့ 'ငါ့ဦးခေါင်းရယ်... ပြတ်များကျသွားရင် ကောင်းမှာပဲ' လို့ သည်လိုများအထိ ဆင်းရဲသတဲ့ဗျာ။ ဒါ့ကြောင့် သိကြားမင်းက-

"ဘုရားတပည့်တော်များမှာလဲ ဒုက္ခိတသတ္တဝါတွေပါဘုရား" လို့ လျှောက်ရသတဲ့ဗျာ။

အဲသည်လို ကုသိုလ်အသစ် ထပ်မံပြီး ပြုလို့ အောင်မြင်တဲ့ အခါ ကျတော့မှ သူ့မှာ ထွန်းလင်းတောက်ပြောင်လာပါသတဲ့ဗျာ၊ အဲသည်လို အကုန်စလုံး အသစ်လုပ်ရရှာတာဗျာ၊ အဲသည်တော့မှ သူ့ခမျာများ ပြုံးနိုင်၊ ရွှင်နိုင်ကြရှာတာဗျာ။

အေး....သည်တော့ ကုသိုလ်ပြုကြပေမဲ့ သာသနာတွင်းနှင့် သာသနာပ ကွာတာဟာ ပြောလို့မကုန်နိုင်ဘူးဗျာ၊ ဒါ့ကြောင့် အခုဆိုရင် အချိန်ကောင်း, ဘဝကောင်းလိုက်ကြတာဗျာ၊ ဟုတ်ကယ့်လား။

သူ့ခမျာ များမှာဆို ဒါကလေးလုပ်ဖို့ရာ အတော်လုပ်ရတာ၊ သာသနာတွင်း မီအောင် လုပ်ရပါသဗျာ၊ သည်လိုပြုရင်တော့ ခုနကလို ဖြစ်နေမှာပဲ။

မေး။ ။ ခုတော့ဒကာကြီး, ဒကာမကြီးတွေပြုမည် ဆိုလျှင် ဘယ့်နှယ် တုန်းဗျာ့၊ ဘယ့်နှယ့်လုပ်ရသေးသလဲဗျာ့၊ ဘယ်အချိန်မဆို ကိုယ်ပြုချင်သလို ပြုနိုင်တယ် မဟုတ်လား။

ဖြေ။ ။ ပြုနိုင်ပါတယ်ဘုရား။

အဲ.... လွယ်လိုက်တာဗျာ၊ သူ့ခမျာ များမှာတော့ သည်လို လုပ်ဖို့ရာ အတော်လုပ်ယူရတာဗျာ။ ပြုဖို့ အခွင့်အခါကိုလဲ အတော်ရှာရတယ်။

http://www.dhammadownload.com



အခုတော့ဗျာ သည်မျှမကဘူး၊ လွယ်လိုက်တာ၊ 'စရဏဆိုတာ ဘယ်သင်း ဘယ်သင်း၊ ဝိဇ္ဇာဆိုတာ ဘယ်သင်း ဘယ်သင်း' ဆိုပြီး ရှင်းရှင်း လင်းလင်း သိနေတယ်၊ အရေးအခွင့်တွေကလဲ ရှိတယ်။

မေး။ ။ သည်တော့ ပြဖို့ရာလဲ ရှေးအရှင်တွေက ပြသွားတဲ့ ခရီး ရှိတာကို သိနေကြတော့ ခက်တာများ ရှိသေးသလားဗျာ့။

ဖြေ။ ။ မခက်ပါဘုရား။

**လွယ်လိုက်တာဗျာ၊** ဒါကြောင့် မြင့်မြတ်တဲ့အချိန်အခါ ဘဝရကြတာ သိပြီးတော့ ရှေးအရှင်များ အလိုဆန္ဒအတိုင်း ပြီးအောင် ဆောင်သလို စရဏ ဝိဇ္ဇာ နှစ်ဖြာစလုံး လေးပါးသော ဣရိယာပုတ်တို့မှာ အချိန်တိုင်း အချိန်တိုင်း အဲသည်လို ဂရုစိုက်ပြီးယူကြ။

'ဟိုမှာ ရှုပ်တယ်, သည်မှာရှုပ်တယ်'နှင့် အဲဒါလုပ်တာ မဟုတ်ဘူး၊ အဲဒါတွေကို လုပ်ကြ။

## ဝတ္တရားကျေမှ အမြင်မှန်ရ

မေး။ ။ ပြုရမယ့် စရဏကို မပြုဘဲ ကိုယ်လိုချင်တဲ့ ချမ်းသာသုခကို ရပါ့မလား။

ဖြေ။ ။ စရဏ မရှိရင် ကိုယ်လိုချင်တာ မရပါဘုရား။

သီလက ချွတ်ယွင်းနေတယ်ဆိုရင် အထက်တက်လို့မရဘူး၊ ဟုတ်ကယ့်လား။

အဲဒါပဲပြု၊ ဒါပဲပြုနေတော့ အချိန်တစ်ခုထဲမှာ နှစ်ခုပြီးတယ်၊ ဟုတ်ကယ့်လားဗျာ့။

ဒါလုပ်နေသေးလို့ ဝိဇ္ဇာပြီးမှ စရဏကိုလုပ်ရင် ဝိဇ္ဇာတစ်ခုတည်း ဖြစ်မယ်။ ဟိုဟာလုပ်နေလို့ ဝိဇ္ဇာ မလုပ်ရင် စရဏ တခုထဲဖြစ်မယ်။

မေး။ ။အဲဒါကြောင့် အခုလုပ်မယ်ဆိုရင် ဘယ့်နှယ်လုပ်မလဲ။

ဖြေ။ ။စရဏရော, ဝိဇ္ဇာရော တွဲလုပ်ပါ့မယ်ဘုရား။

မေး။ ။ဘယ်တော့ စ,လုပ်မလဲ။

ဖြေ။ ။အခုချက်ချင်း စ, လုပ်ပါ့မယ်ဘုရား။

မေး။ ။ဒါဖြင့် နက်ဖြန်ခါကျရင် ပြုံးပြုံးကြီးတွေ နေတာကို မြင်ရတော့မယ်ထင်တယ်။

http://www.dhammadownload.com



ဖြေ။ ။ပြုံးနိုင်, မပြုံးနိုင်တော့ မသိပါဘုရား၊ ကြိုးတော့ ကြိုးစားပါ့မယ်ဘုရား။

မေး။ ။သိကြားမင်းဟာ ခဏကလေးနှင့်ပြုံးသွားတာ ယခုထက်ထိ ပြုံးတုန်းရှိသေးတယ်၊ ဒကာမကြီးတွေက ကြာသလား။

ဖြေ။ ။မကြာပါဘုရား။

မေး။ ။သိကြားလောက်ရော ခက်သလားဗျာ။

ဖြေ။ ။သူ့လောက် မခက်ပါဘုရား။

## ရှိတဲ့ဝီရိယတွေ ဘာလုပ်ဖို့ ချန်ထား

ဒကာကြီး, ဒကာမကြီးများလို သာသနာမှာ သည်လိုနေဖို့ အချိန်ရသလား၊ ဒီလိုဒုက္ခကို ဘယ်သူက ပြောသလဲ၊ သူ့ဟာသူ ကြံပြီး သူ့ဟာသူ သိပြီး သည်လိုလုပ်တာဗျာ့၊ **အခုကြည့်ပါဦး၊ ပြောလိုက်ရတာ.....** ။

ဒါတောင်မှ 'နက်ဖြန်ခါ ပြုံးမှာလား' ဆိုတော့ သည်တခါ သေချာပါတယ် ထင်ပါရဲ့။ (သေချာတာကတော့ သေချာတာပါပဲ ဘုရား၊ ဘယ်လို သေချာသလဲတော့ မသိပါဘုရား။)

အေး.... ဝီရိယတော့ရှိတယ်၊ သည်ဝီရိယရှိလျက်နှင့် ဘာလုပ်ရအောင် သည်ဝီရိယတွေကို သူတို့ မသုံးဘဲ သိမ်းထားကြပါလိမ့်မလဲ။ ဘာများလုပ်ဖို့လဲ၊ ဝီရိယတော့ ရှိတယ် မဟုတ်လား၊ (ရှိပါတယ် ဘုရား။)

မေး။ ။ရှိလျက်သားနှင့် အသုံးမချဘဲ ဝီရိယတွေ သိမ်းထားတာ ဘာလုပ်မလို့လဲ။

ဖြေ။ ။တပည့်တော်တို့က ပျော်ဖို့၊ ပြုံးဖို့အတွက် ဝီရိယတွေ သိမ်းထားပါတယ်ဘုရား။

မေး။ ။ပျော်တာက ဘယ်နှယ်လဲ သိကြားပျော်တာလိုလား။ သူများအောက်ကျနောက်ကျဖြစ်ပြီး 'အမယ်မင်းရယ်လေး..... ငါ့ဦးခေါင်းပြတ်ကျပါတော့'လို့ သည်လိုပျော်ချင်တာလား၊ သူများထက်သာပြီး ပျော်ချင်တာလား။

ဖြေ။ ။တပည့်တော်တို့က သူများထက် အောက်ကျနောက်ကျဖြစ်ပြီး ပျော်ချင်တာပါဘုရား။

http://www.dhammadownload.com



မေး။ ။ဟုတ်ကယ့်လား။ (သည်လိုပဲ ဖြစ်နေပါတယ် ဘုရား။) သေသေချာချာကျတော့ အောက်ကျချင်တာ မှန်ရဲ့လား။

ဖြေ။ ။ငိုချင်တာ, အောက်ကျချင်တာကိုပဲ ပျော်နေပါတယ်ဘုရား။

မေး။ ။စိတ်ထဲမှာ 'အောက်ကျချင်ပါဘိတော့' ဆိုပြီး ပျော်ချင်သလား။

မေး။ ။စိတ်ထဲကတော့ သည်လို မပျော်ချင်ပါဘုရား၊ အထက်တန်းကျကျပျော်ချင်ပါတယ်၊ ဒါပေမယ့် လုပ်တဲ့နေရာမှာတော့ အောက်ကိုချည်း သွားအောင် လုပ်နေပါတယ်ဘုရား။

## လိုတာမျှမက အပိုတွေပါ ရ

အဲဒါကတော့ မသိတုန်းကကို၊ အခု သေသေချာချာကို ဟိုလိုလည်း သိပြီ, သည်လိုလည်း သိပြီမဟုတ်လား၊ သိတော့ ဘယ့်နှယ်လုပ်မလဲ။ (ဝီရိယကို ဝိဇ္ဇာနှင့် အသုံးပြုပါတော့မယ်ဘုရား။) ဘယ်အချိန်က စမှာလဲ။ (အခုချက်ချင်းပါဘုရား။) ဒါဖြင့် နက်ဖြန်ခါကျရင် အားလုံးကို ပြုံးပြုံးကြီး ကြည့်ရတော့မယ်ထင်တယ်။ (မှန်ပါ့ဘုရား။) ပြုံးပြုံးကြီးကို အကုန်လုံး မြင်ရတော့မှာပဲ။ (မြင်ရပါလိမ့်မယ် ထင်ပါရဲ့ဘုရား။)

အမယ်မင်း...ထင်နေပြန်ပြီ။ (စိတ်မချရတာက တပည့်တော်ကအစ စိတ်မချရတာပါဘုရား။) သိပြီဆိုတော့၊ ဝီရိယတွေလည်း ရှိကြသားပဲ၊ လိုတာကို မလိုရအောင် ပြုဖို့ရာ မခက်ဘူးထင်ပါရဲ့။ (မခက်ပါဘုရား။)

အေး......ဝီရိယတွေနှင့် ထူထောင်ပြီးတော့ ပြုကြမယ်ဆိုရင် လိုသလောက် မကဘူးဗျာ၊ အပိုတွေတောင် ရပ်လိမ့်မယ်ဗျာ၊ နို့. . . ခုနက ဝီရိယရဲ့ အစီးအပွားဖြစ်တဲ့ ဝီရိယိဒ္ဓိပါဒ်တွေကို ဘုရားဆုံးမတာတွေ ငယ်ငယ်ကစပြီး ရထားတော့ သိတယ်၊ သိပြီးတော့ ဝီရိယနှင့် ထူထောင်ရင် ယခု ပစ္စုပ္ပန် သံသရာ နှစ်ဖြာ ကုသိုလ်တို့ပဲ။

ယနေ့ ဝီရိယနှင့်ဆောင်တော့မယ်ဆိုတော့ ဘယ့်နှယ်တုံး'နိုသဇ်ခုတင် ဆောင်ကြအုံးမှာလားဗျာ။ (ဆောင်ပါ့မယ်ဘုရား။) ကဲ.... ဆောင်တော့ ဆောင်ကြ။ ဆောင်ပြီး လုပ်ရမှာတော့ သိတယ်မဟုတ်လား။(သိပါတယ် ဘုရား။) [နိုသဇ်ခုတင် ဆောင်ကြပါသည်။]

http://www.dhammadownload.com



ဤကဲ့သို့ စုတင်ဆောင်ပြီးတော့ မှန်းတဲ့အတိုင်း ပြည့်အောင် ယူကြလို့ ရကြတဲ့ လူနတ်ဗြဟ္မာ အပေါင်းတို့ဟာ မရေမတွက်နိုင်အောင် များပြားပါတယ်။ သည်တော့ သည်ခရီးအတိုင်းသာ မှတ်သား လိုက်နာ ကြလို့ရှိလျှင် ရှေးအရှင်တို့ကဲ့သို့ ပြီးနိုင်, အောင်နိုင်ကြမှာ ဖြစ်သောကြောင့် ကြိုးစားကြ, အားထုတ်ကြပါဗျား။

သာဓု....သာဓု....သာဓု။

[ ၁၉၅၅-ခုနှစ် မေလ ၂-ရက်နေ့ ည ၇း၃၀၊
ရန်ကုန်မြို့ တက္ကသိုလ်ဓမ္မာရုံ၌ ဟောသည်။ ]

http://www.dhammadownload.com

# ဝေးလျက် နီး

၁၉၊ ၁၊ ၁၉၇၆ နေ့က ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် အင်းလေးဓမ္မာရုံ၌ ခေတ္တ သီတင်းသုံးတော်မူနေစဉ် ရန်ကုန်မြို့ အင်းယားမြိုင် ပဋိပတ္တိဌာနမှ နိုင်ငံခြားသား တရားအားထုတ်သူများ လာရောက်ဖူးမြော်ကြသည်။ နိုင်ငံပေါင်းစုံမှ ၁၅-ယောက်ခန့် ရှိ၏။

ထိုအခါ ဆရာတော်ဘုရားကြီးက -

"အေး..... အေး ဘုရားရွှေလက်ထက်တော်ကနှင့် တူသားဗျာ၊ ဘုရားရွှေလက်ထက်တော်ကလည်းပဲ ဘုရားရှင့် ထံမှောက် အချိန်တခုတည်းမှာ တပြိုင်နက်တည်း ရောက်ကြတာ တစ်နိုင်ငံတည်း တစ်မြို့တည်း တရပ်တည်း မဟုတ်ဘူး၊ နိုင်ငံပေါင်းစုံ မြို့ပေါင်းစုံ သူတော်ကောင်းပေါင်းစုံ။

"အင်း..... သူတို့က တစ်နိုင်ငံတည်း မဟုတ်ပဲကိုး၊ ဒီနေရာနှင့်ဆိုရင် အဝေးကြီးဗျာ့...၊ ဒီတော့ နောက်က ဆည်းပူးခဲ့တဲ့ ပါရမီဂုဏ်တွေ ပြည့်စုံလုံလောက်ကြသည် ဖြစ်သောကြောင့် ဒီနိုင်ငံသို့ အချိန်တခုတည်းမှာ တပြိုင်နက်တည်းကြီး ရောက်လာကြတာပါဗျာ့။

"ဘုရားရှင်က -'ငါဘုရားရှင်နှင့် စကြာဝဠာခြားပြီးတော့ နေပေမယ်လို့ ငါဘုရားဆုံးမတော်မူတာ လိုက်ပါမယ် ဆိုလို့ရှိရင် ငါဘုရားနှင့် အတူ သီတင်းသုံးရတာနှင့် တူတယ်'...တဲ့၊ အဝေးကြီးမှာ နေပေမယ်လို့ဗျာ.... ဟုတ်ကဲ့လား။"

"ငါဘုရားရှင်နှင့် နီးပြီးသကာလ သက်န်းတော် အစွန်းကို ကိုင်ထားပေမယ်လို့ ဆုံးမတော်မူတာကို မလိုက်ပါရင် ငါဘုရားရှင်နှင့် စကြာဝဠာကွာခြားတယ်၊ ဝေးတယ်" တဲ့ဗျာ့ ကြားလား....။

http://www.dhammadownload.com

# နည်းလျက် များ

'ဒို့ပြောတာ နားလည်ကြရဲ့လား' ဟု မေးတော်မူရာ မြန်မာနိုင်ငံသို့ လာရောက်၍ တရားကိုးကြိမ် အားထုတ်ပြီးသူ ကောလိပ်ကျောင်း၌ မြန်မာစာ သင်နေသော 'ဂျင်မ်အင်မာရီ' ဆိုသူ အမျိုးသမီးက 'နည်းနည်းကလေး နားလည်တယ်' ဟုလျှောက်၏။

ဆရာတော်ဘုရားကြီးက -

"များများကြီး မလိုချင်ပါဘူး၊ အကျိုးရှိမယ့်ဟာ နည်းနည်းကလေး ပြောပြစမ်းပါ"ဟု ဆိုဖူးသော အရှင်သာရိပုတြာအလောင်းနှင့် အရှင်အဿဇိ မထေရ် စတင်တွေ့ဆုံပုံကို ဆက်လက်ဟောပြတော်မူသည်။

"အေး...သူတို့ဟာ ပစ္စုပ္ပန်ချမ်းသာ သံသရာချမ်းသာကို တခါတည်း ရချင်ပြီးတော့ကို ဘုရားရှင် ပွင့်တော်မမူမီ အချိန်ကတည်းကကို လိုက်ရှာနေကြတာဗျာ။

"ယခုလည်းပဲ နည်းနည်းကလေးပေမယ့် သိတော့ အများကြီး သိသွားတာဗျာ၊ သိတဲ့အတိုင်း လိုက်ပါပြီဆိုလို့ရှိရင် ချမ်းသာရကြတာတွေကတော့ တလောကလုံးကြီး အကုန်မရနိုင်ဘူးလားဗျာ၊ လူရော နတ်ရော ဗြဟ္မာရော။

"အဲ.... နည်းနည်းကလေးပေမယ်လို့ လိုချင်တာတွေ အကုန်မပြီးဘူးလား၊ ပြီးတာပေါ့.... ကြားလား...။"

[**'ဝေးလျက်နီး'**မှာ ဣတိဝုတ္တက ပါဠိတော် 'သယ်ာဋိကဏ္ဏာသုတ်' ဖြစ်၍၊ **'နည်းလျက်များ'** မှာ ဝိနယ-မဟာဝဂ္ဂပါဠိတော် မဟာခန္ဓက 'သာရိပုတ္တ မောဂ္ဂလာန ပဗ္ဗဇ္ဇာကထာ' ဖြစ်သည်။ ပိဋကလာ အဓိပ္ပာယ်၊ ဝတ္ထုသာကေများကို အကြောင်းအားလျော်စွာ လျှပ်တပြက် အံဝင်ခွင်ကျ ဟောပြတော် မူလေ့ရှိသည်။]

http://www.dhammadownload.com

ပျင်းမှန်း-ဖျင်းမှန်း-သိပြီလား

ပျင်းတာကို

ပျင်းတယ်လို့ သိတယ်။

ဖျင်းတာကို

ဖျင်းတယ်လို့ သိတယ်။

သိလျှင်

တော်တော်နေရာကျပြီ။

ဝေဘူဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ၁၁–ကုသိုလ်တစ်စက် စကြဝဠာအနန္တ

တရားတော်

## မလုပ်မနေရ အခြေခံ 'စရဏ'

သီလဆောက်တည်ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ၊ ဖြည့်လို့ ပြည့်စုံပြီဆိုမှဖြင့် ပစ္စုပ္ပန်၊ သံသရာ ကောင်းကျိုးနှစ်ဖြာ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြည့်ကြပါရော၊ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြည့်လိုတဲ့ သူတော်ကောင်း အစားစားတို့ဟာ ပစ္စုပ္ပန်သံသရာ **စိတ်နှလုံးအလို** တောင့်တတဲ့အတိုင်း ပြည့်နိုင်တဲ့ သီလကြိုးစားဖြည့်။

ဘုရားရှင် သာသနာတည်မှု စိတ်နှလုံးနှစ်သက်ဖွယ်ရာ သဘောကျသလိုစီမံ

အလှူ့ဝတ္ထု၊ အလှူခံ ရှိသေ၊
စိတ် ဖြောင့်မတ်စွာထား၊
ကိုယ်ပိုင်ကိုယ်တိုင် ဆက်ကပ်လှူဒါန်း ပူဇော်ခြင်းပြု။

အမြင့်ဆုံး အမြတ်ဆုံးဖြစ်ပါတဲ့ ချမ်းသာ နိဗ္ဗာန်ကို အလိုရှိတဲ့ ဗောဓိနဲ့ စံဝင်ရပါလို၏လို့ အခုလို ဆုတောင်း။ လေးပါးသစ္စာ ထိုးထွင်းသိတာ 'ဗောဓိ'လို့ ခေါ်တာ။

## ဆုတောင်းသင့် မတောင်းသင့်

ကုသိုလ်ဆိုတာ တကြိမ်တခါပြုလို့ အောင်လျှင် ဆွေးမြည့်ပျောက်ပျက်မသွား၊ အထွတ်အထိပ် ချမ်းသာ မှန်းရာဗောဓိနဲ့ နိဗ္ဗာန်အထိဆောင်၊ သံသရာတခွင် ပါရမီအရှင် ဖြစ်ရပြန်၊ သုဂတိဖြစ်တဲ့ လူစခန်း၊ နတ်စခန်း ဘယ်လူ ဘယ်နတ် ဘယ်ပြဟ္မာမှ မယှဉ်မတုသာ၊ အရာရာမှာ လွှမ်းမိုးလို့ အသာဆုံး ဖြစ်ကြရ။

http://www.dhammadownload.com



**ဒါက ဆုတောင်းကြရသည် မဟုတ်ပါ၊ ရှောင်မရ, တိမ်းမရ ဖြစ်တဲ့ ချမ်းသာ ၊ ဆုတောင်းရတာက သံသရာမှလွတ်မှု၊ ကိုယ်လိုတဲ့ ဗောဓိနဲ့ နိဗ္ဗာန်စံဝင်မှု ဒီတခုသာ။**

ဗောဓိအရှင်သခင်, ပါရမီအရှင်သခင်, ဝီရိယ အရှင်သခင်တွေက အရဆောင်ကြတယ်၊ ဘယ်လို ဆောင်ပါသတုန်းဆိုတော့ အားလုံး သူတော်ကောင်းအများတို့ ဘုရားရှင် ထားတော်မူခဲ့တဲ့ သာသနာတည်မှု အမြင် များပြီးတော့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးပစ္စည်း နှစ်သက်ဖွယ်ရာ အဖြာဖြာ၊ ရေတွင်း ရေကန်, ဇရပ် တန်ဆောင်း, ခရီးလမ်းအသွယ်သွယ် အဝဝ၊ သစ်သီးအရံ ပန်းအရံ ဘယ်ဟာမှ မလိုရအောင်ဟာ ထားတော်မူ ခဲ့တဲ့ သွာသနာတည်မှု ပြု၊ အလိုရှိတဲ့ဗောဓိနဲ့ နိဗ္ဗာန်စံဝင်မှု ဆုယူ။ သစ္စာလေးဖြာ ထိုးထွင်းသိတာ ဗောဓိခေါ်တာ။

အစဉ်သနားလို့ ညွှန်ကြားဆုံးမတာ ရ 'သောဝစဿတာ' ဂုဏ်နဲ့ ပြည့်စုံပြီး ဘုရားရှင် ဆုံးမတော်မူတာ ရ လိုက်ပါ၊ အခါမလင့် ဆိုက်လာ၊ တောင့်တတဲ့အတိုင်း ပြီးပါရော။

## ပိဋကတ်သုံးပုံ အချုပ်

ဒီတော့ "ဘုရားရှင် ဆုံးမတော်မူပါတဲ့ အဆုံးအမက ဘယ်သင်းများ ပါလဲ" ဆိုတော့ သံဃာတော် အရှင်ကောင်းတို့ အမြဲ သီတင်းသုံး၊ မေတ္တာ မိုးစွေကာ ချီးမြှောက်တော်မူပြီးနေကြတဲ့ ပိဋကတ် သုံးဖြာဟာ ဘုရားရှင်ဆုံးမ တဲ့ အဆုံးအမတော်တွေပါပဲ။

ဘုရားရှင် ဆုံးမတဲ့ အဆုံးအမ သုံးဖြာသော ပိဋကတ်ဆိုတော့ ကျယ်ပြန့်ပြီး များတယ်။

မှ ပိဋကတ် သုံးဖြာကို အကျဉ်းချုံးပါဆိုတော့ 'ဗောဓိပက္ခိယ' တရား ၃၇-ပါး။ ဗောဓိပက္ခိယတရား ၃၇ပါး အကျဉ်းချုံးလျှင် မဂ္ဂင်တရား ၈-ပါး၊ မဂ္ဂင်တရား ၈-ပါးကို အကျဉ်းချုံးလျှင် သိက္ခာ ၃-ပါး၊

ဒီတော့ ဆုံးမတော်မူပါတဲ့ အဆုံးအမတွေ ရလျှင် 'သောဝစဿတာ' ဂုဏ်နဲ့ပြည့်စုံကာ လိုက်ပါလျှင် အခါမလင့် ဆိုက်လာ၊ သံသရာတလျှောက် လုံး တောင့်တရည်ရွယ် မှန်းထားလာတာ ပြီးကြပါရော။

http://www.dhammadownload.com



## သီလ, သမာဓိ, ပညာ အနှစ်သာရ

'ဘယ်ကဲ့သို့ လိုက်ပါ ပါသတုန်း' ဆိုတော့ တပါးပြေးသွားတဲ့ စိတ်တွေ မပြေးသွားစေဘဲနဲ့ ဘုရားရှင့် ကျေးဇူးတော်, ဂုဏ်တော်၊ ဘုရားအဆုံးအမ (ဖြစ်တဲ့) ရုပ်ပေါ်,နာမ်ပေါ်၌ သက်ဝင်တည်နေအောင် ဝီရိယများများနဲ့ထား။

အခုလိုထားတာက 'ဝီရိယ'၊

ထားတဲ့အတိုင်း တည်နေတာက 'ဝီရိယိဒ္ဓိပါဒ်'၊

နေတဲ့အချိန် ဆင်းရဲဖြစ်စေတဲ့ လောဘ, ဒေါသ, မောဟ မဝင်သာလို့ မဝင်လာဘူး၊ လောဘ, ဒေါသ, မောဟဆိုတာ မီးခေါ်တာ။

အခုထား၊ အခုနေ၊

အခု မီးငြိမ်း၊ အခု ပစ္စုပ္ပန်ချမ်းသာ၊

ဒီ ချမ်းသာဆိုက်လာတော့ ဝီရိယအရှင်သခင်တို့ သန္တာန်မှာ ဆိုက်လာ။

ဘယ်သူ့မှ မမေးရဘူး၊

ဝီရိယအရှင်သခင် သိတယ်၊

သိတော့ ဒီချမ်းသာကို မစွန့်တော့ဘူး။

"ဣရိယာပုတ်လေးဖြာ ကြားလပ်မရှိအောင် တဆက်တည်း ဆောင်မယ်" မြင့်မြတ်တဲ့ဆန္ဒဖြစ်၊ ဆန္ဒနဲ့ အတူ ဝီရိယနဲ့ ထူထောင်.... ဆောင်၊ သီလအနှစ်, သမာဓိအနှစ်, ပညာအနှစ်တို့ ပြည့်စုံ၍ အလုံးစုံ ဒုက္ခငြိမ်းချုပ်ရာ နိဗ္ဗာန်ကို မှန်းရာဗောဓိနဲ့ စံဝင်ကြွသွားတော်မူကြဘိ သကဲ့သို့ ထပ်တူညီမျှ ပြီးမှာသိပြီးတော့၊ အချိန် အချည်းနှီးမဖြစ်ရအောင်ဟာ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမ တစ်သက်နေပြီးတော့ တည်အောင်ဟာ ဘုရား ကျေးဇူးတော်, ဂုဏ်တော် ရုပ်ပေါ်နာမ်ပေါ်မှာ သက်ဝင်ပြီး တည့်အောင်ထား။

## သိက္ခာသုံးပါး သဘောသွား

ဤကဲ့သို့ထားလျှင် ရုပ်နာမ်နှစ်ဖြာပေါ်မှာ သက်ဝင်၍ တည်နေ၊ တည်နေတဲ့အချိန်မှာ ကာယကံ လွန်ကျူးမှု၊ ဝစီကံ လွန်ကျူးမှု မရှိ၊ သီလ သန့်ပြန့် စင်ကြယ်တယ်၊ ဒါ **'အဓိသီလ'**။

စိတ်တွေ မသောင်းကျန်း မထကြွတော့ဘဲ ငြိမ်ဝပ်ပိပြားပြီး တည်နေတော့တယ်။

http://www.dhammadownload.com



သမာဓိတရားက အချိန်တခုနှင့် တခု မတူ၊ အစဉ်တိုးတက်၊ သမာပတ်ရှစ်ဖြာအထိ၊ ဒီဟာကိုတော့ '**အဓိစိတ္တ**' လို့ခေါ်တယ်။

ရုပ်ပေါ် နာမ်ပေါ်မှာ သက်ဝင်လို့ တည်နေတော့ ရုပ်နာမ်တို့ သဘောလက္ခဏာက ဘယ်လူ ဘယ်နတ် ဘယ်ငြှဗ္ဗာမှ ပြုလုပ်စီမံရသည် မဟုတ်၊ တဖြစ်တည်း ဖြစ်, တပျက်တည်း ပျက်ပြီးနေတာ၊ ဤကဲ့သို့ ရုပ်နာမ် နှစ်ဖြာ ဖြစ်ပျက်မှုကို သိတာ၊ သိတဲ့အချိန်ဟာ '**အဓိပညာ**'။

## ဆင်းရဲက လွတ်ချင်ကြပေမယ့်

ဒီတော့ ဘုရားရှင်ဆုံးမတာတွေကို 'သောဝစဿတာ' ဂုဏ်နဲ့ ပြည့်စုံကာ လိုက်ပါတော့ အခါမလင့် ဆိုက်လာ၊ သီလအနှစ်, သမာဓိအနှစ်, ပညာအနှစ် တို့ဟာ ပြည့်လို့မို့ အလုံးစုံဒုက္ခငြိမ်းချုပ်ရာ နိဗ္ဗာန် စံဝင် ကြွသွားတော်မူ ကြဘိသကဲ့သို့ ထပ်တူညီမျှ ပြီးမှာ သိပြီးတော့ 'အချိန်အခါ ဘဝညီတယ်၊ ရှေးအရှင်တို့လို အရယူမယ်' ဆန္ဒဖြစ်ကာ ဆောင်ကြ ယူကြတာ။

ဒီတော့ ဘုရားရှင် ဆုံးမတော်မူပါတဲ့ အဆုံးအမတွေဟာ ဘယ်သင်း မျှားတုန်း' ဆိုတော့ ပိဋကတ်သုံးဖြာ၊ ဒါကိုလိုက်နာတော့ အခါမလင့် ဆိုက်လာ၊ တောင့်တတဲ့အတိုင်း ပြီးပါရော။

အခုလဲ 'သံသရာတစ်လျှောက်လုံး ဘာကိုမျှား တောင့်တပါသတုန်း' ဆိုတော့ ပစ္စုပ္ပန်ချမ်းသာ, သံသရာ ချမ်းသာ နှစ်ဖြာ တောင့်တကြတယ်၊ ပစ္စုပ္ပန်ဆိုတာ အခုချမ်းသာမှု၊ သံသရာချမ်းသာဆိုတာ...သံသရာ ကျင်လည် ရတာက ဇာတိ ဇရာ ဗျာဓိ မရဏ ပဋိသန္ဓေနေရ အိုရ နာရ သေရတယ်၊ ဒီတော့ သံသရာ ကျင်လည်ရတာကို ကြောက်ကြ ရွံ့ကြ မုန်းကြသဗျာ၊ 'ဘယ်လောက်များကြောက်ပြီး ရွံ့မုန်းသတုန်း' ဆိုတော့ ပြောတဲ့ အသံကိုမျှ မကြားချင်, မကြားလို, သို့ပေမယ့်လည်းပဲ ပဋိသန္ဓေနေမှု, အိုမှု, နာမှု, သေမှုတို့ကို ရှောင်လို့ တိမ်းလို့မလွတ်၊ ခဏလေးမျှပင်လျှင် ရပ်နား ထားလို့ မဖြစ်ဘူး။

ဤကဲ့သို့ ဆင်းရဲအနန္တနှင့် ရှောင်မရ တိမ်းမရ ဒီအတိုင်းပဲ နေကြရ။

http://www.dhammadownload.com



## ရတနာသုံးပါး ကျေးဇူး

ဘုရားရှင်ပွင့်တော်မူသည်နှင့် တပြိုင်နက် တလောကလုံး လူနတ်ဗြဟ္မာတွေ ဘုရားရှင်ထံမှောက် ရောက်၊ ဘုရားရှင် အသရေတော်မျက်မှောက် ကြည်ညိုကြရ၊ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ အားမရမရောင့်ရဲနိုင်၊ စိတ်အားဖြင့် လျှ၊ ပူဇော်ခြင်းပြု၊ အစဉ်သနားလို့ ညွှန်ကြားဆုံးမတာ ရ၊ 'သောဝစဿတာ' ဂုဏ်နှင့် ပြည့်စုံကာ လိုက်ပါ၊ အခါမလင့်ဆိုက်လာ၊ ခဏအချိန်မှာပင်လျှင် သံသရာ တစ်လျှောက်လုံး တောင့်တရည်ရွယ်မှန်းထားကြတာတွေဟာ ပြီးကြတာတွေ မှတ်ထားပြီးတော့ မပြောနိုင်လောက်အောင်ပင်များပါ၊ ခဏအချိန်မှာပင်လည်း ကုဋေပေါင်း ရာပေါင်း, ထောင်ပေါင်း, သောင်းပေါင်း, သိန်းပေါင်း, သန်းပေါင်း တခါတလေအသချေ်. . ။

ဒီတော့ အချိန်အခါ ဘဝမြင့်မြတ်တာသိပြီး ဒီအချိန်ကို အနည်းငယ်မျှအချည်းနှီး မဖြစ်ရအောင် စိစစ်ကာ ဆက်ကာ ဆက်ကာနဲ့ ဆောင်လာကြတာ အားလုံး သူတော်ကောင်းအများ လက်ထက်သို့ ဆိုက်လာရော။

အခုကော 'အချိန်အခါနဲ့ ဘဝညီတယ်၊ ရှေးအရှင်တို့လို အရယူမယ်' မြင့်မြတ်တဲ့ ဆန္ဒဖြစ်၊ ဘုရားရှင် ဆုံးမတော်မူတဲ့ အဆုံးအမကို လိုက်ပါတယ်၊ 'ဘယ်ကဲ့သို့ လိုက်ပါ ပါသလဲ' ဆိုလျှင် တပါးပြေးသွားတဲ့ စိတ်တွေ မပြေးသွားစေဘဲနှင့် ဘုရားရှင် ကျေးဇူးတော် ဂုဏ်တော်, ဘုရားအဆုံးအမရုပ်နာမ်နှစ်ဖြာ၌ သက်ဝင်၊ ဝီရိယများများနဲ့ ထား။

အခုလိုထားတာ **'ဝီရိယ'** ၊ ထားတဲ့အတိုင်း တည်နေတာ ဝီရိယိန္ဒြေပါ၊ နေတဲ့အချိန် ကာယကံလွန်ကျူးမှု ဝစီကံလွန်ကျူးမှု မရှိ၊ သီလသန့်ပြန့်စင်ကြယ်တယ်၊ အချိန်တခုနှင့်တခု မတူဘူး၊ ဒီဟာကို **'အဓိသီလ'**ခေါ်တယ်။

စိတ်တွေ မထကြွ မသောင်းကျန်း ငြိမ်ဝပ်ပိပြားအောင် သမာဓိတရားအခုလိုထားတော့ ပြီးတဲ့အချိန်ကျလျှင် ဤအချိန်မျှမက အောင်မြင်တိုးတက်ပြီးတော့ သွားတယ်၊ ဘယ်ထိအောင်၊ သမာပတ်ရှစ်ဖြာအထိ တိုးတက်မယ်၊ ဒါက **'အဓိစိတ္တ'** ခေါ်တာ။

http://www.dhammadownload.com



## လျှပ်တစ်ပြက် ကုဋေတစ်သိန်း

ရုပ်နာမ်နှစ်ဖြာပေါ်မှာ သက်ဝင်ယုံကြည်နေ၊ ရုပ်နာမ်တို့ သဘော လက္ခဏာက ဘယ်လူ ဘယ်နတ်ပြဟ္မာမှ ပြုလုပ်စီမံရသည်မဟုတ်၊ တစ်ဖြစ်တည်းဖြစ်၊ တစ်ပျက်တည်း ပျက်နေတာ။

မေး။ ။ ဤကဲ့သို့ ရုပ်နာမ်နှစ်ဖြာ ဖြစ်ပျက်တာ လျှပ်တပြက်မျှ အချိန်မှာ အကြိမ်ဘယ်လောက် များပါသတဲ့တုံးဗျာ့။

ဖြေ။ ။ ကုဋေတသိန်းပါတဲ့ဘုရား။

ကုဋေတစ်သိန်းဆိုတော့ ကုဋေကို တစ်သိန်းဗျာ့၊ တစ်ကုဋေဆိုလျှင် တစ်ကုဋေကတော့ အားလုံးတို့ဟာ ရေတွက်ပြီး ပြောတတ်ပါတယ်ဗျာ၊ တစ်ကုဋေဆိုတာ ဘယ်လောက် ဘယ်လိုဟာ ခေါ်ပါသတုံးဗျာ့၊ ရေတွက်ပြီး တော့ ဒါကတော့ ပြောတတ်ပါတယ်၊ တစ်ခုက စပြီးတော့ တစ်ကုဋေ ပြည့်အောင်ဟာ ရေတွက်ကာ ပြောပြပါဆိုလျှင် အားလုံးပဲ ဒါကတော့ သွက်လက် ဖျတ်လတ် ကြသဗျာ၊ ဘယ်လောက်တုံးဗျာ။

တစ်ခုကစပြီး ရေတွက်မယ်ဆိုလျှင်... ဆယ်ခုဆယ်လီ တစ်ရာ၊ တစ်ရာဆယ်လီကော တစ်ထောင်၊ တစ်ထောင်ဆယ်လီကော တစ်သောင်း၊ တစ်သောင်း ဆယ်လီကော တစ်သိန်း၊ တစ်သိန်းဆယ်လီကော တစ်သန်း၊ တစ်သန်းဆယ်လီကော တစ်ကုဋေ၊ အေး.... ဒါကတော့ စာလာသလို ပြောတာ၊ တစ်ခုချင်းသာ ရေတွက်ပြီးတော့ ယူရမယ်ဆိုလို့ရှိရင် အချိန် ဘယ်လောက် ကြာမှာလဲဗျာ၊ ဒါက တစ်ကုဋေ ရှိသေးတာဗျာ့၊ ကုဋေ တစ်သိန်း ဆိုတော့ အချိန်ဘယ်လောက်များ ကြာမတုံးဗျာ- ရေတွက်ပြီး အောင်၊ အေး... ဘယ်လောက်ကြာမှာလဲဗျာ။

ဒီတော့ ရုပ်နာမ်နှစ်ဖြာတို့ဟာ ဖြစ်ပျက်တာ လျှပ်တပြက်မျှအချိန်မှာ ကုဋေတစ်သိန်းဆိုတော့ လျင်မြန်လိုက်တာဗျာ၊ ဟောဒီလို တစ်ဖြစ်တည်း ဖြစ်ပြီး တစ်ပျက်တည်း ပျက်နေတာ။

## သိက္ခာသုံးဖြာ တစ်ခါတည်းပြီး

ဒီတော့ ရုပ်နာမ်နှစ်ဖြာပေါ်မှာ ဝီရိယများများ သန်သန်နှင့် စိုက်စိုက် စူးစူး တည်နေအောင်ဟာ ထားမယ်၊ ထားလျှင် ရုပ်နာမ်နှစ်ဖြာ အပေါ် သက်ဝင်ပြီးတော့ စိုက်စိုက်စူးစူးနှင့် တည်မနေပေဘူးလားဗျာ။

http://www.dhammadownload.com



မေး။ ။ ထည်နေတော့ အခုလောက် လျင့်မြန်သွက်လက်တဲ့ ဖြစ်ပျက်မှုတွေကို 'ရုပ်နာမ်နှစ်ဖြာ ဖြစ်ပျက်တာကို မသိချင်ပေါင်' လို့ အခုလည်းပဲ ရုပ်နာမ်နှစ်ဖြာ ဖြစ်ပျက်တာကိုမသိဘဲ နေပါ့မလားဗျာ။

ဖြေ။ ။ သိပါတယ်ဘုရား။

သိမယ်၊ ဒီတော့ အခုလိုထားလို့မို့ ရုပ်နာမ်တို့ သဘောလက္ခဏာ ဖြစ်ပျက်တာကို သိတဲ့အချိန်၊ အဲဒါ **အဓိပညာ** တဲ့။

ဒီတော့ ဘုရားရှင် ဆုံးမတော်မူတာ ရဲ သောဝစဿတာဂုဏ်နဲ့ ပြည့်စုံကာ လိုက်ပါတော့ **သုံးပါးသော သိက္ခာကို တပြိုင်နက်တည်း ဖြည့်လျက်နေပါတယ်။**

## ဘုရားဆုံးမတာ ဘာမှလိုလေသေး မရှိ

ဒီတော့ သိက္ခာသုံးဖြာကို ဒီလိုဖြည့်လျက်နေတော့ကို အားလုံး ပြည့်စုံ၊ ပြည့်စုံတော့ သံသရာ တစ်လျှောက်လုံး တောင့်တရည်ရွယ် မှန်းထား လာတာဟာ ပြီးပါရော။

'သံသရာ တစ်လျှောက်လုံး တောင့်တလာတာက ဘယ်သင်းများပါလဲ' ဆိုတော့ ပစ္စုပ္ပန်ချမ်းသာ, သံသရာ ချမ်းသာ။

**ပစ္စုပ္ပန်ချမ်းသာ သံသရာချမ်းသာနှစ်ဖြာ တောင့်တတဲ့အတိုင်း ပြီးနိုင်တာကတော့ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမမှ တစ်ပါး သည့်ပြင် မရှိဘူးဗျာ။**

ဒါ့ကြောင့် ဘုရားရှင် ဆုံးမတော်မူတာ ရဲ 'သောဝစဿတာ' ဂုဏ်နဲ့ ပြည့်စုံကာ လိုက်ပါ၊ အခါမလင့် ဆိုက်လာ၊ သံသရာတစ်လျှောက်လုံး တောင့်တ ရည်ရွယ်မှန်းထားတာ ပြီးပါရော။

မေး။ ။ ဒီတော့ ဘုရားရှင် ဆုံးမတော်မူပါတဲ့ အဆုံးအမကို 'သောဝစဿတာ' ဂုဏ်နဲ့ ပြည့်စုံကာ လိုက်ပါရတာ တပါး ပြေးသွားတဲ့စိတ်တွေ မပြေးသွားရအောင်ဟာ ဝီရိယနဲ့ ထူထောင်ပြီးတော့ ထားရတာများ ပင်ပန်းသလားဗျာ။

ဖြေ။ ။ မပင်ပန်းပါဘုရား။

http://www.dhammadownload.com



**မေး။** ။ ပစ္စည်းများ ကုန်သလားဗျာ။ (မကုန်ပါဘုရား။)
**မေး။** ။ တစ်ပါးသူတွေ သိသလားဗျာ။ (မသိပါဘုရား။)
မသိပေါင်ဗျာ....။

**တိုက်ခိုက်လုယူ ပိတ်ပင်၍မရသော ပုဂ္ဂလိက စီးပွားချမ်းသာ**

**မေး။** ။ ဒီတော့ ဝီရိယ အရှင်သခင် သန္တာန်မှာ အခုလို ဆိုက်လာတော့ ချမ်းသာတယ်၊ ဒီချမ်းသာကို မသိအောင်ဟာ တပါးသော သူတွေက ဆောင်လို့, ယူလို့များ ဖြစ်ပါ့မလားဗျာ၊ ဒီတော့ ဒီချမ်းသာ ဆိုက်လာတော့ ဝီရိယအရှင်သခင်ရဲ့ သန္တာန်မှာ ဆိုက်တာတွေကို 'အနိုင်အထက် ပြုပြီးတော့ ယူမယ်' လို့ ဘယ်လူ, ဘယ်နတ်, ဘယ်ပြဟ္မာတို့က ယူနိုင်ပါ့မတုန်းဗျာ့။

**ဖြေ။** ။ မည်သူကမျှ မလု မယူနိုင်ပါဘုရား။

မယူနိုင်ဘူးဗျာ့၊ ဒီတော့ နောက်က အခုလို ဆုံးမတာကိုသိပြီး တည်အောင် ဝီရိယများများ ထားတော့ သီလအနှစ်, သမာဓိအနှစ်, ပညာအနှစ် တို့ဟာ အစဉ်အားဖြင့် တိုးတက်တယ်။

**မေး။** ။ သီလအနှစ်, သမာဓိအနှစ်, ပညာအနှစ်တို့ဟာ အစဉ်အတိုင်း တိုးတက်တာကို မတိုးမတက်ရအောင် ဘယ်လူ, ဘယ်နတ်, ဘယ်ပြဟ္မာက တားဆီးကန့်ကွက်လို့ ဖြစ်ပါ့မတုန်းဗျာ့။

**ဖြေ။** ။ မတိုးတက်ရအောင် မည်သူကမှ မတားဆီးနိုင်ပါဘုရား။

**အေး.....ဒီတော့ နောက်က ဆည်းပူးထားတဲ့ ပါရမီဂုဏ်တွေဟာ ပြည့်စုံ လုံလောက်လိုက်တာဗျာ....။**

ဘုရားရှင် ဆုံးမတော်မူတာ ရဲ 'သောဝစဿတာ' ဂုဏ်နဲ့ ပြည့်စုံကာ လိုက်ပါတော့ အခါမလင့် ဆိုက်လာ၊ သံသရာတစ်လျှောက်လုံး တောင့်တ ရည်ရွယ်မှန်းထားတာအားလုံး ပစ္စုပ္ပန်ချမ်းသာ, သံသရာ ချမ်းသာ နှစ်ဖြာ တောင့်တကြတာဗျာ့၊ ပြီးတော့ တောင့်တတဲ့ အတိုင်းဟာ အခါမလင့် ဆိုက်လာလို့ ပြီးပါရော။

http://www.dhammadownload.com



## ပါရမီတွေကတော့ အလုံအလောက်

'ဒီ ပစ္စုပ္ပန်ချမ်းသာ, သံသရာချမ်းသာ နှစ်ဖြာကို ရဖို့ရာများ ခက်တယ်ဗျာ'လို့ စိတ်များ ပင်ပန်းကြရဦးမှာလားဗျာ။ (မပင်ပန်းကြရပါဘူး ဘုရား။) မပင်ပန်းကြရပါဘူးနော်၊ ဘာ့ကြောင့်တုန်းဆိုတော့ ဆုံးမတော် မူတာ ရ 'သောဝစဿတာ' ဂုဏ်နှင့် ပြည့်စုံကာ လိုက်ပါတော့ အခါမလင့် ဆိုက်လာ၊ တောင့်တတဲ့အတိုင်း ပြီးပါရော။

မေး ။ ။ ဒီတော့ နှစ်ပါးချမ်းသာရဖို့ရာ ဘုရားဆုံးမတော်မူတာ, လိုက်ပါရတာ တစ်ယောက်တည်း နေရင်းကောဗျာ၊ ဆောင်လို့, ယူလို့ ဖြစ်ပါရဲ့လားဗျာ။

ဖြေ ။ ။ ဖြစ်ပါတယ်ဘုရား။

ပရိတ်သတ်တွေ အများကြီးနဲ့ နေရင်း ထိုင်ရင်းကောဗျာ။
(ဖြစ်ပါတယ်ဘုရား။)
ဖြစ်တာပဲဗျာ၊ စေတီရင်ပြင်, ဗောဓိရင်ပြင်မှာ နေရင်းကောဗျာ။
(ဖြစ်ပါတယ်ဘုရား။)
ဖြစ်တာပဲဗျာ၊ မိမိတို့နေရာ အိမ်ခြံဝင်းမှာ သားသမီးတွေ, မြေးတွေ, မြစ်တွေနဲ့ နေရင်းကောဗျာ။ (ဖြစ်ပါတယ်ဘုရား။)

အေး... ဆောင်လို့ဖြစ်တာပဲဗျာ။ ဒီတော့ ဤကဲ့သို့ ဆောင်ဖို့ ဆိုတာကို နေရာ ရွေးနေရဦးမှာလားဗျာ။ (မရွေးရပါဘုရား။)

ဣရိယာပုတ်ကကောဗျာ... ရွေးနေရအုံးမှာလားဗျာ။
(မရွေးရပါဘုရား။)

မရွေးရပါဘူးဗျာ၊ ဒီတော့ ဘုရားရှင် ဆုံးမတော်မူတာ ရလို့ သောဝစဿတာဂုဏ်နဲ့ ပြည့်စုံကာ လိုက်ပါ၊ သံသရာ တစ်လျှောက်လုံး တောင့်တ ရည်ရွယ် မှန်းထားတာတွေဟာ ပြီးပါရော။

**နောက်က ဆည်းပူးထားတဲ့ ပါရမီဂုဏ်တွေဟာ ပြည့်စုံ လုံလောက် လိုက်တာဗျာ.....။**

ဒီတော့ ဆောင်ကြယူကြလို့ ပြီးတာတွေကတော့ လျှောက်ပြော လို့ ကုန်နိုင်တာမဟုတ်ပါဘူးဗျာ၊ ခဏအချိန်မှာပင်လျှင် ဘုရားရှင် ပွင့်တော်မူ သည်နှင့်တပြိုင်နက်ထဲ ဘုရားရှင်ထံတော်မှောက်ရောက်၊ ဘုရားရှင် အသရေ

http://www.dhammadownload.com



တော်ကို မျက်မှောက်ကြည်ညိုကြရ၊ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ အားမရ မရောင့်ရဲနိုင်၊ စိတ်အားဖြင့်လျှ၊ ပူဇော်ခြင်းပြု ၊ ပူဇော်ခြင်းပြုတာ ဘယ်လိုတုန်းဆိုတော့... အားလုံး သိကြတဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးပစ္စည်းနှင့်အတူ အားရရောင့်ရဲမှုကိုပဲ မဖြစ်နိုင်ကြ၍ ဒီတော့ အစဉ်သနားလို့ ကိုယ်တော်တိုင် ထိုးထွင်းသိထားတဲ့အတိုင်းဟာ သိစေတော်မူ၍ 'သောဝစသဿတာ'ဂုဏ်နဲ့ ပြည့်စုံကာ လိုက်ပါ၊ အခါမလင့်ဆိုက်လာ၊ သံသရာတလျှောက်လုံး တောင့်တရည်ရွယ် မှန်းထားခဲ့ကြတာတွေဟာ ပြီးကြတာ ခဏအချိန်မှာပင်လျှင်ပဲ မှတ်သားပြီးတော့ ပြောလို့မကုန်နိုင်အောင်များသဗျာ့၊ ကုဋေရာပေါင်း၊ ထောင်ပေါင်း၊ သောင်းပေါင်း၊ သိန်းပေါင်း၊ သန်းပေါင်း...၊ တခါတလေ အသင်္ချေ...။

## မှန်းသလောက်မက အပိုတွေပါ ရ

ဟော.....ဒီတော့ အချိန်အခါ မြင့်မြတ်တာသိပြီးတော့ ဤကဲ့သို့ အချိန်အခါကို အနည်းငယ်မျှမှ အချည်းနှီး မဖြစ်ရအောင် စိစစ်ကာ ဝီရိယနဲ့ ထူထောင်ပြီးတော့ ဆောင်လာကြတာ ဆက်ကာဆက်ကာနှင့် အားလုံး သူတော်ကောင်းအများ လက်ထက်သို့ ဆိုက်လာပါရော။

အခုလဲပဲ 'အချိန်အခါ ဘဝညီတယ်၊ ရှေးအရှင်တို့လိုပဲ အရယူမယ်' မြင့်မြတ်တဲ့ဆန္ဒဖြစ်၊ မိမိလဲပဲ ဘုရားရှင် ဆုံးမတော်မူတာကိုလိုက်ကာ သာသနာတည်မှု အဖြာဖြာပြုလို့၊ အစဉ်သနားလို့ ညွှန်ကြားဆုံးမထားတာကို လိုက်ပါ၊ တောင့်တတဲ့အတိုင်းဟာ ပြီးပါရော။ ဤကဲ့သို့ ပြီးကြပြီဆိုတော့ကို **မှန်းတဲ့အတိုင်းဟာ ပြီးရုံမျှမက အပိုတွေပါရပါတယ်**၊ ဘယ်ကဲ့သို့ ပြီးပါသတုန်းဆိုတော့ သံသရာတလျှောက်လုံး တောင့်တရည်ရွယ် မှန်းထားလာတာတွေဟာ ပြီးပါရော။

ပုထုဇဉ်အနွယ်တွေ သတ်ဖြတ်၍ အရိယာ ဘုံသူဘုံသား မိမိဖြစ်ပါရော။ ဒီတော့ကာ.... ကိုယ်တွင်မျှမကဘူး၊ ဤကဲ့သို့ သာသနာတည်မှုကို လေးပါးပစ္စည်းဖြည့်၍ လေးပါးပစ္စည်းနဲ့လိုက်ပါ၊ သာသနာတည်မှုပြုတော့ကို "တလောကလုံး လူတွေ, နတ်တွေ, ဗြဟ္မာတွေဟာ အထွတ်အထိပ်ဖြစ်တဲ့ ချမ်းသာ မှန်းရာဗောဓိနှင့် အတားအဆီး အပိတ်အပင်မရှိ ယူကြရော့"လို့ အခုလို ဝေရက်, ငှရက်, ဝေနိုင်, ငှနိုင်, ပေးနိုင်တာဗျာ့၊ ဘုရား ရှေ့လက်ထက်တော်က ဒီလိုဆောင်ကြ ယူကြတာ။

http://www.dhammadownload.com



ဆောင်ကြ ယူကြလို့ ပြီးကြတဲ့ လူတွေ, နတ်တွေ, ပြဟ္မာတွေကတော့ လျှောက်ပြောလို့ မကုန်နိုင်ဘူး။ အားလုံးတို့ဟာ မှတ်သားပြီးတော့ ထားရှိတယ်။ အဲဒီလို မှတ်သားပြီးပြောတော့ကို အမှတ်ရနိုင်တာပေါ့ဗျာ။

ဘယ်လိုတုန်းဆို အနာထပိဏ်တို့, ဝိသာခါတို့, ရာဇဂြိုလ်ပြည်ကြီး အရှင် ဘုရင် ဗိမ္ဗိသာရတို့ဆိုတာ အခုလို ဘုရားရှင်ပွင့်တော်မူတော့ အားလုံးနိုင်ငံသို့ ရှေးဦးစွာ ဘုရားရှင် ကြွတော်မမူခင်ကပင် "ကြွပြီးတော့ကို တပည့်တော်အား ချီးမြှောက်ပါ"လို့ လျှောက်ထားတော့ အားလုံး ဒေသစာရီ လှည့်လည်ကာ ချီးမြှောက်တော်မူတဲ့အခါမှာ အားလုံးနိုင်ငံတို့သို့ ရှေးဦးစွာ ကြွချီတော်မူတဲ့အခါ အားလုံး ရှိခိုးပူဇော်ခြင်းပြုပြီးတော့ကို အခု ဒကာကြီးတွေ, ဒကာမကြီးတွေ မြတ်နိုးပူဇော်ကြသလိုပါဗျာ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး လေးပါးပစ္စည်းအရံ တိုက်တာတွေနဲ့ ဒီလိုပူဇော်ပြီး —

ဆုံးမတာ လိုက်နာ၊ ပုထုဇဉ်အနွယ်က ပြတ်ပြီးတော့ အရိယာဘုံသား ဖြစ်၍၊ မိမိလဲပဲ သံသရာတလျှောက်လုံး တောင့်တတဲ့အတိုင်း ပြီးရော။

ထိုတင်မျှမက နိုင်ငံသူ နိုင်ငံသားတွေနှင့်တကွ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြီးကြပါတယ်ဗျာ။

နိုင်ငံသူ နိုင်ငံသားတွေတင်မျှလဲ မကဘူး၊ သည့်ပြင် တပါးတိုင်း နိုင်ငံသားတွေကလဲ ပြီးတာ။

အထက်က သိကြား, ပြဟ္မာ, နတ်တွေလဲ ဤစကြာဝဠာမျှမက တပါးစကြာဝဠာတို့မှလဲ ရောက်ပြီးတော့ အစီးအပွားတွေ များလိုက်ကြတာ။

ဒါကြောင့် **ကုသိုလ်များပြုပြီဆိုရင်တော့ မှန်းသလောက်မက အပိုတွေပါ ရပါသဗျာ.....။**

'ရာဇဂြိုလ်ပြည်ကသာလား' ဆို သာဝတ္ထိပြည်မှာလဲပဲ အနာထပိဏ်တို့, ဝိသာခါတို့၊ အနာထပိဏ်ကလဲ ဘုရားရှင်ကို ပင့်လျှောက်ပြီးတော့ ကျောင်းတိုက်အရံနဲ့တကွ အခုလို လေးပါးပစ္စည်းနဲ့ ဘာမျှမလိုရအောင် ပူဇော်တယ်။

ဒီတော့ အခုလိုပဲ သံသရာတလျှောက်လုံး တောင့်တလာခဲ့တဲ့အတိုင်း ကိုယ်တွင်မျှမက 'သူတို့မြို့မှာ လူဘယ်လောက်များသတုန်းဆို... ခုနစ်ကုဋေကျော်တဲ့၊ ငါးကုဋေက အရိယာ၊ ကြွင်းကျန်တာ ဥပါသကာ၊ ဥပါသိကာမတွေ အကုန် ဖြစ်ကြသဗျာ။

http://www.dhammadownload.com



ဒါက သူတို့မြို့တွင်းပဲ ပြောတာဗျာ၊ တပါးနိုင်ငံ, တပါးမြို့တွေက ရောက်ပြီး အစီးအပွား များကြတာတွေကတော့ မှတ်သားပြီး ပြောလို့ ကုန်နိုင်ပါ့မလားဗျာ။ (မကုန်နိုင်ပါဘုရား။)

မေး။ ။ မကုန်နိုင်ပါဘူးဗျာ၊ ဒီတော့ အထက်က သိကြား, ဗြဟ္မာ, နတ်တွေက ဒီစကြဝဠာမျှ ကံ, ရဲ့လားဗျာ။

ဖြေ။ ။ မကပါဘုရား။

အေး..... ဒါတွေလဲ ရောက်ပြီးတော့ မြတ်နိုးပူဇော် ဆုံးမတာတွေ့ လိုက်ပါကြတော့ သံသရာတလျှောက်လုံး တောင့်တရည်ရွယ် မှန်းထား တာတွေ ပြီးလိုက်ကြတာဗျာ။

## တလောကလုံး ရိုက်ချုန်းလှစ်ဖွင့်

ဒါကြောင့် ဒီလို သာသနာတည်မှု ပြု ဆုံးမတာ လိုက်ပါပြီဆိုတော့ မှန်းသလောက် မကဘူး၊ မိမိလဲပဲ ပြီးတယ်၊ "တလောကလုံးကြီး အတားအဆီး အပိတ်အပင်မရှိ အထွတ်အထိပ်ဖြစ်ပါတဲ့ ချမ်းသာ, မှန်းရာ ဗောဓိနဲ့ ယူကြရော့" လို့ ဝေရက် ငှရက် ဝေနိုင် ငှနိုင် ပေးနိုင်ပါသဗျာ။

**နောက်ကဆည်းပူးထားတဲ့ပါရမီဂုဏ်တွေက ပြည့်စုံလုံလောက်တာဗျာ။**

ဟော.... ဘုရားရှေ့လက်ထက်တော်ကသာ ဤကဲ့သို့ဆောင်လို့ မိမိလဲပြီး၊ အားလုံး တလောကလုံးတို့ဟာ ပြီးတာလား၊ အခုကော သာသနာတည်မှု ပြုပြီး ဆုံးမတော်မူတာ လိုက်ပါလျှင် မိမိလဲပဲ စိတ်နှလုံး အလို တောင့်တတဲ့အတိုင်း ပြီး။

"တလောကလုံးကြီးလဲပဲ အတားအဆီး အပိတ်အပင်မရှိ၊ အထွတ် အထိပ်ဖြစ်ပါတဲ့ ချမ်းသာ မှန်းရာ ဗောဓိအဖြာဖြာကို အလိုရှိသလို ယူကြရော့"လို့ ဝေ, ငှရက်, ပေးလျက်ပဲ မနေဘူးလားဗျာ။

ဒီတော့ နောက်က ဆည်းပူးထားတဲ့ ပါရမီဂုဏ်တွေဟာ ပြည့်စုံ လုံလောက်လိုက်တာ ဒကာကြီး ဒကာမကြီးများ၊ ဟုတ်ကယ့်လားဗျာ၊ **အေး..... ယူရုံကလေးပါပဲဗျာ။**

ဘုရားရှင်မှာကတော့ ပါရမီအစဉ် ဖြည့်တော်မူရတာ လေးသင်္ချေနဲ့ ကမ္ဘာတသိန်းတဲ့၊ ပြည့်လို့ ဘုရားဖြစ်တော်မူလာတဲ့အခါကျတော့ အားလုံး

http://www.dhammadownload.com



တို့ကို အခုလို ချီးမြှောက်တော်မူနိုင်တာ၊ ချီးမြှောက်တော်မူတော့ လိုက်ပါယူလိုက်ကြတာ အားလုံးတို့ဟာ ပြီးကြပါသဗျာ။

အခုလဲပဲ လိုက်ပါပြီးတော့ ဆောင်မယ်ဆိုလျှင် ဘုရားရှေ့လက်ထက်တော်က ရှင်ဘုရင်တွေ, သူဌေးတွေ, ရှင်ဘုရင် သူဌေးမဟုတ်ကြတာတွေ တပြိုင်နက်ထဲ ရောက်ပြီးတော့ ဆောင်ကြတော့ အားလုံးတို့ဟာ သံသရာတလျှောက်လုံး တောင့်တမှန်းထားလာတာတွေဟာ ပြီးပါတယ်။

မေး ။ ။ အခုကော အချိန်အခါနဲ့ ဘဝညီတယ်၊ ရှေးအရှင်တို့လိုပဲ ဝီရိယနဲ့ ထူထောင်ဆောင်လျှင် မပြီးနိုင်ကြ ဘူးလားဗျာ့။

ဖြေ ။ ။ ပြီးနိုင်ကြပါတယ်ဘုရား။

ပြီးတယ်ဗျာ့။

## ခုဘဝ ခုချက်ချင်း

မေး ။ ။ ဤကဲ့သို့ ချမ်းသာလိုလားကြတော့ မြန်မြန်ကြီး ယူကြမှာလားဗျာ့။

ဖြေ ။ ။ မြန်မြန်ကြီး ယူချင်ပါတယ်ဘုရား။

မေး ။ ။ မြန်မြန်ဆိုတော့ ဘယ်လောက်များ မြန်ချင်ကြတာတုန်းဗျာ့။

ဖြေ ။ ။ အခုချက်ချင်းပါဘုရား။

ဒါကတော့ ဘုရားရှင်ရဲ့ ကျေးဇူးတော်, ဂုဏ်တော်, တရားတော်ရဲ့ ကျေးဇူးတော်, ဂုဏ်တော်, သံဃာတော်ရဲ့ ကျေးဇူးတော်, ဂုဏ်တော်ကိုတော့ အားလုံးတို့ဟာ ဘုရားရှင်တပည့်သား, တပည့်သမီး ဥပါသကာ, ဥပါသိကာတွေ ဖြစ်ကြတော့ ပွန်းတီးလိမ်မှာ သိရှိကြတယ်၊ စကားမျှမပီ ငယ်စဉ်က ပင်လျှင်ဗျာ့၊ ပြီးတော့ တရားဂုဏ်တော် ခြောက်ဖြာမှာ 'အကာလိကော'လို့ မပါဘူးလားဗျာ။ (ပါပါတယ်ဘုရား။)

မေး ။ ။ 'အကာလိကော' က ဘာပြောတာတုန်းဗျာ့။

ဖြေ ။ ။ အခါမလင့် ချက်ချင်း အကျိုးရတာပါတဲ့ဘုရား။

အေး.... **'အခါမလင့်'**တဲ့ဗျာ၊ ဒီတော့ ဆုံးမတော်မူတာ လိုက်ပါတော့ ဘုရားရှေ့လက်ထက်တော်က အခါမလင့်ဆိုက်လာလို့ လူရော, နတ်ရော, ဗြဟ္မာရော တလောကလုံးကြီးဟာ ပြီးကြတာကတော့ သိထားပြီး ဖြစ်ကြသဗျာ့။

http://www.dhammadownload.com



မေး ။ ။ ဘုရား ဆုံးမတာရလို့ သာသနာတည်မှုပြုကာ လိုက်ပါလျှင် ဘုရားရှင်လက်ထက်တော်ကပြီးသလို၊ စိတ်နှလုံးအလိုဆန္ဒ ပြည့်ကြသလို အခုကောဗျာ မပြီးပေဘူးလား။

ဖြေ ။ ။ ပြီးပါတယ်ဘုရား။

## ဆောင်ကြတာ အောင်ကြပြီ

**အေး..... နောက်ကဆည်းပူးထားတဲ့ ပါရမီဝုဏ်တွေက ပြည့်စုံလုံလောက်လိုက်ကြတာဗျာ.....။**

ဒါ သိပြီးပြီဆိုတော့ "ရှေးအရှင်တို့ကဲ့သို့ပဲ ယူမယ်၊ အနည်းငယ်မျှမှ အချိန်အချည်းနှီး မဖြစ်ရအောင်ဟာ စိစစ်ပြီးတော့ ဆောင်မယ်"လို့ ဘုရားဆုံးမတာ ရပြီးတော့ သာသနာတည်မှုကို ညီညာဖြဖြပြု၊ ဘုရားရှင် ဆုံးမတော်မူပါတဲ့ အဆုံးအမတို့ကို လိုက်နာကာ သုံးပါးသောသိက္ခာကို ဖြည့်ကျင့်ပြီး ယူကြတော့ အခါမလင့်ဆိုက်လာလို့ ရှေးအရှင်တွေ ပြီးဘိသကဲ့သို့ ပြီးမှာ သိပြီးတော့ —

"မိမိလဲပဲဆောင်မယ်၊ အားလုံးတို့ဟာလဲပဲ အချိန်အခါ အားလျော်စွာ ရသင့်ရထိုက်တဲ့ အထွတ်အထိပ်တွေကို ပြီးစေမယ်"လို့ ဘုရားရှင်လက်ထက်တော်က ဆောင်သလို ဆောင်ကြတာဗျာ။

ဘယ်သင်းလဲဆိုတော့ မိမိလဲပဲ လိုက်ပါဆောင်၊ အားလုံးတို့ကိုလဲပဲ တိုက်တွန်းနှိုးဆော်ပြီးတော့ ဘုရားရှင် ချီးမြှောက်တော်မူတယ်၊ ဘုရားရှင် ဝမ်းမြောက်တော်မူပါတယ်ဗျာ၊ ဘုရားရှင် ချီးမွမ်းတော်မူပါတယ်ဗျာ၊ အခုလဲပဲ ဘုရားရှင် ဝမ်းမြောက်တော်မူတဲ့၊ ဘုရားရှင်ချီးမွမ်းတော်မူပါတဲ့ အဖြစ်မျိုးကို ရလို့ ဘုရားရှင်အလိုတော်ပြည့်တာကို သိပြီးသကာလ မိမိလဲပဲဆောင်၊ တပါးသူတွေကိုလဲပဲ တိုက်တွန်းနှိုးဆော်ပြီးတော့ကို အချိန် မြင့်မြတ်တာသိပြီး နည်းနည်းမှ အချိန်အချည်းနှီး မဖြစ်ရအောင်ဟာ စိစစ်ကာ တိုက်တွန်းနှိုးဆော် တိုင်ပင်ညီညွှတ်ကြပြီးပြီဆိုတော့ အသီးသီး ဆောင်ကြတာ အောင်ကြပြီ၊ ဝမ်းမြောက်ကြ။

သာဓု...... သာဓု......သာဓု......။

[၁၃၃၃-ခုနှစ်၊ ကဆုန်လပြည့်ကျော် ( )ရက်၊ ၁၉၇၁-ခုနှစ်၊ မေလ ( )ရက်နေ့၊ ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗဟိုရိပ်စည် ရပ်ကွက် ဓမ္မာရုံ၌ ဟောတော်မူသည်။]

http://www.dhammadownload.com

## ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီး ညွှန်ပြတော်မူလေ့ရှိသော

# သန္ဒိဋ္ဌိက ဓမ္မလမ်းစဉ်

၁။ ဘုရားအဆုံးအမဖြစ်တဲ့ ပိဋကသုံးပုံ အကုန်လုံးဟာ 'ဆင်းရဲမှလွတ်မှု တခု' ဖြစ်၍နည်းတွေများသော်လည်း အားလုံးအတူတူပဲ။ အကုန်လုံး လိုက်ပြီးလုပ်စရာမလိုဘူး။ အများကြီးထဲက ကြိုက်တာတခုခုကို ဝီရိယမှန်မှန်နှင့် သန်သန်လုပ်ဖို့ အရေးကြီးတယ်။

၂။ **စရဏ** နှင့် **ဝိဇ္ဇာ** တပြိုင်နက်ဖြစ်အောင် လုပ်ရတယ်။ တချိန်ထဲမှာ အလုပ်နှစ်ခုပြီးတာ ဒါပဲရှိတယ်။ (အလုပ်လုပ်ရင်း ရအောင်ရှုပါ။)

၃။ ဘုရားစကား, ဆရာ့စကား တထစ်ချနာယူ၊ အရာရာရှိသော ကိုယ်ကို နှိမ့်ချ၊ **ခန္တီ**နှင့် **မေတ္တာ** များများထားပြီး လုပ်ရတယ်။

၄။ **'ဝိပဿနာတရား'** ဆိုတာ ထင်ရှားရှိတဲ့တရားကို မြင်အောင်ရှုမှတ်ခြင်းပင်ဖြစ်တယ်၊ ထင်ရှားရှိတဲ့တရားကို မြင်အောင်မရှုနိုင်ရင် ဝိပဿနာ မဖြစ်ဘူး။

၅။ ထင်ရှားရှိတဲ့တရားဆိုတာ တခြားမှာသွား၍ ရှာရတာမျိုးမဟုတ်၊ ရှောင်မရ တိမ်းမရ မမြင်ချင်၍ မနေရအောင် ကိုယ်မှာ အမြဲ ထင်ရှား ရှိနေတဲ့ ရုပ်နာမ်တရားတွေပဲဖြစ်တယ်။

၆။ ကိုယ်မှာ အမြဲထင်ရှားရှိတဲ့ ရုပ်နာမ်တရားတွေထဲမှာ လူတိုင်း နားလည်လွယ်ကူတာဟာ'အာနာပါန=ထွက်လေဝင်လေ' ရှုမှတ်မှု ဖြစ်တယ်။

၇။ 'ထွက်လေဝင်လေ'ဆိုတာ အမိဝမ်းမှ မွေးကတည်းက သေသည် အထိ အမြဲမပြတ် တရစပ်ရှိနေတဲ့ တရားသဘောဖြစ်တယ်၊ အလုပ် လုပ်နေရင်း, စကားပြောနေရင်း, စာကျက်နေရင်း,အိပ်ပျော်နေရင်းလဲ ရှိနေတာပဲ။

http://www.dhammadownload.com



၈။ ထွက်လေ ဝင်လေဟာ အမြဲမပြတ်ရှိနေသော်လဲ အမှတ်တမဲ့နေကြ၍ 'သတိမမူ ဂူမမြင်'ဖြစ်နေကြတယ်။ 'သတိမူရင် မြူကိုတောင်မြင်ရတယ်' ဆိုတာလို ဂရုစိုက်ပြီး၊ ကြည့်ရှုနေမှ ရှိမှန်းသိကြတယ်။

၉။ 'ကြည့်'ဆိုရာမှာ ဝိပဿနာဖြစ်ဖို့ရာအတွက် ထွက်လေဝင်လေထိရာ နှာဖျားနှာဝမှာ ဝင်တိုင်းထွက်တိုင်း ရိပ်ရိပ် ရိပ်ရိပ်နှင့် **တထိတည်းထိ** နေတာကို **တသိတည်းသိနေအောင်,** တရစပ် သိမြင်အောင်ကြည့်ရှုနေရမယ်။ အိမ်အမိုးကို စပ်အောင် ထူထူမိုးမှ နေပူဒဏ် မိုးရွာဒဏ်ကို ခံနိုင်တယ်။ (၂၄-နာရီ တစပ်တည်းရပါစေ။)

၁၀။ တရက်၂၄-နာရီ တစပ်လောက်ရလျှင် အလွန်သိသာပါတယ် (နိသဇ္ဇ ဝုတင်ဆောင်)။ ဘုရားဆုံးမတာမှန်သမျှ ဆင်းရဲအောင် မဆုံးမဘူး၊ ချမ်းသာဖို့ချည်းပဲ။ ဘုရားလက်ထက်က နိသဇ္ဇဆောင်တဲ့ ပုဂ္ဂိုလ်များ ပိုပြီးတော့တောင်မှ အသက်ရှည်ကြ ကျန်းမာကြတယ်။ အိပ်ချင်လို့ အိပ်လျှင်တသံသရာလုံး နိုးတော့မှာ မဟုတ်ဘူး။ အိပ်ချင်လျှင် မအိပ်ချင်တဲ့ နေရာရှိတယ်၊ အဲဒီကို ရောက်အောင်သွား။

၁၁။ ထိတာကိုသိနေလျှင် သိက္ခာသုံးပါး, မဂ္ဂင်ရှစ်ပါးမှအစ ဗောဓိပက္ခိယ တရား ၃၇-ပါး ပိဋကသုံးပုံ အလုံးစုံ တပြိုင်နက် ပါဝင်ပြီးဖြစ်တယ်။

၁၂။ **ထိတာ** ဟာ **ရုပ်**သဘောဖြစ်တယ်၊ **သိတာ**ဟာ **နာမ်**သဘော ဖြစ်တယ်။

၁၃။ တရိပ်ရိပ်နှင့် ထိတိုင်းပျောက်တိုင်း (ရုပ်နာမ်) ဖြစ်မှု ပျက်မှုတွေ ဖြစ်ပျက်၍နေခြင်း ဖြစ်တယ်။

၁၄။ တရိပ်ရိပ်နှင့် နှာဖျားနှာဝမှာ ထိလိုက်, ပျောက်လိုက်နေတာကိုသာ တဆက်ထဲ သိမြင်အောင် ကြည့်ရှုနေရင် ကြာလျှင် ဝိပဿနာ သမာဓိ တစထက်တစ တခဏထက်တခဏ တိုးတက်ပြီး အားကြီး လာတဲ့အခါ နှာဖျားနှာဝတွင်သာမက ခန္ဓာကိုယ်မှာလဲ အလိုလို တရိပ်ရိပ် တရွရွတွေ ဖြစ်နေတာကို တွေ့ရမယ်။

၁၅။ တကိုယ်လုံး တရိပ်ရိပ်တရွရွ အမြဲမပြတ် ဖြစ်ပျက်နေတာကို တွေ့လာ ရတဲ့အခါ (အနိစ္စကို ကောင်းစွာမြင်သောကြောင့်) **ဒုက္ခ**နှင့် **အနတ္တ**ဟာ အလိုလို ထင်မြင်လာလိမ့်မယ်၊ ပါးစပ်က ဆိုနေဖို့မလိုဘူး၊ ဝိပဿနာ အလုပ်ဟာ ထိမှုကို ကြည့်ရှုနေရုံသာဖြစ်တယ်၊ ကြည့်ရှုနေရင်း

http://www.dhammadownload.com



ရှုမှတ်နေရင်း သိထိုက်သမျှကို အလိုလို တနေ့ထက် တစ်နေ့ တိုးပြီး တိုးပြီး သိလာလိမ့်မယ်။

၁၆။ အဲဒီလို တရိပ်ရိပ်နှင့် ထိမှု သိမှုတို့ကို ကြည့်ရှုနေရင်း **မဂ်ဉာဏ်, ဖိုလ်ဉာဏ်** ဆိုက်လာပြီဆိုလျှင် အလွန် သိသာလှပါတယ်၊ ဘယ်လို သိသာသလဲဆိုတော့ **"ရေငတ်၍နေသောသူသည် ရေကိုသောက်ရသည် ရှိသော် ရေငတ်ပြေသကဲ့သို့"** ဖြစ်သွားတော့တယ်၊ သူများမေးစရာ မလို၊ ကိုယ်တိုင်သိမယ် (သန္ဒိဋ္ဌိကော)။

၁၇။ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရပြီးရောက်ပြီးလို့ **ဖလသမာပတ်**ကို ဝင်စားချင်လျှင် မိမိလာခဲ့ဖူးတဲ့ ဝိပဿနာလမ်းကို ပြန်ကြည့်ရတယ်၊ ဖလသမာပတ် ဟာ ကိုယ်ပိုင်အိမ်နှင့် တူတယ်။

၁၈။ ယုံယုံကြည်ကြည် လုံ့လဝီရိယရှိရှိနှင့် ထိမှုသိမှုတို့ကိုသာ တဆက်ထဲ ဖြစ်အောင် ကြည့်ရှုနေ၊ **ထွေလီကာလီတွေ** ကို လိုက်မလုပ်နှင့်၊ အခု လုပ်၊ အခုမီးငြိမ်း၊ အခုချက်ချင်းပဲ ချမ်းသာတယ် (အကာလိကော)။

http://www.dhammadownload.com

နောက်ဆက်တွဲ ဓမ္မလက်ဆောင်

# ရွှေတောင်ကြီး ပြိုလဲရပါချေပြီ

[ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်ကို တတိယပိုင်း ထွက်စဉ် (၁၃၃၅-ခုနှစ်)ကပင် အတန်အသင့် ဖော်ပြခဲ့ပါသည်။ လက်ရှိ အခွင့်ကောင်းကြီးကို လက်မလွှတ်ကြပါစေရန် ရည်သန်၍။

သို့ရာတွင် ဆရာတော်ဘုရားကြီးကား ဤကျမ်းရိုက်နှိပ်နေစဉ် (၁၃၃၉-ခု) ပထမ ဝါဆိုလဆန်း-၁၁ရက်၊ တနင်္ဂနွေနေ့ ညနေ ၇-နာရီ မိနစ်သုံးဆယ်အချိန် (၂၆-၆-၇၇) ဇာတိရပ်မြေ အင်ကြင်းပင် ကမ္မဋ္ဌာန်း ဌာန၌ ခန္ဓာဝန် ချတော်မူခဲ့ပါလေပြီ။

ကျွန်ုပ်တို့၏ စာဖတ်သူ ဓမ္မမိတ်ဆွေများအား အားပါးတရ ဖတ်ရှု ကြည်ညိုစေရန် အခွင့်သာသော်လည်း အခြေအနေ မပေးပါသဖြင့် အပြည့်အစုံ မဖော်ပြနိုင်ပါ။ ကောက်နုတ်ချက် ဓမ္မလက်ဆောင် သဘောမျှ သာ တင်ပြရပါတော့သည်။ ဆရာတော်၏ တရားတော်များကိုလည်း သာသနာရေးဌာနက ရိုက်နှိပ်ဆဲရှိပါသည်။]

## နိဗ္ဗာန်ဖြတ်လမ်း

ဆရာတော် ဦးသုမန ။ ။ (၁၂၈၄-၈၅-ခု၊ ဝိသုဒ္ဓိမဂ် သင်ယူစဉ်။)

"ငါတို့မှာတော့...... ကျောင်းထိုင်မိလို့ အချုပ်မိနေပြီ။ မောင်တို့မှာ သပိတ်တစ်လုံး သင်္ကန်းသုံးထည်နှင့် တရားရှာမယ်ဆို အခွင့် ရပေသေးရဲ့။ ဒီတရားတွေကို မြတ်စွာဘုရား မဟုတ်ဘဲနဲ့ မဟောဘူး။"

ဦးပဥ္စင်း ဦးကုမာရ ။ ။ (ဝေဘူလောင်းလျာ တောထွက်ရာမှ ၁၂၈၉-ခုနှစ်၊ အင်ကြင်းပင် ငယ်ဆရာ ဦးသုမနထံ ပြန်အလာ တရားဖြင့်ပူဇော်ရာ)

"ဒါနိဗ္ဗာန်ဖြတ်လမ်းပါဘုရား။"

http://www.dhammadownload.com



ဆရာတော် ။ ။ မောင့်...ဘယ်ကရတဲ့ နည်းပေတုန်းဗျာ့။"

ဦးပဥ္စင်း ။ ။ "ကျေးဇူးရှင် ဆရာတော်ဘုရားရဲ့ ခြေဖဝါးတော် အောက်က ရတဲ့နည်းပါဘုရား။ ဘုရားတပည့်တော် ဘယ်လိုပုဂ္ဂိုလ်က စစ်စစ် စာပေနှင့်တကွ လုပ်ရပ်ကိုပါ အစစ်ဆေးခံနိုင်ပါတယ်ဘုရား။"

အာနာပါနနှင့်စပ်၍ ပါဠိတော်ကြီးများနှင့် အဋ္ဌကထာတို့၌ အလွန်ကျယ်ဝန်းစွာ ဟောကြား ဖွင့်ဆိုထားရာ စာသဘောမျှကိုပင် မနည်းမှတ်သားကြရ၏။ ဝေဘူဆရာတော်ဘုရားကြီးကမူ....

"ထွက်လေဝင်လေတို့ နှာဖျားနှာဝမှာ ထွက်တိုင်းထိ၊ ထိတိုင်းသိ၊ ဝင်တိုင်းထိ၊ ထိတိုင်းသိနေလျှင် အားလုံးကိစ္စပြီးတော့သည်။"

'သိနေ' ဆိုသည်မှာ တခြားအာရုံမဝင်လာစေဘဲ မအိပ်မနေ ၂၄ နာရီလုံးလုံး တစ်စပ်တည်း တောက်လျှောက် သိနေရမည်ဟု လူတိုင်းနားလည်သော ဝေါဟာရဖြင့် လက်တွေ့ကျကျ ရာသက်ပန် ဩဝါဒ ပေးတော်မူသွားသည်။ 'ကမ္မဋ္ဌာန်းထိုင်ကြရာ အချို့ အနှစ်လေးငါးဆယ် ရှိပြီဆိုကြသော်လည်း တကယ်ပင် ၂၄-နာရီ တစ်ရက်မျှ မရကြသဖြင့် ကိစ္စမပြီးနိုင်ဘဲရှိနေကြသည်' ဟုလည်း သတိပေးတော်မူ၏။

ယင်းသို့သာ ရှုမှတ်နိုင်လျှင် ဘုရားလက်ထက်တော်က အတိုင်း ပဋိသမ္ဘိဒါလေးတန် ဈာန်အဘိညာဉ် သမာပတ်နှင့်တကွ လိုချင်တာအကုန်ရသည်။ မဖြစ်နိုင်တာဟူ၍ မရှိကြောင်း (အဋ္ဌကထာဖွင့်များကိုပင်ကျော်လွှားကာ) လက်တွေ့ကျကျ အာမခံရဲရဲကြီးဖြင့် တိတိလင်းလင်းကြီး ဝန်ခံတိုက်တွန်းတော်မူ၏။

သို့သော် နည်းက လွယ်လွန်းအားကြီး၍ လူတိုင်းမယုံနိုင်ရှာကြ။ မယုံကြည်နိုင်၍လည်း တစ်ရက်မျှ ရအောင်ပင် အားမခဲနိုင်ကြ။ ရှေ့သွားအမှိုကောင်းကြီးကို ရတောင့်ရခဲ ရသော်လည်း လွဲကြရကုန်၏။

"ဒါနိဗ္ဗာန်ဖြတ်လမ်းပါဘုရား" ဟု လျှောက်ထားသည့် နေ့ကစ၍ ဆရာတော်ကြီး ဦးသုမနမှာ တပည့်ငယ်ထံမှာပင် နည်းခံ၍ ကိုယ်တိုင်လည်း အားထုတ်တော်မူ၏။ ကျောင်းရှိ ဦးပဥ္စင်း ကိုရင်များကိုလည်း အားထုတ်

http://www.dhammadownload.com



ခိုင်းသည်။ စာသင်တိုက် ဖြစ်သည့်အားလျော်စွာ စာချ စာတက် စာအံ လိုသူများ ကျောင်းအနောက်ဘက် ထိန်ပင်ကြီးအောက်နှင့် ရွာအဝင် သီလရှင်ကျောင်း သို့ သွားကြရသည်။

ရပ်ရွာ ဒကာ ဒကာမများကိုလည်း တရားအားထုတ် ခိုင်းတော်မူရာ ခြံစည်းရိုး ကန်ပေါင်ရိုးတစ်လျှောက် နေ့စဉ် လူလေးငါးရာ ကျော်လေသည်။ ၁၂၈၅ ခုနှစ်တွင် တောထွက်၍ ၁၂၈၉ ခုနှစ်တွင် နေ့စဉ် လူပေါင်း ၅၀၀ခန့် တရားပြပေးတော်မူခဲ့ရာ ဘဝတစ်လျှောက်လုံးဖြစ်သည်။ လုပ်ဆောင်ချက်နှင့် စာလျှင် ဆရာတော်၏ အပူဇော်ခံရမှုနှင့် ကျော်ကြားမှုမှာဘာမျှ မပြောပ လောက်ချေ။

"ငါ့အထင်တော့ မောင်ကုမာရဟာ အနည်းဆုံး အနာဂါမ်လောက် ရောက်နေပြီကွယ့်" ဟု ဆရာတော်ကြီးက အမိန့်ရှိ၏။ ဦးကုမာရထက် ကြီးသော ဦးပဥ္စင်းကြီး လေး,ငါးပါးရှိသော်လည်း သီးသန့်ဆွမ်းပွဲ ကပ်စေ၍ ချီးမြှောက်တော်မူခဲ့သည်။

## သားသောကဖြင့် မယ်တော်ကွယ်လွန်

ဆရာတော်လောင်းလျာမှာ အင်ကြင်းပင်ရွာ ဦးလူဖေ-ဒေါ်ကြင်နုတို့မှ ၁၂၅၇ ခုနှစ် တပေါင်းလဆန်း ၆ရက် တနင်္လာနေ့ နံနက် လေးချက်တီး ကျော် မွေးဖွားခဲ့သည်။

ကျေးလက်တောရွာ၌ ကံကပစ်ချခဲ့သော်လည်း ဆရာတော်ကား မင်းဆွေစိုးမျိုးဖြစ်၏၊ ဆရာတော်၏ အဘွား (ဦးလူဖေ၏ မိခင်) ကား အိမ်ရှေ့စံမိဖုရား တစ်ပါးဖြစ်၏။ ခင်ခင်ဟုခေါ်သည်၊ ဆရာတော်၏ အဘိုးဦးကူးကား ဘဏ္ဍာဝန်ဖြစ်သည်၊ ယခု အင်ကြင်းပင်မြောက်ဘက် ကျောင်းကြီးဒကာ ဖြစ်သည်၊ ငယ်ဆရာ ဦးသုမနကား သီပေါမင်း ရဟန်းခံ ပေးသော ဆရာတော်ဖြစ်၏။

၁၂၇၇ ခုနှစ်တွင် ရဟန်းဖြစ်၍ ၁၂၈၀-၈၁ ခုနှစ်များ မန္တလေး မစိုးရိမ် ဆရာတော် ဘဒ္ဒန္တသူရိယ(အဘိဓဇ မဟာရဋ္ဌဂုရု) ထံ ပညာသင်ကြားခဲ့၏။ ၁၂၈၅ ခုနှစ် အထိ အင်ကြင်းပင်ကျောင်း၌ပင် နေပြီး ဝိသုဒ္ဓိမဂ်တက်အပြီး ထိုနှစ် နယုန်လ တောထွက်တော်မူသည်။

http://www.dhammadownload.com



မယ်တော်ကြီး ဒေါ်ကြင်နုမှာ ကျောင်းပွဲ ဘုရားပွဲရှိတိုင်း တောင်ဝှေး တစ်ချောင်းဖြင့် ကျောင်းသို့လာရာ လာတိုင်းပင် ငို၍ပြန်ရ၏။ သတင်းအစ အနမျှ စုံစမ်းမရသဖြင့် တစ်နှစ်အကြာ သားသောကဖြင့်ပင် ကွယ်လွန်ရ ရှာ၏။

၁၂၈၅ ခုနှစ် တစ်ဝါ ရွှေဘိုမြို့ ပုသိမ်တောရ ဆရာတော်ထံနေ၍ ဝါကျွတ်လျှင် မင်းဘူး ရွှေစက်တော်မှ စ၍ တောတောင်အနှံ့ ကြွရောက် တော်မူသည်၊ ထိုနှစ်ကုန်ခါနီးမှာပင် ကျောက်ဆည် ဝေဘူလတောင်ဝှမ်း အင်္ဂလိပ်သချိုင်းအနီးရှိ လျှိုမြောင်အကြား၌ သီတင်းသုံး၏။ ကျောက်ဂူ တစ်ခုလည်း ရှိသည်၊ တစ်နေ့သောအခါ ဟင်းရွက်ခူး ထင်းခွေသူများက ဂူထဲတွင် မကျန်းမာ၍ လဲနေသည်ကို တွေ့ရမှာအစ ဆေးဝါးကုသကာ ဆန်စက်သူဌေးဦးပျော့က နေ့ချင်းပြီး ကျောင်းငယ်တစ်ဆောင် ဆောက်လှူ ကိုးကွယ်သည်။

ကျောင်းဆောက်လှူရန် လျှောက်သော်လည်း ခုနစ်ရက်တိုင်တိုင် ခွင့်မပြု၊ ကပ်မိုးကပ်ကာ နှစ်ခန်းကျောင်းကလေး ဆောက်လှူပြီးသော်လည်း အရက်နှစ်ဆယ်ခန့် ကျောင်းဒကာအား စကားမပြော။

"တို့များ ကိစ္စမပြီးခင် လူတွေက ဝိုင်းအုံလိုက်နေလို့ ပုန်းစရာတောင် မရှိတော့ဘူး" ဟု မိန့်တော်မူလေ့ရှိ၏။ ထိုတောထွက်သော နှစ်,လပိုင်း အတွင်း၌ပင် တတိယအဆင့်အထိ ပြီးစီးတော်မူဟန်ရှိသည်၊ "အဲဒါတော့ မကြာဘူးဟဲ့" ဟူ၍သာ မိန့်တော်မူ၏။ အနာဂါမ်အဖြစ်နှင့်ကား နှစ်ပေါင်း များစွာ ကြာလွန်နေရဟန် တူလေသည်။ အဘိညာဉ်ကိစ္စများလည်း တစ်ပါတည်း ပြီးပြည့်စုံတော်မူကြောင်း အထောက်အထားများစွာရှိ၏။

ထိုအချိန်မှစ၍ ညအခါ ကျိန်းစက်သည်ကို မတွေ့ရ။ တံတွေးထွေး သည်ကို မမြင်တွေ့ကြရ၊ ရာသီဥတုကြောင့် နှာစေးခြင်းမရှိဟု ဆိုကြသည်။ ဦးပျော့ကား ဘုန်းကြီး ထွက်သွားမည်စိုးသဖြင့် အထူးဂရုစိုက်နေ၏၊ မိုးရွာလျှင် တောင်ကျချောင်းရေပြင်ကို ဖြတ်လျက် ညကြီးမင်းကြီး ဖန်မီးအိမ် ထွန်းပြီး လာရောက်ကာ ဆွမ်းခံမကြွရန် လျှောက်၏၊ ဇနီးမောင်နှံ ဆွမ်းပို့ ကြသည်။

http://www.dhammadownload.com



၁၂၈၉ ခုနှစ် သတင်းစကားအရ ခမည်းတော် ရောက်လာ၍၊ ရဟန်းပြုပေးပြီးနောက် ခမည်းတော် ဦးပဥ္စင်းကြီး (ဦးဧယျ)နှင့်အတူ အင်ကြင်းပင်သို့ ပြန်ကြွရသည်၊ ထိုအချိန်မှစ၍ ကျောက်ဆည်နှင့် အင်ကြင်းပင် ခြောက်လစီ သီတင်းသုံးသည်၊ ၁၃၁၂ ခုနှစ်မှ စ၍ ရွှေဘိုဌ အောင်မြေရိပ်သာ ဖွင့်၍ နှစ်လခန့် သီတင်းသုံးသည်။

## ဓမ္မမှာ တစ်ဆူပဲရှိတယ်

ဆန်စက်သူဌေးဦးပျော့သည် မြင်းခြံ ချောင်းတောင်းရွာ ဇာတိဖြစ်၍ စွန်းလွန်းဆရာတော် လူ့ဘဝက စီးပွားဖက်ဆရာ တော်စပ်ဖူး၏။ တစ်နေ့သောအခါ ကျေးဇူးရှင် ဦးပျော့အား တရားဟောရန် ကျောက်ဆည်သို့ ဆရာတော် ဦးကဝိ ကြွလာသည်။

"အရှင်ဘုရား တရားနောက်မှ နာပါရစေ၊ တပည့်တော် ကိုးကွယ်နေတဲ့ ဘုန်းကြီးတစ်ပါး တောင်ခြေမှာ ရှိပါတယ်၊ စုံစမ်းကြည့်စမ်းပါဦး။"

ဦးပျော့ကပင့်၍ ဝေဘူချောင်တွင် ကပ်မိုးကပ်ကာ ကျောင်းကလေး၌ ဆရာတော်နှစ်ပါး တရားဆွေးနွေးကြရသည်။ ထိုအချိန် ဆရာတော်မှာ ကိုးဝါခန့်ရှိ၍ ဦးကဝိကား တစ်ဆယ့်ရှစ်နှစ်ကြီးသော်လည်း ဝါငယ်သည်။ ဦးပျော့နှင့် သားမက် ဦးကြောင်တို့မှာ အနားသို့ မကပ်ရဲ၊ ချောင်းမြောင်းနားထောင်သော်လည်း သဲသဲကွဲကွဲ နားမလည်ကြ၊ ဆရာတော် ဦးကဝိ ဝေဘူချောင်မှ ပြန်အလာ-

"ဒကာကြီး၊ ဒီဘုန်းကြီးကို စိတ်ချလက်ချ ကိုးကွယ်ပေတော့" စသည်ဖြင့် အမိန့်ရှိ၏။ (ဓမ္မဗျူဟာ-အတွဲ-၅၊ အမှတ်-၆။)

ထိုစဉ်က စွန်းလွန်းဆရာတော်က "ဝေဘူဆရာတော်၏ ကမ္မဋ္ဌာန်းလမ်းစဉ်သည် ပို၍ စိတ်အာရုံတည်ငြိမ်ကြောင်း၊ လျင်မြန်စွာ သမာဓိ ရနိုင်ကြောင်း ပြောကြားသည်" ဟုလည်း ဗုဒ္ဓဓမ္မလောကစာစောင် (၂၀၊ ၄၊ ၁၉၅၃) ၌ တွေ့ရသည်။

ဝေဘူဆရာတော်သည် စွန်းလွန်းဆရာတော်၊ ညောင်လွန့်ဆရာတော်တို့ကို လေးစားကြည်ညိုသည့်အတိုင်း ဝေဘူချောင်၌ သိမ်သမုတ်သောအခါ ပင့်၍ သိမ် မသမုတ်မီ ကထိန်ခင်းလှူသည်။ ကထိန်ပွဲအပြီးတွင် စွန်းလွန်း ဆရာတော်က ဦးပျော့အား —

http://www.dhammadownload.com



"မောင်ပဥ္စင်းကိုတော့ ပျော်အောင်မွေးနော်၊ ကျောင်းဒကာကြီး၊ ဇမ္ဗူမှာ တစ်ဆူပဲရှိတယ်၊ မလွတ်တမ်း ကိုးကွယ်ပေတော့" ဟု ထပ်ဆင့် တိုက်တွန်းတော်မူပြန်၏။

စွန်းလွန်းဆရာတော် ဝေဘူချောင်သို့ နောက်နှစ်ကြိမ် ထပ်မံရောက်ရှိသေးသည်။ တကြိမ်မှာ 'မြင်းခြံကို ဘယ်ကသွားရသလဲ၊ နီးသလားဝေးသလား" ဟု ဝေဘူဆရာတော်က ဦးကြောင်အား မေးသည်နှင့်စပ်၍ ကျောင်းဒကာက ကားဖြင့် သွားပင့်ပေးရခြင်း ဖြစ်သည်။ ဆရာတော်ကြွသွားလျှင် ပြန်မလာမည်စိုးသောကြောင့် ဦးကဝိအား ပင့်လာရာ ဆရာတော်က "ကိုယ်တော်ကြီးအား ဒုက္ခပေးရမည်လား"ဟု ကျောင်းဒကာအား မာန်မဲ၏။

မည်သည့်ကိစ္စအတွက် တွေ့ဆုံဆွေးနွေးကြောင်း ပြည့်ပြည့်စုံစုံ မသိရသော်လည်း ဝေဘူဆရာတော်က -

"ဒို့များ အရင်တခေါက်က ပြောစရာစကား တစ်ခွန်းကျန်သွားလို့" ဟု မိန့်တော်မူ၏။ စကားတခွန်းမှာ သထုံ နေမိန္ဒရတောင် သိမ်သမုတ်ရာ၌ နတ် ကြမ်းလှသဖြင့် အမျိုးမျိုး စီမံဆောင်ရွက်ကြရသော ကိစ္စနှင့် စပ်၍ စွန်းလွန်း ဆရာတော်အား အကြံပေးလျှောက်ထားခဲ့ဖူးရာ မှာကြားရန် စကားတခွန်း ကျန်နေ၍ တွေ့လိုကြောင်း သိရသည်။

နောက်တစ်ကြိမ်မှာ ခမည်းတော်ကြီး ဦးလူဖေနှင့် ဦးပျော့တို့ ဒုလ္လဘ ရဟန်းခံစဉ်က ကြွရောက်ရခြင်း ဖြစ်၏။ (ဦးပျော့သမက်များ ဖြစ်ကြသော ဦးကြောင် ဦးလှကျော်တို့၏ မှတ်တမ်း။)

## အဘိညာဉ် အင်အား

ဆရာတော်၏ ဂုဏ်ကျေးဇူး စွမ်းရည်ထူးများကို မှတ်သားကြည်ညို ရသည်မှာ မကုန်ခန်းနိုင်၊ မဝနိုင်အောင် ရှိပါတော့သည်၊ အဘိညာဉ်ရကြောင်း ယုံမှားသံသယ ဖြစ်စရာမရှိ၊ တိကျခိုင်လုံသော သက်ရှိသာဓကတွေ များစွာ ရှိနေပေသည်။

http://www.dhammadownload.com



သာသနာတော်၌ ဤသို့သော စွယ်စုံအာဇာနည် ဘုန်းကံပါရမီ ထူးပါသော အရိယာအရှင်မြတ်ကို ရခဲလှပါ၏။

ကမ္ဘာထုတ်ချင်း ဟင်းလင်းအပြင် ထိုးဖောက်သိမြင်တော်မူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တစ်ပါး၏ စကားတခွန်းသည်လည်း အဘယ်မျှ တန်ဖိုးကြီးမြတ်ကြောင်း နားလည်ထိုက်ပေသည်။ ဆရာတော် သာသနာပြုရာ၌ အများဆုံး အသုံးပြုသွားသည်မှာ (ကျွန်ုပ်တို့ ဉာဏ်မီသမျှ) 'စေတောပရိယအင်အား' ပင် ဖြစ်သည်။ 'ပရစိတ္တ ဝိဇာနန' ခေါ် သူတစ်ပါးစိတ်ကူး အကြံကို သိခြင်းပင်တည်း။

နောက်ပိုင်း အနှစ်နှစ်ဆယ်လောက်တွင်မူ သိုသိုသိပ်သိပ် သုံးစွဲတော်မူသော်လည်း၊ ထိုမှ ရှေ့ကာလကမူ အလွန် ပွင့်ပွင့်လင်းလင်းကြီး အသုံးချတော်မူလေသည်။ နောက်ပိုင်းကာလ၌ပင် တကယ့်ယုံကြည်အားကိုးမှုနှင့် ဆည်းကပ်သူဖြစ်လျှင် အရင်းအဖျားမရှိ ထို 'စေတောပရိယအင်အား'ကို အသုံးပြုကာ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ကိုပင်လျှင် ကာယကံရှင်သိလောက်အောင် ချီးမြှောက်တော်မူသည်။ ရာသက်ပန် မမေ့နိုင်ကြပါ။ ထို့ကြောင့် သက်ဝင် ကြည်ညိုသူများအတွက် ပုန်းကွယ်ရာ မရှိကြ။ သတိဝီရိယ ကြီးကြီးဖြင့် ဆည်းကပ်ကြရပါသည်။

## ဥပုသ်သည်၏ အတင်းစကား

အနည်းငယ်ပြဆိုရသော် လွန်ခဲ့သော အနှစ်လေးဆယ်ကျော်က ဖြစ်သည်။ ယခုကျောက်ဆည်မြို့ ကျောင်းဆရာမကြီးလည်းဟုတ်၊ စာရေးဆရာမကြီးလည်းဖြစ်သော ဒေါ်အုန်း၏ ယောက္ခမ (ဦးဖေသန်း၏မိခင်) ဒေါ်စပ်သည် တစ်ခုသော ဥပုသ်နေ့တွင် ဆွမ်းအုပ်ကို ရွက်၍ အဖော်များနှင့် ဝေဘူချောင်သို့လာရာ ဆရာတော်အနီးသို့ ရောက်လျှင် ဆရာတော်က အလျှင်ရောက်နေနှင့်သော ရှစ်နှစ်အရွယ် မအုန်းကလေးအား

"ဟဲ့... နင်တို့အဘွား ခေါင်းပေါ်က ဆွမ်းအုပ်ကို ကူပြီးယူလိုက်ပါဟဲ့၊ သူ့ခမြာ ဥပုသ်စောင့်လာရင်း လမ်းမှာအိမ်နီးချင်း အတင်းပြော လာရတာ မောနေရှာတယ်" ဟု အမိန့်ရှိ၍ ဟုတ်မှန်နေသဖြင့် ဒေါ်စပ်မှာ အလွန် ရှက်ကြောက် ရိုသေသွားခဲ့လေသည်။ (ဒိဋ္ဌသောတ)။

http://www.dhammadownload.com



## စပ်တူ အုန်းထမင်း

အဆိုပါ ဒေါ်စပ်တို့က ဆရာတော်၏ ကျေးဇူးဂုဏ်သတင်းများကို ပြောသံ ကြားရသဖြင့် အိမ်နီးချင်း အဒေါ်ကြီးတစ်ဦးသည် ဒေါ်စပ်နှင့် အတူ ကျောင်းသို့လိုက်ရန် စီစဉ်၏။ ဆရာတော်အား ကပ်လှူရန် ဒေါ်စပ်နှင့် အုန်းထမင်း အတူချက်၍ ကျောင်းသို့အလာ ဆရာတော်မှာ ဒေါ်စပ်နှင့်သာ ရင်းနှီးသဖြင့် အုန်းထမင်းကိုလည်း ဒေါ်စပ်ကောင်းမှုဟူ၍သာ ထင်မှတ် လေမည်ကို စိတ်ထဲတွင် ကြောင့်ကြနေမိ၏။

ကျောင်းရောက်၍ ဆွမ်းကပ်ကြသောအခါ -

" စပ်တူ အုန်းထမင်းကလေးကလည်း ကောင်းပါ့ဗျာ" ဟု စကားမစပ် အမိန့်ရှိလိုက်ရာ ထိုအဒေါ်ကြီးမှာ ရှက်လည်းရှက်၊ ကျေနပ်မှုလည်း ရသွား လေ၏။ (စေတောပရိယ)

ယင်းသို့ 'စေတောပရိယအင်အား'ကို အသုံးပြု၍ ကမ္မဋ္ဌာန်း နည်းပေး ခံရသည်မှာ အလွန်ရခဲသော အခွင့်အရေးကြီး ဖြစ်ပေသည်။ အခြားလောကီ သက်သက်နည်းများဖြင့် သိနိုင်သည်လည်း ရှိပါ၏။ သို့ရာတွင် ပိုးစုန်းကြူး နှင့် လရောင်မက ခြားနားလေသည်။

ထိုဖြစ်ရပ်မျိုးမှာ ခရီးကြုံ လမ်းကြုံ ဆည်းကပ်ရခြင်းမျိုး မဟုတ်ဘဲ၊ သတ်သတ်မှတ်မှတ် လေးမြတ်ယုံကြည်စွာ ချဉ်းကပ်သူတိုင်းလိုလိုပင် ကိုယ်တွေ့ ကြုံကြရသည်။ ရေ၍ မကုန်နိုင်ချေ။

## ဣဒ္ဓိဝိဓ = တန်ခိုးဖန်ဆင်းမှု

အမြင်၊ အသိ၊ အကြားများအပြင် ဣဒ္ဓိဝိဓခေါ် တန်ခိုးဖန်ဆင်းနိုင်သော အင်အားမှာ သိပ္ပံထွန်းကားသော ဤခေတ်မျိုးတွင် အလွန်တန်ဖိုးရှိ၏။ 'ဆဠာဘိည' ဂုဏ်ထူးပါသည့် ပုဂ္ဂိုလ်ထူးများ၏ အရာသာ ဖြစ်သည်။ အဘိညာဉ် အားလုံးကို ရသော ဆဠာဘိည ပုဂ္ဂိုလ်ထူးမျိုးမှာ အလွန်ရရှိ ဖြစ်ထွန်းခဲလှ၏။

မီးထဲက ကြာကဲ့သို့ ဖြစ်တောင့်ဖြစ်ခဲ၊ ဖြစ်ပေါ်ခဲ့သော် ထိုတိုင်းပြည် ထိုလူမျိုးတစ်စု ကွက်ကွက်ကလေး အတွက်သာမက စကြဝဠာတစ်ခွင်လုံး အတွက်ပါ မှီခိုအားထားရ၏။ ပို၍ ပါရမီအင်အား ကြီးမားသော အရှင်မြတ်

http://www.dhammadownload.com



များ ဖြစ်ခဲ့သော် စကြဝဠာ တစ်ထောင်ကိုပင် စိုးမိုးခြယ်လှယ်၍ ကိုင်တွယ် ထိန်းချုပ်နိုင်လေသည်။

## လျှို့ဝှက်နိုင်မှ တော်ကာကျ

အိမ်တစ်အိမ်, တိုင်းပြည်တစ်ပြည်၌ ပြဿနာမျိုးစုံအတွက် အရေးကြီးရာ ရွှေးကောက် ရွက်ဆောင်နေရသော အိမ်ခေါင်းဆောင်, ပြည်ခေါင်းဆောင်တို့၏ တာဝန်ကို ကြည့်မြင်တတ်ပါလျှင် စကြဝဠာနှင့်ချီ၍ ဖြစ်ပေါ်သော ပြဿနာအရပ်ရပ်နှင့် တာဝန်ရှိသော၊ စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်ထူးကြီးများ၏ အခြေအနေကို သာမန်ခေါင်းဆောင်တို့သည်ပင် မည်သို့မျှ ကိုယ်ချင်းမစာနာနိုင်လောက်ပေ။ ထိုမျှ ကြီးမြတ်လှပေသည်၊ အားလည်းကိုးလောက်ပေသည်။

ဗုဒ္ဓဝါဒ၏ အထွတ်အထိပ်ကျသော အနှစ်သာရများနှင့်စပ်၍ ဘာမျှမသိသူတို့ကား မသိသည့်အလျောက် ဆင့်ကာ ဆင့်ကာ လွဲချော်သော မဆုံးနိုင်သည့် မေးခွန်းတို့ကိုသာ တစ်ခုပြီးတစ်ခု မေးနေမိကြရှာလေ၏။ သဒ္ဓါပညာနည်းသလောက် မေးခွန်းတွေကိုသာ ကောက်၍ကိုင်နေမိတတ်ကြရှာ၏။ သက်သေပြရန်ကိုသာ တွင်တွင် တောင်းခံနေမိတတ်ကြရှာ၏။

ထိုသို့ဆိုရလျှင် ထိုကိစ္စကား ခေတ်လူသား ပညာရှိအားလုံး၏ အသိကို လွန်လေသည်။ ထို့ကြောင့်လည်း လက်နက်ကောင်း၊ ရတနာကောင်း ရှိသူတို့ကဲ့သို့ တတ်နိုင်သမျှ ဖုံးကွယ်၍ထားကြရ၏။ လျှို့ဝှက်စွာသုံးစွဲတော်မူကြရရှာသည်။ ကိုယ်လွတ်ရုန်းကာ နိဗ္ဗာန်ရဖို့မျှသာ မဟုတ်ချေ၊ အချိန်ရှိသမျှ မအိပ်မနေ သတ္တဝါအများအတွက် ဆောင်ရွက်တော်မူနေကြရပေသည်။

## ချောင်းဘန်ခိုး၊ ကံတန်ခိုးနှင့် ဉာဏ်ဘန်ခိုး

သူတော်ကောင်းကြီးများ မည်မျှ ကယ်တင်နိုင်သော စွမ်းအင်တန်ခိုးကြီးမားစေ၊ ဒုစရိုက်လုံခြုံရုံမျှပင် ကိုယ်ခံမရှိသူများအတွက်ကား ဘာမျှ မဆိုင်ချေ။

"ဦးပဥ္စင်းကြီးများ ကောင်းအောင်နေကြဗျာ၊ လူတွေက အကောင်းကြိုက်တာ၊ ချမ်းသာချင်ကြတာ၊ ဒါကြောင့် သူတို့အတွက် တစ်ဖက်က ကံကို ထူထောင်ပေးနေရသေးတယ်၊ ဉာဏ်ကောင်းအောင် လုပ်ပေးလို့မရ

http://www.dhammadownload.com



သေးဘူး"ဟု မိန့်တော်မူကာ ဒါန သီလမှုများကိုလည်း တရစပ် ပူးတွဲ ထူထောင် ပေးတော်မူလေသည်။

စျာန်တန်ခိုး၊ ဉာဏ်တန်ခိုးထက် ကံတန်ခိုးကပို၍ အရေးကြီး၏၊ လုပ်လို့ လွယ်ကူ၍ လူတိုင်းလည်းရယူနိုင်သည်။ ဘုရားအစရှိသော သူတော်ကောင်းကြီးများကလည်း မြေလျှိုးမိုးပျံသော တန်ခိုး (ဣဒ္ဓိပါဋိဟာရိယ) ထက် ကံတန်ခိုး (အနုသာသနီပါဋိဟာရိယ) ကိုသာ အားပေးတော်မူကြသည်။

တစ်နေ့သောအခါ ရွှေဘိုအောင်မြေကျောင်းတိုက် ဒကာမကြီး ဒေါ်စိန်လွင် အကြီးအကျယ် မမာမကျန်းဖြစ်နေ၏။ အမျိုးမျိုး ကုသသော်လည်း ရောဂါမရွေ့၊ ဆရာတော်ကို လာလျှောက်၍ ပရိတ်ရေ ချီးမြှင့်လိုက်၏။ ရံခါ ထိုကိစ္စမျိုးအတွက် ပေါင်းသင် မြက်ရှင်း လမ်းခင်း လမ်းပြင် ခိုင်းလေ့ရှိသည်၊ ကံသစ်ထောက်ကူ၍ ထူထောင်ပေးခြင်းဖြစ်၏။

ဒေါ်စိန်လွင် ထူးထူးခြားခြား သိသိသာသာကြီး နေကောင်းလာ၍ ရွှေဘိုနိဗ္ဗာန်ဆော် တပည့်ရင်း ဦးတင်အောင်က ထိုအကြောင်း အားရ ဝမ်းသာ လျှောက်လာ၏။ ဖဆပလခေတ် ထိုအချိန်ကား တိုင်းပြည်၌ အရှေ့မြောက်တိုင်း အခြေအနေသည် အလွန်အရေးကြီးသောအခါ ဖြစ်သည်။ ပြည်ပ အန္တရာယ်ကြောင့် အထူးသဖြင့် ရှမ်းပြည်နယ်၌ ဒုက္ခဖြစ်နေကြရရှာ၏။

## လူမျိုးက ညံ့လို့လား

ဦးတင်အောင်။ ။ တပည့်တော်တို့ လူမျိုးကိုက ညံ့ပါတယ် ဘုရား၊ သူများနိုင်ငံတွေများ လေယာဉ်ပျံတွေ၊ ဒုံးပျံတွေ၊ အနုမြူတွေတောင် လုပ်နေကြတယ်။

ဆရာတော်။ ။ ဟဲ့...လူမျိုးက ညံ့လို့မဟုတ်ဘူးဟဲ့၊ ဝီရိယနည်းကြလို့၊ ဘုရားစကားမယုံကြလို့၊ တို့လူမျိုးမှာ ကောင်းသထက် ကောင်းတာတွေ ရှိနေလို့ ဘာမဟုတ်တဲ့ ဥစ္စာလေးကို မလုပ်တာ၊ နင်ဘာသိလို့လဲ။

ဦးတင်အောင်။ ။ ဒါဖြင့်ဘုရား၊ အခု ရှမ်းတွေ ဆင်းရဲနေကြရရှာတယ်၊ တပည့်တော်တို့ ကယ်လို့ရမလား၊ ကယ်စမ်းချင်ပါဘိဘုရား။

http://www.dhammadownload.com



ဆရာတော်။ ။ ဟဲ့. . . တင်အောင်၊ (ဆရာတော်မှာ ဒကာကြီးဟုသာ ခေါ်လေ့ရှိရာ လူနာမည်ကိုမူ ထိုတပည့်တစ်ဦးကိုသာ ခေါ်သံကြားဖူး၏။) နင်. . ပန်းချီဆရာပဲ၊ လက်နိုးစုတ်ကို နင်ကြိုက်တဲ့ ဆေးရောင်ဆိုးကြည့်စမ်း၊ ရပါ့မလား၊ အဲ. . . . နင့်ကိုယ်ကချေးကို အရင်ချွတ်ဦး၊ ပြီးတော့ သူတို့ကိုလဲ ချွတ်ပေး၊ အဲဒီတော့မှ နင်က သူတို့ကို 'ချမ်းသာပါစေ'လို့ လုပ်။

"အခု နင် ကျောင်းအမကြီး(ဒေါ်စိန်လွင်)နေကောင်းသွားတာ အုံ့ဩပြီး လျှောက်တွေးနေတာ မဟုတ်လား၊ တွေးရုံတွေးနေတာ သိရင်သိသလောက် လုပ်တာမှမဟုတ်ဘဲ။

"တို့ ဘုရား သာသနာဟာ နေပူအောင်လုပ်လို့လဲရတယ်၊ မိုးရွာအောင် လုပ်လို့လဲရတယ်၊ လူလာအောင် လုပ်လို့လဲရတယ်၊ လူမလာအောင် လုပ်လို့လဲ ရတယ်၊ မင်းတို့ ဘုရားကြည်ညိုတာက မတည့်တဲ့သူငယ်ချင်း အိမ်လာလည် သလောက်မှ မကြည်ညိုကြလို့ မင်းတို့မှာ ဘာအကျိုးထူးမှ မခံစားရဘူး။

"မတည့်တဲ့ သူငယ်ချင်းလာလို့ ကိုယ်ကမခေါ်ချင်တောင်မှ စားချိန်ကျရင် မင်းဒကာမကိုတော့ ဟိုကောင်ကို ထမင်းကျွေးလိုက်ဆိုပြီး ခိုင်းမယ်၊ စားပြီးလဲ ဟိုဟာတွေသိမ်းတော့၊ ဆေးတော့လို့ ပြောမယ်၊ ခု မင်းတို့ဟာက ဘုရားမှန်မှန် ဆွမ်းမကပ်ဘူး၊ ကပ်ပြီးလဲ ဆွမ်းတော်ပွဲကို တစ်နေကုန် ပစ်ထားတာမဟုတ်လား။

"ဘုရားကိုသာ တကယ့်အသက်ထင်ရှားရှိတဲ့ ပုဂ္ဂိုလ်လို့ သဘောထားပြီး လုပ်ရင် မင်းတို့ ဒီလောက် ဒုက္ခမရောက်ဘူး၊ သူများကို မကယ်ချင်ပါနဲ့ဦး၊ ကိုယ့်ကိုယ်ကို အရင်ကယ်ပါဦး-----။"

ယခုအခါ သီလတန်ခိုး၊ မေတ္တာတန်ခိုး၊ ပရိတ်တန်ခိုး၊ ဂုဏ်တော်တန်ခိုးမျှလောက်ကိုပင် မယုံနိုင်သူကများ၍ သာမညမျက်လှည့်ဘာသာ တန်ခိုးကိုလည်း အကြီးအကျယ် ထင်သူက ထင်နေကြသဖြင့် သာသနာ၏ တန်ဖိုးကို ပြောရသည်မှာ ခက်ခဲလှပါသည်။

## အိန္ဒိယ၊ သီဟိုဠ်ကြွလိုသော ဦးပဥ္စင်း

"ဦးပဥ္စင်း၊ လူများများသိစေချင်ရင် မကြော်ငြာနဲ့၊ ဒီဟာကိုသာ (ထွက်လေ၊ ဝင်လေ မှတ်သိမှုကိုသာ) များများလုပ်၊ ပုန်းအောင်းနေရဦးမယ်။

"ဘုရား၊တရားဟာ အကာလိကဗျာ့၊ ဘုရားလက်ထက်ကလို ဘာမဆို အကုန်မဖြစ်နိုင်တာမရှိဘူး၊ တို့တောထဲမှာ နေတုန်းက စမ်းကြည့်တယ်ဗျာ၊

http://www.dhammadownload.com



သက်န်းရုံ သပိတ်လွယ်ပြီး ဆွမ်းခံထွက်တယ်၊ မြို့ထဲ ရွာထဲမသွားဘူး၊ သစ်ပင်ရှိရာ လျှောက်ရပ်တာပဲ၊ သစ်ပင်ရှိရာ ဆွမ်းရှိတယ်ဗျာ။"

ဦးပဥ္စင်း ဦးကုဏ္ဍလမှာ ဘာမဆို ဆရာတော်အား လျှောက်ရဲသော စာချ ဦးပဥ္စင်းတစ်ပါးဖြစ်သည်။ ဆရာတော့်ထံ ဆရာတော်ကျေနပ်အောင် တရားအားထုတ်အပြီး၊ အိန္ဒိယ , သီဟိုဠ်ဘုရားဖူးသွားချင်ကြောင်းလျှောက်၍ အကာလိကဂုဏ်ကို ဟောပြနေခြင်းဖြစ်၏၊ ကပ်သီးကပ်သပ် မေးသော မေးခွန်း အဖြေများနှင့် စပ်၍ "ငါအသက်ရှင်နေတုန်း ဘယ်သူ့ကိုမှ မပြောရ" ဟု ပင် နှုတ်ပိတ်တော်မူထားသည်။

ထိုစကားကို ဟောပြီး မကြာမီတစ်ရက်တွင် ဝေဘူချောင်မှ ယခုချက်ချင်း ထွက်သွားရန် အမိန့်ချ၍ သက်န်းရုံ သပိတ်လွယ်ပြီး ကျောက်ဆည် ဘူတာ၌ အမိန့်အတိုင်းသွားရပ်နေသည်၊ မကြာမီ မန္တလေးမှ စာပို့ရထား ဆိုက်လာကာ ဦးဘသန်းဆိုသူက ရထားပေါ်မှ ဆင်းလာပြီးလျှင် ရန်ကုန် အတွက် လက်မှတ်ခံလှူဒါန်း၏။ ရန်ကုန်မှ တစ်ဆင့် အိန္ဒိယ သီဟိုဠ်သို့ စရိတ်ထောက်ပံ့၍ သုံးနှစ်ကြာခဲ့သည်၊ တော်လှန်ရေးအစိုးရလက်ထက်တွင်မှ မြန်မာပြည် ပြန်ရောက်လာ၏။

## သေဘေးမြင်၍ တားပေမယ့်

ကျောက်ဆည် မူလဂန္ဓကုဋီဒကာ မိတ္ထီလာအရေးပိုင် ဦးဘထိုက် (ဇနီး ဒေါ်သိန်းရင် မန္တလေးမှာ ယခုရှိသေး၏) မှာ ခွင့်ယူပြီး တရားထိုင်နေရာမှ ခွင့်စေ့၍ ပြန်မည်လျှောက်ရာ "ဆယ်ရက်လောက်နေပါဦး၊ ခုနရက် ကောဗျာ၊ အနည်းဆုံး သုံးရက်လောက်" ဟု အဆင့်ဆင့် လျှော့ပြီး တား သော်လည်း အလုပ်တာဝန်များပြား၍ ပင်စင်ယူပြီးမှ ဆရာတော် သဒ္ဒါဘာကျ တရား ပြန်ဝင်မည့်အကြောင်း လျှောက်ထားလေ၏။

ရထားနှင့်အပြန် မန္တလေးနှင့် မတ္တရာကြားမှာပင် မိုင်းဗုံးထိ၍ ကွယ်လွန်ရရှာသည်။ (ဒိဗ္ဗစက္ခု ၊ အနာဂတံသ)။

ပြည့်ပြည့်စုံစုံ ရေးရမှ ပို၍ ရှင်းလင်း သိသာနိုင်သော အလားတူ အံ့ဩဖွယ်တို့သည် များစွာရှိနေပေသည်။ သို့မဟုတ်ပါက ဘုရားရှင်၏ တရားကို နာနေလျက်က "ဘုရားဟာ ဟို့လိုပဲ ဥဿဝ၊သမားပဲ၊ ဥစ္ဆေဒ

http://www.dhammadownload.com



ဝါဒပဲ” စသည်ဖြင့် မိမိတို့ ခာတ်ခံအလိုက် အလွဲ နားလည်သွားမည်ကိုလည်း စိုးရိမ်ရပေသည်။ အဘိညာဉ်နှင့်တကွ ရဟန်းကိစ္စပြီးကြောင်း တည့်တည့်ကြီး ဟောနေသည့်ကြားကပင် ဆရာတော်အား ဘုရားလောင်းဟုလည်းကောင်း၊ သိဒ္ဓိပေါက်သူဟုလည်းကောင်း နားလည်နေကြသူများ ထိုသို့ပင် နားယောင် အောင် လုပ်သူများ ရှိနေကြပေသည်။

## ကောင်းကင်ပျံကြွ တန်ခိုးပြ

ဤ၌ ကောင်းကင်ပျံကြွသည့် မျက်မြင်ကိုယ်တွေ့ အကြောင်း အနည်းငယ် ဖော်ပြပါအံ့။

ဆရာတော်သည် ဒုတိယကမ္ဘာစစ် မတိုင်မီက ‘ဣဒ္ဓိဝိဓ’ ကို ပွင့်ပွင့် လင်းလင်း သုံးစွဲသည်ဟု ဆိုနိုင်လေသည်။ နံနက်စောစော အိပ်ရာထ လုပ်ငန်းဝင်ကြရသော မိလ္လာသိမ်းကုလားများ၊ နွားနို့ရောင်းကုလားများက “ဒီတောင်ပေါ်မှာ ဗမာဘုန်းကြီး လူစွမ်းကောင်းရှိတယ်” ဟု ပြောကြ၍ ကျောင်းဒကာကြီးမှာ အင်္ဂလိပ်အစိုးရခေတ် အဖမ်းခံရမည် စိုးသဖြင့် လိုက်လံ ပိတ်ပင်ရရှာသည်။

ထိုခေတ်က လူတော်တော်များများပင် ဖူးတွေ့ကြရ၏။ နေဝင်လျှင် “တန်ခိုးတော်ဖူးရအောင်” ဟုဆိုကာ ဝေဘူချောင် ကျားလျှာတော ချောင်း မြောင်း တောင်ကြိုတောင်ကြား၌ ရံခါ လူသုံးရာခန့် သူ့အုပ်စုနှင့်သူ ရှိနေ တတ်သည်။ မဖူးမြင်ကြရသူ မရှိသလောက်ဖြစ်၏။

နောက်ပိုင်းကာလတွင် ဆရာတော် ကိုယ်တိုင်ကလည်း ဖုံးအုပ်ထား တော်မူသဖြင့် “ဝေဘူဆရာတော် ဈာန်ပျံသတဲ့၊ မြက်ရိတ်ကုလားက မြင်တယ်ဆိုပဲ” ကောလာဟလလောက်နှင့် အဝေးပရိသတ်များ မျက်ခြည် ပြတ်ခဲ့ကြရသည်။

စင်စစ် ကောလာဟလထက် တကယ့်ဖြစ်ရပ်က ပိုလွန်နေသည်မှာ ထူးဆန်းနေတော့သည်။ အကြောင်းတရားတို့ကား ဆန်းကြယ်လှပေ၏။

ကျောက်ဆည် ဝေဘူချောင်၏ အနေအထားမှာ တောင်ဘက်၊ အရှေ့ ဘက်နှင့် မြောက်ဘက်မျက်နှာ၌ တောင်များ အနိမ့်အမြင့် တောက်လျှောက်

http://www.dhammadownload.com



တံတိုင်းကာထား၏။ စစ်မဖြစ်မီကမူ ဆရာတော်သည် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တနင်္ခိုးဖြင့် တောင်ရိုးတစ်လျှောက်ရှိ စေတီများအား မီးပူဇော်လေ့ရှိသည်။

ရံခါ တစ်တောင်နှင့်တစ်တောင် ကူးရာတွင် မီးလုံးကြီး၊ ရွှေရောင်အလုံးကြီး အဖြစ်ဖြင့်လည်းကောင်း၊ လူကိုယ်တော်တိုင် အရောင်အဝါ ထွန်းလင်းတောက်ပြောင်စွာ ကူးသန်း၍ လည်းကောင်း မီးပူဇော်လေ့ရှိ၏။

ဘုရား ရင်ပြင်ပေါ် ရောက်၍ ဦးတစ်ခါချလျှင် သပိတ်မှောက် အထက် ဖောင်းရစ်နှစ်ရစ်ခန့် လျှပ်စစ်မီးပွင့်သကဲ့သို့ တစ်ပြိုင်နက် တစ်ချက်တည်း တစ်ခွေလုံး လင်းသွား၏။ သုံးကြိမ် ဦးချပြီးလျှင် ထီးတော်အထိ စေတီ အပေါ်ပိုင်းအားလုံး လင်းသွားလေသည်။ အနောက်တောင်ဘက်ရှိအမြင့်ဆုံး ရွှေသာလျောင်းတောင်မှ အနောက်မြောက်ဘက်ရှိ တောင်နံ့သာ၊ မြို့ မြောက်ဘက်ရှိ မင်းမွေးတောင်များသို့ ကူးသန်းပူဇော်သောအခါ အသားတော်ရော သင်္ကန်းရောင်ပါ ရွှေရောင်ဝင်းဝင်းတောက်ကာ ဖူးမြော်၍ အကောင်းဆုံးဖြစ်လေသည်။

၁၂၉၃-ခုနှစ်၊ တန်ဆောင်မုန်းလ။

အင်းဝ တံတားဦးမြို့ အိမ်သစ်တန်းမှ ဦးဘတုတ်တူမ မစက်၊ မလှလှ တို့လည်း ဝေဘူချောင်သို့ ဥပုသ်ရက်ရှည်စောင့်ရင်း ရောက်လာကြရာ ဦးဘတုတ်မှာ ဆရာတော်အား ဝတ်ဖြည့် (နှိပ်)ပေးရလေ့ရှိသည်။

တစ်ညတွင် မစက်နှင့် မလှလှတို့မှာ ညကိုးနာရီအချိန် တန်ဆောင်မုန်းမိုး တဖွဲဖွဲကျနေသည်ကို ဂရုမစိုက်အားဘဲ တစ်တောင်မှ တစ်တောင်သို့ ကူးပြောင်း၍ ဆရာတော် မီးပူဇော်နေသည်ကို အများနည်းတူ ကြည်ညို နေကြသည်။ အတန်ကြာလျှင် ဦးဘတုတ်သည် တူမများထံတစ်နေရာမှ ရောက်လာ၏။

"ဦးလေးတုတ် ခုနက ဘယ်သွားနေတာလဲ။ သူများတွေအားလုံး တန်ခိုးတော် ဖူးကြရတယ်" ဟု မလှလှက ဝမ်းသာအားရဖြင့် ပြောရာ-

"ဘယ်တုန်းကလဲ။"

"ခု ဆယ်မိနစ်လောက်ပဲ ရှိသေးတယ်။ မီးပူဇော်တာ တစ်နာရီနီးပါး လောက် ကြာတာပဲ။"

http://www.dhammadownload.com



"ဟော.... ဟုတ်လား၊ ဆရာတော်လည်း ကျောင်းကလေးပေါ်မှာ ရှိနေသားပဲဟာ။ ဦးလေးလည်း တစ်နာရီကျော်ကျော် ကြာအောင် ဝတ်ဖြည့်ပြီးမှ ခုပဲ လာတာပဲ" ဟု ပြောရင်း ဦးဘတုတ်သည် ခဏမျှ စဉ်းစားနေ၏။ ပြီးလျှင် -

"အေး.... ငါထင်သားပဲ၊ နင်ပြောလို့ ပြော ဦးမယ်။ ဝတ်ဖြည့်ရင်း ဆရာတော့် အသားတွေဟာ အိအိပြောင်းပြောင်း ရောကနေ တစ်ခါတစ်ခါ ချက်ချင်းပဲ မာဟောင့်တောင့်ကြီး ဖြစ်ဖြစ်သွား ၊ ဒီတစ်ခါ ထူးပါတယ် အောက်မေ့နေတာ။ အင်း....ဒါကြောင့်ကိုး" ဟု ပြောဆို နှီးနှောမိကြလေ၏။

( ဦးဘတုတ်မှာ ယခုတိုင် တံတားဦးမြို့၌ရှိ၍၊ ဒေါ်စက်-ဒေါ်လှလှတို့မှာ ရန်ကုန်ဒေါ်ပြုံးဇရပ် ဝေဘူချောင့်၌ ရှိပါသည်။ )

## သာသနာသည် သတ္တဝါအားလုံးအတွက်

၁၃၁၄-ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၁၂-ရက်နေ့ကလည်း တောင်ငူမြို့ သစ်တောရုံးစာရေးကြီး ဦးလှမောင် (ယခု ဦးဝီရိယ) နှင့် ပစ်တော အရေးပိုင် ဦးလှမောင် စသူတို့လည်း အထက်ပါ အတိုင်းပင် မျက်မြင် ကိုယ်တွေ့ ဖူးတွေ့ကြရ၏။

သူတော်ကောင်းတရားကို ယုံယုံကြည်ကြည် ရှိရှိနှင့် အဟုတ် ားထုတ်နိုင်ပါလျှင် မိမိတစ်ကိုယ်ရေ အတွက်သာမက သတ္တဝါအများ အတွက်ပါ ချမ်းသာစီးပွားများအောင် ကယ်တင် ဆောင်ရွက်နိုင်ကြောင်း တိုက်ရိုက်ပင် အမိန့်ရှိသည်ကိုလည်း ပရိသတ်များနှင့်အတူ ဦးလှမောင် ကို့ နာကြားကြရလေသည်။

ဗကပြဟ္မာဝေဘင်း ရသေ့ကြီးသည် မိမိ ဂေါစရဂါမ်ရွာ၌ ဓားပြတိုက်ခံ ရရာ အဘိညာဉ်တန်ခိုးဖြင့် စစ်တပ်ကြီးဖန်ဆင်း၍ ကယ်မပုံကို သတိရဖွယ် ရှိပေ၏။

သူတော်ကောင်းကြီးများသည် သတ္တဝါတို့ကို အသိမပေးလိုကြသော်လည်း စွမ်းအားရှိသမျှ မအိပ်မနေ ဆောင်ရွက်တော်မူကြမြဲ ဖြစ်ပေသည်။ ဆရာတော်သည် တိုင်းပြည်အတွက်ဖြစ်စေ၊ သာသနာအတွက်ဖြစ်စေ တစ်စုံတစ်ရာ မလိုလားအပ်သော အကြောင်းခြင်းရာများ ဖြစ်ပေါ်လာအံ့သည်ကို မြင်တော်မူလျှင် ရတနာသုံးပါး ဝေယျာဝစ္စနှင့် စပ်၍ တစ်စုံတစ်ရာ ထူးထူး

http://www.dhammadownload.com



ခြားခြား ကြပ်ကြပ်မတ်မတ် စီမံလုပ်ဆောင်တော်မူလေ့ရှိသည်ကို အတွင်းနေ တပည့်များ ရိပ်စားမိကြရ၏။

ယုတ်စွာ့အဆုံး ၁၃၁၂-ခုနှစ်၊ နှစ်ဆန်းတစ်ရက် (၁၉၅၁၊ ဧပြီ ၁၇) နေ့က ရွှေဘိုမြို့ မီးအကြီးအကျယ်လောင်လေသည်။ ကြိုတင်၍ သိမြင်တော်မူသည့်အတိုင်း ရေတွင်း ရေကန်များကို (အသုံးမလိုဘဲလျက်) တစ်လခန့်က ကြိုတင်၍ အပူတပြင်း တူးဖော်ခိုင်းတော်မူ၏။ အချိန်ကျလျှင် တစ်ဝက်မျှသာ ပြီးဆုံး၍ တစ်ဝက် မပြီးပြေရှိလေ၏။ ရွှေဘိုမြို့ မီးကြီးလောင်ရာ မြို့တစ်ခြမ်း ကုန်၍ မြို့တစ်ဝက် ချမ်းသာရာရကြသည်။

"သတ္တဝါတွေဟာ ကယ်တိုင်းမရဘူးဗျာ။ သူတို့ကံကို ကောင်းအောင် မထူနိုင်ကြတော့ တစ်ဝက်လောက်ပဲ ကူပေးလို့ရတယ်" ဟုလည်းမိန့်တော်မူလေသည်။

## ဆင်ခြေကန်၍ ဆင်ခေါင်းခါခြင်း

ယင်းသို့ သူတော်ကောင်းကြီးများ၏ စွမ်းအားကို မယုံကြည်နိုင်ကြသဖြင့် အတွင်းနေ အစင်းသိတပည့်အချို့ပင် စကားကို တသွေမတိမ်း မနာယူတတ်ကြ။ မလေးမစား ပေါ့ဆဆ လုပ်မိတတ်ကြလေသည်။ ရံခါ ကိုယ်က ဉာဏ်မမီသဖြင့် ခိုင်းသော်လည်း 'အရေးမကြီး'ဟု ထင်ကာ ဆင်ခြေဘက်၍ပင် နေတတ်ကြပေသေးသည်။

'ဘုရား အစရှိသော သူတော်ကောင်းကြီးများ၌ စကားသည် နှစ်ခွန်း မရှိသကဲ့သို့ အချည်းနှီးစကားလည်း မရှိကြကုန်'။

အခြားသူမဟုတ်၊ တပည့်ကြီး ရွှေဘို နိဗ္ဗာန်ဆော်ခေါင်းဆောင် ဦးတင်အောင်ပင် ဖြစ်သည်။ ၁၃၁၆ ခုနှစ်။

ကျောက်ဆည်သို့ ဆရာတော်အပင့် သွားကြသောအခါ အောင်မြေ မဂ်သာ၌ အသုံးပြုရန် ကျောက်ဆည်မှ စက္ကူဆင်ရုပ်ကြီး တစ်ကောင် ကားနှင့် ယူခဲ့ရန် ဆရာတော်က အမိန့်ရှိ၏၊ ကျောက်ဆည်၌ သီတင်းကျွတ်လျှင် နှစ်စဉ် ဆင်ပွဲ(ဆင်ဖြင့် မီးပူဇော်ပွဲ) လုပ်လေ့ရှိရာ ထိုဆင်ရုပ်ကြီး အပိုဖြစ်နေ၍ အယူခိုင်းရ ကားမလွယ်၍ ဦးတင်အောင်မှာ 'မှန်ပါ့' ဆိုပြီး မယူဖြစ်ခဲ့ချေ၊ နောက်တစ်နှစ် အပင့်သွားကြပြန်ရာ -

"မောင်တင်အောင် မင်း ဆင်ရုပ်ကြီးမယူဘဲကိုး" ဟု ဆို၍ ဆရာတော်

http://www.dhammadownload.com



ပင့်သော ကားကြီးနောက်ပိုင်းက မဖြစ်မနေ တင်ယူခဲ့ရ၏၊ ယင်းသို့ ရုပ်ပျက် ဆင်းပျက် သယ်ဆောင်ရခက်သဖြင့်လည်း မယူမိခြင်းဖြစ်သည်။

ရွှေဘိုရောက်လျှင် ဆင်ရုပ်ကြီးကို မီးဖိုချောင် ကျပ်ခိုးစင်၌ တင်ထား၏၊ ဖာထေး၍ ကုန်းနှီး စသည်၌ ဆေးခြယ်သရန် ခိုင်းထားသော်လည်း မဏ္ဍပ်အငှားလိုက်ရသည့်ကိစ္စက အရေးကြီးနေ၍ ဦးတင်အောင်မှာ ဆင်ကြီးကို ဂရုမစိုက်အား။

"မောင်တင်အောင် မင်းဆင်ကြီး မပြီးသေးဘူးလား" ဟု အထပ်ထပ် မေးတော်မူရာ ကြံဖန်လှည့်ပတ်၍ "မှန်ပါ၊ လုပ်နေပါတယ်ဘုရား" ဟု သာ လျှောက်ရကား မုသားလွတ်ရုံ ကျပ်ခိုးစင်ကချ၍ ဆေးသနေ၏။ တပည့် နှစ်ဆယ်နှင့် လက်မလည်အောင် မဏ္ဍပ်ပန်းချီ ဝင်ငွေကောင်းနေချိန်နှင့် တိုးနေတော့သည်၊ ဆင်ရုပ်ကြီး၏ လည်ပင်း၌ တကယ့်ခြူကြီးတစ်လုံးလည်း ဆွဲထား၏။

တစ်နေ့တွင် ဇနီးဒေါ်အေးရင်က တပည့်များနှင့် အိမ်ရှေ့တွင် အလုပ် ရှုပ်နေသော ဦးတင်အောင်အား မီးဖိုချောင်မှထွက်လာပြီး ပျာပျာသလဲ....

"ကိုတင်အောင် ကိုတင်အောင် လာပါဦး၊ ဒီမှာ တော့ဆင်ကြီး ကြည့်ပါဦး" ဆို၍ လူအများ မီးဖိုချောင်ထဲသို့ ဝင်ကြည့်ကြရာ စက္ကူ ဆင်ရုပ်ကြီးမှာ ခြေနှစ်ဖက် လက်နှစ်ဖက်စလုံး မူလအတိုင်းမဟုတ်ဘဲ မြေကြီး၌ ဒူးတုပ် နေသည်ကို ထူးဆန်းစွာ မြင်ကြရ၏။ လည်ပင်းက ခြူကြီးမှာ တချွင်ချွင် မြည်အောင် မရပ်မနား ခေါင်းခါယမ်း၍ နေလေ၏။

ဦးတင်အောင်မှာ ချက်ချင်းသတိရကာ ဆရာတော်အားလှမ်း၍ ဦးချ ကန်တော့ပြီး တပည့်များနှင့် ချက်ချင်း ဆေးသခြယ်လှယ်ကာ အောင်မြေ ရိပ်သာသို့ နေ့ချင်းပြီး ပြင်ဆင်ပို့ရလေသည်။

"မောင်တင်အောင်၊ မင်းဆင်အလှူက ဝေဿန္တရာမင်းကြီး ပစ္စယနာဂ ဆင်အလှူထက် အကျိုးများပါသကွာ" ဟု မိန့်တော်မူသည်တွင်မှ ဦးတင်အောင် ခမျာ စိတ်ဖြေသာသွားတော့၏။

၃၁ ဧကရှိ အောင်မြေရိပ်သာကို အတွင်းက လှည့်ပတ်သွားရန် လမ်းမကြီးရှိရာ၊ ထိုရိပ်သာပတ်လမ်းမကြီးအတိုင်း ညနေတိုင်း သုံးပတ်လှည့်၍ ခတ်တော် ပူဇော်ကြရသည်။ ရှေ့ဆုံးက ခတ်တော်ကိုပင့်၍ နောက်က

http://www.dhammadownload.com



ယောဂီများအားလုံးက ဆီမီးနဲ့သာတိုင်များ ကိုင်ဆောင်ရင်း ပရိတ်ကြီး ၁၁ သုတ်ကို သုံးပတ်ဖြင့် အပြီးရွတ်ကြရသည်။

ထိုဆင်ရုပ်ကြီးကိုလည်း ဓာတ်တော်တင်၍ လှည့်လည်ပူဇော်ရန် ခိုင်းခြင်းဖြစ်လေသည်။

ဆရာတော်ကြွလေရာ၌ ဓာတ်တော်ကြုတ်ကြီးကို ရှေ့က ပင့်ဆောင်ပူဇော်၍ ကြွတော်မူလေ့ရှိရာ၊ ထိုဓာတ်တော်များမှာလည်း စေတီအဆူဆူ တည်၍ မဆုံးနိုင်အောင် အမြဲတိုးပွားနေလေ၏။

## ကျီးစာ လောက်စာမျှပင် မချန်ထားလို

ဆရာတော်၏ ရဟန်းကိစ္စပြီးမှုနှင့် စပ်၍လည်း ယုံမှားဖွယ် မရှိချေ၊ ပြည်တွင်း ပြည်ပမှ ရဟန်းရှင်လူ ခြောက်ဦးခန့် တိုက်ရိုက်မေးလျှောက်၍ တိုက်ရိုက်ဖြေတော်မူသော မှတ်တမ်းများ ရှိနေပါသည်။

သို့ရာတွင် ကျော်ကြားစအခါကမူ ကိစ္စမပြီးသေးဘဲ လူတွေဝိုင်းအုံလိုက်နေ၍ တရားပြရ၊ ဟောရပြောရ၊ အပူဇော်ခံရမှုနှင့် အလုပ်ပိုတွေများကုန်တော့သည်၊ ညအခါတွင် ပိုးဖဲကတ္တီပါ အခင်းပြည့် သလွန်တော်ကြီးများနှင့် ဂန္ဓကုဋီကျောင်း၌ ကိန်းအောင်းတော်မူသည်ဟု လူအမြင်ပြထားသော်လည်း ဆရာတော်မှာမူ လူခြေတိတ်လျှင် တောကြိုတောင်ကြား၌ တစ်ပါးတည်း မအိပ်မနေ ဝီရိယကြီးကြီးဖြင့် အားထုတ်တော်မူရရှာသည်။

အခက်အခဲ အနှောင့်အယှက်လည်း များပြားလှသဖြင့် ရတနာသုံးပါး ဝေယျာဝစ္စနှင့် ပါရမီလုပ်ငန်းတို့ကိုလည်း တစ်ဖက်က ပူးတွဲ၍ အားကြိုးသန်ွ ဆောင်တော်မူရလေသည်၊ ရံခါ လူခြေတိတ်လျှင် ကျောက်ခဲကျောက်ချပ်များကို ထမ်းသယ်၍ စေတီဝတ် လမ်းပြင်လမ်းခင်း ဝေယျာဝစ္စများကို လုပ်တော်မူရရာ သက်တော်ခြောက်ဆယ်ကျော် (ခါးမကုန်မီအထိ) ပခုံးထက်၌ အရေပြားများ စုတ်ပြတ်၍ အဆီပြန်နေလေသည်။

ညအခါ ဝတ်ဖြည့်ရင်း တပည့်များကမြင်၍ စိတ်မကောင်းသဖြင့် လျှောက်ထားကြရာ -

"ဟဲ့.... နင်တို့သာ ခန္ဓာကိုယ်ကို အလိုလိုက်ပြီး အကြိုက်လုပ်နေကြတာ၊ သာသနာနဲ့တွေ့တဲ့အခါ ယူတတ်ရင် ဘာမဆို အများကြီး

http://www.dhammadownload.com



ရတယ်၊ နင်တို့ဟာ ခန္ဓာကိုယ်ကြီးကို သက်သက်သာသာ ညှာနေကြတာ၊ သေပြီးတဲ့နောက်လည်း ကျီးစာလောက်စာ ချန်ထားကြတယ်၊ တို့များက တို့ရတာ အကုန်ယူသွားမှာ၊ အသုံးချသွားမှာ" ဟုပင် မိန့်တော်မူသည်။

## အသက်ရှင်သမျှ သတ္တဝါနှင့် သာသနာအတွက်

နေ့စဉ် နံနက်လေးနာရီမှ ညကိုးနာရီထိ လုပ်ငန်းစဉ်များ ရှေ့ဆက်နောက်ဆက် အကြားအလပ်မရှိဖြစ်ရာ ဒကာများမှာ သူ့အဆိုင်းနှင့်သူ ခွဲဝေတာဝန်ယူကြရ၏၊ ဆရာတော်မှာကား တစ်ပါးတည်း ဆောင်တော်မူရသည်၊ "တို့များ မအားဘူးဟဲ့၊ နေ့လည်း နေ့ပရိသတ်နဲ့၊ ညလည်း ညပရိသတ်နဲ့" ဟုလည်း မိန့်တော်မူ၏။

၄ နာရီမှ ၁၂ နာရီ ဆွမ်းဘုဉ်းပေးရသော အလုပ်တစ်ခုတည်းဖြင့်ပင် လူသာမန်တစ်ယောက်သာ ဖြစ်ပါမူ နောက်တစ်ရက် ဆက်လုပ်ဖို့မလွယ်၊ အိပ်ရာထဲ၌သာ ဗိုင်းခနဲ လဲကျသွားပေမည်။

ခန္ဓာဝန်မချမီ လဆန်း ၃ ရက်နေ့က အင်ကြင်းပင်တွင် အာရုံခံ၌ ဆွမ်းတင်လှူအပြီး ဂန္ဓကုဋိ စံကျောင်းတော်သို့ ပြန်ကြွလာရာ အားအင်တော်မှာ တဖြည်းဖြည်း ကုန်ခန်းခဲ့ပြီဖြစ်၍ -

"တို့များ ခြေထောက်တွေကတော့ လှမ်းပါရဲ့ဗျာ၊ ဒါပေမယ့် လှမ်းလို့ မရဘူးဗျာ့၊ ဒကာကြီးများသာ ဆောင်စရာရှိတာရှေ့ဆက်ဆောင်ကြတော့"ဟု မိန့်တော်မူကာ စုန်းစုန်းကြီး ရပ်တော်မူနေလေသည်၊ ဒကာများက အလိုက်သိကာ ပွေ့ချီ၍ ပင့်ကြရ၏။ ထိုအထဲ နောက်ဆုံးနေ့အထိ ဓမ္မာရုံသို့ ကြွကာ တရားဟောတော်မူသေးသည်၊ ခန္ဓာကိုယ်ကြီးကို သာသနာနှင့် သတ္တဝါတို့အတွက် အဆုံးစွန် အသုံးချတော်မူသွားလေ၏။

ဝီရိယနှင့် စာလျှင် ဆရာတော်၏ ဘုံနန်းဗိမာန် အခြံအရံနှင့် လာဘ်လာဘ အကျိုးပေးသည် နည်းလှပါသေး၏။

ဆရာတော်ထားခဲ့သော ဓမ္မအမွေများကား မနည်းလှပါချေ။

http://www.dhammadownload.com



## ကမ္ဘာ့အတိုင်းအတာအထိ စောင့်ကြည့်စို့

"ဒီ ကိုးခန်းသိမ်ကြီးလည်း တို့များက ဒီလောက်ပဲ တတ်နိုင်လို့ ဒီလောက်ပဲ လုပ်ခဲ့ရတာပါ၊ ဖြစ်စေချင်တာက သံဃာတစ်သောင်း နှစ်သောင်းဆံ့အောင် လုပ်ချင်တာဗျာ၊ ဒီဝေဘူချောင် တစ်ဝင်းလုံးကို ဝိသုံဂါမသိမ်သမုတ်ချင်တာ" စသည်ဖြင့် အနာဂတ် သာသနာတော် အခြေအနေများကိုလည်း အထူးပွင့်လင်းစွာ ညွှန်ပြတော်မူခဲ့ရာ အနာဂတ် ဗျာဒိတ်များနှင့် စပ်၍ အလွန်စိတ်ဝင်စားဖွယ်၊ အားကျဖွယ် ကောင်းလှပေသည်။

အနာဂတ်ကမ္ဘာနှင့် အနာဂတ် သာသနာ အကြောင်းများ အများဆုံး ထုတ်ဖော်ညွှန်ပြတော်မူသည်မှာ ဆရာတော်ပင်ဖြစ်ပါသည်၊ ကျွန်ုပ်တို့ ရေးသားခဲ့သော **ကမ္ဘာကိုချုပ်ကိုင်မည့်သူ** စာအုပ်မှာ ပဓာနအားဖြင့် ဆရာတော်ဘုရားကြီး၏ ဗျာဒိတ်မိန့်ခွန်းတော်အရသာလျှင် ဖြစ်ပါသည်။

ရွှေတောင်ကြီးကား ပြိုလဲရပါချေပြီ။

ဆရာတော်ဘုရားကြီး မရှိတော့သော်လည်း ဆရာတော်ဘုရားကြီး၏ **နိဗ္ဗာန်ဖြတ်လမ်းနည်းများ** သည် ဆက်လက်၍ ထွန်းဆောင် နေပေဦးမည်။ မြန်မာတို့ အတွက်သာမက ကမ္ဘာ့အတိုင်းအတာထိ ကျယ်ပြန့်လာမည်ကို မြင်နိုင်သော မျက်စိဖြင့် စောင့်ကြည့်ကြရန်သာ ရှိပေတော့သည်။

**သူတော်ကောင်းခေတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာတည်ရမည်။**

http://www.dhammadownload.com

# ဓမ္မာစရိယဦးဧဒွေးလှိုင်
# ရေးသားသော ထွက်ပြီးကျမ်း စာများ

၁။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ
၂။ ရတနာသုံးပါးကျေးဇူး
၃။ အနာဂါမ်ဆရာသက်ကြီး
၄။ မေတ္တာဝါဒ(ဗြဟ္မဝိဟာရအဖွင့်)
၅။ ကမ္ဘာကိုချုပ်ကိုင်မည့်သူ
၆။ သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ
၇။ ဓမ္မဒူတ (ပထမအုပ်-ဒုတိယအုပ်)
၈။ (တောင်တန်းသာသနာပြုဆရာတော်ဦးဥတ္တမသာရ)
ချမ်းမြေ့စွာ ဘဝနေနည်း လမ်းညွှန်တရားတော်
၉။ The Buddhist Way of Daily Life.
ချမ်းမြေ့စွာ ဘဝနေနည်း (အင်္ဂလိပ်ဘာသာပြန်)
၁၀။ ခရီးဖော်
၁၁။ (ဆရာတော်ဦးဥတ္တမသာရ)
မေတ္တာခရီးသည်ကြီး (ပထမပိုင်း)
၁၂။ (ဆရာတော်ဦးဥတ္တမသာရ)
မေတ္တာခရီးသည်ကြီး (ဒုတိယပိုင်း)
၁၃။ (ဆရာတော်ဦးဥတ္တမသာရ)
တောင်တန်းတရား (ပထမတွဲ)

၁၄။ ( ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး )

အကာလိက တရားတော်များ ထွက်တော့မည် ။